www.burmeseclassic.com

the bookhouse



BURMESE CLASSIC

အေးထွန်းမြင်း

# သမ္မတအနီးကလူ

# သို့မဟုတ် အိမ်ဖြူတော်

# အေးဂျင့်တစ်ဦး၏ဖြတ်သန်းမှု

STANDING NEXT TO HISTORY : AN AGENT'S LIFE INSIDE THE SECRET SERVICE

BY JOSEPH PETRO WITH JEFFREY ROBINSON

www.facebook.com/thebookhouse.tbh


www.burmeseclassic.com

www.burmeseclassic.com

စီမံခန့်ခွဲမှု
မိုးမ-မုန့်လှကော်
စာပြင်
သိမ်းတင်သား
မျက်နှာဖုံးဒီဇိုင်း
Club 18
အတွင်းစာမျက်နှာစုဖွဲ့မှုဒီဇိုင်း
Club 18

ထုတ်ဝေသူ
ဒေါ်မိုးချစ်သူ
the bookhouse
၆၂ avenue၊ ၁၀-ဓ၊
မဂ္ဂင်လမ်း၊ ၁၄ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးမောင်မောင်မြင့်ထွေး
(ယာယီ ၉၀၄၉)
ကျိုင်းတုံပုံနှိပ်တိုက်၊
အမှတ် ၃၅၊ ၁၅၇ လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၂၀၁၃၊ မတ်လ၊ ပထမအကြိမ်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၀၀၀ ကျပ်
ဖြန့်ချိရေး
the bookhouse
၀၉ ၅၀၀ ၈၇၂၇
၀၉ ၇၃၀ ၈၅၅၅၀

www.facebook.com/thebookhouse.tbh




အေးထွန်းမင်း
သမ္မတအနီးကလူ၊ သို့မဟုတ် အိမ်ဖြူတော်အေးဂျင့်တစ်ဦး၏ဖြတ်သန်းမှု / အေးထွန်းမင်း၊ ၊ ရန်ကုန်။
the bookhouse စာပေ၊ ၂၀၁၃
၂၂၈ စာ၊ ၁၇·၇၈ စင်တီ × ၁၇·၇၈ စင်တီ
(၁) သမ္မတအနီးကလူ၊ သို့မဟုတ် အိမ်ဖြူတော်အေးဂျင့်တစ်ဦး၏ဖြတ်သန်းမှု

www.burmeseclassic.com

www.burmeseclassic.com



## စုစည်းမှု


၂ မြန်မာပြန်သူ၏ အမှာစာ

၄ နိဒါန်း

၁၁ **အခန်း-၁** အသက်စွန့်လျှက်

၂၃ **အခန်း-၂** ခရီးလမ်းတစ်လျှောက်

၄၁ **အခန်း-၃** အကာအကွယ်ပေးခြင်း

၅၄ **အခန်း-၄** သူတို့စုံတွဲ

၆၆ **အခန်း-၅** အယ်လင်မြို့မှ ချာတီတ်တစ်ယောက်

၈၂ **အခန်း-၆** ရှောကီ

၁၀၀ **အခန်း-၇** ဂျင်မီကာတာ

၁၁၆ **အခန်း-၈** သမ္မတ၏ အမှုတော်ထမ်းရွက်ခြင်း

၁၂၉ **အခန်း-၉** နားနားနေနေ

၁၄၄ **အခန်း-၁၀** အသားနုတက်လာသော ဒဏ်ရာဟောင်းများ

၁၅၃ **အခန်း-၁၁** စစ်အေးတိုက်ပွဲ၏နိဂုံး

၁၆၈ **အခန်း-၁၂** အိမ်ဖြူတော်အား နှုတ်ဆက်ခြင်း

၁၈၄ **အခန်း-၁၃** ရှေ့ဆောင်လမ်းပြ

၂၀၃ **အခန်း-၁၄** ဒန်ကွေးလ်မိသားစု

၂၁၇ **အခန်း-၁၅** တာဝန်ပြီးဆုံးခြင်း

၂၂၆ နိဂုံး


the bookhouse
we bring your future
serial - 0093 (13-017)

www.burmeseclassic.com

www.burmeseclassic.com

- သမ္မတရီဂင်၏ ဆက်ဆံရေး ပိုင်နိုင် ပါးနပ်မှုကို အနီးကပ် မြင်ကွင်းဖြင့် ဖော်ပြထားသည်။
  ***The Christian Science Monitor***

- စိတ်ဝင်စားဖွယ် အဖြစ်အပျက်များစွာကို ခြယ်မှုန်းဖော်ပြထားသည်။ ဂျိနီဗာထိပ်သီး အစည်းအဝေး၏ အတွင်းရေးကို ဖတ်ရှုရမည်။
  ***Daily News***

- လျှို့ဝှက်ထောက်လှမ်းရေး အေးဂျင့်တစ်ဦး စိတ်ဝင်စားဖွယ်ဖြတ်သန်းမှု။
  ***Library Journal***

- အေးဂျင့်တစ်ယောက်၏ လုပ်ငန်းတာဝန်များကို ပြက်ပြက်ထင်ထင် သိမြင်စေနိုင်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။
  ***American Library Association***

- သိမ်မွေ့စွာလှုပ်ရှားရသည့် အေးဂျင့်တစ်ယောက်၏ဘဝကို လှစ်ဟ ဖော်ပြထားသည်။ အာရုံစိုက်ဖတ်ရမည့် စာအုပ်ဖြစ်သည်။
  ***Publishers Weekly***

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြန်သူ၏ အမှာစာ

စာရေးသူ ယခင် မြန်မာပြန်ဆိုခဲ့သော " သမ္မတကိုယ်ရံတော် အေးဂျင့်များနှင့် အိမ်ဖြူတော်အတွင်းရေး" စာအုပ်သည် သုတေသနစာတမ်း ဆန်သည်။ တာဝန်ထမ်းဆောင်ဆဲ အေးဂျင့်များနှင့် အငြိမ်းစား အေးဂျင့်များအား မေးမြန်းလျက် ပြုစုထားသော စာအုပ်ဖြစ်သဖြင့် အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့အစည်း၏ သမိုင်းနှင့်တကွ အဖွဲ့အစည်းအတွင်း ဖြစ်ပျက်နေသည့် ဝန်ထမ်းရေးရာကိစ္စများ၊ သမ္မတတို့၏ အတွင်းရေးများကို ဖော်ပြထားသည်။

ယခု စာအုပ်မှာမူ အေးဂျင့်တစ်ဦး အိမ်ဖြူတော်တွင် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း တွေ့ကြုံဖြတ်သန်းခဲ့ရသော အဖြစ်အပျက်များကို အသေးစိတ် ခြယ်မှုန်းထားသဖြင့် သမ္မတ ရီဂင်၊ ဒုတိယသမ္မတ ဂျော့ဖ်ဘုရှ်၊ ဒန်ကွေးလ် နှင့် ဂျယ်ရယ်ဖို့ဒ် တို့၏ လူသားပီသသော အပြုအမူများ၊ စရိုက်များကို မြင်ရသည်။ ရီဂင်သည် ကြင်နာသနားတတ်သူ၊ ကိုယ်ချင်းစာတတ်သူ၊ ချင့်ချိန်တတ်သူ၊ အပြောင်အပြက်ပြောကာ ရယ်မောပျော်ရွှင်နေတတ်သူ ဖြစ်သော်လည်း ပြင်သစ်သမ္မတ မိတ္တရွန်း က စီးပိုးလွန်းမက စီးပိုးလာသောအခါ လူသားပီပီ မခံချင်စိတ်ဖြင့် တုံ့ပြန်ခဲ့သည့် လူ့သဘာဝကို မှတ်သားဖွယ်တွေ့ရသည်။

ကိုယ်ရံတော်အေးဂျင့်များသည် သမ္မတ သွားရောက်မည့် အိမ်ရှင်နိုင်ငံ၏ လုံခြုံရေး အဖွဲ့အစည်းများနှင့် ခက်ခက်ခဲခဲ ဆွေးနွေးရပုံ၊ အတ္တမာနတို့ လက်လက်ဘ နေသော အိမ်ရှင်နိုင်ငံလုံခြုံရေး အကြီးအကဲတို့နှင့်တွေ့ကြုံရပုံတို့သည် သင်ခန်းစာယူဖွယ် ဖြစ်သည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့အင်အားကြီး နိုင်ငံခေါင်းဆောင်၏ အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ရာတွင် မည်သို့ထောင့်စေ့ရန် ဆောင်ရွက်ရပုံ၊ အချမ်းသာဆုံးနိုင်ငံလည်းဖြစ်သည်မို့ များစွာအကုန်အကျခံ ဆောင်ရွက်နိုင်ပုံ၊ သမ္မတခရီးစဉ်တစ်ခုတွင် လေယာဉ် ၁၉ စီး၊ မော်တော်ယာဉ် ၂၆ စီး၊ အထောက်အကူဝန်ထမ်း တစ်ထောင်နီးပါး ပါဝင်သည်ကို အံ့သြဖွယ်ရာ ဖတ်ရှုရမည်ဖြစ်သည်။

မူရင်းစာအုပ်ကို တကူးတက ဝယ်ယူလာပေးသော အစ်ကိုကြီး ဦးအေးလွင် ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စာအုပ်အဖြစ် ထုတ်ဝေပေးသော the bookhouse တို့အား ကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**အေးထွန်းမင်း**
**ayetunmin@gmail.com**

BURMESE CLASSIC

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

အမေရိကန်သမ္မတ၏ လုံခြုံရေးကို တာဝန်ယူရသည့်ဌာန ™(Presidential Protective Division –PPD) သည် သမ္မတရုံး၏ မြေညီထပ်တွင်ရှိသည်။ တစ်ချိန်က နိုင်ငံခြားရေးရုံးနှင့် စစ်ရုံးအဖြစ် အသုံးပြုခဲ့သော အခန်းဖြစ်ပြီး အိမ်ဖြူတော်နှင့် ကပ်လျက်သားဖြစ်သည်။ ထိုအခန်းကို 'အခန်း အမှတ် ၁၀'ဟု ခေါ်ကြသည်။ တစ်ခန်းလုံးကို ပြောင်လက်စွာ ကြမ်းတိုက်ထားပြီး စားပွဲများ၊ ဘီရိုများ၊ နေရာအနှံ့ ရှိနေသဖြင့် ဝက်ပါတစ်ခုကဲ့သို့ပင်။ တယ်လီဖုန်းများစွာအနက် တစ်လုံး မဟုတ် တစ်လုံး အမြဲမြည်နေလေ့ရှိသည်။

သမ္မတရုံးမှာ အလားတူပင် ရုံးသုံး ပရိဘောဂများဖြင့် ပြည့်ကျပ်နေပြီး၊ အမြဲလို အလုပ် ရှုပ်နေကြသည်။ ဟိုပြေး သည်လွှားဖြင့် ပျားပန်းခပ်နေတတ်သည်။ ဒုတိယသမ္မတ၏ ရုံးခန်းမှာ ပထမထပ်တွင် ရှိသည်။ ပိုမို ကျယ်ဝန်းကာ အလုပ်လည်း မများလှ။

အခန်းအမှတ် ၁၀ တွင် ကျွန်တော် တာဝန်ကျနေသည်မှာ တစ်နှစ်ခန့်ရှိပြီ။ သမ္မတလုံခြုံရေးဌာန၏ လက်ထောက် အထူး အေးဂျင့် တာဝန်ကို ယူထားရသည်။

၁၉၈၄ ခု၊ ဧပြီလ၏ တစ်ခုသော နံနက်ခင်းတွင် တာဝန်ကျဇယားများကို ခွဲခြားစိစစ်နေခိုက် တယ်လီဖုန်းဝင်လာသည်။ အိမ်ဖြူတော် အနောက်ဘက်ဆောင်မှ ဖြစ်သည်။ အိမ်ဖြူတော် ဒု ရုံးအဖွဲ့မှူး မိုက်ဒီဗာ က "အနောက်ဘက်ဆောင်မှာ တွေ့ကြမယ်"ဟု ဖုန်းပေါ်မှပြောသည်။

ဒီဗာသည် သမ္မတရော်နယ်ရီဂင်၏ လက်ရုံးတစ်ဆူဖြစ်သည်။ အိမ်ဖြူတော်ရုံးအဖွဲ့မှူး ဂျိမ်းဘေကာ၊ သမ္မတ၏ အတိုင်ပင်ခံ 'အက်ဒ်မက်ဆီ'နှင့် ဒီဗာ တို့သည်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သမ္မတ၏ အတွင်းစည်း လူယုံတော်များ ဖြစ်ကြသည်။ ယင်းတို့အနက် ဒီဗာသည် သမ္မတနှင့် အနီးကပ်ဆုံးဟု ဆိုရမည်။ ဒီဗာ၏ ရုံးခန်းသည် သမ္မတ၏ ဘဲဥပုံရုံးခန်းနှင့် ကပ်လျက်သားတွင်ရှိပြီး ဘဲဥပုံရုံးခန်းအတွင်းသို့ တိုက်ရိုက်ဝင်နိုင်သော တံခါးရှိသည်။ အိမ်ဖြူတော်တွင် သူတစ်ဦးတည်းသာ မည်သူမျှ မမြင်တွေ့ဘဲ သမ္မတရုံးခန်းထဲသို့ ဝင်ရောက်နိုင်သူဖြစ်သည်။ ရီဂင် ကာလီဖိုးနီးယား အုပ်ချုပ်ရေးမှူး (ဂါဗနာ) တာဝန်ထမ်းဆောင်စဉ်ကတည်းက ရီဂင်၏ သွားလာလှုပ်ရှား ပြောဆိုမှုအဝဝကို စီမံပေးရသူဖြစ်သည်။ ရီဂင်သည် အမဲသားကြော်နေသည်ဆိုလျှင် ဆီအမြှုပ်မထအောင် စီမံခန့်ခွဲနေသူမှာ ဒီဗာပင်ဖြစ်သည်ဟု မဂ္ဂဇင်းတစ်စောင်က ရေးသားခဲ့ဖူးသည်။ ရီဂင် အစိုးရကို ရုပ်ရှင်ဇာတ်ကားအဖြစ် နှိုင်းနှိုင်းပါလျှင် ဒီဗာသည် ဒါရိုက်တာဖြစ်သည်ဟုလည်း ဖော်ပြခဲ့ဖူးသည်။

ကျွန်တော်သည် ကုတ်အင်္ကျီကိုဆွဲယူလျက် အနောက်ဘက်ဆောင်သို့ ဦးတည်သော ရုံးခန်းဘေးပေါက်မှ ပြေးထွက်လာခဲ့သည်။ ကားရပ်နားရာနေရာတွင် ရဲဘော်တစ်ဦး မောင်းနှင်မည့် ခရိုင်စလာ ကားတစ်စင်း က စောင့်ဆိုင်းနေသည်။ ဒီဗာသည် အနောက်ဘက်ဆောင်တံခါးမှ ခပ်သုတ်သုတ်ထွက်လာသည်။ သူနှင့်အတူ 'ဘီလ်ဟန်ကဲလ်' (Bill Henkel) လည်း ပါလာသည်။ ဟန်ကဲလ်သည် သမ္မတ ရှေ့ပြေးအဖွဲ့တာဝန်ခံဖြစ်သည်။ သူသည် သမ္မတနစ်ဆင် လက်ထက်ကတည်းက ထိုတာဝန်ကို တစ်လျှောက်လုံး ထမ်းဆောင်ခဲ့သူဖြစ်သည်။ သမ္မတ၏ ခရီးစဉ်နှင့် အခမ်းအနား များကို တာဝန်ယူစီမံရသူ ဖြစ်သည်။

BURMESE CLASSIC

ကျွန်တော်တို့သုံးဦးသားသည် ကားအတွင်း ကသောကမျော ဝင်ကာ အိမ်ဖြူတော် အရှေ့တောင်ဘက် ဂိတ်တံခါးမှ ထွက်လာကြသည်။ လိုရင်းကိစ္စကို ကျွန်တော်က မေးမည်အပြုတွင် ဒီဗာ က "ဘာလ်တီမိုး ဘေ့စ်ဘောရာသီ ကွင်းဖွင့်ပွဲကို သမ္မတကြီး တက်လိမ့်မယ်။ ဒါကို ဘယ်သူမှမသိသေးဘူး" ပွဲစရန် သုံးနာရီသာ လိုတော့သဖြင့် ကျွန်တော်တို့တွင် ပြင်ဆင်ချိန် သိပ်မရှိတော့။

ဆယ်မိနစ်အကြာတွင် ရေတပ် လေယာဉ်အုပ်စု တပ်စွဲထားသည့် 'အင်နာကော့စတီယား' သို့ ရောက်သည်။ ထိုလေယာဉ်အုပ်စုတွင် သမ္မတ၏ ရဟတ်ယာဉ်များကို ထားရှိသည်။ HMX အမျိုးအစား -၃ ဆီကော့စကီး ရဟတ်ယာဉ်က ကျွန်တော်တို့အား စောင့်ကြိုနေသည်။ ရဟတ်ယာဉ်ကို သမ္မတစီးနင်းလိုက်ပါနေသည့်အချိန်တွင် 'မရိန်းဝမ်း' (Marine One) ဟု သညာပြုပြီး၊ သမ္မတ စီးနင်းလိုက်ပါသည့် (မည်သည့်လေယာဉ်မဆို) လေယာဉ်ကို 'အဲယားဖို့(စ်)ဝမ်း' (Airforce One) ဟု ခေါ်ဝေါ်သည်။ သမ္မတ ရဟတ်ယာဉ်ပင်ဖြစ်စေကာမူ သမ္မတမှအပ အခြားသူများ စီးနင်းလိုက်ပါသည့် အခါ HHMX ဟုပင် အမှတ်အသားပြုသည်။ သမ္မတ လိုက်ပါစီးနင်းသည့်အခါတွင်မှ မရိန်းဝမ်းဟု သတ်မှတ်သည်။ သမ္မတ လိုက်ပါလာသည့်အခါတွင်မှ အိမ်ဖြူတော်မြက်ခင်းတွင် ဆင်းတက်ခွင့်ရှိသည်။ ဒုတိယသမ္မတ၏ 'မရိန်းတူး' သည်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ပင် အိမ်ဖြူတော် ပရိဝုဏ်တွင် ဆင်းတက်ခြင်း မပြုပေ။ ထို့ကြောင့်ပင် ကျွန်တော်တို့အုပ်စုသည် လေယာဉ်အုပ်စု ရှိရာသို့ လာရခြင်းဖြစ်သည်။

ရဟတ်ယာဉ် လေထဲသို့ရောက်သည်နှင့် ဘာလ်တီမိုးရှိ လျှို့ဝှက်ထောက်လှမ်းရေးဌာနခွဲသို့ လှမ်းဆက်သွယ်လျက် ကျွန်တော်တို့ ရဟတ်ယာဉ်ဆိုက်မည့်နေရာတွင် လာရောက်စောင့်နေရန် မှာကြားရသည်။ ထို့နောက် ထောက်လှမ်းရေးဌာန မော်တော်ယာဉ်များထားရှိရာ ဝါရှင်တန်ရေတပ် အခြေစိုက်စခန်းသို့ ဆက်သွယ်လျက် ဘာလ်တီမိုးသို့ သမ္မတ၏ ယာဉ်တန်းမှကားများ လိုက်လာရန် ညွှန်ကြားရသည်။ ရေတပ်အခြေစိုက်စခန်းမှ ဘာလ်တီမိုးသို့ မိနစ်လေးဆယ်ခန့် ကားမောင်းရသည်။

ဒီဗာက သမ္မတကြီး၏ အစီအစဉ် အသေးစိတ်ကို ပြောပြသည်။ သမ္မတက ပထမဆုံး ဘောလုံးကိုပစ်ပေးမည်၊ ထို့နောက် ဘော့စ်ဘောပွဲကို ခဏကြည့်ပြီး ပြန်လာမည်။ စုစုပေါင်း နာရီဝက်ခန့်သာ ကြာမည်။ သို့သော် ထိုအတွက် ကျွန်တော်တို့ လုပ်ရမည့် အစီအစဉ်အများအပြားရှိသည်။

သမ္မတကြီးသည် ဘောလုံးကို ပစ်ပေးရန် မည်သည့်နေရာတွင် ရပ်ရမည်ကို ကျွန်တော်တို့ သုံးဦးသား ဆွေးနွေးကြသည်။ သူတို့နှစ်ဦးက သမ္မတကြီးကို ပရိသတ်အားလုံးက ရှင်းရှင်းလင်းလင်း မြင်နိုင်သောနေရာတွင် ထားချင်သည်။ သို့မှသာ ညနေပိုင်းသတင်းတွင် သမ္မတ၏ လှုပ်ရှားမှုများ တင့်တယ်စွာ ပါဝင်နိုင်မည်ဖြစ်သည်။ သို့သော် လုံခြုံရေးသမား ကျွန်တော့်အဖို့ကား ထိုသို့သော အနေအထားသည် အသည်းထိတ်စရာဖြစ်နေသည်။ အားလုံးက မြင်နိုင်သောနေရာသည် မကောင်းကြံစည်နေသူအဖို့ ပစ်ကွင်းကောင်းဖြစ်သည်။ ပုန်းစရာခိုစရာ မရှိသော ကွင်းလယ်တွင် ထီးတည်းရှိနေမည်ကို ကျွန်တော်က မလိုလား။ ကျွန်တော် ဖြစ်စေချင်သည်မှာ သမ္မတသည် အထူးတန်း ပွဲကြည့်စင်အတွင်း၌သာ ပွဲကြည့်ရုံသက်သက် ရှိနေစေချင်သည်။ ထိုနေရာသည် အလုံခြုံဆုံးဖြစ်သည်။ သို့သော် ဘဝနှင့် ဆန္ဒသည် တစ်ထပ်တည်း ကျခဲလှသည်။

ဒီဗာတို့ကမူ သမ္မတကို ပရိသတ်အလယ် လူလုံးထွက်ပြစေချင်သည်။ ပေါ်ပေါ်ထင်ထင် ဖြစ်စေချင်သည်။ အတန်ကြာ ကျွန်တော်တို့ ငြင်းခုံကြပြီးနောက် အကာအကွယ်နှင့် ပိုနီးသောနေရာတွင် သမ္မတအားနေစေရန် သဘောတူလိုက်ကြသည်။ ရဟတ်ယာဉ်သည် ကျွန်တော်တို့အား ချထားပြီးသည်နှင့် သမ္မတကြီးကို သွားရောက်ခေါ်ဆောင်ရန် ပျံတက်သွားသည်။

ကြိုတင် မကြေညာဘဲ သမ္မတက ခဏတာ တက်ရောက်သော အခမ်းအနားမျိုးသည် လုံခြုံစိတ်အချရဆုံးဖြစ်သည်။ သမ္မတကို ကြိုတင်ကြံစည်ချင်သူများအဖို့ စီစဉ်အချိန် မရသည်မှာ မှန်သော်လည်း အိတ်ထဲတွင် သေနတ်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ပါလာသည့် စိတ်ရူးပေါက်သည့်သူများလည်း ရှိနေနိုင်သည်ကို လျှော့တွက်၍မရ။ ဖြစ်နိုင်ခြေ နည်းပါးသော်လည်း ထို ဖြစ်နိုင်ခြေကို လျစ်လျူရှု၍မဖြစ်။ သမ္မတသည် လူပုံအလယ်တွင် ကြာကြာနေလေလေ အန္တရာယ်ဖြစ်နိုင်ခြေ ပိုများလေ ဖြစ်သည်။

သမ္မတ၏ ရဟတ်ယာဉ်ဆင်းသက်မည့်နေရာသည် ကစားကွင်း မျက်နှာချင်းဆိုင်ရှိ ဝင်းထရံကာရံထားသည့် နေရာဖြစ်သည်။ ထိုနေရာတွင် လုံခြုံရေးအစောင့်များက ရှင်းလင်းနေရာယူပြီး ဖြစ်သည်။ အားကစားကွင်းသို့ ပရိသတ်များ တဖွဲဖွဲရောက်ရှိလာကြသည်။ အားကစားပွဲလာ ပရိသတ်များသည် ဘေ့စ်ဘော ဦးထုပ်၊ ဘေ့စ်ဘော တီရှပ်၊ ဘောင်းဘီတိုများ ကို လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ဝတ်ဆင်ထားကြသည်။ သူတို့အကြားတွင် ဝတ်စုံအနက် လည်စည်း စည်းထားသော ကျွန်တော်တို့သုံးယောက်သည် ပေါ်လွင်ထင်ရှားလွန်းနေသည်။

ဘာလ်တီမိုး ရဲအရာရှိတစ်ယောက်ကို တွေ့သဖြင့် ကျွန်တော်က သွားရောက် မိတ်ဆက်လျက် အားကစားကွင်း ပိုင်ရှင်အား တွေ့လိုကြောင်း ပြောရသည်။ အားကစားကွင်းပိုင်ရှင်မှာ 'အက်ဒဝပ် ဘဲနက်ဝီလျံ' ဖြစ်သည်။ သူသည် ရှေ့နေတစ်ဦးလည်းဖြစ်သည်။ သမ္မတကြီး မကြာမီ ရောက်လာတော့မည်ဖြစ်ကြောင်း သူ့အား အသိပေးရသည်။

အချိန်နီးကပ်နေပြီ ဖြစ်သဖြင့် ကျွန်တော်က တက်သုတ်ရိုက်စီစဉ်နေရသည်။ ဘာလ်တီမိုး ရဲအင်အား တိုးချပေး ရန်နှင့် ရဟတ်ယာဉ်ဆင်းသက်ရာနေရာမှ အားကစားကွင်းသို့ လာမည့်လမ်းကို ရှင်းလင်းပေးရန် ပြောရသည်။ သမ္မတ ကားရပ်ထားမည့်နေရာတွင် ရဲများချထားရန်စီစဉ်ရသည်။ ကားရပ်မည့်နေရာမှ အားကစားရုံအတွင်းသို့ သမ္မတကြီး လျှောက်ဝင်သွားမည့် လမ်းတစ်လျှောက်ကို ကျွန်တော် အခေါက်ခေါက် အသွားအပြန် လျှောက်ကြည့်သည်။ သမ္မတကြီး ရောက်လာသည့်အချိန်တွင် ပရိသတ်အားလုံးနီးပါး အားကစားရုံအတွင်းသို့ ရောက်နေကြမည်ဖြစ်သော်လည်း နောက်ကျ ရောက်လာမည့်သူများလည်း ရှိကြပေမည်။

သမ္မတကြီး၏အနီးသို့ ထိုသူများ ကပ်မလာနိုင်စေရန် ထိန်းထားရမည်။ ကားရပ်နားရာ နေရာတစ်ဝိုက်နှင့် သမ္မတကြီး လျှောက်ဝင်လာမည့် လမ်းကြောင်းတစ်လျှောက် အစောင့်များကို ချထားရသည်။ မီဒီယာသမားများအတွက် နေရာစီစဉ်ပေးရသည်။

အိမ်ဖြူတော်မှ သမ္မတကြီး စတင်ထွက်ခွာလာသည့်အချိန်တွင် ရဟတ်ယာဉ် ဆင်းသက်မည့်နေရာသို့ ကျွန်တော် ရောက်နေပါပြီ။ သို့ရာတွင် ယာဉ်တန်းမှာ ရောက်မလာသေး။ ရေဒီယိုဖြင့် ယာဉ်တန်းဆီသို့ဆက်သွယ်သည်။ ယာဉ်တန်း အချိန်မီရောက်မလာနိုင်တော့ဟု ဆိုသည်။ ထိုအချိန်တွင် ရဟတ်ယာဉ်သုံးစင်း ပျံသန်းလာနေသည်ကို ကောင်းကင်ယံတွင် မြင်ရသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သမ္မတ၏ ရဟတ်ယာဉ် အိမ်ဖြူတော်မြက်ခင်းပြင်တွင် အဆင်းအတက်လုပ်သည်ကို ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် တွေ့ဖူးမြင်ဖူးကြပေမည်။ သမ္မတသည် ရဟတ်ယာဉ်ဖြင့် သွားလာသည့်အခါ ရဟတ်ယာဉ်တစ်စီးတည်းသာ အသုံးပြုသည်ဟု လူများက ယူဆကြသည်။ အမှန်စင်စစ် သမ္မတ ခရီးသွားလာတိုင်း အနည်းဆုံးရဟတ်ယာဉ် အပိုနှစ်စီး လိုက်ပါ ပျံသန်းရသည်။ လူဦးရေ အနည်းအများအလိုက် တစ်ခါတရံ သုံးလေးစီးအထိ လိုက်ပါလေ့ရှိသည်။ မီဒီယာသမားများက တစ်စီး၊ လုံခြုံရေးအေးဂျင့်များက တစ်စီးနှင့် အိမ်ဖြူတော်ဝန်ထမ်းများက သမ္မတနှင့်အတူ တစ်စီးတွင် လိုက်ပါကြသည်။

တစ်စီးတွင် ထိုင်ခုံ ၁၂ ခုံပါသည်။ အေးဂျင့်နှင့် မီဒီယာသမားများ လိုက်ပါသော ရဟတ်ယာဉ်များသည် 'အင်နာကော့စတီယား' လေတပ်စခန်းမှ ပျံတက်ပြီး သမ္မတ၏ ရဟတ်ယာဉ်နှင့် လမ်းတွင် ပေါင်းဆုံကာ ခရီးဆက်ကြသည်။ စုဖွဲ့ပျံသန်းသည် မှန်သော်လည်း ပျံသန်းနေစဉ်တွင် ရဟတ်ယာဉ်များသည် လေထဲတွင် မကြာခဏ ရှေ့နောက်၊ အပေါ်အောက် နေရာအလဲအလှယ်ပြုကာ ပျံသန်းကြရသည်။ သမ္မတလိုက်ပါလာသော ရဟတ်ယာဉ်ကို ခွဲခြား မသိစေရန် ဖြစ်သည်။

မီဒီယာသမားများ လိုက်ပါလာသော ရဟတ်ယာဉ်သည် ဦးစွာဆင်းသက်ပြီးမှ သမ္မတ၏ မရိန်းဝမ်း ဆင်းသက်ရသည်။ ဝါရှင်တန်မှ ယာဉ်တန်းသည်လည်း ကံကောင်းထောက်မစွာ အချိန်မီ ရောက်လာသည်။ သမ္မတ၏ မော်တော်ယာဉ်သည် ဓာတ်ဆီကုန်လုနီးပါးဖြစ်နေကြောင်း သတင်းပို့လာသည်။ သမ္မတ၏ မော်တော်ယာဉ်သည် ဆီအလွန်စားသည်။ တစ်ဂါလံကို လေးမိုင်ပင်မရချင်။ အားကစားရုံအတွင်း သမ္မတရှိနေစဉ်တွင် ဓာတ်ဆီသွားထည့်နိုင်သည်။ သို့သော် သမ္မတ၏ မော်တော်ယာဉ် ဓာတ်ဆီဆိုင်တွင် တန်းစီ ဆီထည့်ရန် မသင့်လျော်ပေ။ ထို့ကြောင့် အေးဂျင့်တစ်ယောက်ကို ဓာတ်ဆီ သယ်လာခိုင်းရသည်။

ရဟတ်ယာဉ်သုံးစီး ဆင်းလာပြီး၊ ရဲများက ပရိသတ်ကို ကန့်သတ်ဟန့်တားနေသည်ကို မြင်ကြသဖြင့် သမ္မတကြီး ရောက်လာသည်ဆိုသော သတင်းစကားမှာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသည်။

ကစားကွင်းပိုင်ရှင်၊ မန်နေဂျာနှင့် ဘေ့စ်ဘောကစားသမားအချို့က သမ္မတအား ကြိုဆိုနှုတ်ဆက်ကြသည်။ ကွင်းစပ်တွင်ရှိသည့် ကစားသမားများ စောင့်ဆိုင်းသည့် အဖီအောက် (dugout)တွင် သမ္မတက နေရာယူသည်။ 'အော်ရီလေ' အသင်းမှ ထိပ်သီးကစားသမား 'ကားလ်ရစ်ကင်' အနားတွင် ကျွန်တော် ရပ်နေလိုက်သည်။ သမ္မတကြီး ရောက်လာသည်ကို သူက စိတ်မသက်မသာ ဖြစ်နေပုံပေါ်သည်။ သူက "ကျွန်တော်တို့ ကစားတဲ့ပွဲကို သမ္မတ လာအားပေးတိုင်း ကျွန်တော်တို့ ရှုံးတာချည့်ပဲ"ဟု ပြောသည်။ သူပြောသည့်အတိုင်း ထိုနေ့ပွဲတွင် အော်ရီလေ အသင်းရှုံးလေသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"မင်းပရိသတ်အပေါင်းခင်ဗျား…၊ အမေရိကန်ပြည်ထောင်စုသမ္မတကြီး ကြွရောက်လာပါပြီ" ဟု ကြေညာလိုက်သည်နှင့် ပရိသတ်က တစ်ခဲနက် ဩဘာပေးကြသည်။ သမ္မတကြီးသည် အားကစားသမားများနှင့်အတူ ကွင်းထဲသို့ ထွက်လာလျက် ပရိသတ်အား လက်ဝှေ့ယမ်း နှုတ်ဆက်သည်။ အားကစားသမားများ နေရာယူပြီးသည့်အခါ သမ္မတက ပထမဆုံးဘောလုံးကို ပစ်လိုက်သည်။ ပရိသတ်က ဩဘာပေးကြပြန်သည်။ နားခိုရာ အဖီအောက်သို့ သမ္မတအား ကျွန်တော်တို့ ပြန်ခေါ်လာသည်။

အကယ်၍ သမ္မတကြီးသည် ပွဲကို ဆက်ကြည့်မည်ဆိုပါက အထူးတန်းပွဲကြည့်စင်သို့ ခေါ်သွားရန် ဖြစ်သည်။ ထိုနေရာက ပိုမိုလုံခြုံသည်။ မိနစ်အနည်းငယ်သာ ကြည့်မည်ဆိုပါက အဖီအောက်တွင် ဆက်နေနိုင်သည်။

ထိုစဉ်တွင် ဟန်ကဲလ်က သမ္မတအား 'ဟော့ဒေါ့' (ပေါင်မုန့်အရှည် တစ်ထွာခန့်ထဲတွင် ကြက်သားအူချောင်း ညှပ်ထားသောမုန့်) ကျွေးလိုကြောင်း ပြောလာသည်။ ဘေ့စ်ဘောနှင့် ဟော့ဒေါ့သည် တွဲဖက်ညီသော ထုံးစံအစဉ်အလာ ဖြစ်သည်။ သကြားနှင့် မုန့်လုံးရေပေါ်ကဲ့သို့ ဖြစ်သည်။

ဘီလ်သည် သမ္မတ၏ ပုံရိပ်ကို ဖော်ပေးနေရသူဖြစ်သဖြင့် သမ္မတကြီး ဟော့ဒေါ့ စားနေပုံကို မီဒီယာများတွင် ပါစေချင်သည်။ သမ္မတကြီးသည် ပြည်သူများနှင့် တစ်သားတည်း၊ သာမန်ပြည်သူများကဲ့သို့ပင် သွားလာနေထိုင် စားသောက်သည်ဆိုသော ပုံရိပ်ကို ထင်စေလိုသည်။ သူ့ အကြံပြုချက်သည် ကျွန်တော့်အဖို့ အခက်အခဲ ဖြစ်ရသည်။

အေးဂျင့်များ စောင့်ကြည့်ကြီးကြပ်မှုမပါဘဲ စီမံထားသော မည်သည့်အစားအစာကိုမျှ သမ္မတသည် စားသုံးရန် မသင့်ပေ။ စားသောက်ဖွယ်ရာတစ်ခုခုကို မည်သို့ပြုလုပ်ထားသည်၊ မည်သူက ပြုလုပ်ထားသည်ကို အေးဂျင့်များက အသေအချာ မသိဘဲ သမ္မတ အနီးအနားသို့ ရောက်လာခွင့်မရှိပေ။

အိမ်ဖြူတော် ညစာ စားပွဲများတွင် သမ္မတကြီးသည် အခြားဧည့်သည်တော်များ စားသောက်သည့် အစားအစာများကို စားသောက်သည်ဟုထင်လျှင် မှားပေလိမ့်မည်။ အစားအသောက်အမည်မှာ အတူတူဖြစ်သော်လည်း သမ္မတကြီးအတွက် အိမ်ဖြူတော် စားဖိုမှူးများက သီးသန့်ချက်ပြုတ်ထားသော အစားအစာများသာ ဖြစ်သည်။ ပင်လယ်ရပ်ခြားသမင်းစားပွဲများတွင် သမ္မတကြီးအတွက် ချက်ပြုတ်ပေးရန် ဟင်းချက်စရာနှင့် ဟင်းခတ်အမွှေးအကြိုင်များကို အိမ်ဖြူတော် စားတော်ကဲများက ယူဆောင်သွားရသည်။ ပင်လယ်ရပ်ခြား ညစာ စားပွဲများတွင် အိမ်ဖြူတော်စားဖိုမှူးများသည် အိမ်ရှင်စားပွဲထိုးများနှင့်ဆင်တူဝတ်စုံကို ဝတ်ဆင်လျက် သမ္မတကြီးအား စားပွဲထိုးရသည်။

ဟော့ဒေါ့ကိစ္စကို ဟန်ကဲလ်က တင်းခံနေသဖြင့် ကျွန်တော် နည်းလမ်းရှာရသည်။ တစ်ယောက်ယောက် ဝယ်လာပေးသည်ကိုလည်း ဒီဗာ က မလိုချင်။ သာမန်လူများကဲ့သို့ သမ္မတကိုယ်တိုင် ဝယ်ယူစားသောက်သည့်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပုံရိပ်ကို ထင်စေလိုသည်။ ပွဲကြည့်စင်တွင် တာဝန်ကျနေသည့် အေးဂျင့်အား စကားပြောစက်ဖြင့် ညွှန်ကြားရသည်။ စိတ်ချရသည်ဟု ယူဆရသော ဟော့ဒေါ့ အရောင်းသမားတစ်ယောက်ကို ခေါ်လာရန် ညွှန်ကြားလိုက်သည်။

အေးဂျင့်ဆွဲခေါ်လာသဖြင့် ဈေးဗန်းကို သိုင်းလွယ်ထားသော ဟော့ဒေါ့ဈေးသည်ခမျာ ယောင်ကန်းကန်းဖြင့် ရောက်လာသည်။ သမ္မတကြီးက "သုံးခုပေးပါ"။ ဈေးသည်ထံမှ ဟော့ဒေါ့ သုံးခုရသောအခါ ဝဲယာတွင် ထိုင်နေသူ နှစ်ဦးအား တစ်ခုစီပေးလျက် "ပိုက်ဆံ ကျွန်တော်ပေးလိုက်မယ်"ဟုပြောကာ ငါးဒေါ်လာတန်တစ်ရွက်ထုတ်ပေးပြီး "ပြန်မအမ်းနဲ့တော့"ဟု ပြောသည်။ ဈေးသည်က ထွက်မသွားသေးဘဲ "တစ်ခုကို နှစ်ဒေါ်လာဆိုတော့၊ ခြောက်ဒေါ်လာ ကျပါတယ် ခင်ဗျာ"။ ခက်ကပြီ။ သမ္မတတွင် ငါးဒေါ်လာသာပါသည်။

ဘီလ် ဟန်ကဲလ်က ငါးဒေါ်လာတန်တစ်ရွက်ကို သမ္မတလက်ထဲသို့ သွက်လက်စွာ ထည့်ပေးလိုက်သည်။ သမ္မတကြီးက ပြုံးလျက် ငါးဒေါ်လာကို ဈေးသည် အားပေးပြီး " ပြန်မအမ်းနဲ့တော့" ဟု ထပ်ပြောသည်။

ရီဂင်သည် သူ့အင်္ကျီအိတ်ထဲတွင် မည်သည့်ပစ္စည်းမျှ ထည့်လေ့မရှိ။ သူ ယူလာသော ငါးဒေါ်လာသည် ဟော့ဒေါ့ဝယ်စားရန် ရည်ရွယ်၍ ထည့်ယူလာခြင်းသာဖြစ်မည်။

ဘေ့စ်ဘောပွဲ ပထမ အကျော့အပြီးတွင် သမ္မတကြီး အားကစားကွင်းမှ ပြန်လည်ထွက်ခွာသည်။ မရိန်းဝမ်း ရဟတ်ယာဉ်ပေါ်တွင် သမ္မတကြီး၏ ထိုင်ခုံရှေ့တွင် နံရံကပ် ခေါက်စားပွဲငယ်တစ်ခု ရှိသည်။ အပြန်ခရီးတွင် သမ္မတကြီးသည် စားပွဲပေါ်သို့ငုံ့ကာ ရေးချွတ်နေသည်။ ကျွန်တော်နှင့် ဟန်ကဲလ်တို့က သူ့နောက်တွင် ထိုင်ကြသဖြင့် သူ ရေးသားနေသည်ကို မမြင်ရ။ ရေးသားပြီးသောအခါ သမ္မတကြီးက ဟန်ကဲလ်ထံသို့ စာရွက်တစ်ရွက် ကမ်းပေးသည်။ စာရွက်ပေါ်တွင် ရေးသားထားသည်မှာ...

"ဘီလ်ဟန်ကဲလ်ကို ငါးဒေါ်လာ အကြွေး ကျွန်တော်ပေးရန်ရှိကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်"

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁ အသက်စွန့်လျက်

ကိုယ်ရံတော်အေးဂျင့်၏ တာဝန်သည် သမ္မတထံ ဝင်လာသော ကျည်ဆန်ကို ကိုယ်စား ဝင်ခံရန်သာဖြစ်သည်ဟူသော စကားရှိသည်။ မည်သူက စလိုက်မှန်းမသိသော ထိုစကားသည် တွင်ကျယ်စွာ ပျံ့နှံ့နေပေပြီ။

သမ္မတအတွက် ကိုယ်ရံတော်အေးဂျင့်များသည် အသက်ပေးပါမည်ဟု သစ္စာဆိုထားရသည်ဟူ၍ လူအတော်များများက နားလည်ထားကြသည်။ ထိုယူဆချက်သည် မမှန်ပေ။ အေးဂျင့်များသည် ထိုကဲ့သို့ သစ္စာဆိုရခြင်း မရှိပေ။ တိတိကျကျဆိုရလျှင် ထိုကဲ့သို့သော တာဝန်ယူမှုကို ပြုလုပ်ရန်လည်း မလိုပေ။ ကိုယ်ရံတော်အေးဂျင့်များသည် လျှို့ဝှက်သိပ်သည်းစွာ လှုပ်ရှားရသောကြောင့် သာမန်လူများသည် သူတို့၏ လုပ်ငန်းသဘာဝကို မသိရှိကြ။ ထို့ကြောင့် ယင်းကဲ့သို့ ထင်ကြေးစကားမျိုး ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

လုပ်ကြံလိုသူ အများအပြားရှိနေသည့် သမ္မတအား အကာအကွယ်ပေးရသည့် အလုပ်မှာ အန္တရာယ်များလှသည့်အလုပ်ဖြစ်သည်။ ယင်းတာဝန်ကို ထမ်းဆောင်နေရင်း အသက်ဆုံးနိုင်သည်။ အေးဂျင့်များသည်သာ အသက်အန္တရာယ် ရှိသည်မဟုတ်၊ စစ်သား၊ မီးသတ်သမား၊ သဘော်သားနှင့် လေယာဉ်မှူးတို့သည်လည်း အေးဂျင့်များနည်းတူ အသက်အန္တရာယ်နှင့် ရင်ဆိုင်ရတတ်သည်။

သမ္မတသည် အန္တရာယ်နှင့်ရင်ဆိုင်ရသည့်အခါ မည်သို့ ကာကွယ်ရမည်ကို အကြိမ်ကြိမ်အဖန်ဖန် ကျွန်တော်တို့ လေ့ကျင့်ထားရသည်။ အလေ့အကျင့်သည် ပါရမီဖြစ်သည်။ အေးဂျင့်တိုင်းသည် နှစ်လလျှင် တစ်ကြိမ်၊ တစ်ကြိမ်လျှင် ရက်သတ္တနှစ်ပတ်ကြာမျှ 'ဘက်ဗီးလ်'မြို့ (Beltville)ရှိ အေးဂျင့်သင်တန်းကျောင်းတွင် မွမ်းမံ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ခန်းဆင်းရသည်။ တကယ်ဖြစ်ပျက်လာသည့်အခါ မည်သို့ တုံ့ပြန်ရင်ဆိုင်ရမည်ကို အဖန်တလဲလဲ လေ့ကျင့်ရသည်။ သက်တော်စောင့်နည်းပညာသည် ပြီးပြည့်စုံသော သိပ္ပံပညာမဟုတ်။ ထို့ကြောင့် ကောင်းမွန်သည်ထက် ကောင်းမွန်စေရန် အမြဲတစေ တီထွင်နေရသည်။ လေ့ကျင့်နေရသည်။

အေးဂျင့်သင်တန်းကျောင်းတွင် ကျွန်တော် စတင်တက်ရောက်စဉ် ၁၉၇၁ ခုနှစ်က ဘက်ဇီးလ်သည် မြို့ငယ်လေး တစ်ခုသာဖြစ်သည်။ ယခုအခါ ရုပ်ရှင် စတူဒီယို တစ်ခုကဲ့သို့ ဖြစ်နေပေပြီ။ လမ်းကြီးလမ်းငယ်အသွယ်သွယ် တစ်လျှောက် ဈေးဆိုင်၊ ဟိုတယ်၊ ဆံသဆိုင်၊ ရုံး စသည်တို့၏ မျက်နှာစာ နံရံများကို တည်ဆောက်ထားသည်။

ပုံစံငယ်အဖြစ် တည်ထားသော ထိုမြို့၏ လမ်းမ၊ လမ်းမြောင်တို့တွင် သင်တန်းသားတို့ လိုက်ပါသော ယာဉ်တန်းမောင်းနှင်နေစဉ် အဆောက်အဦပေါ်မှ ချောင်းမြောင်းတိုက်ခိုက်မှုကို တွန်းလှန်သောနည်းစနစ်ကို လေ့ကျင့်ရသည်။ အေးဂျင့်များအား မွမ်းမံသင်တန်းပေးရာတွင် ကျွန်တော်က ကြီးကြပ်သူအဖြစ် တာဝန်ယူရသည်။

သမ္မတအတွက် အန္တရာယ်အရှိဆုံးအချိန်မှာ စုဝေးရောက်ရှိလာသော လူထုပရိသတ်ကို လက်ဆွဲနှုတ်ဆက်သည့် အခါတွင် ဖြစ်သည်။ သမ္မတသည် အခမ်းအနား ကျင်းပရာမှ ထွက်ခွာပြီး မော်တော်ယာဉ်ဆီသို့ သွားသည့်အခါ တွင်ဖြစ်စေ၊ အခမ်းအနားသို့ ရောက်ရှိလာသည့်အခါတွင်ဖြစ်စေ လူထုပရိသတ်က အလုအယက် လက်ဆွဲနှုတ်ဆက်သည့် အခါ လုံခြုံရေးအတွက် ကြပ်မတ်ရသည်မှာ အခက်ခဲဆုံးနှင့် အန္တရာယ်အရှိဆုံးအချိန် ဖြစ်သည်။

လူပရိသတ်ကို ကြိုတင် စီစစ်ခွင့်၊ စစ်ဆေးခွင့် မရသဖြင့် အသက်ကို ရန်ပြုနိုင်သူများ ရှိနေနိုင်သည်။ ပရိသတ်ကလည်း သမ္မတကြီးအား လက်ဆွဲနှုတ်ဆက်ရန် စိတ်ဇောထက်သန်နေသဖြင့် သူတို့၏ ဆန္ဒထက်သန်မှုကို မထိပါးစေရန်လည်း သတိပြုရသည်။ သမ္မတ၏ အနီးကပ်အေးဂျင့်များက "လက်ကို အိတ်ထဲနှိုက်မထားပါနဲ့၊ မြင်သာအောင် အပြင်ထုတ်ထားကြပါ" ဟု လူထုကို သတိပေးရသည်။ တစ်ချိန်တည်းတွင် ပရိသတ်တွင်းရှိ လူတစ်ဦးချင်းစီ၏ အရိပ်အကဲကိုလည်း အကဲခတ်ရသည်။

တစ်ခါတွင် ကျွန်တော် သင်တန်းကို ကြီးကြပ်နေစဉ် အေးဂျင့်ဖရင့် က သမ္မတအဖြစ် သရုပ်ဆောင်ရသည်။ ကြိုတင် စီစဉ်ထားသည့်အတိုင်း ပစ်ခတ်သံများပေါ်ထွက်လာသည်။ ရုတ်ရုတ်သဲသဲ ဖြစ်နေသည့်အချိန်တွင် ဖရင့်ကို ကျွန်တော်က ဆွဲယူလျက် ကားနောက်ပိုင်းတွင်းသို့ ထိုးသွင်းသည်။ ကားသည် အခင်းဖြစ်ပွားရာမှ မောင်းထွက်လာသည်။ ထိုလေ့ကျင့်ခန်းသည် ပြဋ္ဌာန်းစာအုပ်အတိုင်းဖြစ်သည်။

ထိုနည်းကို " အကာအကွယ်ပေးပြီး ကယ်ထုတ်ခြင်း" (cover and rescue) ဟု ခေါ်ဝေါ်စဉ်ပေးထားသည်။ သို့သော် ပြဋ္ဌာန်းစာအုပ်တွင် မပါသည့် အဖြစ်အပျက်က ဖြစ်ပွားလာသည်။ ဖရင့်၏ ပါးစပ်မှ သွေးများထွက်လာပြီး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံအရှေ့ပိုင်းတစ်ခုလုံး ချင်းချင်းနီနေသည်။ ကျွန်တော်သည် တိုက်ပွဲအတွေ့အကြုံရှိသူ ဖြစ်သည်။ သွေးထွက်သံယိုမှုများစွာတွေ့ကြုံဖူးသော်လည်း ယခုတစ်ကြိမ်တွင် အတော်ပင် ထိတ်လန့်သွားသည်။ ယင်းသို့ သွေးထွက်မှုသည် ခဏတွင်းချင်း သွေးတိတ်သွားတတ်သလို တစ်ခါတစ်ရံ သွေးမတိတ်ဘဲလည်း ဖြစ်တတ်သည်။ ကျွန်တော် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ ခဏအကြာတွင် အဖြစ်မှန်ကို သိရတော့သည်။

ရုပ်ရှင်ရိုက်ကူးရာတွင်သုံးသော သွေးအိတ်ကို ကျွန်တော် မသိစေဘဲ အင်္ကျီအတွင်း ထည့်ထားခြင်းဖြင့် လှည့်စားလိုက်ခြင်းဖြစ်သည်။ ကျွန်တော်သည် သင်တန်းဆရာဖြစ်သော်လည်း သင်တန်းပြန်အပေးခံလိုက်ရချေသည်။

သမ္မတကနေဒီနှင့် ညီဖြစ်သူ ရှေ့နေချုပ် ရောဘတ်ကနေဒီတို့ လုပ်ကြံမခံရမီအချိန်အထိ အေးဂျင့်များအတွက် သင်တန်းဟူ၍ မည်မည်ရရ မရှိခဲ့။ ၁၉၇၀ ပြည့်လွန်နှစ် နောက်ပိုင်းတွင်မှ ဘက်ဗီးလ်တွင် သင်တန်းကျောင်း ပေါ်ပေါက်လာပြီး သင်တန်းများကို စနစ်တကျ စတင်ခဲ့သည်။

ထိုသင်တန်းသည် အခြားသော လုံခြုံရေးသင်တန်းများနှင့် သဘာဝအားဖြင့် ကွဲပြားသည်။ လူသည် အခြားသက်ရှိများနည်းတူ အသက်ရှင်နေရန် အလိုလားဆုံးဖြစ်သည်။ ထို့ကြောင့် အသက်ရှင်နေရေးအတွက် အပြုအမူအချို့ကို သဘာဝတရားက မွေးရာပါ အကျင့်စရိုက်အဖြစ် ဖန်တီးသွတ်သွင်းပေးထားခြင်းသာဖြစ်သည်။

ပစ်ခတ်တိုက်ခိုက်ခံရသည့်အခါတွင် ပုဝင်ခြင်း၊ မှောက်ချခြင်း၊ ဒူးထောက်ခြင်း၊ အကာအကွယ် နောက်သို့ ပြေးဝင်ခြင်း စသည့် သက်ရှိတို့၏ သဘာဝအတိုင်း တုံ့ပြန်လှုပ်ရှားကြသည်။ အေးဂျင့်များ၏ ထိုပင်ကိုသန္ဓေပါ စရိုက်ကို သင်တန်းကျောင်းက ဖယ်ရှားပစ်သည်။ ပစ်ခတ်ခံရသည့်အခါ အေးဂျင့်များသည် သေနတ်ကို ဆွဲထုတ်လျက် မတ်တတ်ရပ်လျက်သား ပြန်လည်ပစ်ခတ်ရန် လေ့ကျင့်ပေးသည်။

သမ္မတကိုယ်ရံတော်အေးဂျင့်များသည် မိမိကိုယ်ကို ကာကွယ်ရန်မဟုတ်ဘဲ သမ္မတကို ကာကွယ်ရန်သာ ဖြစ်သည်။ ထို့ကြောင့် အနီးကပ်အေးဂျင့်များကို သေနတ်ပစ်လေ့ကျင့်ပေးရာတွင် ဒူးထောက်အနေအထား၊ မှောက်လျက် အနေအထားတို့ဖြင့် ပစ်ခတ်သည့် လေ့ကျင့်ခန်း မပါဝင်ဘဲ မတ်တတ်ရပ် အနေအထားဖြင့် ပစ်ခတ်သည့် လေ့ကျင့်ခန်းများသာ ပါဝင်သည်။ သမ္မတ ရော်နယ်ရီဂင်အား ၁၉၈၁ ခုတွင် လုပ်ကြံရန်ကြိုးစားမှုတွင် အနီးရှိ ရုပ်မြင်သတင်းထောက်များ ရိုက်ကူးထားသော ဗီဒီယိုကို ကြည့်ရှုလျှင် ထိုအချက်ကို ပေါ်လွင်စွာ တွေ့ရမည်။ သေနတ်သံကြားလိုက်သည်နှင့် အေးဂျင့်များသည် မတ်တတ်ရပ်လျက်သား အနေအထားကို ယူလိုက်ကြသည်။ သမ္မတ၏ စစ်ဘက်လက်ထောက်က မှောက်ချလိုက်သည် တွေ့ရသည်။ စစ်ဘက်လက်ထောက်ကို ကျွန်တော် ဝေဖန်ပြောဆိုခြင်း မဟုတ်ပါ။ စစ်ကျောင်းနှင့် အေးဂျင့်သင်တန်းကျောင်းတို့၏ ခြားနားချက်ကို သိစေလိုခြင်းသာဖြစ်ပါသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သေနတ်ပစ်လေ့ကျင့်ခြင်းကို နာရီပေါင်းများစွာလုပ်ရသည်။ ကျွန်တော် ရေတပ်တွင် တာဝန်ထမ်းဆောင်စဉ်က စက်သေနတ်ပစ်လေ့ကျင့်ရသည်။ ကျွန်တော်သည် သေနတ်ပစ်ကောင်းသူ မဟုတ်ခဲ့။ ပစ်မှတ်ရှိသည့်နေရာသို့ ကျည်ဆန်များစွာကို ပစ်လွှတ်ခြင်းကို လေ့ကျင့်ခဲ့သည်။ အေးဂျင့်နှင့် စစ်သားသည် မတူခြားနားသော ပတ်ဝန်းကျင်တွင် လှုပ်ရှားတာဝန်ထမ်းကြရသည်။

စစ်သားသည် စစ်မြေပြင်တွင် တိုက်ခိုက်ရသဖြင့် ပစ်အားကောင်းကောင်း၊ ကျည်များများ အသုံးချရန် လိုအပ်သည်။ သို့သော် အေးဂျင့်များ လှုပ်ရှားရသည့်ပတ်ဝန်းကျင်မှာ လူနေထူထပ်သော မြို့ပြတွင် ဖြစ်သဖြင့် ကျည်အားနည်းနည်းဖြင့် ပစ်မှတ်ကို ထိမှန်ရန် လိုအပ်သည်။ လူအုပ်ထဲတွင် ရောနေသော ပစ်မှတ်ကို ထိမှန်ရန် အရေးကြီးသည်။

ကိုယ်ရံတော်အေးဂျင့်ဘဝတွင် သေနတ်အမျိုးအမည်စုံလင်စွာ ကိုင်တွယ်လေ့ကျင့်ရသည်။ ပြောင်းတိုသေနတ်များကို ကျွမ်းကျင်စွာ ပစ်ခတ်နိုင်ရန် လေ့ကျင့်ရသည်။ ဒသမ ၃၅၇ မဂ္ဂနမ် ပြောင်းတိုနှင့် ကိုးမီလီမီတာ အော်တိုမက်တစ်ကို အေးဂျင့်တို့ အသုံးများသည်။ အူဇီစက်လတ်ကိုလည်းသုံးသည်။ အေးဂျင့်အဖြစ် တာဝန်ထမ်းဆောင်လာရာမှ ကျွန်တော်သည် လက်ဖြောင့်သူတစ်ဦးဖြစ်လာလေသည်။

ပြောင်းတိုသေနတ်ဖြင့် ပစ်ခတ်မှုကို လစဉ်လေ့ကျင့်ရသည်။ ပစ်ခတ်မှုစွမ်းရည် ဆန်းစစ်မှုကို သင်တန်းကျောင်းတွင် လေးလတစ်ကြိမ်ပြုလုပ်သည်။ သင်တန်းကျောင်းရှိ 'ဟိုဂန်လမ်းကြား' ( Hogan's Alley) ဟု အမည်တွင်သည့် လမ်းတွင် သင်တန်းသား လျှောက်သွားနေစဉ် စတိုးဆိုင်၊ ရုံးခန်း၊ ဘဏ်တိုက်၊ ဆံသဆိုင် စသည့် ပြတင်းပေါက်၊ တံခါးပေါက်တွင် ရုတ်တရက်ပေါ်လာသော ရုပ်ပုံများကို ပစ်ခတ်ရသည်။ ထိုရုပ်ပုံများတွင် လူဆိုးလူကောင်း ရောနှောထားသည်။ လူဆိုးကိုသာရွေးပစ်ရန် ဖြစ်သည်။ ရုပ်ပုံသည် ရုတ်ခြည်းပေါ်ထွက်လာခြင်း ဖြစ်သဖြင့် စက္ကန့်ပိုင်းအတွင်း ဆုံးဖြတ်ပစ်ခတ်ရသည်။ ပြောင်းတိုသေနတ်၊ ကျည်ကပ်အပို၊ ဆက်သွယ်ရေး ကြိုးမဲ့နားကြပ်၊ ကျည်ကာအင်္ကျီတို့သည် အေးဂျင့်များ အမြဲတစ်ပါတည်းဆောင်ထားရသည့် အဆင်တန်ဆာများ ဖြစ်သည်။ ကျွန်တော်သည် ကျည်ကာအင်္ကျီကို ဝတ်ခဲ့သည်။

သင်တန်းကျောင်းတွင် သင်ကြားပေးသည့် ဘာသာရပ်တစ်ခုမှာ ' ဆယ်မိနစ်ကုသနည်း 'ဟု အမည်ပေးထားသည်။ အရေးပေါ်အခြေအနေတွင် ဆေးဝန်ထမ်းလည်းမရှိ ဖြစ်နေပါက အခြေအနေကို ထိန်းထားနိုင်ရန် ဖြစ်သည်။ သမ္မတ၏ ကုန်းလမ်းခရီး မှန်သမျှကို လမ်းကြောင်းရေးဆွဲရာတွင် လမ်းကြောင်းသည် ဆေးရုံ၊ ဆေးခန်းနှင့် ဆယ်မိနစ်ခရီးထက် ပိုမဝေးစေရန် ရေးဆွဲရသည်။ နှလုံးရပ်ခြင်း၊ သေနတ်ဒဏ်ရာ၊ အရိုးကျိုးခြင်း စသည်ဖြင့် အခြေအနေ ဆိုးရွားသွားစေရန် ပြုစုနည်းကို သင်ယူကြရသည်။

the bookhouse
we bring your latest

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ထောက်လှမ်းရေးဌာန၏ သမိုင်းကြောင်းသည် သမ္မတ အီဘရာဟင် လင်ကွန်း လက်ထက်မှ စတင်ခဲ့သည်ဟု အဆိုရှိသည်။ အီဘရာဟင်လင်ကွန်း လုပ်ကြံခံရသည့်နေ့တွင် လျှို့ဝှက်ထောက်လှမ်းရေး ဥပဒေကြမ်းသည် လက်မှတ်မရေးထိုးရသေးဘဲ သူ့စားပွဲပေါ်တွင် ရှိနေခဲ့သည်။ ထိုစဉ်ကာလ၌ အမေရိကန်ပြည်တွင် လှည့်ပတ်သုံးစွဲနေသော ငွေစက္ကူသုံးပုံတစ်ပုံသည် အတုများဖြစ်သည်။ ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်တွင် ထောက်လှမ်းရေး အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းထားရှိကာ ငွေစက္ကူအပါအဝင် ငွေကြေးဆိုင်ရာစာချုပ်စာတမ်းများ အတုပြုလုပ်နေခြင်းကို နှိမ်နင်းရန် သမ္မတလင်ကွန်းက စိတ်ကူးခဲ့သည်။

ထိုအချိန်မှစလျက် ထောက်လှမ်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ ပိုမိုကျယ်ပြန့်လာသည်။ ၁၉၀၈ ခုနှစ်တွင် ထောက်လှမ်းရေးအဖွဲ့မှ အေးဂျင့် ကိုးဦး ကို ရှေ့နေချုပ်လက်အောက်တွင် ထားရှိကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးခြင်းကို စတင်ဆောင်ရွက်ခဲ့သည်။ ဤသည်မှာ အက်ဖ်ဘီအိုင်အဖွဲ့၏ ကနဦးအစပင်ဖြစ်သည်။ အစိုးရငွေတိုက်စာချုပ်အတုလုပ်ခြင်း၊ အကြွေးဝယ်ကတ် လိမ်လည်ခြင်း၊ ကွန်ပြူတာအသုံးပြုလျက် ကျူးလွန်သော ပြစ်မှုများကို ယခုအခါ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့က တာဝန်ယူစုံစမ်းနေပါပြီ။

၁၉၀၁ ခုနှစ်တွင် သမ္မတ 'ဝီလျံမက်ကင်းလေး' (William Mckinley) လုပ်ကြံသတ်ဖြတ်ခံရသည်။ ၃၆ နှစ်အတွင်း တတိယမြောက်လုပ်ကြံခံရသော သမ္မတ ဖြစ်သည်။ အကျိုးဆက်အနေဖြင့် သမ္မတကို အကာအကွယ်ပေးရန် ထောက်လှမ်းရေးအဖွဲ့အား ကွန်ဂရက်က ညွှန်ကြားတော့သည်။ နောက်ပိုင်းတွင် သမ္မတ သာမကဘဲ ဒုတိယသမ္မတ၊ သမ္မတဟောင်းများ၊ ယင်းတို့၏ မိသားစုဝင်များနှင့် အစိုးရ ဧည့်သည်တော်များ၏ လုံခြုံရေးကို ထောက်လှမ်းရေးအဖွဲ့က တာဝန်ယူလာရတော့သည်။

၁၉၆၈ ခုနှစ်တွင် သမ္မတလောင်း ရောဘတ်ကနေဒီသည် မဲဆွယ်ပွဲကာလ၌ လုပ်ကြံခံရသဖြင့် သမ္မတလောင်းများကိုပါ ကာကွယ်ရန် တာဝန် ယူလာရသည်။ နောက်ပိုင်းတွင် အကာအကွယ်ပေးရမည့် လူပိုမို များပြားလာသည်။ သမ္မတက ညွှန်ကြားသည့် အကာအကွယ်ပေးရန် ပုဂ္ဂိုလ်များကို ကာကွယ်စောင့်ရှောက်ပေးရသည်။ ယင်းတို့အထဲတွင် နိုင်ငံတော် လုံခြုံရေးကောင်စီ အကြံပေးအရာရှိ၊ သမ္မတရုံး ရုံးအဖွဲ့မှူးနှင့် ဝန်ကြီးအချို့လည်း ပါဝင်လာသည်။လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့သည် အမေရိကန် လွတ်လပ်ရေး ကြေညာစာတမ်းနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေတို့ကို ကာကွယ်ရန် တာဝန် ပေးအပ်ခံရသည်။

မိုနာလီဇာ ပန်းချီကားကို ၁၉၆၂ ခုနှစ် မှ ၁၉၆၃ ခုနှစ်အထိ အမေရိကန်၌ လာရောက်ပြသထားစဉ်တွင် ပန်းချီကား၏ လုံခြုံရေးကို ထောက်လှမ်းရေးအဖွဲ့က တာဝန်ယူပေးခဲ့ရသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေးဌာနအနေဖြင့် သမ္မတနှင့် ဒုသမ္မတတို့အား ကာကွယ်စောင့်ရှောက်ပေးရခြင်းမှာ အမိန့်အရ တာဝန်ထမ်းဆောင်ခြင်းသာ ဖြစ်သည်။ ယင်းသို့ ကာကွယ်စောင့်ရှောက်ခြင်းကို သမ္မတက သော်လည်းကောင်း၊ ဒုတိယ သမ္မတက သော်လည်းကောင်း ငြင်းပယ်ခွင့် မရှိပေ။ သို့သော် ကာကွယ်စောင့်ရှောက်ခံ ပုဂ္ဂိုလ်၏ဆန္ဒရှိသလောက်သာ အေးဂျင့်များက ဆောင်ရွက်နိုင်ကြပါသည်။ တစ်ခါတစ်ရံ သမ္မတ ရုံးအဖွဲ့ဝန်ထမ်းများ၏ ဆန္ဒအတိုင်းသာ ဆောင်ရွက်ရသည်။

သမ္မတ ရီဂင် ၁၉၈၆ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မိန့်ခွန်းပြောသော အစီအစဉ်၌ သမ္မတသည် မိန့်ခွန်းပြောပြီးသည့်အခါ အမေရိကန်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ သွားထိုင်ကာ အစည်းအဝေးကို ဆက်လက် နားထောင်စေရန် ရုံးအဖွဲ့က လိုလားသည်။ သမ္မတကြီး အထွေထွေညီလာခံတက်နေသည်ကို မီဒီယာများတွင်ပါစေချင်ကြသည်။ လုံခြုံရေးရှုထောင့်မှဆိုလျှင် ထိုသို့ထိုင်နေရန် မသင့်ဟု ကျွန်တော်ကယူဆသည်။

ညီလာခံခန်းမ အတွင်းရှိနေကြသူများကို အေးဂျင့်များက ထိန်းချုပ်နိုင်သည့် အနေအထားတွင် မရှိ။ အမေရိကန်က လစ်ဗျားကို ဗုံးကြဲခဲ့သည်မှာလည်း ငါးလပင် မကြာသေး။ ထိုသို့ ဗုံးကြဲရန် ရီဂင်က အမိန့်ပေးခဲ့သည်။ အမေရိကန်ကိုယ်စားလှယ်အဖွဲ့ရထားသည့်နေရာမှာ လစ်ဗျားကိုယ်စားလှယ်အဖွဲ့၏ ရှေ့တည့်တည့်တွင် ဖြစ်နေသည်။ ရုံးအဖွဲ့နှင့် ထောက်လှမ်းရေးအဖွဲ့တို့ အမြင်ချင်းမတူကြသဖြင့် အချေအတင်ဖြစ်လာသည်။ နောက်ဆုံးတွင် သမ္မတကြီး၏ အဆုံးအဖြတ်ကို ခံယူရန် အနေအထားသို့ရောက်လာရတော့သည်။

ကျွန်တော်နှင့် ရှေ့ပြေးအဖွဲ့တာဝန်ခံ 'ဘီလ်ဟန်ကဲလ်' (Bill Henkel) တို့သည် ဘဲဥပုံရုံးခန်းတံခါးဝတွင် သမ္မတကြီး အားလပ်မည့်အချိန်ကို သွားရောက်စောင့်ဆိုင်းခဲ့ကြသည်။ အစည်းအဝေးတစ်ခုအပြီးတွင် ကျွန်တော်တို့နှစ်ဦးသား ဝင်သွားကြသည်။ ဒုတိယသမ္မတ ဘွတ်ရှ်နှင့် ရုံးအဖွဲ့မှူးတို့သည် အခန်းထဲတွင် ရှိနေကြသည်။ ကျွန်တော်တို့အား မျှော်လင့်မထားသဖြင့် သမ္မတကြီးက အံ့သြသွားပြီး…

"ဘာကိစ္စလဲကွ"

"လုံခြုံရေးကိစ္စပါ သမ္မတကြီး"

"ဆိုပါဦး"

ဟန်ကဲလ်က အခြေအနေကို ရှင်းပြပြီး ကျွန်တော်က " ညီလာခံခန်းမထဲမှာ ရှိနေကြတဲ့လူတွေ အားလုံးဟာ သံတမန်ကင်းလွတ်ခွင့်ရထားတဲ့ လူတွေဖြစ်တော့ ခန်းမထဲကို သူတို့ ဘာယူလာတယ်ဆိုတာ စစ်ဆေးလို့ မရပါဘူး ဒီထက်ဆိုးတာက သမ္မတကြီးဟာ လစ်ဗျား ကိုယ်စားလှယ်အဖွဲ့ ရှေ့တည့်တည့်မှာ ကျောပေးပြီးထိုင်ရပါမယ်"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သမ္မတကြီးက ပခုံးတွန့်ပြီး "ဒီလိုဆိုရင်တော့ ဘွတ်ရှိ သွားတက်ရင်ကောင်းလိမ့်မယ်" ဟု နောက်ပြောင်သည်။

"ကျွန်တော့် ကျောကုန်းမှာ စက်ဝိုင်းကြီးကြီးရေးပြီး သွားထိုင်ပါ့မယ်"ဟု ဒုတိယသမ္မတက ပြန်နောက်သည်။

သမ္မတက ကျွန်တော် အကြံပေးသည့်အတိုင်း အမေရိကန်ကိုယ်စားလှယ်အဖွဲ့နှင့် သွား မထိုင်ဟု ဆုံးဖြတ်ပေးလိုက်သည်။

အစောင့်များ၏ တာဝန်သည် သမ္မတ၏ အသက်လုံခြုံမှုအတွက် လူသားတစ်ယောက်အနေဖြင့် ရှိနိုင်သော ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် အကာအကွယ်ပေးရန်ဖြစ်သည်။ ယင်းသို့ အကာအကွယ်ပေးနေစဉ် မိမိအသက်ကို စွန့်လွှတ်ရမည့် အခြေအနေမျိုးနှင့်လည်း ကြုံကြိုက်လာနိုင်သည်။

ပြင်ပတွင် သမ္မတသွားလာလှုပ်ရှားသည့်အခါ လုံခြုံရေး စည်း သုံးစည်း ချမှတ်ဆောင်ရွက်သည်။ အပြင်ဆုံး စည်းသည် အများက မြင်သာထင်သာသော စည်းဖြစ်သည်။ လမ်းပေါ်တွင် အရံအတားများ ချထားပြီး ထိုအရံအတားများတွင် ရဲအစောင့်များဖြင့် လူထုပရိသတ်ကို သမ္မတအား အန္တရာယ်မပြုနိုင်သော အကွာအဝေးတွင် ထိန်းထားရန်ဖြစ်သည်။ အပြင်စည်းနှင့် ကပ်လျက်သားတွင် လုံခြုံရေး အလယ်စည်းရှိသည်။ အလယ်စည်းတွင် အစောင့်နှင့် ရဲများ ပူးတွဲတာဝန် ချထားသည်။

တံခါးပေါက်၊ အဆောက်အဦအတွင်း စင်္ကြံလမ်းနှင့် ခေါင်မိုးပေါ်တွင် သူတို့ကို မြင်မြင်ထင်ထင် တာဝန်ချထားရသည်။ အပြင်စည်းကို ဖောက်ဝင်လာသူရှိပါက အလယ်စည်းက တားဆီးနိုင်ရန် ဖြစ်သည်။ အဆောက်အဦ ဝတ်ပတ်လည်တွင် "တန်ပြန်ချေမှုန်းရေးအဖွဲ့" ( Counter Assult Team – CAT) ကို ချထားသည်။ ထိုအဖွဲ့တွင် လက်နက်အပြည့်အစုံ တပ်ဆင်ထားသည်။

အတွင်းလုံခြုံရေးစည်း (သို့မဟုတ်) အနီးကပ်လုံခြုံရေးစည်းတွင် သမ္မတကို ဝန်းရံလိုက်ပါလာသော အစောင့်များ ပါဝင်သည်။ အပြင်နှင့်အလယ် လုံခြုံရေးစည်းကို ဖောက်ဝင်လာသူကို တားဆီးမည့် လုံခြုံရေးအရံအတားဖြစ်သည်။ သမ္မတသည် အိမ်ဖြူတော်ပြင်ပတွင် မည်သည့်ဆောင်ရွက်မှုကို ပြုနေသည်ဖြစ်စေ··· ထိုလုံခြုံရေး စည်းသုံးစည်း ကို အမြဲချထားပေးသည်။

အတွင်းစည်းတွင် လုံခြုံမှု အငွေ့အသက်တို့လွှမ်းခြုံထားနိုင်ရန် ကြိုးပမ်းကြရသည်။ စင်္ကြံတစ်လျှောက်တွင် ရှိသင့်သူများ ရှိမနေစေရ။ အမှိုက်ပုံး စသည့်ပစ္စည်းများကို အသေအချာ စစ်ဆေးထားရသည်။ အသေးစိတ် စီစဉ်နိုင်လေလေ သမ္မတအတွက် လုံခြုံစိတ်ချရလေလေဖြစ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပွားခဲ့သော လုပ်ကြံမှုများ၊ ကြိုးပမ်းမှုများတွင် ကျူးလွန်သူသည် မည်သို့ ကြံစည်ဆောင်ရွက်သည်ကို ခွဲခြမ်းစိတ်ဖြာ လေ့လာထားရသည်။ အဆိုတော် ဂျွန်လီနွန်၊ အင်ဒီရာဂန္ဒီ၊ ဘင်နစ်ဇီအကွီနို၊ အန်နဝါဆဒတ်တို့အား လုပ်ကြံသတ်ဖြတ်မှုတို့ကို အေးဂျင့်များ အသေးစိတ် လေ့လာထားကြရသည်။

မည်သို့ဖြစ်ပျက်ခဲ့သည် ယင်းသို့ မဖြစ်ပျက်စေရန် မည်သည့်နည်းလမ်းများဖြင့် ကာကွယ်နိုင်သည်ကို စစ်တမ်းထုတ်ရသည်။ ကျူးလွန်သူ၏ အားသာချက်၊ အားနည်းချက် လုံခြုံရေးတပ်ဖွဲ့များ၏ အားနည်းချက်၊ အားသာချက်တို့ကို ထပ်ခါတလဲလဲ သုံးသပ်ကြရသည်။ သမ္မတကနေဒီ လုပ်ကြံခံရမှုကို အကြိမ်ပေါင်းများစွာ ပြန်လှန်သုံးသပ်ကြရသည်။ ကနေဒီ လုပ်ကြံခံရမှုမှ သီဝရီအမျိုးမျိုးထွက်လာသည်။ ထိုသီဝရီများ၏ ဖြစ်နိုင်ခြေကို ချင့်တွက်ကြရသည်။ သီဝရီများနှင့် အနုမာန ယူဆချက်များက မည်သို့ပင်ဆိုသည်ဖြစ်စေ… သမ္မတ ကနေဒီကို လုပ်ကြံသတ်ဖြတ်သူမှာ အော့စ်ဝဲလ် ပင်ဖြစ်သည်ဟု ကျွန်တော် က ယုံကြည်သည်။ အော့စ်ဝဲလ် တစ်ယောက်တည်း ဤလုပ်ကြံမှုကို အကောင်အထည် မဖော်နိုင်ဟု ယုံကြည်သူ အများအပြားရှိခဲ့သည်။

ကနေဒီ စီးနင်းလိုက်ပါသော မော်တော်ယာဉ်တွင် အမိုးအရှင် တပ်ဆင်နိုင်ပါသော်လည်း ရာသီဥတု သာယာသောနေ့ ဖြစ်သဖြင့် အမိုး မတပ်ဆင်ရန် သမ္မတက ညွှန်ကြားခဲ့သည်ဟုဆိုသည်။ ကားနောက်မြီးတွင် အေးဂျင့်များ မတ်တတ်ရပ်လိုက်ပါနိုင်သော ခြေနင်းခုံပါသော်လည်း ယင်းသို့ မလိုက်ပါရန် သမ္မတကပင် ညွှန်ကြားခဲ့သည်။ ထို့ပြင် သမ္မတယာဉ်တန်း၏ ခရီးစဉ်ကို လူသိရှင်ကြား ကြေညာထားသဖြင့် အော့စ်ဝဲလ်သည် ကြိုတင်ကြံစည်နိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုးရွားဆုံး အမှားမှာ လမ်းကြောတစ်လျှောက်ရှိ အဆောက်အဦများကို မစစ်ဆေးခဲ့ခြင်းပင်ဖြစ်သည်။ အော့စ်ဝဲလ် နေရာယူခဲ့သော အဆောက်အဦသည် မြင်ကွင်းအကောင်းဆုံးနေရာဖြစ်သည့်အပြင် ယာဉ်တန်းနှင့် အနီးကပ်ဆုံးနေရာလည်း ဖြစ်သည်။ ထိုအချက်ကို အေးဂျင့်များက သတိမထားမိခဲ့ကြ။

ဤအဖြစ်အပျက်၏ သင်ခန်းစာမှာ ဆွေးနွေးညှိနှိုင်းရန် ပျက်ကွက်ခဲ့ခြင်းဟု ကျွန်တော် ယူဆသည်။ အမိုးအရှင်ကို တပ်ဆင်ရန်နှင့် အေးဂျင့်များ နောက်မြီးတွင် လိုက်ပါခွင့်ပြုရန် တာဝန်ခံအေးဂျင့်က သမ္မတအား ဖိအားပေး ဆွေးနွေးသင့်သည်ဟုယူဆသည်။ အမြင့်ဆုံး အာဏာပိုင်ဖြစ်သည့် သမ္မတအား ဖိအားပေးဆွေးနွေးရန် ဆိုသည်မှာ လွယ်လှသည် တော့မဟုတ်။

တစ်စုံတစ်ခု ဖြစ်ပွားခဲ့သည်ဆိုပါက ‘ငါ ဖိအားပေး မဆွေးနွေးခဲ့လို့ ဖြစ်ရတာ’ဟူသော နောင်တကို ကျွန်တော် မရလိုပေ။ သမ္မတနှင့် နိုင်ငံခြားခရီးစဉ် လိုက်ပါသည့်အခါများတွင် အိမ်ရှင်နိုင်ငံ လုံခြုံရေးအဖွဲ့များနှင့် ဆွေးနွေးရသည်မှာ တစ်ဒုက္ခဖြစ်သည်။ သူတို့က “စိတ်ချပါ ကျွန်တော်တို့တာဝန်ယူပါ့မယ်”ဟု အာမခံတတ်သည်။ သို့သော် တစ်စုံတစ်ခု

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပွားခဲ့ပါက ကွန်ဂရက်နှင့် အမေရိကန်ပြည်သူများက လျှို့ဝှက်ထောက်လှမ်းရေးဌာနကို အပြစ်တင်ပေမည်။ ကျွန်တော်တို့ချမှတ်ထားသည့် လုံခြုံရေးအစီအမံများသည် စျေးဆစ်နိုင်သည့်၊ လျှော့ပေါ့ပေးနိုင်သည့် အစီအမံများ မဟုတ်သည်ကို တစ်ဖက်အား ပြတ်ပြတ်သားသား အသိပေးထားရသည်။

ကိုယ်ရံတော် အေးဂျင့်များသည် ပစ်ခတ်တိုက်ခိုက်လာသည်ကို ကာကွယ်ရန် သက်သက်မဟုတ်၊ တိုက်ခိုက်လာနိုင်သည့် အခွင့်အလမ်းများကို ကြိုတင်ပိတ်ဆို့တားဆီးရပေမည်။ သမ္မတလောင်း ရောဘတ်ကနေဒီ လုပ်ကြံခံရစဉ်က ကိုယ်ရံတော်မှာ နာမည်ကြီး ရပ်ဘီ ဘောလုံးသမား 'ရိုဆီဂရီယာ' ဖြစ်သည်။

သူ၏တာဝန်မှာ စိတ်အားထက်သန်နေသော ထောက်ခံသူပရိသတ်အား ထိန်းရန်သာဖြစ်သည်။ သူသည် အေးဂျင့်မဟုတ်။ အကယ်၍ ရောဘတ်ကနေဒီ၏ ကိုယ်ရံတော်သည် လေ့ကျင့်ထားသော အေးဂျင့်သာဖြစ်ပါက လုပ်ကြံသူသည် ဤမျှ လွယ်လွယ်ကူကူ သတ်ဖြတ်နိုင်မည် မဟုတ်ပေ။

လူမည်းခေါင်းဆောင် ဒေါက်တာ မာတင်လူသာကင်းသည် ၁၉၆၈ ခု၊ ဧပြီလ ၄ ရက်နေ့တွင် မင်းဖစ်ရှိ ဟိုတယ် လသာဆောင်တွင် ချောင်းမြောင်းပစ်ခတ် လုပ်ကြံခံခဲ့ရသည်။ ထိုစဉ်က မျက်နှာချင်းဆိုင်ရှိ ပြတင်းပေါက်များကို စောင့်ကြည့်စစ်ဆေးမည့်သူမရှိ။ အေးဂျင့်များ ရှိနေပါက လသာဆောင်မှတစ်ဆင့် ဝင်ထွက်ရသော ဟိုတယ်ပထမအထပ်ကို ရွေးချယ်မည်မဟုတ်။ ထိုအစား မြေညီထပ်ကိုသာ ရွေးချယ်ပေလိမ့်မည်။

၁၉၈၁ ခု၊ မေလ ၁၃ ရက်နေ့တွင် စိန့်ပီတာရင်ပြင်၌ ဒုတိယမြောက် ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် တိုက်ခိုက်ခံရသည်။ သေနတ်သမားသည် ထောင်ပေါင်းများစွာသော ဝတ်ပြုပရိသတ်နှင့်အတူ ရောနှောနေလျက် ပုပ်ရဟန်းမင်းကြီးအနီးသို့ ကပ်လာပြီး အချက်များစွာ ပစ်ခတ်ခြင်းဖြစ်သည်။ သက်တော်စောင့် အများအပြား ပုပ်ရဟန်းမင်းကြီးအနီးတွင် ရှိနေခဲ့သည်။ အနီးကပ်လုံခြုံရေးရှိသော်လည်း တင်းကျပ်သော အပြင်လုံခြုံရေးစည်းများ မရှိသဖြင့် သေနတ်သမားက အလွယ်တကူ ချဉ်းကပ်လာနိုင်ခြင်းဖြစ်သည်။

၁၉၇၂ခုနှစ်၊ မေလတွင် အယ်လာဘားမား ဂါဗနာ 'ဂျော့ချ်ဝါလေ့စ်' သေနတ်ဖြင့် ပစ်ခတ်ခံရသည်။ ဝါလေ့စ်သည် သမ္မတလောင်းမဲဆွယ်ပွဲတွင် မိန့်ခွန်းပြောအပြီး စင်မြင့်မှ ဆင်းလာကာ ပရိသတ်များကို လက်ဆွဲနှုတ်ဆက်နေစဉ် သေနတ်သမားက ပရိသတ်အတွင်းမှ ထွက်လာပြီး ဒသမ ၃၅ ပြောင်းတိုဖြင့် ငါးချက်ပစ်လိုက်ခြင်းဖြစ်သည်။ ဝါလေ့စ်သည် သေနတ်ဒဏ်ရာကြောင့် မသန်မစွမ်းဘဝနှင့် တစ်သက်လုံးနေသွားခဲ့ရသည်။

သေနတ်သမား 'အာသာ ဘရင်မာ' (Arthur Bremer) က စတင်ပစ်ခတ်သည်နှင့် အေးဂျင့်များက သူ့အား ခုန်အုပ်သည်။ သေနတ်တစ်ချက်သည် အေးဂျင့် 'နစ်ဇာဗို့စ်' ၏ (Nick Zavos) လည်ပင်းကို ထိမှန်ခဲ့သည်။ ဘရင်မာ၏

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ယာရီတွင် သမ္မတနစ်ဆင်အား လုပ်ကြံရန် ကြိုးစားခဲ့သော်လည်း အေးဂျင့်များကြောင့် သမ္မတအနီးသို့ မကပ်နိုင်ဖြစ်ရကြောင်း ရေးသားထားခဲ့သည်။

သမ္မတအား လုပ်ကြံရန် ကြိုးစားကြသူ မည်မျှရှိမည်ကိုလည်းကောင်း၊ ယင်းသို့ ကြိုးစားရာတွင် အေးဂျင့်များ ဝိုင်းရံထားသဖြင့် သမ္မတအနားသို့ မကပ်နိုင်ဘဲ လက်လျှော့သွားရမှု မည်မျှရှိသည်ကို လည်းကောင်း ကျွန်တော်တို့ မသိနိုင်။

သမ္မတ 'ဂျယ်ရယ်ဖို့ဒ်' (Geral Ford) ကိုလည်း လုပ်ကြံဖို့ ကြိုးစားခဲ့ကြသည်။ ပထမတစ်ကြိမ်သည် ၁၉၇၅ခု၊ စက်တင်ဘာလ ၅ရက်နေ့တွင် ဖြစ်သည်။ အစုအပြုံလိုက် လူသတ်သမား 'ချားလ်မန်စန်' (Charles Manson) ၏ တပည့်တစ်ဦးဖြစ်သော 'လင်းနက်ပရွမ်း' (Lynette Promme)သည် ဝန်းပတ်ကာရံထားသော လုံခြုံရေးကြိုးတန်း အနီးသို့ ချဉ်းကပ်ရောက်ရှိလာပြီး ကုတ်အင်္ကျီအိတ်ထဲမှ ဒသမ ၄၅ ဗို့ကို ဆွဲထုတ်ကာ သမ္မတအား ချိန်ရွယ်လိုက်စဉ် အေးဂျင့် 'လာရီဘူးဒေါ့' (Larry Buendorf)က လင်းနက်၏ ရှေ့တည့်တည့်တွင် ရောက်နေခဲ့သည်။ သူ့လက်မကို သေနတ်၏ မောင်းရိုက်တံနှင့် ကျည်ဆန်အကြား ထိုးသွင်းထားလိုက်သည်။ လင်းနက်သည် မောင်းဖြုတ်လိုက်သော်လည်း ကျည်က ထွက်မလာတော့။ အနီးအနားရှိ အေးဂျင့်များ ရောက်လာချိန်တွင် သူက လင်းနက်အား မြေကြီးပေါ်သို့ ဆွဲလှဲချပြီး ဖြစ်သည်။

ထိုအချိန်တွင် သမ္မတအား အေးဂျင့်များက မော်တော်ယာဉ်ပေါ်တင်လျက် ထွက်ခွာသွားစေသည်။ လင်းနက်သည် သေနတ်နှင့်အတူ သမ္မတအနီးသို့ ချဉ်းကပ်လာနိုင်ခြင်းမှာ ပရိသတ်အား အေးဂျင့်များက မစစ်ဆေးနိုင်ခြင်းကြောင့် ဖြစ်သည်။ ခရီးသွားဟန်လွှဲရောက်လာသော၊ လမ်းကြုံ၍ သမ္မတအား လာရောက်နှုတ်ဆက်သောသူများကို စစ်ဆေးရန် မဖြစ်နိုင်ချေ။

ယင်းသို့ ဖြစ်ပျက်ပြီး ၁၇ ရက်အကြာတွင် သမ္မတ ဂျယ်ရယ်ဖို့ဒ် နောက်တစ်ကြိမ် အပစ်ခံရပြန်သည်။ ဆန်ဖရန်စစ္စကိုမြို့ စိန့်ဖရန်စစ်ဟိုတယ်မှ အထွက် လမ်းတစ်ဖက်မှ လှမ်းပစ်ခြင်းဖြစ်သည်။ သမ္မတကို မထိမှန်ဘဲ ကျည်ဆန်က ဟိုတယ်နံရံတွင် မြုပ်ဝင်သွားသည်။ ပစ်သူမှာ 'ဆာရာဂျိမ်းမိုး' ဖြစ်သည်။

ဆာရာသည် သမ္မတထံ ခြိမ်းခြောက်စာ ရေးထားသူဖြစ်သဖြင့် ပစ်ခတ်မှုမဖြစ်ပွားမီ တစ်နေ့က သူမအား အေးဂျင့်များက သွားရောက်စစ်မေးခဲ့သေးသည်။ သို့သော် သူမသည် အန္တရာယ်ပြုနိုင်သူမဟုတ်ဟု ဆုံးဖြတ်ကာ သမ္မတ ရောက်ရှိသည့်အချိန်တွင် သူမအား ထိန်းချုပ်မှု မလုပ်ခဲ့။

နောက်ရက်သတ္တပတ် အနည်းငယ်အကြာတွင် မစ်ချီဂန် တက္ကသိုလ်တွင် သမ္မတဖို့ဒ် မိန့်ခွန်းပြောကြားသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



မိန့်ခွန်းပြောကြားနေစဉ် အလှဆင်ချိတ်ဆွဲထားသော ပူဖောင်းတစ်လုံး ပေါက်သွားသည်။ ဖို့ဒ်က စကားပြောခုံ၏နောက်တွင် ဝင်ပုန်းသည် ။

အစောင့်များက သေနတ်များဆွဲထုတ်ကာ ဖို့ဒ်အား ဝိုင်းရံထားလိုက်သည်။ ဖို့ဒ်သည် သူရဲဘောကြောင်သည် ဟု သတင်းစာများက ရေးသားသည်။ ဖို့ဒ် အလွန်မဟုတ်ပေ။ ပူဖောင်းပေါက်သံသည် ၃သမ ၂၂ သေနတ်သံထက်ပင် ကျယ်လောင်သေးသည်။

၁၉၈၁ ခု၊ မတ်လ ၃၀ ရက်နေ့။ အသက်ခုနစ်ဆယ်ရှိ သမ္မတရေဂန်ရီဂင်၏ သမ္မတသက်တမ်း ရက်ပေါင်း ခုနစ်ဆယ်ပြည့်သောနေ့ဖြစ်သည်။ ဝါရှင်တန်မြို့လယ်ရှိ ဟီလ်တန်ဟိုတယ်တွင် အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များကို မိန့်ခွန်းပြောအပြီး ဟိုတယ်ဘေးပေါက်မှ ကားရှိရာသို့ အစောင့်များ ခြံရံလျက် ထွက်လာခဲ့သည်။

ထိုအချိန်မှာပင် အသက် ၂၅ နှစ်ရှိ 'ဂျွန်ဟင်ကလီ' သည် အနီးတွင် စုဝေးနေသော သတင်းထောက်များအတွင်း ရောနှောဝင်ရောက်လာခဲ့သည်။ သတင်းထောက်အုပ်စုသည် ကန့်သတ်စည်းခြားထားသော ကြိုးတန်း၏အပြင်တွင် ရှိနေကြသည်။ သမ္မတသည် ကားပေါ်တက်ခါနီး သတင်းထောက်များအား လက်ဝဲလက်ဖြင့် ဝှေ့ယမ်းနှုတ်ဆက်စဉ် ဟင်ကလီက အိတ်ထဲမှ သေနတ်ကိုထုတ်ကာ ငါးချက်ပစ်လိုက်သည်။ ၃သမ ၂၂ ကျည်ဆန်တစ်တောင့်သည် အိမ်ဖြူတော် ပြန်ကြားရေးအရာရှိ 'ဂျိမ်းစ်ဘရေဒီ' ၏ နဖူးကိုထိမှန်သည်။

နောက်တစ်တောင့်သည် ရဲအရာရှိကို ထိမှန်ပြီး၊ နောက်တစ်တောင့်မှာ သမ္မတရှေ့တွင်ဝင်ရပ်လျက် အကာ အကွယ်ပေးသော အစောင့် တင်မက္ကသီ ရင်အုံကို ဖောက်ဝင်သွားသည်။ လုပ်ရမည့်တာဝန်ကို တင်မက္ကသီက ကျေပွန်စွာ ထမ်းဆောင်လိုက်ခြင်း ဖြစ်သည်။

ပစ်ခတ်လိုက်သည့်အချိန်တွင် အစောင့်နှစ်ဦးက သမ္မတအား ကားအတွင်းဆွဲသွင်းပြီး မောင်းထွက်သွားခဲ့သည်။ ကားပေါ်တွင်ပါလာသည့် အစောင့် ဂျယ်ရီက သမ္မတ၏ တစ်ကိုယ်လုံးကို လက်ဖြင့်စမ်းလျက် သွေးထွက်နေခြင်းရှိ မရှိ စစ်ဆေးသည်။ သွေးထွက်မှုမရှိ။

သို့သော် ခဏအကြာတွင် ရီဂင်၏ ပါးစပ်မှ သွေးအမြုပ်များ ထွက်ကျလာသည်။ လေ့ကျင့်သင်ယူထားမှု အရ ထိုသွေးသည် အဆုတ် ထိခိုက်သွားပြီကို ဂျယ်ရီ သိလိုက်သည်။ အနီးရှိ ဂျော့ဝါရှင်ဆေးရုံသို့ လှမ်းအကြောင်းကြား ထာ အသင့်ပြင်ထားခိုင်းရသည်။ ဆေးရုံသို့ရောက်သွားပြီး ခွဲစိတ်ကုသမှုသည် ချောမောအောင်မြင်စွာ ပြီးမြောက်သွားခဲ့သည်။

သမ္မတရီဂင်ကို လုပ်ကြံသူ ဟင်ကလီသည် ရုပ်ရှင်မင်းသမီး ဂျိုဒီဖော့စတာကို ရူးရူးမူးမူးစွဲလမ်းသည်မှာ စိတ္တဇအဆင့်သို့ပင်ရောက်နေသည်။ ဂျိုဒီဖော့စတာ ပါဝင်သည့် (Taxi Driver) ရုပ်ရှင်တွင် အဓိကဇာတ်ဆောင်သည့်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သမ္မတလောင်း အားလုပ်ကြံသည့် ဇာတ်ကွက်ပါဝင်သည်။ ဂျူဒီဖော့စတာက သူ့အား အထင်ကြီးစေရန် ဟင်ကလီသည် သမ္မတအား လုပ်ကြံခြင်းဖြစ်ပေသည်။

၁၉၈၀ ပြည့်နှစ် နက်ဗီးလ်တွင် သမ္မတ ဂျင်မီကာတာ ရောက်နေစဉ် နက်ဗီးလ်လေဆိပ်တွင် ပြောင်းတိုသေနတ်သုံးလက်ဖြင့် ဟင်ကလီ အဖမ်းခံရဖူးသည်။ စိတ်ရောဂါသည်ဖြစ်သဖြင့် သေဒဏ်အစား ထောင်ဒဏ်တစ်သက် အပြစ်ပေးခံရသည်။ အနှစ်နှစ်ဆယ်ကျော် ကျခံပြီးသည့်အခါ ဟင်ကလီသည် ထောင်ပြင်ပသို့ထွက်၍ တစ်နေ့တာ လည်ပတ်ခွင့်ရလာသည်။ သူကဲ့သို့လူမျိုး ပြင်ပတွင် လွတ်လပ်စွာ သွားလာခွင့်ရခြင်းသည် ကျွန်တော်တို့ အေးဂျင့်များအဖို့ ဘဝင်မကျစရာ၊ စိတ်မအေးစရာ ဖြစ်လေသည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၂ ခရီးလမ်းတစ်လျှောက်

'အကယ်၍သာ'ဖြင့် အစချီသော မေးခွန်းသည် အေးဂျင့်များ တာဝန်ထမ်းဆောင်ရာတွင် အရေးပါလှသည်။ သမ္မတအနီး တာဝန်ထမ်းဆောင်နေစဉ် မကြာခဏဆိုသလို ထိုအမေးကို မေးမိသည်။ သမ္မတနှင့်အတူ စကားပြောစင်မြင့်တွင် ရှိနေစဉ်တွင်ဖြစ်စေ၊ သမ္မတနံဘေးမှကပ်လျက် လမ်းလျှောက်နေစဉ်တွင်ဖြစ်စေ ပရိသတ်ကို အစဉ်အမြဲ စူးစိုက်လေ့လာနေရသည်။

အကယ်၍ သေနတ်သံထွက်ပေါ်လာလျှင် မည်သို့တုံ့ပြန်မည်နည်း။ အကယ်၍ တစ်ခုခု ဖြစ်ပျက်လာလျှင် မည်သည့်နေရာသည် အလုံခြုံဆုံးဖြစ်မည်နည်း။ မည်သည့်လမ်းကြောင်းဖြင့် ထိုနေရာသို့ အမြန်ဆုံးရောက်အောင် သွားရမည်နည်း။ အကယ်၍ အခြေအနေများ ဆိုးရွားကုန်လျှင် ဘာလုပ်မည်နည်း။

ထိုအမေး၏ အဖြေများကို ကြိုတင်သုံးသပ်စဉ်းစားထားနိုင်သည်။ လေ့ကျင့်ထားနိုင်သည်။ ဖြစ်တန်ရာတို့ကို ပုံစံအမျိုးမျိုးဖန်တီးလျက် လေ့ကျင့်ထားရသည်။ လုံခြုံရေး အစီအမံများ ချမှတ်ရာတွင် စာရွက်ပေါ်တွင် ရိုးရှင်းသော်လည်း လက်တွေ့ဆောင်ရွက်သည့်အခါ ရှုပ်ထွေးလာတတ်သည်။ သမ္မတရုံးအဖွဲ့က ဖြစ်စေချင်သော အနေအထား၊ မီဒီယာသမားက လိုအပ်သည့် အနေအထား၊ အေးဂျင့်များ ဖြစ်စေချင်သည့် ပုံစံတို့သည် တစ်ခုနှင့်တစ်ခု ထိပ်တိုက်တွေ့တတ်လေသည်။

သုံးဦးသုံးဖလှယ်ကြားတွင် ညှိရသည်မှာ အေးဂျင့်များအဖို့ မလွယ်သောကိစ္စဖြစ်သည်။ ခရီးစဉ်မတိုင်မီ လိုအပ်ချက်များကို အပြီးညှိထားရသည်။ ရှိနေသော ပြဿနာများကို ဖြေရှင်းပြီးဖြစ်ရသလို၊ ဖြစ်လာနိုင်သော ပြဿနာများအတွက်လည်း ပြင်ဆင်ထားရသည်။ ရှေ့ပြေးအေးဂျင့်များသည် ဖြစ်တန်ရာအားလုံးအတွက် ပြင်ဆင်ထားရ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သည်။ သမ္မတကြီး သန့်စင်ခန်းသို့ သွားလိုသည်ဆိုပါက သန့်စင်ခန်းကို လုံခြုံရေး စစ်ဆေးပြီးဖြစ်နေရမည်။ သမ္မတကြီး ရုတ်တရက် အနာတရဖြစ်လျှင်၊ နာမကျန်းဖြစ်လျှင် ဆေးရုံသို့ အမြန်ဆုံးရောက်နိုင်သည့်လမ်းကြောင်းကို သိထားပြီး ဖြစ်ရမည်။ ထိုဆေးရုံသည် လမ်းတွင် တွေ့ကရာ ဆေးရုံမဟုတ်၊ သမ္မတကြီးအတွက် အသင့်ပြင်ထားရန် သတ်မှတ်ပေးထားသောဆေးရုံဖြစ်ရမည်။ ညှိနှိုင်းရေးအေးဂျင့်များကို လမ်းကြောင်းတစ်လျှောက်ရှိ သတ်မှတ်ထားသော ဆေးရုံများတွင် ချထားပြီးဖြစ်သည်။ အကယ်၍ အရေးပေါ်ဖြစ်ပျက်လာပါက ချထားသော အေးဂျင့်ကို လှမ်းဆက်သွယ်လျက် အသင့်စောင့်နေနိုင်ရန် ဖြစ်သည်။

ရှေ့ပြေးအေးဂျင့်၏ တာဝန်မှာ မူလအစီအစဉ် ရုတ်တရက် အပြောင်းအလဲ ဖြစ်သွားပါက ထိုအပြောင်းအလဲနှင့် လိုက်လျောညီထွေစွာ အမှားအယွင်းမရှိ ပြောင်းလဲလှုပ်ရှားရန် ဖြစ်သည်။

အိမ်ဖြူတော် ဒုရုံးအဖွဲ့မှူး ဒီဗာသည် ပြဿနာဖြစ်မလာမီ ကြိုမြင်တတ်သူဖြစ်သည်။ ဖြစ်ပျက်လာသည့်အခါ မည်သည့်အချက်ကို ဦးစားပေးရမည်ကို ချက်ချင်းသိသူလည်း ဖြစ်သည်။ ပိန်ပိန်ပါးပါး၊ ခပ်သွယ်သွယ်၊ ထိပ်ပြောင်နေသည့် ဒီဗာသည် ပတ်ဝန်းကျင်ကို အမြဲစူးစမ်းလေ့လာတတ်သူဖြစ်သည်။ ရော်နယ်ရီဂင် ဘာလိုချင်သည်၊ ဘာဖြစ်ချင်သည်ကို အလိုလိုသိနေသူလည်းဖြစ်သည်။

ဖြစ်ပျက်လာမှုမှန်သမျှကို ချက်ချင်းနားလည်နိုင်စွမ်းသည် သူ၏ အံ့မခန်း အရည်အချင်းပင်။ ဖြစ်ပျက်လာသမျှကို အကောင်းဘက်သို့ ဦးတည်သွားစေရန်လည်း စွမ်းဆောင်နိုင်သူ ဖြစ်သည်။ ရီဂင်ကို သမ္မတကြီးဟု မခေါ်ဘဲ 'ဂါဗနာ' ဟု ခေါ်သူ နှစ်ဦးသာရှိသည်။ ဒီဗာနှင့် ရီဂင်၏ မြင်းထိန်းတို့ဖြစ်သည်။ ယင်းသို့ ခေါ်ဝေါ်သည်ကို ရီဂင်ကလည်း သဘောကျသည်။

ဒီဗာနှင့် ရီဂင်တို့အကြား ထူးခြားလေးနက်သည့် သံယောဇဉ်ရှိသည်။ ထို့ပြင် တစ်ဦး၏အတွေးကို တစ်ဦးက သိမြင်နိုင်စွမ်းလည်း ရှိနေကြသည်။ နှစ်ကိုယ့်တစ်စိတ်ဟု ဆိုရမည်။ ဒီဗာသည် ရီဂင်အား နက်နဲစွာ နားလည်ထားသူဖြစ်သဖြင့် ရီဂင်၏ နိုင်ငံရေးပုံရိပ်ကို ကျွမ်းကျင်စွာ အရောင်တင်ပေးနိုင်သူဖြစ်သည်။ 'သမ္မတကြီး၏ တစ်နေ့တာ ပုံရိပ်လွှာ' ( Picture of the Day ) အစီအစဉ်ကို စိတ်ကူးရသူမှာ ဒီဗာပင်ဖြစ်သည်။ သမ္မတ၏ တစ်နေ့တာ လှုပ်ရှားမှုများအနက်မှ ပြည်သူများ စိတ်ဝင်စားမည့်အနေအထားကို ဓာတ်ပုံရိုက်ယူလျက် မီဒီယာများတွင် ဖော်ပြပေးသည်။

သမ္မတ ရှေ့ပြေးအဖွဲ့ တာဝန်ခံ ဘီလ်ဟန်ကဲလ်မှာမူ တစ်ဘာသာ ဖြစ်သည်။ သူသည် ဒီဗာကဲ့သို့ပင် အခြားသူများကို ဖိအားပေး အလုပ်လုပ်သူဖြစ်သည်။ ပါးနပ်သည်၊ အရှိအတိုင်းမြင်တတ်သူ ဖြစ်သော်လည်း အတ္တဆန်သည်။ စိတ်ဆတ်သည်။ သပ်သပ်ရပ်ရပ် ဝတ်စားတတ်ပြီး ဘောလုံးသမားလည်းဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်၊ အသက် ၂၉ နှစ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တွင် အိမ်ဖြူတော်သို့ရောက်လာပြီး ရွှေ့ပြောင်းအဖွဲ့ဝင်ဖြစ်လာသည်။ နှစ်နှစ်အကြာတွင် ရွှေ့ပြောင်းအဖွဲ့ခေါင်းဆောင်ဖြစ်လာသည်။ နောက်တစ်နှစ်အကြာတွင် သမ္မတ၏ အထူးလက်ထောက်အဖြစ် ရာထူးတိုးမြှင့်ခံရသည်။

ဗီယက်နမ်စစ်ပွဲ အရှိန်မြင့်နေချိန်တွင် သမ္မတနစ်ဆင်သည် သွားလေရာ စစ်ဆန့်ကျင်ရေးဆန္ဒပြသူများနှင့် ရင်ဆိုင်တိုးနေခဲ့ရသည်။ ထို့ကြောင့် ဆန္ဒပြသူများ နစ်ဆင် အနီးသို့ ရောက်မလာစေရန် ထောက်လှမ်းရေး အေးဂျင့်များက သမ္မတ၏ အခမ်းအနားများတွင် ပရိသတ်ကို ရွေးချယ်ပထုတ်ရသည်။ သားသားနားနား ဝတ်စားထားသူများကို ဝင်ခွင့်ပြုပြီး ပြဿနာရှာမည့်သူဟု ယူဆရသူ စုတ်စုတ်ပြတ်ပြတ်များကို အခမ်းအနားသို့ ဝင်ခွင့်မပေးဘဲထားသည်။ ခွဲခြားဆက်ဆံမှုဖြင့် ဟန်ကဲလ်နှင့် ထောက်လှမ်းရေးဌာနသည် ရုံးတင်တရားစွဲခံရသည်။

နစ်ဆင် လက်အောက်တွင် ကုန်သွယ်ရေး ဒုတိယဝန်ကြီးအဖြစ် နှစ်အနည်းငယ် တာဝန်ထမ်းဆောင်ပြီးနောက် ဝေါစထရိသို့ သူရောက်သွားသည်။ ၁၉၈၂ ခုနှစ်တွင် အိမ်ဖြူတော်သို့ ပြန်ရောက်လာပြီး မူလရာထူးဖြစ်သည့် သမ္မတ၏ အထူးလက်ထောက်နှင့် ရွှေ့ပြောင်းသမ္မတရုံး ညွှန်ကြားရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ သူသည် ပိုမိုပါးနပ်ပြီး လူရည်လည်လာသော်လည်း သူ၏ တုံးတိတိလေသံကတော့ ပျောက်မသွား။

၁၉၈၃ ခုနှစ်တွင် သမ္မတ ကင်းဆပ်မြို့ အထက်တန်းကျောင်းသို့ သွားရောက်သည့် ခရီးစဉ်တွင် ဟန်ကဲလ်နှင့် ကျွန်တော် ထိပ်တိုက်တွေ့ခဲ့သည်။ အမေရိကန် သမ္မတများသည် အထက်တန်းကျောင်းများသို့ သွားရောက်ရသည်ကို နှစ်ခြိုက်ကြသည်။ ကျောင်းသူကျောင်းသားများသည် သမ္မတကြီးကို အားတက်သရော ပျော်ရွှင်မြူးတူးစွာ ကြိုဆိုလေ့ရှိကြသဖြင့် မီဒီယာအတွက်လည်း ပြကွက်ကောင်းများ ဖြစ်သည်။

အထက်တန်းကျောင်း အားကစားရုံ အလယ်တွင် အေးဂျင့်များ နေရာယူပြီးသည့်အချိန်တွင် ဟန်ကဲလ်က ကျောင်းသားများကို သမ္မတ၏အနောက်တွင် နေရာယူစေရန် ခေါ်သွင်းလာသည်။ ကျွန်တော်က သူ့အား " ဒီလိုလုပ်လို့ မဖြစ်ဘူး။ သမ္မတရှေ့ မှာ ပရိသတ်ရှိနေတယ်။ နောက်မှာ ကျောင်းသားတွေက ပိတ်နေရင် ညှပ်ပူးညှပ်ပိတ်ဖြစ်ပြီး ထွက်လမ်းပိတ်နေလိမ့်မယ်။ အရေးအကြောင်းဆိုရင် ပြေးပေါက်ပိတ်နေလိမ့်မယ်"ဟု ပြောရာ သူက ဒေါသတကြီးဖြင့် "ကျုပ်တို့ လုပ်ချင်တာလုပ်မယ်" ဟု အစချီကာ အော်ဟစ်နေခဲ့သည်။

ကျွန်တော်က မင်းပရိသတ်ရှေ့တွင် ခွန်းကြီးခွန်းငယ် မဖြစ်လိုသဖြင့် သူ့အား နှစ်ယောက်ချင်းစကားပြောရန် ခေါ်ထုတ်လိုက်သည်။ သူ့အပြုအမူသည် မလျော်ကန်ကြောင်း၊ ထို့ကြောင့် သူနှင့် အလုပ်လုပ်ရန် မဖြစ်နိုင်ကြောင်း သူ့အား တိုးတိတ်ညင်သာစွာ ပြောရသည်။ ထိုအခါ သူက "ကလေးတွေ ဝတ်ထားတဲ့ ရောင်စုံအဝတ်အစားတွေကြားထဲမှာ သမ္မတ ဓာတ်ပုံကို ပါစေချင်တာပါ" ဟု ဆိုသည်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ဆိုလျှင် ကျောင်းဘင်ခရာအဖွဲ့ကို သမ္မတ၏ရှေ့တွင် ထားလိုက်ခြင်းဖြင့် ဘင်ခရာအဖွဲ့ တောက်ပသော ရောင်စုံယူနီဖောင်းများအကြားတွင် သမ္မတ၏ပုံကို ရိုက်နိုင်ကြောင်း အကြံပြုလိုက်ရသည်။ ထိုအကြံကို သူက လက်ခံခဲ့ပါသည်။

သမ္မတ၏ ကမ္ဘာအနှံ့ခရီးစဉ်များတွင် သူနှင့်ကျွန်တော် အတူလက်တွဲလုပ်ကိုင်ခဲ့ရသည်။ ကျွန်တော်နှင့်သူသည် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေမည့်အစား ညှိညှိနှိုင်းနှိုင်းလုပ်ကိုင်နိုင်ကြောင်းကို သူ့အား အထက်တန်းကျောင်း အဖြစ်အပျက်အားဖြင့် သက်သေပြခဲ့သည်။ သမ္မတသည် နိုင်ငံရေးသမားဖြစ်သဖြင့် လူများနှင့် ဖြစ်နိုင်သမျှ ရောနှောရန် လိုအပ်သည်။ အေးဂျင့်များသည် သမ္မတကို အကာအကွယ်ပေးရသူများဖြစ်သဖြင့် သမ္မတအား ပရိသတ်နှင့် ဖြစ်နိုင်သမျှ ဝေးဝေးနေစေလိုသည်။ နိုင်ငံရေးနှင့် လုံခြုံရေးသည် အစဉ်လို ဝိရောဓိ ဖြစ်နေတတ်ပေသည်။

သမ္မတအား ပရိသတ် အမြင်တင့်တယ်စေရန်၊ စိတ်ဝင်စားစေရန် အိမ်ဖြူတော် လက်ထောက်တို့က အမြဲစဉ်းစားနေကြသလို၊ သမ္မတ လုံခြုံရေးအတွက် အေးဂျင့်များက တစ်ရုံမလပ် စဉ်းစားနေကြရသည်။ သမ္မတ၏ ဓာတ်ပုံကောင်းကောင်းကို မီဒီယာများတွင် ဖော်ပြနိုင်ရန် လက်ထောက်များက စဉ်းစားသည့်အခါ မကြာခဏဆိုသလို မလုပ်အပ်သော စွန့်စားမှုများကို လုပ်မိတတ်ကြသည်။ ၂၀၀၃ ခုနှစ်တွင် သမ္မတ ဂျော့ရှ် ဒဗလျူဘွတ်ရှ်က လေယာဉ်တင်သင်္ဘောပေါ်သို့ လေယာဉ်ဖြင့် ဆင်းသက်သည့် လုပ်ရပ်မှာ အလွန်အန္တရာယ်များသော စွန့်စားမှုဖြစ်သည်။

လက်ထောက်များက သမ္မတအား ပြုလုပ်စေလိုသော ကိစ္စများတွင် အေးဂျင့်များ စိတ်တိုင်းကျ စီမံနိုင်မည်ဆိုပါက ပြဿနာ မရှိနိုင်ပေ။ အကျိုးဆက်ကို အိမ်ဖြူတော်လက်ထောက်များက ကြိုတင်သိနားလည်ထားရန် လိုအပ်သည်။

သမ္မတအား ဘရွတ်ကလင်း တံတားကို ဖြတ်လျှောက်စေမည်ဆိုပါက ယင်းသို့ မလျှောက်မီ ခြောက်နာရီအလိုတွင် တံတားပေါ်တွင် ဖြတ်သန်းသွားလာမှုများကို ပိတ်ထားရမည်။ တံတားထိပ်နှစ်ဖက်ရှိ အဆောက်အအုံ ပြတင်းပေါက်များကို ပိတ်ထားစေရမည်။ ထိုအတွက် ရဲ ရာပေါင်းများစွာကို အသုံးပြုရမည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် ဝေဖန်မှုများစွာကို ရင်ဆိုင်ရဖွယ်ရာ ရှိသည်။ ထိုသို့ဖြစ်ပေါ်လာမည့် အကျိုးဆက်ကို နားလည်သည့်တိုင် လုပ်ဆောင်လိုသည်ဆိုပါက လုပ်နိုင်ပေသည်။ ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို ရှင်းပြသည့်အခါ အိမ်ဖြူတော် လက်ထောက်များသည် သူတို့၏ အစီအစဉ်ကို ရုပ်သိမ်းသွားတတ်ကြသည်။

ကင်းဆပ်အထက်တန်းကျောင်းတွင် ကျွန်တော်နှင့် ဟန်ကဲလ်တို့ အချေအတင် ဖြစ်ခဲ့ကြပြီးနောက် သူ့နည်းကိုယ့်နည်းဖြင့် အလုပ်လုပ်ကြခြင်းသည် အကောင်းဆုံးဖြစ်သည်ကို ဟန်ကဲလ် သဘောပေါက်သွားတော့သည်။ ၁၉၈၃ခုနှစ်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဦးပေါက် ပစိဖိတ်ဒေသ သမ္မတ၏ခရီးစဉ်တွင် သူနဲ့ ပူးတွဲအလုပ်လုပ်ရပြန်သည်။ သမ္မတ ခရီးစဉ် မစတင်မီ နှစ်လခွဲအလိုတွင် ခရီးစဉ်၌ အကျုံးဝင်သည့် ဂျပန်နှင့် ကိုးရီးယားသို့ ကျွန်တော်တို့ သုံးကြိမ်သွားရောက်ကာ လေ့လာစစ်ဆေးမှုများ ပြုလုပ်ရသည်။

ရှေ့ပြေးလေ့လာရေးအဖွဲ့တွင် ဟန်ကဲလ်၊ မိုက်ဒီဗာ၊ လက်ထောက်ပြန်ကြားရေးအရာရှိ မတ်ပိုင်းဘတ်၊ သမ္မတ၏စစ်ဘက်ဆိုင်ရာ လက်ထောက်တစ်ဦးဖြစ်သူ ဗိုလ်မှူးကေစီဘာဝါ၊ နိုင်ငံခြားရေးဌာနမှ ဂျင်းနီဘူးလ်၊ သမ္မတ၏လေယာဉ်မှူးနှင့် သမ္မတ၏ မိန့်ခွန်းရေးသားသူတို့ ပါဝင်သည်။ လေယာဉ်မှူးသည် ပျံသန်းရန် လမ်းကြောင်းနှင့်လေယာဉ်အတက်အဆင်းလုပ်ရမည့် အနေအထားတို့ကိုလေ့လာရန် ဖြစ်သည်။ မိန့်ခွန်းရေးသားသူက သမ္မတသွားရောက်မည့် နေရာဒေသများကို သက်ဝင်ခံစားကြည့်နိုင်ရန် လိုက်လာခြင်းဖြစ်သည်။

ကျွန်တော်တို့အဖွဲ့သည် အင်ဒရူးလေတပ်စခန်းမှ ထွက်ခွာခဲ့သည်။ သမ္မတလေယာဉ်အုပ်စုမှ ဘိုးအင်း ၇၀၇ လေယာဉ်ဖြင့် ထွက်ခွာလာကြခြင်းဖြစ်သည်။ လေယာဉ်အမြီးရှိ အမှတ်အသားမှာ ၂၆၀၀၀ ဖြစ်သည်။ သမ္မတ၏ အဲယားဖို့စ်ဝမ်း လေယာဉ်အမှတ်အသားမှာ ၂၇၀၀၀ ဖြစ်သည်။ ၂၆၀၀၀ မှာ သမ္မတ ကနေဒီ အသုံးပြုခဲ့သောလေယာဉ်ဖြစ်ပြီး သူ နောက်ဆုံးစီးနင်းသွားသည့် လေယာဉ်လည်းဖြစ်သည်။ သူ ဒါးလက်စ်မြို့သို့ စီးနင်းသွားခဲ့ပြီး ဗုံးကြဲခံရသည့်အခါ သူ၏ ရုပ်အလောင်းကို ထိုလေယာဉ်ဖြင့်ပင် ပြန်လည်သယ်ဆောင်လာသည်။ ထိုလေယာဉ်ပေါ်တွင်ပင် ဒုတိယသမ္မတ လင်ဒန်ဘီဂျွန်ဆင်က သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ထိုလေယာဉ်ပေါ်တွင် စီးနင်းရသည့် အစောပိုင်းအခေါက်များတွင် လေယာဉ်၏သမိုင်းနှင့် ဆက်စပ်မှုက ကျွန်တော့်အား စိတ်လှုပ်ရှားစေသည်။ နောက်ပိုင်းတွင်မူ သာမန်လေယာဉ် စီးရသကဲ့သို့ပင် ထူးခြားမှုမရှိတော့။

ကျွန်တော်တို့ လေယာဉ်သည် သမ္မတ၏ လေယာဉ် အဲယားဖို့စ်ဝမ်းနှင့် တစ်ပုံစံတည်းဖြစ်သည်။ လေယာဉ်ဦးပိုင်းခင်ပေါက်နှင့် ကပ်လျက်သားတွင် ဆက်သွယ်ရေး ကိရိယာများတပ်ဆင်ထားသည်။ အိမ်ဖြူတော်ဆက်သွယ်ရေးအဖွဲ့က သမ္မတ ခရီးသွားနေစဉ် ကမ္ဘာပေါ်ရှိ မည်သည့်နေရာဒေသကိုမဆို အချိန်မရွေး ဆက်သွယ်စကားပြောနိုင်ရန် တာဝန်ယူရသည်။ လေယာဉ်ပေါ်တွင် လိုက်ပါလာသူများက အိမ်ဖြူတော်နှင့် ဆက်သွယ်နိုင်ရန်လည်း ဆောင်ရွက်ပေးရသည်။ လေယာဉ်အတွင်း စင်္ကြံလမ်းသည် လေယာဉ်၏ လက်ယာဘက်ကပ်လျက်သားတွင် ရှိသည်။ ဆက်သွယ်ရေးအခန်းပြီးလျှင် သမ္မတ၏အခန်းဖြစ်သည်။ အခန်းတွင်း၌ စာရေးစားပွဲတစ်လုံးရှိပြီး ဆိုဖာများကို မျက်နှာချင်းဆိုင် ချထားသည်။ ရေချိုးခန်းတွဲလျက် ပါရှိသည်။ လေယာဉ်ပေါ်တွင် သမ္မတ ပါမလာသည့်တိုင် သမ္မတ၏အခန်းကို သီးသန့်ထားရှိပြီး မည်သူမျှ အသုံးမပြုပေ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သမ္မတ၏ အခန်းပြီးလျှင် အစည်းအဝေးခန်းရှိသည်။ စားပွဲဝိုင်းတွင် ကုလားထိုင်များ ဝိုင်းပတ်ချထားသည်။ ရုပ်မြင်သံကြားစက်တစ်လုံးရှိသော်လည်း လေယာဉ်စက်သံကြောင့် ကြည့်ရှုရန် မဖြစ်နိုင်ပေ။ အစည်းအဝေးခန်းနှင့် ကပ်လျက် အခန်းငယ်တွင် လေးယောက်နှင့် ခြောက်ယောက်စာ စားပွဲတစ်လုံးစီရှိသည်။ အိမ်ဖြူတော်ဝန်ထမ်းများ အတွက် ဖြစ်သည်။ နောက်တစ်ခန်းမှာ စားပွဲနှစ်လုံး ခင်းထားသည့် ထောက်လှမ်းရေးအေးဂျင့်များ၏ အခန်းဖြစ်သည်။

လေယာဉ်ပဲ့ပိုင်းတွင် သတင်းသမားများအတွက် ထိုင်ခုံဆယ်လုံးရှိသည်။ ကပ်လျက်သားမှာ မီးဖိုချောင်ဖြစ်သည်။ လေယာဉ်ဦးပိုင်းတွင်လည်း မီးဖိုချောင်ရှိသေးသည်။ ထိုမီးဖိုချောင်မှ သမ္မတအတွက် အစားအစာများကို ချက်ပြုတ်ပေးရသည်။

အရှေ့ဖျားသို့ ကျွန်တော်တို့ ပျံသန်းနေသဖြင့် ခရီးစဉ်သည် အတော်ပင်ကြာညောင်းသည်။ လေယာဉ်ပေါ်တွင် ရှေးဟောင်းနှောင်းဖြစ်များပြောလျက် အချိန်ဖြုန်းကြသည်။ ဟန်ကဲလ်သည် နစ်ဆင်နှင့်အတူ မော်စကိုသို့ သွားရောက်ခဲ့သည့်ခရီးစဉ်ကို ပြန်ပြောပြသည်။ ထိုခရီးစဉ်တွင် နိုင်ငံခြားရေးဌာနမှ ဂျင်းနီလည်းပါသည်။ ညပိုင်းအလုပ်တာဝန်ပြီးသည့်အခါ အခန်းတစ်ခန်းတွင် စုအိပ်ကြရန် သွားကြသည်။ ကေဂျီဘီသည် သမ္မတနှင့် အဖွဲ့ဝင်များ တည်းခိုသည့် အခန်းများတွင် ခိုးနားထောင်သည့် မိုက်ခရိုဖုန်းများ တပ်ဆင်ထားမည်မှာ သေချာသလောက်ဖြစ်သည်။ ထို့ကြောင့် အခန်းတွင်း ချောင်ကြိုချောင်ကြားပါမကျန် လှန်လှောရှာကြသည်။ မတွေ့နိုင်သည့်အဆုံး ကော်ဇောကို လှန်ရှာသည်။ ကော်ဇောအောက်တွင် ကြေးပြားဝိုင်းကြီးတစ်ခုကို တွေ့သည်။

ထိုကြေးပြားဝိုင်းအောက်တွင် မိုက်ခရိုဖုန်းရှိမည်ဟု သေချာပေါက်တွက်ကာ စွဲထားသော ဝက်အူများကို ငွေအကြွေစေ့ဖြင့် လှည့်ဖွင့်ကြသည်။ ဝက်အူများ ချောင်သွားသည့်အခါ အောက်ထပ်မှ ပြင်းထန်သော ထိရိုက်မိသံတစ်သံကို ကြားကြရသည်။ အမှန်မှာ အောက်ထပ်အခန်းမျက်နှာကြက်တွင် ချိတ်ဆွဲထားသော မီးပန်းဆိုင်းကို ကြေးပြားရှိ ဝက်အူများဖြင့် ထိန်းထားခြင်း ဖြစ်သည်။ ဝက်အူများကို လှည့်ဖြုတ်လိုက်သဖြင့် မီးပန်းဆိုင်းမှာ ပြုတ်ကျသွားတော့သည်။

စကားပြောရသည်မှာ ကြာတော့ ငြီးငွေ့လာကြသည်။ ထိုအခါ ဂိမ်းများကစားကြပြန်သည်။ ဂျင်းနီသည် ကျွန်တော်၏ဂိမ်းပါတနာ ဖြစ်သည်။ သူမသည် ဂိမ်းကစားရာတွင် ကျွမ်းကျင်သလို သူမ တာဝန်ယူရသည့် အုပ်ချုပ်ရေးဗာဟီရများကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်သူဖြစ်သည်။ ကျွန်တော်တို့တစ်ဖွဲ့လုံး၏ နိုင်ငံကူးလက်မှတ်များအတွက် ဗီဇာယူခြင်း၊ ဆိုက်ရောက်သည့်အခါ လေဆိပ်တွင် ပြည်ဝင်ခွင့် ကိစ္စအဝအဝကို ဂျင်းနီကပင် ဆောင်ရွက်ပေးသည်။ မည်သို့မည်ပုံ ဆောင်ရွက်သည်ကို ကျွန်တော်တို့ အသေးစိတ်မသိကြ။ ကျွန်တော်တို့အားလုံးသိကြသည့်အချက်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အလေးထားသည့်အချက်မှာ ရှေ့ပြေးခရီးစဉ်တိုင်းတွင် ဂျင်းနီသည် ခရီးဆောင်သေတ္တာကြီးတစ်လုံး အမြဲယူလာသည်။ ထိုသေတ္တာကို ကျွန်တော်တို့အားလုံးက ဂရုစိုက်အလေးထားကြသည်။ လေယာဉ်ဆိုက်သည့်အခါတိုင်း ထိုသေတ္တာကို အရင်ချပြီး ဂျင်းနီအခန်းသို့ အရောက်ပို့ရန် လူတိုင်းက ဂရုထားသည်။ လေယာဉ်ထွက်ခွာသည့်အခါတိုင်း "ဂျင်းနီရဲ့ သေတ္တာ တင်ပြီးပြီလားဟေ့"ဟု အချင်းချင်း မေးတတ်ကြသည်။

ဂျင်းနီ၏ သေတ္တာသည် ကျွန်တော်တို့အားလုံးအတွက် အရေးကြီးရသည်မှာ ထိုသေတ္တာထဲတွင် ယမကာမျိုးစုံ ပါဝင်သည့်အတွက် ဖြစ်သည်။ ခရီးတစ်ထောက် ရပ်နားသည့်အခါ ဂျင်းနီ ယူဆောင်လာသည့် ယမကာများဖြင့် ကျွန်တော်တို့ အပန်းဖြေရင်း အလုပ်ကိစ္စ ဆွေးနွေးငြင်းခုံကြသည်။ ရှေ့ပြေးအဖွဲ့တွင် အဖွဲ့အစည်းအမျိုးမျိုးကို ကိုယ်စားပြုလျက် လိုက်ပါလာကြသူများ ပါဝင်ကြသည်။ ထိုအဖွဲ့အစည်းတိုင်းက သူတို့ ဖြစ်စေချင်သည့် အစီအစဉ်များ ရှိကြသည်။ ထိုအစီအစဉ်များသည် မကြာခဏ ဆိုသလို ထိပ်တိုက်တွေ့တတ်ကြသည်။ ယင်းအခါမျိုးတွင် ဂျင်းနီယူလာသော ယမကာတို့ သောက်သုံးရင်း အကြေအလည်ညှိနှိုင်းကြရသည်။ ယင်းသို့ဖြင့် ကျွန်တော်တို့သည် တစ်ဖွဲ့တည်းတစ်သားတည်း ဖြစ်လာကြသည်။

ကျွန်တော်တို့လေယာဉ်သည် ဟဝိုင်ယီတွင် တစ်ထောက်နားသည်။ ထိုမှတစ်ဆင့် 'ဂူအမ်'သို့ ခရီးဆက်ကြသည်။ ဂူအမ်ကျွန်းသည် သမ္မတ၏ အဲယားဖို့စ်ဝမ်း ဆီဖြည့်မည့်နေရာဖြစ်သည်။ ဂူအမ်သည် အမေရိကန် အဏုမြူစစ်ပြင်ဆင်ထားမှု၏ ရှေ့တန်းစစ်မျက်နှာဟု ဆိုရမည်။ လေယာဉ်ပြေးလမ်းထိပ်တွင် ဘီ-၅၂ မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ် လေးစင်းသည် စက်နှိုးလျက်သား အဏုမြူဗုံးများတင်လျက် ၂၄ နာရီပတ်လုံး အသင့်အနေထားဖြင့် စောင့်ဆိုင်းနေသည်။ မောင်းနှင်မည့် လေသူရဲများကလည်း အနီးရှိ အရာရှိရိပ်သာတွင် အဏုမြူစစ်ပွဲဆင်နွှဲရန် ပေးလာမည့်အမိန့်ကို စောင့်ဆိုင်းနေကြရသည်။ ဂူအမ်သို့ ကျွန်တော်ရောက်တိုင်း ဘီ-၅၂ ဗုံးကြဲလေယာဉ် လေးစင်းကို ထိုအနေအထားအတိုင်း တွေ့ရသည်။ ယင်းသို့ အသင့်ပြင်ထားခြင်းသည် တစ်ဖက်မှ အဏုမြူစစ်ပွဲကို မစတင်ရဲစေရန် ဟန့်တားထားမှုပဲဖြစ်သည်။

ဂူအမ်မှ တိုကျိုသို့ တိုက်ရိုက်ပျံသန်းသည်။ တိုကျိုတွင် ညှိနှိုင်းကြိုဆိုရေး ကော်မတီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘုရင့်နန်းတော်မှ အရာရှိကြီးများနှင့်တွေ့ဆုံဆွေးနွေးရသည်။ အနောက်နိုင်ငံအမြင်ဖြင့် ပြောရလျှင် ဂျပန်လူမျိုးများသည် ဆက်ဆံရခက်သည်ဟု ဆိုရပေမည်။ သူတို့တွင် ကိုယ်ပိုင်စိတ်ကူးစိတ်သန်းများရှိပြီး ထိုစိတ်ကူးများကို မည်သို့ အကောင်အထည်ဖော်ရမည်ကိုလည်း ကောင်းစွာသိရှိသူများဖြစ်သည်။ နိုင်ငံအကြီးအကဲအဆင့် ခရီးစဉ်ဖြစ်သဖြင့် သံတမန်လုပ်ထုံးလုပ်နည်းများသည် အဓိက ဖြစ်ရမည်ဟု ဂျပန်တို့က ဆိုသည်။ သံတမန်လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်လျှင် ဂျပန်သည် လက်ပေါက်အကတ်ဆုံး တရားသေသမားများ ဖြစ်ကြလေသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သမ္မတကြီးသည် ပထမညတွင် 'အကာဆာကာ'နန်းတော်တွင် တည်းခိုပြီး၊ ဂျပန်ဧကရာဇ်က တွေ့ဆုံနှုတ်ဆက်မည်။ နောက်တစ်ညတွင် ဧကရာဇ်၏ ညစာစားပွဲကို ဧကရာဇ်၏ နန်းတော်တွင် တည်ခင်းမည့်အစီအစဉ်ကို တင်ပြလာသည်။ ထိုအစီအစဉ်ကို ကျွန်တော်တို့ လက်ခံနိုင်သည်။

လေဆိပ်မှ နန်းတော်သို့လာမည့်လမ်းကြောင်းနှင့် အကာဆာကာနန်းတော်မှ ဧကရာဇ်နန်းတော်သို့ သွားမည့်လမ်းကြောင်း ကို ကျွန်တော်တို့ လေ့လာကြသည်။ တိုကျိုမြို့တွင် လှည့်လည်ကြည့်ရှုမည့် အစီအစဉ်ထဲတွင် တိုကျိုမြို့လယ်ရှိ ဂျပန်လူမျိုးတို့ အမြတ်တနိုးတည်ထားသော မေဂျီဘုရားကျောင်းကို သွားရောက်ရန်လည်း ပါဝင်သည်။ ၁၈၆၈ ခုနှစ်တွင် ဂျပန်နိုင်ငံ ခေတ်မီရေးအတွက် လမ်းဖွင့်ပေးခဲ့သော ဧကရာဇ်မေဂျီအား ဂုဏ်ပြုတည်ဆောက်ထားသော ဘုရားကျောင်းဖြစ်သည်။ လူစည်ကားသောနေရာဖြစ်သဖြင့် ကျွန်တော်တို့ အေးဂျင့်များအဖို့ အသည်းအေးစရာဖြစ်နေသည်။

ဂျပန်မှ ကိုးရီးယားမြို့တော် ဆိုးလ်သို့ ကျွန်တော်တို့ ခရီးဆက်ကြသည်။ ကိုးရီးယားခရီးစဉ်ကို သမ္မတကတော်နန်စီရီဂင် က စိတ်မချသဖြင့် ကိုးရီးယားတွင် သမ္မတ၏ သွားလာလှုပ်ရှားမှုများတွင် လုံခြုံရေးကို ကျွန်တော်တို့က အထူးတင်းကျပ်ထားရမည်ဖြစ်သည်။ ရီဂင်အား လေဆိပ်တွင် ကြိုဆိုပွဲကို အဆောက်အဦအတွင်းပြုလုပ်ရန် ကိုးရီးယားဘက်ကို ပြောရသည်။

ထိုအစီအစဉ်ကို ကိုးရီးယားဘက်က သဘောမကျ။ နိုင်ငံအကြီးအကဲတစ်ဦးအား ကြိုဆိုပွဲကို အဆောက်အဦအတွင်းပြုလုပ်သည်မှာ ကိုးရီးယားတွင် အစဉ်အလာမရှိ။ ကျွန်တော်တို့ဘက်က ယင်းသို့ အဆိုပြုသည့်အတွက် သူတို့က ခိုးလိုးခုလု ဖြစ်သွားသည်။ ကိုးရီးယားအစိုးရသည် ရီဂင်အတွက် လုံခြုံရေး အပြည့်အဝ မပေးနိုင်ဟု အမေရိကန်ဘက်က ယူဆသည့် သဘောမျိုးလည်း သက်ရောက်သွားသည်။ ကျွန်တော်တို့ အစီအစဉ်ကို သူတို့ဘက်က အပြင်းအထန်ကန့်ကွက်သော်လည်း ကျွန်တော်တို့က အလျှော့မပေး။

ကျွန်တော်တို့နှင့် ညှိနှိုင်းခြင်းမပြုဘဲ သမ္မတအား အသစ်တည်ဆောက် ပြီးစီးသွားသည့် 'ချိုဆွန်း'ဟိုတယ်တွင် ထားရန် ကိုးရီးယားဘက်က စီစဉ်သည်။ ဟိုတယ်ကို ကျွန်တော်တို့ ဖြစ်နိုင်သမျှ ရှောင်လိုသည်။ ဟိုတယ်များတွင် အကောင်းဆုံးဆိုသည့် အခန်းများသည် ထိပ်ဆုံးအထပ်များတွင်သာရှိသည်။ အရေးပေါ်အခြေအနေတွင် သမ္မတကို အပေါ်ဆုံးအထပ်များမှ ကယ်ထုတ်ရန် မလွယ်ကူပေ။

ရွေးချယ်စရာမရှိ၍ အရေးကြီးပုဂ္ဂိုလ်များကို ဟိုတယ်တွင် တည်းခိုစေရပါက ကိုးထပ်ထက်ပိုမြင့်သော အထပ်တွင် မတည်းခိုစေရဟု အေးဂျင့်သင်တန်းကျောင်းတွင် ပို့ချချက်ရှိသည်။ မီးသတ်လှေကားသည် ကိုးထပ်ထက်မြင့်သော အမြင့်ကို မမီနိုင်ပေ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကိုးထပ်နှင့် ယင်းထက်နိမ့်သော အထပ်များတွင် အလယ်အလတ်နှင့် တစ်ယောက်ခန်းများသာရှိသဖြင့် သမ္မတ တည်းခိုရန် မသင့်တော်ပေ။ ထိုအထပ်များတွင် အခြားတည်းခိုနေသူများလည်းရှိသဖြင့် သမ္မတ၏အဖွဲ့နှင့် အပြင်လူများ ရောနှောနေလျှင် လုံခြုံရေးကို စီစဉ်ရန် များစွာခက်ခဲသည်။ သမ္မတနှင့်အဖွဲ့ တည်းခိုသည့်အတွက် ဟိုတယ်မန်နေဂျာများက အလုပ်ရှုပ်ကြရသည်။

အဆင်မသင့်ပါက အများအယွင်းဖြစ်ကာ နာမည်ပျက်နိုင်သည်။ လုံခြုံရေးများက အချက်အချာနေရာများတွင် ကင်းများချထားသဖြင့် ဟိုတယ်၏ ပုံမှန်ဝန်ဆောင်မှုလုပ်ငန်းများ ကသိကအောက် ဖြစ်ရသည်။ မလွဲသာ မရှောင်သာဘဲ ဟိုတယ်တွင် တည်းခိုရသည့်အခါ၌ ဟိုတယ်၏ အပေါ်အောက်ကပ်လျက်သား သုံးထပ်ကို တစ်ထပ်လုံးစီကိုယူကာ သမ္မတအား အလယ်ထပ်တွင် နေစေသည်။ သမ္မတ၏ ပြည်တွင်းခရီးစဉ်အများစုတွင် ဟိုတယ်များကို အသုံးပြုရသည်။ ပင်လယ်ရပ်ခြား ခရီးစဉ်များတွင်မူ ဟိုတယ်ပြဿနာ သိပ်မရှိလှ။ အိမ်ရှင်နိုင်ငံ၏ ဧည့်ဂေဟာတွင် အခက်အခဲရှိမည် ဆိုပါက ထိုနိုင်ငံရှိ အမေရိကန် သံအမတ်နေအိမ်တွင် တည်းခိုစေသည်။

ယခင်အခါများက ပင်လယ်ရပ်ခြားခရီးစဉ်များတွင် သမ္မတသည် ဟိုတယ်တွင် တည်းခိုခဲ့သည်များရှိသော်လည်း ကျွန်တော် ရီဂင်နှင့် လိုက်ပါရသည့် ခရီးစဉ်များတွင် တစ်ခါမျှ ဟိုတယ်၌ တည်းခိုရသည် မရှိခဲ့ဖူးပေ။

ချီဆွန်းဟိုတယ်တွင် တည်းခိုရန် ကိုးရီးယားဘက်မှ တင်ပြလာသည်ကို ကျွန်တော်တို့က လက်မခံနိုင်။ ထို့ကြောင့် ရီဂင်အား အမေရိကန်သံအမတ်နေအိမ်တွင် တည်းခိုစေမည်ဖြစ်ကြောင်း ကိုးရီးယားတို့အား လိမ္မာပါးနပ်စွာ အသိပေးရသည်။

တည်းခိုရန်နေရာ ပြေလည်သွားသော်လည်း နောက်ပြဿနာတစ်ခု ထပ်တက်လာပြန်သည်။ မြောက်ကိုးရီးယားနှင့် တောင်ကိုးရီးယားအကြား မျဉ်းသတ်ခြားနားထားသော စစ်မဲ့ဇုန်သို့ သမ္မတရီဂင် မဖြစ်မနေသွားရောက်သင့်သည်ဟု အကြံပြုလာသည်။ စစ်မဲ့ဇုန်ကဲ့သို့ အဝေးမှ လှမ်းမြင်နိုင်သည့်နေရာသို့ သမ္မတ မသွားသင့်ပေ။ ထို့အပြင် ယင်းနေရာသည် မြောက်ကိုးရီးယားက သေနတ်အလှမ်းမီသော နေရာဖြစ်သည်။

စစ်မဲ့ဇုန်သို့ အမေရိကန်သမ္မတ သွားရောက်ကြည့်ရှုခြင်းသည် တောင်ကိုးရီးယားအဖို့ ဝါဒဖြန့်ရန် အကောင်းဆုံး အခွင့်အရေး ဖြစ်သည်။ စစ်မဲ့ဇုန်သို့ သမ္မတသွားရောက်ခြင်းဖြင့် အမေရိကန်သည် မြောက်ကိုးရီးယား၏ ကျူးကျော်တိုက်ခိုက်မှုမှ အကာအကွယ်ပေးမည်ဟု အခိုင်အမာ အာမခံချက်ပေးသည့် အဓိပ္ပာယ် သက်ရောက်သည်။

ကိုးရီးယားဘက်မှ တင်းခံနေသဖြင့် ကျွန်တော်တို့က လိုက်လျောပေးရသည်။ သမ္မတ စစ်မဲ့ဇုန်သို့ သွားရောက်ရာတွင် တစ်ဖက်မှလှမ်းမြင်နိုင်သော အနေအထား မရှိစေရဟု ကျွန်တော်တို့က တောင်းဆိုသည်။ သမ္မတက မြောက်ကိုးရီးယား

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ လှမ်းမျှော်ကြည့်ရှုနိုင်သည့်နေရာများကို လိုက်လံကြည့်ရှုပြီး စိတ်အချရဆုံးဖြစ်မည့်နေရာကို သတ်မှတ်ကာ ထိုနေရာကို ပိုက်ကွန်များအုပ်လျက် တစ်ဘက်မှ မမြင်နိုင်စေရန် စီမံရသည်။

ကိုးရီးယားမှ အင်ဒိုနီးရှားသို့ ကျွန်တော်တို့ အဖွဲ့ခရီးဆက်ကြသည်။ ဆူဟာတို သမ္မတဖြစ်နေသည့် အချိန်ဖြစ်သည်။ အင်ဒိုနီးရှားနှင့် အမေရိကန် ဆက်ဆံရေးသည် နွေးနွေးထွေးထွေး ရှိလှသည်တော့မဟုတ်။ အင်ဒိုနီးရှားတွင်လည်း အခက်အခဲနှင့် ကြုံရသည်။ လုံခြုံရေးကို တာဝန်ယူထားသည့် အင်ဒိုနီးရှားဗိုလ်ချုပ်ကြီးနှင့် ကျွန်တော်တို့ ညှိနှိုင်းကြသည်။ ရီဂင် အင်ဒိုနီးရှားတွင် ရှိနေစဉ်အတွင်း အင်ဒိုနီးရှားအစိုးရ၏ကားနှင့် ယာဉ်မောင်းကို သုံးရမည်ဟု အတင်းအကျပ် တောင်းဆိုလာသည်။ သမ္မတစီးနေသည့် ကက်ဒီလက်အမျိုးအစား မော်တော်ယာဉ်ကို အင်ဒိုနီးရှားက ဝယ်ယူလျက် ကျည်ကာသံမဏိပြားများအား ဖြည့်တပ်ဆင်ခြင်းကို သမ္မတကားတွင် တပ်ဆင်လုပ်ကိုင်ပေးသည့် ကုမ္ပဏီတွင် အပ်နှံလုပ်ကိုင်စေမည်ဟု ဆိုသည်။

အမေရိကန်သမ္မတ အသုံးပြုလျက်ရှိသော ကားမျိုးသည် ကမ္ဘာပေါ်တွင်မရှိ။ လုံခြုံရေးလိုအပ်ချက်အရ သံမဏိပြားများကို ကိုယ်ထည်အတွင်း အားဖြည့်တပ်ဆင်ထားသည်။ သာမန်ကားထက် ပိုမိုလေးလံသည်။ ထိန်းကျောင်းမောင်းနှင်ရန် အလေ့အကျင့် များစွာလိုသည်။ ဝါရင့်ကြေးစားယာဉ်မောင်းများပင် ကား၏ အချိန်အဆ၊ အကွေ့အစောင်း၊ အနေးအမြန်ကို မမှန်းဆနိုင်။ သမ္မတ မော်တော်ယာဉ်မောင်းနှင်မည့် အေးဂျင့်များကို ကျွန်တော်တို့ အထူးလေ့ကျင့်ပေးထားရသည်။

အရံအတားများကို ထိုးဖောက်တိုက်တွက်ခြင်း၊ ရုတ်တရက် 'ဂငယ်ကွေ့ ကွေ့ခြင်းတို့ကို အကြိမ်ကြိမ် အဖန်ဖန် လေ့ကျင့်ကြရသည်။ ပစ်ခတ်ခံရခြင်း၊ ဖောက်ခွဲတိုက်ခိုက်ခံရခြင်း၊ လူအုပ်အတွင်း ပိတ်မိနေခြင်းစသော ဖြစ်တန်ရာ အခြေအနေအမျိုးမျိုးအတွက် လေ့ကျင့်ထားရသည်။ ယာဉ်မောင်း၏နံဘေးတွင် ကြီးကြပ်သူက အမြဲလိုက်ပါရသည်။

မော်တော်ယာဉ် နောက်ခန်းတွင် လူလေးယောက် ချောင်ချောင်ချိချိထိုင်နိုင်ပြီး လူပိုနှစ်ယောက်ထိုင်နိုင်ရန် နံရံကပ် ခေါက်ခုံနှစ်လုံးလည်းရှိသည်။ ခေါင်းခန်းတွင် အရပ်ခြောက်ပေကျော်မြင့်သူများအဖို့ ထိုင်ရသည်မှာ သက်သောင့်သက်သာ မရှိလှ။ ဆက်သွယ်ရေးကိရိယာများက ခေါင်းခန်းအတွင်း နေရာအတော်များများ ယူထားသည်။ ခေါင်းခန်းနှင့် နောက်ခန်းအကြားတွင် အတင်အချလုပ်နိုင်သော အသံလုံမှန်တစ်ချပ်ရှိသည်။ သမ္မတက သီးသန့်စကားပြောလိုသည့်အခါ ထိုမှန်ကို အပေါ်သို့ဆွဲတင်လျက် ပိတ်ထားနိုင်သည်။ ယာဉ်မောင်း၏ နံဘေးရှေ့ခုံတွင် ခုနစ်နှစ်တာကာလအတွင်း ကျွန်တော်သည် အကြိမ်ကြိမ်လိုက်ပါ စီးနင်းခဲ့ဖူးသည်။ ရှေ့ခန်းနှင့် နောက်ခန်းအကြား အသံလုံမှန် ပိတ်ထားသည်ကို တစ်ကြိမ်မျှ မကြုံဖူးပေ။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သမ္မတ သွားလေရာတွင် ထိုမော်တော်ယာဉ်ကိုသာ အသုံးပြုသည်။ မော်တော်ယာဉ်အတွင်း ခိုးနားထောင်မည့် မိုက်ခရိုဖုန်းများရှိ မနေစေရန် ကျွန်တော်တို့က အသေအချာ စစ်ဆေးပြီးဖြစ်သည်။ အင်ဒိုနီးရှားက သူတို့ ဝယ်ယူပါမည်ဆိုသည့် မော်တော်ယာဉ်တွင် မိုက်ခရိုဖုန်း တပ်ဆင်ထားခြင်း ရှိ မရှိကို ကျွန်တော်တို့ မသိနိုင်။

သမ္မတ၏ ကားအတွင်း တပ်ဆင်ထားသော ဆက်သွယ်ရေး ကိရိယာများသည် သမ္မတ သွားလေရာတွင် ပေါမဖြစ်သော ပစ္စည်းများဖြစ်ကြောင်း၊ သူတို့ ဝယ်ယူမည့်ကားတွင် ယင်း ဆက်သွယ်ရေးကိရိယာများ မပါကြောင်း အင်ဒိုနီးရှား ဗိုလ်ချုပ်ကြီးအား ရှင်းပြရသည်။ ထိုကိရိယာများကို သူတို့ကားအတွင်း တပ်ဆင်ပေးမည်ဟု ပြောလာပြန်သည်။

ကားတာယာ အတွင်းပိုင်းသည် အကန့်အကန့်ဖြင့်ပြုလုပ်ထားသဖြင့် တော်ရုံ ကွဲမထွက်နိုင်သော တာယာများဖြစ်ကြောင်း၊ ယာဉ်မောင်းများသည်လည်း အထူးလေ့ကျင့်ထားသူများဖြစ်ကြောင်း ရှင်းပြသည့်အခါ ဗိုလ်ချုပ်ကြီးက "ဒီမှာရှိတဲ့ ကားတာယာတွေနဲ့ အတူတူပါပဲ။ အင်ဒိုနီးရှား ယာဉ်မောင်းတွေကို အထူးလေ့ကျင့်ထားတာပါ" ဟု ဆိုသည်။ အမေရိကန်သမ္မတသည် သွားလေရာတွင် ရောက်ရှိနေသည့် တိုင်းပြည်၏ မော်တော်ယာဉ် လိုင်စင်နံပါတ်ကိုသာ အသုံးပြုသဖြင့် သမ္မတသည် အင်ဒိုနီးရှားမော်တော်ယာဉ်ကို စီးနင်းသည်ဟု အများက ယူဆလိမ့်မည်ဖြစ်ကြောင်း သူ့အား ကျွန်တော်က ရှင်းပြသော်လည်း အရာမထင်။

အင်ဒိုနီးရှားဘက်မှ အဆိုပြုလာသည်ကို ကျွန်တော်တို့ လုံးဝလက်မခံနိုင်။ ယင်းသို့နှင့် သမ္မတ၏ အရှေ့အာရှ ခရီးစဉ်မှ အင်ဒိုနီးရှားကို ပယ်ဖျက်လိုက်ရသည်။ ခရီးစဉ်ဖျက်သိမ်းလိုက်ရခြင်းမှာ မော်တော်ယာဉ် အသုံးပြုမှု အငြင်းပွားခြင်းကြောင့်ထက် နိုင်ငံရေးအကြောင်းရင်းနှင့် ပိုမိုပတ်သက်သည်။ ထိုစဉ်က အမေရိကန်-အင်ဒိုနီးရှားဆက်ဆံရေးသည် ဘာမှချောချော မရှိလှ။

မနီလာသို့ ကျွန်တော်တို့အဖွဲ့ရောက်သွားသည့် အချိန်သည် ဖိလစ်ပိုင်တွင် ကြီးမားသော နိုင်ငံရေး အပြောင်းအလဲသို့ တာစူနေသည့်အချိန်ဖြစ်သည်။ သမ္မတဟောင်း မားကို့စ်နှင့် ဇနီးတို့သည် ဟာဝိုင်ယီသို့ ထွက်ခွာခါနီးချိန် ခေါင်းဆောင်သစ်ဖြစ်လာမည့် ပြည်ပနေ အတိုက်အခံခေါင်းဆောင် 'ဘင်နစ်နိုအကွီနို' ပြည်တော်ပြန်ခရီးတွင် လေဆိပ်၌ လုပ်ကြံသတ်ဖြတ်ခံလိုက်ရသည်။ မနီလာသို့ ကျွန်တော်တို့ အဖွဲ့ရောက်ရောက်ချင်း ညတွင် သံအမတ်ကြီး တည်ခင်းသော ညစာစားပွဲ၌ သမ္မတ၏ ခရီးစဉ်ကို ဆွေးနွေးကြရန် စီစဉ်ထားသည်။ ညစာစားပွဲသို့ ထွက်လာကြစဉ် ယာဉ်ကြောပိတ်ဆို့မှုထဲတွင် ကျွန်တော်တို့ကား ပိတ်မိနေသည်။

ကားထဲတွင် စိတ်ပျက်လက်ပျက်ထိုင်နေကြစဉ် ကျွန်တော် ကောင်းကောင်းမှတ်မိနေသော အသံကိုကြားလိုက်ရသည်။ အမ်-၁၆ ရိုင်ဖယ် အတွဲလိုက်ပစ်ခတ်သံဖြစ်သည်။ ရဲတစ်ယောက်က တက္ကဆီ တစ်စင်းအတွင်းသို့ ပစ်ခတ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို မြင်နေရသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ငရဲပွက်သည့်နှယ်။ ဖိလစ်ပိုင်ခရီးစဉ်ကို ပယ်ဖျက်ရန် ထိုနေရာတွင်ပင် ကျွန်တော်တို့ ဆုံးဖြတ်လိုက်ကြသည်။

ကျွန်တော်တို့ ရှေ့ပြေးအဖွဲ့သည် ဗန်ကောက်သို့ ခရီးဆက်သည်။ ကျွန်တော်တို့ တည်းခိုသည့် ဟိုတယ် အထပ်နှစ်ဆယ်မှ ကျောက်ဖရားမြစ်ကို စီးမြင်နေရသည်။ မြစ်ကြောင်းတစ်လျှောက် ရှုတ်ရှုတ်သဲသဲ လွန်းထိုးသွားလာ နေသော ရေယာဉ်အမျိုးမျိုးကို မြင်ရသည်မှာ အသည်းထိတ်ဖွယ်၊ စိတ်ဝင်စားဖွယ်ဖြစ်သည်။ စက်တပ်ကူးတို့ယာဉ်၊ မော်တော်ဘုတ်တို့အကြားတွင် ပီဘီအာရ် ကင်းလှည့်ရေယာဉ် (gunboat) တစ်စင်းကို တွေ့လိုက်ရသည်။ ဗီယက်နမ် စစ်ကာလတွင် ကျွန်တော်နှင့် လွန်စွာရင်းနှီးကျွမ်းဝင်ခဲ့သော ကင်းလှည့်ရေယာဉ်ဖြစ်သည်။ ဘုရင့်ဖောင်တော်၏ အစောင့် ရေယာဉ်အဖြစ် ထိုင်းရေတပ်က ပီဘီအာရ်ယာဉ်များကို အသုံးပြုလျက် ရှိသည်။

ကျွန်တော်တို့အဖွဲ့အား ဘုရင့်ဖောင်တော်ဖြင့် လာကြိုသည်။ ပီဘီအာရ်တစ်စင်းလည်း အစောင့်အဖြစ်ပါလာသည်။ ဆိပ်ခံတံတားတွင် ဆိုက်ကပ်ထားသည့် ပီဘီအာရ်ပေါ်သို့ ခွင့်တောင်းလျက် ကျွန်တော်တက်ကြည့်သည်။ လွန်ခဲ့သော ၁၄ နှစ်က အတိတ်ဖြစ်ရပ်များနှင့် အငွေ့အသက်များသည် ကျွန်တော့်ထံ ပြေးဝင်လာကြသည်။ ဗီယက်နမ်စစ်ကာလ တွင် ပီဘီအာရ်ပေါ်တွင် ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့ရသည်။ အဖွဲ့ဝင်များသည် ဘုရင့်ဖောင်တော်ပေါ်သို့ တက်ကြသည်။ ပီဘီအာရ်ယာဉ်အား ကျွန်တော်မောင်းနှင်လိုက မောင်းနှင်နိုင်ကြောင်း ရေယာဉ်မှူးက ကမ်းလှမ်းလာသည်။ ဘုရင့်ဖောင်တော် နှင့် ပီဘီအာရ်တို့သည် ဆိပ်ခံတံတား မှ ထွက်ခွာလာသည်။

ပီဘီအာရ် ရေယာဉ်တို့သည် လွန်စွာအသုံးတည့်သော ကင်းလှည့်ယာဉ်များ ဖြစ်သည်။ စနစ်တကျ ထိန်းသိမ်း ပြုပြင်ထားရန်တော့ လိုအပ်သည်။ ယခု ပီဘီအာရ်ယာဉ်မှာမူ ပြုပြင်ထိန်းသိမ်းထားခြင်းမရှိ။ ကမ်းမှ ခွာသည်နှင့် စက်ရပ်သွားသည်။ ဟိုတိုးသည်ဝင်ဖြင့် ကျွန်တော်၏ ပီဘီအာရ်သည် ဖောင်တော်ထက် ဆယ်မိနစ်နောက်ကျပြီး နန်းတော်သို့ ရောက်သည်။

သမ္မတ၏ ခရီးစဉ်အတွက် ရှေ့ပြေးအဖွဲ့ သုံးကြိမ်သွားရသည်။ ခရီးစဉ်မတိုင်မီ တစ်လအလိုတွင် ဒုတိယ ရှေ့ပြေးအဖွဲ့ ထွက်ရပြန်သည်။ ယခုတစ်ကြိမ်တွင် အဖွဲ့ဝင်ပိုမိုများလာသည်။ သမ္မတ၏ ပြန်ကြားရေးရုံးမှ အဖွဲ့သားများ ရုပ်မြင်သံကြား အဖွဲ့နှင့် ဓာတ်ပုံသမားတို့ပါလာသည်။ ယခင် ရှေ့ပြေးအဖွဲ့သည် ပထမ လေ့လာပြုလုပ်ခဲ့ပြီး ဒုတိယ အကြိမ်အဖွဲ့မှာမူ သမ္မတသွားလာမည့် လမ်းကြောင်းများကို အတိအကျ သတ်မှတ်သည်။

ပထမအဖွဲ့သည် မည်သည့်နေရာများသို့ သွားရောက်မည်ကို လေ့လာပြီး၊ ဒုတိယအဖွဲ့မှာမူ မည်သို့သွားလာမည် ဆိုသည်ကို အသေးစိတ်စဉ်းစားရသည်။ လုံခြုံရေးစည်းများကို အတိအကျသတ်မှတ်သည်။ ယာဉ်တန်းထွက်ခွာ ဆိုက်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ရောက်မည့်အချိန်၊ အကွာအဝေးနှင့် လမ်းကြောင်းတို့ကို ရွေးချယ်သည်။ လေယာဉ်၊ မော်တော်ယာဉ် စသည်တို့ မည်သည့်နေရာတွင် ဆိုက်ကပ်ရပ်နားမည်၊ ဝန်ထမ်းများအတွက် အစားအစာကို မည်သို့စီစဉ်မည်ကို အပြီးသတ် ဆုံးဖြတ်ရသည်။

တတိယရှေ့ပြေးအဖွဲ့သည် သမ္မတ မထွက်ခွာမီ တစ်ပတ်အလိုတွင် ခရီးစဉ်တွင် ပါဝင်သည့်နေရာများသို့ရောက်ရှိပြီး ဖြစ်နေရသည်။ ပထမနှင့် ဒုတိယ ရှေ့ပြေးအဖွဲ့တို့ ချမှတ်ခဲ့သည့် လုပ်ငန်းအစီအစဉ်အတိုင်း တတိယအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ရသည်။ ထိုအဖွဲ့တွင် ခရီးစဉ်တွင်ပါဝင်သည့် တစ်နိုင်ငံစီအတွက် တာဝန်ယူမည့် ခေါင်းဆောင်အေးဂျင့်၊ ဒေသနယ်မြေအလိုက်တာဝန်ခံအေးဂျင့်၊ ထောက်လှမ်းရေးအေးဂျင့်တို့ လိုက်ပါရသည်။ ပို့ဆောင်ရေးတာဝန်ခံ၊ ယာဉ်တန်းတာဝန်ခံတို့လည်း ပါဝင်သည်။

ပြန်ကြားရေးနှင့် ထောက်ပို့ဝန်ထမ်းများကိုမူ အိမ်ဖြူတော်က သီးခြားစေလွှတ်သည်။ တပ်မတော်မှ လေယာဉ်နှင့် ရဟတ်ယာဉ်များကို ကြိုတင်စီစဉ်သည်။ ဆက်သွယ်ရေးတပ်က ကိရိယာများကို တပ်ဆင်သည်။သမ္မတတည်းခိုမည့်နေရာကို သမ္မတရောက်မလာမီ ၂၄ နာရီ ကြိုတင် စစ်ဆေးရှင်းလင်းပြီး အစောင့်ချထားသည်။ သွားရောက်ကြည့်ရှုမည့်နေရာများကို လာရောက်မည့်နေ့တွင် စစ်ဆေးရှင်းလင်းပြီး၊ သမ္မတရောက်လာသည်အထိ မည်သူမျှ မလာနိုင်ရန် တန့်သတ်ထားရသည်။

ဂျပန်ဘက်မှ ပြဿနာတက်လာပြန်သည်။ သမ္မတမော်တော်ယာဉ်၏ အနောက်ကပ်လျက်သားတွင် ဂျပန်လုံခြုံရေးမှ ယာဉ်နှစ်စင်းထည့်သွင်းမည်ဟုဆိုလာသည်။ ယင်းကို ကျွန်တော်တို့က လက်မခံနိုင်။ ယာဉ်တန်းတွင်ပါဝင်သည့်ကားများသည် ယာဉ်တန်း အတိုက်ခိုက်ခံရပါက တန်ပြန်ချေမှုန်းရန်အဖွဲ့၊ သမ္မတအား အကာအကွယ်ပေး ကယ်ထုတ်သွားမည့်အဖွဲ့၊ ယာဉ်တန်းဖြတ်သန်းနေသည့် ပတ်ဝန်းကျင်ကို အီလက်ထရောနစ်နည်းဖြင့် ထောက်လှမ်းနေသည့်အဖွဲ့၊ ဆေးအဖွဲ့သည်တို့ဖြစ်ကြောင်း၊ ကားအပိုများ လိုက်လာခြင်းဖြင့် အရေးပေါ်အခြေအနေတွင် ရှုပ်ထွေးစေမည်ဖြစ်ကြောင်း အပေါက်အောင် ရှင်းပြရသည်။

မေဂျီဘုရားကျောင်းသို့ သမ္မတ သွားရောက်စဉ် လုံခြုံရေးအစီအစဉ် တင်းကျပ်လွန်းသည်ဟု ဂျပန်ဘက်က ဆိုလာပြန်သည်။ ရန်ကုန်မြို့ အာဇာနည်ဗိမာန်တွင် ဗုံးပေါက်ကွဲခဲ့သည်မှာ မကြာလှသေး။ လူ ၁၆ ဦး သေဆုံးခဲ့သည်။ ထိုအထဲတွင် ဝန်ကြီးများလည်းပါဝင်သွားခဲ့သည်။

အဆိုပါ ဗုံးဖောက်ခွဲမှုသည် အရှေ့အာရှတွင် တိုးပွားလာနေသော အကြမ်းဖက်မှုများကို ညွှန်ပြနေသည်ဟု ဆိုပါက ရီဂင်၏ လုံခြုံရေးကို အထူးဂရုစိုက်ရမည်ဖြစ်သည်။ မေဂျီဘုရားကျောင်းကဲ့သို့ အများဝင်ထွက်နေသည့်အရပ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သို့ သမ္မတတစ်ဦးအနေဖြင့် မသွားသင့်ပေ။ သို့သော် မဖြစ်မနေသွားရမည်ဟု ဂျပန်ဘက်က အတင်းအကျပ် တောင်းဆိုသည့်အတွက် လိုက်လျောရခြင်းဖြစ်သည်။

မေဂျီဘုရားကျောင်းသည် ဂျပန်လူမျိုးတို့ အထွတ်အမြတ်နေရာဖြစ်သည့်အလျောက် ဂျပန်လုံခြုံရေးများက မထိရဲ မကိုင်ရဲဖြင့် စေ့စေ့စပ်စပ် မရှာဖွေကြမည်ကို ကျွန်တော်က စိုးရိမ်သည်။ ထို့ကြောင့် ကျွန်တော်တို့ အေးဂျင့်များက ဘုရားကျောင်းကို ရှာဖွေရှင်းလင်းပေးမည်ဟု အဆိုပြုသော်လည်း ဂျပန်ဘက်က တူးတူးခါးခါး ဖြစ်နေသည်။ ဘုရားကျောင်းသို့ ရောက်လာကြမည့်သူများကို သတ္တုရှာစက်ဖြင့် စစ်ဆေးရန်ကို သူတို့ဘက်က သဘောမတူ။ ဂျပန်လုံခြုံရေးက ဘုရားကျောင်းကို ရှာဖွေရှင်းလင်းနေစဉ် အမေရိကန်အေးဂျင့်များကို ကြည့်ရှုခွင့်ပေးမည်ဆိုသည့် အာမခံချက်ဖြင့် ယာယီသဘောတူလိုက်ရသည်။

နောက်တစ်ကြိမ် အပြီးသတ်ဆွေးနွေးပွဲ လုပ်ရပြန်သည်။ ဂျပန် အစိုးရအရာရှိဆယ်ဦးနှင့် ကျွန်တော်တို့ သုံးရက်တိုင် ဆွေးနွေးသော်လည်း အချို့ကိစ္စများမှာ မပြေလည်သေး။ ရဲချုပ် 'မိုတိုအီရှီ'သည် အသက်ငါးဆယ်ခန့်ရှိပြီး၊ လူလုံးထွားထွား ဆံပင်ပါးပါးနှင့် ဖြစ်သည်။

သူသည် အလွန်ခေါင်းမာသည်။ ဘုရားကျောင်းကို ရှာဖွေရှင်းလင်းရာတွင် ကျွန်တော့်အေးဂျင့်များ ပါဝင်လာမည်ကို သူက ပြင်းပြင်းထန်ထန် ဆန့်ကျင်နေသည်။ ယာဉ်တန်းထဲတွင် သူတို့ဘက်မှ မော်တော်ယာဉ်ကို ထည့်သွင်းခွင့်ပြုရမည်ဟုလည်း အတင်းအကျပ်တောင်းဆိုသည်။ ဘုရားကျောင်းသို့ ရောက်လာကြမည့် ပရိသတ်ကို သတ္တုရှာစက်ဖြင့် ရှာရန်လည်း သူက သဘောမတူ။ ကျွန်တော်တို့ မည်မျှဖျောင်းဖျသည်ဖြစ်စေ၊ ကျိုးကြောင်းပြသည်ဖြစ်စေ သူက တင်းခံနေသည်။

မကြာခဏဆိုသလို အစည်းအဝေးခန်းတွင်းမှထွက်ကာ ဆွေးနွေးပွဲတိုးတက်မှု အခြေအနေကို ဝါရှင်တန်ရှိ လုံခြုံရေး အကြီးအကဲထံသို့ ကျွန်တော်က တင်ပြသည်။ ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး မိုက်မင်းစဖီးလ်ထံသို့ သတင်းပို့သည်။ သံအမတ်ကြီးသည် ဆီးနိတ်လွှတ်တော်အမျိုးမှ ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၇ ခုနှစ် သမ္မတ ဂျင်မီကာတာက အသက် ၇၇ နှစ်ရှိပြီဖြစ်သော သူ့အား သံအမတ်ခန့်အပ်သည်။ မင်းစဖီးလ် နိုင်ငံရေးမှ အငြိမ်းစားမယူမီ ချီးမြှောက်သည့်သဘောဖြစ်ပေလိမ့်မည်။ သူသည် ဒဏ္ဍာရီဆန်သော လူတော်တစ်ဦးဖြစ်သည်။ သမ္မတရီဂင်က သူ့အား ဆက်လက်ခန့်ထားသဖြင့် ၁၉၈၉ ခုနှစ်အထိ သံအမတ်အဖြစ် တာဝန်ထမ်းဆောင်ရသည်။ ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်များအနက် သက်တမ်းအရှည်ဆုံး၊ အချိန်အကြာဆုံး တာဝန်ထမ်းဆောင်ခဲ့သည့် အတော်ဆုံး သံအမတ်ဖြစ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးပွဲ၏ တတိယမြောက်နေ့ နေ့လယ်ပိုင်းသို့ရောက်လာသော်လည်း ဆွေးနွေးပွဲမှာ တိုးတက်မှုမရှိ။ ရဲချုပ် 'မိုတိုအီရို' နှင့် ဆွေးနွေးနေခြင်းသည် မည်သို့မျှ အကျိုးထူးတော့မည်မဟုတ်။ ထို့ကြောင့် သံအမတ်ကြီး မိုက်မင်းစဖီးလ်နှင့် ဝါရှင်တန်ရှိ လုံခြုံရေးအကြီးအကဲများထံ လိပ်ခဲတည်းလည်း အခြေအနေကို တင်ပြရသည်။ ဝါရှင်တန်စံတော်ချိန်မှာ ညသန်းခေါင်။ သမ္မတ ဝါရှင်တန်မှ ထွက်ခွာလာရန် ခြောက်နာရီမျှသာလိုတော့သည်။ သံအမတ်ကြီး ရှင်းလင်းပြောပြသည်ကို ဝါရှင်တန်ရှိ အိမ်ဖြူတော် ဒုရုံးအဖွဲ့မှူး မိုက်ဒီဗာက နားထောင်ပြီးသည့်အခါ "ကျုပ်တို့ဘက်က လိုချင်တဲ့ အခြေအနေအတိုင်း မဖြစ်ဘူးဆိုရင်တော့ သမ္မတရဲ့ ဂျပန်ခရီးစဉ်ကို ဖျက်လိုက်တော့"ဟု ပြတ်သားသည့် အဖြေကိုပေးသည်။

သံအမတ်ကြီးသည် တယ်လီဖုန်းကို ချလိုက်သည်။ ကျွန်တော်တို့အား အတန်ကြာ စိုက်ကြည့်နေပြီး နောက် ဝန်ကြီးချုပ် နာကာဆိုနေ၏ ရုံးနံပါတ်ကိုလှည့်သည်။ ဝန်ကြီးချုပ်နှင့်တွေ့လိုကြောင်း သံအမတ်ကြီး၏ မေတ္တာရပ်ခံချက်ကို ဝန်ကြီးချုပ်က ချက်ချင်းပင် သဘောတူလျက် တစ်နာရီအကြာတွင် ဝန်ကြီးချုပ်၏ နေအိမ်၌ လာတွေ့ရန်ချိန်းသည်။ သမ္မတကြီး ထွက်ခွာလာရန် ငါးနာရီသာလိုတော့သည်။

ဝန်ကြီးချုပ်က ကျွန်တော်တို့အဖွဲ့အား စောင့်ကြိုနေပြီး အစည်းအဝေးခန်းမသို့ ဦးဆောင်ခေါ်သွားသည်။ လက်ဖက်ရည်နှင့် တည်ခင်းသည်။ သံအမတ်ကြီးက ဝန်ကြီးချုပ်အား အခြေအနေကို အကျဉ်းချုပ်ပြောပြပြီး ကျွန်တော်က အသေးစိတ် ရှင်းလင်းတင်ပြသည်။ ယာဉ်တန်းတွင် မော်တော်ယာဉ် ထပ်မံထည့်သွင်းလိုခြင်းကိစ္စ၊ မေဂျီဘုရားကျောင်းတွင် လုံခြုံရေးစစ်ဆေးသည့် ကိစ္စတို့တွင် သဘောတူညီချက်မရနိုင်ဘဲ ဖြစ်နေကြောင်းကို ကျွန်တော် တင်ပြသည်။ ကျွန်တော် တင်ပြမှုအဆုံးတွင် သံအမတ်ကြီးက "ဒီပြဿနာတွေမှာ သဘောတူညီချက်မရဘူးဆိုရင် သမ္မတကြီး ခရီးစဉ်လာရောက်ဖို့ ခက်ခဲပါလိမ့်မယ်"

ဝန်ကြီးချုပ် နာကာဆိုနေသည် လက်ဖက်ရည်ပန်းကန်လုံးထဲသို့ သကြားတုံး တစ်တုံးပြီးတစ်တုံး ထည့်ပြီး ညင်သာစွာ မွှေရမည့်အစား ဖိချေပစ်နေသည်။ ပြည်တွင်းထောက်ခံမှုလျော့ကျနေသည့် အချိန်တွင် ရီဂင်၏ ခရီးစဉ်သည် သူ့အတွက် အထူးပင်အရေးကြီးနေသည်။ ခရီးစဉ်ပျက်သွားမည်ဆိုပါက အကျိုးဆက်သည် သူ့အပေါ်သို့ ကျရောက်လာမည်ဖြစ်သည်။

သူက ခဲတံအချို့ကိုယူပြီး စားပွဲပေါ်တွင် ယာဉ်တန်းပုံစံ စီချလိုက်သည်။ ဂျပန်လုံခြုံရေး မော်တော်ယာဉ်လိုက်ပါနိုင်မည့် နေရာကို သူကရှာသည်။ ကျွန်တော်က ယာဉ်တန်းအတွင်းရှိ တစ်စင်းစီ၏ တာဝန်နှင့်လုပ်ငန်းကို ရှင်းပြသည်။ ဂျပန်လုံခြုံရေးယာဉ်လိုက်ပါရန် နေရာမရှိသည်ကို ဝန်ကြီးချုပ်က သဘောပေါက်သွားသည်။ သူက ဝန်ကြီးအဖွဲ့ အတွင်းရေးမှူး (ဝန်ကြီးအဖွဲ့တွင် ဝန်ကြီးချုပ်ပြီးလျှင် အာဏာအရှိဆုံးလူ)ထံ ဖုန်းဆက်ပြီး အစည်းအဝေး ကျင်းပနိုင်းသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးချုပ်၏ ရုံးခန်းမှ အစည်းအဝေးခန်းသို့ ကျွန်တော်တို့ပြောင်းကြသည်။ အခန်းထဲတွင် ကျွန်တော်နှင့် သုံးရက်လုံးလုံး ဆွေးနွေးခဲ့ကြသူအားလုံး တွေ့ရသည်။ ယင်းတို့အထဲတွင် ရဲချုပ်မိုတိုအီရှီလည်းပါဝင်သည်။ သူက ကျွန်တော့်ဆီ ရောက်လာပြီး ဒေါသတကြီးဖြင့် " ခင်ဗျား ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ" သူ့အား ကျော်၍ ဝန်ကြီးချုပ်ထံသွားသည်ကို သူက မကျေနပ်။

"ခင်ဗျားကို ကျုပ် အစကတည်းက ပြောခဲ့တယ်မဟုတ်လား။ ဒါဟာ သိပ်အရေးကြီးတဲ့ ကိစ္စပါဆိုတာ" ဟု သူ့အားပြောလိုက်သည်။

အစည်းအဝေးအစပိုင်းတွင် အနည်းငယ်တင်းတင်းမာမာ ဖြစ်သော်လည်း မေဂျီဘုရားကျောင်းတွင် မိုင်းရှင်းနေစဉ် ကျွန်တော်တို့ အေးဂျင့်များက စောင့်ကြည့်ခွင့်နှင့် ရောက်လာမည့်သူများကို သတ္တုရှာစက်ဖြင့် စစ်ဆေးခွင့်တို့ကို ရလိုက်သည်။ ဂျပန်ဘက်ကိုလည်း လိုက်လျောသည့်အနေဖြင့် ယာဉ်တန်းတွင် သူတို့၏ မော်တော်ယာဉ် ထည့်သွင်းရန် သဘောတူပေးလိုက်သည်။ သမ္မတကြီး ဝါရှင်တန်မှ မထွက်ခွာမီ လေးနာရီအလိုတွင် ကျွန်တော်တို့ သဘောတူညီချက် ရသည်။

ကြိုဆိုရေး အစီအစဉ်များ နေသားတကျ ရှိ မရှိ စစ်ဆေးရန် လေဆိပ်သို့ နံနက်စောစော ရောက်သွားသည်။ သမ္မတကြီးသည် လေယာဉ်ပေါ်မှ ဆင်းလာပြီး ကိုက်ငါးဆယ်အကွာရှိ မရိန်းဝမ်း ရဟတ်ယာဉ်ဆီသို့ လမ်းလျှောက်သွားမည်။ ရဟတ်ယာဉ်ဖြင့် အကာဆာကာ နန်းတော်သို့ သွားမည်။ လေယာဉ်မှ ရဟတ်ယာဉ်ဆီသို့လျှောက်လာစဉ် ဘေးနှစ်ဖက်ပေအနည်းငယ်အကွာမှ မော်တော်ယာဉ်နှစ်စင်းကယှဉ်လျက် မောင်းပေးမည်ဖြစ်သည်။ တစ်စုံတစ်ခုဖြစ်ပွားပါက သမ္မတအား မော်တော်ယာဉ်ဖြင့် ကယ်ထုတ်သွားရန်ဖြစ်သည်။ ယင်းသို့ အစီအစဉ်ရှိသည်ကို ဂျပန်ဘက်အား အစောပိုင်းကတည်းက ရှင်းပြထားပြီးဖြစ်သည်။

လေယာဉ်ဆိုက်ရန် ဆယ်မိနစ်အလိုတွင် ပြင်ပလုံခြုံရေးစည်းမှ အေးဂျင့်သည် အမောတကောဖြင့် ရောက်လာပြီး မော်တော်ယာဉ်နှစ်စီးမှာ လေဆိပ်တွင်းသို့ ဝင်ခွင့်မရဘဲဖြစ်နေကြောင်း သတင်းပို့လာသည်။ အနီးအနားသို့ ကြည့်လိုက်သောအခါ မလှမ်းမကမ်းတွင် မိုတိုအီရှီအား တွေ့ရသဖြင့် သူ့ထံသွားလျက်" တစ်ခုခုတော့ မှားနေပြီ ထင်တယ်။ အခုအချိန်မှာ ကားနှစ်စင်းလုံး ကွင်းထဲရောက်နေရမှာ "

သူက ခေါင်းယမ်းပြရင်း " ကားမလိုပါဘူး"

ကျွန်တော်က " ဒီကိစ္စကို ကျုပ်တို့ သဘောတူပြီးသားပါ"

" ကားမလိုပါဘူး" ဟု သူက ထပ်ပြောသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့သောအစည်းအဝေးတွင် သူ၏ အတ္တမာန ကို ထိပါးခံရခြင်းကြောင့် လက်စားချေခြင်းလော၊ သို့တည်းမဟုတ် သူ့တွင် ခိုင်လုံသော အခြားအကြောင်း တစ်ရပ်ရပ်ရှိနေခြင်းလော… ကျွန်တော်မသိ။ မည်သို့ပင်ဖြစ်စေ… ဤသို့ မေးတိုးစမ်းခြင်းမျိုးကို ကျွန်တော်လက်မခံနိုင်။ ကျွန်တော် အလျှော့ပေးလိုက်မည်ဆိုပါက ခရီးစဉ်တစ်ခုလုံးအတွက် ကျွန်တော်တို့ သဘောတူညီခဲ့သည်များ အထိပါးခံရနိုင်သည်။ ထို့ကြောင့် ကျွန်တော်က ပြတ်ပြတ်သားသားပင် "ဒီမှာ [illegible]တာ မိုတိုအီရှိ… ကားတွေ ရောက်မလာဘူးဆိုရင် သမ္မတကလည်း လေယာဉ်ပေါ်က အောက်ကို ဆင်းမှာ မဟုတ်ဘူး" ဟု ပြော လိုက်သည်။

သူက ကျွန်တော့်အား စူးစူးဝါးဝါး စိုက်ကြည့်ပြီး ပင့်သက်ကို ရှူသွင်းလိုက်သည်။ မကျေမနပ်ဖြစ်သည့် အခါ ဂျပန်လူမျိုးများသည် အသက်ကို ပြင်းပြင်းရှူသွင်းလေ့ရှိကြသည်။ ကျွန်တော် သူ့ကို ကျောခိုင်းထွက်လာသည်။ ခပ်လှမ်းလှမ်းရောက်သည့်အခါ လေယာဉ်ပေါ်တွင်လိုက်ပါလာသည့် လုံခြုံရေး အကြီးအကဲထံ ကျွန်တော်လှမ်းဆက် သွယ်သည်။

"ခင်ဗျား မြေပြင်ပေါ်ရောက်တဲ့ အခါကျတော့ ဘာလဲဆိုတာ ရှင်းပြပါ့မယ်။ အခုလုပ်ရမှာက လေယာဉ်ဆိုက် ပြီး တံခါးဖွင့်ပြီးတဲ့နောက် သမ္မတကို အောက် မဆင်းစေဘဲ သုံးမိနစ် ဆိုင်းထားပေးပါ" ဟု ပြောလိုက်သည်။

ပုံမှန်အားဖြင့်ဆိုလျှင် လေယာဉ်ဆိုက်ဆိုက်ချင်း အိမ်ဖြူတော်ဝန်ထမ်းများ၊ အေးဂျင့်များ၊ သတင်းထောက်များ သည် လေယာဉ်အမြီးပိုင်းအပေါက်မှ အပြေးအလွှားဆင်းလာကြမည်။ ယင်းတို့ အားလုံးနေရာယူပြီးသည်အထိ ငါးမိနစ်ခန့်ကြာသည်။ အားလုံးနေသားတကျဖြစ်ပြီးမှ ဦးပိုင်းတံခါးပွင့်လာမည်။ ဘင်ခရာတီးဝိုင်းက ကြိုဆိုတီးမှုတ်နေစဉ် သမ္မတက လက်ဝှေ့ယမ်းပြပြီး လေယာဉ်ပေါ်မှ ဆင်းလာမည်။

ကိုယ်ထည်အဖြူတွင် အလျားလိုက်အပြာစင်း ရေးခြယ်ထားသော ဘိုးရင်း ၇၀၇ သည် ကောင်းကင်ယံ မြင်ကွင်းထဲသို့ရောက်လာသည့် အချိန်တွင် မိုတိုအီရှိက ကျွန်တော်နှင့် ပေါင်းဆယ်အကွာတွင် ရှိနေသည်။ လေယာဉ် ဆင်းသက်လာပြီး ကျွန်တော်တို့ရပ်နေရာသို့ ဖြည်းဖြည်းချင်း ရွေ့လျားရောက်ရှိလာသည်။

ဆိုက်ကပ်ချိန် ဆယ်နာရီတိတိတွင် လေယာဉ်က သတ်မှတ်နေရာ၌ အတိအကျရပ်သည်။ သမ္မတ၏ လေယာဉ်မှူးသည် စက္ကန့်မလွဲ တိကျမှုကို များစွာဂုဏ်ယူသည်။ လေယာဉ်ဆိုက်ရောက်သည့်အခါ ဦးပိုင်းတွင် တပ်ဆင် ထားသည့် အဏုမြူနာရီကို သမ္မတရီဂင်သည် အမြဲစောင့်ကြည့်လေ့ရှိသည်။ လေယာဉ် အနည်းငယ် နောက်ကျသည့် အခါ လေယာဉ်မှူးသည် လေယာဉ်ကို ဆိုက်ကပ်ရာတွင် ပြေးလမ်းပေါ်၌ တစ်နာရီ မိုင်ကိုးဆယ်ဖြင့် ရွေ့လျားစေပြီး အနည်းငယ် စောနေပါက တစ်နာရီ ငါးမိုင်နှုန်းဖြင့် ရွေ့လျားစေသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပဲ့ပိုင်းတံခါးပွင့်သွားပြီး အိမ်ဖြူတော်ဝန်ထမ်းများ၊ သတင်းသမားများနှင့် အေးဂျင့်များ တက်သုတ်ရိုက်ဆင်းပြေးလာကြသည်။ အချို့အေးဂျင့်များ ကျွန်တော့်ထံရောက်လာကြသည်။ အေးဂျင့် ခေါင်းဆောင်က သူ့လူများကို အော်ဟစ်အမိန့်ပေးလျက် နေရာချနေသည်။ မော်တော်ယာဉ်နှစ်စင်းမှာ ပေါ်မလာသေး။

အားလုံးက သမ္မတကြီးဆင်းလာမည်ကို စောင့်ဆိုင်းနေကြသည်။ လေယာဉ်လေ့ကားခြေရင်းတွင် ပန်းစည်းဆက်မည့် ကျောင်းသူလေးများ၊ ထို့နောက်မှ ကြိုဆိုနှုတ်ဆက်ကြမည့် အရာရှိကြီးများ စောင့်ဆိုင်းနေကြသည်။ လေယာဉ်တံခါးပွင့်သွားသည့်အခါ ဘင်ခရာတီးဝိုင်းက သမ္မတကြီးအား ကြိုဆိုနှုတ်ခွန်းဆက်တေးကို တီးမှုတ်လေသည်။ သို့သော် သမ္မတကြီး၏ အရိပ်ယောင် မမြင်ရသေး။ ကျွန်တော်က တားထားသည့်အတွက် သမ္မတက ထွက်မလာ။

မိုတိုအီရှီသည် စိတ်လှုပ်ရှားစွာဖြင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်ကို မျက်လုံးထောင့်စွန်းမှ ကျွန်တော် မြင်နေရသည်။ သူ့ဘက်သို့ ကျွန်တော် လုံးဝမကြည့်ဘဲနေသည်။ သူ့အား ပြတ်ပြတ်သားသား ပြောပြီးဖြစ်သဖြင့် သူနှင့် ထပ်မံဆွေးနွေးရန် မလိုအပ်တော့။ သမ္မတကြီး မည်သည့်အတွက် ထွက်မလာသေးသည်ကို ကျွန်တော်နှင့် မိုတိုအီရှီနှစ်ဦးသာ သိသည်။ အခြားမည်သူမျှ မသိ။

မိုတိုအီရှီက အနီးရှိ သူ့လူတစ်ယောက်အား ခေါင်းညိတ်ပြလိုက်သည်။ ကားနှစ်စင်းရောက်လာသည်။ သမ္မတကြီးသည် ပြုံးရယ်လျက် တံခါးပေါက်တွင် ပေါ်လာသည်။ ဤသို့ စတင်ကာ ဂျပန်ခရီးစဉ် ချောမောစွာ ပြီးဆုံးခဲ့ရလေသည်။

အိမ်ဖြူတော် စင်္ကြံလမ်းတွင် သမ္မတကြီး လတ်တလော လှုပ်ရှားသွားလာမှု ဓာတ်ပုံများကို ချိတ်ဆွဲထားသည်။ တစ်နေ့ ထိုဓာတ်ပုံများအနီး ဖြတ်သန်းလျှောက်သွားစဉ် မိုတိုအီရှီ သမ္မတအနီးတွင် ရပ်နေသည့် ဂျပန်ခရီးစဉ်ဓာတ်ပုံကို တွေ့မိသည်။ ဓာတ်ပုံပေါ်တွင် သမ္မတကြီးအား လက်မှတ်ရေးထိုးစေလျက် မိုတိုအီရှီထံ စာတိုက်မှ ပေးပို့ခဲ့ပါသည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၃ အကာအကွယ်ပေးခြင်း

လူတစ်ယောက်သည် အိမ်ဖြူတော်ရှေ့ ပင်ဆဲလ်ဗေးနီးယားရိပ်သာလမ်းမှ နေလျက် အိမ်ဖြူတော်သို့ သေနတ်ဖြင့် ပစ်သည်ဆိုပါက ရဲအရေးပိုင်သော ရာဇဝတ်မှုဖြစ်သည်။ ဝါရှင်တန်နေပြည်တော် ရဲ၏ ဖမ်းဆီးခြင်းကို ခံရမည်။ အကယ်၍ ထိုသူသည် လမ်းပေါ်မှ မဟုတ်ဘဲ (အိမ်ဖြူတော် တစ်ဘက်ကမ်း) ပလက်ဖောင်းပေါ်မှ အိမ်ဖြူတော်သို့ သေနတ်ဖြင့်ပစ်သည်ဆိုပါက ပန်းခြံစောင့်ရဲ၏ ဖမ်းဆီးအရေးယူခြင်းကို ခံရမည်။ ယင်းသို့ မဟုတ်ဘဲ အိမ်ဖြူတော်ခြံစည်းရိုးကို ကျော်ဝင်လျှင် အိမ်ဖြူတော်ရဲ၏ ဖမ်းဆီးအရေးယူခြင်းကို ခံရမည်။

အကယ်၍ အကြင်သူသည် ပင်ဆဲလ်ဗေးနီးယားလမ်းမပေါ်မှ အိမ်ဖြူတော်သို့ သေနတ်ဖြင့် တစ်ချက်ပစ်မည်၊ လမ်းတစ်ဘက်သို့ကူးကာ ပလက်ဖောင်းပေါ်မှ နောက်တစ်ချက်ပစ်မည်၊ ထို့နောက် အိမ်ဖြူတော်ခြံစည်းရိုးကို ခုန်ကျော်၍ ဝင်ရောက်မည်ဆိုပါက သူ့အား မည်သည့်ဌာနက အရေးယူရမည်ကို ဥပဒေတွင် သဲသဲကွဲကွဲ ဖော်ပြမထားချေ။

အိမ်ဖြူတော် ခြံစည်းရိုးအပြင် မြက်ခင်းသည် အပြင်လုံခြုံရေးစည်း ဖြစ်သည်။ ခြံစည်းရိုးအတွင်းပိုင်းသည် အတွင်းလုံခြုံရေးစည်းဖြစ်ပြီး ယူနီဖောင်းဝတ် အိမ်ဖြူတော်ရဲများက တာဝန်ယူရသည်။ အိမ်ဖြူတော်ရဲတပ်ဖွဲ့တွင် ခွေးတပ်စုပါဝင်သည်။ ကားနှင့် အဆောက်အဦအတွင်း ပေါက်ကွဲစေတတ်သော ပစ္စည်းများကို ခွေးတပ်ဖွဲ့က ရှာဖွေပေးသည်။ ချောင်းမြောင်းပစ်ခတ်မှု တန်ပြန်ချေမှုန်းရေးတပ်ဖွဲ့ (Counter Assult Team- CAT)ကို အမိုးများပေါ်တွင် မှန်ပြောင်းတပ် မောင်းပြန်သေနတ်ကိုယ်စီဖြင့် နေရာချပေးထားသည်။ အိမ်ဖြူတော်နှင့် ဒုတိယ သမ္မတအိမ်တော်တို့တွင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အီလက်ထရောနစ် လုံခြုံရေးကိရိယာများစွာကို တပ်ဆင်ထားသည်။ ယင်းတို့တွင် စောင့်ကြည့်ရုပ်မြင်ကင်မရာများ၊ အချက်ပေးကိရိယာနှင့် ကန့်သတ်နယ်မြေအတွင်း လှုပ်ရှားမှုကို ဖော်ထုတ်အချက်ပေး ကိရိယာများ ပါဝင်ပြီး အဆင့်မြင့်ကိရိယာများ ဖြစ်သည်။ သို့သော် ကိရိယာအပေါ် လုံးလုံးလျားလျား အားကိုး၍ မဖြစ်။ ထို့ကြောင့် အေးဂျင့်များသည် မရှိမဖြစ် လိုအပ်လာလေသည်။

အိမ်ဖြူတော်ခြံဝင်းကို တစ်ယောက်ယောက် ခုန်ကျော်ဝင်လာလျှင် အချက်ပေး ခေါင်းလောင်းများမြည်လာမည်။ အိမ်ဖြူတော်ရဲများ ချက်ချင်းရောက်လာကြမည်။ ခုန်ကျော်ဝင်လာသူသည် မြေကြီးနှင့် ထိလိုက်သည်နှင့် အဖမ်းခံရသည်က များသည်။ အချက်ပေးခေါင်းလောင်းများ မြည်လာသည့်အခါ အိမ်ဖြူတော်၏ အတွင်းလုံခြုံရေးစည်းတွင် တာဝန်ယူထားသည့် အေးဂျင့်များသည် သမ္မတအနီးတွင် နေရာယူကြရသည်။

ခြံဝင်းကို ခုန်ကျော်ဝင်လာသူများသည် မည်သည့်အခါကမျှ အိမ်ဖြူတော် အဆောက်အဦသို့ ရောက်မလာခဲ့ကြ။ ခြံဝင်းကို ခုန်ကျော်ဝင်လာကြသူများသည် သမ္မတအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ကြသူများ မဟုတ်ကြ။ သေနတ်ဖြင့် အပစ်ခံရခြင်း၊ အဖမ်းခံရခြင်းတို့ဖြင့် နာမည်ကျော်ကြားလိုကြသူများ ဖြစ်သည်။ အများ၏ အာရုံစိုက်မှုကို လိုချင်သူများသာ ဖြစ်ကြသည်။

ထိုသူသည် အိမ်ဖြူတော်သို့ ချဉ်းကပ်လာနိုင်စေဦးတော့ အတွင်းသို့ ဝင်နိုင်မည်မဟုတ်ပေ။ အချက်ပေးခေါင်းလောင်းများ မြည်လာသည့်နှင့် အိမ်ဖြူတော် တံခါးများသည် အလိုအလျောက် ပိတ်သွားပြီးဖြစ်လေသည်။

အိမ်ဖြူတော်အတွင်း ဝင်ရောက်နိုင်သည်ဆိုစေဦးတော့ သမ္မတရုံးထိုင်ရာ ဘဲဥပုံ ရုံးခန်းတွင်းသို့ ဝင်ရောက်နိုင်မည် မဟုတ်ပေ။ ရုံးခန်းရှိ တံခါးလေးပေါက်မှာလည်း အလိုအလျောက် သော့ပိတ်ပြီးဖြစ်နေသည်။ ထိုတံခါးလေးပေါက်သည် သာမန်တံခါးများကဲ့သို့မဟုတ် ထိုတံခါးများကို ဖွင့်နည်းသိရန်လိုအပ်သည်။ သမ္မတ၏ မော်တော်ယာဉ် တံခါးသည်လည်း ထိုစနစ်အတိုင်းဖြစ်သည်။

အိမ်ဖြူတော်ခြံဝင်းကို ခုန်ကျော်ဝင်လာသူ အများအပြားရှိသော်လည်း ခုန်ကျော်ဝင်လာသည့် ကိစ္စတိုင်းကို သတင်းစာများတွင် ဖော်ပြလေ့မရှိ။ သို့သော် သေနတ်ဖြင့် အပစ်ခံရသည်ဆိုလျှင်တော့ ဖော်ပြခံရသည်။ လုံခြုံရေးအရေးပေါ် အခြေအနေဖြစ်ပျက်လာပါက မည်သို့လှုပ်ရှားရမည်ကို သမ္မတအား အသိပေးထားသည်။ စက်တင်ဘာ ၁၁ ရက် အဖြစ်အပျက်တွင် သမ္မတအား လုံခြုံသောနေရာသို့ ရွှေ့ထားခဲ့ရသည်။ ဒုတိယ သမ္မတ ချေနီသည်လည်း အကြိမ်အတော်များများ လုံခြုံသောနေရာသို့ ရွှေ့ထားခံရဖူးသည်။ ယင်းသို့ ပြောင်းရွှေ့ခြင်း လေ့ကျင့်မှုကို အေးဂျင့်များ အကြိမ်ကြိမ်အဖန်ဖန် လေ့ကျင့်ကြရသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com


အိမ်ဖြူတော်တွင် လုံခြုံရေးစခန်းရုံး နှစ်ခုရှိသည်။ တစ်ခုမှာ အိမ်ဖြူတော် ရဲစခန်းရုံးဖြစ်ပြီး ကျန်တစ်ခုမှာ အေးဂျင့်များ၏ စခန်းရုံးဖြစ်သည်။ အေးဂျင့်စခန်းရုံးသည် မြေညီထပ်ရှိ အယ်လ်ပုံစံရုံးဖြစ်သည်။ တစ်ပိုင်းသည် ပထမထပ်ရှိ ဝန်ကြီးအဖွဲ့ရုံးခန်းအောက်တွင်ဖြစ်ပြီး ကျန်တစ်ပိုင်းမှာ ဘဲဥပုံရုံးခန်း၏ အောက်တည့်တည့်တွင် ဖြစ်သည်။ ကျွန်တော့်အမေ မကြာခဏ ကြွားဝါတတ်သည်မှာ " ကျွန်မသားရဲ့ အလုပ်စားပွဲဟာ သမ္မတကြီးရဲ့ စားပွဲရဲ့ အောက်တည့်တည့် ဆယ်ပေပဲ ကွာတယ်" ဟူသတည်း။

အိမ်ဖြူတော်ဆေးခန်းသည် အိမ်ဖြူတော်၏ သမ္မတစံအိမ်အပိုင်း အောက်ထပ် မြေပုံခန်းနှင့် ကပ်လျက်တွင်ရှိသည်။ ဆေးခန်းတွင် အရေးပေါ်ကုသမှုအားလုံး လုပ်နိုင်သည်။ ထို့ပြင် ဂျော့ဝါရှင်တန် ဆေးတက္ကသိုလ်ဆေးရုံနှင့် အိမ်ဖြူတော်သည် လေးမိနစ် ခရီးသာရှိသည်။ ဓာတ်ပုံဆရာများရုံးခန်းသည် အေးဂျင့်ရုံးခန်း၏ အဆုံးတွင် ရှိသည်။ ယင်းနှင့် ကပ်လျက်သားမှာ ဆံပင်ညှပ်သည့် နေရာဖြစ်သည်။ ဆံသခုံ တစ်ခုံသာရှိသည်။ ဆံသသမားသည် အပြင်မှလာရောက်သူဖြစ်ပြီး ထိုအခန်းတွင် သမ္မတ တစ်ဦးတည်းသာ ဆံပင်ညှပ်သည်။

ဆက်သွယ်ရေးကို တာဝန်ယူထားသော အချက်ပြဆက်သွယ်ရေးတပ်စုက သမ္မတနှင့် ပတ်သက်သော စကားဝှက်မှန်သမျှကို သတ်မှတ်ပေးသည်။ သမ္မတ ဟူသော ဝေါဟာရကို လေလှိုင်းပေါ်တွင် အသုံးမပြုလိုသဖြင့် စကားဝှက်သတ်မှတ်မှုကို စတင်ခဲ့ခြင်းဖြစ်သည်။ စကားဝှက်များသည် အသံထွက်ရလွယ်ကူသော၊ မှတ်သားရန် လွယ်ကူသော စကားလုံးများသာ ဖြစ်ရသည်။

ဥပမာအားဖြင့် သမ္မတရီဂင်ကို ခေါ်ဝေါ်သည့်စကားဝှက်သည် 'သားရေစိမ်း'ဖြစ်ပြီး၊ သမ္မတကတော် နန်စီရီဂင်မှာ 'သက်တံ'ဖြစ်သည်။ သမ္မတ၏ မော်တော်ယာဉ်အား 'ရထားလုံး'ဟု သတ်မှတ်ပေးထားသည်။ သမ္မတ၏ အနီးကပ်မော်တော်ယာဉ်အား "နောက်တန်းအလယ်လူ"ဟု သတ်မှတ်ထားသည်။

ဒုတိယသမ္မတ နယ်လ်ဆင် ရော့ဖဲလားအား 'သံမှန်တိုင်း'ဟုလည်းကောင်း၊ ယင်း၏ ဇနီးအား 'ကြယ်ပျံ' (Shooting Star)ဟုလည်းကောင်း စကားဝှက်ပေးထားသည်။ ထိုစကားဝှက်တွင်ပါသည့် ပစ်ခတ်ခြင်းဟု အသံထွက်သည့်စကားလုံးသည် ရေဒီယိုလှိုင်း မကြည်လင်သောအခါတွင် အဓိပ္ပာယ် အကောက်လွဲကာ ရှုပ်ထွေးနိုင်သည့်အတွက် (Stardust)ဟု ပြောင်းလိုက်ရသည်။ ယင်းသို့ ပေးထားသော စကားဝှက်များ စာရင်းကို ယခုအခါ အင်တာနက်ပေါ်တွင် ရှာဖွေကြည့်ရှုနိုင်သည်။

အမေရိကန်အစိုးရ ဧည့်သည်တော်အဖြစ် လာရောက်သူများကိုလည်း စကားဝှက်များပေးထားသည်။ အိမ်ရှေ့စံချားလ်မင်းသားကို (Unicorn) ဟုလည်းကောင်း၊ အယ်လီဇဘက်ဘုရင်မကြီးအား (Kittyhawk) ဟုလည်းကောင်း၊

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖရင့်စီနာထရာအား 'နပိုလီယံ' ဟုလည်းကောင်း၊ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်အား (Halo)ဟုလည်းကောင်း စကားဝှက်များ သတ်မှတ်ထားခဲ့ဖူးသည်။

အိမ်ဖြူတော်သို့ လာရောက်သူတိုင်းကိုသာမက ဝင်ရောက်လာသော အရာဝတ္ထုမှန်သမျှကိုလည်း အေးဂျင့်များက စစ်ဆေးစိစစ်သည်။ မည်သို့စစ်ဆေးသည်ကို အသေးစိတ်ပြောမပြနိုင်။ သမ္မတကြီးအတွက် ရောက်ရှိလာသော ပေးပို့လာသော အစားအသောက်များကိုလည်း စစ်ဆေးရသည်။

ကျေးဇူးတော်နေ့၊ ခရစ္စမတ်နေ့ကဲ့သို့ အခါကြီးရက်ကြီးများတွင် သမ္မတကြီးထံ ကိတ်မုန့်၊ ဘီစကွတ်၊ ကြက်ဆင်သားကင် စသည့် စားသောက်ဖွယ်ရာများကို ပေးပို့လာကြသည်။ ထိုသို့ရောက်ရှိလာသော အစားအစာမှန်သမျှကို ကျွန်တော်တို့က ဖျက်ဆီးပစ်သည်။ ထိုအစားအစာများသည် သမ္မတကြီးအတွက် စိတ်ချရသော အစားအစာများ မဟုတ်ဟု သတ်မှတ်ထားသည်။

အလားတူစွာပင် စာနှင့် ပါဆယ်ထုပ်များကို စစ်ဆေးစိစစ်ရသည်။ အဝေးသို့ ရောက်နေသော သမီးဖြစ်သူက သမ္မတကြီးထံ မွေးနေ့ဆုမွန်လွှာပေးပို့လိုသည်ဆိုပါက ပေးပို့ရန် လိပ်စာသီးသန့်ရှိသည်။ ဆွေမျိုးမိတ်သင်္ဂဟ အရင်းအချာများက သမ္မတကြီးထံ တယ်လီဖုန်းဆက်သွယ်ရန် သီးခြားတယ်လီဖုန်းလိုင်း သတ်မှတ်ပေးထားသည်။

အိမ်ဖြူတော်၏ မြေတိုက်ခန်းတွင် ဘိုးလင်းကစားကွင်းရှိသည်။ အိမ်ဖြူတော်အတွင်း၌ တစ်ချိန်က ရေကူးကန်ရှိခဲ့ဖူးသည်။ သမ္မတနစ်ဆင်လက်ထက်တွင် ရေကူးကန်ကို အပေါ်မှ ခင်းလိုက်ပြီး သတင်းစာရှင်းလင်းပွဲ ခန်းမဆောင် လုပ်ထားသည်။ သမ္မတဂျယ်ရယ်ဖို့ဒ်လက်ထက်တွင် ရေကူးကန်ကို အိမ်ဖြူတော်အပြင်တွင် တည်ဆောက်သည်။ တင်းနစ်ကွင်းနံဘေးတွင် ဖြစ်သည်။ တင်းနစ်ကွင်းနှင့် ရေကူးကန်သည် အိမ်ဖြူတော် ပြင်ပတွင် ရှိနေသဖြင့် အဝေးမှ မမြင်နိုင်စေရန် ကွယ်ဝှက် တည်ဆောက်ထားသည်။

ရီဂင်သည် ကာယလေ့ကျင့်ခန်း ပြုလုပ်လေ့ရှိသဖြင့် အိမ်ဖြူတော် စံအိမ်အပိုင်းတွင် အားကစားရုံတစ်ရုံ တည်ဆောက်ပေးထားသည်။ သူ သေနတ်အပစ်ခံရပြီးနောက် ကြွက်သားများ ပြန်လည်သန်စွမ်းလာစေရန် ကာယလေ့ကျင့်ခန်းများ လုပ်ရသည်။ ယင်းသို့ လေ့ကျင့်ခန်းလုပ်ခြင်းဖြင့် သူ၏ ရင်အုံအတိုင်းအတာ တစ်လက်မ တိုးလာသည်ဟု ရီဂင်က ကြွားဝါလေ့ရှိသည်။ လေ့ကျင့်ခန်း မှန်မှန်လုပ်သဖြင့် သမ္မတရီဂင်သည် အသက်ခုနစ်ဆယ် ရှိနေပြီဖြစ်သော်လည်း ကျန်းမာသန်စွမ်းနေသည်။

သမ္မတကြီး ကားမောင်းခြင်းကို ကျွန်တော်တို့ ခွင့်မပြုပေ။ သို့ရာတွင် သူ ပိုင်ခြံတွင်ထားရှိသော ဂျစ်ကားကိုမူ တစ်ခါတစ်ရံ မောင်းခွင့်ပြုထားသည်။ ရီဂင်သည် အင်္ကျီအိတ်ထဲတွင် လက်ကိုင်ပဝါနှင့် ပလတ်စတစ်ကတ်ပြား

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသာ ထည့်ထားလေ့ရှိသည်။ အဏုမြူစစ်ပွဲဆင်နွှဲရန် အမိန့်ပေးသည့် ကိရိယာ (ထိုကိရိယာကို football ဟု အမည်ပေးထားသည်) အသုံးပြုနည်းကို ကတ်ပြားပေါ်တွင် ဖော်ပြထားသည်။ ထိုကိရိယာကို တပ်မတော်အရာရှိ တစ်ဦးက သယ်ဆောင်လျက် သမ္မတ သွားလေရာသို့ အမြဲလိုက်ပါရသည်။ ထို တပ်မတော် အရာရှိနှင့် ဆရာဝန်တစ်ဦးတို့သည် သမ္မတ သွားလေရာ ထက်ကြပ်မကွာ လိုက်ပါရသူများ ဖြစ်သည်။

ရီဂင် သမ္မတအဖြစ် ကျမ်းသစ္စာ မကျိန်ဆိုမီတွင် တပ်မတော် အရာရှိက အဏုမြူစစ်ပွဲဆင်နွှဲရပါက ကိရိယာကို ထိုသို့အသုံးပြုရမည်ကို သူ့အား ရှင်းလင်းပြသသည်။ ရီဂင်က "ဒီခလုတ်ကို အခုနှိပ်လိုက်ရတော့မလား" ဟု အရာရှိအား နောက်ပြောင်မေးမြန်းသည်။ ယင်းခလုတ်သည် အဏုမြူစစ်ပွဲ ဆင်နွှဲရန် အမိန့်ပေးသည့် ခလုတ်ဖြစ်သည်။ အပေါင်းအသင်းများ၊ လက်အောက်ငယ်သားများနှင့် နောက်ပြောင်ကျီစယ် ရယ်မောနေရသည်ကို ရီဂင်သည် လွန်စွာ နှစ်သက်သူ ဖြစ်သည်။

နှစ်စဉ်နှစ်တိုင်း ခရစ္စမတ်အခါသမယတွင် သမ္မတကြီးက အိမ်ဖြူတော် တောင်ဘက် မိုင်တစ်စိတ်ခန့်အကွာရှိ ဧရာမ ခရစ္စမတ်သစ်ပင်ကို မီးထွန်းပေးသည့် အစဉ်အလာရှိသည်။ ရီဂင်အား လုပ်ကြံရန်ကြိုးစားမှုနှင့် ဘေရွတ်ရှိ အမေရိကန် စစ်တန်းလျား ဗုံးခွဲခံရမှုတို့ကြောင့် သူ၏ လုံခြုံရေးကို အေးဂျင့်များက အထူးဂရုစိုက်လာရသည်။ ထို့ကြောင့် သစ်ပင်အနီးသွားရောက်လျက် မီးခလုတ်မဖွင့်စေဘဲ အိမ်ဖြူတော် တောင်ဘက်အဆောင် အနီးမှ လှမ်း၍ မီးထွန်းသော နည်းကို ကျွန်တော်တို့ တီထွင်ခဲ့ကြရသည်။

အိမ်ဖြူတော် တောင်ဘက်အဆောင် လှေကားရင်းတွင် အချက်ပြဆက်သွယ်ရေးတပ်ခွဲက စကားပြော မတ်တတ်ခုံတစ်ခုကို တည်ဆောက်ပေးထားသည်။ ထိုခုံပေါ်တွင် ကြီးမားသော မီးခလုတ်တစ်ခုကို တပ်ဆင်ထားသည်။ ကျွန်တော့်အဖို့ အိမ်ဖြူတော်တွင် ပထမဆုံး ခရစ္စမတ်ဖြစ်သည်။ မီးထွန်းညှိပွဲအတွက် ပြင်ဆင်ထားသည်များ နေသားတကျ ရှိ မရှိ ကျွန်တော်က လှည့်လည်ကြည့်ရှုသည်။ ထိုစဉ်တွင် ကြီးမားသော မီးခလုတ်နှင့် ဆက်သွယ်ထားသော ဝါယာကြိုး မရှိသည်ကို တွေ့ရသဖြင့် လျှပ်စစ်အင်ဂျင်နီယာအရာရှိအား···

"မီးခလုတ်နဲ့ ဆက်ထားတဲ့ ဝါယာကြိုးလည်း မတွေ့ပါလား။ မီးကို ဘယ်လိုထွန်းမှာလဲ"

"ဒီခလုတ်က မီးထွန်းပေးမှာ မဟုတ်ဘူး။ ရုပ်ပြသက်သက်ပဲ။ သမ္မတကြီးက ခလုတ်ကို ဖွင့်လိုက်တာနဲ့ ကျွန်တော်က ဝါယာလက်စက်နဲ့ မီးထွန်းလိုက်တော့ဆိုပြီး လှမ်းအမိန့်ပေးလိုက်ရင်၊ ခရစ္စမတ်သစ်ပင်က မီးခလုတ်ကို ရဲဘော်တစ်ယောက်က ဖွင့်လိုက်လိမ့်မယ်"

"ဝါယာလက်စက်က အလုပ် မလုပ်ရင် ဘယ်လိုလုပ်မလဲ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့၊ ကျွန်တော် ကိုးကြိမ် စမ်းပြီးပြီ။ အရံစက်လည်း ရှိတယ်"

ကျွန်တော်တို့ ယင်းသို့ စီမံထားသည်ကို သမ္မတကြီးအား အသိမပေးရဲပေ။ သူသည် နောက်တတ်ပြောင်တတ်သူ ဖြစ်သဖြင့် မီးခလုတ်ကို တစ်ဝက်သာ ဆွဲတင်ပြီး နောက်ပြောင်ခဲ့ပါက မီဒီယာသို့ ပေါက်ကြားပြီး အားလုံးရှုပ်ကုန်လိမ့်မည်။

ကျွန်တော် လေးစားကြည်ညိုရသည့် သမ္မတကြီးရော်နယ်ရီဂင်နှင့် သမ္မတကတော်တို့အား ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းကာကွယ်ခဲ့သည်။ မေးစရာရှိလာသည်မှာ အကယ်၍ ကျွန်တော် မချစ်မနှစ်သက် သူ၏လုံခြုံရေးကို တာဝန်ပေးခံရပါက ယင်းသို့ပင် စိတ်ရောကိုယ်ပါ ကာကွယ်ပါမည်လားဟူသော မေးခွန်းဖြစ်သည်။ ယာဆာအာရာဖတ်နှင့် ဖီဒယ်ကတ်စထရိုတို့သည် ကျွန်တော် ခံတွင်းမတွေ့သူများ ဖြစ်သည်။ သို့ရာတွင် သူတို့၏ လုံခြုံရေးတာဝန်ကို ယူရသည့်အခါတွင်လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကာကွယ်ခဲ့သည်။ တာဝန်သည် တာဝန်သာဖြစ်သည်။

အမျိုးသမီးအေးဂျင့်များသည် အမျိုးသားအေးဂျင့်များ ဆောင်ရွက်နိုင်သည့် မည်သည့်တာဝန်ကိုမဆို ထမ်းဆောင်နိုင်ကြသည်ဟု သူတို့ကိုယ်သူတို့ ယုံကြည်ကြသည်။ မှန်ပေသည်။ သူတို့သည် အမျိုးသားအေးဂျင့်များကဲ့သို့ပင် အရည်အချင်းပြည့်ဝသူများပဲ ဖြစ်ကြသည်။ သို့ရာတွင် အချို့သော အခြေအနေများတွင် အမျိုးသမီးအေးဂျင့်များ တာဝန်ချရန် မသင့်လျော်သည့် အနေအထားမျိုးလည်း ရှိတတ်သည်။ ယောကျ်ားသားများသာ တက်ရောက်ပြီး ချက်အောက်ပိုင်း ပြက်လုံးများကို ပြောကာ တသောသော ရယ်မောကြသော ပွဲမျိုးတွင် အမျိုးသမီးအေးဂျင့်များ တာဝန်ပေးရသည့်အခါမျိုး၌ မော်တော်ယာဉ်တန်းကို စောင့်ကြပ်သော တာဝန်ကိုယူစေလျက် အဆောက်အအုံပြင်ပတွင် တာဝန်ချထားရသည်။

ရော်နယ်ရီဂင်သည် သူ့အနီးအပါးတွင် တာဝန်ကျသူ မည်သူကိုမဆို ရင်းနှီးခင်မင်စွာဆက်ဆံသည်။ ကျွန်တော့်အား 'ဂျိုး'ဟု ပြောဆိုခေါ်ဝေါ်သည်။ ဝန်ထမ်းများ ပြောသမျှကိုလည်း ဂရုစိုက်နားထောင်သည်။ သို့သော် အမည်များကိုတော့ ကြိုးစားမှတ်သားထားလေ့မရှိ။ အေးဂျင့်များကို သူက 'ငါ့ကောင်တွေ'ဟု တရင်းတနှီး ခေါ်လေ့ရှိသည်။ ငါ့ကောင်တွေဟု ဆိုရာတွင် အမျိုးသမီးအေးဂျင့်များ အကျုံးဝင်သည်။ ထို 'ငါ့ကောင်တွေ' အားလုံးသည် ရီဂင်ကို လေးစားချစ်ခင်ကြသည်။

တစ်ခါတွင် သူ ဆံပင်ညှပ်နေသည်ကို ကျွန်တော်စောင့်ပေးရသည်။ အိမ်ဖြူတော် ဆံသခန်း၏ အနီးပတ်ဝန်းကျင်ကို သူ ကြည့်ရှုလိုကောင်း ကြည့်ရှုလိုမည်ကို မှန်းဆမိသဖြင့် အနီးရှိ ကင်းစောင့်အခန်းကို နေသားတကျ ပြင်ဆင်ထားရန် သတိပေးထားလိုက်သည်။ ဆံပင်ညှပ်ပြီးသောအခါ ကင်းစောင့်အခန်းကို ကြည့်ချင်ပါသလားဟု ရီဂင်အားမေးသည်။ သူက 'ကောင်းတာပေါ့'ဟု ဆိုသဖြင့် သူ့အားခေါ်သွားသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းရှိနေသော အေးဂျင့်များကို သူ နှုတ်ဆက်သည်။ အေးဂျင့်များ ပြောသမျှကို ဂရုတစိုက်နားထောင်သည်။ နံရံတွင် ချိတ်ဆွဲထားသောပုံများမှာ သမ္မတအဆက်ဆက်နှင့် အေးဂျင့်များ ယှဉ်တွဲရိုက်ကူးထားသော ဓာတ်ပုံများဖြစ်သည်။ ထိုပုံများကို သူ က စိတ်ဝင်တစားကြည့်ရှုသည်။ အခန်းနောက်ပိုင်း လှေကားအောက်တွင် သူကြည့်စေလိုအရာ နှစ်ခု ရှိနေသည့်အတွက် အခန်းတွင်းမှ ပြန်မထွက်မီ…။

"သမ္မတကြီးကို သူတို့ ပစ္စည်းထားတာလေးတွေ ပြချင်လို့ပါ"

အခန်းထောင့်တွင် ရှိနေသည်က ရီဂင်ရုပ်ရှင်မင်းသားဘဝတွင် ရိုက်ကူးခဲ့သော ရုပ်အင်္ကျီကြော်ငြာ ဓာတ်ပုံပိုစတာ။ နောက်တစ်ခုမှာ စတားလုံး၏ ကြွက်သား အမြှောင်းမြှောင်းနှင့် ဘဇူကာ လွယ်ထားသည့်ပုံတွင် ရီဂင်၏ မျက်နှာကို ဖြတ်ကပ်ထားသည့် 'ရမ်ဘို'ပိုစတာ ဖြစ်သည်။ ထိုပုံကို သူ မမြင်ဖူးသေးပေ။ ပုံကို သူအတော်ပင်သဘောကျသွားသည်။

ရီဂင့် ရုံးခန်းစားပွဲပေါ်တွင် စာတန်းတစ်ခုရှိသည်။ **"ဘယ်သူတော့ အမှတ်ရသွားမယ်ဆိုတာကို ဂရုမစိုက်တဲ့ လူအဖို့ အကန့်အသတ် အဟန့်အတား ဆိုတာမရှိဘူး"** ဟူ၍ ဖြစ်သည်။

ရီဂင်သည် အချိန်တိကျသူဖြစ်သည်။ နံနက်ကိုးနာရီတိတိတွင် ရုံးခန်းသို့ ဆင်းလာလေ့ရှိသည်။ တစ်ခါတွင် သူထွက်အလာကို အပေါ်ထပ် ဓာတ်လှေကားအနီးတွင် ကျွန်တော်ရပ်စောင့်နေသည်။ ကိုးနာရီထိုးရန် သုံးမိနစ်အလိုတွင်ဖြစ်သည်။ ခပ်ဟဟပွင့်နေသော တံခါးကြားမှအတွင်းသို့ ကျွန်တော်လှမ်းမြင်ရသည်။ ရီဂင်သည် ထွက်မလာသေးဘဲ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေသည်ကို တွေ့ရသည်။ ရီဂင်သည် နာရီကြည့်လိုက်၊ လမ်းလျှောက်လိုက်လုပ်နေသည်။ ကိုးနာရီထိုးသည်အထိ စောင့်ဆိုင်းနေခြင်းဖြစ်သည်။

သူ့ ရုံးတက်သည့်အခါအနီးမှ ကျွန်တော်လိုက်ပါရသည့်အခါတိုင်း ဘဲဥပုံရုံးခန်းတံခါးကို ဖွင့်ပေးပြီး ပြန်မပိတ်သေးဘဲ ကိုင်ထားရသည်။ အခန်းတွင်းဝင်ပြီးသည်နှင့် ပြန်ထွက်လာမည်ဖြစ်သောကြောင့် တံခါးကို မပိတ်ဘဲထားရသည်။ သူက စားပွဲအောက်ဆုံးအံဆွဲမှ မြေပဲဆန် လက်တစ်ဆုပ်ယူ၍ ဆင်ဝင်သို့ထွက်ကာ မြက်ခင်းပေါ်တွင်ကြဲချသည်။ ရှဉ့်ငယ်လေးများကို အစာကျွေးခြင်းဖြစ်သည်။ အံဆွဲထဲတွင် မြေပဲဆန် မည်သူထည့်ပေးနေသည်ကိုတော့ ကျွန်တော် မသိပေ။

သူသည် အချိန်ကို လေးစားသည့်အပြင် လုပ်ကိုင်ရာတွင်လည်း ထက်မြက် ထိရောက်သည်။ ရုပ်ရှင်မင်းသားဘဝတွင် ဇာတ်ဝင်ခန်းများကို တစ်ကြိမ်တည်း ရိုက်ရုံဖြင့် ကိစ္စပြတ်သူဟု နာမည်တစ်လုံး ရထားသူလည်းဖြစ်သည်။ မည်သည့်အခါမျှ နှစ်ခါပြန်မလုပ်ရ။ သမ္မတအဖြစ် တာဝန်ထမ်းဆောင်စဉ် မွေးနေ့ဆုတောင်းမိန့်ခွန်းမှအစ လက်နက်ချက်သိမ်းရေး မိန့်ခွန်းအဆုံးကို အမှားအယွင်း၊ အထစ်အငေါ့မရှိ ပြောနိုင်သူဖြစ်သည်။ မိန့်ခွန်းပြောရာတွင် သူ အသုံးပြုသော

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စာရွက်အတိုအစလေးပေါ်တွင် စကားလုံး အဖြတ်အတောက်၊ လေသံ အနိမ့်အမြင့်တို့ကို မျဉ်းကြောင်းလေးများဖြင့် မှတ်သားထားသည်။

ရီဂင်သည် စိတ်ရင်းဖြင့် လူတိုင်းကို တလေးတစားဆက်ဆံတတ်သည်။ သူ၏ ပင်ကိုစရိုက်က အေးဆေးတည်ငြိမ်သည့်အတွက် အနီးတွင် အမှုထမ်းရသူများအဖို့ စိတ်အေးချမ်းသာရှိသည်။ ရီဂင်သည် မည်သည့်အခါမျှ ပျာယာမခတ်။ ပျာယာခတ်ပြခြင်းဖြင့် အနီးရှိ လူများကို ဒုက္ခပေးတတ်သူမဟုတ်။ သူ့အား မနှစ်သက်သူဟူ၍ ရှားရှားပါးပါး။ သူ့ကိုလည်း ဂရုမစိုက်သူ၊ သူကလည်း ဂရုမစိုက်သူမှာ ပြင်သစ်သမ္မတ ဖရွှန်ဆွာ မီထရောင်း တစ်ယောက်သာရှိသည်။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်ဆံကြရာတွင် ပုဂ္ဂိုလ်ချင်း သဟဇာတဖြစ်မှုသည် အရေးပါလှပေသည်။ ခေါင်းဆောင်နှစ်ဦး မျက်နှာကြောမတည့်ပါက နှစ်နိုင်ငံဆက်ဆံရေးသည်လည်း နွေးနွေးထွေးထွေး မရှိနိုင်။ နှစ်နိုင်ငံဆက်ဆံရေးတွင သာမက စီးပွားရေးတွင်လည်း ထိုနည်းနှင်နှင်ဖြစ်သည်။ အဏုမြူလက်နက်လျှော့ချရေး ဆွေးနွေးသည်ဖြစ်စေ၊ ယာဉ်မောင်းငှားရမ်းသည်ဖြစ်စေ… တစ်ဦးနှင့်တစ်ဦး သဟဇာတဖြစ်ရန် လိုအပ်သည်။ မီထရောင်းသည် မလေးမစားပုံစံမျိုးတော့ မဟုတ်၊ သို့သော် အမေရိကန်ကို မထီမဲ့မြင်သည့်ဟန်ပန်က ပေါ်လွင်လွန်းသည်။

၁၉၈၆ ခုနှစ် တိုကျိုတွင် ကျင်းပသော ဂျီ-၇ ထိပ်သီးအစည်းအဝေးတွင် မီထရောင်းသည် သူ့ထုံးစံအတိုင်း မထီလေးစား လုပ်ခဲ့ပြန်သည်။ ခုနစ်နိုင်ငံမှ နိုင်ငံအကြီးအကဲများ ကမ္ဘာ့ရေးရာများကို ဆွေးနွေးညှိနှိုင်းသော အစည်းအဝေးတွင်ဖြစ်သည်။ ရီဂင် တည်းခိုရာ အမေရိကန်သံအမတ်ကြီး စံအိမ်မှ မျက်နှာစုံညီ အစည်းအဝေး ကျင်းပရာ အကာဆာကာ နန်းတော်သို့ ယာဉ်တန်းဖြင့် ထွက်ခွာလာသည်။

ကျွန်တော်သည် ခရီးစဉ်လုံခြုံရေး ဒုတိယခေါင်းဆောင်ဖြစ်သဖြင့် သမ္မတ မော်တော်ယာဉ်၏ ရှေ့ခန်းတွင် လိုက်ပါလာခဲ့ရသည်။ ယာဉ်တန်းတွင် ထုံးစံအတိုင်း မော်တော်ယာဉ် ၂၆ စီးခန့် ပါဝင်သည်။ ရှေ့ဆုံးမှသွားနေသော ပိုင်းလော့ကားသည် ယာဉ်တန်းထက် ငါးမိနစ်စောသည်။ ယင်းနောက်မှ ရှေ့ပြေးကားသည် သုံးမိနစ်စောသည်။ ထို့နောက် မော်တော်ဆိုင်ကယ် ရှေ့ပြေးအုပ်စု၊ ဦးဆောင်ကား၊ သံတမန်ရေးရာကား၊ သမ္မတ၏ မော်တော်ယာဉ်နှင့် အရံယာဉ်။ နောက်မှကပ်လျက်သား မော်တော်ယာဉ်တွင် တာဝန်ကျအေးဂျင့်များကား၊ အိမ်ဖြူတော်ထိပ်တန်းအရာရှိကြီးများ လိုက်ပါသည့် ကားသုံးစီး သို့မဟုတ် လေးစီး၊ ယင်းနောက်မှ တိုက်ပွဲဝင် ဝတ်စုံပြည့်ဖြင့် တန်ပြန်ချေမှုန်းရေး အေးဂျင့်များလိုက်ပါသည့်ကား၊ ဝန်ထမ်းများ၏ကား သုံးလေးစီး၊ ထို့နောက် မီဒီယာသမားများ၏ ဗင်ကား လေးစီး၊ လူနာတင်ယာဉ်၊ အရံကားများ၊ ဆက်သွယ်ရေးယာဉ်နှင့် မော်တော်ဆိုင်ကယ် ခြေမြန်တပ်ဖွဲ့တို့ လိုက်ပါသည်။ ကားတစ်စီးနှင့်တစ်စီး ရေဒီယို ဆက်သွယ်မှုရှိသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ယာဉ်တန်းလမ်းကြောင်း၏ ဝဲယာ ကန့်လန့်ဖြတ်ယာဉ်ကြောများကို ဂျပန်ရဲက လုံးဝပိတ်ထားပေးသည်။ တိုကျိုကဲ့သို့ ယာဉ်ထူထပ်သည့် မြို့တော်တွင် ယင်းသို့ပိတ်ထားမှုကြောင့် ယာဉ်အသွားအလာတွေ ဖရိုဖရဲဖြစ်ကုန်သည်။ စိတ်တိုဒေါသဖြစ်စရာ ကြီးမားသော ယာဉ်ပိတ်ဆို့မှု ဖြစ်သည်။ ယာဉ်တန်းသည် တစ်နာရီ ၃၅ မိုင်နှုန်းဖြင့် မှန်မှန်ပြေးနေသည်။ ထိုစဉ် သမ္မတကြီးက ကျွန်တော့်အားလှမ်း၍ "ဂျိုးရေ… မီထရောင်း နန်းတော်ကို ရောက်နေပြီလား" ဟု မေးသည်။ ရေဒီယိုဖြင့် ဆက်သွယ်လျက် ကျွန်တော်က မေးမြန်းရသည်။ ထို့နောက် မီထရောင်း မရောက်သေးကြောင်း ရီဂင်အား သတင်းပို့သည်။

ဂျီ-၇ အစည်းအဝေး၏ သံတမန်ထုံးတမ်းမှာ ဝါစဉ် (နိုင်ငံခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်နေသော လက်ရှိသက်တမ်း) ပြောင်းပြန်အတိုင်း ခေါင်းဆောင်များက အစည်းအဝေးကျင်းပရာသို့ ရောက်ရှိရန်ဖြစ်သည်။ မီထရောင်း က ဆဋ္ဌမမြောက် ရောက်ရှိရန်ဖြစ်ပြီး၊ ရီဂင်က သတ္တမမြောက်နောက်ဆုံးမှရောက်ရန် ဖြစ်သည်။ သံတမန်ရေးရာ ဝါစဉ် နှင့် ပတ်သက်ပြီး ရီဂင်သည် သိပ်အရေးထားသူ မဟုတ်သော်လည်း ထိုနေ့ နံနက်က သံတမန်အစဉ်အလာကို သူက ထူးထူးခြားခြား အာရုံရနေသည်။

မီထရောင်း တမင်တကာ နောက်ကျရောက်လာပြီး လူများကို မထီလေးစားပြုသော အကြိမ်များနေပြီဖြစ်သည်။ သည်တစ်ကြိမ်တွင် ရီဂင်က ခွင့်မလွှတ်လိုတော့။ မီထရောင်း မရောက်သေးကြောင်း ကျွန်တော်က သတင်းပို့လိုက်သော အခါ ရီဂင်က "မော်တော်ကားကို အရှိန်လျှော့လိုက်" ဟု အမိန့်ပေးသည်။ ရှေ့ဆုံးမှ သွားနေသော ပိုင်းလော့ကားကို ရေဒီယိုဖြင့် ကျွန်တော်က အရှိန်လျှော့ခိုင်းလိုက်သည်။

ယာဉ်တန်း ဖြတ်သန်းသွားမည့် လမ်းတစ်လျှောက် ယာဉ်ကြောများကို ပိတ်ထားသည်ဖြစ်ရာ ယာဉ်တန်းကို တစ်နာရီဆယ်မိုင်နှုန်းလျှော့ချလိုက်သဖြင့် တိုကျိုမြို့၏ ယာဉ်သွားလာမှုများ လုံးဝရပ်ဆိုင်းသွားပေတော့မည်။

တစ်မိနစ်၊ နှစ်မိနစ်အကြာတွင် ရီဂင်က မီထရောင်းရောက် မရောက် မေးမြန်းပြန်သည်။ မရောက်သေးကြောင်း တစ်ဘက်မှ ပြောသဖြင့် သူ့ထံ သတင်းပို့ရပြန်သည်။ ယခုတစ်ကြိမ်တွင် ရီဂင် "ယာဉ်တန်းကို ရပ်လိုက်တော့" ဟု အမိန့်ပေးသည်။ သူ့ကို ခဏစိုက်ကြည့်လိုက်ပြီး ကျွန်တော် စဉ်းစားသည်။ ရွေးချယ်စရာလမ်းမရှိ။ ထို့ကြောင့် ယာဉ်တန်း ကို ရပ်လိုက်ရန် ပြောရသည်။

ယာဉ်တန်းရပ်ရန် ကျွန်တော် အမိန့်ပေးလိုက်သည့်အချိန်တွင် ကံကောင်းထောက်မစွာ "နယူးအွန်တာနီ" ဟိုတယ်အနီးတွင် ယာဉ်တန်းရောက်နေသည်။ ထို ဟိုတယ်တွင် ဂျီ-၇ အစည်းအဝေး တက်ရောက်နေသည့် နိုင်ငံခေါင်းဆောင် နှင့် အဖွဲ့ဝင်အချို့ တည်းခိုနေသည်။ ဂျပန်ရဲက ကားရပ်နားရန် နေရာကို ပိတ်ထားပြီး၊ ရှင်းလင်းထားပြီး ဖြစ်နေသည်။

the bookhouse

www.burmeseclassic.com



ကျွန်တော်တို့ ယာဉ်တန်းသည် ဟိုတယ်၏ကားရပ်နားရန် နေရာသို့ ကွေ့ဝင်လိုက်သည်။ ကားရပ်လိုက်သည်နှင့် ကပ်လျက် သားပါလာသည့် ကားထဲမှ တန်ပြန်ချေမှုန်းရေး (CAT) အေးဂျင့်များ ခုန်ထွက်လာပြီး ကျွန်တော်တို့ကားကို ဝိုင်းထား လိုက်သည်။

သမ္မတကြီးအား ကားထဲတွင်ပင်ထိုင်နေရန် ပြောရသည်။ အိမ်ဖြူတော်သတင်းထောက်များ နာယက 'ဟယ်လင် သော့မတ်စ်'သည် ကားထဲမှထွက်ပြီး ကျွန်တော်တို့ကားရှိရာသို့ ပြေးလာနေသည်။ ကားအနီးသို့ မရောက်မီမှာပင် အေးဂျင့် များက သူမအား သူ့ကားဆီသို့ ပြန်ခေါ်သွားသည်။ သမ္မတ၏ ယာဉ်တန်း လမ်းခုလပ်တွင် မမျှော်လင့်ဘဲ ရပ်နားခြင်းသည် သွေးရိုးသားရိုးမဟုတ်ဟု သူမနှင့်တကွ သတင်းသမားများက ယုံကြည်နေကြပြီး ကြီးမားသော အကြောင်းရင်းတစ်ရပ်ရှိ ရမည်ဟု ယူဆထားကြပုံရသည်။

သမ္မတ၏ ကျန်းမာရေး အခြေအနေကြောင့် ဖြစ်ရမည်ဟု သူတို့က တထစ်ချ ကောက်ချက်ဆွဲခဲ့ကြသည်။ ဆရာဝန်လည်းရောက်ချလာသည်။ သမ္မတကြီးတွင် ကျန်းမာရေးပြဿနာ မရှိကြောင်း သူ့အားပြောပြီး ပြန်လွှတ်လိုက်သည်။ မည်သူမျှ ကားအတွင်းမှ မထွက်စေရန် အေးဂျင့်ခေါင်းဆောင်အား ကျွန်တော်က ညွှန်ကြားခဲ့သည်။

ကားထဲမှမထွက်ရန် တားမြစ်ထားခြင်းကို သတင်းသမားများက မကျေနပ်သည့်အပြင် ရှုးရှုးရှားရှားဖြစ် လာသည်။ မည်သည့်အတွက် ယာဉ်တန်းကို ရပ်ထားရသနည်းဆိုသည့် မေးခွန်းကို ဟယ်လင်က တွင်တွင်မေးသည်။ ယင်းသို့ရပ်နားထားရသည့် အကြောင်းရင်းကို သတင်းသမားများ သိရှိခွင့်ရှိကြောင်း အတင်းအကျပ်တောင်းဆိုလာသည်။ သမ္မတ၏ ကျန်းမာရေး အခြေအနေကြောင့် ရပ်နားခြင်းဖြစ်မည်ဟု သူတို့ကယူဆသည်။ သမ္မတ၏ ကျန်းမာရေးအခြေအနေ သည် သူတို့အဖို့ သတင်းထူးဖြစ်သည်။ အေးဂျင့်များက သူတို့အား ကားအပြင်မထွက်ရန် တားထားသည်ကို လုံးဝ မကျေနပ်ကြ။

ဂျပန်ရဲများက တိုကျို၏ ပင်မလမ်းကြီးများကို ပိတ်ထားဆဲဖြစ်သည်။ မီထရောင်း ရောက် မရောက်ကို ကျွန်တော်က အဆက်မပြတ်မေးနေရသည်။ သမ္မတကြီးက သိချင်နေသည်။

နောက်ဆုံးရလာသောသတင်းမှာ မီထရောင်းသည် တည်းခိုရာဟိုတယ်မှပင် မထွက်ခွာသေးဟုဆိုသည်။

သမ္မတကြီးက တစ်စုံတစ်ခုကို လေသံဖြင့်ရေရွတ်ပြီး ''ဒီလိုဆိုလည်း သွားတာပေါ့ကွာ''ဟု ပြောသည်။ ယင်းသို့ဖြင့် ယာဉ်တန်းသည် အာကာဆာကာ နန်းတော်သို့ ဦးတည်ထွက်ခွာခဲ့သည်။

ခရီးဆုံးတွင် သမ္မတကြီး ကားထဲမှမထွက်မီ တင်းကျပ်သော လုပ်ထုံးလုပ်နည်းကို အေးဂျင့်များ လိုက်နာသည်။ ယာဉ်တန်းရပ်သွားသည်နှင့် လိုက်ပါလာသော အေးဂျင့်များက အနီးအနား ပတ်ဝန်းကျင်ကို လုံခြုံရေးယူသည်။ လုံခြုံ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချရသည်ဆိုပါမှ ကျွန်တော်က သမ္မတကြီးအား တံခါးဖွင့်ပေးသည်။ ကားထဲမှ သမ္မတ ထွက်လာသည်ကို အဝေးမှ မမြင်နိုင်စေရန် တစ်ခါတစ်ရံ ကျွန်တော်တို့ ရွက်ဖျင်တဲများကို အသုံးပြုသည်။

ဂျီ-၇ အစည်းအဝေးခန်းအတွင်းသို့ နိုင်ငံခေါင်းဆောင်များသာ ဝင်ခွင့်ရသည်။ လူပိုဝင်ခွင့်မပေး။ သို့သော် အမေရိကန်သမ္မတနှင့် ပြင်သစ်သမ္မတတို့ကိုမူ ခြွင်းချက်အနေဖြင့် လက်ထောက်များ ခေါ်သွားလိုက်ပါခွင့်ပြုသည်။

ကြိုတင်ရောက်နှင့်နေသော သမ္မတ၏ လက်ထောက် ဂျင်နှင့် ကျွန်တော်တို့သည် သမ္မတကြီးနှင့်အတူ အစည်းအဝေးခန်းအတွင်းသို့ဝင်ခဲ့ကြသည်။ မီထရောင်းမှလွဲ၍ ကျန်ခေါင်းဆောင်များ ရောက်နေကြပေပြီ။ သမ္မတကြီးက ခေါင်းဆောင် တစ်ဦးချင်းကို လိုက်လံလက်ဆွဲနှုတ်ဆက်သည်။ သတင်းသမားများက ဓာတ်ပုံတဖျပ်ဖျပ် ရိုက်ယူနေကြသည်။

သတ်မှတ်ပေးသောနေရာတွင် သမ္မတကြီးကထိုင်သည့်အခါ ကျွန်တော်က နောက်တည့်တည့်တွင် ရပ်နေလိုက်သည်။ သမ္မတကြီးသည် အစည်းအဝေး စာရွက်စာတမ်းများကို ဖတ်ရှုနေသည်။ ထိုစဉ်တွင် မီထရောင်းသည် ဟန်တစ်လုံးပန်တစ်လုံးဖြင့် ရောက်လာပြီး ခေါင်းဆောင်များကို လိုက်လံနှုတ်ဆက်သည်။ ထိုင်နေသည့် ခေါင်းဆောင်များက မတ်တတ်ထလျက် သူ့အား လက်ဆွဲနှုတ်ဆက်သည်။

ကျွန်တော်တို့အနီး ရောက်လာသည့်အခါ ရီဂင်သည် စာရွက်စာတမ်းများကိုသာ ငုံ့ဖတ်နေသည်။ မီထရောင်း ရောက်လာပြီး လက်ဆန့်တန်းပေးလိုက်သည့်အခါတွင်မှ "အိုး…ရောက်လာပြီကိုး" ဟုပြောပြီး ထိုင်ရာမှမထဘဲ လက်ဆွဲနှုတ်ဆက်သည်။ ရီဂင်က မီထရောင်းအား ပညာပေးလိုက်သည်။

သတင်းသမားများအတူ အခန်းထဲမှ ကျွန်တော်နှင့်ဂျင်တို့ ပြန်ထွက်သည်။ အပြင်ဧည့်ကြိုခန်းမထဲတွင် မီထရောင်း၏ လုံခြုံရေးများနှင့် ဂျပန်ရဲတို့ ထိုင်နေကြသည်။ ကျွန်တော်တို့လည်း သူတို့နှင့် ဝင်ထိုင်လိုက်သည်။ ၁၅ မိနစ်ခန့်အကြာတွင် အစည်းအဝေးခန်း တံခါးပွင့်သွားပြီး မီထရောင်းထွက်လာကာ သန့်စင်ခန်းသို့ သွားသည်။ ကျွန်တော်နှင့်ဂျင်မှလွဲ၍ ဧည့်ကြိုခန်းမအတွင်း ရှိနေသူများက မတ်တတ်ထ အရိုအသေပေးကြသည်။ ကျွန်တော်တို့နှစ်ယောက်ကမူ ထမရပ်။ ရှေ့မှ ဖြတ်လျှောက်သွားသောအခါ သူက ကျွန်တော်တို့နှစ်ယောက်အား စူးစူးဝါးဝါးကြည့်သွားသည်။ ပြင်သစ်လုံခြုံရေးများက သူ့နောက်မှ အူယားဖားယား ပြေးလိုက်သွားကြ၏။

ဆရာလုပ်သည့်အတိုင်းလိုက်လုပ်ကြသည့် ကလေးများကဲ့သို့ ကျွန်တော်တို့သည် မီထရောင်းအား မထီလေးစားလုပ်လိုက်ကြသည်။ သန့်စင်ခန်းမှ သူပြန်ထွက်လာသည့်အခါ ထုံးစံအတိုင်းအားလုံးက မတ်တတ်ရပ် အရိုအသေပေးကြသော်လည်း ကျွန်တော်တို့နှစ်ယောက်မှာ ထိုင်နေမြဲ။ သည့်အတွက် မီထရောင်း၏ တူးခါးသည့်အကြည့်ကို ကျွန်တော်တို့ ခံလိုက်ရပြန်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေးအပြီး နယူးအွန်တာရီတွင် နေ့လယ်စာစားပွဲသို့သွားရန် ကားပေါ်တက်ကြသည့်အခါ ဂျင်က နောက်ခန်းတွင် သမ္မတကြီးနှင့်အတူ ဝင်ထိုင်ပြီး ကျွန်တော်တို့ မီထရောင်းအား မည်သို့ ပမာမခန့်လုပ်လိုက်သည်ကို ပြောပြသည်။ သမ္မတကြီးက "ဒီလိုပဲပေါ့ကွာ"ဟု ပြောသည်။

အစည်းအဝေးခန်းမှ ထွက်လာသော နိုင်ငံခေါင်းဆောင်များ၏ ယာဉ်တန်းများကို ဂျပန်ရဲက သံတမန်ဝါစဉ်အတိုင်း စီစဉ်ထားသဖြင့် မီထရောင်းသည် သူ့ယာဉ်တန်းကို ထိန်းချုပ်နိုင်ခြင်း မရှိတော့။

ရီဂင်သည် တစ်နံနက်လုံး အစည်းအဝေးခန်းထဲတွင် ထိုင်နေရသဖြင့် သန့်စင်ခန်းသို့ တစ်ခါမျှ မသွားရသေး။ နေ့လယ်စားပွဲသို့ တန်းဝင်မည်ဆိုပါက နောက်ထပ် နာရီအတော်ကြာ ဆီး မသွားရဘဲ ဖြစ်နေဦးမည်။ ထို့ကြောင့် သမ္မတကြီး သန့်စင်ခန်းသို့ သွားလိုခြင်းရှိမရှိ မေးမြန်းရာ သူက သွားမည်ဟုဖြေသည်။ ဟိုတယ်သို့ လှမ်းဆက်သွယ်လျက် သန့်စင်ခန်းကို လုံခြုံရေးစစ်ဆေးထားရန် ကျွန်တော်က အမိန့်ပေးသည်။

အွန်တာရီ ဟိုတယ်တံခါးဝအနီးတွင် အရပ်ဝတ်နှင့် ဂျပန်ရဲတစ်ရာခန့်ကို တွေ့ရသည်။ များပြားလွန်းသဖြင့် လူဆိုးလူကောင်းခွဲခြားရန် မဖြစ်နိုင်။ အကြံသမားတစ်ယောက် ဝင်ရောနေလျှင် ဂျပန်ရဲကလည်း သိမည်မဟုတ်။

သမ္မတကြီးအား ကားထဲတွင်ပင်နေစေလျက် ကျွန်တော်က အပြင်ထွက် စူးစမ်းသည်။ သေချာလောက်သည့်အခါတွင်မှ တံခါးဖွင့်ပေးလိုက်သည်။ နက်ပြာရောင်ဝတ်စုံကိုယ်စီဖြင့် လူအုပ်ကြီးကို တွေ့သည့်အခါ သမ္မတက…

"ဒါတွေအားလုံးက ရဲတွေလား"

"ဟုတ်ပါတယ်"

"ခုနေ ဗြောက်အိုးတစ်လုံးလောက်ကွဲတာနဲ့တင် နှလုံးသွေးရပ်သွားနိုင်တယ်" ဟု ကျွန်တော့် နားနားကပ်၍ သူက ခပ်တိုးတိုးလေသံဖြင့်ပြောသည်။

ဟိုတယ် တံခါးပေါက်တွင် စောင့်နေသော အေးဂျင့်တစ်ယောက်က ကျွန်တော်တို့အား သန့်စင်ခန်းရှိရာသို့ ခေါ်သွားသည်။ လုပ်ထုံးလုပ်နည်းအရဆိုလျှင် ရေအိမ်ထဲသို့ သမ္မတ မဝင်မီ ကျွန်တော်က ဝင်ရောက်စစ်ဆေးပြီးမှ သမ္မတအား ဝင်စေရမည်ဖြစ်သည်။ သို့သော် ကျွန်တော့် ဆီးအိမ်ကလည်း ပြည့်တင်းလေးလံနေသည်။ သမ္မတကြီးက ရေအိမ် ရှိရာသို့သွားနေပြီဖြစ်သည်။ သူ့ကိစ္စပြီးသွားလျှင် လက်ဆေးပြီး ကျွန်တော် အနီးအနားတွင် ရှိနေသည်အမှတ်ဖြင့် သူက ထွက်သွားမည် ဖြစ်သည်။

စက္ကန့်ပိုင်းမျှ စဉ်းစားပြီး ကျွန်တော်က "သမ္မတ တဆိတ်လောက်ခင်ဗျား" သူက နားမလည်သဖြင့် ကျွန်တော့်အားကြည့်ပြီး…

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

" သမ္မတကြီးပြီးရင် ကျွန်တော့်ကို ခဏစောင့်ပေးမလား"

" ရတာပေါ့"

ခဲရာခဲဆစ် ကိစ္စမဟုတ်သော်လည်း သူ့နေရာတွင် အခြားသမ္မတတစ်ယောက် ဖြစ်နေပါက ဤမျှလောက် လွယ်လွယ်ကူကူ ဖြစ်ပါမည်လားဟု ကျွန်တော်တွေးမိသည်။ အမေရိကန်ပြည်ထောင်စု၏သမ္မတကြီးသည် လက်အောက်ဝန်ထမ်း အပေါ့သွားနေသည်ကို ရပ်စောင့်ပေးသည်ဆိုခြင်းမှာ ရယ်စရာမဟုတ်။

သမ္မတ၏ ကိုယ်ရံတော်အဖြစ် ကျွန်တော် တာဝန်ထမ်းဆောင်စဉ်တွင် သူနှင့်အတူ ရိုက်ကူးခဲ့သော ဓာတ်ပုံများ ရှိသည်။ ထိုဓာတ်ပုံများထဲတွင် သူနှင့်အတူ သန့်စင်ခန်းထဲတွင် ရိုက်ကူးထားသော ပုံရှိပါက မည်မျှကောင်းလိုက်မည်လဲဟု ကျွန်တော် တွေးမိပါသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၄ သူတို့စုံတွဲ

နန်စီရီဂင်သည် အမျိုးကောင်းသမီးဖြစ်သည်။

အိမ်ဖြူတော်ဝန်ထမ်းအချို့က သူမနှင့် ပတ်သက်လာလျှင် ခပ်ရွှံရွှံ။ ရီဂင်အား မိခင်တစ်ယောက်ကဲ့သို့ ဂရုစိုက် အကဲပါလွန်းခြင်းကို အချို့က ကဲ့ရဲ့စကားတင်းဆိုကြသည်။ အိမ်ဖြူတော်တွင် 'အမေကြီးကြည့်နေတယ်' စကားတစ်ခုရှိသည်။ ထိုစကားကို နန်စီနှင့် သဟဇာတ မဖြစ်သော အိမ်ဖြူတော် ရုံးအဖွဲ့မှူးဖြစ်ခဲ့သူ 'ဒွန်ရက်ဂင်' က တီထွင်ခဲ့ခြင်းဖြစ်သည်။ နန်စီနှင့် ဒွန်တို့အကြောင်း စာအုပ်များစွာတွင် ဖော်ပြခဲ့ဖူးသည်။ သူတို့နှစ်ယောက်အကြား မည်သို့ပြဿနာရှိသည်ကို ကျွန်တော်မသိ။ အိမ်ဖြူတော်ရှိ လူအတော်များများသည် ဒွန်အား မနှစ်သက်ကြဆိုသည်ကိုတော့ ကျွန်တော် သိသည်။

နန်စီသည် ခင်ပွန်းဖြစ်သူအား ဂရုစိုက်လွန်းသည်မှာလည်း မှန်သည်။ ရီဂင်၏ အမှုကိစ္စမှန်သမျှတွင် သူမ အမြဲလိုပါဝင်နေသည်။ ခင်ပွန်းသည် သေနတ်အပစ်ခံရပြီး ဒဏ်ရာရခဲ့သည့်အတွက် သူမက အစိုးရိမ် ပိုကဲလာသည်။ ကျိုးကြောင်းမဲ့သော ခြိမ်းခြောက်သော၊ ဒေါသစွက်သော သူမ၏ အပြုအမူဆို၍ ကျွန်တော် တစ်ခါမျှ မကြုံဖူးပေ။ နန်စီရီဂင်သည် သူမ၏ ခင်ပွန်းကဲ့သို့ပင် တောက်ထားညာတာတတ်သော နွေးထွေးသော လူသားတစ်ယောက်သာ ဖြစ်သည်။

"သူမအား လူသားတစ်ယောက်ကဲ့သို့ ဆက်ဆံပါ။ အရေးအကြီးဆုံးမှာ အမှန်အတိုင်း သူမအား ပြောရန် ဖြစ်သည်"ဟု မိုက်ဒီဗာက သူ့စာအုပ်တွင် ရေးဖူးသည်။

ကယ်လီဖိုးနီးယား အုပ်ချုပ်ရေးမှူး (ဂါဗနာ) ကတော်အဖြစ် ရှစ်နှစ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကာလတွင် ဖန်ချိုင့်အတွင်းက ရွှေငါးတစ်ကောင်ကဲ့သို့ နေခဲ့ရကြောင်း အန်ဘီစီသတင်းဌာနကို နန်စီက ပြောပြဖူးသည်။ ထိုရှစ်နှစ်တာကာလတွင် ကောက်ယူခဲ့သော စစ်တမ်းတွင် အမေရိကန်ပြည်ထောင်စု၏ အားကျဖွယ်ရာ အကောင်းဆုံး အမျိုးသမီးဟု အများက ထင်မြင်ချက်ပေးခဲ့ကြသည်။

နန်စီရီဂင်နှင့် ကျွန်တော် ဆက်ဆံရာတွင် ခက်ခက်ခဲခဲမရှိ။ သူမသည် ဆက်ဆံရန် ခက်ခဲသူဟု မီဒီယာများက ဖော်ပြဖူးသည်။ အချို့လူများအတွက် မှန်ကောင်းမှန်မည်ဖြစ်သော်လည်း ကျွန်တော့်အတွက်မူ ထိုသို့မဟုတ်။ အမှန်တွင်မူ သူမသည် သဘောထားပျော့ပျောင်းသည်၊ လိုက်လိုက်လျောလျောရှိသည်။ သမ္မတ၏ လုံခြုံရေးအတွက် သူမပြောဆိုချက်များသည် ကျိုးကြောင်းခိုင်လုံသည်။ ရီဂင်အား သူမက ကျည်ကာအင်္ကျီ ဝတ်ထားစေချင်သည်။ ကျွန်တော့်၏အတွေးနှင့် တစ်ထပ်တည်းဖြစ်သည်။

ရီဂင်သည် ကျည်ကာအင်္ကျီကို မဝတ်ချင်။ သူသာမဟုတ်၊ မည်သည့်သမ္မတမျှ ကျည်ကာအင်္ကျီ မဝတ်ချင်ကြ။ ကျည်ကာအင်္ကျီသည် လေးလံပြီး၊ သက်သောင့်သက်သာမရှိ၊ လှုပ်ရှားသွားလာမှုကို ခက်ခဲစေသည်။ ထို့ပြင် ကျည်ကာအင်္ကျီသည် လုံးဝဥဿုံ အကာအကွယ်ပေးနိုင်သည်တော့မဟုတ်။

ရီဂင် သေနတ်အပစ်ခံရစဉ်က ကျည်ကာဝတ်ထားမည် ဆိုလျှင်လည်း ဒဏ်ရာရမည်သာဖြစ်သည်။ ကျည်သွားလမ်းကြောင်းနှင့် အင်္ကျီ၏ အနေအထားအရ မလွဲမသွေ ဒဏ်ရာရမည်သာဖြစ်သည်။ ကျွန်တော်တို့ကဖြစ်စေ၊ နန်စီကဖြစ်စေ မဝတ်မနေရ ဝတ်ဆင်ရမည် ဟု အတင်းအကျပ် တောင်းဆိုသော အခါတွင် ရီဂင်က ကျည်ကာကိုဝတ်သည်။ ကျည်ကာကို ဝတ်တိုင်း သူ ပြောတတ်သည်မှာ…

"ငါဒီဟာကြီးကို အမုန်းဆုံးပဲ"

ကျွန်တော်တို့ကလည်း သမ္မတ အပြင်ထွက်တိုင်း ကျည်ကာကို ဝတ်ခိုင်းသည်မဟုတ်။ တစ်နှစ်လျှင် သုံးကြိမ်ခန့်သာ မဖြစ်မနေဝတ်ရမည့် အခြေအနေမျိုးတွင်သာ ဝတ်ခိုင်းသည်။ သမ္မတကြီးသာမဟုတ်၊ ကျွန်တော်တို့ အေးဂျင့်များသည်လည်း ကျည်ကာ မဝတ်ချင်ကြ။ သမ္မတနှင့်အတူ အိမ်ဖြူတော်မှ ထွက်ခွာတိုင်း ကျွန်တော်တို့ ကျည်ကာဝတ်ရန် လိုအပ်သည်။ ကျည်ကာအင်္ကျီသည် လေးပေါင်သာလေးသော်လည်း ပူအိုက်သောနေ့များ တွင် ပေါင်တစ်ရာခန့်လေးသည်ဟု ခံစားရသည်။ ကိုယ်ရံတော်တာဝန်ကို ကျွန်တော် ပထမဆုံးယူစဉ်က သမ္မတသည် 'လန်ဒန်ဖော့' လောင်းကုတ်ကို ဝတ်ထားသည်။ လောင်းကုတ်လိုင်နင်အတွင်းတွင် ကျည်ကာပြားများ ထည့်ချုပ်ထားသည်။ ပုံဆိုးပန်းဆိုးဖြစ်သဖြင့် ရီဂင်သည် သမ္မတပုံ မပေါက်တော့။ ထိုလောင်းကုတ်ကို ကျွန်တော်တို့ မကြိုက်သလို နန်စီကလည်း မကြိုက်။ သို့သော် လိုအပ်ချက်ကြောင့် လောင်းကုတ်ကို သုံးနေရသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ယင်းအတွက်ကြောင့် လောင်းကုတ်အသစ်ဝယ်ရန် ဖြစ်လာခဲ့တော့သည်။ ဆိုင်တစ်ဆိုင်တွင် ကက်ရှ်မီးယား သိုးမွေးလောင်းကုတ် တစ်ထည်ကိုဝယ်ကာ ထောက်လှမ်းရေးဌာနမှပေးသော ကျည်ကာ လိုင်နင်များကို ထည့်ချုပ်ခိုင်းရသည်။ အင်္ကျီကို လက်စမသတ်မီ ဆိုင်မန်နေဂျာနှင့် အပ်ချုပ်သမားတို့အား အိမ်ဖြူတော်သို့ ခေါ်လာရသည်။ အိမ်ဖြူတော် အပေါ်ထပ် စံအိမ်အပိုင်းရှိ အခန်းတစ်ခန်းထဲတွင် ရီဂင်အား ကုတ်အင်္ကျီကို ဝတ်စေပြီး ကိုယ်နှင့်တစ်ကိုင်းတည်း ချပ်ချပ် ရပ်ရပ် ဖြစ်စေရန် အပ်ချုပ်သမားက တိုင်းထွာပေးခဲ့ရသည်။

ပွဲရောင်းနေသည့်နေရာများတွင် သီချုပ်ချုပ်သည်။ ကျွန်တော်က ဗီရိုအတွင်း ချိတ်ဆွဲထားသော ရီဂင်၏ ဝတ်စုံများကို ကြည့်နေမိသည်။ စုစုပေါင်း ၁၅ စုံခန့်ရှိမည်။ တစ်စုံနှင့်တစ်စုံကို တစ်လက်မ၊ နှစ်လက်မ ခန့်ခွာလျက် သေသေသပ်သပ် ထားရှိသည်။ ကျည်ကာခံ၍ ဝတ်နိုင်ရန် အချို့သော ဝတ်စုံများကို ခပ်ပွပွချုပ်ထားသည်။ ရီဂင်က ကျွန်တော့်အား…

"အဲဒီ ဝတ်စုံတွေကို တစ်နေ့ တစ်စုံ တန်းမှာချိတ်ထားတဲ့ အစဉ်လိုက်အတိုင်း ဝတ်သွားတယ်။ တကယ်လို့ အရေးကြီးတဲ့ ပွဲလမ်းသွားရမယ်။ အဲဒီနေ့ကလည်း အညိုရောင်ဝတ်စုံဝတ်ဖို့ အလှည့်ကျနေတယ်ဆိုရင် ဝတ်စုံအညိုကို ကျော်ပြီး နက်ပြာ ဒါမှမဟုတ် အနက်ဝတ်စုံကို ဝတ်တယ်"ဟု ရှင်းပြသည်။

ချုပ်လုပ်ပြီးစီးသွားသော ကျည်ကာ လိုင်နင်ခံထားသည့် ကက်ရှ်မီးယား လောင်းကုတ်သည် အတန်ငယ် လေးလံသော်လည်း ရီဂင်နှင့် လိုက်ဖက်သည်။ တောင့်တင်းသော သူ၏ ကိုယ်ကာယက လောင်းကုတ်အင်္ကျီကို ကောင်းမွန်စွာ သယ်ပိုးထားနိုင်သည်။ ၁၉၈၅ ခုနှစ် သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲတွင် ထိုအင်္ကျီကို သူ ဝတ်သည်။ ရုပ်ရှင်မင်းသား ဖြစ်ခဲ့ဖူးခြင်းကြောင့်လောမသိ၊ ရီဂင်သည် အဝတ်အစားမှန်သမျှနှင့် လိုက်ဖက်သည်။ တီရှပ်ဝတ်ထားလျှင်ပင် ကြည့်ကောင်း နေသူ ဖြစ်သည်။

ရီဂင်သည် အယူသီးသူဟု ရေးသားမှုများရှိခဲ့သည်။ ရီဂင်သည် လက်ဖွဲ့အဆောင်တစ်ခုကို အမြဲဆောင်ထား တတ်ကြောင်း ဟန်ကဲလ်က ကျွန်တော့်အား ပြောဖူးသော်လည်း တစ်ခါမျှ ထိုအဆောင်ကို ကျွန်တော် မမြင်ဖူးခဲ့။

သမ္မတကတော် နန်စီအားလည်း အေးဂျင့်များက လိုက်လံ စောင့်ရှောက်ပေးရသည်။ သို့သော် သမ္မတကြီး အား စောင့်ရှောက်ပေးရသကဲ့သို့ မြင်သာထင်သာတော့ မရှိလှ။ သမ္မတကတော်အား လုပ်ကြံမည့် ဖြစ်နိုင်ခြေနည်းပါးပြီး ပြန်ပေးဆွဲခံရနိုင်ခြေက ပိုများသည်။ သမ္မတကတော်အား အကာအကွယ်ပေးရာတွင် နည်းနည်းနှင့်ကျဲကျဲ ပိုင်းရသည်။

လူနည်းနည်းဖြင့် အကာအကွယ်ပေးရသည့်အခါ အကာအကွယ်ပေးခံရသူနှင့် ပိုမိုနီးကပ်စွာလိုက်ပါရသည်။ အချို့အစောင့်ရှောက်ခံများက နီးကပ်စွာ လိုက်ပါခြင်းကို မနှစ်သက်ကြ။ နီးကပ်လွန်းလျှင် သံယောဇဉ်ငြိတွယ်သွား

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။ Guarding Tess ဆိုသည့် ရုပ်ရှင်တွင် သမ္မတကတော်ဟောင်းတစ်ဦးနှင့် သက်တော်စောင့် အေးဂျင့်တို့ သံယောဇဉ် ငြိတွယ်မိသော အဖြစ်အပျက်ကို ရိုက်ပြဖူးသည်။

ခပ်ခွာခွာ ခပ်လှမ်းလှမ်းမှ နေရသည်မှာလည်း မလွယ်ကူပေ။ အေးဂျင့်များ စွဲမြဲနေရမည့်အချက်မှာ မိမိ အကာအကွယ်ပေးနေရသူသည် မိမိ၏သူငယ်ချင်းမဟုတ် ဆိုသည့်အချက်ဖြစ်သည်။ သူငယ်ချင်းတစ်ယောက်ကဲ့သို့ သဘောထားကာ တာဝန်နှင့် မပတ်သက်သည့် ဝေယျာဝစ္စများကို လုပ်ပေးနေသဖြင့် မူရင်းတာဝန်ဖြစ်သည့် ကာကွယ်စောင့်ရှောက်ရန် တာဝန် ပေါ့လျော့သွားတတ်သည်။ တရင်းတနှီး တာဝန်ထမ်းဆောင်ခြင်းသည် တာဝန်ကို အထိရောက်ဆုံး ဆောင်ရွက်ခြင်းဖြစ်သည်ဟု အချို့ အေးဂျင့်များက အမှတ်မှားနေကြသည်။ ပွန်းတီးလွန်းလျှင် အခြားသော အေးဂျင့်များကို အနေအထိုင်ခက်စေပြီး အလုပ်တာဝန်လည်း မကျေပွန်နိုင်တော့။

ဂျူနီယာ အေးဂျင့်တစ်ယောက်သည် နန်စီရီဂင်၏ ဝေယျာဝစ္စများကို လုပ်ပေးကာ ကပ်ပါးရပ်ပါးလုပ်ခဲ့သည်။ သူ့ကြောင့် အခြားအေးဂျင့်များ တာဝန်ထမ်းဆောင်ရာတွင် အခက်တွေ့ကုန်တော့သည်။ အနေခက်ကုန်သည်။ နန်စီက လက်မလွှတ်သောကြောင့် သူ့အား ပြောင်းရွှေ့ပစ်ရန် တစ်နှစ်ကျော်မျှ ကြိုးစားရသည်။ သူ့အား ပြောင်းရွှေ့မည်လုပ်တိုင်း နန်စီက ကာဆီးကာဆီးလုပ်နေသဖြင့် အတော်ပင် အခက်တွေ့ခဲ့ရသည်။

သမ္မတကတော်၏အလုပ်မှာ အချိန်ပြည့်အလုပ်ဖြစ်သည်။ အိမ်ဖြူတော် အရှေ့ဘက်အဆောင်တွင် သမ္မတကတော်၏ ရုံးခန်းရှိသည်။ 'မလုပ်ဘူးလို့သာ ပြောလိုက်ပါ' (Just Say No) ဟူသည့် လူငယ်များ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးလှုပ်ရှားမှုကို နန်စီက ဦးဆောင်သည်။ ပြည်နယ်သုံးဆယ်မှ မြို့ကြီး ၆၅ မြို့သို့ နန်စီ သွားရောက်လှုံ့ဆော်စည်းရုံးခဲ့သည်။ မူးယစ်ဆေးဝါးနှင့် အရက်သေစာ အလွဲသုံးမှု ဆန့်ကျင်ရေးညီလာခံကို အိမ်ဖြူတော်တွင် ၁၉၈၅ ခုနှစ် လက်ခံကျင်းပခဲ့ရာ နိုင်ငံ ၁၇ နိုင်ငံမှ နိုင်ငံအကြီးအကဲ ကတော်များ တက်ရောက်ခဲ့သည်။

သမ္မတကတော် အဆက်ဆက်သည် မကြာခဏ ဈေးဝယ်ထွက်လေ့ရှိသော်လည်း နန်စီသည် ဈေးဝယ်ထွက်ခဲသည်။ ဈေးဝယ်ထွက်ရာတွင် တွေ့ရသည့်အခက်အခဲမှာ ဝယ်ယူသောပစ္စည်းများ ထည့်ပေးလိုက်သည့်အိတ်များကို သယ်ယူရာတွင် ဖြစ်သည်။ အေးဂျင့်များ၏ ခြေလက်များသည် စက္ကန့်မရွေး သွက်လက်စွာ လှုပ်ရှားနိုင်သည့် အသင့်အနေအထားတွင် ရှိနေရမည်ဖြစ်ရာ အိတ်များကို သယ်ဆောင်၍မဖြစ်။ ထိုအချက်ကို အကာအကွယ်ပေးခံရသူများက သဘောမပေါက်ဘဲ ရှိတတ်သည်။

ယခင် ဒုတိယသမ္မတ ရော့ဖဲလားသည် သန်းကြွယ်သူဌေးဖြစ်သဖြင့် နောက်တော်ပါများစွာနှင့် နေထိုင်လုပ်ကိုင်ခဲ့သူဖြစ်သည်။ သူ့လက်ဆွဲအိတ်ကို အေးဂျင့်များကို ဆွဲခိုင်းလေမည်လားဟု ကျွန်တော်တို့ စိုးရိမ်ခဲ့ကြသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရှော့ဖဲလားသည် သူ့အိတ်သူဆွဲသူဖြစ်လေသည်။ ကာကွယ်စောင့်ရှောက်ခံသူ အတော်များများသည် သူတို့၏ လက်ဆွဲအိတ်နှင့် ဝန်စည်စလယ်များကို အေးဂျင့်များကို သယ်ခိုင်းလေ့ရှိသည်။ ယင်းသို့ အခါမျိုးတွင် မကျေလည်မှုများ ဖြစ်လေ့ရှိတတ်သည်။

ကတော်များကို စောင့်ရှောက်ကာကွယ်ပေးရာတွင် အိတ်ကူဆွဲပေးသည့် အေးဂျင့်များ ရှိလာသည့်အတွက် ပြဿနာ ဖြစ်ရသည်။ ဝန်စည်စလယ်များကို ကူညီသယ်ပေးခြင်းဖြင့် မျက်နှာသာရလိုသော အေးဂျင့်များလည်း ရှိသည်။ အချို့ အေးဂျင့်များကမူ သယ်ခိုင်းသည့်တိုင် သယ်မပေးပေ။ သူတို့သည် ကူလီအလုပ်လုပ်နေကြခြင်း မဟုတ်ဆိုသည့် အချက်ကို တိကျစွာလိုက်နာကြသူများ ဖြစ်သည်။

ရီဂင်သည် သူ၏ အိတ်ကို မည်သည့်အခါမျှ အခြားသူအား သယ်ခိုင်းလေ့မရှိ။ တစ်ခါတစ်ရံ မနိုင်မနင်းဖြစ်နေသည့်အခါမျိုး၊ အေးဂျင့်တာဝန်ကို မထိပါးစေနိုင်သည့်အခါမျိုးတွင် ကျွန်တော်တို့ ဝင်ကူလိုက်ရသည်တော့ ရှိသည်။

ရီဂင်သည် သူပိုင် မွေးမြူရေးခြံသို့ အပန်းဖြေသွားရောက်သည့်အခါတွင် ခရီးဆောင်သေတ္တာ လေးလုံး ယူဆောင်လာလေ့ရှိသည်။ ကားရပ်သည်နှင့် ရီဂင်နှင့် နန်စီတို့ တစ်ယောက်တစ်လုံးစီဆွဲလျက် အိမ်ထဲသို့ ဝင်သွားကြသည်။ ထိုအခါမျိုးတွင် ကျန်သေတ္တာနှစ်လုံးကို အိမ်ထဲသို့ ကျွန်တော် သယ်ပို့ပေးလိုက်သည်။

ရီဂင်သည် မိတ်ဟောင်းဆွေဟောင်း ရုပ်ရှင်သရုပ်ဆောင်များနှင့် မကြာခဏ ဆိုသလို အားလပ်ရက်များတွင် အချိန်ဖြုန်းလေ့ရှိသည်။ ယင်းတို့အထဲတွင် အော်ဒရီဟတ်ဘန်း၊ ဘော့ဟုပ်နှင့် ဖရင့်စီနာထရာတို့ ပါဝင်လေ့ရှိသည်။ ၁၉၈၁ ခုနှစ် သမ္မတကျမ်းသစ္စာ ကျိန်ဆိုပွဲတွင် ဖရင့်စီနာထရာက တက်ရောက် သီဆိုဖျော်ဖြေပေးသည်။ ကြိတ်ကြိတ်တိုးနေသော မင်းပရိသတ်ကို မျက်နှာပြုလျက် ရီဂင်နှင့် နန်စီတို့က စင်မြင့်ပေါ်တွင် ထိုင်နေကြသည်။

ဖရင့်စီနာထရာက သူတို့ဘက်သို့လှည့်ပြီး ''သူငယ်ချင်း ရော်နီ··· မင်း ရုပ်ရှင်လောကထဲမှာ ရှိနေတုန်းက ဒီလောက် ပရိသတ်အများကြီး ရှိနေရင် မင်း နိုင်ငံရေးလောကထဲတောင် ရောက်လာမှာ မဟုတ်ဘူး''ဟု အရွှန်းဖောက်ကာ ပြောခဲ့သည်။

ရီဂင်သည် တစ်နှစ်လျှင် အပန်းဖြေအားလပ်ရက် ခြောက်ပတ်မျှ ယူလေ့ရှိသည်။ အီစတာပွဲတော် မတိုင်မီ တစ်ပတ်၊ နွေရာသီတွင် သုံးပတ်၊ ဆောင်းဦးပေါက်နှင့် ဆောင်းရာသီတွင် တစ်ပတ် (သို့မဟုတ်) နှစ်ပတ် ယူလေ့ရှိသည်။

အနားယူ အပန်းဖြေရာတွင် မိတ်ဆွေများ၏ အပန်းဖြေစံအိမ်နှင့် ခြံများသို့ သွားရောက်လည်ပတ်သည်။ သို့သော် ခရစ္စမတ်နေ့တွင် အိမ်ဖြူတော်သို့ အရောက်ပြန်နိုင်ရန် ခရီးစဉ် ဆွဲထားပြီးဖြစ်သည်။ အိမ်ဖြူတော်ဝန်ထမ်းများနှင့် အေးဂျင့်များသည် ခရစ္စမတ်နေ့တွင် မိသားစုများနှင့် အတူရှိနေနိုင်ရန် ယင်းသို့ အလိုက်သိစွာ စီစဉ်ခြင်းဖြစ်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



နှစ်သစ်ကူး အကြိုရက်များတွင် ဝါလ်တာနှင့် လီယိုနာ အင်နာဘတ်တို့ လင်မယားထံတွင် အချိန်ကုန်ဆုံးလေ့ရှိသည်။ ဝါလ်တာသည် the Phildelphia Inquirer, the Daily News, TV Guide , the Dialy Racing Form စာစောင်များကို ထုတ်ဝေသူ ဖြစ်သည်။ ဝါလ်တာသည် ဗြိတိန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးလည်း ဖြစ်သည်။ ဇနီးသည် လီယိုနာမှာ အိမ်ဖြူတော် သံတမန်ရေးရာ အကြီးအကဲဖြစ်သည်။ သူတို့ထံ ရောက်သည့်အခါ ရီဂင်က ဂေါက်သီးတစ်ပွဲကစားသည်မှာ နှစ်တိုင်းဖြစ်သည်။ ရီဂင်သည် တစ်နှစ်တွင် တစ်ကြိမ်သာ ဂေါက်သီးကစားသည်။ ဂေါက်ကွင်းကို အင်နာဘတ်တို့ ဇနီးမောင်နှံပိုင်ဆိုင်သည်။ ဂေါက်ကွင်းသည် သူတို့ အပန်းဖြေအိမ်ကို ဝိုင်းပတ်ရစ်ခွေနေသည်။

အင်နာဘတ်တို့ ခြံဝင်းသို့ မော်တော်ယာဉ်ဖြင့် သွားကြရာ အဝင်ဂိတ်ဝတွင် ဆယ်ကျော်သက် အုပ်စုတစ်စုသည် လက်ထဲတွင် ကတ်ပြားတစ်ခုကို ကိုင်ဆောင်လျက် စောင့်ယမ်းပြနေကြသည်။ ထိုကတ်ပြားပေါ်တွင် “သမ္မတကြီးအားခဏရပ်ပြီး ကျွန်တော်တို့ကို နှုတ်ဆက်ပေးပါ” ဟု ရေးသားထားသည်။

ရီဂင်က ကျွန်တော့်ဘက်လှည့်ပြီး “ဂျိုးရေ… ခဏလောက်ရပ်လို့ရမလား” ဟုမေးသည်။ မဖြစ်နိုင်ဘူးဟုပြောလိုက်လျှင် အလွယ်ဆုံးဖြစ်သည်။ သူက ကလေးများကို လက်ပြနှုတ်ဆက်ပြီး ကားဆက်မောင်းသွားရုံသာရှိသည်။ သို့သော် ကလေးများကို သူက နှုတ်ဆက်ချင်နေသည်မှာ သိသာသည်။ ထို့ကြောင့် ယာဉ်တန်းကို ကျွန်တော် ရပ်ပေးလိုက်သည်။ ကားရပ်လိုက်သည်နှင့် အေးဂျင့်များက ကားကို ဝန်းရံနေရာယူကြသည်။ သမ္မတကြီးအား ကားထဲတွင် ခဏနေရန်ပြောပြီး ကျွန်တော် အပြင်သို့ထွက်ကာ အခြေအနေကို အကဲခတ်သည်။ အနီးအနားတွင် အထပ်မြင့် အဆောက်အအုံလည်းမရှိ။

ရဲကားနှစ်စီးကလည်း လမ်းနှစ်ဖက်ကို ပိတ်ရပ်ထားသည်။ စိတ်ချရသည်ဆိုပါမှ ကားတံခါးကို ကျွန်တော်ဖွင့်ပေးသည်။ တံခါးရွက်ကို ဒိုင်းသဖွယ် ဖွင့်လျက်သား အနေအထားတိုင်း ထားပြီး သမ္မတကြီးကိုလည်း တံခါးရွက်အကွယ်အကာနောက်မှ မရွေ့စေဘဲ ကလေးများအား နှုတ်ဆက်စေသည်။

ရီဂင်သည် ကလေးများအား လက်ဆွဲနှုတ်ဆက်ပြီး ကတ်ပြားပေါ်တွင် လက်မှတ်ရေးထိုးပေးသဖြင့် သူတို့ကျေနပ်ပျော်ရွှင်သွားကြသည်။ ကလေးများအဖို့ ယင်းအခိုက်အတန့်ကို တစ်သက်မေ့တော့မည် မဟုတ်သလို ရီဂင်သည်လည်း များစွာ ကျေနပ်ဝမ်းမြောက်ပေလိမ့်မည်။

၁၉၈၃ ခု နှိုဝင်ဘာလ။ အင်နာဘတ်တို့၏ ဂေါက်ကွင်းတွင် ရီဂင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီး ဂျော့ရှူဇ်နှင့်အခြားသုံးလေးဦး ဂေါက်သီးကစားခဲ့ကြသည်။ ထိုသို့ ကစားနေစဉ် ဂေါက်ကွင်း၏ ဂေါက်သီးပစ္စည်းဆိုင်သို့ သေနတ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နှင့် လူတစ်ယောက် ဝင်ရောက်စီးနင်းပြီး ဓားစာခံများကို ဖမ်းထားခဲ့သည်။ ထိုဂေါက်သီးဆိုင်သည် လုံခြုံရေး အပြင်စည်းတွင် ရှိသည်။ ထိုသတင်းရရချင်း ကျွန်တော်တို့က ရီဂင်အား လုံခြုံသည့် နေရာသို့ ရွှေ့ထားလိုက်သည်။

ဓားစာခံများထဲတွင် ရှေ့ပြေးအဖွဲ့ဝင် လင်နီဝိုင်းလ်နှင့် သမ္မတ၏ လက်ထောက် ဒေ့ဗ်ဖစ်ရှာတို့ ပါသွားသည်။ သေနတ်သမားက သမ္မတနှင့် တွေ့လိုကြောင်း တောင်းဆိုသည်။ လင်နီနှင့် ဖစ်ရှာတို့က ကျန်ဓားစာခံများ လွှတ်ပေးရန် ဖျောင်းဖျသည်။

သမ္မတထံ အကြောင်းကြားပေးရန် သေနတ်သမားက ဒေ့ဗ်ကို ဆက်သားအဖြစ် စေလွှတ်သည်။ ကျန်ဓားစာခံများအား လွှတ်ပေးလိုက်သဖြင့် လင်နီ တစ်ယောက်တည်းသာ သေနတ်သမားလက်တွင် ကျန်ခဲ့သည်။ သို့သော် သေနတ်သမားသည် ခဏအကြာတွင် လက်နက်ချလိုက်သည်။ ထိုအဖြစ်အပျက်ကို အကြောင်းပြုလျက် ရီဂင်သည် မည်သည့်အခါတွင်မျှ ဂေါက်သီးမကစားတော့။ အခြားလူများ၏ အသက်ကို အန္တရာယ်ဖြစ်စေလျက် ဂေါက်သီး မကစားနိုင်ဟု ရီဂင်က ပြောဖူးသည်။

ထိုအဖြစ်အပျက်ကို မီဒီယာများက မသိလိုက်။ ဘေရွတ်ရှိ အမေရိကန်စစ်တန်းလျား ဗုံးခွဲခံရပြီး နောက်တစ်နေ့ ဖြစ်သည့်အပြင် အမေရိကန်တပ်များ ဂရင်နေဒါသို့ ဝင်ရောက်တိုက်ခိုက်သောနေ့ ဖြစ်သဖြင့် ဂေါက်ကွင်း အဖြစ်အပျက်ကို မီဒီယာများက သတိမထားမိလိုက်။

ယင်းသို့ မီဒီယာများ မသိလိုက်သော ကျန်အဖြစ်အပျက် နှစ်ခုရှိသေးသည်။ နန်စီ၏ ညွှန်ကြားချက်အရ သူတို့ ဇနီးမောင်နှံအား လူမသိသူမသိ ခေါ်ထုတ်သွားခဲ့ရဖူးသည်။ အငြိမ်းစားယူသည့်အခါ နေထိုင်ရန် ရီဂင်က အိမ်လိုက်ရှာနေသည်။ အိမ်ဝယ်ရန်ကိစ္စကို နန်စီ၏ မိတ်ဆွေရင်း 'ဘက်စီ ဘလွန်းမင်းဒေးလ်' (နယူးယောက်မြို့တွင် တန်ဖိုးကြီးပစ္စည်းများသာ ရောင်းချသော အဆင့်မြင့် ဘလွန်းမင်းဒေးလ် ကုန်တိုက်ပိုင်ရှင်)က ကူညီဆောင်ရွက်ပေးသည်။ ယင်းသို့ အိမ်ရှာနေသည်ကို အထူးလျှို့ဝှက်ထားရသည်။ ရီဂင် ဝယ်ယူမည်ဟု သိသွားပါက အိမ်ဈေးခေါင်ခိုက်သွားမည်ကို မလိုလား။

ထိုစဉ်က သမ္မတဇနီးမောင်နှံသည် လော့အိန်ဂျယ်လိ(စ်)မြို့ ပလာဇာဟိုတယ်တွင် တည်းခိုနေခဲ့သည်။ နန်စီက ကျွန်တော့်အားခေါ်လျက် "ငါတို့ ဘဲလ်အဲယားမှာရှိတဲ့ အိမ်တစ်လုံး သွားကြည့်မလို့··· အဲဒီလို သွားကြည့်တာကို ဘယ်သူမှ မသိစေချင်ဘူး"ဟု ပြောသည်။

ပလာဇာဟိုတယ်တွင် သမ္မတတည်းခိုနေသည်ကို မီဒီယာနှင့်တကွ အများက သိနေသဖြင့် လူမသိသူမသိ ခေါ်ထုတ်သွားရန်မှာ မလွယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး ကျွန်တော်လုပ်ရသည်မှာ သမ္မတထံ ဆက်သွယ်လာနိုင်သူများကို ကျွန်တော့်ထံ တိုက်ရိုက်ဆက်သွယ်ရန် ပြောရသည်။ သမ္မတ၏ ဟိုတယ်အထပ်တွင် တာဝန်ကျနေသော အိမ်ဖြူတော်ဝန်ထမ်းများအား ဖယ်ရှားရန်လိုအပ်သည်။ သမ္မတသည် အထူးသီးသန့်အစည်းအဝေးရှိသဖြင့် သူတို့ အောက်ဆင်းနေကြရန် ညွှန်ကြားရသည်။ သမ္မတ တည်းခိုရာအထပ်တွင် သမ္မတဇနီးမောင်နှံ၊ အေးဂျင့်များ၊ ဆရာဝန်၊ စစ်ဘက်လက်ထောက်နှင့် အချက်ပြဆက်သွယ်ရေးအရာရှိတို့သာ ကျန်တော့သည်။

အမှတ်အသားမပါသော ကျည်လုံကားနှစ်စီးနှင့် ရဲအသုံးပြုရန် အရပ်ကားတစ်စီးတို့ကို ဟိုတယ်မြေတိုက်ထားရပ်နားနေရာတွင် အသင့်ပြင်ထားခိုင်းသည်။ ရဲများအား မည်သည့်နေရာသို့ သွားမည်ကို ပြောမထား။

တာဝန်ကျအေးဂျင့်၊ စစ်ဘက်လက်ထောက်၊ ဆရာဝန်နှင့် ဆက်သွယ်ရေးအရာရှိတို့နှင့်အတူ သမ္မတဇနီးမောင်နှံအား နောက်ဘက် ဓာတ်လှေကားမှ ကားများစောင့်နေရာ မြေတိုက်ခန်းသို့ ခေါ်ချလာရသည်။

ကားပြတင်းမှန်များသည် မှန်အမှုန်များဖြစ်သော်လည်း အလင်းပိတ်မှန်များ မဟုတ်ပေ။ အတွင်းသို့ ခပ်ရေးရေးမြင်နိုင်သည်။ ထို့ကြောင့် မည်သူကိုမျှ လက်ဝှေ့ယမ်းမပြရန် သမ္မတကြီးအား မှာထားရသည်။ ကျွန်တော်တို့ ယာဉ်နှပ်စုသည် သွားလာနေသော ကားများအကြား တိုးဝင်လျက် ယာဉ်ကြောအတိုင်း လိုက်လာခဲ့သည်။ မီးနီလျှင်ရပ်၊ မီးစိမ်းလျှင် ထွက်သည်။ ကားအတွင်း သမ္မတကြီးဇနီးမောင်နှံပါလာသည်ကို မည်သူမျှ သတိမပြုမိကြ။

ဘဲလ်အဲယားရှိ အိမ်သို့ရောက်သောအခါ ဘက်တီဘလွန်းမင်းဒေးလ် စောင့်နေသည်ကို တွေ့ရသည်။ တစ်ခန်းဝင်တစ်ခန်းထွက် ရီဂင်က လိုက်ကြည့်သည်။ နောက်ဆုံးတွင် သူက "ငါမြေတိုက်ခန်း ကြည့်ချင်သေးတယ်"…။ ဤသည်မှာ ယောကျ်ားသားတစ်ယောက်၏ အလွန်သဘာဝကျသော တောင်းဆိုမှုဖြစ်သည်။ အိမ်တိုင်း၏ မြေတိုက်ခန်းတွင် တစ်အိမ်လုံးကို အပူပေးသည့် ကိရိယာထားသည်။ အပူပေးကိရိယာအား ပြုပြင်ထိန်းသိမ်းခြင်း၊ လောင်စာဆီထည့်ခြင်းတို့သည် အိမ်ရှိ ယောကျ်ားသား၏ တာဝန်ဖြစ်သည်။

ကျွန်တော်တို့ လာလမ်းအတိုင်းပြန်လာကြပြီး သမ္မတကြီးတို့အား တည်းခိုရာအထပ်သို့ ပြန်ပို့လိုက်သည်။ သမ္မတကြီး အပြင်ထွက်သွားသည်ကို အိမ်ဖြူတော် ပြန်ကြားရေးအရာရှိပင် မသိလိုက်ပေ။

နောက်တစ်ကြိမ် လူမသိသူမသိ သမ္မတဇနီးမောင်နှံအား ပြင်ပသို့ ခေါ်ထုတ်ရပြန်သည်။ သည်တစ်ကြိမ်တွင် အတော်ပင်ခက်ခက်ခဲခဲ လုပ်ယူရသည်။ ၁၉၈၆ ခုနှစ်၊ ဇူလိုင်လ ပထမပတ် တနင်္ဂနွေနေ့တွင် သမ္မတကြီးဇနီးမောင်နှံတို့ ကင့်ဒေးဗစ် အနားယူစခန်းမှ အိမ်ဖြူတော်သို့ ရဟတ်ယာဉ်ဖြင့် ပြန်လာခဲ့ကြသည်။ ရဟတ်ယာဉ်ပေါ်တွင် နန်စီက ကျွန်တော့်အား "အိမ်ဖြူတော် ရောက်ရောက်ချင်း မင်း ငါ့ဆီကို ခဏလာခဲ့ဦး" ဟု ပြောခဲ့သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖြူတော် တောင်ဘက်မြက်ခင်းတွင် ရဟတ်ယာဉ်ဆင်းပြီး ကျွန်တော်က နောက်မှ လိုက်သွားသည်။ နန်စီက "ဂျော်ဂျီကလပ်မှာ ဒီနေ့ည ငါ့မွေးနေ့အထိမ်းအမှတ်အဖြစ် ငါတို့နှစ်ယောက်နဲ့ မိတ်ဆွေဟောင်းနှစ်ယောက် ညစာ စားကြမယ်။ ဒီညစာ စားပွဲဟာ လုံးဝ (private) သီးသန့်ညစာစားပွဲပဲ။ ဘယ်သူမှ မသိစေရဘူး။ မီဒီယာသမားတွေ လည်း မသိစေရဘူး" ဟု ဆိုခဲ့လေသည်။

ညစာအတူစားကြမည့် ချားလ်စ်နှင့် မေရီဂျိမ်းဝစ် (Charles and Mary Jane Wick)တို့သည် ၁၉၅၀ပြည့် လွန်နှစ်များက ကာလီဖိုးနီးယားတွင် ရီဂင်၏ အိမ်နီးချင်းများဖြစ်ခဲ့သည်။ ချားလ်စ်သည် ရုပ်ရှင်ထုတ်လုပ်သူဖြစ်ပြီး ၁၉၈၁ ခုနှစ် သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကျင်းပရေးကော်မတီ၏ တွဲဖက်ဥက္ကဋ္ဌလည်းဖြစ်သည်။ ရီဂင် သမ္မတ ဖြစ်လာသည့်အခါ သူ့အား အမေရိကန်ပြန်ကြားရေးအေဂျင်စီနှင့် လွတ်လပ်သော ဥရောပအသံအကြီးအကဲအဖြစ် ခန့်အပ်ခဲ့သည်။ သူသည် ဘက်စီဘလူးမင်းဒေးလ်ကဲ့သို့ ရီဂင်၏ အရင်းအချာ မိတ်ဆွေလည်းဖြစ်သည်။

မက်ဆာချူးဆက်ရိပ်သာလမ်းရှိ ဂျော်ဂျီကလပ်သို့ ကျွန်တော် ထွက်လာခဲ့သည်။ ကလပ်ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာရင်း ကလပ်ပိုင်ရှင်ကို ရှာရသည်။ ကျွန်တော် မည်သူမည်ဝါဖြစ်ကြောင်း မိတ်ဆက်ပြီး မေးမြန်းရာ ယနေ့ညတွင် လေးယောက်စာ ညစာစားပွဲအတွက် မစ္စတာ ချားလ်စ်ဝစ် အမည်ဖြင့် ကြိုတင်စာရင်းပေးထားသည်ဟု သိရသည်။

ချားလ်စ်နှင့်အတူ ညစာ လာစားမည့်စုံတွဲမှာ သမ္မတကြီးတို့ ဇနီးမောင်နှံဖြစ်ကြောင်း၊ သမ္မတကြီးတို့ လာရောက်မည့် သတင်းကို မည်သို့မျှ မပေါက်ကြားစေရန်၊ ပေါက်ကြားပါက သမ္မတကြီးလာရောက်မည် မဟုတ်ကြောင်း သူ့အား ပြတ်ပြတ်သားသား သတိပေးရသည်။

ပိုင်ရှင်က စားသောက်ဆိုင်ဖွဲ့စည်းထားပုံကို ကျွန်တော့်အားလိုက်ပြသည်။ စားသောက်ခန်းကို သုံးပိုင်းကန့် ထားပြီး၊ သမ္မတကြီးတို့အတွက် နောက်ဆုံးအပိုင်းတွင် စားပွဲပြင်ပေးထားသည်။ နောက်ဆုံးအပိုင်းနှင့် ကျန်နှစ်ပိုင်း အကြား အလှစိုက်အပင်များဖြင့် ပိုင်းခြားထားသဖြင့်လည်းကောင်း၊ နောက်ဖေးပေါက်မှ အဝင်အထွက်လုပ်ခြင်းဖြင့် လည်းကောင်း သမ္မတကြီးတို့အား သတိပြုမိမည် မဟုတ်ပေ။ အချက်ပြဆက်သွယ်ရေးအရာရှိသည် တယ်လီဖုန်း သီးသန့် လိုင်း ဆက်သွယ်ရန် အချိန်မရတော့သည့်အတွက် ကလပ်မှ တယ်လီဖုန်းလိုင်းကို သမ္မတရှိနေစဉ် တစ်လျှောက်လုံး ဖွင့်ထားပြီး အသုံးပြုမည်ဖြစ်ကြောင်း ပိုင်ရှင်အား ကျွန်တော်က ရှင်းပြသည်။

စစ်ဘက်လက်ထောက်၊ ဆရာဝန်နှင့် အေးဂျင့်အချို့ ချထားနိုင်ရန်အတွက် စားသောက်ခန်း၏ ဒုတိယအပိုင်း (အလယ်အကန့်)တွင် စားပွဲအချို့ ပြင်ခိုင်းရသည်။ အေးဂျင့်တစ်ယောက်ကို မီးဖိုချောင်တွင် ချထားရန်လည်း စီစဉ်ရသည်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အိမ်ဖြူတော်သို့ ပြန်လာခဲ့ပြီး သမ္မတကတော် နန်စီအား "ကလပ်မှာ အားလုံးစီစဉ်ပြီးပါပြီ။ အရေးပေါ် မီးဘေးလှေကားက တက်ရမှာဖြစ်တဲ့အတွက် ဒေါက်မပါတဲ့ဖိနပ်ကို စီးလာစေချင်ပါတယ်"ဟု တင်ပြလိုက်သည်။

အိမ်ဖြူတော်ရုံးအဖွဲ့မှူး 'ဒွန်ရက်ဂင်'ထံ တယ်လီဖုန်းဖြင့် ဆက်သွယ်လျက် သမ္မတကြီးတို့ ဇနီးမောင်နှံအား ယနေ့ညတွင် အပြင်သို့ ခေါ်သွားမည်ဖြစ်ကြောင်း၊ သမ္မတကြီးအား ဆက်သွယ်လိုပါက ကျွန်တော့်ထံသို့ ဆက်သွယ်ရန် ပြောရသည်။ မည်သည့်နေရာသို့ သွားမည်ကိုမူ ပြောမပြပေ။

အိမ်ဖြူတော် မော်တော်ယာဉ်စာရင်းတွင် မပါဝင်သည့် အမှတ်အသား မပါသော ကျည်လုံကားနှစ်စီးကို အသုံးပြုခဲ့ရသည်။ ထိုကားနှစ်စင်းကို သတင်းထောက်များ စုဝေးရာရုံးခန်းနှင့် အဝေးဆုံးနေရာဖြစ်သည့် အရှေ့ဘက် အဆောင်တွင် စောင့်ဆိုင်းထားခိုင်းလိုက်သည်။

ဆရာဝန်၊ စစ်ဘက်လက်ထောက်နှင့် အချက်ပြ ဆက်သွယ်ရေးအရာရှိတို့အား သမ္မတကြီးတို့ ဂျော်ဂျီကလပ်တွင် သွားရောက်ညစာစားရန်ရှိကြောင်း၊ စစ်ဘက်လက်ထောက်သည် အရပ်ဝတ် ပြောင်းလဲဝတ်ဆင်ထားရန်လိုကြောင်း၊ ဆခုကိစ္စကို မည်သို့မျှ မပေါက်ကြားရန်၊ ပေါက်ကြားပါက အားလုံး အလုပ်ပြုတ်ကုန်မည်ဖြစ်ကြောင်း ပြောပြရသည်။ သတင်းမပေါက်ကြားရန် အထပ်ထပ် သတိပေးရသည်။

ထို့နောက် လိုက်ပါ စောင့်ရှောက်မည့် အေးဂျင့်များကို ရှင်းပြရပြန်သည်။ ကလပ်၏ ဧည့်ကြိုခန်းမတွင် အေးဂျင့်တစ်ယောက်၊ ညစာခန်းမတွင် နှစ်ယောက်နှင့် မီးဖိုချောင်တွင် တစ်ယောက် တာဝန်ချထားလိုက်သည်။ ဝါရှင်တန်ရဲနှင့် တန်ပြန်ချေမှုန်းရေးအဖွဲ့တို့ကိုလည်း အသင့်ရှိနေရန် တပ်လှန့်ထားလိုက်သည်။

ည ၇ နာရီ ၁၅ မိနစ်တွင် သမ္မတကြီးတို့နှင့်အတူ ကျွန်တော် ဓာတ်လှေကားဖြင့် ဆင်းလာသည်။ မြေညီထပ်သို့ရောက်သောအခါ သမ္မတကြီးက သွားနေကျအတိုင်း လက်ယာဘက်သို့ ကွေ့ကာ အနောက်ဆောင်သို့ ဦးတည်လိုက်သည်။ ကျွန်တော်က "သမ္မတကြီး ဒီဘက်ကို ကြွပါ"ဟုပြောကာ အရှေ့ဘက်ဆောင်သို့ ဦးတည်ခေါ်သွားသည်။

ကျည်လုံကားနှစ်စီးအနက် ရှေ့ဆုံးကားနောက်ခန်းတွင် သမ္မတကြီးတို့အား နေရာချပေးလိုက်ပြီး၊ ကျွန်တော်က ရှေ့ခန်းတွင်ဝင်ထိုင်ကာ "သမ္မတကြီး နောက်မှီထိုင်နေပါ။ ဘယ်သူ့ကိုမှလည်း လက်မပြပါနဲ့"ဟု ပြောရသည်။ ရီဂင်၏ မျက်နှာတွင် စိုးရိမ်မှုအရိပ်အယောင်များ သန်းလာလျက် "ဘာတွေဖြစ်နေတာလဲ"ဟု မေးပါတော့သည်။

ကျွန်တော်က နန်စီအား လှမ်းအကြည့်တွင် နန်စီက သမ္မတကြီးအား "မစိုးရိမ်ပါနဲ့။ ဒီဟာ ကျွန်မ စိတ်ကူးပါ ရော်နီ"ဟု ပြောလိုက်လေသည်။ ကျွန်တော်တို့ ကားနောက်တွင် အေးဂျင့်များ၏ကား၊ ထို့နောက် ရဲများ လိုက်ပါလာသည့် အရပ်ကားနှစ်စီးတို့နှင့်အတူ ပင်ဆဲလ်ဗေးနီးယား လမ်းမပေါ်သို့ ထွက်ခဲ့လေသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဝါရှင်တန်မြို့၏ တနင်္ဂနွေ ညနေခင်း ယာဉ်ကြောအတွင်း ဝင်ရောက်သွားခဲ့ပြီး မီးနီလျှင်ရပ်၊ မီးစိမ်းလျှင် ထွက်ကာ ကလပ်နောက်ဖေးသို့ ရောက်လာခဲ့သည်။ နောက်ဖေး မီးဘေးအရေးပေါ်လှေကားမှတက်ကာ ညစာခန်းမသို့ ရောက်လာခဲ့သည်။

သမ္မတကြီးတို့ ညစာစားနေစဉ် ဆိုင်ပိုင်ရှင်သည် ကျွန်တော့်ထံ ရောက်လာကာ "လူတွေ ဝင်ထွက်စားသောက်နေကြတာ သမ္မတကြီးတို့ ရောက်နေတယ်ဆိုတာ ဘယ်သူမှမသိဘူး"ဟု ပြောသည်။

ညစာစားသုံးပြီးသောအခါ အရေးပေါ်မီးဘေးလှေကားမှဆင်းကာ ပြန်လာခဲ့ကြသည်။ အိမ်ဖြူတော်အတွင်း ခိုးကြောင်ခိုးဝှက် မဝင်တော့ဘဲ ပြောင်ပြောင်တင်းတင်းပင် အနောက်မြောက်ဂိတ်မှ ဝင်လာသည်။ သမ္မတကြီးနှင့် သမ္မတကတော်တို့ ပျောက်ကွယ်နေသည်ကို သတင်းသမားများက သတိပြုမိသွားလေပြီလား ဟု ကျွန်တော် စိုးရိမ်စိတ်ဝင်မိသည်။ မည်သို့ပင်ဆိုစေ နန်စီ၏ အစီအစဉ် ထမြောက်သွားပြီဖြစ်သဖြင့် ယခုအချိန်တွင် သိသွား၍လည်း အကြောင်းမထူးတော့ပြီ။

ကျွန်တော် အိမ်သို့ ည ၁၁ နာရီတွင် ပြန်ရောက်သည်။ ပြန်ရောက်ပြီး ၁၅ မိနစ်ခန့်တွင် တယ်လီဖုန်းမြည်လာသည်။ ထိုတယ်လီဖုန်းမှာ အိမ်ဖြူတော်နှင့် တိုက်ရိုက်ဆက်ထားသောဖုန်းဖြစ်သည်။ တစ်ဘက်မှာ အိမ်ဖြူတော်ပြန်ကြားရေးအရာရှိ လာရီစပိခ် ဖြစ်သည်။

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ။ သမ္မတ အပြင်ထွက်တိုင်း သတင်းသမားတွေပါရမယ်ဆိုတဲ့ သဘောတူညီချက်ကို ချိုးဖောက်လိုက်တာပဲ"

"ဒါ သမ္မတကတော်ရဲ့ အစီအစဉ်ပဲ။ ခင်ဗျား မကျေနပ်ရင် သူ့ကိုသာသွားပြောပါ"ဟု ပြောပြီး ဖုန်းချလိုက်သည်။ ခဏအကြာတွင် လာရီ၏လက်ထောက်ဖြစ်သူ မတ်ခ်ဝိုင်းဘတ်ထံမှ ဖုန်းဆက်လာပြန်သည်။ ကျွန်တော်နှင့် ရင်းနှီးသူလည်း ဖြစ်သည်။ သူက "သူငယ်ချင်း ကိုယ့်ကိုတော့ အသိပေးသင့်တာပေါ့"ဟု ဆိုသည်။

"မင်းကို အသိပေးရင်၊ မင်းက မင်းဆရာကို တစ်ဆင့်ပြောရင် အားလုံးသိကုန်မှာပေါ့ကွ"ဟု သူ့အား ပြန်ပြောလိုက်ရသည်။

လာရီနှင့် သတင်းသမားများက ကျွန်တော့်အပေါ် ဒေါသထွက်နေကြသည်။ မကျေနပ်ကြသဖြင့် သမ္မတကြီးနှင့် တွေ့ခွင့်တောင်းခဲ့ကြသည်။ သတင်းသမားများကို ညနေ ၆ နာရီတွင်တွေ့ရန် သမ္မတက လက်ခံခဲ့သည်။ ယင်းသို့ တွေ့ဆုံမည်ကို ကျွန်တော် မစိုးရိမ်ခဲ့ပေ။ သမ္မတကတော်၏ ညွှန်ကြားချက်အတိုင်း ကျွန်တော် ဆောင်ရွက်ပေးခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် သမ္မတကြီးအား ဘေးအန္တရာယ် ကျရောက်စေနိုင်သည့် အနေအထားမျိုးမရှိခဲ့

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ရေဂ်န်ရီဂင်သည် သတင်းသမားများကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သူ ဖြစ်သည်။ သူသည် လူမှုဆက်ဆံရေးတွင် သူ မတူအောင် ကျွမ်းကျင်သူဖြစ်သဖြင့် (the Great Communicator) ဟု မီဒီယာများက ကင်ပွန်းတတ်ထားသည်။

သမ္မတကြီးနှင့်တွေ့ဆုံအပြီး သတင်းသမားများသည် ရယ်ရယ်မောမောနှင့် ပြန်လည်ထွက်ခွာသွားကြသည်။ ထွက်ခွာမီ စီဘီအက်စ်သတင်းထောက်က "နောက်တစ်ခါ သမ္မတကြီး အိမ်ဖြူတော် ပြင်ပကိုသွားမယ်ဆိုရင် အမေရိကန်အိတ်စ်ပရက် အကြွေးဝယ်ကတ်ပြားကြော်ငြာလိုပဲ ၊ ကျွန်တော်တို့မပါဘဲ မသွားဖို့ ပြောပါရစေ"ဟု ပြောသည်။

အမေရိကန် အိတ်စ်ပရက် အကြွေးဝယ်ကတ်ပြား၏ Don't leave home without American Express ကြော်ငြာမှာ ရေပန်းစားနေသောအချိန် ဖြစ်ခဲ့သည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၅ အယ်လင်မြို့မှ ချာတိတ်တစ်ယောက်

ကျွန်တော်သည် ရော်နယ်ရီဂင်ကို ရုပ်ရှင်ဇာတ်ကားများတွင် မြင်ဖူးတွေ့ဖူးနေသော်လည်း ဂျွန်ကယ်ရီကိုတော့ ကြားပင်မကြားဖူးပေ။ ဒါးလက်စ်မြို့၏ သောကြာနေ့ နေ့လယ်ခင်းသည် ကျွန်တော့်ဘဝကို အပြောင်းလဲကြီး ပြောင်းလဲစေမည်ကိုလည်းကောင်း၊ သူတို့နှစ်ယောက်နှင့် ကျွန်တော့်ဘဝတွင် ပတ်သက်ရလိမ့်မည်ဟုလည်းကောင်း မမျှော်လင့်ခဲ့။

ကျွန်တော်သည် ပင်ဆဲလ်ဗေးနီးယားပြည်နယ် အယ်လင်မြို့လေးမှ ချာတိတ်တစ်ယောက်သာ ဖြစ်သည်။ ရတ်ဘီဘောလုံး ပညာသင်ဆုဖြင့် တင်ပဲလ် တက္ကသိုလ်တက်ရောက်နေသည့်အချိန် ဖြစ်သည်။ ကျွန်တော်တို့ ရတ်ဘီအသင်း ဘတ်စ်ကားသည် တစ်နာရီအတွင်း ထွက်ခွာပေတော့မည်။

ဒါးလက်စ်မြို့တွင် သမ္မတ ကနေဒီ လုပ်ကြံခံရခြင်းကြောင်း ၁၂ နာရီမိနစ် ၄၀ ခန့်တွင် ရေဒီယိုမှ ကျွန်တော် ကြားလိုက်သည်။ ဘတ်စ်ကားပေါ်သို့ ကျွန်တော်ရောက်သည့်အခါ သမ္မတ ကွယ်လွန်သွားကြောင်း ရေဒီယိုက ကြေညာပြန်သည်။

အခြားသူများကဲ့သို့ပင် ကျွန်တော်သည် ရုပ်မြင်သံကြားမှမခွာဘဲ သတင်းထုတ်လွှင့်ချက်များကို ထိုင်ကြည့်နေမိသည်။ ထိုအဖြစ်အပျက်တွင် သမ္မတ၊ သမ္မတကတော် ဂျက်ကလင်းနှင့် ဒုတိယသမ္မတတို့အား အကာအကွယ်ပေးနေသည့် ကိုယ်ရံတော်အေးဂျင့်တို့ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ကြပုံကို စိတ်ဝင်တစား နားထောင်ရသည်။ ရတတ်သမျှသော သတင်းစာများတွင် အေးဂျင့်တို့အကြောင်း ရူးသွပ်စွာ ရှာဖွေဖတ်ရှုမိပါသည်။ အေးဂျင့်တစ်ယောက်က သမ္မတ၏ မော်တော်ယာဉ်ပေါ်သို့ ခုန်တက်ကာ အကာအကွယ်ပေးပုံ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထမြောက် မော်တော်ယာဉ်တွင် စီးနင်းလာသော ဒုတိယသမ္မတ ဂျွန်ဆင်အား ကြမ်းပြင်ပေါ် တွန်းချ ချက် မိမိ၏ ခန္ဓာကိုယ်ဖြင့် အကာအကွယ်ပေးသော အေးဂျင့်အကြောင်းကို ဖတ်ရှုရသည်မှာ ကျွန်တော့်အဖို့ အားကျဖွယ်ရာ သောစွန့်စားခန်းကြီးများဖြစ်သည်။ နောက် လပေါင်းအတန်ကြာသည်အထိ ကနေဒီလုပ်ကြံမှုနှင့် ပတ်သက်သော သတင်းများကို ကျွန်တော် ရှာဖွေဖတ်ရှုနေခဲ့လေသည်။ လုပ်ကြံမှုအဖြစ်အပျက်တွင် အေးဂျင့်များ၏ လှုပ်ရှားဆောင်ရွက်မှု ကို ကျွန်တော် စိတ်အဝင်စားဆုံးဖြစ်သည်။

၁၉၆၅ ခုနှစ်တွင် လောင်းအိုင်လန်ရှိ ဟောဖ့်စတာ တက္ကသိုလ်တွင် ကျွန်တော်တို့ ရတ်ဘီအသင်း ကစားခဲ့သည်။ ထိုတစ်သက်တာ အမှတ်တရ ဖြစ်စေသောပွဲဖြစ်သည်။ ကစားပွဲတွင် ညာလက် လက်ကျိုးသွားသဖြင့် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ထိုပွဲတွင် ကျွန်တော်တို့ အသင်းရှုံးသည်။ ထိုပွဲသည် ကျွန်တော်၏ ရတ်ဘီနောက်ဆုံးပွဲဟု မှတ်ယူလိုက်သည်။ သို့သော် နိုဝင်ဘာလတွင် ကလိဗ်လန်အသင်းက ကျွန်တော့်အား နောက်တန်းလူအဖြစ် ငှားရမ်းရန် ရည်ရွယ်ထား ကြောင်း တယ်လီဖုန်းဖြင့် အကြောင်းကြားလာခဲ့သည်။

၁၉၆၆ ခု ဇွန်လတွင် ကျွန်တော် ကျောင်းပြီးသည်။ ဇူလိုင်လတွင် ရတ်ဘီပွဲအတွက် လေ့ကျင့်ခန်းဆင်းရန် စောင့်စားနေခိုက် ထိုစဉ်က အမည်ဆိုးဖြင့် ကျော်ကြားနေသော၊ အရွယ်ရောက်သူတိုင်း မလိုချင်ဆုံးဖြစ်သော "သမ္မတ ကြီးထံမှ နှုတ်ခွန်းဆက်လွှာ"ဟု ဖော်ပြထားသော စာအိတ်တစ်အိတ် ရောက်လာသည်။ စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်း ဖြစ်သည်။ ဆင့်ခေါ်စာကြောင့် ကျွန်တော် တုန်လှုပ်သွားသည်။ အတန်ငယ် တည်ငြိမ်သွားသည့်အခါ ကလိဗ်လန်း ရတ်ဘီအသင်းနည်းပြထံ ကျွန်တော် တယ်လီဖုန်းဆက်ပြီး စစ်မှုထမ်းရန် ဆင့်ခေါ်ခံရကြောင်း ပြောပြလိုက်သည်။ သူ က ကြည့်လုပ်လိုက်မည်ဟုပြောပြီး ဖုန်းချသွားသည်။ ခဏအကြာတွင် သူ့ထံမှ ဖုန်းပြန်ဝင်လာသည်။ Case Western Reserve University တက္ကသိုလ်တွင် ဘွဲ့ကြိုတန်းတက်ရန် စာရင်းသွင်းပြီးကြောင်း ပြောသည်။ စစ်မှုထမ်းခြင်း ကို ဆိုင်းငံ့ပေးရန် လျှောက်ထားရာတွင် အကောင်းဆုံးသော အကြောင်းပြချက်ဖြစ်သည်။ သုံးရက်အကြာတွင် စစ်မှုထမ်းရန် အမိန့်ကို ပယ်ဖျက်ကြောင်း စာရသည်။

ဇူလိုင်လ တစ်ရက်နေ့တွင် ကျွန်တော်တို့ လေ့ကျင့်ခန်း စဆင်းရသည်။ မကြာမီတွင် စစ်မှုထမ်းရန် ဆင့်ခေါ်စာ ထပ် ရပြန်သည်။ စစ်မှုထမ်းစိစစ်ရေးအဖွဲ့က စစ်မှုထမ်းရန် ဆိုင်းငံ့ထားသူများအား ခေါ်ယူရန် ဆုံးဖြတ်ချက်ချလိုက်ခြင်း ကြောင့် ဖြစ်သည်။ ဤတွင် ကျွန်တော်၏ ရတ်ဘီကစားသမားဘဝ နိဂုံးချုပ်ရတော့သည်။

ရေတပ်ပျံသန်းရေး အရာရှိလောင်းအဖြစ် ကျွန်တော် စာရင်းပေးခဲ့သည်။ ထိုနှစ်တွင် ဂျွန်ကယ်ရီသည်လည်း ရေတပ်တွင် အမှုထမ်းရန် စာရင်းပေးသည်။ ရော်နယ်ရီဂင်သည် ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးဖြစ်လာသည်


www.burmeseclassic.com

www.burmeseclassic.com



ပျံသန်းရေး အရာရှိလောင်းသင်တန်းအတွက် မျက်စိဆေးစစ်ရာတွင် မအောင်သဖြင့် ကျွန်တော့်အား ရေတပ် အရာရှိလောင်းသင်တန်းကျောင်းသို့ ပို့လိုက်သည်။ ဂျွန်ကယ်ရီသည် ထိုစစ်ကျောင်းတွင် ကျွန်တော့်ထက် သင်တန်းအပတ်စဉ် စောရောက်နှင့်ပြီးဖြစ်သည်။ သင်တန်း လေးလ တက်ပြီး အောင်မြင်သည့်အခါ ကျွန်တော် ဒုဗိုလ်အဖြစ် ခန့်အပ်ခံရသည်။

ကျွန်တော် စတင် တာဝန်ထမ်းဆောင်ရသော သင်္ဘောမှာ ယူအက်စ်အက်စ် ပလိုင်းမော့ ဖြစ်သည်။ စစ်ရေယာဉ်မှူးမှာ ဗီယက်နမ်မှ မကြာသေးမီက ပြန်ရောက်လာသူ ဖြစ်သည်။ ဗီယက်နမ်တွင် သူရိုက်ကူးခဲ့သော ဓာတ်ပုံဆလိုက်များအနက် ကင်းလှည့်သင်္ဘော ပီဘီအာရ်ကို မြင်မြင်ချင်း ကျွန်တော် အလွန်နှစ်ခြိုက်သွားသည်။ ပီဘီအာရ်ကို မောင်းနိုင်ရန် မည်သို့လုပ်ရမည်နည်းဟု စစ်ရေယာဉ်မှူးအား ကျွန်တော် မေးမိသည်။

ကျွန်တော် အသက် ၂၅ နှစ်ပြည့်သည့် ၁၉၆၉ ခု မတ်လ ၂၈ ရက်နေ့တွင် ကယ်လီဖိုးနီးယားရှိ ပီဘီအာရ် သင်တန်းကျောင်းသို့ ရောက်သွားသည်။ ရဲဘော် အယောက်ငါးဆယ်နှင့် အရာရှိလေးဦး သင်တန်းတက်ကြရသည်။ သင်တန်းသားတစ်ဦးဖြစ်သည့် ဂျွန်ပိုးနှင့် ကျွန်တော် များစွာရင်းနှီးလာသည်။ သူက အိမ်ထောင်သည်ဖြစ်ပြီး ကလေး နှစ်ယောက် ရှိသည်။ စနေ၊ တနင်္ဂနွေနေ့များတွင် စန်ဒီယာဂိုရှိ မိသားစုထံ အမြဲပြန်လေ့ရှိသည်။ သူ့အား သောကြာနေ့ညတွင် လေဆိပ်၌ ချပေးခဲ့ပြီး တနင်္ဂနွေနေ့ညတွင် ပြန်ကြိုရသည်။ စနေနှင့် တနင်္ဂနွေနေ့များတွင် ကျွန်တော်က သူ့အမိုးဖွင့် ကားကို သုံးခွင့်ရနေခဲ့သည်။ ကျွန်တော်ကဲ့သို့ လူပျိုလူလွတ်အတွက် မဟာအခွင့်အရေးဖြစ်နေတော့သည်။

ကျွန်တော်တို့သည် ရေတပ်အထူးတပ်ဖွဲ့ဝင်များနှင့်အတူ စကာရာမင်တိုမြစ်၏ နွံတောများထဲတွင် လေ့ကျင့်ကြရသည်။ ထိုနေရာသည် ဗီယက်နမ် မြစ်ချောင်းများနှင့် အလားတူသော်လည်း လှုပ်ရှားသွားလာရသည်မှာ ဗီယက်နမ် မြစ်ချောင်းများထက်ပင် ပိုမိုခက်ခဲသည်။

ထိုမှ ဝါရှင်တန်အနီးရှိ ဝဒ်ဘေးကျွန်းသို့သွားကာ တောတောင်ထဲတွင် ရှင်သန်ရပ်တည်နိုင်ရေး လေ့ကျင့်ခန်းများဆင်းကြရသည်။ ဗီယက်နမ်ရှိ အကျဉ်းစခန်းများနှင့် ပုံစံတူဆောက်လုပ်ထားသော အကျဉ်းစခန်းများရှိသည်။ တောင်ထိပ်တွင် ကျွန်တော်တို့အား ရဟတ်ယာဉ်ဖြင့် ချပေးလိုက်သည်။ နောက်မှ လိုက်ရှာနေသော ဗီယက်နမ် ပြောက်ကျားများလက်မှ လွတ်အောင်ပြေးပြီး ရွာသို့အရောက်သွားရသည့် လေ့ကျင့်ခန်းဖြစ်သည်။ တောင်ပေါ်တွင် ကိုယ့်ဘာသာ အစာ ရှာစားရသည်။ ရွာမရောက်မီ အဖမ်းခံရသူများကို အကျဉ်းစခန်းသို့ တန်းပို့သည်။ ရွာရောက်အောင် သွားနိုင်သူများကို ပန်းသီးတစ်လုံးနှင့် လိမ္မော်သီးတစ်လုံးပေးပြီးမှ အကျဉ်းစခန်းသို့ပို့သည်။ ပြေးလွှားငတ်ပြတ်နေသဖြင့် ပန်းသီးနှင့် လိမ္မော်သီးသည် နတ်သုဒ္ဓါဖြစ်နေသည်။ ရွာထဲရောက်လာသူများကိုလည်း အကျဉ်းစခန်းသို့ပို့သည်။ အကျဉ်းစခန်းတွင် ဗီယက်နမ် အလံလွှင့်ထူထားသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ငယ်တုန်းရွယ်တုန်းဖြစ်သဖြင့် လိုက်ဖမ်းသူများကို ကျွေ့ရှောင်ကာ ရွာသို့ ကျွန်တော် ရောက်သွားခဲ့သည်။ အကျဉ်းသားအဖြစ် လေ့ကျင့်ရသည်မှာ မယုံကြည်နိုင်လောက်အောင် ပင်ပန်းဆင်းရဲသည်။ ကျွန်တော်တို့အား သေတ္တာပုံးများထဲတွင် ထည့်ထားပြီး ဆန်ပြုတ်သာ တိုက်သည်။ ရေအေးဖြင့် လောင်းချသည်။ အိပ်ခွင့်မပေး။ ရိုက်နှက်ခံရသည်။ ကျောက်တုံးကြီးများကို သယ်နိုင်းသည်။ အမြဲတမ်း ဆဲဆိုခံနေရသည်။ နှိပ်စက်ညှဉ်းပန်းနည်းအမျိုးမျိုးကြောင့် အချိန်ကို ကျွန်တော်တို့ သတိမပြုတော့။ တစ်သက်လုံး အကျဉ်းစခန်းတွင် နေရတော့မည်ကဲ့သို့ ခံစားလာရသည်။ အကျဉ်းစခန်းမှ ထွက်ပြေးလွတ်မြောက်သူကို ပန်းသီးတစ်လုံးနှင့် လိမ္မော်သီးတစ်လုံး ဆုချသည်။ လွတ်မြောက်ရန် ကျွန်တော် အကြိမ်ကြိမ်ကြိုးစားသော်လည်း မအောင်မြင်ခဲ့။

ဤလေ့ကျင့်ခန်းကို မည်မျှကြာကြာလုပ်မည်ကို ကျွန်တော်တို့အား ပြောပြမထား။ ခံနိုင်ရည်ကို စမ်းသပ်သည့် ညှဉ်းပန်းနှိပ်စက်မှုဖြစ်သည်။ သုံးလေးရက်အကြာတွင် ကျွန်တော်တို့အား တန်းစီခိုင်းပြီး အကျဉ်းစခန်းမှူးက ဟိန်းဟောက်ငြိမ်းခြောက်သည်။ အကျဉ်းစခန်းတွင် လွှင့်ထူထားသည့် ဗီယက်နမ်အလံကို တစ်ယောက်ယောက်က အောက်သို့လျှော့ချနေသည်ကို မျက်လုံးထောင့်မှ ကျွန်တော်မြင်လိုက်သည်။ ထို့နောက် အမေရိကန်အလံကို တင်လိုက်ကာ ကျွန်တော်တို့အားလုံး အလေးပြုကြသည်။ အကျဉ်းစခန်းလေ့ကျင့်မှု ဤတွင်ပြီးဆုံးသွားသည်။ ပျော်လိုက်ကြသည့်ဖြစ်ချင်း။

ရန်သူဖမ်းဆီးခံရသည့်အခါ တွေ့ကြုံခံစားရမည့် ပင်ပန်းဆင်းရဲမှုဒုက္ခကို ခံစားသိရှိနိုင်ရန် လေ့ကျင့်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် အဖမ်းမခံရစေရန် ကြိုးစားရမည်။ အဖမ်းခံရပါက ရဲဘော်ရဲဘက်အချင်းချင်း ယိုင်းပင်းကူညီရမည်ကို သိနားလည်စေသည်။

အခြေစိုက်စခန်းသို့ ပြန်ရောက်သည့်အခါ ကျွန်တော်နှင့် ဂျွန်ပိုးတို့ အရာရှိရိပ်သာသို့သွားကာ မက္ကဆီကန်အရက်သောက်ကြသည်။ ကျွန်တော်တို့နှစ်ယောက် အသည်းစွဲဖြစ်သည့် ဘီတဲလ်၏ 'ဟေး…ဂျူ့' သီချင်းကို အကြိမ်ကြိမ်ဖွင့်နားထောင်ကြသည်။

ဗီယက်နမ်ဘာသာ စကားသင်ရန် ကျွန်တော်တို့ စန်ဒီဂို လေ့ကျင့်ရေးစခန်းသို့ ရောက်ရပြန်သည်။ စန်ဒီဂိုတွင် ဂျွန်ပိုး၏ဇနီးနှင့် ကလေးနှစ်ယောက်ကို တွေ့ရသည်။

ကျွန်တော် အမေရိကန်မှ မထွက်ခွာမီ ၁၉၆၉ ခု ဇွန်လ ၆ ရက်နေ့တွင် ကိုရိုနာဒိုဟိုတယ်သို့သွားကာ စားကောင်းသောက်ဖွယ်များနှင့် ဝိုင်တစ်ပုလင်းမှာကာ ဖိမ်ယစ်နေလိုက်သည်။

နောက်တစ်နေ့နံနက်တွင် လေဆိပ်သို့သွားရန် ဘတ်စ်ကားစောင့်နေသည်။ လေဆိပ်သို့သွားရန် တက္ကစီခ ထုတ်နိုင်သဖြင့် ဘတ်စ်ကားစောင့်ရခြင်းဖြစ်သည်။ အသက်ခပ်ရွယ်ရွယ် လင်မယားနှစ်ယောက်က သူတို့ကားကို

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ရပ်ကာ လေဆိပ်သို့ လိုက်ပို့ပေးမည်ဟု အတင်းအကျပ်ပြောလာသည်။ သူတို့က ကျွန်တော် မည်သည့်နေရာသို့ တာဝန်ထမ်းဆောင်ရန် သွားမည်ကို မှန်းဆမိဟန်တူသည်။ ဗီယက်နမ်စစ်ပွဲ အရှိန်မြင့်နေချိန်ဖြစ်သဖြင့် တပ်မတော်သားများကို ပြည်သူတို့က တလေးတစားနေရာပေးကြသည်။

ဆန်ဖရန်စစ္စကို လေဆိပ်သို့ရောက်ပြီး ထိုမှ ထရာဗစ်လေတပ်စခန်းသို့ ဘတ်စ်ကားစီးရသည်။ လေတပ်စခန်းအရောက်ရှိရိပ်သာမှ မိဘများထံ ဖုန်းဆက်ပြီး နှုတ်ဆက်သည်။ ကျွန်တော်စီးရမည့်လေယာဉ်ကို နာရီအနည်းငယ် စောင့်ဆိုင်းရသည်။ မရိန်းတပ်သားများ ဗီယက်နမ်သို့သွားရန် အထုပ်အပိုးများ ပြင်ဆင်နေသည်ကို တွေ့ရသည်။ ယင်းတို့ အနက်မည်သူသည် အမေရိကန်သို့ ပြန်လာနိုင်ကြမည်ကို တွေးနေမိသည်။

ထရာဗစ်လေတပ်စခန်းမှ ဟာဝိုင်အီး၊ ထိုမှ ဖိလစ်ပိုင်ရှိ ဆူးဘစ်ဘေး လေတပ်စခန်း။ ထိုမှ တောင်ဗီယက်နမ်မြို့တော် ဆိုင်ဂုံရှိ တန်ဆွန်နတ် လေတပ်စခန်းသို့ ရောက်သည်။ ကျွန်တော့်အား နေရာချပေးသည့် စစ်တန်းလျားမှာ ယမန်နေ့က ဒုံးပျံထိ ခံထားရသော စစ်တန်းလျား ဖြစ်သည်။ နောက်တစ်နေ့တွင် ကျွန်တော့်အား မြစ်ကြောင်းစစ်ဆင်ရေး တပ်ခွဲ ၅၁၂ ၌ တာဝန်ချသည်။ နံပါတ် ၁၂ သည် ကျွန်တော့်အား ကံကောင်းစေသော နံပါတ်ဖြစ်သဖြင့် တပ်ခွဲအမှတ်တွင် ဂဏန်း ၁၂ ပါဝင်နေသည်ကို အတော်ပင် ကျေနပ်မိသည်။

ရဟတ်ယာဉ်ဖြင့်တပ်ခွဲ စခန်းချရာ ဗမ်ကိုဒေါင် မြစ်ဖျားသို့ သွားရသည်။ ထိုတပ်ခွဲသည် ရေတပ်နည်းဗျူဟာအကူတပ်ခွဲဖြစ်သည်။ ဗီယက်ကောင်း သူပုန်များ တိုက်ခိုက်ခြင်းကို ညစဉ်ညတိုင်းခံနေရသော တပ်ခွဲလည်းဖြစ်သည်။ ဗမ်ကိုဒေါင်မြစ်သည် ဗီယက်နမ်နှင့် ကမ္ဘောဒီးယား နယ်နိမိတ်ပိုင်းခြားထားသော မြစ်ဖြစ်သည်။ အလွန်အန္တရာယ်များသော နေရာဖြစ်သည်။ ဗီယက်ကောင်း ပြောက်ကျားများ ကမ္ဘောဒီးယားနယ်မြေအတွင်း စခန်းချနေသည့် တဲများကို လှမ်းမြင်နေရသော နေရာဖြစ်သည်။ ရန်သူနှင့် သေနတ်တစ်ကမ်းသာ ဝေးသည်။

ကင်းလှည့်တပ်စိပ်မှ အရာရှိ ဘီလ်ဝါတာတို့နှင့် တစ်ခန်းတည်း နေကြရသည်။ သူ့အမေက အသင့်ပြင်ပြီး ပေါက်ပေါက်ထုပ်များ မှန်မှန်ပေးပို့သည်။ ပေါက်ပေါက်ထုပ်ကို မီးကင်လိုက်လျှင် ဖောက်ပြီးသား ပေါက်ပေါက်များကိုရသည်။ သူနှင့်အတူ ပေါက်ပေါက်စားရင်း စခန်းတွင်ပြသော ရုပ်ရှင်ကြည့်သည်။

တစ်ညတွင် ကျွန်တော်တို့မြစ်ကြောင်း အတိုင်းကင်းလှည့်နေစဉ်က မြစ်ကို ဖြတ်ကူးနေသည့် ဗီယက်ကောင်းများနှင့် ပက်ပင်းတိုးကာ တိုက်ပွဲပြင်းထန်စွာ ဖြစ်သည်။ ထိုတိုက်ပွဲအတွက် ကြေးနီကြယ်သူရဲကောင်းတံဆိပ် ကျွန်တော်ချီးမြှင့်ခံရသည်။ ချီးမြှင့်လွှာတွင် တိုက်ပွဲညသို့ သက်စွန့်ကြိုးပမ်းဆောင်ရွက်မှုနှင့် အလားတူညများတွင် ဆောင်ရွက်မှုအတွက် ချီးမြှင့်ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။ ထိုညတွင် ကျွန်တော်နှင့်တကွ ရဲဘော်ရဲဘက်များ အသက်ဆုံးရှုံးစေရန်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်သည်။ ထို့ကြောင့် တာဝန်ကျေပွန်စွာထမ်းဆောင်မှုအတွက် ချီးမြှင့်ခြင်းဟု ဖော်ပြလျှင် ပိုမိုသင့်မြတ်မည်ဟု ကျွန်တော်က ယူဆသည်။

စစ်ပွဲအခြေအနေမှာ အမှန်ပင်ဆိုးရွားနေသည်။ အသက်နှင့် ခန္ဓာတွဲလျက် ဗီယက်နမ်မှ ပြန်မသွားနိုင်တော့ဟုပင် ကျွန်တော် ထင်မြင်လာသည်။

၁၉၆၉ ခုနှစ် အောက်တိုဘာလတွင် ကျွန်တော်တို့ ၏ ကမ္ဘောဒီးယားနယ်စပ်ရှိ ကင်းလှည့်ရေယာဉ်များကို တောင်ဗီယက်နမ်တပ်များ လက်သို့လွှဲပေးရသည်။ သမ္မတနစ်ဆင်၏ 'ဗီယက်နမ်စစ်ကို ဗီယက်နမ်များကသာ တိုက်စေရေး အစီအစဉ်' (vietnamization) အရ ယင်းသို့လွှဲအပ်ရခြင်းဖြစ်သည်။

တပ်ခွဲ ၅၁၂ သို့ ကျွန်တော်ပြန်ရောက်လာသည်။ ဘီလ်ဝါတာနှင့် ဆုံရပြန်သည်။ မိုးနည်းသောကြောင့် မြစ်ချောင်းများတွင် ရေကျလာသည်။ ရေတိမ်လာသဖြင့် ကင်းလှည့်ယာဉ်ပေါ်မှ လက်နက်ကြီးများကို အသုံးမပြုနိုင်တော့။ ရေတပ်အထူးတပ်ဖွဲ့များထံမှ ၉၀ မမ ရီကွိုင်းလ်လက်(စ်) ရိုင်ဖယ်တစ်လက်ကို ရိက္ခာဖြင့် လဲလှယ်၍ ကျွန်တော်က ယူထားသည်။ ယင်းလက်နက်ကြီးတစ်လက်သည် ကျွန်တော်တို့တပ်စုအတွက် အားဖြစ်သည်။ တပ်စုတွင် ရေယာဉ်နှစ်စီးရှိသော် ကိုးယောက်နှင့် ကမ္ဘောဒီးယား ကြေးစားစစ်သား ခြောက်ယောက်တို့သာရှိသည်။ ရေတပ်အုပ်စုများ မကြာခဏ တိုက်ခိုက် ခံနေရသဖြင့် ကမ္ဘောဒီးယားလူမျိုး ကြေးစားစစ်သားများ ငှားရမ်းပြီး လူအင်အား ဖြည့်ပေးထားသည်။

မြစ်ကမ်းခြေ သစ်ပင်ထူထပ်သော တစ်နေရာတွင် ကျွန်တော့်တပ်စုက တပ်စွဲထားသည်။ မြောက်ဗီယက်နမ်တပ်စခန်းများသည် ကျွန်တော်တို့နှင့် တစ်မိုင်ပင် မဝေးသော လယ်ကွင်းများတွင် ရှိနေသည်။ တိတ်ဆိတ်သော ညဖြစ်သော်လည်း ဗီယက်နမ်ကောင်းတပ်များ တစ်ဖွဲ့နှင့် တုတ်ချောင်းရိုက်သံများဖြင့် အချက်ပေးနေသည်ကို ကြားနေရသည်။ တုတ်ရိုက်သံ အစိတ်အကြဲကို မော့စ်အချက်ပြ သင်္ကေတကဲ့သို့ တီထွင်ထားခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ဗီယက်နမ်သီချင်းများကို ကျယ်လောင်စွာ ဖွင့်တတ်သည်။ ဗီယက်နမ်သီချင်းသံသည် နားရည်မဝသော ကျွန်တော်တို့ အနောက်နိုင်ငံသားများကို စိတ်အနှောင့်အယှက်ကြီးစွာ ဖြစ်စေသည်။

ညသည် အေးချမ်းဆိတ်ငြိမ်နေသော်လည်း တစ်စုံတစ်ခုဖြစ်တော့မည်ဟု ကျွန်တော် ထင်နေသည်။ လပြည့်နေ့သာ တောင်းကင်ပြင်သည် ပကတိ ကြည်လင်နေသည်။ လွန်ခဲ့သော ၉ ရက် က အာကာသယာဉ်မှူး ချားလ်စ် ကွန်ရက်နှင့် အယ်လင်ဘိန်းတို့သည် လကမ္ဘာသို့ ခရီးပြင်းနှင်ခဲ့ကြသည်။ ယခုအခါ သူတို့သည် လမျက်နှာပြင် တစ်နေရာတွင် ရှိနေကြသည်။ အာကာသနှင့် ပျံသန်းမှုတို့သည် ကျွန်တော့်ဘဝ တစ်သက်တာလုံး မက်ခဲ့ရသော အိပ်မက်များဖြစ်သည်။ မျက်စိဆေးစစ်ချက် မအောင်မြင်သောကြောင့် ကျွန်တော်သည် လေယာဉ်မှူးပင် ဖြစ်ခွင့်မရခဲ့။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ လမင်းကြီးအား အချိန်ကြာမြင့်စွာ စိုက်ကြည့်နေသည်ကို ကျွန်တော့်ဘေးရှိ ကမ္ဘောဒီးယား စစ်သား က နားမလည်နိုင်ဖြစ်နေသည်။ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားဘာသာ တစ်ဝက်စီဖြင့် ကျွန်တော့်အားမေးသည်။ ကျွန်တော် က သူ့အားတတ်နိုင်သမျှ ရှင်းပြသောအခါ သူက "လကမ္ဘာပေါ်ကို လူတောင်လွှတ်တဲ့ အံ့ဖွယ်သူရဲအလုပ်ကို လုပ်နိုင်တဲ့ လူမျိုးက အခု ဗီယက်နမ်ဗွက်တောထဲမှာ ဘာလာလုပ်နေတာလဲ"ဟု မေးသည်။ သူ့အမေးကို ကျွန်တော် ကိုယ့်ဘာသာ ပြန်မေးမိသည်။ ထိုမေးခွန်း ကျွန်တော့်ခေါင်းထဲ ပေါ်လာသည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ယခု အချိန်အထိ လပြည့်နေ့ည၊ သာနေသောလကို တွေ့မြင်တိုင်း ဗီယက်နမ်တောထဲမှ ထိုတစ်ညကို သတိရ မိသည်။

ဗီယက်နမ်သို့ရောက်ပြီး တစ်နှစ်အကြာတွင် ဆန်ဖရန်စစ္စကိုမြို့သို့ ဦးတည်ပျံသန်းနေသော လေယာဉ်ပေါ်သို့ ကျွန်တော် ရောက်နေသည်။ မသေကောင်းမပျောက်ကောင်း၊ ကံကောင်းထောက်မစွာ အမေရိကန်သို့ ကျွန်တော် ပြန်လာ နိုင်ခဲ့သည်။ ဗီယက်နမ်တွင် နေခဲ့ရသော တစ်နှစ်တာကာလသည် ကျွန်တော့်အား များစွာ ပြောင်းလဲစေခဲ့သည်။ ဘဝ ၏ ဖြစ်ချင်ရာ ဖြစ်တတ်သောသဘော၊ အခြေအနေအရ ပြောင်းလဲတတ်သောသဘောကို ကြုံဆင်ခြင်မိလာသည်။

အမေရိကန်သို့ ကျွန်တော်ပြန်ရောက်ပြီး အလုပ်မရှိဘဲ ယောင်ချာချာ ဖြစ်နေသည်။ မိဘနှင့် သူငယ်ချင်း များထံ သွားရောက်လည်ပတ်ပြီး အချိန်ဖြုန်းနေလိုက်သည်။ ထိုစဉ် မမျှော်လင့်ဘဲ ဖီလာဒဲဖီးယား လင်းယုန် ရတ်ဘီ အသင်းမှ တယ်လီဖုန်းဆက်လာသည်။ သူတို့ နောက်တန်းတွင် ကစားရန် လူလိုနေကြောင်း ပြောသည်။ ရတ်တရက်ခို့ ကျွန်တော် အံ့အားသင့်သွားသည်။ ရတ်ဘီကစားခြင်းကို ကျွန်တော် မေ့ပျောက်နေခဲ့သည်။ နောက်ဆုံး ကျွန်တော် ကစားခဲ့သောပွဲသည် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဟု စိတ်ထဲတွင် ထင်နေသည်။ ကစားသမားများ သပိတ်မှောက် နေကြသဖြင့် အသင်းတိုင်းတွင် လူလိုနေသည်။ ထို့ကြောင့် ကျွန်တော့်အား ကမ်းလှမ်းခြင်း ဖြစ်သည်။

အသင်းမန်နေဂျာက နက်ဖြန်တွင် လေ့ကျင့်ရေးကွင်းသို့ လာကြည့်ရန် အကယ်၍ အဆင်ပြေပါက သူ့ အသင်း နှင့် အတူလေ့ကျင့်ရေးစခန်းဝင်ရန် ကမ်းလှမ်းသည်။

နောက်တစ်နေ့တွင် ကစားကွင်းသို့ ကျွန်တော်ရောက်သွားပြီး နာရီအနည်းငယ် လေ့ကျင့်ကစားကြည့်သည်။ လေ့ကျင့်မှု ပြီးဆုံးသည့်အခါ အသင်း၏ အထွေထွေမန်နေဂျာ ရောက်လာပြီး တစ်ပတ်လျှင် ဒေါ်လာနှစ်ရာအပြင် နေ့တွက် ပါပေးမည်ဟု ကမ်းလှမ်းလာသည်။ ထိုစဉ်က ကစားသမားအသစ်များသည် လခအနေဖြင့် ရလေ့မရှိဘဲ နေ့တွက်အဖြစ် တစ်နေ့လျှင် ၁၂ ဒေါ်လာသာ ရကြသည်။ တစ်ပတ်လျှင် ဒေါ်လာနှစ်ရာဆိုသည်မှာ ထိုခေတ်ထိုအခါက အတန်အသင့်များ ပြားသော ငွေကြေးပမာဏဖြစ်သဖြင့် ကျွန်တော် ခေါင်းညိတ်လိုက်ပါသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နှစ်အတန်ကြာ ရတ်ဘီနှင့် အဆက်ပြတ်နေပြီးမှ ပြန်ကစားရသည်မှာ ကျွန်တော့်အတွက် အတော်ပင်ပန်းသည်။ ရက်အနည်းငယ်အကြာတွင် အသားကျလာသည်။ ကျွန်တော် ကစားခွင့်ရခြင်းမှာ ကစားသမားများ သပိတ်မှောက်နေခြင်းကြောင့်သာ ဖြစ်သည်။

သူတို့ သပိတ်လှန်လိုက်သည့်အခါ ပြန်ရောက်လာကြမည်ဖြစ်ရာ ကျွန်တော်က နေရာဖယ်ပေးရမည်သာဖြစ်သည်။ ကျွန်တော့်အား မရှိသုံး သုံးနေခြင်းသာဖြစ်သည်။ ထို့ကြောင့် ဘဝရှေ့ရေးအတွက် ကျွန်တော် စဉ်းစားရသည်။

ဖခင်က ကျွန်တော့်အား နိုင်ငံခြားရေးရုံးတွင် အလုပ်ဝင်လုပ်ရန် သူ၏ မိတ်ဆွေတစ်ယောက်အား သွားတွေ့နိုင်းသည်။ ခွင့်တစ်ရက်ယူပြီး ဝါရှင်တန်ရှိ နိုင်ငံခြားရေးရုံးတွင် ထိုသူအား တွေ့ရန်သွားသည်။ သို့သော် ထိုသူမှာ ဂွာတီမာလာ အမေရိကန်သံရုံးတွင် တာဝန်ထမ်းဆောင်ရန် ပြောင်းရွှေ့သွားပြီ ဖြစ်သည်။

မြို့ပြလေကြောင်းဌာနတွင် လုပ်ကိုင်နေသော ဖခင်၏ မိတ်ဆွေတစ်ယောက်အား ကျွန်တော် သွားရောက်တွေ့ဆုံသည်။ သူ့ရုံးမှာ ကွန်နက်တီကပ် ရိပ်သာလမ်း ဟီလ်တန်ဟိုတယ်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသည်။ နောင်သောအခါ ထိုနေရာတွင် ရီဂင် သေနတ်အပစ်ခံရသည်။

ဖခင်၏မိတ်ဆွေ 'ဂျက်ယိုး' က ကျွန်တော့်အား လျှို့ဝှက်ထောက်လှမ်းရေးဌာနတွင် လုပ်လိုသလားဟု မေးသည်။ လျှို့ဝှက်ထောက်လှမ်းရေးဌာနကို ကောလိပ်ကျောင်းသားဘဝကတည်းက စိတ်ဝင်စားသော်လည်း မည်သို့လျှောက်ထားရမည်ကို မသိသဖြင့် မလျှောက်နိုင်ခဲ့ကြောင်း ပြောပြရသည်။ လျှို့ဝှက်ထောက်လှမ်းရေး အထူးစုံစမ်းစစ်ဆေးရေးဌာနအကြီးအကဲ ဘော့ပ်စနိုးသည် ဂျက်၏ မိတ်ဆွေဖြစ်သည်။ သူ့အား သွားတွေ့ရန် ဂျက်က အကြံပေးသည်။

ဘော့ပ်စနိုးသည် ထက်မြက်သူ ဖြစ်သည်။ ကျွန်တော်သည် လောလောဆယ်တွင် ဖီလာဒဲဖီးယားအီးဂဲလ်အသင်းတွင် ကစားနေကြောင်း ပြောပြရာ လျှို့ဝှက်ထောက်လှမ်းရေး ဖီလာဒဲလ်ဖီးယား ရှေ့တန်းရုံး တာဝန်ခံနှင့်တွေ့ရန် စီစဉ်ပေးမည်ဟု ပြောသည်။

ဩဂုတ်လကုန်တွင် အားကစားသမားများ သပိတ်လှန်လိုက်သည်။ လူဟောင်းများ ပြန်ရောက်လာကြသည်။ ရတ်ဘီကစားသမားအဖြစ် ကျွန်တော်ရပ်တည်မည်ဆိုပါက လက်ရှိလူများ ပြောင်းရွှေ့သွားသည်အထိ သုံးလေးနှစ်ထိုင်စောင့်ရမည်ဖြစ်သည်။ ကျွန်တော့် အသက် ၂၆ နှစ်ရှိပြီဖြစ်သဖြင့် အားကစားသမားအဖြစ် အသက်သုံးဆယ်ကျော်မှ တန်းဝင်မည်ဆိုလျှင် အလားအလာ မကောင်းတော့ပေ။ အသင်းမန်နေဂျာအား ကျွန်တော် သွားရောက်နှုတ်ဆက်သည့်အခါ ရရန်ရှိသော လစာစရိတ်များအပြင် ဒေါ်လာနှစ်ရာ အပိုဆောင်း၍ ပေးလိုက်သည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ကျွန်တော် ဖီလာဒဲဖီးယား ရှေ့တန်းရုံးသို့သွားကာ လူတွေ့စစ်မေးမှုခံယူသည်။ ထိုမှအပြန် မိတ်ဆွေဟောင်း ရတ်ဘီသမားများထံ ဝင်လည်သည်။ စကားစမြည်ပြောနေကြစဉ် ရတ်ဘီနည်းပြ 'အားလ်ကလီဟွန်း' က "အခုမင်းဘာ လုပ်နေသလဲ" မေးသည်။

ကျွန်တော်က ဗီယက်နမ်မှ ပြန်လာသည်မှာ တစ်နှစ်ရှိပြီဖြစ်ကြောင်း၊ လျှို့ဝှက်ထောက်လှမ်းရေးဌာနတွင် လူတွေ့စစ်မေးခံထားကြောင်း၊ မကြာမီ အကြောင်းပြန်မည်ဟု လျှို့ဝှက်ထောက်လှမ်းရေးက ပြောကြောင်း သူ့အား ပြောပြသည်။ နောက်တန်းကစားသမားများ လေ့ကျင့်ရေးနည်းပြသူထံတွင် လိုအပ်နေသဖြင့် ကျွန်တော့်အား သူ့ထံတွင် လုပ်ရန် ဖိတ်ခေါ်သည်။

ယင်းသို့ဖြင့် ကျွန်တော်သည် ရတ်ဘီနည်းပြဆရာ ဖြစ်ရပြန်သည်။ အားလ်ကလီဟွန်းသည် နည်းပြအကျော် အမော်ဖြစ်သည်။ သူ့ထံတွင် လေ့ကျင့်ရပါက ကျွန်တော်သည် ထူးချွန်သော ရတ်ဘီသမားဖြစ်လာနိုင်သည်ဟု တွေးမိသည်။

ရတ်ဘီကွင်းထဲတွင် လုပ်ရှားလုပ်ကိုင်နေရသည့် အချိန်အတန့်များကို ကျွန်တော် များစွာနှစ်သက်သည်။ ပျော်လည်းပျော်ရွှင်သည်။ သို့သော် ရက်တစ်ရက်ကတော့ ခြွင်းချက်ဖြစ်သည်။

နည်းပြအဖြစ် စတင်ဆောင်ရွက်ပြီး တစ်ပတ်အကြာ နေ့တစ်နေ့။ ကွင်းထဲတွင် ပြေးလွှားလေ့ကျင့်နေကြစဉ် 'အင်ဒီအာကျီး' ကို ကွင်းစပ်တွင် တွေ့လိုက်ရသည်။ နှစ်ဦးသား ဘာမျှမပြောဘဲ အတန်ကြာစိုက်ကြည့်နေကြပြီး၊ သူ့ဆီသို့ ကျွန်တော် လျှောက်သွားသည်။ ကျွန်တော်တို့ လက်ဆွဲနှုတ်မဆက်ဖြစ်ကြ။ သူက "ဂျွန် အကြောင်းပြောမလို့"--- သူ့စကား အဆုံး မသတ်ပေမဲ့ ဘာကိုဆိုလိုသည်ကို ကျွန်တော် သိလိုက်သည်။

ထိုနေ့တွင် ကျွန်တော် ဘာမျှဆက်လုပ်မရတော့သဖြင့် ခွင့်ယူလိုက်ရသည်။ ဂျွန်ပိုး ( မိခင်ထံမှ အသင့်ပြင်ဆင်ပြီး ပေါက်ပေါက်ထုပ်များရနေသူ)သည် ကျွန်တော်ကဲ့သို့ပင် ဗီယက်နမ်မှ ဇွန်လတွင် ပြန်လာရန် ဖြစ်သည်။ သို့သော် ဆိုင်ဂုံရှိ ရေတပ်ဗိုလ်ချုပ်ကြီး၏ လက်ထောက်တာဝန် ထမ်းဆောင်ရန် နောက်ထပ် နှစ်လ နေလိုက်ရသည်။ ထိုနှစ်လ တာဝန်ပြီးဆုံးပြီး မပြန်မီ တစ်ရက်တွင် တပ်ပြင်ထွက်၍ ဘီယာသွားသောက်သည်။ အပြန်တွင် တိုက်ခိုက်လုယက်ခံ ရသဖြင့် ဆေးရုံတင်ရသည်။ ဆရာဝန်များက ဆေးရုံတွင် ရက်အနည်းငယ်နေရမည်ဟုဆိုသည်။ ဗီယက်နမ်မှ အမေရိကန် ခရီးစဉ် စစ်လေယာဉ်များ နံနက် ၆ နာရီ၊ ၇ နာရီ ခန့်တွင် ထွက်သည်။ လေယာဉ်မမီပါက နောက်လေယာဉ်အတွက် တစ်ပတ်၊ နှစ်ပတ် စောင့်ဆိုင်းရသည်။ သူက နောက်ထပ်မစောင့်လိုတော့။ ထို့ကြောင့် ဆေးရုံ ခုတင်မှ ထကာ ဖွတ်လာ လာသည်။ လေးငါးဆယ်လှမ်း လှမ်းပြီးသည့်အခါ လဲကျသေဆုံးသွားသည်။ သွေးကြောအတွင်း သွေးခဲပိတ်ဆို့သွား ခြင်းဖြစ်သည်။ သေဆုံးသည့်အချိန်တွင် ဂျွန်သည် အသက် ၃၁ နှစ်သာရှိသေးသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖီလာဒဲလ်ဖီးယား ထောက်လှမ်းရေး ရုံးတန်းရုံးခန်းသို့ အဖြေမရမချင်း ကျွန်တော် နေ့တိုင်းဖုန်းဆက်သည်။ နောက်ဆုံးတွင် ကျွန်တော့်အား ခန့်လိုက်သည်။ လူတွေ့စစ်မေးသည်မှ အလုပ်ခန့်သည်အထိ ခြောက်လမျှ ကြာခဲ့သည်။

ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ကျွန်တော် အလုပ်ဝင်ရမည်။ ၂၁ ရက်နေ့ ညနေပိုင်းတွင် ဝမ်းကွဲတော်စပ်သူ အက်ဖ်ဘီအိုင်၌ လုပ်ကိုင်နေသူ ဂျင်မာတင်ထံ ဖုန်းဆက်ပြီး "ငါမနက်ဖြန်အလုပ်ဝင်ရမယ်။ အဲဒါ ဘာဝတ်သွားရင်ကောင်းမလဲ"

" ရုပ်အင်္ကျီအဖြူသာဝတ်သွား" ဟု ပြောသည်။

သူပေးသည့် အကြံကို ကျွန်တော် တစ်သက်လုံး လိုက်နာသွားတော့သည်။ မည်သည့်အလုပ်ကိစ္စမဆို ပထမဆုံး အကြိမ်ပြုလုပ်သည့်အခါတွင် အမြဲတမ်း ရုပ်အင်္ကျီအဖြူသာ ကျွန်တော်ဝတ်သည်။

ဖီလာဒဲလ်ဖီးယား ရုံးတန်းရုံးတွင် အလုပ်ဆင်းရသည်။ အစဦးပိုင်းတွင် လုပ်စရာ မည်မည်ရရ မရှိသဖြင့် တစ်နေ့ကုန် တစ်နေခန်း လက်စွဲစာအုပ်များနှင့် ညွှန်ကြားချက်များကို ထိုင်ဖတ်နေရသည်။

သေနတ်ပစ်လေ့ကျင့်ပေးရန် ကျွန်တော့်အား စက်ပစ်ကွင်းရှိရာ မြေတိုက်ခန်းအတွင်းသို့ ခေါ်မသွားမီ တာဝန်ခံ အေးဂျင့်က ဝန်ထမ်းများရှေ့တွင် "မင်းလက်နက်တွေဘာတွေ ကိုင်ဖူးသလား" ကျွန်တော်က ခေါင်းညိတ်ပြသည်။

"လူကောသတ်ဖူးသလား"

သူ့အား ခေတ္တမျှ စိုက်ကြည့်လိုက်ပြီး မေးခွန်းကို တိုက်ရိုက်ဖြေမည့်အစား" ကျွန်တော် မနှစ်ကမှ ဗီယက်နမ်က ပြန်လာတာပါ"ဟု ပြောလိုက်သည်။ ထိုစဉ်မှစ၍ သူ သည် ကျွန်တော့်အား မည်သည့်အခါမျှ ထိကပါး ရိကပါး မပြောဆိုတော့၊ ကျွန်တော့်အား ထောက်လှမ်းရေးတံဆိပ်နှင့် ဒသမ ၃၅၇ မဂ္ဂနမ်တစ်လက် ထုတ်ပေးသည်။ ယင်းသို့ဖြင့် ကျွန်တော် ထောက်လှမ်းရေးအထူးအေးဂျင့် ဖြစ်လာခဲ့လေသည်။

နှစ်ပတ်အကြာတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဥပဒေရေးရာသင်တန်းကျောင်းတွင် သင်တန်းတက်ရသည်။ ဘဏ္ဍာရေးဌာနမှ အေးဂျင့်များလည်း တက်ကြသည်။ ထောက်လှမ်းရေးမှ ခြောက်ဦးပါဝင်သည်။ ယင်းတို့အနက်မှ ဘော့ဟက်စ်၊ ဒီးလ်ကိုင်ဖာ၊ အားလ်ဒီဗန်နီတို့သည် ကျွန်တော်၏ ဘဝတစ်သက်တာအတွက် အရင်းနှီးဆုံး သူငယ်ချင်းများ ဖြစ်လာကြသည်။

သင်တန်းတွင် ဥပဒေ၏ အခြေခံများဖြစ်သော ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပို့ချသည်။ ဘော့ဟက်စ်က ကျွန်တော့်အား 'ဘာဘရာကော့စီယာ' အမည်ရှိ အမျိုးသမီးတစ်ဦးနှင့် မိတ်ဆက်ပေးသည်။ ထိုစဉ်မှစလျက် သူမနှင့် ကျွန်တော်တို့ မကြာခဏ တွေ့ဆုံဖြစ်သည်၊ ချိန်းဖြစ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သင်တန်းပြီးဆုံးသောအခါ ဖီလာဒဲလ်ဖီးယားသို့ ခဏပြန်ပြီး ဝါရှင်တန်ရှိ အေးဂျင့်သင်တန်းကျောင်းသို့ ပြန်လာရသည်။ ၁၉၇၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတလောင်းများကို အကာအကွယ်ပေးရန် အေးဂျင့်အများ အပြား ခေါ်ယူခန့်ထားနေချိန်ဖြစ်သည်။ ကျွန်တော်တက်ရသော သင်တန်းသည် အရေးကြီးပုဂ္ဂိုလ်များ အကာအကွယ်ပေးရန် ပို့ချသော ပထမဆုံးသင်တန်းဖြစ်သည်။

တာဝန် စတင်ထမ်းဆောင်ရသည့်အခါ ကျွန်တော် တာဝန်ယူရသည်မှာ အစွန်အဖျားနေရာများတွင်သာ ဖြစ် သည်။ အပြင်လုံခြုံရေးစည်းတွင်သာ တာဝန်ချထားခံရသည်။ ခြံဝင်းဂိတ်ပေါက်၊ တံခါးပေါက်၊ ဧည့်ကြိုခန်းမ စသည့် နေရာများတွင် ကျွန်တော်တို့ လက်သင်အေးဂျင့်များအား လူမြင်သူမြင် ချထားခြင်းသည် အန္တရာယ်ပြုမည့်သူများကို လူလုံးပြဟန့်တားခြင်းဖြစ်သည်။

သမ္မတအနီးသို့ ကျွန်တော်တို့ ကပ်ခွင့်မရ။ သမ္မတသည် အနီးကပ်အေးဂျင့်များနှင့် ရောက်လာပြီး သူတို့နှင့် အတူ ပြန်လည်ထွက်ခွာသွားသည်။ အနီးကပ်အေးဂျင့်များသည် ကျွန်တော်တို့ လက်သင်လေးများအဖို့ အထင်ကြီးစရာ ဖြစ်သည်။ အားကျစရာဖြစ်သည်။ သူတို့သည် လျှင်မြန်သွက်လက်သည်။ သမ္မတကို ရိပ်ခနဲ ခေါ်သွင်းလာသည်။ ရိပ်ခနဲ ခေါ်ထုတ်သွားသည်။ သူတို့သည် တွန်းတွန်းတိုက်တိုက် အလုပ်လုပ်သည်။ မာနကြီးသည်။ စိတ်ပျက်စရာ ကောင်းလောက်အောင် စီးပိုးသည်။

ထိုစီးပိုးမှုကို ကျွန်တော် ပထမဆုံး ခံလိုက်ရသည်မှာ အိုဟိုင်းယိုးတွင် ဖြစ်သည်။ သမ္မတနစ်ဆင်က ဟောတယ် ဒေးအင်းတွင် တည်းခိုနေသည်။ ဟိုတယ်အနီး အပြင်စည်းတွင် ကျွန်တော် တာဝန်ကျနေသည်။ လမ်းတစ်ဖက်တွင် ဆန္ဒပြနေသူများ ဝိုင်းယမ်းနေသည့် ဗီယက်နမ်အလံကို ကျွန်တော်နှင့် လူငယ်အေးဂျင့်တစ်ယောက်အား အနီးကပ်အေးဂျင့် က သွားလုခိုင်းသည်။ လူငယ်အေးဂျင့်မှာ ဗီယက်နမ်စစ်ပြန်တစ်ယောက်ဖြစ်သည်။ ထိုအေးဂျင့်က ''ဘာကြောင့်သွားလု ရမှာလဲ''မေးသည်။ အနီးကပ်အေးဂျင့်က ''သမ္မတကြီး စိတ်အနှောင့်အယှက်ဖြစ်လို့'' ဟု ဆိုသည်။

ဆန္ဒပြသူများသည် သူတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးကို အသုံးပြုလျက် ဆန္ဒပြနေကြ ခြင်း ဖြစ်သည်။ ဗီယက်ကောင်း သူပုန်တို့ကို ကျွန်တော်သည် အသက်စွန့် တိုက်ခိုက်ခဲ့သူဖြစ်သော်ငြားလည်း သူတို့ ၏အလံကို သွားလုရန် ခိုင်လုံသောအကြောင်းမရှိဟု ယူဆသည်။ ကျွန်တော့်၏ ယူဆချက်ကို အနီးကပ်အေးဂျင့်အား ပြောရာ သူက ဘာမျှမပြောတော့။

ဗီယက်နမ်စစ်သည် အမေရိကန် တစ်ပြည်လုံး၏ စိတ်အာရုံကို ကသောင်းကနင်း ဖြစ်စေခဲ့သည်။ ဇဝေဇဝါ ဖြစ်စေခဲ့သည်။ ဗီယက်နမ်စစ်ကို ဆက်တိုက်ရမည်ဆိုသည့် အစွန်းရောက် စစ်ဝါဒီများပေါ်လာသလို စစ်ကိုဆွေးနွေးချက်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ရှိ ရပ်ပစ်ရမည်ဆိုသည့် ရွှေပြည်အေးသမားများကလည်း တစ်စခန်းထလာသည်။ ယင်းတို့အနက် ဂျင်ကယ်ရီသည် ထင်ပေါ်ကျော်ကြားလာသည်။

ဖီလာဒဲလ်ဖီးယား ရှေ့တန်းရုံးတွင် ကျွန်တော် တာဝန်ထမ်းဆောင်ရသည်။ ရှေ့တန်းရုံး အကြီးအကဲမှာ 'မိုင်ရွှန် ငင်းစတိန်း' ဖြစ်သည်။ သူသည် နောင်သောအခါတွင် ထောက်လှမ်းရေး ဒုညွှန်ကြားရေးမှူး ဖြစ်လာခဲ့သည်။ တစ်နေ့ တွင် ကျွန်တော့်အား သူ့ရုံးခန်းအတွင်း ခေါ်ယူလျက် ဝါရှင်တန်တွင် သွားရောက် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ဗီယက်နမ်ပြန်အေးဂျင့်များကို လျှို့ဝှက်တာဝန် (undercover) ထမ်းဆောင်နိုင်းရန် စုဆောင်းနေကြောင်း ပြောသည်။ ဝါရှင်တန်တွင် ဗီယက်နမ်စစ်ပြန်များဖြစ်သော ရစ်ဖိုင်နီ၊ ဟောလီဟာဖ်မစ်တို့နှင့်အတူ ပူးတွဲဆောင်ရွက်ရသည်။ ဟောလီ သည် ဗီယက်နမ်တွင် သူနာပြုအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ထောက်လှမ်းရေးအေးဂျင့်ဖြစ်လာသူ အမျိုးသမီးများအနက် ပထမဆုံးအသုတ်တွင် ပါလာသူ ဖြစ်သည်။ ကျွန်တော်တို့က ဗီယက်နမ်စစ်ပြန်များ စစ်ဆန့်ကျင်ရေးလှုပ်ရှားမှုအဖွဲ့ (Vietnam Veterans Aganist the War - VVAW) အတွင်းသို့ လျှို့ဝှက်စွာ စိမ့်ဝင်ရန် ဖြစ်သည်။ ဂျွန်ကယ်ရီသည် ဗီယက်နမ်မှ ပြန်ရောက်လာပြီး ဗီယက်နမ်စစ် ဆန့်ကျင်ရေးလှုပ်ရှားမှု၏ ပြောရေးဆိုခွင့်ရှိသူ ဖြစ်လာသည်။

ဂျင်ကယ်ရီ အား အက်ဖ်ဘီအိုင်က စုံစမ်းထောက်လှမ်းမှုများ လုပ်ခဲ့ကြောင်း နောက်ပိုင်းတွင် စီအန်အန် သတင်းဌာန၏ ဖော်ထုတ်ချက်အရ အများက သိရသည်။ VVAW သည် အမေရိကန် ပြည်ထောင်စုအား ခြိမ်းခြောက်နေပြီး အာဏာသိမ်းရန်ပင် ကြံစည်နေသည်ဟု နစ်ဆင်က ယူဆခဲ့သည်။

VVAW လှုပ်ရှားမှုအတွင်းရှိ အချို့တို့သည် လှုပ်ရှားမှုကို အကာအကွယ်ယူလျက် သမ္မတအား အကြမ်းဖက် ရန် ကြံစည်နေသည်ဆိုသော သတင်းများအရ ကျွန်တော်တို့က စုံစမ်းထောက်လှမ်းရခြင်း ဖြစ်သည်။

ကျွန်တော်တို့ သုံးဦးသားသည် လောကကြီးကို မကျေမချမ်းဖြစ်နေသော စစ်ပြန်ပုံစံ ဖမ်းရသည်။ ဖရိုဖရဲနှင့် ညှိသူကိုမှ လူမထင်သည့် ပုံပေါက်အောင် ဟန်ဆောင်ဝတ်စားထားရသည်။ ကျွန်တော်နှင့် ရစ်ဖိုင်နီက မုတ်ဆိတ်မွေး ရိတ်ဘဲထားသည်။ ကျွန်တော်တို့သည် အမှန်တကယ် ဗီယက်နမ်စစ်ပြန်များ ဖြစ်သဖြင့် စစ်ဆန့်ကျင်ရေးသမားများ နှင့် ရောနှောရသည်မှာ လွယ်ကူသည်။ သူတို့နှင့် ရောနှောကာ စစ်ဆန့်ကျင်ရေးဆန္ဒပြသည်။ အိမ်ဖြူတော်ရှေ့တွင် လက်ကမ်းစာရွက်များ ဝေငှသည်။

ဆန္ဒပြသူများကို ရဲဖမ်းဆီးရာတွင် ကြမ်းကြမ်းတမ်းတမ်း ရိုက်နှက်လေ့ရှိသည်။ ယင်းသို့ အရိုက်အနက်မခံရ စေရန် အဖမ်းခံရပါက မျက်နှာရှေ့တွင် လက်နှစ်ဖက်ကို ကြက်ခြေခတ်သဏ္ဌာန်ပြုလုပ်ပြရန် ကျွန်တော်တို့အား ညွှန်ကြား ထားသည်။ ရဲနှင့် ထောက်လှမ်းရေး အချိတ်အဆက် လုပ်ထားသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ တာဝန်ခံ 'ရက်ဂျူး' ထံသို့ တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ်ခန့် ဆက်သွယ် အစီရင်ခံရသည်။ ကျွန်တော်တို့ ယင်းသို့တာဝန်ထမ်းဆောင်နေခြင်းကို ထောက်လှမ်းရေးဌာနချုပ်က အလေးအနက်ရှိဟန်မတူ။ တစ်နေ့တွင် ဝါရှင်တန် လွတ်လပ်ရေး အထိမ်းအမှတ် ကျောက်တိုင်အနီးတွင် ကြီးမားသော ဆန္ဒပြပွဲလုပ်ကြသည်။ ထိုဆန္ဒပြပွဲ မလှမ်းမကမ်းတွင် အက်ဖ်ဘီအိုင်၏ လျှို့ဝှက်အေးဂျင့်တစ်ယောက်နှင့် ဆက်သွယ်နိုင်းသည်။ ဟိုလီသည် ဆန္ဒပြသူများ ထဲတွင် ကျန်ခဲ့ပြီး ကျွန်တော်နှင့် ရစ်ဖိုင်နီတို့က အေးဂျင့်နှင့်တွေ့ရန် သွားကြသည်။ ချိန်းဆိုထားသည့်နေရာတွင် ကာကီ ဘောင်းဘီရှည်၊ ရှပ်အင်္ကျီအဖြူ ပန်းဖေါက်ထားသည့် သားရေရှူးဖိနပ်ကို အကျအန ဝတ်ဆင်ထားသည့် လူကိုတွေ့ရသည်။ ထိုနေရာမှ တစ်မိုင်ပတ်ဝန်းကျင်တွင် လူအားလုံးသည် စုတ်စုတ်ပြတ်ပြတ် နွမ်းနွမ်းဖတ်ဖတ် ရှိနေကြစဉ် တောက်ပြောင် သစ်လွင်စွာ ဝတ်စားထားသည့် အက်ဖ်ဘီအိုင်အေးဂျင့်ကို ကျွန်တော်တို့ စိတ်ပျက်သွားသည်။ သူနှင့် တွေ့ဆုံရန် မဖြစ်နိုင်၍ ထို့ကြောင့် ကျွန်တော်တို့ လှည့်ပြန်လာကြသည်။

ကျွန်တော် ဗီလာဒဲလ်ဖီးယားရုံးသို့ ပြန်ရောက်လာသည့်အခါ ကျွန်တော်၏ ကုပ်ဝဲနေသော ဆံပင်နှင့် မုတ်ဆိတ်တို့ အား ဆက်လက်ထားရှိနိုင်ပါသလားဟု တာဝန်ခံအားမေးသည်။ သူ့အနေဖြင့် ကန့်ကွက်ရန် မရှိကြောင်း ပြောသည်။ တစ်ပါးသူ၏ ဝတ်စားဆင်ယင်နေထိုင်မှုနှင့် ပတ်သက်ပြီး သူသည် ထင်မြင်ချက်ပေးလေ့ရှိသူမဟုတ်သဖြင့် သူစိတ်ရင်း အတိုင်းပြောနေသည်ကို ကျွန်တော် သိသည်။

များမကြာမီ မိုင်ယာမီတွင် တာဝန်ထမ်းဆောင်ရန် ကိစ္စပေါ်လာသည်။ မိုင်ယာမီတွင် ရောက်နေသည့် ဂျမေကာဝန်ကြီးချုပ်အား လေးရက်ကြာ ကာကွယ်စောင့်ရှောက်ရန် တာဝန်ဖြစ်သည်။ မိုင်ယာမီတွင် ရာသီဥတုကောင်း မွန်သောအချိန် ဖြစ်သဖြင့် ကျွန်တော်သွားပါမည်ဟု တာဝန်ခံလိုက်သည်။ တာဝန်ခံက "ကောင်းတယ် မင်းသွားပေါ့။ ဒါပေမဲ့ မင်းမုတ်ဆိတ်ရိတ်ဖို့နဲ့ ဆံပင်ညှပ်ဖို့တော့ လိုလိမ့်မယ်"ဟု ပြောသည်။

ဆံပင်ညှပ်၊ မုတ်ဆိတ်ရိတ်ပယ်ပြီး အဝတ်အစားသစ်တို့ဖြင့် ကျွန်တော် မိုင်ယာမီသို့ ရောက်သွားသည်။ ဂျမေကာဝန်ကြီးချုပ် 'မိုက်ကယ်မန်လေ'အား လေးရက်ကြာမျှ ကာကွယ်စောင့်ရှောက်ပေးရသည်။ ဝန်ကြီးချုပ်သည် တစ်ကြိမ် မိန့်ခွန်းပြောပြီး ဟိုတယ်ခန်းထဲမှ ပြန်သည်အထိ မထွက်တော့။ အစားအသောက်များကို အခန်းတွင်းသို့ မှာစားသည်။ ကျွန်တော် အနားရသောအချိန်ဖြစ်သည်။

ကျွန်တော် ဝါရှင်တန်သို့ ပြန်လာသည့်အခါ စုံစမ်းစစ်ဆေးရေးသင်တန်းကျောင်းတွင် လေးပတ်ကြာမျှ သင်တန်း တက်ရပြန်သည်။ ငွေနှင့် ချက်လက်မှတ် အတုလုပ်ခြင်းများကို စုံစမ်းဖော်ထုတ်သည့် ဘာသာရပ်ကို သင်ယူရသည်။ သင်တန်းမှ ပြန်လာပြီး အတုနှိမ်နင်းရေးတပ်ဖွဲ့သို့ ရောက်သွားသည်။ စာတိုက်လုပ်ငန်းစစ်ဆေးရေး အင်စပက်တော်နှင့်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အတူ အလုပ်လုပ်ရသည်။ သုံးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ရသည့်ကာလတွင် တစ်နှစ်လျှင် အမှုပေါင်း ခြောက်ဆယ်၊ ခုနစ်ဆယ် စွဲတင်နိုင်ခဲ့သည်။

ယင်းတို့အနက် ရတ်ဘီဘောလုံးသမား 'ဂျွန်နီဆမ်ပဲလ်'ကို ဖမ်းဆီးခဲ့ရခြင်းသည် အမှတ်ထင်ထင် ဖြစ်ခဲ့ရသည်။ ဂျွန်နီသည် အကျော်အမော် ဘောလုံးသမားဖြစ်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဂျွန်နီသည် ခရီးသွားအေဂျင်စီ တစ်ခု ဖွင့်ထားသည်။ ထိုအေဂျင်စီကို အသုံးချလျက် ခိုးယူထားသော အစိုးရချက်လက်မှတ်များကို ခဝါချသည်။ စုံစမ်းထောက်လှမ်းရင်း သူ့အား မကြာခဏ ဆိုသလို သွားရောက်မေးမြန်းရသည်။

သူက ကျွန်တော့်ကို ကောင်းကောင်းသိကြောင်း၊ ကျွန်တော်ကစားသော ပွဲများကို မှတ်မိနေကြောင်း ပြောသည့်အတွက် ကျွန်တော် စိတ်ကြီးပင်ဝင်မိသည်။ သူနှင့် အကြိမ်ကြိမ်တွေ့ကြရင်း လေပေးဖြောင့်လာသည်။ သူနှင့် ကျွန်တော် ဆက်ဆံရေးနှင့် တာဝန်ပိုင်းကို ကျွန်တော်က သီးခြားစီခွဲထားသည်။ ထိုနှစ်ခုကို ကျွန်တော်က မရောထွေး။ ယင်းသို့ နှင့် သူ့အား စွဲချက်တင်နိုင်သော အထောက်အထား အလုံအလောက် ရရှိသောအခါ ရှေ့နေချုပ်ထံ တင်ပြလျက် ဖမ်းဝရမ်း တောင်းယူသည်။

ဂျွန်နီသည် အားကစားသမားဖြစ်ပြီး လူကြမ်းကြီးဖြစ်သဖြင့် ကျွန်တော့်အဖွဲ့သား အချို့က သူ့ကို ဖမ်းဆီးခေါ် ဆောင်ရန် ရွံ့တွန့်တွန့် ဖြစ်နေသည်။ ကျွန်တော့်အဖွဲ့သား ခြောက်ယောက်သည် လက်နက်အပြည့်အစုံဖြင့် သူ့ရုံးခန်း သို့ရောက်သွားကြသည်။

ကျွန်တော် သူ့ရုံးခန်းအတွင်းသို့ လျှောက်ဝင်သွားသောအခါ သူက "ဟေး သူငယ်ချင်း… လာထိုင်လေကွာ" ဟု နှုတ်ဆက်သည်။

"မထိုင်တော့ပါဘူး။ ငါအခု မင်းကို ဖမ်းဖို့လာတာ။ မင်းကို လက်ထိတ်ခတ်သွားရလိမ့်မယ်"

သဘောမတွေ့သော်လည်း သူက လက်ထိတ်အခတ်ခံသည်။ နောက်တစ်နေ့ သူ့အား ရုံးထုတ်သောအခါ သူ နှင့် ကျွန်တော် တွဲလျက်သား ဓာတ်ပုံသတင်းစာများတွင် ပါလာသည်။ နှစ်ယောက်စလုံးသည် ရတ်ဘီဘောလုံးသမား များဖြစ်ကြောင်း သတင်းစာများက ဖွဲ့နွဲ့ဖော်ပြကြသည်။

ယင်းသို့ ဟိုးလေးတကျော် ဖြစ်သွားသည့်အတွက် ကျွန်တော်သည် လျှို့ဝှက်ထောက်လှမ်းရသည့်အလုပ်ကို ဆက်မလုပ်နိုင်တော့။

သုံးနှစ် ကောင်းမွန်စွာနေရန် ခံဝန်ချုပ်ဖြင့်နေရန် တရားရုံးက ဂျွန်နီအား အပြစ်ပေးသည်။ ၁၉၇၄ ခုနှစ်တွင် ခံဝန်ချိုးဖောက်မှုဖြင့် သူ ထောင်တစ်နှစ်ကျသည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



မှတ်မှတ်သားသားဟု ဆိုရမည့် နောက်တစ်မှုမှာ ဘတ်စကက်ဘောကစားသမား 'ကားရင်းအဗ္ဗဒူလ်ဂျမား' ပါဝင်ပတ်သက်သော အမှုဖြစ်သည်။ ဝါရှင်တန်ရှိ သူပိုင်စံအိမ်ကို 'ဟာမတ်အဗ္ဗဒူလ် ခါလစ်' ဆိုသူအား ငှားရမ်းထားသည်။ ခါလစ်သည် ဟာနာဖီ မွတ်စလင်ဘာသာ ဂိုဏ်းခွဲတစ်ခု၏ ခေါင်းဆောင်ဖြစ်သည်။ အခြားမွတ်စလင် ဂိုဏ်းခွဲတစ်ခု ဖြစ်သော Black Muslim ဂိုဏ်းနှင့် ခါလစ်သည် မသင့်မတင့် ဖြစ်နေသည်။

တစ်နေ့တွင် သေနတ်သမားများ ထိုအိမ်သို့ရောက်လာသည်။ နေအိမ်တွင် ဂျမားနှင့်ခါလစ် နှစ်ဦးစလုံး မည်သူမျှ အိမ်တွင်မရှိ။ သေနတ်သမား သတ်ဖြတ်မှုကြောင့် ငါးဦး သေဆုံးသည်။ လေးဦးမှာ ကလေးများဖြစ်သည်။ အမျိုးသမီး နှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရသည်။

ယင်းသို့ ဖြစ်ပျက်ပြီး မျှားမကြာမီ သတင်းပေးတစ်ဦးက သေနတ်သမားများ ခိုအောင်းနေရာကို ကျွန်တော့် အား သတင်းပေးလာသည်။ Diamond Street ရှိ အဆောက်အအုံ ၁၆ ထပ် အခန်းအမှတ် (ဂျီ)တွင် သေနတ်သမား အချို့ ခိုအောင်းနေသည်ဟု သူ့ သတင်းကဆိုသည်။ ကျွန်တော်က ဖီလာဒဲလ်ဖီးယားရဲသို့ သတင်းကို လက်ဆင့်ကမ်း လိုက်သည်။

ကျွန်တော်သည် ဝင်ရောက်စီးနင်းမည့် ရဲတပ်ဖွဲ့ဝင်များနှင့် အတူလိုက်သွားသည်။ အခန်းတံခါးကို ဖျက်၍ ဝင်သည့်အခါ ကြောက်ရွံ့တုန်ယင်နေသည့် အဘွားအို လေးဦးသာ တွေ့ရသည်။ ကျွန်တော်တို့အဖွဲ့ထဲမှ တစ်ယောက်က ကပ်လျက်သားအခန်း (အိတ်ချ်) တံခါးဝတွင် Black Muslim အမှတ်အသားကို တွေ့ရသဖြင့် ထိုအခန်းနှင့် အဆောက်အဦ တစ်ခုလုံး ကို ဝိုင်းထားလိုက်ပြီး ဝင်ရောက်ရှာဖွေခွင့်ဝရမ်းကို ရှေ့နေချုပ်ထံမှ တောင်းခံလိုက်သည်။ အဆောက်အဦ အတွင်းသို့ မည်သူမျှ ဝင်ခွင့်ထွက်ခွင့်မပေးဘဲ နောက်ထပ် ဝရမ်းကို စောင့်နေကြသည်။

အခန်းကို ဝင်ရောက်စီးနင်းသောအခါ လက်နက်များနှင့်အတူ လူလေးဦးကို ဖမ်းမိသည်။ သူတို့သည်လည်း ကောင်း၊ လက်နက်များသည်လည်းကောင်း ဂျမားနေအိမ် လူသတ်မှုနှင့် ပတ်သက်မှု မရှိသည်ကို တွေ့ရသည်။ သူတို့ သည် လူသတ်မှုနှင့် တိုက်ရိုက်မပတ်သက်စေကာမူ တစ်နည်းနည်းဖြင့် ဆက်နွယ်မှုရှိရမည်ဟု ရဲက ယူဆသည်။

ရက်အနည်းငယ်အကြာတွင် ကျွန်တော့် သတင်းပေးရောက်လာကာ လူသတ်မှုကို ဦးဆောင်သူ၏ အမည် နှင့် ဖုန်းနံပါတ်တစ်ခု ယူလာပေးသည်။ ထိုသူသည် ချီကာဂိုမြို့တွင် ရှိနေသည်ဟု ဆိုသည်။ သတင်းပေးက သတင်း အတွက် ငွေရလိုကြောင်း ပြောသည်။ ကျွန်တော်က သတင်းပေးအား အက်ဖ်ဘီအိုင် တာဝန်ခံထံခေါ်သွားပြီး သူ့ သတင်းအတွက် ဒေါ်လာ နှစ်ထောင်ခန့်ပေးရန်လိုကြောင်း ပြောပြသည်။ တာဝန်ခံက လုပ်ပေးပါမည်ဟု ဆိုသဖြင့် သတင်းပေးအား သူ့ထံတွင် ထားခဲ့သည်။

the bookhouse
We bring your future
www.burmeseclassic.com

www.burmeseclassic.com



ရက်အတန်ကြာသည့်အခါ လူသတ်မှုကို ဦးဆောင်သူအား ဖမ်းဆီးမိကြောင်း သတင်းများတွင် ဖတ်ရသည်။ ကျွန်တော်က အက်ဖ်ဘီအိုင် တာဝန်ခံထံသွားလျက် သတင်းပေးအား ဒေါ်လာနှစ်ထောင်ပေးရန် လိုအပ်ကြောင်း ပြောသည်။ လူသတ်မှုကို ဦးဆောင်သူအား လမ်းတွင်ဖမ်းမိခြင်းဖြစ်ပြီး သတင်းပေးပြောသော လိပ်စာတွင် ဖမ်းမိခြင်း မဟုတ်သဖြင့် ငွေပေးရန် မလိုအပ်ကြောင်း ပြောသည်။ ကျွန်တော်က…

"လူသတ်သမားရှိတဲ့ အိမ်လိပ်စာကို သတင်းပေးက ပေးတယ်။ ခင်ဗျားတို့က လိပ်စာပါ အိမ်ရဲ့အပြင်မှာ ဆိုင်စောင့်နေတယ်။ ထွက်လာတော့ ဖမ်းတယ်။ ဒါကြောင့် သူ့ကို အဖိုးအခပေးရမယ်"ဟု ပြောခဲ့သည်။

အက်ဖ်ဘီအိုင်သည် ငွေလုံးဝ မပေးခဲ့ပေ။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၆ ရှောကီ

အေးဂျင့်တာဝန်ထမ်းဆောင်ရာတွင် မိုးတိုးမတ်တတ် ရပ်စောင့်ရသည်မှာ တစ်ခါတစ်ရံ အတော်ပင် ကိုးလိုးကန့်လန့်နိုင်သည်။ အတော်ပင် ပျင်းဖို့ကောင်းသည် သို့သော် ထိုတာဝန်မှာ ရှောင်လွှဲမရနိုင်သော လုပ်ရိုးလုပ်စဉ်သာ ဖြစ်သည်။ ဇိမ်ခံဟိုတယ် တံခါးပေါက်အတွင်း ရပ်စောင့်ရသည်ကတော့ မဆိုးလှ။ နှင်းမုန်တိုင်းကျနေသည့် အချိန်တွင် အဆောက်အအုံပြင်ပ၌ ရပ်နေရသည့် ဒုက္ခမှာ အတော်ပင် ကြီးမားသည်။ ဆူညံပြီး မီးခိုးအူနေသည့် မီးဖိုချောင်နှင့် အမှိုက်ပုံးနားတွင် ရပ်စောင့်ရခြင်းသည့်အခါ အတော်ပင် ကသိကအောက်နိုင်လှသည်။

မတ်တတ်ရပ်စောင့်ရသည့်အခါမျိုးတွင် ထူးထူးခြားခြား တွေ့ကြုံရလေ့ရှိ သော်လည်း အချို့အတွေ့အကြုံများမှာ စိတ်လှုပ်ရှားဖွယ်ဖြစ်သည်။ ၁၉၇၃ ခုနှစ်တွင် နစ်ဆင် သမ္မတရာထူး လက်ခံသည့် အခမ်းအနားတွင် (၉)လမ်းနှင့် ပင်ဆဲလ်ဗေးနီးယား ရိပ်သာလမ်းထောင့်တွင် ကျွန်တော် တာဝန်ကျသည်။ အေးခဲနေသည့်ရာသီဥတု အောက် တွင် ခြောက်နာရီကျော် မတ်တတ်ရပ်နေခဲ့ရသည်။

ဒုသမ္မတ စပီရိုအဂ္ဂနယူးသည် ပူတိုရီကို၊ စန်ဟွမ်သို့ရောက်နေစဉ် စန်ဟွမ် ဟီးလ်တန် ဟိုတယ်ရှေ့တွင် ကျွန်တော် အပါအဝင် အေးဂျင့် ၁၂ ယောက်တာဝန်ကျခဲ့ သည်။ ကျွန်တော်တို့သည် နေရာ ၁၁ နေရာတွင် မတ်တတ်ရပ် စောင့်ကြရသည်။ ရာသီဥတုကလည်း ပူပြင်းပြီး ခြင်ကောင်များက တဝီဝီနှင့် အတော်ပင် စိတ်ပျက် စရာကောင်းသည်။

တစ်နေရာတွင် နာရီဝက်ကြာ စောင့်ကြပ်ပြီး နောက်တစ်နေရာသို့ ရွှေ့သည်။ နေရာအားလုံးတွင် စောင့်ပြီးသည့်အခါ နာရီဝက် အနားရသည်။ နေရာ ၁၁ နေရာ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



တွင် အလှည့်ကျ နေရာရွှေ့ကင်းစောင့်ရသည်မှာ စုစုပေါင်း လေးနာရီခွဲကြာသည်။ လေးနာရီခွဲကြာလျှင် နာရီဝက် အနားရသည်။

ကျွန်တော် လေးနာရီခွဲကြာစောင့်ပြီး အနားယူမည် ကြံခါရှိသေး အေးဂျင့်ခေါင်းဆောင်က " သမ္မတ ပြန်လာနေပြီ မင်းခေါင်မိုးပေါ်တက်စောင့်ပါ" ဟု ညွှန်ကြားသဖြင့် နားချိန်မရတော့။ ကျွန်တော် နားခွင့် နာရီဝက်သည် ခေါင်မိုးပေါ်တွင် ကုန်ဆုံးသွားပြီး ဂျူတီ ပြန်ဝင်ရသည်။ နားချိန်လုံးဝမရတော့။

၁၉၇၂ ခု သမ္မတ မဲဆွယ်ပွဲတွင် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်မည့် ဆီနိတ်အမတ် 'အက်ဒမန် မန်စကီး' အား အကာအကွယ်ပေးရန် ကျွန်တော်တာဝန်ကျသည်။ လူအင်အားနည်းသဖြင့် ကျွန်တော်တို့သည် ဒီနီယာ အေးဂျင့်တာဝန်ကို ဝင်ရောက်ယူရသည်။

စိန့်လူဝီးသို့ ဝါရင့်အေးဂျင့်တစ်ယောက်နှင့်အတူ ရှေ့ပြေးအဖွဲ့အဖြစ် သွားရသည်။ ဘတ်ဂျက် ကန့်သတ်ထားမှု ကြောင့် ဟိုတယ်တွင် နှစ်ယောက်တစ်ခန်းနေကြရသည်။ ကျွန်တော်၏ တွဲဘက်အေးဂျင့်သည် အိပ်သည့်အခါ ကျယ်လောင်စွာ ဟောက်သူဖြစ်သည်။ သူသည် 'ကိုဟောက်ကြီး' အဖြစ် ကျော်ကြားသူဖြစ်သည်။ သူ့ ဟောက်သံသည် ရထားတစ်စင်း ခုတ်မောင်းနေသကဲ့သို့ ကျယ်လောင်လှသည်။

ကျွန်တော့်မှာ ရွေးချယ်စရာလမ်းမရှိ။ ထို့ကြောင့် အခန်းတစ်ခန်း သီးခြားငှားကာ အိပ်ခဲ့ရသည်။ အခန်းခမှာ တစ်ညလျှင် ဒေါ်လာလေးဆယ် ဖြစ်သည်။ ကျွန်တော့်အား နင့်ခနဲ ဖြစ်စေသော ငွေကြေးပမာဏ ဖြစ်သည်။ ထိုခရီးစဉ်တွင် အတွေ့အကြုံများ စွာရခဲ့သည်။ ယင်းအတွေ့အကြုံများသည် နောက်ပိုင်းနှစ်များတွင် ကျွန်တော် တာဝန်ထမ်းဆောင်ရာ၌ များစွာအထောက်အကူ ဖြစ်စေခဲ့လေသည်။

ယင်းသို့ တာဝန်ထမ်းဆောင်နေရင်း ကျွန်တော် ရုတ်တရက် မင်္ဂလာ ဆောင်ဖြစ်သွားသည်။ ၁၉၇၂ ခု ဇွန်လ ၂၁ ရက်နေ့တွင် ကျွန်တော်နှင့် ဘာဘရာ (ဘဏ္ဍာရေးဌာန သင်တန်းကျောင်းတက်နေစဉ် ဘော့ဟက်စ်က မိတ်ဆက်ပေးခဲ့သူ) တို့သည် လက်ထပ်ရန် ဆုံးဖြတ်လိုက်ကြသည်။ ဇွန်လ ၂၃ ရက်နေ့တွင် ကျွန်တော်တို့ လက်ထပ်ကြသည်။ လက်ထပ်ပွဲကို စိန်မေရီ ဘုရားရှစ်ခိုးကျောင်းတွင် ၁၁ နာရီ၌ ကျင်းပသည်။ ထို့နောက် စားသောက်ဆိုင်တစ်ဆိုင်တွင် နေ့လယ်စာ စားသည်။ ညနေလေးနာရီတွင် ကျွန်တော် ဂျူတီပြန်ဝင်ရသည်။

နှစ်ရက်အကြာတွင် သမ္မတလောင်း မန်းစကီး၏ မိုင်ယာမီ ညီလာခံသို့ ရှေ့ပြေးအဖွဲ့ဝင်အဖြစ် လိုက်ရပြန်သည်။ အမြဲလို ခရီးထွက်နေရသည့်အတွက် အိမ်ထောင်သည် ဘဝသည် အတော်ပင်ခက်ခဲလိမ့်မည်ဟု ကျွန်တော် တို့နှစ်ဦး အစကတည်းက ရိပ်မိခဲ့ကြပါသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရှေ့ပြေးအဖွဲ့တွင် အတူပါလာသူမှာ 'ကလစ်ဖ်ဒီယာတရစ်ချ်' ဖြစ်သည်။ သူသည် သမ္မတ နစ်ဆင်၏ လုံခြုံရေးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် ရဟတ်ယာဉ်ပျက်ကျ အသက်ဆုံးရသည်။ ထိုစဉ်က နစ်ဆင်သည် မိတ်ဆွေတစ်ယောက်နှင့်အတူ ဘဟားမားစ်တွင် ရောက်နေသည်။ ညပိုင်းတာဝန်ထမ်းဆောင်ရန် ကလစ်ဖ်နှင့်အတူ အေးဂျင့်ခြောက်ယောက်သည် ဖလော်ရီဒါမှ ရဟတ်ယာဉ်ဖြင့် ထွက်လာကြသည်။ ရဟတ်ယာဉ် စောင်းသွားပြီး ဒလက်သည် ရေပြင်နှင့်ရိုက်မိသည်။ ရဟတ်ယာဉ် ဇောက်ထိုးဖြစ်ကာ ရေအောက်သို့ နစ်မြုပ်သွားသည်။ အေးဂျင့်ခြောက်ယောက်သည် ရဟတ်ယာဉ် ပြတင်းကိုဖွင့်ကာ ထွက်လာနိုင်ကြ။ ကလစ်ဖ်မှာမူ ထွက်ပေါက်ပျောက်ကာ ပိတ်မိသေဆုံးသွားသည်။

အေးဂျင့်အများအပြား တာဝန်ထမ်းဆောင်နေစဉ် အသက်ဆုံးရှုံးသည်ကို ကျွန်တော် ကြုံတွေ့ခဲ့ရသည်။ အများစုသည် မော်တော်ယာဉ် မတော်တဆမှုကြောင့် အသက်ဆုံးကြရသည်။ အဲလီဇဘက် ဘုရင်မကြီး အမေရိကန် အနောက်ဘက်ကမ်းခြေသို့ ၁၉၈၂ ခုနှစ်တွင် လာရောက်စဉ် ညလယ်ပိုင်း တာဝန်ကျသော အေးဂျင့်လေးဦး၏ မော်တော်ယာဉ်သည် တောင်ကမ္ဘားယံမှ ချော်ကျကာ အသက်ဆုံးခဲ့ရသည်။ အလုပ်ပင်ပန်းနေကြသည့်အပြင် ညအချိန်ဖြစ်သည့်အတွက် မတော်တဆ ဖြစ်ပျက်ရခြင်းဖြစ်သည်။ အိုကလာဟိုးမား ဗုံးခွဲမှုတွင်လည်း အေးဂျင့်ခြောက်ဦး သေဆုံးရသည်။ ကျွန်တော် ပထမဆုံး ကြုံတွေ့ရသည့် သေဆုံးမှုမှာ 'ကလစ်ဖ် ဒီယာ တရစ်ချ်' ရဟတ်ယာဉ်အတွင်းမှ မထွက်နိုင်ဘဲ အသက်ဆုံးရမှု ဖြစ်သည်။ ထိုအဖြစ်အပျက်သည် ကျွန်တော် ဗီယက်နမ်တွင် ကြုံတွေ့ရသည့် သေကျေပျက်စီးမှုများကို အမှတ်ရစေသည်။ အနည်းငယ်လည်း တုန်လှုပ်မိသည်။ တာဝန်ထမ်းဆောင်နေစဉ် သေဆုံးရမှု အများအပြားရှိသော်လည်း ပစ်ခတ်ခံရမှုကြောင့် အသက်ဆုံးရခြင်းတော့ မရှိခဲ့ပေ။

ကလစ်ဖ် သေဆုံးပြီးနောက် ရဟတ်ယာဉ် ရေနစ်သည့်အခါ ရုန်းထွက်လွတ်မြောက်နည်းကို အေးဂျင့်များအား လေ့ကျင့်သင်ကြားပေးတော့သည်။ ထိုသင်တန်းမှာ ရေတပ်လေယာဉ်မှူးများကို လေ့ကျင့်ပေးသော သင်တန်းနှင့် အတူတူ ဖြစ်သည်။ ရဟတ်ယာဉ်အဟောင်း တစ်စင်းအတွင်းတွင် ထိုင်ခုံခါးပတ်လျက် အေးဂျင့်များအား ထိုင်နေစေသည်။ ထို ရဟတ်ယာဉ်ကို ဆင်ခြေလျော သံလမ်းတစ်လျှောက် လျောဆင်းစေပြီး ရေထဲသို့ ဇောက်ထိုးပြောင်းပြန်ကျစေသည်။ သင်တန်းသားသည် ထိုင်ခုံခါးပတ်ကိုဖြုတ်၊ ရဟတ်ယာဉ်အပြင်သို့ထွက်ခါ ရေမျက်နှာပြင်ပေါ်သို့ ကူးခတ်တက်ရန် ဖြစ်သည်။ အတော်ပင် ခက်ခဲပင်ပန်းသော လေ့ကျင့်ခန်း ဖြစ်သည်။

ရဟတ်ယာဉ်သည် ဇောက်ထိုးဖြစ်နေသဖြင့် အထက်နှင့်အောက်ကို လူ၏သိစိတ်သည် ပြောင်းပြန်ယူဆလျက် ရေမျက်နှာပြင်ပေါ်သို့ တက်ရမည့်အစား ရေနက်ထဲသို့ တိုးဝင်သွားလေ့ရှိသည်။ ကလစ်ဖ်သည် ထိုနည်းဖြင့် အသက်ဆုံးရခြင်းဖြစ်သည်။ ရေမြုပ်ပလုံစီလေးများ တက်သွားသော လားရာသည် အပေါ်ဘက်ဖြစ်သည်ကို သတိရနေရန် ဖိအပ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် ရဟတ်ယာဉ် အကြီးများကို သုံးလာသည့်အတွက် လေ့ကျင့်ရာတွင်လည်း ရဟတ်ယာဉ်အကြီးများကို အသုံးပြုလေ့ကျင့်ကြရသည်။

၁၉၇၃ ခုနှစ်တွင် ဗီယက်နမ်စစ်ရှိန်ကမြင့်နေဆဲ၊ အရှေ့အလယ်ပိုင်းတွင် စစ်မီးတောက် လောင်ကျွမ်းမည့် အလားအလာများကလည်း တိုးပွားလာနေသည်။ ထိုအချိန်တွင် အမျိုးသား လုံခြုံရေးကောင်စီ အကြံပေးပုဂ္ဂိုလ် ဟင်နရီ ကစ်ဆင်းဂျားအား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ရာထူးတိုးခန့်ထားလိုက်သည်။ ကျွန်တော်တို့သည် ကစ်ဆင်းဂျား၏ လုံခြုံရေးကို တာဝန်ယူပေးရသည်။ သာမန်အားဖြင့်ဆိုလျှင် နိုင်ငံခြားရေးဝန်ကြီး၏ လုံခြုံရေးကို နိုင်ငံခြားရေးဌာန "အက်စ်ဝိုင်" ဌာနမှ တာဝန်ယူရသည်။ သို့သော် ကစ်ဆင်းဂျားက ကျွန်တော်တို့အား တာဝန်ယူပေးစေလိုသဖြင့် လျှို့ဝှက် ထောက်လှမ်းရေးဌာနက ပါဝင်လာရခြင်းဖြစ်သည်။

ကျွန်တော်သည် ကစ်ဆင်းဂျား၏ လုံခြုံရေးအဖွဲ့တွင် ပါသွားသည်။ ကျွန်တော့်အဖွဲ့ခေါင်းဆောင်မှာ "ဒစ်ဂျာဂင်" ဖြစ်သည်။ ကစ်ဆင်းဂျားသည် အေးဂျင့်များကို ဖော်ဖော်ရွေရွေ ဆက်ဆံသည်။ ကျွန်တော်တို့ ရှိနေသည့်အတွက် သူသည် စိတ်အနှောင့်အယှက်မဖြစ်။ သူ့အိမ်တွင် သူနှင့်တူထိုင်လျက် ရုပ်မြင်သံကြားကြည့်သည်။ သူသည် အလုပ်စားပွဲတွင် ထိုင်ကာ အလုပ်လုပ်နေလျှင် ကျွန်တော်တို့က ရုပ်မြင်သံကြား ကြည့်နေကြသည်။

ကစ်ဆင်းဂျားနှင့် ကျွန်တော်တို့ ဆက်ဆံရေးမှာ သူငယ်ချင်းရောင်းရင်းကဲ့သို့ မဟုတ်သော်လည်း သူနှင့် ဆက်ဆံရသည်မှာသက်သောင့်သက်သာ ရှိသည်။ ကျွန်တော်တို့က မနီးလွန်းမဝေးလွန်းသော ဆက်ဆံရေးမျိုးဖြင့်နေသည်။ နိုင်ငံခြားရေးဌာနနှင့် အိမ်ဖြူတော်တွင် သူရှိနေသည့်အခါ ပုံမှန်အားဖြင့် ကျွန်တော်တို့ သူ့အနားတွင် ကပ်နေလေ့မရှိ။ တံခါးဝအထိ လိုက်ပို့ရုံသာဖြစ်သည်။ နိုင်ငံခြားရေးဌာနနှင့် အိမ်ဖြူတော်တို့သည် လုံခြုံစိတ်ချရသော အဆောက်အအုံများဖြစ်ကြသည်။ သို့သော် အဖွဲ့ခေါင်းဆောင် ဂျာဂင်သည် တိကျသူ၊ အလုပ်ကို ခတ်ပြတ်ပြတ်လုပ်သူ ဖြစ်သည်။ ကျွန်တော်တို့ ကာကွယ်မှုပေးနေသူသည် အဆောက်အအုံအတွင်း မည်သည့်နေရာတွင် ရှိနေသည်ကို သိရမည်ဟု သူက ဆိုသည်။

ကစ်ဆင်းဂျား၏ လုံခြုံရေးကို တာဝန်ကို စယူရသောနေ့တွင် သူနှင့်အတူ အိမ်ဖြူတော်သို့ လိုက်သွားရသည်။ အိမ်ဖြူတော်အတွင်းသို့ ကျွန်တော် ပထမဆုံး ရောက်ဖူးခြင်းဖြစ်သည်။

ကစ်ဆင်းဂျားအတူ အိမ်ဖြူတော် အနောက်ဆောင်အတွင်းသို့ ဝင်လိုက်သွားရာ ဧည့်ကြိုခန်းမသို့ ရောက်သည်။ သူက အရှေ့ပေါ် အစည်းအဝေးခန်းမအတွင်းသို့ ဝင်သွားသည်။ အစည်းအဝေးခန်းမအဝင် ကောင်တာတွင် ယူနီဖောင်းဝတ် အိမ်ဖြူတော်ရဲက ဝင်လာသမျှ လူများ၏ ဝင်ခွင့်ကတ်ပြားများကို စစ်ဆေးနေသည်။ ကောင်တာအနီးတွင် ဆိုဖာရှည်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



တစ်လုံးရှိသည်။ ကျွန်တော်သည် ဘာလုပ်ရမှန်း မသိဘဲ ယောင်ယောင်ကန်းကန်းဖြင့် ထိုဆိုဖာတွင် ထိုင်နေလိုက်သည်။ ငါးမိနစ်ခန့်အကြာတွင် လူတစ်ယောက် ရောက်လာပြီး "မင်းဘယ်သူလဲ၊ ဒီမှာ ဘာလုပ်နေတာလဲ"ဟု ခက်ထန်စွာ မေးသည်။ ထိုအချိန်က အိမ်ဖြူတော်ဝန်ထမ်းများသည် ဝင်ခွင့်ကတ်ပြားများကို လည်ပင်းတွင် မချိတ်ဆွဲကြသေး သမ္မတ၏ အနီးကပ်လုံခြုံရေးများသည်လည်း အမှတ်အသား တံဆိပ်လေးများကို ကုတ်အင်္ကျီ ကော်လာပြားပေါ်တွင် တပ်မထားကြသေးပေ။ သို့သော် ကျွန်တော့် ကုတ်အင်္ကျီတွင် အေးဂျင့်တံဆိပ်ကလေး ထိုးထားသဖြင့် ကျွန်တော် မည်သူ မည်ဝါဖြစ်မည်ကို ထိုလူက သိပေမည်။ ထိုသူသည် အနီးကပ် လက်ထောက်အေးဂျင့်ဖြစ်သည်ကို ကျွန်တော်သိသည်။ သူသည် ဘုရားလိုဏ်ခေါင်း အောင်း၍ မာန်သွေးနေသူ၊ သွေးနားထင်ရောက်နေသူဖြစ်သည်ကို သူ့အမူအရာအရ သိလိုက်ရသည်။

ကျွန်တော်သည် လက်သင် အေးဂျင့်လေးမျှသာ ဖြစ်သဖြင့် သူက ပါဝါပြနေခြင်းဖြစ်သည်။ သာဒင်ကို ဘာထင်သလဲ လုပ်လျက် မဏ္ဍပ်တိုင် တက်နေသည်။ ကျွန်တော်က ဖြည်းညင်းစွာ ထရပ်ပြီး "ခင်ဗျားကကော ဘယ်သူလဲ"ဟု ခပ်မာမာ ပြန်မေးလိုက်သည်။

" ငါက အနီးကပ်အေးဂျင့်ပဲ"

"တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်တော်က ဖီလာဒဲလ်ဖီးယားကပါ" လေပြည်ထိုးကာ ကျွန်တော် နှုတ်ဆက်သည်။

"မင်းက ဒီမှာ ဘာလုပ်နေတာလဲ။ ဒီနေရာဟာ မင်းရှိနေရမယ့် နေရာမဟုတ်ဘူး"

"ကျွန်တော် ကစ်ဆင်းဂျားနဲ့ပါလာတာပါ။ ကျွန်တော့်ကို သူလိုအပ်ရင် ရှိနေအောင်လို့ပါ"

သူက တံခါးပေါက်ကို လက်ညှိုးထိုးပြလျက်…

"မင်း အပြင်မှာသွားနေပါ"

ကျွန်တော် အိမ်ဖြူတော်သို့ ပထမဆုံးရောက်သည့်နေ့တွင် နှင်ထုတ်ခံရသည်အဖြစ်ကို ကျွန်တော် လက်မခံနိုင်။ ထို့ကြောင့် "ခင်ဗျား ကျွန်တော့်ကို ထွက်သွားစေချင်တယ်ဆိုရင် အပြင်က ကားထဲမှာရှိနေတဲ့ ကျွန်တော့် အဖွဲ့ခေါင်းဆောင် ဒစ်ဂျာဂင်ကို သွားပြောပေတော့"ဟု ပြောချလိုက်သည်။

နောင်နှစ်ပေါင်း နှစ်ဆယ်တိုင်တိုင် ကျွန်တော်သည် ဤနေရာကို ဖြတ်သွားတိုင်း ထိုနေ့က အဖြစ်အပျက်ကို သတိရနေမိသည်။ နှစ်ဆင်လက်ထက် အိမ်ဖြူတော် အေးဂျင့်တို့၏ မောက်မာပုံကို သတိတရ ဖြစ်မိသည်။

ကျွန်တော်သည် အိမ်ဖြူတော်၏ စီနီယာအေးဂျင့် ဖြစ်လာသည့်အခါ အသစ်ရောက်လာသော ဂျူနီယာအေးဂျင့်



www.burmeseclassic.com

www.burmeseclassic.com



များကို နှင်ထုတ်မည့်အစား အိမ်ဖြူတော်တွင် လိုက်နာဆောင်ရွက်ရသော စည်းကမ်းများကို ရှင်းပြပေးသည်။ အိမ်ဖြူတော်အတွင်း လိုက်ပြပေးသည်။ သူတို့ကို ကျွန်တော့်အဖြစ်မျိုး မဖြစ်စေလို။ အိမ်ဖြူတော်သည် လူသစ်များအဖို့ ရှုပ်ထွေးသည်။ အခန်းများ တည်နေပုံနှင့် စင်္ကြံလမ်းများ ဆက်သွယ်ထားပုံကို ချက်ချင်း သဘောပေါက်ရန် မလွယ်ကူ။

တစ်ခါတွင် ကစ်ဆင်းဂျားနှင့်အတူ အိမ်ဖြူတော်အတွင်း လျှောက်သွားစဉ် သူက တံခါးရွက်တစ်ခုရှေ့တွင် ရပ်လိုက်သည်။ သူအတွင်းသို့ဝင်မည်ဟု ယူဆသဖြင့် ကျွန်တော်က တံခါးကို ဆွဲဖွင့်ပေးသည်။ ဝင်ပေါက်တံခါးမဟုတ်ဘဲ ဗီရိုတံခါး ဖြစ်နေသည်။ ကစ်ဆင်းဂျားက ဟက်ဟက်ပက်ပက် ရယ်မောသည်။ ထိုနှစ် ဆောင်းဦးပေါက် တစ်နေ့တွင် အရေးပေါ်အစည်းအဝေးခန်းမအနီးရှိ ဆိုဖာပေါ်တွင် ကျွန်တော်ထိုင်နေသည်။ အစိုးရအဖွဲ့တစ်ဖွဲ့လုံး အစည်းအဝေးခန်းအတွင်း ရောက်နေပြီး လှုပ်လှုပ်ရွရွဖြစ်နေသဖြင့် တစ်ခုခုထူးခြားပြီဟု ထင်မိသည်။

စစ်ဖြစ်ပြီလောဟု စိုးရိမ်မိသည်။ အေးဂျင့်တစ်ယောက်ရောက်လာပြီး သတင်းပေးသဖြင့် ကျွန်တော် အပြင်ထွက်ပြီး ကားထဲမှ ရေဒီယိုဖွင့်လိုက်သောအခါ ဒုတိယသမ္မတ စပီရို အဂ္ဂနယူး ရာထူးမှ အနားယူကြောင်းသတင်းကို ကြားရသည်။ ဒုတိယသမ္မတ အနားယူသော ဖြစ်စဉ်သည် ကျွန်တော် ထိုင်နေသည့် ဆိုဖာနှင့် ဆယ်ပေခန့် အကွာတွင် ဖြစ်ပျက်ခဲ့သည်။

ကစ်ဆင်ဂျား၏ အနီးကပ်အေးဂျင့် အဖြစ်တာဝန်ပြီးဆုံးသည့်အခါ ဖီလာဒဲလ်ဖီးယားသို့ ပြန်လာခဲ့ရသည်။ ခြောက်လအကြာတွင် ဝါရှင်တန်သို့ ကျွန်တော့်အား ပြန်လည်ပြောင်းရွှေ့ပြန်သည်။ သည်တစ်ကြိမ်တွင် ခေတ္တတာဝန်ပေးခြင်း မဟုတ်ဘဲ အမြဲတမ်း တာဝန်ချထားခြင်း ဖြစ်လေသည်။ ကာကွယ်စောင့်ရှောက်မှု အထောက်အကူပြုဌာနတွင် သင်တန်းသုံးပတ်တက်ရသည်။ သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတ၏ ကိုယ်ရံတော်အေးဂျင့်တာဝန်များကို မွမ်းမံသင်တန်းပေးခြင်း ဖြစ်သည်။

သမ္မတနှင့် ဒုတိယသမ္မတ၏ အနီးကပ်အေးဂျင့်အဖွဲ့နှစ်ဖွဲ့သည် သီးခြားစီဖြစ်သည်။ သမ္မတ၏ အနီးကပ်အဖွဲ့သည် ပိုမိုအရေးကြီးသည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်သည်။ ဒုသမ္မတ၏ အနီးကပ်အဖွဲ့သည် အဖွဲ့ဝင်ဦးရေနည်းသဖြင့် အလုပ်ပိုလုပ်ရသည်။ အသေးစိတ်များကို ကိုယ်တိုင်စီမံရသည်။ ကျွန်တော့်အား ဒုသမ္မတ ဂျာရယ်ဖို့ဒ်၏အဖွဲ့တွင် တာဝန်ချထားသည်။

ထိုစဉ်က ဒုသမ္မတအတွက် နေအိမ်သီးခြား မရှိသေးသဖြင့် ဂျာရယ်ဖို့ဒ်သည် ဗာဂျီးနီးယားရှိ သူ့ပိုင်နှစ်ထပ်အိမ်တွင်ပင် နေနေရသည်။ သမ္မတ၏ အိပ်ခန်းအောက်တည့်တည့်ရှိ ကားဂိုဒေါင်တွင် ကျွန်တော်တို့၏ ကွပ်ကဲရေးရုံးခန်း ဖွင့်ထားသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဒုသမ္မတ၏ အနီးကပ်အဖြစ် အသစ်ရောက်လာသော အေးဂျင့်များသည် အကျီစားခံရတတ်သည်ကို ကျွန်တော် သိမထားခဲ့။ ကျွန်တော် ရောက်ရောက်ချင်း ညတာဝန်ထမ်းဆောင်ပြီး နံနက်ခြောက်နာရီတွင် အဖွဲ့ခေါင်းဆောင် ရောက် လာသည်။ အေးဂျင့်များ အသုံးပြုသည့် မော်တော်ယာဉ်ကို သူက အသင့်ပြင်ခိုင်းသည်။ မော်တော်ယာဉ်သည် မောင်းထွက်ရန် အသင့်အနေအထားရှိမရှိ စစ်ဆေးထားရန် ဖြစ်သည်။

ကားအတွင်းသို့ ကျွန်တော်ဝင်ပြီး သော့ဖွင့်လိုက်သည်နှင့် ကိုယ်ကျိုးနည်းတော့သည်။ ကားတွင်ရှိသ အချက်ပေးဉဩ၊ ဟွန်းနှင့် ရေဒီယိုတို့ အသံကုန်မြည်တော့သည်။ ကားခေါင်မိုးရှိ သတိပေးအချက်ပြမီးလည်း ချာလပတ် လည်နေသည်။ လေအေးစက်က အားကုန်မှုတ်နေသည်။ အသံဗလံများက ဒုသမ္မတ အပါအဝင် တစ်ရပ်ကွက်လုံးကို လှုပ်နှိုးလိုက်သည်။ ထိုအချိန်တွင် ကျွန်တော် အလုပ်သင့်ဆုံးမှာ သော့ကို ပြန်ပိတ်လိုက်ရန် ဖြစ်သည်။ သို့သော် အရေးရယ် အကြောင်းရယ် ဖြစ်လာပြီဆိုလျှင် လူတို့၏ သဘာဝမှာ အလုပ်သင့်ဆုံးအလုပ်ကို မလုပ်မိကြ။ ကျွန်တော်က ကိရိယာ တစ်ခုချင်း၏ ခလုတ်များကို လိုက်ပိတ်သည်။

ယင်းသို့ ရုတ်ရုတ်သဲသဲ အသံဗလံများထွက်လာတိုင်း ဒုသမ္မတ ဂျာရယ်ဖို့ဒ်က အနီးတွင်အိပ်နေသော ဇနီးဖြစ်သူ အား “အေးဂျင့်အသစ် ရောက်ပြန်ပြီနဲ့တူတယ်”ဟု ပြောလေ့ရှိသည်ဟု ဆိုကြသည်။

၁၉၇၄ ခု ဩဂုတ်လ ၈ ရက်နေ့ ည ၇ နာရီ ၃၀။ အိမ်ဖြူတော် ဒုတိယထပ်၊ ဒုတိယ သမ္မတရုံးခန်း တံခါး တွင် ကျွန်တော် တာဝန်ကျနေသည်။ သမ္မတနစ်ဆင်က တိုင်းပြည်သို့ မိန့်ခွန်းပြောပြီး ရာထူးမှနုတ်ထွက်မည်ဟု သတင်းများ ပေါ်ထွက်နေသည့် အချိန်ဖြစ်သည်။

ဖို့ဒ်သည် အခန်းထဲမှ ထွက်လာသည်။ အနီးကပ်အဖွဲ့ခေါင်းဆောင်နှင့် ကျွန်တော်သည် ဓာတ်လှေကားအတွင်း သို့ ဖို့ဒ်နှင့်အတူဝင်သည်။ ဓာတ်လှေကားအတွင်း၌ ဖို့ဒ်သည် ကျွန်တော့်ဘက်လှည့်လျက် “ခင်ဗျားက အေးဂျင့်အသစ် နဲ့တူတယ်”ဟုဆိုခဲ့ရာ ကျွန်တော်က အေးဂျင့်အသစ်ဖြစ်ကြောင်း၊ ကျွန်တော့်အမည်ကိုပြောလျက် မိတ်ဆက်သည်။ သူက လက်ဆွဲနှုတ်ဆက်ရန် လက်ကိုဆန့်တန်းပြီး “ကျွန်တော် ဂျာရယ်ဖို့ဒ်ပါ”ဟု ပြောသည်။ ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက် ကြသည်။

သမ္မတ ဖြစ်တော့မည်ဟု သတင်းများ ပေါ်ထွက်နေသဖြင့် ဖို့ဒ်၏ ယာဉ်တန်းကို ခါတိုင်းကဲ့သို့ မော်တော်ယာဉ် နှစ်စီး သာမကတော့ဘဲ နောက်ထပ် သုံးစီးထပ်ပေါင်း စီစဉ်ပေးရသည်။ သာမန်အချိန်များတွင်ဆိုလျှင် ဒုတိယသမ္မတ၏ မော်တော်ယာဉ်နှင့် လုံခြုံရေး မော်တော်ယာဉ်တစ်စီးသာ ပါသည်။ ယခုအခါ ရှေ့ပြေးကား၊ ဒုသမ္မတ၏ကား၊ နောက် လိုက် လုံခြုံရေးကားနှင့် ရဲကားတစ်စီးတို့ ပါဝင်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်အတွင်းသို့ ယာဉ်တန်းချီးဝင်လိုက်သည့်အခါ လမ်းဘေးတစ်ဖက်တစ်ချက်တွင် စောင့်ကြိုနေသော ပရိသတ်ကို တွေ့ရသည်။ အိမ်တွင်ရှိနေသည့် အေးဂျင့်များက လုံခြုံရေးကြိုးများ တန်းလျက် လူများကို အကန့် ကန့် ဆေးထားသည်။ မီဒီယာများကို အိမ်နှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဖက်တွင် နေရာချပေးသည်။ ကင်မရာများကို နေရာတကာတွင် တွေ့နေရသည်။ လူများ စိတ်လှုပ်ရှားနေသည်မှာ မယုံနိုင်ဖွယ်။

ဖို့ဒ်အား အိမ်ထဲသို့ပို့ပြီး အောက်ထပ် ကွပ်ကဲရေးရုံးခန်းတွင် သမ္မတနှစ်ဆင် နောက်ဆုံးမိန့်ခွန်းကို နားထောင်ကြသည်။ နောက်တစ်နေ့တွင် ဖို့ဒ်ကသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုရမည်။ နှစ်ဆင်၏ အနီးကပ်အေးဂျင့်များ ရောက်လာကြသည်။ သူတို့နှင့် ကျွန်တော်တို့အဖွဲ့သည် မျက်နှာကြောတည့်သူများ မဟုတ်ကြ။ ကျွန်တော်တို့သည် ဖို့ဒ်နှင့်အတူ ရက်အနည်းငယ်ဆက်နေပေးရသည်။

သမ္မတအနီးကပ်အဖွဲ့နှင့် ကျွန်တော်တို့ မကြာခဏ ထိပ်တိုက်တွေ့သည်။ ထိုးကြိတ်ကြတော့မည်ကဲ့သို့ မကြာခဏဖြစ်သည်။ နောက်ဆုံးတွင် ကျွန်တော်တို့အဖွဲ့ နောက်ဆုတ်ပေးရသည်။ ဒုတိယသမ္မတ မရှိသေးသဖြင့် ကျွန်တော်တို့ ဘုံပျောက်သွားသည်။

ကျွန်တော်တို့ ဒုသမ္မတအနီးကပ်အဖွဲ့သည် လွှတ်တော် (ကွန်ဂရက်) ဥက္ကဋ္ဌ၏ လုံခြုံရေးကို တာဝန်ယူရသည်။ လွှတ်တော်ဥက္ကဋ္ဌသည် သမ္မတ မရှိပါက သမ္မတရာထူးကို ဆက်ခံမည့်သူဖြစ်သည်။ အမေရိကန်သမ္မတ သေဆုံးပါက (သို့မဟုတ်) တာဝန် မထမ်းဆောင်နိုင်တော့ဟု ဆိုပါက သမ္မတ အရိုက်အရာကို အစဉ်လိုက် ဆက်ခံရမည့်သူများကို ဖွဲ့စည်းပုံဥပဒေက ပြဋ္ဌာန်းပေးထားသည်။ ယင်းတို့ အစဉ်လိုက်ဇယားမှာ လွှတ်တော်(ကွန်ဂရက်)ဥက္ကဋ္ဌ၊ ဆီးနိတ်ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ ရှေ့နေချုပ်၊ ပြည်ထဲရေးဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီး၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၊ အလုပ်သမားဝန်ကြီး၊ ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီး၊ အိုးအိမ်နှင့် မြို့ပြဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီး၊ စွမ်းအင်ဝန်ကြီး၊ ပညာရေးဝန်ကြီး၊ စစ်မှုထမ်းဟောင်းရေးရာဝန်ကြီး၊ နိုင်ငံတော်လုံခြုံရေးဝန်ကြီး တို့ဖြစ်သည်။

ဖို့ဒ်သည် သမ္မတရာထူးကို လက်ခံပြီး တစ်ပတ်ကျော်အကြာတွင် အမေရိကန်ပြည်ထောင်စု၏ သမ္မတအဖြစ် တည်ခင်းသော ဧည့်ခံပွဲသို့ ဖိတ်ကြားခံရသူများမှာ ဒုတိယသမ္မတ၏ ကိုယ်ရံတော်အေးဂျင့်များနှင့် ဇနီးများ ဖြစ်သည်။ ယင်းဧည့်ခံပွဲတွင် သမ္မတ၏ အနီးကပ်အေးဂျင့်များသည် အတော်ပင် ကသိကအောက် ဖြစ်ကြသည်။ ကျွန်တော်တို့က သောက်စားနေစဉ် သမ္မတ၏ အနီးကပ်အေးဂျင့်များက လုံခြုံရေးကို တာဝန်ယူကြရသည်။ ဧည့်ခံပွဲအပြီး ဖို့ဒ်က ကျွန်တော်တို့အား အိမ်ဖြူတော် ပထမထပ် စံအိမ်အပိုင်းကို လိုက်လံပြသသည်။ သမ္မတလင်ကွန်းက အိပ်ခန်းအဖြစ် အသုံးပြုခဲ့သော

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



အခန်းရှိ ကော်ဇောများသည် ဆေးတံမီးပေါက်ရာများနှင့် တွေ့ရသည်။ နစ်ဆင်၏ ဆေးတံမှ မီးပွားများကြောင့် အပေါက်များ ဖြစ်ကုန်ရသည်။

ဂျာရယ်ဖို့ဒ်သည် ရွေးချယ်တင်မြှောက်မခံရဘဲ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေအရ ဖြစ်လာသော ပထမဆုံး အမေရိကန် သမ္မတဖြစ်သည်။ ရီပတ်ဘလီကင် အမာခံဖြစ်သည့် 'နယ်လ်ဆင်ရော့ဖဲလား' ကို သူက ဒုတိယသမ္မတအဖြစ် ခန့်အပ်သည်။ သူ့အား ရင်းနှီးသူများနှင့် လုပ်ဖော်ကိုင်ဖက်များက 'ရော့ကီ' ဟု ခေါ်ကြသည်။

ရော့ကီသည် လုပ်ငန်းရှင်၊ သဒ္ဓါတရား ထက်သန်သူ၊ အနုပညာလက်ရာများ စုဆောင်းသူ ဖြစ်သည်။ သူသည် ရွှေလင်ပန်းနှင့် အချင်းဆေးသူဖြစ်သည်။ အဘိုးဖြစ်သူက စတင်းဒတ် ရေနံကုမ္ပဏီကို တည်ထောင်ခဲ့သည်။ အဘိုးထံမှ အမွေကို သူရခဲ့သည်။ အစိုးရရာထူး အဆင့်ဆင့်တွင် တာဝန်ပေးခြင်းခံခဲ့ရသည်။

၁၉၄၀ ပြည့်နှစ်တွင် သမ္မတ ဖရင်ကလင် ရုစဗဲ့လ်က ရော့ဖဲလားအား လက်ထောက်နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်သည်။ ၁၉၅၀ ခုနှစ်တွင် သမ္မတ ဟာရီထရူးမင်း၏ ခန့်အပ်ချက်အရ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ အတိုင်ပင်ခံ ကောင်စီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၅၃ ခုနှစ်တွင် အစိုးရအဖွဲ့အစည်းများဆိုင်ရာ အကြံပေးကော်မတီ ဥက္ကဋ္ဌအဖြစ် သမ္မတ အိုင်စင်ဟောင်ဝါက ခန့်အပ်ပြန်သည်။ ၁၉၅၈ ခုနှစ်တွင် နယူးယော့(ခ်)ပြည်နယ် ဂါဗနာအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၆၀ ပြည့်နှစ်တွင် ရီပတ်ပလစ်ကင် သမ္မတလောင်းအဖြစ် ကြိုးစားသော်လည်း နစ်ဆင်ကို ရှုံးနိမ့်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ထပ်မံကြိုးစားသော်လည်း 'ဘယ်ရီဂိုးဝါးတား'အား ရှုံးနိမ့်ခဲ့ပြန်သည်။

ဒုတိယ သမ္မတအဖြစ် အတည်ပြုနိုင်ရန် သူသည် လွှတ်တော်ကြားနာစစ်ဆေးမှုကို ခံယူရသည်။ လွှတ်တော် ကော်မတီဝင်တစ်ဦးက သူ၏ ကြွယ်ဝမှုအတိုင်းအတာ မည်မျှရှိသနည်းဟုမေးမြန်းရာ သူက " ကျွန်တော် မသိပါဘူး" ဟု ဖြေသည်။ အမှန်ပင် သူ သိဟန်မတူ။ သူသည် ဒေါ်လာသန်းသုံးဆယ်နှင့် သန်းတစ်ထောင်အကြား ကြွယ်ဝမည် ဟု ခန့်မှန်းကြသည်။

လွှတ်တော် အမတ်တစ်ဦးက " ခင်ဗျား ဒုတိယသမ္မတ လစာကို ယူမှာလား"

"ဒုတိယ သမ္မတလစာက ဘယ်လောက်ရမှာလဲ"

" တစ်နှစ်ကို ဒေါ်လာ ရှစ်သောင်း"

ရော့ကီက အတန်ကြာစဉ်းစားပြီး "ယူတာပေါ့"ဟု ဖြေသည်။

ရော့ကီမိသားစု၏ လုံခြုံရေးတာဝန်ကို ကျွန်တော်တို့ယူခါစက ကျွန်တော်တို့ အားလုံး ခပ်ရွံ့ရွံ့ ဖြစ်နေကြသည်။ သူသည် ပထမအိမ်ထောင်နှင့် အနှစ်သုံးဆယ်ကြာပေါင်းသင်းပြီး ၁၉၆၂ ခုနှစ်တွင် ကွာရှင်းခဲ့သည်။ ပထမ အိမ်ထောင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တွင် သားသမီးငါးယောက် ထွန်းကားခဲ့သည်။ ဒုတိယ အိမ်ထောင်ဖက်မှာ သူ့ထက် ၁၇ နှစ်ငယ်ပြီး တစ်ခုလပ်ဖြစ်သည်။ သူသည် ဒုတိယအိမ်ထောင်နှင့် သားနှစ်ယောက် ထွန်းကားသည်။ ၁၂ အရွယ် နယ်လ်ဆင်ဂျူနီယာနှင့် ကိုးနှစ်အရွယ် ဈာခ်တို့ ဖြစ်ကြသည်။

သူ့ငွေးသားများပီပီ ဂျစ်ကန်ကန် ပေတူးတူး ကလေးများဖြစ်မည်ဟု ကျွန်တော်တို့က ယူဆခဲ့သော်လည်း ထိုသို့မဟုတ်သည်ကို တွေ့ရသည်။ ကျွန်တော်တို့ အေးဂျင့်များကို သူတို့မိသားစုက တလေးတစား ဆက်ဆံသည်။ သက်တွေ့ကျကျ နေထိုင်လုပ်ကိုင်ကြသူများ ဖြစ်သည်။

ဒုတိယသမ္မတ၏ လေယာဉ်မှာ ဒီစီ-၉ အမျိုးအစားဖြစ်သည်။ လေယာဉ်ဦးပိုင်းကို ဒုသမ္မတအတွက် သီးသန့် စီစဉ်ပေးထားသည်။ ကျန်အပိုင်းတွင် ဧည့်သည်များ၊ ဝန်ထမ်းများ၊ မီဒီယာများနှင့် အေးဂျင့်များအတွက် ကျယ်ကျယ်ဝန်းဝန်း ခင်းကျင်းပေးထားသည်။ ရော့ဖဲလားတွင် ကိုယ်ပိုင်လေယာဉ် ရှိသည်။ အစိုးရကုန်ကျမှု သက်သာစေရန် သူက ကိုယ်ပိုင် လေယာဉ်ကို သုံးလိုသော်လည်း ဒုသမ္မတနှင့်အတူ လိုက်ပါရမည့်သူ အားလုံးအတွက် ကိုယ်ပိုင်လေယာဉ်တွင် နေရာ မရှိပေ။

ရော့ဖဲလားသည် နယူးယော့(ခ်)နှင့် ဝါရှင်တန်အကြား လူးလာခေါက်တုံ့သွားလာနေသူ ဖြစ်သည်။ သူ့အား မှတ်တော်က အတည်ပြုကြားနာစစ်ဆေးသည့်နေ့တွင် နံနက်ပိုင်း နယူးယော့(ခ်)မှ ဝါရှင်တန်သို့ ရောက်လာပြီး ညပိုင်း တွင် နယူးယော့(ခ်)သို့ ပြန်သွားသည်။ သူသည် နယူးယော့(ခ်)တွင် အနေများသည်။ ကြာသပတေးနေ့တွင် နယူးယော့(ခ်)သို့ သွားပြီး တနင်္လာနေ့ နံနက်တွင်မှ ဝါရှင်တန်သို့ပြန်သည်။

ကျွန်တော့်သမီး မီရှဲလ်ကို ၁၉၇၂ ခုနှစ်တွင် မွေးဖွားသည်။ သူ ခြောက်နှစ်သမီးအရွယ်အထိ ကျွန်တော် သမီးနှင့်အတူနေချိန် များများစားစား မရခဲ့။ မိသားစုနှင့်အတူနေချိန်နည်းပါးသဖြင့် မိသားစုအပေါ် တာဝန်မကျေသော ခံစားမှု အေးဂျင့်တိုင်းတွင်ရှိသည်။ ဇနီးနှင့်သမီးသည် ကျွန်တော့်အား လေဆိပ်သို့လိုက်ပို့၊ ထို့နောက် ပြန်ကြိုရသည်မှာ မြဲမြဲကိစ္စဖြစ်သည်။ သမီးအား အခြားလူများက သမီးအဖေ ဘယ်မှာအလုပ်လုပ်သလဲဟုမေးလျှင် "လေဆိပ်မှာ လုပ်တယ်" ဟု ဖြေတတ်သည်။

ရော့ကီ၏ နယူးယော့(ခ်)မြို့ တိုက်ခန်းသည် ခမ်းနားကြီးမားပြီး လူကုံထံများနေသော ပဉ္စမရိပ်သာလမ်းတွင် ရှိသည်။ ဝါရှင်တန်ရှိ အိမ်မှာလည်း ခမ်းနားသော စံအိမ်ဖြစ်သည်။ သူ၏ ပိုင်ဆိုင်မှုများ နိုင်ငံအနှံ့တွင်ရှိသည်။ မိန်းပြည်နယ် တွင် နွေရာသီစံအိမ်၊ တက္ကဆက်ပြည်နယ် ဧကရှစ်ထောင် စားကျက်မြေနှင့် မွေးမြူရေးခြံ၊ ဗင်နီဇွဲလားတွင် မွေးမြူရေးခြံ၊ နယူးယော့(ခ်)ပြည်နယ် ဟတ်ဆန်မြစ်ကမ်းခြေတွင် ဧကငါးထောင်တို့သည် သူ့ပိုင်ဆိုင်မှုများပင်ဖြစ်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



နယူးယော့(ခ်)မြို့မြောက်ပိုင်း 'ကိုင်ကွတ်'အရပ်ရှိ စံအိမ်တွင် နေထိုင်သည်။ စုဆောင်းထားသော အနုပညာလက်ရာများသည် အိမ်နှင့်အပြည့်။ ထိုအိမ်တွင် အေးဂျင့်များ၏ ကွပ်ကဲရေးရုံးမှာ မီးဖိုချောင်နှင့်ကပ်လျက်၊ အနုပညာပစ္စည်းများထားရှိရာ စတိုခန်းနှင့် မျက်နှာချင်းဆိုင်တွင် ဖြစ်သည်။ ယင်းအနက်မှ ပန်းချီကားတစ်ချပ်၏တန်ဖိုးသည် ဒုသမ္မတထံတွင် တာဝန်ကျနေသောအေးဂျင့် စုစုပေါင်းလစာထက်ပင် များလိမ့်မည်ဟု ကျွန်တော်တို့ မကြာခဏ ပြောဖြစ်ကြသည်။

ကျွန်တော်တို့သည် ကွပ်ကဲရေးရုံး အခန်းငယ်ထဲတွင် နာရီပေါင်းများစွာ ကျဉ်းကျဉ်းကျပ်ကျပ် နေခဲ့ကြရသည်။ ထိုအဖြစ်ကို သိသွားသည့်အခါ ရော့ကီက ပီကာဆို၏ ပန်းချီကားများနှင့် ရွှေချည်ထိုးကားများကို တစ်နေရာသို့ရွှေ့လိုက်ပြီး စားပွဲတစ်လုံးနှင့် ပင်ပေါင်စားပွဲတစ်လုံး စတိုခန်းအတွင်း ထည့်ပေးထားခဲ့သည်။

ရော့ကီသည် မကြာခဏဆိုသလို ဂျစ်ကားပေါ်တွင် ကလေးနှစ်ယောက်တင်ကာ သူပိုင်ခြံမြေအတွင်း ကားလျှောက်မောင်းလေ့ရှိသည်။ တစ်ခါတွင် ကျွန်တော်တို့သည် အိမ်ရှေ့မှ သူထွက်အလာကိုစောင့်နေကြသည်။ အိမ်မှာကြီးမားလွန်းသဖြင့် နောက်ဘက်မှ သူ မောင်းထွက်သွားသည်ကို ကျွန်တော်တို့ မမြင်လိုက်ကြ။ သူကလည်း ကျွန်တော်တို့ ပါမလာသည်ကို သတိမထားမိ။ အချိန်ကြာမြင့်စွာ သူထွက်မလာသဖြင့် ကျွန်တော်တို့ အိမ်ကို လှည့်ပတ်ကြည့်ရှုသောအခါ ဂျစ်ကား မရှိတော့သည်ကို တွေ့ရသည်။

ကျွန်တော်တို့သည် ရှိသမျှကားများဖြင့် သူ့အား လိုက်လံရှာဖွေကြသည်။ ကလေးများ သွားတတ်သောနေရာများတွင် လိုက်ရှာသည်။ နာရီဝက်ခန့်ကြာသည်အထိ မတွေ့သေး။ တစ်နိုင်ငံလုံးရှိ အေးဂျင့်များအား တပ်လှန့်ရတော့မည်လားဟု မဝေခွဲနိုင်ဖြစ်ကြသည်။ ထိုစဉ် ရော့ကီနှင့် ကလေးများ ပြန်ရောက်လာသည်။

ရော့ဖဲလား ပိုင် စားကျက်မြေအတွင်း တစ်နေရာတွင် ရှေးကာလက အမှိုက်စွန့်ပစ်သောနေရာကို ကလေးများက တွေ့ထားသည်။ ထိုအမှိုက်ပုံအဟောင်းကို ကလေးများက သွားရောက်တူးဆွသည်။ တစ်ခါတစ်ရံ သူက လိုက်သွားပြီး ကလေးများနှင့်အတူ တူးဆွသည်။ ရှေးဟောင်းပုလင်းများ၊ ရှေးဟောင်းပစ္စည်းများ ရတတ်သည်။ ရော့ဖဲလားသည် ကလေးများကို အဖော်လုပ်လိုက်ပေးခြင်းဖြစ်သည်။

အကာအကွယ်ပေးခံရသူကို ရုတ်တရက် ရှာမတွေ့ပါက မည်သို့ဆောင်ရွက်ရမည်ကို လုပ်ထုံးလုပ်နည်း သတ်မှတ်ထားခြင်း မရှိပေ။ အေးဂျင့်များ တာဝန်ယူထားသူ ပျောက်ကွယ်သွားခြင်းဆိုသည်မှာ လုံးဝ မဖြစ်ရမည့်ကိစ္စဖြစ်သဖြင့် ပျောက်ကွယ်သွားခြင်းအတွက် လုပ်ထုံးလုပ်နည်း ပေးမထားခြင်းဖြစ်သည်။ အိပ်မက်ထဲတွင် ဒုသမ္မတ ပျောက်သွားသည်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရာ မက်သည့်အခါတိုင်း ကျွန်တော်သည် ချွေးစေးများပြန်ကာ အိပ်ရာမှလန့်နိုးသည်။ ယင်းသို့ ဖြစ်ပျက်ခဲ့မည်ဆိုပါက အေးဂျင့်အဖို့ အဆိုးရွားဆုံး ကံကြမ္မာပဲ ဖြစ်ပေလိမ့်မည်။

ရေဂင်သည် သူပိုင် တက္ကဆပ်ရှိ စားကျက်မြေတွင် အမဲလိုက်ရန် သားနှစ်ယောက်ကိုခေါ်လျက် မကြာခဏသွားတတ်သည်။ သူသည် ဆိတ်သမင် (antelope) နှင့် တောကျွဲများကို သူ့စားကျက်တွင် ကြိုးဝိုင်းလုပ်၍ သဘာဝအတိုင်း ချထားသည်။ အမဲလိုက်စခန်းသည် စားကျက်မြေ၏ အလယ်ကောင်တွင်ရှိသည်။ သားအဖတစ်တွေသည် စခန်းအတွင်း ချုံဖျင်တဲတွင် အတူတူအိပ်ကြသည်။

အမဲလိုက်ရာတွင် ခြေလျင်လိုက်ခြင်းမဟုတ်။ ဂျစ်ကားကို လျှောက်မောင်းပြီး အမဲတွေ့သည်အခါ ကားကိုရပ်ပြီး ကားပေါ်မှာ ပစ်ခတ်သည်။ စခန်းတွင် ညစာစားကြသည့်အခါ တခမ်းတနား။ စားဖိုမှူးနှင့် စားပွဲထိုးကိုးယောက်က ပြင်ဆင်ချက်ပြုတ်ထားသော စားသောက်ဖွယ်ရာများကို စားပွဲခင်းအဖြူပေါ်တွင် တည်ခင်းထားပြီး ဖယောင်းတိုင်များကို ထွန်းညှိထားသည်။ ၁၉၇၅ ခု၊ မတ်လတွင် ကျွန်တော့်ဖခင် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။ အားကစားပွဲတစ်ပွဲ ကြည့်ရှုနေစဉ် အသက် ၅၇ နှစ်အရွယ်တွင် နှလုံးရပ်သွားခြင်းဖြစ်သည်။ သူသည် ရက်ဘီဘောလုံးသမားတစ်ယောက်ဖြစ်ပြီး ဘဝတာတစ်လျှောက်လုံး အားကစားလောကတွင် ကျင်လည်ခဲ့သူဖြစ်သည်။

ဖခင်ဆုံးသည့်အချိန်တွင် ကျွန်တော်၏ အငယ်ဆုံးညီ 'အင်ဒီ' သည် နေ့ဗ်တာဒမ်းတက္ကသိုလ်တွင် ဥပစာတန်း တက်နေသည်။ သူ့အထက် ညီအလတ် 'တွမ်' သည် အိမ်ထောင်ကျခါစ၊ ဖီလာဒဲဖီးယားသို့ ပြောင်းလာပြီး ထောက်လှမ်းရေး ဌာနတွင် အလုပ်ဝင်ရန် ပြင်ဆင်နေချိန်ဖြစ်သည်။ ကျွန်တော်က ဝါရှင်တန်တွင် ရောက်နေသည်။

ဖခင်ကြီး ကွယ်လွန်ပြီး သုံးလအကြာတွင် ရေ့ဖဲလားတို့ဇနီးမောင်နှံနှင့်အတူ အင်္ဂလန်သို့လိုက်ရသည်။ သူတို့ သည် လော့ဒ် မောင့်ဘက်တန်၏နေအိမ်တွင် တည်းခိုရသည်။ ကျွန်တော်တို့သည် လော့ဒ် မောင့်ဘက်တန်၏ လုံခြုံရေး ကို တာဝန်ယူနေသည့် အင်္ဂလိပ်ရဲအထူးသတင်းတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရသည်။

ညနေလေးနာရီမှ သန်းခေါင်အထိ တာဝန်ချိန်တွင် ကျွန်တော် တာဝန်ကျနေသည်။ သန်းခေါင်မတိုင်မီလေးတွင် အချက်ပေးခေါင်းလောင်းများ ဆူညံစွာမြည်လာခဲ့သည်။ မည်သည့်အတွက်ကြောင့် ယင်းသို့ မြည်နေသည်ကို မည်သူမျှမသိ။ ရှူးဝါးဝါး သံစုံမြည်နေခြင်းသည် လုံခြုံရေးစည်းကျိုးပေါက်မှု တစ်နေရာတွင် ဖြစ်နေသည်ကို ညွှန်ပြနေသည်။

ကျွန်တော်တို့ စံအိမ်ကို ပြေးလွှားလှည့်ပတ်စစ်ဆေးသည်။ ထိုအခါ လေဒီ ရေ့ဖဲလားသည် ပြတင်းပေါက်ကို ဖွင့်လျက် ပြတင်းပေါက်ပေါင်ကို မှီနေသည်ကို တွေ့ရသည်။ သူမသည် ပြတင်းပေါက်ဖွင့်အိပ်ရန် ပြတင်းကို ဖွင့်လိုက်ခြင်း ဖြစ်သည်။ အိမ်ရှိတံခါးတိုင်းတွင် အချက်ပေးစနစ်တပ်ထားသည်ကို သူမက မသိပေ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်မှ ပြန်လာပြီး မကြာမီ ရှော့ဖဲလား၏ လုံခြုံရေးအေးဂျင့် အဖွဲ့ခေါင်းဆောင်သည် အားလပ်ရက်ခွင့်သွား
အချိန်ရောက်လာသည်။ ဩဂုတ်လ တစ်လအတွက် ကျွန်တော်က အဖွဲ့ခေါင်းဆောင် အဖြစ်တာဝန်ထမ်းဆောင်ရသည်

ရှော့ဖဲလား၏ စံအိမ်သည် ပင်လယ်ကို မျက်နှာပြုထားသည်။ ထို ကျယ်ဝန်းလှသောခြံကို ၁၉၃၀ ပြည့်နှစ်တွင် ဝယ်ယူစဉ်က ဒေါ်လာ သုံးသောင်းခွဲပေးရသည်။ ထိုခေတ်ထိုအချိန်က များပြားလှသော ငွေကြေးပမာဏ ဖြစ်သည် ခြံမြေထဲတွင် ယာတောအိမ်တစ်လုံး ပါလာသည်။ ထိုအိမ်ကို ဖျက်မချမီ အမှတ်တရပစ္စည်း တစ်ခုခု ယူထားသင့်သည် သူက ယူဆသည့်အတွက် ပန်းအိုးတစ်လုံးကို ယူထားလိုက်သည်။ အိမ်အသစ်ဆောက်ပြီးသောအခါ ထိုပန်းအိုးကို မီးလင်း ဖိုပေါင်ပေါ်တွင် တင်ထားလိုက်သည်။

ထိုပန်းအိုးကို ရှော့ဖဲလားသည် မေ့လျော့နေခဲ့သည်။ နှစ်ပေါင်းသုံးဆယ်ခန့်အကြာ ၁၉၅၀ ပြည့်နှောင်းပိုင်း တစ်နှစ်တွင် ရှော့ဖဲလားပိုင် အနုပညာပစ္စည်းများကို အာမခံထားရန်အတွက် အာမခံကုမ္ပဏီမှ ရာဖြတ်များ ရောက်ရှိ သည်။ ထိုရာဖြတ်များက မီးလင်းဖိုပေါင်ပေါ်တွင် တင်ထားသည့်ပန်းအိုးကို ဒေါ်လာငါးသောင်း တန်သည်ဟု တန် ဖြတ်ခဲ့ကြသည်။

ဩဂုတ်လတွင် လေဒီရှော့ဖဲလားကို စောင့်ရှောက်ပေးရသည်။ ကလေးများနှင့် မနက်ပိုင်းတွင် မော်တော်ဘု စီးသည့်အခါ လိုက်ပါပေးရသည်။ နေ့လယ်ပိုင်းတွင် သူမ တောအုပ်အတွင်း လမ်းလျှောက်သည့်အခါ လိုက်ပါရသည် ယင်းသို့ လမ်းလျှောက်သည့်အခါ သူမ နောက်ခပ်လှမ်းလှမ်းမှ ကျွန်တော်ကလိုက်ရသည်။ အတန်ကြာသည့်အခါ စကာ ပြောဖော်အဖြစ် သူမနှင့် အတူ လျှောက်ပါဟု ပြောလာသည်။ လမ်းအတူလျှောက်ရင်း ရောက်တတ်ရာရာ ပြောဖြစ်သည် ကျွန်တော့်တွင် သမီးတစ်ယောက်ရှိကြောင်း သူမ သိသွားသည့်အခါ သမီးအတွက် စာအုပ်လေးများကို မကြာခဏ ယူလာပေးသည်။

ဂျာရယ်ဖို့ဒ်၏ ဒုသမ္မတသက်တမ်းကာလအတွင်း ဒုသမ္မတအတွက် အစိုးရက နေအိမ်ဆောက်လုပ်ပေး ကွန်ဂရက်က သဘောတူလိုက်သည်။ ရေတပ်တိုင်းတာရေးမှူး နေထိုင်ခဲ့သော မက်ဆာချူးဆက်ရိပ်သာလမ်း နေအိမ် ဒုတိယသမ္မတ စံအိမ်အဖြစ် ဖန်တီးပေးလိုက်သည်။ ထိုအိမ်ကို ရေတပ်တိုင်းတာရေးမှူးအတွက် ၁၈၉၅ ခုနှစ်တွင် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ ဝိတိုရိယခေတ်ပုံစံ သုံးထပ်အဆောက်အအုံ ဖြစ်သည်။ ကျယ်ဝန်းသော ဧည့်ကြိုခန်း ထမင်းစားခန်း၊ အိပ်ခန်း၊ စာကြည့်ခန်းတို့ပါဝင်ပြီး အခန်းတိုင်းတွင် မီးလင်းဖိုရှိသည်။ မျက်နှာကြက်မှာ ၁၂ ပေမြင့်သည် ခုံညားစွာ ရစ်ခွေထားသော လှေကားဖြင့် အပေါ်ထပ်သို့ တက်ရသည်။ ပင်မအိပ်ခန်းသည် သုံးထပ်တွင်ရှိပြီး အိပ်ခန်း ငယ်လေးများလည်း ထည့်သွင်းတည်ဆောက်ထားသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်သို့ မပြောင်းရွှေ့မီတွင် ဖို့ဒ်က သမ္မတဖြစ်သွားသည်။ ဒုသမ္မတဖြစ်လာသော ရော့ဖဲလားက ထိုအိမ်တွင် မနေဘဲ သူပိုင် ၂၇ ဧကရှိ ခြံကျယ်ဖြင့် စံအိမ်၌သာနေသည်။

ဒုသမ္မတ မနေသော်လည်း ကျွန်တော်တို့ တာဝန်အရ လုံခြုံရေးအစီအမံများကို ဆောင်ရွက်ရသည်။ ရေတပ် ခန်းအတွင်းရှိနေသဖြင့် ခြံဝင်းရှိသည်။ အိမ်ပတ်ဝန်းကျင်တွင် လုံခြုံကင်းများ ချရသည်။ ရော့ကီသည် ထိုအိမ်တွင် မနေသော်လည်း နောင်လာမည့် ဒုသမ္မတများအတွက် အကျအန စီစဉ်ပေးခဲ့သည်။

၁၉၅၃ ခုနှစ်တွင် သမ္မတ အိုက်စင်ဟောင်ဝါ ကျမ်းသစ္စာကျိန်ဆိုပွဲတွင် အသုံးပြုခဲ့သော လင်းယုန်အနုပညာ လက်ရာကို ဝယ်ယူလျက် ဒုသမ္မတ အိမ်ရှေ့တွင် အလှဆင်ပေးထားသည်။ သို့သော် ထိုရုပ်ထုသည် စစ်သွေးကြွသရုပ်သကန် ဖြစ်နေသည်ဟု ယူဆကာ ဒုသမ္မတ မွန်ဒေးလ်လက်ထက်တွင် ဖြုတ်သိမ်းထားလိုက်သည်။ ထိုအချိန်တွင် အစိုးရပြင်ပ တွင်ရောက်နေပြီဖြစ်သော ရော့ကီက ကြားသိသဖြင့် ရုပ်ထုကို ပြန်ယူထားလိုက်သည်။

သူသည် ရက်ရောသည့်အခါ ရက်ရောလွန်းပြီး၊ စေးနှဲချင်သည့်အခါတွင်လည်း တွက်ကပ်နေတတ်သည်။ ရော့ဖဲလားကဲ့သို့ မဟာသူကြွယ်ကြီးများသည် သာမန်ထက် ထူးကဲသော တွေးခေါ်မှု၊ တွက်ချက်မှုတို့ကို လုပ်တတ်ကြသည်။ သမားရိုးကျ တွေးခေါ်မှုဖြင့် ဆင်ခြင်လျှင် ခပ်ကြောင်ကြောင်ဟု ဆိုရမလို။

တစ်ခါတွင် မိန်းပြည်နယ်မှ ကိုယ်ပိုင်လေယာဉ်ဖြင့် ပြန်လာသည်။ နယူးယော့(ခ်)တွင် ဆင်းသက်ပြီးမှ သားနှစ် ယောက်၏ စက်ဘီးကျန်ခဲ့သည်ကို သိရသဖြင့် စက်ဘီးပြန်ယူရန် လေယာဉ်ကို ပြန်လွှတ်သည်။ စက်ဘီးနှစ်စီးကို နယူးယော့(ခ်)တွင် ဝယ်လိုက်သည်က လေယာဉ်တစ်စင်းလုံးပြန်လွှတ်လိုက်သည့် စရိတ်ထက် များစွာသက်သာမည်သာ ဖြစ်သည်။ ဤသည်မှာ သာမန်လူတို့၏ တွက်ချက်မှုသာဖြစ်သည်။

တစ်ခါတွင် ညစာ စားပွဲသွားရန် ရော့ဖဲလားသည် ညနေခင်းဝတ်စုံ တတ်ဆီဒို ခါးတိုကုတ်အင်္ကျီဖြင့် ကျွန်တော်တို့ စောင့်ဆိုင်းနေသည့် ကားအနီး ရောက်လာပြီး "ငါ ဒီညအတွက် ဝတ်စုံကို ဝယ်ထားတာ ၁၉၅၂ ကတည်းက တစ်ခါမှ မဝတ်ရသေးဘူး။ ဒါ ပထမဆုံးဝတ်တာပဲ"ဟု ပြောသည်။

ရော့ကီသည် ဉာဏ်ရည်မြင့်သူဖြစ်သော်လည်း ရိုးရှင်းလွန်းသောကိစ္စများကိုပင် တစ်ခါတစ်ရံ မဖြေရှင်းနိုင်ဖြစ် တတ်သည်။ တစ်ခါက သူက ကျွန်တော်တို့ထံ ဖုန်းခေါ်ကာ အိမ်ဖြူတော်သို့ ဖုန်းခေါ်မရဖြစ်နေကြောင်း ပြောသည်။ ကျွန်တော်တို့အထဲမှ အေးဂျင့်တစ်ဦးက…

"သမ္မတကြီးက ဘယ်တယ်လီဖုန်းနဲ့ခေါ်တာလဲ"ဟု မေးသည်။

" ၄၅၆ ၁၂၁၂ကို ခေါ်တာပေါ့။ အဲဒီ အိမ်ဖြူတော် နံပါတ်က တယ်လီဖုန်းလမ်း ညွှန်စာအုပ်ထဲမှာ ပါတယ်လေ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ငါ ဒုတိယသမ္မတပါလို့ ပြောလိုက်တာနဲ့ အော်ပရေတာက ဖုန်းကိုချပစ်တယ်။ ဘယ်နခါခေါ်ခေါ်… ဒီအတိုင်းပဲ ဖုန်းကို ချပစ်တာပဲ"

ကျွန်တော်တို့ ဝါးလုံးကွဲ ရယ်လိုက်ချင်သည်။ ငါ သမ္မတကြီးပါ၊ ငါဘုရားသခင်ပါဆိုပြီး ဆက်လာသော တယ်လီဖုန်း ခေါ်ဆိုမှုများစွာကို အိမ်ဖြူတော်က နေ့စဉ်လို လက်ခံဖြေနေရသည်။ ထို့ကြောင့် အရေးကြီးပုဂ္ဂိုလ်များအတွက် အိမ်ဖြူတော်နှင့် တိုက်ရိုက် တယ်လီဖုန်းဆက်သွယ်ပေးထားသည်။ ရှော့ဖဲလား အသုံးပြုသော ရိုးရိုးတယ်လီဖုန်း နံဘေးတွင် အထူးတယ်လီဖုန်းရှိသည်။ ထိုဖုန်းကို ကောက်ကိုင်လိုက်သည်နှင့် အခက်အခဲမရှိ၊ သမ္မတကြီးနှင့် စကားပြောနိုင်မည်ဖြစ်သည်။

ရော့ကီသည် မဟာသူကြွယ်တစ်ဦးဖြစ်သည်နှင့်အညီ ကမ္ဘာအနှံ့ရှိ ဖိမ်ခံအပန်းဖြေစခန်းများကို ကျွမ်းဝင်နှံ့စပ်သူဖြစ်သည်။ သူ ပထမ အိမ်ထောင်ပြုစဉ်က အိမ်ထောင်ဦး ပျားရည်ဆမ်းခရီးသည် တစ်နှစ်ကြာမြင့်ခဲ့သည်။ ထိုတစ်နှစ်လုံး ကမ္ဘာ့ထိပ်တန်း အပန်းဖြေဒေသများသို့ လှည့်လည်သွားရောက်သည်။ ရော့ကီနှင့်အတူ ကျွန်တော် ခရီးအများအပြား သွားခဲ့ရသည်။ ကျွန်တော် တာဝန်ယူရသည့်သူများနှင့် ခရီးသွားလာခဲ့ရသည်များအနက် ရော့ကီနှင့် သွားလာရသည်မှာ နားနားနေနေ အရှိဆုံးဖြစ်သည်။ အီရန်သို့ အစိုးရဧည့်သည်အဖြစ် သွားရောက်စဉ် ကျွန်တော် လိုက်ပါဆောင်ရွက်ခဲ့ရသည်။

ပါရှားပင်လယ်ကွေ့တွင် ရေနံ စတင်တွေ့ရှိသည်မှစ၍ ထိုဒေသသည် အမေရိကန်၏ မဟာဗျူဟာ အချက်အခြာဖြစ်လာသည်။ ၁၉၆၀ နှင့် ၇၀ ပြည့်လွန်ကာလများတွင် ပါးရှားပင်လယ်ကွေ့ဒေသတွင်း အမေရိကန်၏ အရင်းနှီးဆုံးမိတ်ဆွေမှာ အီရန်၏ ရှားဘုရင် မိုဟာမက် ရီဇာဖါလာဗီ ဖြစ်သည်။ သူ့ဖခင်သည် တပ်ကြပ်ကြီးတစ်ဦးဖြစ်ပြီး ၁၉၂၁ ခုနှစ်တွင် ဘုရင်ကို ဖြုတ်ချအာဏာသိမ်းသည်။ လေးနှစ်အကြာတွင် သူ့ကိုယ်သူ ဘုရင်ဧကရာဇ်အဖြစ် ကြေညာသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားလာသည့်အခါ အီရန်သည် နာဇီဂျာမနီသို့ ဘက်မပြောင်းစေရန် ဗြိတိန်နှင့် ရုရှားတို့က ဘုရင်အား ဖြုတ်ချပြီး သားဖြစ်သူ ရှားကို နန်းတင်ခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ရှား ဖြုတ်ချခံရသော်လည်း စီအိုင်အေ၏ အကူအညီဖြင့် နန်းပြန်တက်ခဲ့သည်။ ရှားသည် အမေရိကန်၏ အမာခံမဟာမိတ်ဖြစ်နေသည်မှာ ၁၉၇၃ခု အာရပ်နိုင်ငံများ၏ ရေနံသပိတ်စတင်သည့်အချိန်အထိ ဖြစ်သည်။ ရေနံထုတ်လုပ်သော အာရပ်နိုင်ငံများက အမေရိကန်အား ရေနံသပိတ်ဖြင့် အကျပ်ကိုင်သည်။ ထိုအချိန်တွင် ရှား၏ လေသံပြောင်းလာသည်။ ရေနံ ထုတ်လုပ်သည့်နိုင်ငံများဘက်မှ ရပ်တည်ပြောဆိုမှု များရှိလာသည်။

အီရန်နိုင်ငံကို ခေတ်မီနိုင်ငံအဖြစ် ပြောင်းလဲရန် ရှား၏ ကြိုးပမ်းမှုသည် ရှေးရိုးစွဲ မွတ်ဆလင်များနှင့် ထိပ်တိုက်တွေ့တော့သည်။ ထိုအခါ ရှားသည် သူ၏ လျှို့ဝှက်ပုလိပ်အဖွဲ့ဖြင့် သူ့အား ဆန့်ကျင်သူများကို ရက်ရက်စက်စက်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



နိမ်နင်းတော့သည်။ ၁၉၇၉ ခုနှစ်တွင် ရှားသည် တိုင်းပြည်မှ နှင်ထုတ်ခံရသည်။ အယာတိုလာ ခိုမေနီသည် အီရန် ခေါင်းဆောင်ဖြစ်လာပြီး တိုင်းပြည်ကို အစ္စလာမ်နိုင်ငံအဖြစ် တည်ထောင်ခဲ့လေသည်။

ရှားသည် တောင်အမေရိကတွင် ခိုလှုံနေခဲ့ရသည်။ သူ ကင်ဆာရောဂါ ခံစားရသည့်အခါ အမေရိကန်အတွက် အလွန်အရေးကြီးနေသော အချိန်ဖြစ်သည်။ နောက်တစ်ကြိမ် ရေနံသပိတ်မှောက်ပါက အီရန်က အမေရိကန်ဘက်တွင် ရှိနေရန် အထူးလိုအပ်နေချိန်ဖြစ်သည်။ ကျွန်တော်က ရှေ့ပြေးအဖွဲ့နှင့် အီရန်သို့ ဦးစွာရောက်နှင့်နေသည်။ မျက်မြင်အခြေအနေများအရ ရှားဘုရင်အတွက် အခြေအနေ မလှတော့သည်ကို ကျွန်တော် သိလိုက်ရသည်။ ခရီးစဉ်အတွက် အသေးစိတ် အစီအစဉ်ကို အမေရိကန်သံရုံး၏ အထူးအသံလုံခန်း (bubble room) တွင် စည်းဝေးကြသည်။ အထူးအသံလုံခန်းကို သံရုံးအတွင်းပိုင်းတွင် ပလတ်စတစ်အကာအရံများဖြင့် တည်ဆောက်ထားသဖြင့် မိုက္ကရိုလှိုင်း အသုံးပြုသည့် ခိုးနားထောင်သော ကိရိယာများ အလုပ်မလုပ်နိုင်ပေ။ ကြီးမားသော ဆန္ဒပြပွဲတစ်ခု ပြုလုပ်မည်ဖြစ်သဖြင့် ကျွန်တော်တို့ ဟိုတယ်တွင် ငြိမ်နေကြရန် အစည်းအဝေးတွင်ရှိနေသော စီအိုင်အေ အေးဂျင့်က သတိပေးသည်။

ထောင်ပေါင်းများစွာသော မျက်စိတစ်ဆုံး လူအုပ်ကြီးသည် လမ်းမတစ်လျှောက် ချီတက်လာကြသည်ကို ဟိုတယ်ပြတင်းမှ မြင်နေရသည်။ ကျွန်တော့်ဟိုတယ် အခန်းတံခါးသည် ထိုလူအုပ်ကို တောင့်ခံနိုင်လိမ့်မည် မဟုတ်ပေ။ ကံကောင်းထောက်မစွာ လူအုပ်ကြီးသည် ဟိုတယ်ဘက်သို့ ခြေဦးလှည့်မလာကြ။ ၁၉၇၉ခု၊ နိုဝင်ဘာလတွင် အလားတူ လူအုပ်ကြီးသည် တီဟီရန်မြို့ရှိ အမေရိကန် သံရုံးကို ဝင်ရောက်သိမ်းပိုက်ကာ အမေရိကန် သံဝန်ထမ်း ၅၂ ယောက်ကို ဓားစာခံ အဖြစ်ရက်ပေါင်း ၄၄၄ ရက်ကြာ ဖမ်းဆီးထားခဲ့ဖူးသည်။

နောက်တစ်နေ့တွင် ပါးရှား ပင်လယ်ကွေ့အတွင်းရှိ ကစ်ရှ်ကျွန်း (Kish Island) သို့ သွားခဲ့ရသည်။ ထိုကျွန်းတွင် ဧည့်သည်တော်များ နေထိုင်ရန် စီစဉ်ထားသည်။ ထိုကျွန်းကို ရှားဘုရင်က ပိုင်ဆိုင်သည်။ ကျွန်းပေါ်တွင် လေဆိပ် မရှိသဖြင့် အမေရိကန်လေတပ်မှ ရေယာဉ်ပျံဖြင့် သွားရသည်။

အလွန်လှပသော ကျွန်းလေးတစ်ကျွန်း ဖြစ်သည်။ သာမန် အီရန်နိုင်ငံသားများအနေနှင့် မသိနိုင်သောနေရာ ဖြစ်သည်။ ကျွန်းပေါ်တွင် နန်းတော်တစ်ဆောင်နှင့် ဧည့်ဂေဟာများ ဆောက်ထားသည်။ ထို့ပြင် မလှမ်းမကမ်း၌ ခေတ်မီ တိုက်တစ်လုံး ရှိသည်။ ထိုတိုက်တွင် ပါရီမှ ခေါ်ယူထားသော ပြင်သစ်စားဖိုမှူးများ နေထိုင်သည်။ ဟင်းချက်စရာများ ကိုလည်း ထိုတိုက်အတွင်း၌ပင် သိုလှောင်ထားသည်။

ရှားဘုရင်သည် သူ၏ ဧည့်သည်တော်များကို ပါရီသို့ခေါ်ဆောင် မသွားနိုင်သည့်အတွက် ပါရီ၏ ကျော်ကြားလှသော စားဖိုမှူးများကို သူပိုင်ကျွန်းသို့ ခေါ်ယူထားသည်။ ပါးရှားပင်လယ်ကွေ့ အလယ်ကောင်တွင် သိုက်မြိုက်ထည်ဝါ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သော စားရိပ်မြုံကို ရှားဘုရင်က တည်ထောင်ထားသည်။ ကျွန်တော်စားဖူးသမျှ အစားအသောက်များအနက် ရှားဘုရင်၏ စားဖိုမှူးများ၏ လက်ရာသည် အကောင်းဆုံးဖြစ်သည်။

ညနေပိုင်းတွင် လုပ်စရာ အလုပ်များ ပြီးပြတ်သွားသည့်အခါ စားသောက်ခန်းမသို့ သွားခဲ့သည်။ စားပွဲတွင် ထိုင်လိုက်သည်နှင့် မှာယူနိုင်သော အစားအသောက်စာရင်း (မီနူးကတ်)က ရောက်လာသည်။ စားဖိုမှူးများနှင့် စားပွဲထိုးအားလုံး ညနေခင်းဝတ်စုံ ခါးတိုကုတ်အင်္ကျီကို သပ်ရပ်စွာ ဝတ်ဆင်ထားကြသည်။ အစားအသောက်မှာ ပါရီမြို့ ထိပ်တန်းစားသောက်ဆိုင်များထက်ပင် ကောင်းမွန်သည်။ ရှေ့ဖဲလား ရောက်လာသည့်အခါ အတူပါလာသော အေးဂျင့်များအား ကျွန်း၏ အခြေအနေနှင့် စားရိပ်မြုံအကြောင်းကို ရှင်းလင်းပြောပြလိုက်သည်။

ကျွန်တော်တို့ မပြန်မီညတွင် ရှားဘုရင်က ပါတီပွဲတစ်ခု လုပ်ပေးသည်။ ထိုပွဲတွင် ရှေ့ဖဲလားက ကင်မရာတစ်လုံးဖြင့် အလုပ်ရှုပ်နေသည်။ အသစ်စက်စက်ဝယ်ယူလာသော ၃၅ မီလီမီတာ ကင်မရာဖြင့် ကစားစရာ အသစ်ရသော ကလေးကဲ့သို့ ဖြစ်နေသည်။ ထိုအခိုက်အတန့်တွင် သူသည် မဟာသူကြွယ်လည်း မဟုတ်တော့၊ အမေရိကန်ပြည်၏ ဒုတိယသမ္မတလည်း မဟုတ်တော့။ သမီးမင်္ဂလာဆောင်တွင် ဓာတ်ပုံရိုက်နေသော ဖခင်ကဲ့သို့ဖြစ်နေသည်။ "ရှားညာဘက်ကို နည်းနည်းတိုးလိုက်။ မဟုတ်ဘူးလေ··· ရှေ့နားကို တိုးလိုက်လေ။ ဟုတ်ပြီ··· အဲဒီနားမှာပဲနေ"ဟု အော်ဟစ်ကာ ဓာတ်ပုံ တဖျတ်ဖျတ်ရိုက်နေသည်။

ကစ်ရှ်ကျွန်းပေါ်တွင် ရှားဘုရင်သည် တခမ်းတနား စိမ်ခံနေထိုင်သည်မှာ ယုံနိုင်ဖွယ်မရှိ။ ထိုကျွန်းပေါ်တွင် ရှားဘုရင်လာနေသည်မှာ တစ်နှစ်လျှင် ရက်သုံးဆယ်ပင် မရှိဟု ကျွန်းစောင့်အဆောက်အအုံထိန်းက ကျွန်တော့်အားပြောပြသည်။ သူကဲ့သို့သော ဘုရင်များ၊ သူတို့၏ နေထိုင်မှုဘဝနှင့် ဓာတ်သိမ်းခန်းတို့ဖြင့် သမိုင်းသည် ပြည့်နှက်နေလေသည်။

အေးဂျင့်တစ်ယောက်အနေဖြင့် ကျွန်တော် သေနတ် ဆောင်ထားရသည်။ ကျွန်တော့်သေနတ်မှာ ဒသမ ၃၅၇ မဂ္ဂနမ် ဖြစ်သည်။ အိမ်တွင် သမီးငယ် ရှိနေသဖြင့် ကျွန်တော်က စိတ်မချနိုင်။ ခွဲခြားသိရှိနိုင်သည့် အရွယ်ရောက်လာသည့်အခါ သမီးအား သေနတ်ကို မထိမကိုင်ရန်၊ အခြားမည်သူမျှလည်း မကိုင်စေရန် ရှင်းပြထားရသည်။ သေနတ်ကို အတက်ချိုကေ့စ်ထဲတွင် သော့ခတ်ထားပြီး ဗီရိုထဲတွင်ထားသည်။

သေနတ်ပစ်လေ့ကျင့်ခန်း ပို့ချသည့်အခါတွင် အန္တရာယ်ကင်းရှင်းစွာ သေနတ်ကိုင်တွယ်၊ သိမ်းဆည်းထားနိုင်ရေးကို ဦးစားပေးသင်ကြားသည်။ သမီးက သေနတ်ကို မထိမကိုင်သည့်တိုင် သူ့သူငယ်ချင်း တစ်ဦးဦးက ယူဆော့မည်ကို ကျွန်တော် စိုးရိမ်သည်။ ထို့ကြောင့် အိမ်တွင် ကျွန်တော်မရှိသည့်အခါ သေနတ်ကို အိမ်တွင် မထားရစ်ခဲ့။

အချို့အေးဂျင့်များသည် တာဝန်ချိန်ပြင်ပတွင် သေနတ်ဆောင်ထားလေ့ရှိသည်။ အတုဝိဇ္ဇာများအား လိုက်လံဖမ်း

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ရေဉ်က ကျွန်တော်သည် တာဝန်ချိန်မဟုတ်သော်လည်း သေနတ်ဆောင်ထားသည်။ ကျွန်တော် လိုက်လံစုံစမ်းနေသည့် ရာဇဝတ်သားနှင့် အမှတ်မထင် လမ်းတွင် ဆုံမိပါက အသုံးပြုနိုင်ရန် ဖြစ်သည်။ ဝါရှင်တန်တွင် ရှိနေစဉ် တာဝန်ချိန်ပြင်ပ၌ ကျွန်တော် သေနတ်ဆောင်လေ့မရှိ။ ကျွန်တော်သည် သေနတ်ကို ခုံမင်နှစ်သက်ခြင်း မရှိပေ။ အေးဂျင့်များသည် ဒေါသကြောင့် သေနတ်မပစ်မိစေရန် အထူးသတိထားရသည်။ သမိုင်းတစ်လျှောက်တွင် ဒေါသဖြင့် သေနတ်ပစ်မိ သူ အေးဂျင့်နှစ်ယောက်သာ ရှိသည်။ ၁၉၅၀ ခုနှစ်တွင် သမ္မတထရူးမင်းအား လုပ်ကြံရန် ကြိုးစားသူ ပူတိုရီကင်များအား အေးဂျင့်နှစ်ယောက်က ဒေါသဖြင့် ပစ်ခတ်ခဲ့ဖူးသည်။ စိတ်ခံစားမှုသည် သေနတ်ဖြင့် မပတ်သက်မိရန် အရေးကြီးသည်။ စိတ်ခံစားမှုဟူသည် မှန်ကန်ခဲသည်။ ကောင်းကျိုးပေးခဲသည်။

၁၉၇၆ ခု ဇွန်လ ၂၁ရက်။ ဒုတိယသမ္မတ ရော့ဖဲလား၏ ယာဉ်တန်းဖြင့် နီဝေါ့လေဆိပ်မှ ပြန်အထွက် နယူးဂျာစီပြည်နယ်ရှိ မြို့ငယ်လေးတစ်မြို့အား ဖြတ်သန်းနေခိုက် ယာဉ်တန်းသည် တစ်နာရီ ၃၅ မိုင်နှုန်းဖြင့် မှန်မှန်ရွေ့လျားလျက်။ ကျွန်တော်သည် ဒုသမ္မတ၏ မော်တော်ယာဉ် ရှေ့ကပ်လျက်သား ဦးဆောင်ယာဉ်ပေါ်တွင် လိုက်ပါလာသည်။ ပေါင်ပေါ်တွင် အူဇီစက်သေနတ်ကို အသင့်အနေအထားဖြင့် တင်ထားသည်။ ရော့ဖဲလားသည် ကားမှန်ကို ဖွင့်လျက် ထမ်းဘေးဝဲယာမှ ပရိသတ်များကို ပြန်လှန်နှုတ်ဆက်ရင်း လိုက်ပါလာသည်။ ထိုစဉ်လူငယ်တစ်ယောက်သည် လက်ထဲတွင် သေနတ်ကိုင်လျက် ယာဉ်တန်း စက္ကန့်ပိုင်းအတွင်း ဖြတ်သန်းတော့မည့် လမ်းမပေါ်သို့ ချိန်ရွယ်ထားသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်က 'သေနတ်ဟေ့'ဟု အသံကုန်အော်လိုက်သည်။ အေးဂျင့်အားလုံး ကျွန်တော့်အသံကို ကြားကြသည်။ အူဇီသေနတ်ကို ပြတင်းပေါင်ပေါ်တွင်လျက် လူငယ်ဆီသို့ ချိန်ထားလိုက်သည်။ သေနတ်မောင်းကို ဆွဲသင့် မဆွဲသင့် ဆုံးဖြတ်ရန် တစ်စက္ကန့် ဆယ်ပုံတစ်ပုံမျှပင် မလိုတော့။ မောင်းကို ဆွဲလိုက်သည်နှင့် လူငယ်သည် အသက်ပျောက်သွားတော့မည်။ အေးဂျင့်များ ပစ်ခတ်သည်ဆိုလျှင် ပစ်မှတ်ကိုမလွဲပေ။ လူငယ်သည် ကျွန်တော်နှင့် ၁၅ ပေသာ ဝေးတော့သည်။ ထိုစဉ်တွင် လူငယ်၏ သေနတ်သည် ပုံမှန်မဟုတ်သည်ကို မြင်လိုက်ရသည်။ သူ့သေနတ်သည် အနီရောင် ဖြစ်နေသည်။ သေနတ်သည် ရေသေနတ် ဖြစ်နေသည်။

နောက်ကားတွင် ပါလာသော အေးဂျင့်များက လူငယ်ကို ဖမ်းချုပ်လိုက်သည်။ ထိုအချိန်တွင် ယာဉ်တန်းသည် အရှိန်ဖြင့် ဆက်မောင်းလာသည်။ ကျွန်တော်၏ နှလုံးသည် ပြင်းစွာခုန်လျက်ရှိသည်။ တစ်ကိုယ်လုံး ချွေးစေးများပြန်လျက်။ သေနတ်ကို ပေါင်ပေါ်သို့ ပြန်တင်ထားလိုက်သည်။ အကယ်၍ ရေသေနတ်သည် အနီရောင်မဟုတ်ဘဲ အနက်ရောင် ဖြစ်နေပါက သေချာပေါက် လူငယ်ကို ကျွန်တော် ပစ်ချလိုက်မည်သာ ဖြစ်ပေသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၇ ဂျင်မီကာတာ

သမ္မတ ဂျာရယ်ဖို့ဒ်သည် ဒုတိယ သက်တမ်းအတွက် ဝင်ရောက်အရွေးချယ်ခံရာတွင် ရော့ဖဲလားကို သူနှင့်အတူ ဒုသမ္မတလောင်းအဖြစ်ပါဝင်ရန် တိုက်တွန်းခဲ့သော်လည်း ရော့ဖဲလားက မပါဝင်ခဲ့ပေ။

ရီပတ်ဘလီကင် သမ္မတလောင်းရွေးချယ်ရာတွင် ရော်နယ်ရီဂင်က ဂျာရယ်ဖို့ဒ်ကို ယှဉ်ပြိုင်အရွေးချယ်ခံသည်။ ကင်းဆပ်မြို့တွင် ကျင်းပသည့် ရီပတ်ဘလီကင် သမ္မတ လောင်းရွေးချယ်ပွဲသို့ ရော့ဖဲလားလည်း တက်ကြွစွာ တက်ရောက်လာခဲ့သည်။ သူသည် ဂျာရယ်ဖို့ဒ်ကို ထောက်ခံသော နယူးယော့(ခ်)ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ရောနှောထိုင်နေသည်။

ထိုအဖွဲ့နှင့်ကပ်လျက်သားတွင် ရီဂင်ကို ထောက်ခံသောအုပ်စုက ထိုင်နေသည်။ မကြာမီတွင် ထိုအဖွဲ့နှစ်ဖွဲ့ အချင်းများကြရာမှ ထိုးကြကြိတ်ကြသည်အထိ ဖြစ်ကုန်ကြသည်။ ကျွန်တော်တို့ အေးဂျင့်များသည် ရုန်းရင်းဆန်ခတ် ဖြစ်နေသော လူအုပ်အတွင်းမှ ရော့ဖဲလားကို မနည်းဆွဲထုတ်ယူရသည်။

နောက်တစ်နေ့ နံနက်တွင် ကျွန်တော်တို့အေးဂျင့်များသည် ရော့ဖဲလားနှင့်အတူ ဟိုတယ်ဓာတ်လှေကားဖြင့် ဆင်းလာကြသည်။ ဓာတ်လှေကားအတွင်းတွင် ရော့ဖဲလားက "ကဲ ဆိုစမ်းပါဦး၊ ဒီနေ့ညအစီအစဉ်မှာ ဘာလုပ်ရမှာလဲ" ဟု ခပ်ရွှင်ရွှင်မေးသည်။

အေးဂျင့်ခေါင်းဆောင် 'ဂျင်မီတေလာ' က "ဒီနေ့ညလည်း ပွဲကြီးပွဲကောင်းရှိတယ်။ ဒီညတော့ ကျွန်တော်တို့ ဝင်မကူတော့ဘူး။ သမ္မတကြီးပဲ ကိုယ့်ဘာသာကိုယ်ကြည့်ရှင်းပေတော့" နောက်ပြောင်ပြောဆိုသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဖဲလား၏ ဒုသမ္မတ သက်တမ်းကုန်ဆုံးရန် လပိုင်းသာလိုတော့သည့် ၁၉၇၆ ခု အောက်တိုဘာလတွင် ဒုသမ္မတကတော်သည် မော်စကိုသို့ တရားဝင် သွားရောက်လည်ပတ်သည်။ ကျွန်တော်နှင့် အခြားအေးဂျင့်တစ်ယောက်တို့သည် မော်စကိုသို့ ရှေ့ပြေးအဖွဲ့အဖြစ် သွားရောက်သည်။ ရုရှားဘက်မှ လုံခြုံရေးတာဝန်ခံမှာ ကေဂျီဘီ ဒုဗိုလ်မှူးကြီးနှစ်ဦးဖြစ်သည်။

တစ်ဦးမှာ ဆိုဗီယက်အစိုးရ ခရီးသွားလာရေးအေဂျင်စီ 'အင်တိုးရစ်'မှ တာဝန်ခံအမျိုးသမီးဖြစ်သည်။ သူမသည် အင်္ဂလိပ်စကားကို ချောင်းသွက်လက်စွာ ပြောနိုင်သူဖြစ်သည်။ သူမသည်လည်း ကေဂျီဘီဖြစ်သည်။ စစ်အေး ကာလတွင် နိုင်ငံခြားသားများသည် အင်တိုးရစ်၏ ကြီးကြပ်မှုမပါဘဲ ရုရှားပြည်အတွင်း သွားလာခြင်း မပြုနိုင်ပေ။

မော်စကိုမြို့တွင် သွားလေရာ တန်းစီနေသော လူတန်းကြီးများကို တွေ့ရသည်။ ကျွန်တော်တို့ အမေရိကန်နှစ်ယောက်အဖို့ အတူးအဆန်းဖြစ်နေသည်။ ရုရှားတွင် ဘယ်သွားသွား၊ ဘာလုပ်လုပ် တန်းစီကြရသည်။ ရုရှားလူမျိုးများ တန်းစီနေကြသည်ကို စစ်အေးတိုက်ပွဲကာလတွင် ပြက်လုံးအထုတ်ခံရသည်၊ ပြက်ရယ်အပြုခံရသည်။ ဝါဒဖြန့် တိုက်ကွက်တစ်ခုအဖြစ် အနောက်အုပ်စုက အသုံးချသည်။

ရင်ပြင်နီရှိ ကုန်တိုက်ကြီးတွင် လူများသည် ပစ္စည်းတစ်ခုဝယ်ရန် သုံးကြိမ် တန်းစီရသည်။ ဝယ်ယူမည့် ပစ္စည်းကို ရွေးချယ်ရန် ပထမ တစ်ကြိမ်တန်းစီရသည်။ ထို့နောက် ငွေချေရန် တန်းတစ်ခါပြန်စီရသည်။ နောက်ဆုံး တတိယအကြိမ်တွင် ငွေလက်ခံဖြတ်ပိုင်းပြ၍ ဝယ်ယူထားသောပစ္စည်းကိုယူရန် တန်းစီရပြန်သည်။ ရေအိမ်သုံးစက္ကူ တစ်လိပ်ဝယ်ရန်ပင် တန်းသုံးကြိမ် စီရသည်။

စားသောက်ဆိုင်များတွင် လူအုပ်ကြီး တန်းစီနေသော်လည်းအထဲတွင် စားပွဲအလွတ်များစွာရှိနေသည်။ ဆိုင်ထဲတွင် စားသောက်နေသူ ခြောက်ဦးသာ ရှိနေသည် ဆိုပါစို့။ ထိုခြောက်ဦးထဲမှ တစ်ယောက်က စားသောက်ပြီးစီး၍ သွားသည့်အခါတွင် တန်းစီနေသူများထဲ တစ်ယောက်ကို ထိုစားပွဲတွင် နေရာချပေးသည်။ ကျန်စားပွဲများကို လူမရှိဘဲ အလွတ်အတိုင်းထားသည်။ ကျွန်တော် မည်သို့မျှ နားမလည်နိုင်။ တန်းစီသည့် စည်းကမ်းကို လူတိုင်းလိုက်နာကြရသည်။ ကျွန်တော်တို့မှာမူ ကင်းလွတ်ခွင့်ရသည့် အခွင့်ထူးခံများဖြစ်ကြသည်။

ကျွန်တော်တို့အဖွဲ့မှာမူ တန်းစီရန်မလို။ တန်းစီနေသောလူတန်းကြီး ဦးတည်ရာ ထိပ်ဆုံးသို့သွားလျက် တာဝန်ရှိသူအား ကေဂျီဘီဗိုလ်မှူးကြီးက ခပ်တိုးတိုးပြောလိုက်ရုံဖြင့် ကျွန်တော်တို့အား ဝင်ခွင့်ပေးလိုက်သည်။ တန်းစီနေသူများကို ယင်းသို့ ကျော်ဖြတ်ကြားဝင်ခြင်းကို မည်သူမျှ ကန့်ကွက်ခြင်းမရှိ။ အမေရိကန်တွင်ဆိုလျှင် ကန့်ကွက်ပြောဆိုသံတွေ ဆူညံပွက်လောရိုက်သွားလိမ့်မည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



လီနင်၏ ဂူဗိမာန်တွင် တန်းစီနေသော လူတန်းကြီးသည် တစ်မိုင်မက ရှည်လျားသည်။ ကျွန်တော်တို့က တန်းစီစရာမလိုဘဲ ကျော်ဖြတ်ဝင်သွားသည်။ ရင်ပြင်နီ၊ ဟိုတယ်အထပ်တိုင်း၊ အများပြည်သူများနှင့်ဆိုင်သော နေရာတိုင်းတွင် သန့်ရှင်းရေးလုပ်နေသော အဘွားအိုများကို တွေ့ရသည်။ တစ်တိုင်းပြည်လုံးတွင် ဝန်ထမ်းများ ပိုလျှံနေသည်ဟု ရှိသင့်သည်ထက် ပိုခန့်ထားသည်။ ကွန်မြူနစ်စနစ်သည် လူတိုင်းကို အလုပ်ပေးထားနိုင်သည်ဆိုသော ကြွေးကြော်သံနှင့်အညီ လူတိုင်းအလုပ်ရှိကြသည်။ သို့သော် လုပ်ကိုင်နိုင်စွမ်း ညံ့ဖျင်းကြသည်။ ထိရောက်မှုမရှိ။

အရေးကြီးပုဂ္ဂိုလ်များအား ကာကွယ်စောင့်ရှောက်ရေးတာဝန်ကို ကေဂျီဘီ၏ ဦးစီးဌာန (၉)က ယူထားသည်။ ဒုသမ္မတကတော် ရောက်မလာမီ တစ်ရက်တွင် ဦးစီးဌာန(၉)တွင် ညှိနှိုင်းအစည်းအဝေးလုပ်ကြသည်။ ထိုအစည်းအဝေးသို့ တက်လာသူအားလုံး၏ အမည်စာရင်းပြုစုပေးရန် မော်စကိုမြို့ စီအိုင်အေဌာနမှူးက ကျွန်တော့်အား မှာထားသည်။

ဦးစီးဌာန(၉) ၏ အကြီးအကဲ ကေဂျီဘီ ဗိုလ်ချုပ် 'ဒေါကူချာယဗ်'သည် အသက်ငါးဆယ်ကျော်ခန့်ရှိပြီး ခန္ဓာကိုယ်မှာ စည်ပိုင်းတစ်လုံးကဲ့သို့ ခပ်ထွားထွား။ ရင်ဘတ်ပေါ်တွင်လည်း ဆုတံဆိပ်များအပြည့်။ အသက် ၁၇ နှစ်အရွယ်တွင် စတာလင်ဂရက်တိုက်ပွဲ၌ ပါဝင်ဆင်နွှဲခဲ့သူဖြစ်သည်။ သူသည် အခြားသော ကေဂျီဘီ ဗိုလ်ချုပ်များကဲ့သို့ လူသိမခံရဲသော လျှို့ဝှက်ချက်များစွာရှိသူ ဖြစ်သည်။

သူ့အခန်းအတွင်း ခံ့ထည်ကြီးမားသောစားပွဲနှင့် အရံစားပွဲတစ်လုံးရှိသည်။ အရံစားပွဲပေါ်တွင် တယ်လီဖုန်းများစွာ ပြန့်ကြဲလျက်။ စုစုပေါင်း ၁၅ လုံးရှိသည်။ လူတစ်ယောက်အနေဖြင့် ထိုမျှများပြားသော တယ်လီဖုန်းများလိုအပ်သည်မှာ မယုံနိုင်ဖွယ်။ ရုရှားသည် အဆင့်မြင့် တယ်လီဖုန်းအိတ်ချိန်းစနစ်ကို အောင်မြင်စွာ မတည်ဆောက်နိုင်သေးသဖြင့် လူတစ်ယောက်အတွက် ထိုမျှ များပြားသော တယ်လီဖုန်းများကို လိုအပ်နေခြင်းဖြစ်သည်။ တယ်လီဖုန်းတိုင်းတွင် မီးလုံးငယ်တစ်လုံးစီ တပ်ထားသည်။ သို့မှသာ တယ်လီဖုန်းမြည်သည့်အခါ မည်သည့်တယ်လီဖုန်းက မြည်သည်ကို သိနိုင်မည်ဖြစ်သည်။

ဆိုဗီယက်ယူနီယံသည် အဏုမြူလက်နက်နှင့် တိုက်ချင်းပစ်ဒုံးများကို တည်ဆောက်နိုင်သော်လည်း လူတိုင်းအတွက် အဆင်ပြေစေမည့် တယ်လီဖုန်းစနစ်ကို မတည်ဆောက်နိုင်သေးပေ။

ကျွန်တော်တို့နှင့် အတူလိုက်လာသည့်သံရုံးမှ စကားပြန် ရုရှားအမျိုးသမီးသည် ကေဂျီဘီ ဗိုလ်ချုပ်တစ်ယောက်နှင့်အတူ တစ်ခန်းထဲတွင် ရှိနေရသည်ကို စိတ်မသက်မသာ ဖြစ်နေရှာသည်။ ရုရှားလူမျိုးတိုင်းသည် ကေဂျီဘီကို ရွံ့ကြောက်ဖြစ်နေသည်မှာ သဘာဝပင်ဖြစ်သည်။ ကျွန်တော်က အင်္ဂလိပ်ဘာသာဖြင့် ပြောသည်ကို သူမက အင်္ဂလိပ်ဘာသာပြန်ပေးသည်။ တစ်ဖက်က မေးလာသော မေးခွန်းများကိုလည်း သူမက အင်္ဂလိပ်ဘာသာသို့ ပြန်ပေးသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဘောမှ အပြန်အလှန်ပြောဆိုပြီးသည့်အခါ ကေဂျီဘီ ဗိုလ်ချုပ်သည် အင်္ဂလိပ်စကားကို ကောင်းမွန်စွာ နားလည်သူဖြစ်ကြောင်း ကျွန်တော် သဘောပေါက်သွားသည်။

ကျွန်တော်တို့၏ ဆွေးနွေးမှုသည် အထစ်အငေါ့မရှိ အောင်မြင်စွာပြီးဆုံးသည်။ အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေးနှင့် ကေဂျီဘီတို့ ၏ ဆက်ဆံရေးမှာ ကောင်းမွန်နေသည်။ ကေဂျီဘီသည် အတိတ်၏ အရိပ်မည်းကြီးများ ကျန်ရှိသော လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည်။ အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ကတော့ မွန်မြတ်သော၊ ဂုဏ်ယူဝင့်ကြွားဖွယ် အတိတ်သမိုင်းရှိသည့် ဥပဒေထိန်းသိမ်းရေးအဖွဲ့ ဖြစ်သည်။ သို့သော် ထိုခြားနားမှုသည် ကျွန်တော်တို့ အဖွဲ့နှစ်ဖွဲ့အကြား ပြဿနာမဟုတ်ပေ။ ကေဂျီဘီသည် ဆိုဗီယက်ခေါင်းဆောင်များ၏ လုံခြုံရေးကို တာဝန်ယူရသဖြင့် ကျွန်တော်တို့ကဲ့သို့ နည်းစနစ်များကို အသုံးပြုရသည်။ ထို့အတူ ကျွန်တော်တို့ ကြုံရသော အလားတူပြဿနာများကို သူတို့လည်းကြုံရသည်။ နည်းစနစ်များမှာ အတူတူပင် ဖြစ်သည်။ လုံခြုံရေးဆိုင်ရာ အမြင်ချင်းလည်းတူကြသည်။ ထို့ကြောင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ နားလည်မှုရှိကြသည်။

အစည်းအဝေးအပြီးတွင် ကေဂျီဘီဗိုလ်ချုပ် 'ဒေါက်ကူချာယက်'အမည်ကို အသံထွက်အတိုင်း ချပြီးရေးမှတ်လိုက်သည်။ သံရုံးမှ စီအိုင်အေ ဌာနမှူးကိုပေးရန်ဖြစ်သည်။ အမေရိကန်ဒေသဆိုင်ရာ လုံခြုံရေးအရာရှိက ကျွန်တော် စာလုံးပေါင်းမှားမည်ကို စိုးရိမ်သဖြင့် ''ဗိုလ်ချုပ်နာမည်ကို ဘယ်လိုစာလုံးပေါင်းပါသလဲ ခင်ဗျာ''ဟု မေးလိုက်သည်။ ထိုင်ရာမှ ထမည်ပြုနေသော ဗိုလ်ချုပ်က စိတ်အနှောင့်အယှက်ဖြစ်သွားကာ…

''ကျုပ်နာမည် ဘယ်လိုစာလုံးပေါင်းသလဲဆိုတာ ခင်ဗျားတို့သံရုံးက သိပါတယ်''ဟု ပြောကာ အခန်းထဲမှ ထွက်သွားသည်။ ကျွန်တော်က လှမ်းပြီး ''ခင်ဗျားနာမည်ကို သံရုံးက မှန်မှန်ကန်ကန် စာလုံးပေါင်းတတ်ဖို့ဆိုတာ သိပ်မသေချာဘူး''ဟု ပြောလိုက်သည်။

ကေဂျီဘီသည် လိုလေသေး မရှိအောင် အကူအညီပေးသည်။ သူတို့ပေးသော အချို့အကူအညီမျိုးကို အမေရိကန်တွင် ကျွန်တော်တို့ ပေးနိုင်မည်မဟုတ်။ ဒုသမ္မတကတော်၏ ခရီးစဉ် ပြီးဆုံးခါနီးတွင် သူမက ကမ္ဘာကျော် 'ဘော်လ်ရှိုယီ' ဘဲလေးကဇာတ်ကို ကြည့်လိုသည်ဟုဆိုလာသည်။ ထိုဘဲလေးပွဲအတွက် ပရိသတ်သည် နှစ်နှင့်ချီ စောင့်ဆိုင်းလျက် ကြိုတင်လက်မှတ် ဝယ်ရသည်။

ထို့ကြောင့် လက်မှတ်ရရန် မဖြစ်နိုင်ဟု ကျွန်တော်က ယူဆသည်။ ဒုသမ္မတကတော်က ဘော်လ်ရှိုယီ ဘဲလေးပွဲကြည့်လိုကြောင်း ကေဂျီဘီ ဆက်သွယ်ရေးအရာရှိအား ပြောပြသောအခါ ''ပြဿနာမရှိပါဘူး။ လုပ်ပေးလို့ရပါတယ်'' ဟု ပြောသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကပွဲရုံသို့ ကျွန်တော်နှင့် ကေဂျီဘီအရာရှိတို့ ရောက်သွားကြသည်။ ထိုင်ခုံများကိုတွဲလျက် အကန့်လေးများ ကန့်ထားသည်။ ကေဂျီဘီအရာရှိက ကျွန်တော့်အား "ရှေ့ဆုံးတန်းက ဘယ်ထိုင်ခုံ အကန့်တွေကို လိုချင်သလဲ" ဟု မေးသည်။ ကျွန်တော်က…

"ဘယ်ခုံတွေ အားသလဲ" မေးရာ

"အားလုံးအားတယ်၊ ကြိုက်တဲ့ခုံရမယ်"

သူ့ ဇာတ်စင်နှင့် အနီးဆုံးခုံများကို ပြလျက် "ဒီနေရာဆိုဖြစ်တယ်မို့လား" ဟု မေးသည်။ ကျွန်တော်က လည်း လက်ခံလိုက်သည်။ ထိုစဉ် ပရိသတ်များ ဇာတ်ရုံအတွင်းသို့ တဖွဲဖွဲရောက်လာနေသည်။ ကျွန်တော်တို့ ရွေးထားသည့်ခုံများအတွက် လက်မှတ်ပြဇာတ်ထားသူများသည် ထိုခုံများတွင် ဝင်ထိုင်ကြသည်။ ကေဂျီဘီ အရာရှိသည် ထိုသူများထံ သွားပြီး နားနားကပ်လျက် တိုးတိုးပြောလိုက်သောအခါ ယင်းတို့သည် ကျိုးနွံတိတ်ဆိတ်စွာ ထွက်ခွာသွားကြသည်။ ကေဂျီဘီ လုပ်နည်းလုပ်ဟန်ကို ကျွန်တော် အတော်ပင် ထိတ်လန့်သွားသည်။ ထိုလူများသည် လက်မှတ်ရဖို့ အရေး နှစ်နှင့်ချီ စောင့်ခဲ့ရသူများ ဖြစ်ပေလိမ့်မည်။ သူတို့သည် ယခု ညနေခင်းအတွက် မျှော်လင့်တကြီး စိတ်စောနေခဲ့ကြပေ မည်။ ယင်းသို့ လုပ်လိုက်သည်ကို ဒုသမ္မတကတော်သာ သိပါက များစွာစိတ်ဆိုးပေလိမ့်မည်။ ထို့ပြင် အနောက်မီဒီယာ များသို့ ပေါက်ကြားသွားပါကလည်း ပွဲကြည့်ပရိသတ်အပေါ် အနိုင်အထက်ပြုကျင့်ကာ ဘဲလေးပွဲကြည့်သည်ဆိုကာ စွပ်စွဲလျက် ပြဿနာအကြီးအကျယ်တက်သွားနိုင်သည်။ အမေရိကန်တွင်ဆိုလျှင် ကြီးမားသော လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်သည်။ အမေရိကန်ဇာတ်ရုံများတွင် ရုရှားဧည့်သည်တော်ကြီးများအတွက် ယခုကဲ့သို့ ကျွန်တော်တို့ အေးဂျင့်များက အနိုင့်အထက်ပြုကျင့်ပါက အားလုံးပွက်လောရိုက်ကုန်လျက် စစ်ပင်ဖြစ်နိုင်သည်။ ဘော်လ်ရှိုယီ ဘဲလေးပွဲ ထိုင်ခုံရရှိရေး အတွက် မည်သို့ဆောင်ရွက်သည်ကို ဒုသမ္မတကတော်အား ယခုအချိန်အထိ အသိမပေးခဲ့ပေ။

ဒုသမ္မတကတော် ပွဲကြည့်နေစဉ် ကျွန်တော်က ကေဂျီဘီ အေးဂျင့်နှစ်ယောက်နှင့်အတူ ထိုင်စောင့်ရင်း စကားစမြည် ပြောကြသည်။ ကေဂျီဘီနှင့် အမေရိကန် ထောက်လှမ်းရေးတို့ များစွာအဆင်ပြေနေကြပါလျက် မည်သည့်အတွက် နှစ် နိုင်ငံဆက်ဆံရေးသည် အထစ်အငေါ့ဖြစ်နေရသည်ကို သူတို့နှစ်ယောက်က နားမလည်နိုင်။ ထိုအချိန် ၁၉၆၇ ခုနှစ်တွင် အမေရိကန်နှင့် ရုရှားတို့သည် အဏုမြူလက်နက် အစုအပြုံလိုက် ကိုင်စွဲလျက် တစ်ဦးနှင့်တစ်ဦး ရန်စောင်နေကြသော ကာလဖြစ်သည်။ နှစ်ဖက် စုစုပေါင်းလက်နက်များသည် တစ်ကမ္ဘာလုံးကို စိစိညက်ညက်ကြေအောင် ချေမှုန်းနိုင်သည်အထိ ပမာဏ ကြီးမားသည်။ ယင်းသို့ ဖြစ်နေရသည်ကို ကျွန်တော်ကိုယ်တိုင်လည်း နားမလည်နိုင်။ သူတို့သည် ကျွန်တော့်နည်း သက်တူ ရွယ်တူဖြစ်ကြပြီး ဇနီးနှင့်သားသမီးများ ရှိကြသည်။ သူတို့သိချင်သောအဖြေကို ကျွန်တော် မပေးနိုင်ခဲ့။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဆိုဗီယက် ကွန်မြူနစ်စနစ်အောက် ရုရှားပြည်တွင် မဖြေနိုင်သော မေးခွန်းများအများအပြား ရှိနေသည်။ ဖြေနိုင်ဆိုခြင်းထက် အဖြေမရှိခြင်းသာ ဖြစ်သည်။ ဆိုဗီယက်လူ့အဖွဲ့အစည်းသည် ကျိုးကြောင်းမညီညွတ်သော ပဋိပက္ခများ ဖြင့် ပြည့်နှက်နေသည်။ ပဋိပက္ခသည် လူ့အဖွဲ့အစည်းတိုင်းတွင် ရှိကြသည် မှန်သော်လည်း ရုရှားတွင် ရှိနေသည့် ပဋိပက္ခများသည် မည်သို့မျှ အဓိပ္ပာယ်မရှိ။

ဒုသမ္မတကတော် ထွက်ခွာသွားပြီးနောက် ကေဂျီဘီနစ်ယောက်က ဇော့ဒကာ အရက်တစ်လုံးယူလာသည်။ ခင်တိုးရစ်မှ အမျိုးသမီး အပါအဝင် ကျွန်တော့်အခန်းတွင် အတူသောက်ကြသည်။ ထို့နောက် ကျွန်တော့်အား လေဆိပ်သို့ ကားမောင်းလိုက်ပို့သည်။

သူတို့က အကောက်ခွန်ကောင်တာအထိ လိုက်ပို့သည်။ ရုရှားသုံး ရူဘယ်လ်ကို ခိုးထုတ်ပါက ဖမ်းဆီးအရေး ယူမည်ဟု စာတန်းချိတ်ထားသဖြင့် အိတ်ထဲမှ လက်ကျန် ရူဘယ်လ်များကို ထားရစ်ခဲ့ရသည်။

လေယာဉ်လက်မှတ်ကောင်တာသို့ ရောက်သောအခါ ပြဿနာပေါ်လာသည်။ ကျွန်တော့် ခရီးဆောင်အိတ်သည် အလေးချိန်ပိုနေသဖြင့် ဒေါ်လာ ၂၅၀ ပေါင် ပိုပေးရမည်ဟု ပြောသည်။ ဒေါ်လာ ခရီးသွားချက်လက်မှတ်ပေးသော အခါ လက်မခံ၊ ရူဘယ်လ်ဖြင့်သာ ပေးရမည်ဟုဆိုသည်။ အကောက်ခွန်ကို ပြဇာတ်တွင် ကျန်သမျှ ရူဘယ်လ်များကို ထားခဲ့ရသည်။ အခု ရူဘယ်လ်ဖြင့် ပေးရမည် ဟု ပြောနေသည်။ အတော်ပင် ရှေ့နောက် မညီသော၊ လူကို ဒုက္ခပေးသော စနစ် ဖြစ်သည်။

" ခင်ဗျားတို့ က ရူဘယ်လ် ယူမသွားရဘူး ဆိုလို့ ထားခဲ့ရပြီ ။ အခုမှ ခင်ဗျား က ရူဘယ်လ် ပေးပါလုပ်တယ်" ဟု ကျွန်တော် က ပြောလိုက်သည်။ သူမက ငွေလဲကောင်တာဆီသို့ ညွှန်ပြသည်။ ငွေလဲကောင်တာသို့သွားမည်ဆိုပါက အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေး ကောင်တာများကိုကျော်၍ ပြန်ဖြတ်သွားရမည်ဖြစ်သည်။ ထို့ပြင် တားထားသော ကြိုးတန်းတွင် ဖြတ်သန်းမသွားရဟူသော သတိပေးဆိုင်းဘုတ်က ရှိနေပြန်သည်။

အမျိုးသမီးက "သွားသာ သွားပါ" ပြောနေသည်။ ယင်းသို့ သွားမည်ဆိုလျှင် ရုရှားပြည်တွင်းသို့ တရားမဝင် ပြန်ဝင်ခြင်းဖြစ်သည်။ ရုရှားတို့သည် အသေးအဖွဲ့အမှုဆင်၍ ထောင်ဒဏ် နှစ်ရှည်ပေးရာတွင် နာမည်ဆိုးဖြင့် ကျော်ကြားနေဆဲ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က မသွားရဲဘဲ တွန့်ဆုတ်နေရာ သူမက ကြိုးကိုကျော်သွားရန် ပြောသည်။ ယင်းသို့ ကျော်သွားနိုင်ရန် ကြိုးကို တမင်ကလာ နိမ့်နိမ့်လေး တန်းထားခြင်းဖြစ်ပေမည်။

ကျွန်တော် ကမန်းကတန်း ငွေလဲကာ ပြန်ပြေးလာသည်။ ဒုသမ္မတ ရော့ဖဲလားနှင့် ဝါလ်တာမွန်ဒေးတို့သည် သိသာသာ ကွာခြားမှုရှိသည်။ ရော့ဖဲလား မနေခဲ့သော ဒုသမ္မတစံအိမ်တွင် မွန်ဒေးသည် ပထမဆုံးနေထိုင်သော

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဒုသမ္မတ ဖြစ်သည်။ ထိုအိမ်ကို ရှော့ဖဲလားက ပြုပြင်အလှဆင်ပေးခဲ့သည်။ မွန်ဒေး၏ သွားလာရေးကို ကြီးကြပ်သူ အဖြစ် ကျွန်တော် တာဝန်ယူရသည်။ ကျွန်တော်၏ ပထမဆုံးယူရသော ကြီးကြပ်ရေးမှူးတာဝန် ဖြစ်သည်။

မွန်ဒေးသည် အေးတိအေးစက်နိုင်သူဖြစ်သည်။ အေးဂျင့်များနှင့် အချိန်တိုအတွင်း ရင်းနှီးလာခြင်းမရှိ။ သူ့အား ကျွန်တော် အပြစ်တင်နေခြင်းမဟုတ်။ ရင်းနှီးလာစေရန် သို့မဟုတ်ယ်တိုင်က ကြိုးစားခြင်းလည်းမရှိ။ သမ္မတရွေးကောက်ပွဲ အပြီးနှင့် ကျမ်းသစ္စာကျိန်ဆိုပွဲအကြား စပ်ကူးမပ်ကူးကာလမှာ ရက်သတ္တ ကိုးပတ်ရှိသည်။ ကျွန်တော်တို့ အေးဂျင့် များသည် ထိုကိုးပတ်တာကာလတွင် သမ္မတသစ် ဂျင်မီကာတာပိုင် ခြံတွင် မွန်ဒေးနှင့် အတူရှိနေကြသည်။ ခြံ၏အစွန်ပိုင်း ရေကန်ကမ်းနဖူးပေါ်တွင် အကြမ်းထည် ဧည့်ဂေဟာတစ်လုံး ရှိသည်။ ထိုဧည့်ဂေဟာတွင် မွန်ဒေးက တည်းခိုနေထိုင် သည်။ တောဆန်သည့် အကြမ်းထည်ဧည့်ဂေဟာကို ကာတာက နှစ်သက်သော်လည်း မွန်ဒေးက နှစ်သက်ဟန်မတူ။

တစ်နံနက်ခင်းတွင် ကျွန်တော် ဧည့်ဂေဟာသို့ရောက်သွားသည်။ မွန်ဒေးနှင့် သူ့ဝန်ထမ်းများသည် ပဲတောင့်ရှည် ကို နံနက်စာ စားနေကြသည်။ ပဲတောင့်ရှည်မှလွဲ၍ အခြားစားစရာလည်းရှိ ဟန်မတူ။

ကာတာ အိမ်ဖြူတော်သို့ စရောက်သည့်နေ့မှစ၍ ခြိုးခြံချွေတာရေး အစီအစဉ်များ စတော့သည်။ သမ္မတခရီးစဉ် များတွင် မော်တော်ယာဉ်များကို လေယာဉ်ဖြင့် ကြိုတင်တင်ပို့လေ့ရှိသော်လည်း၊ ခြိုးခြံချွေတာရန် ကားတင်ယာဉ်များ ဖြင့် ပေးပို့ရန် အိမ်ဖြူတော်က ညွှန်ကြားသည်။ ကုန်းလမ်းဖြင့်ပေးပို့သည့်အခါ အပျက်အစီးများ ဖြစ်လာသည့်အတွက် ကုန်ကျမှု ပိုရသည်။ ကာတာသည် အသေးအဖွဲမှအစ ချုပ်ကိုင်ထားသည်။ သူ လက်လီစိတ်မှုနှင့် ပတ်သက်သော ပြောစမှတ် များစွာရှိသည်။ အိမ်ဖြူတော် တင်းနစ်ကွင်းတွင် ကစားရန်ပင် သူ့ထံမှ ခွင့်ပြုမိန့်လိုအပ်သည်။

သမ္မတများစီးနေကျ ကာဒီလက်ကိုမစီးဘဲ ကားအငယ်စားဖြစ်သည့် Lincoln Towncar ကို ပြောင်းစီးသည်။ သို့သော် သံမဏိပြားများဖြင့် Lincoln Towncar ကိုယ်ထည်ကို အားဖြည့်ရသည်မှာ ကာဒီလက်ထက် ပိုမို ကုန်ကျသည် ကို သူမသိပေ။

ကျန်းမာရေး အပြေးကာယလေ့ကျင့်ခန်းကို ဂျော့တောင်းတက္ကသိုလ်အတွင်း၌ဖြစ်စေ၊ အိမ်ဖြူတော် တောင်ဘက် ကွင်းပြင်တွင်ဖြစ်စေ ကာတာက ပြုလုပ်သည်။ တစ်ခါက ဂျော့တောင်းတက္ကသိုလ်အတွင်း ပြေးနေစဉ် သတ်မှတ်ခရီးဆုံး ရောက်ခါနီးတွင် ကာတာက အတူပါလာသော အေးဂျင့်အား "ငါတို့ နောက်ထပ် တစ်ပြန်လောက် ဆက်ပြေးရအောင်" ဟု ပြောသည်။ အေးဂျင့်က ကားများ စောင့်ဆိုင်းရမည့် နေရာသစ်ကို ရေဒီယိုဖြင့် လှမ်းညွှန်ကြားလိုက်သည်။ ဒုတိယ ခရီးဆုံး ရောက်ခါနီးတွင် ကာတာက "နောက်ကြောင်း ပြန်ပြေးရအောင်" ဆိုပြန်သည်။ သည်တစ်ကြိမ်တွင် အေးဂျင့် ၏ ရေဒီယိုသည် ဆက်သွယ်မရတော့။ ထိုခေတ်ထိုအခါက အသုံးပြုသော ရေဒီယိုဖုန်းများသည် ဆက်သွယ်၍မရသော

www.burmeseclassic.com



နေရာများ ရှိတတ်သည်။ လျှပ်စစ်သံလိုက်လှိုင်းမရောက်သောနေရာများ (blind spots) တွင် ရေဒီယိုဖုန်းကို သုံး၍မရ။ ယခုအခါ လက်ကိုင်ဆဲလ်ဖုန်းများ ပေါ်နေပြီဖြစ်သဖြင့် ယင်းသို့ အခက်အခဲမျိုးမပေါ်ပေါက်နိုင်တော့ပေ။ လမ်းတွင် တယ်လီဖုန်းရုံများရှိသော်လည်း တယ်လီဖုန်းဆက်ရန် အကြွေကမပါ။ ကြုံရာမရသည့်အဆုံး အေးဂျင့်က ဘဲလ် တယ်လီဖုန်း ကုမ္ပဏီ၏ အော်ပရေတာထံဆက်ကာ အကျိုးအကြောင်းပြောပြီး အိမ်ဖြူတော်သို့ ဆက်ပေးရန် ပြောသည်။ တစ်ဖက်က စိတ်ချပါ ဆက်ပေးပါမည်ဟုပြောကာ ဖုန်းချသွားသည်။

နောက်ဆုံး ကြုံဖန်ဆက်သွယ်သည့် အခါတွင်မှ အိမ်ဖြူတော်နှင့် အဆက်အသွယ်ရသည်။ ကားများကို မူလ နေရာတွင် ပြန်စောင့်ရန် ပြောရသည်။

ဒုသမ္မတ မွန်ဒေးနှင့် မိသားစုသည် အားကစားခုံမင်ကြသူများ မဟုတ်သော်လည်း နှင်းလျှောစီး အပန်းဖြေခရီးကို တော့ မကြာခဏထွက်တတ်သည်။ ခေါင်းစွပ်နှင့် နှင်းကာမျက်မှန်တတ်ထားသဖြင့် သမ္မတအား မည်သူမျှ မှတ်မိမည် မဟုတ်သဖြင့် ပြင်ပမှ အန္တရာယ် သိပ်မရှိနိုင်ပေ။ သို့သော် မတော်တဆလဲကျမှုကြောင့် အနာတရ ဖြစ်နိုင်သည်။ အေးဂျင့်များအနက် နှင်းလျှောစီး ကျွမ်းကျင်သူ အများအပြားရှိသည်။ ထို့ပြင် နှင်းလျှောစီးနေစဉ် တိုက်ခိုက်ခံရပါက ကာကွယ်ရန် နည်းလမ်းများကို ကျွန်တော်တို့ လေ့ကျင့်ထားရသည်။

မွန်ဒေး၏ လုံခြုံရေးအေးဂျင့်အဖြစ် တစ်နှစ်ခန့် တာဝန်ထမ်းဆောင်ပြီး ကျွန်တော် ဌာနပြောင်းရသည်။ ဌာနအသစ်မှာ သတင်းထောက်လှမ်းရေးဌာန ဖြစ်သည်။ သတင်းထောက်လှမ်းရေးဌာနတွင် ဌာနခွဲနှစ်ခုရှိသည်။ ဌာနခွဲ (၁)သည် ပြည်တွင်းထောက်လှမ်းရေးဌာနခွဲ ဖြစ်ပြီး၊ ဌာနခွဲ (၂)မှာ ပြည်ပထောက်လှမ်းရေးဌာနခွဲ ဖြစ်သည်။

သမ္မတ ကနေဒီ လုပ်ကြံခံရမှုကို စုံစမ်းစစ်ဆေးခဲ့သည့် ဝါရင်းကော်မရှင်မှတစ်ဆင့် သတင်းထောက်လှမ်းရေးဌာန ဖြစ်တည်လာခြင်းဖြစ်သည်။ ထောက်လှမ်းရေးသတင်းများကို စိစစ်ခွဲခြမ်းလေ့လာခြင်း၊ အခြားထောက်လှမ်းရေး အေဂျင်စီများနှင့် ဆက်သွယ်ခြင်းများကို ဆောင်ရွက်ရသည်။ အက်ဖ်ဘီအိုင်နှင့်လည်း ပူးပေါင်းဆောင်ရွက်ရသည်။ ဌာနခွဲနှစ်ခုစလုံး တွင် အေးဂျင့်များသည် အရပ်သားပညာရှင်များနှင့်အတူ ပူးတွဲတာဝန်ထမ်းဆောင်ရသည်။ အရပ်သားပညာရှင်များက အမှုတစ်ခုချင်းကို ခြေရာကောက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းတို့ဆောင်ရွက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ စီအိုင်အေနှင့် အက်ဖ်ဘီအိုင် အပါအဝင် အခြားထောက်လှမ်းရေး အဖွဲ့အစည်းများနှင့် သတင်းဖလှယ်ရသည်။

ထောက်လှမ်းရေး အဖွဲ့အစည်းများ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သတင်းပေးခြင်းသည် လွန်စွာအရေးကြီးသည်။ သမ္မတ ကနေဒီ လုပ်ကြံမခံရမီ သတင်းအစအနကို အက်ဖ်ဘီအိုင်က ရရှိထားသော်လည်းလည်း သမ္မတ လုံခြုံရေးကို တာဝန် ယူထားသည့် လျှို့ဝှက်ထောက်လှမ်းရေးကို အသိမပေးခဲ့။ ယင်းသို့ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အဆက်ပြတ်နေခြင်းသည် ထိုစဉ်က

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အများအပြားဖြစ်ပျက်ခဲ့သည်။ စက်တင်ဘာ ၁၁ ရက်နောက်ပိုင်းတွင် သတင်းဖလှယ်မှုသည် အရေးတကြီး လိုအပ်လာသည်။ ထို့ကြောင့် နိုင်ငံတော်လုံခြုံရေးဌာန (Department of Homeland Security)ကို တည်ထောင်လျက် ထောက်လှမ်းရေး အဖွဲ့အစည်းများကို စုစည်းဆက်စပ်ပေးထားခြင်းဖြစ်သည်။

သမ္မတရီဂင်ကို သေနတ်ဖြင့်ပစ်သူ 'ဂျွန်ဟင်ကလီ'အား စောစောပိုင်းကပင် အက်ဖ်ဘီအိုင်က ယနမကောင်း ဖြစ်နေသော်လည်း သမ္မတ၏ လုံခြုံရေးကို တာဝန်ယူထားသည့် လျှို့ဝှက်ထောက်လှမ်းရေးဌာနသို့ ထိုသတင်းက ရောက်မလာခဲ့။ ဟင်ကလီနှင့် ပတ်သက်သောသတင်းသည် အမှုန်အမွှားလေးသာ ဖြစ်သဖြင့် လက်ဆင့်ကမ်းလောက်အောင် အရေးပါခြင်းမရှိ ။ ဟင်ကလီနှင့် ပတ်သက်သောဖိုင်ကို အက်ဖ်ဘီအိုင် ဖွင့်ထားခဲ့သည်။ ထိုဖိုင်ကို လျှို့ဝှက်ထောက်လှမ်းရေးထံ ပေးပို့ခဲ့မည်ဆိုပါက အေးဂျင့်များက သူ့အား လူတွေ့မေးမြန်းခြင်းဖြင့် ဟန့်တားလိုက်နိုင်ပေမည်။

စက်တင်ဘာ ၁၁ ရက်အရေးအခင်း မတိုင်မီက အက်ဖ်ဘီအိုင်သည် သတင်းအစအနအချို့ကို ရထားသော်လည်း ထောက်လှမ်းရေး အဖွဲ့အစည်းချင်း သတင်းဖလှယ်မှု အားနည်းခဲ့သည့်အတွက် ကုန်သွယ်ရေး တိုက်ညီနောင် တိုက်ခိုက်ခံခဲ့ရသည်။ အချို့သော သတင်းအစအနများသည် မှုန်မွှားသေးငယ်လွန်းသဖြင့် ဂရုမစိုက်မိဖြစ်ရသည်။ များပြားလွန်းသော အချက်အလက်များအကြား တိမ်မြုပ်နေသည်။ ဖြစ်ပျက်လာသည့်အခါတွင်မှ ထိုမှုန်မွှားသော သတင်းအစအန၏ အရေးပါမှုကို သိရတော့သည်။ ယင်းသို့ သိသည့်အခါ အဖတ်ဆယ်မရအောင် နောက်ကျသွားပြီဖြစ်သည်။

သတင်းထောက်လှမ်းရေးဌာန တာဝန်မှူးရုံးခန်းတွင် အေးဂျင့်သုံးဦးနှင့် တာဝန်မှူးတစ်ဦး ၂၄ နာရီပတ်လုံး တာဝန်ချထားသည်။ တာဝန်ကျအေးဂျင့်များသည် အိမ်ဖြူတော်မှ လွှဲပေးလိုက်သည့် တယ်လီဖုန်းခေါ်ဆိုမှုများကို လက်ခံနားထောင်ရသည်။ သမ္မတကြီးနှင့် စကားပြောလိုသည်ဟု ဆိုသူများ၏ တယ်လီဖုန်းများသည် တာဝန်မှူးရုံးခန်းသို့ ရောက်လာသည်။ တစ်နေ့လျှင် ထိုကဲ့သို့ခေါ်ဆိုမှု လေးကြိမ်မှ ရှစ်ကြိမ်အထိ လက်ခံရလေ့ရှိသည်။ ဆက်သွယ်လာသူများကို စိတ်ရှည်စွာလက်ခံ စကားပြောပြီး ယင်းတို့ထံမှ ရနိုင်သမျှ ကိုယ်ရေးအချက်အလက်များကို နှိုက်ထုတ်ယူရသည်။ တစ်ခါတစ်ရံ တယ်လီဖုန်းဆက်သွယ်လာသူ၏ နံပါတ်ကို ခြေရာခံလျက် ထိုသူထံသို့ လူလွှတ်စုံစမ်းခိုင်းရသည်။

တစ်ည ကျွန်တော် တာဝန်ကျနေစဉ် တယ်လီဖုန်းဆက်လာသူ့ သမ္မတကြီးကို ခြိမ်းခြောက်ပြောဆိုရုံမျှ မကသတ်ဖြတ်ရန် မည်သို့မည်ပုံစီစဉ်ထားသည်ကို အသေးစိတ် ပြောလာသည်။ အစီအစဉ် တိတိကျကျပြောလာသဖြင့် သာမန်မဟုတ်တော့၊ သူ့ကို စစ်မေးရန်လိုအပ်လာသည်။ ထို့ကြောင့် တယ်လီဖုန်းဆက်လာသူ့ ခြေရာခံကာ အဖမ်းခိုင်းလိုက်သည်။ ထိုလူ တယ်လီဖုန်းမချမီတွင် အီလီနွိုက်ပြည်နယ်ရှိ တယ်လီဖုန်းရုံအတွင်း ဖမ်းမိလိုက်သည်။ တပ်ဆင်ထားသော အီလက်ထရောနစ် ခြေရာခံစနစ်မှာ အစွမ်းထက်လှသဖြင့် ချက်ချင်းဖမ်းမိခြင်း ဖြစ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖြူတော်သို့ တယ်လီဖုန်းဆက်လာသူများအနက် စိတ်ပျက်ဖွယ် အကောင်းဆုံးလူများမှာ စိတ်မနှံ့သူများ၊ စိတ်ဖိစီးခံနေရသူများ ဖြစ်သည်။ သမ္မတနှင့် ဒုသမ္မတတို့ကို ခြိမ်းခြောက်လာသူများ၏ ၉၅ ရာနှုန်းမှာ ယင်းသို့သော သူများဖြစ်ကြသည်။ ကျန် ၅ ရာခိုင်နှုန်းမှာ ကျွန်တော်တို့ အထူးအာရုံစိုက်ရမည့်သူများ ဖြစ်သည်။ သူတို့သည် လုပ်ကြံရန် အစီအစဉ်ကို အတိအကျပြောဆိုကြသည်။

ထိုသူများသည် သူတို့ ခြိမ်းခြောက်သည့်အတိုင်း လက်တွေ့အကောင်အထည် ဖော်နိုင်သူများ ဟုတ် မဟုတ်။ အကောင်အထည်ဖော်နိုင်ရန် အခြေအနေနှင့် အခွင့်အလမ်း ရှိ မရှိ တို့ကို သေချာစွာ စိစစ်ရသည်။ အချို့သောခြိမ်းခြောက်သူများသည် မသန်မစွမ်းသူ၊ စိတ်မနှံ့သူများဖြစ်နေတတ်သည်။ ထိုသူများသည် လုပ်ကြံရန် အစီအစဉ်ကို အကောင်အထည် ဖော်နိုင်သူများ မဟုတ်။ အချို့မှာမူ အကျဉ်းကျနေသူ၊ စိတ်ကျန်းမာရေး ဆေးရုံသို့ရောက်နေသူများ ဖြစ်တတ်သည်။ ယင်းတို့သည်လည်း လုပ်ကြံရန် အစီအစဉ်ကို အကောင်အထည်ဖော်နိုင်သော အခြေအနေမရှိကြပေ။

ခြိမ်းခြောက်လာသော တယ်လီဖုန်းခေါ်ဆိုမှု၊ စာ၊ အီးမေးလ်၊ ဖက်စ်တို့ကို တစ်ခုချင်းသေချာစွာ စိစစ်ရသည်။ ပေးပို့လာသူ၏ နေရပ်လိပ်စာကို ခြေရာခံရသည်။ ယင်းတို့ နေထိုင်ရာရှိ ထောက်လှမ်းရေးရုံးခွဲတွင် စာတွဲဖွင့်လှစ်ကာ စိစစ်ရသည်၊ စစ်မေးရသည်။ ယင်းသို့ စုံစမ်းစစ်ဆေးရာတွင် ကိုယ်ရေးနောက်ကြောင်း၊ မည်သည့်ကျောင်းတွင် နေခဲ့သည်၊ သူ၏အပေါင်းအသင်းများမှာ မည်သူများဖြစ်သည် စသော အသေးစိတ်အချက်များကို သိရှိနိုင်ရန် စုံစမ်းရသည်။ စုံလင်စွာ သိရှိရသည့်အခါ ထိုသူသည် သမ္မတ (သို့မဟုတ်) ဒုသမ္မတအား အမှန်တကယ် အန္တရာယ်ပေးနိုင်သူ ဟုတ် မဟုတ်ကို ဆုံးဖြတ်ရသည်။ ထိုအပိုင်းသည် အခက်ခဲဆုံးဖြစ်သည်။

အန္တရာယ်ပေးနိုင်သူဟု ဆုံးဖြတ်ပါက ထိုသူအား စောင့်ကြည့်ရတော့သည်။ ထိုသူများကို မကြာခဏ တွေ့ဆုံမေးမြန်းရသည်။ အများစုသည် စိတ်ကျန်းမာရေး ဆေးရုံရောက်နေသော စိတ်ဝေဒနာရှင်များဖြစ်ကြသည်။ သမ္မတသည် ထိုသူရှိရာ မြို့သို့လာရောက်မည်ဆိုပါက ၄င်းအား အပြင်ထွက်ခွင့်မပေးရန် တားမြစ်ထားရသည်။

စောင့်ကြည့်စာရင်းဝင်များ၏ စိတ်တွင်းခံစားမှုကို သိအောင်ကြိုးစားရသည်။ စိတ်ရောဂါကြောင့် ကုသမှုခံယူနေသူများ၏ ဆရာဝန်များကို သွားရောက်မေးမြန်းရသည်။ လူနာ၏ ရောဂါနှင့် ပတ်သက်လျှင် ဆရာဝန်များက လျှို့ဝှက်ထားရသည်။ လူနာသည် အကြမ်းဖက်မှုကို ကျူးလွန်ရန် အခြေအနေ ရှိ မရှိ ဆရာဝန်၏ ထင်မြင်ချက်ကိုသာ မေးမြန်းနိုင်သည်။

မသင်္ကာစာရင်းဝင်၏ စိတ်ဖောက်ပြန်မှု အခြေအနေသည် သိသာထင်ရှားမှု မရှိသောအခါမျိုးတွင် ယင်း၏ မိသားစုဆွေမျိုးသားချင်းများအား ထိုသို့ ဆရာဝန်ထံ ပြသရန် တိုက်တွန်းရသည်။ အကယ်၍ ၄င်းတို့က တိုက်တွန်းမှု ထို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လက်မခံဆိုပါက အေးဂျင့်များသည် တရားရုံးသို့ ဦးတိုက်လျှောက်ကာ တရားရုံး၏ အမိန့်ဖြင့် ဆေးစစ်ခံစေရသည်။ သမ္မတ သွားရောက်မည့် အရပ်ဒေသများသို့ အေးဂျင့်များကို ကြိုတင်စေလွှတ်ရသည်။ ၄င်းတို့သည် နယ်မြေရုံးခွဲရှိ အေးဂျင့်၊ ရဲတို့နှင့် ပူးပေါင်းလျက် ဒုက္ခပေးရန် အလားအလာ ရှိသူများကို စုံစမ်းဖော်ထုတ်ရသည်။

သမ္မတနှင့်ပတ်သက်၍ ရူးသွပ်စွာ အာရုံစိုက်သူများကို ကျွန်တော်တို့က သတိထားစောင့်ကြည့်ရသည်။ ထိုသူများသည် သမ္မတထံသို့ စာအစောင် ထောင်ပေါင်းများစွာ ရေးသားတတ်သူများဖြစ်သည်။ သူတို့ သမ္မတအပေါ် စိတ်ဝင်စားမှုသည် သာမန်ထက် အဆများစွာ လွန်ကဲနေသူများဖြစ်သည်။ 'စွဲလမ်းလွန်စိတ္တဇ' ဝေဒနာ ခံစားနေရသူများ ဖြစ်သည်။ သူတို့အား အကြိမ်ကြိမ် အထပ်ထပ် တွေ့ဆုံမေးမြန်းရသည်။ သူတို့၏ အတွင်းစိတ်ကို သိရှိနိုင်ရန် ကြိုးစားရသည်။ သူတို့ အိမ်များသို့ မကြာခဏ သွားရောက်လျက် နေပုံထိုင်ပုံကို လေ့လာရသည်။ နံရံတွင် ချိတ်ဆွဲထားသောပုံများ ပစ္စည်းများကို လေ့လာအကဲခတ်ရသည်။ တစ်ခါတစ်ရံ လက်နက်များကို ချိတ်ဆွဲထားတတ်သည်လည်းရှိသည်။ ယင်းသို့ဆိုလျှင် ထိုသူသည် လက်နက်ကို အလွယ်တကူ ရယူနိုင်သူဖြစ်သဖြင့် အထူးသတိထားရတော့သည်။

သမ္မတ၏ ယာဉ်တန်းနှင့်အတူ လိုက်ပါသော ထောက်လှမ်းရေးအေးဂျင့်များ ရှိသလို၊ စုဝေးရောက်ရှိလာသော ပရိသတ်အတွင်း မသင်္ကာဖွယ်ရာ လူများကို စောင့်ကြည့်ရန် အေးဂျင့်များ ချထားသည်။ ထိုအလုပ်တာဝန်မှာ လုပ်ရိုးလုပ်စဉ် ဖြစ်နေပြီး အကျိုးရလဒ်မှာ မယ်မယ်ရရ မရှိ။ ထို့ကြောင့် လုပ်အားကို ဖြုန်းတီးသလို ဖြစ်နေသည်ဟု ယူဆဖွယ်ရာပင်။ သမ္မတ သွားလေရာတွင် ထောက်လှမ်းစောင့်ကြည့်ရသော အလုပ်၏ အကျိုးရလဒ် ပြစရာမရှိသလို ဖြစ်နေသည်။ သို့သော် သူတို့ လစ်ဟင်းသည့်အခါ မည်သို့မျှ အဖတ်ဆယ်မရတော့။ ပရိသတ်အတွင်းရှိ သမ္မတအား မကောင်းကြံစည်သူ့ကို အမြင်လေ့လာရုံမျှဖြင့် ဖော်ထုတ်ရန် မဖြစ်နိုင်ပေ။ ဖြစ်နိုင်သမျှ အဘက်ဘက်မှ ထောင့်စေ့ရန် စီစဉ်ထားရုံသာရှိသည်။

'ဆာရာဂျိမ်းမိုး'အား အေးဂျင့် 'ဂယ်ရီယောဂါ'က တွေ့ဆုံစစ်မေးပြီး နောက်တစ်နေ့တွင် သူမက သမ္မတဂျာရယ်ဖို့ဒ်အား သေနတ်ဖြင့်ပစ်ခတ်သည်။ ယင်းအတွက် ဂယ်ရီယောဂါသည် ကွန်ဂရက် ရှေ့မှောက်တွင် အစစ်အမေးခံရသည်။ ဆာရာသည် အန္တရာယ်မရှိသူဟု မည်သည့်အချက်များကြောင့် ဆုံးဖြတ်ခဲ့သည်ကို ကွန်ဂရက်သို့ တင်ပြရသည်။ သူ၏ တင်ပြချက်ကို ကွန်ဂရက်ကလက်ခံခဲ့သည့်အတွက် တော်ပေသေးသည်။

ထောက်လှမ်းရေးအလုပ်သည် မတိကျသော သိပ္ပံပညာ (imprecise science)ဟု ဆိုနိုင်သည်။ ထောက်လှမ်းရေးပညာကို အသုံးပြုလျက် လုပ်ကြံမှုဖြစ်ပွားတော့မည်ကို ကြိုတင်ဟောကိန်းထုတ်နိုင်ခဲ့သည့်အခါများ ရှိသလို လွဲချော်သွားခဲ့သည်များလည်း ရှိသည်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်သည် အန္တရာယ်ပြုနိုင်သူဟု ဆုံးဖြတ်ပါက သူ့အား စောင့်ကြည့်နေရတော့သည်။ သူ့ထံ မကြာခဏ သွားရောက်တွေ့ဆုံမေးမြန်းရသည်။ စိတ်ကျန်းမာရေးဆေးရုံတွင် ရှိနေသူဆိုလျှင် ထိုသူသည် ဆေးရုံတွင် ရှိနေဆဲ ဟုတ် မဟုတ် စောင့်ကြည့်စစ်ဆေးရသည်။ အကယ်၍ သမ္မတသည် ထိုသူရှိရာဒေသ သို့မဟုတ် အနီးပတ်ဝန်းကျင် ဒေသသို့ သမ္မတလာရောက်မည်ဆိုလျှင် ထိုသူအား ဆေးရုံမှ အပြင်ထွက်လည်ပတ်ခွင့်ပိတ်ထားရန် စီစဉ်ရသည်။

အန္တရာယ်ပေးနိုင်သူများကို သွားရောက်တွေ့ဆုံခြင်းဖြင့် ယင်းတို့သည် ရှေ့ဆက်တိုးရန် တွန့်ဆုတ်သွားကြသည်။ သူ၏ စိတ်ကူးအကြံအစည်ကို အေးဂျင့်များက သိရှိနေသဖြင့် ရှေ့ဆက်တိုးရန် မဖြစ်နိုင်သည်ကို သဘောပေါက်သွားကြသည်။ ယင်းသို့ သွားရောက်တွေ့ဆုံခြင်းဖြင့် တားဆီးနိုင်ခဲ့သော အဖြစ်အပျက်များ မည်မျှရှိသည်ကို မသိနိုင်ပေ။

တယ်လီဖုန်းဖြင့်လည်းကောင်း စာရေးသားခြင်းဖြင့်လည်းကောင်း သမ္မတအား ခြိမ်းခြောက်ခဲ့သူများ၏ ၉၅ ရာနှုန်းသည် ယင်းတို့ ခြိမ်းခြောက်သည့်အတိုင်း ဆောင်ရွက်နိုင်သည့် အခြေအနေတွင် မရှိကြပေ။ ကျန် ၅ ရာနှုန်းသည်သာ လက်တွေ့ အကောင်အထည်ဖော်နိုင်သည့် အခြေအနေတွင် ရှိကြသည်။ ထို ၅ ရာနှုန်းသည် အန္တရာယ်မပြုကြခြင်းကိုထောက်လျှင် အေးဂျင့်များ သွားရောက် တွေ့ဆုံမေးမြန်းထားခြင်းသည် အကျိုးသက်ရောက်မှုရှိသည်ဟု ဆိုရပါသည်။

၁၉၇၉ ခုနှစ်တွင် ဘဏ္ဍာရေးဌာနသို့ ရာထူးတိုးမြှင့်လျက် ဘဏ္ဍာရေးဝန်ကြီး၏ အထူးလက်ထောက်အဖြစ် ကျွန်တော် တာဝန်ထမ်းရသည်။ ကျွန်တော်သည် လုပ်သက်ဆယ်နှစ်မျှသာ ရှိသေးသော်လည်း ဘဏ္ဍာရေးဝန်ကြီး၏ အထူးလက်ထောက် တာဝန်ထမ်းဆောင်ရခြင်းမှာ ထူးခြားမှု ဖြစ်သည်။ ဥပဒေထိန်းသိမ်းရေးနှင့် အော်ပရေးရှင်းဆိုင်ရာ ဒုတိယဝန်ကြီးထံ ကျွန်တော်က တိုက်ရိုက်အစီရင်ခံရသည်။

ကျွန်တော်၏ရုံးခန်းမှာ ခပ်သေးသေးဖြစ်ပြီး ၁၅ လမ်းကို မြင်နေရသည်။ အိမ်ဖြူတော် တောင်ဘက်တွင်ဖြစ်သည်။ ဘဏ္ဍာရေးဝန်ကြီး၏ ရုံးခန်းသည် ကျွန်တော့်ရုံးခန်း အောက်တည့်တည့်တွင် ရှိသည်။

၁၉၇၉ ခုနှစ် ဆောင်းဦးပေါက်တွင် ကျူးဘားသမ္မတ ဖီဒဲလ် ကတ်စထရို နယူးယော့(ခ်)မြို့သို့ ရောက်လာသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံတက်ရောက်ရန် ဖြစ်သည်။

ကုလသမဂ္ဂဆိုင်ရာ ကျူးဘား အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးသည် လက်ဆင်တန် ရိပ်သာလမ်းနှင့် ၃၈ လမ်းထောင့်တွင် ဖြစ်သည်။ ကျူးဘားအဖွဲ့ရုံး၏ မျက်နှာချင်းဆိုင် ဒုတိယအထပ်တွင် ကျွန်တော်တို့ ကွပ်ကဲရေးစခန်းကို ဖွင့်ထားရသည်။ နယူးယော့(ခ်)ရဲနှင့် ပူးပေါင်းဆောင်ရွက်ရသည်။ အထွေထွေညီလာခံ ကျင်းပချိန်ဖြစ်သဖြင့် နယူးယောက်ရဲက ချထားသော အရံအတားများကို နေရာတကာ တွေ့နေရသည်။ ကတ်စထရိုသည် ထူးထူးဆန်းဆန်း ပြမ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်တတ်သူဖြစ်သည်။ နယူးယော့(ခ်)သို့ နံနက်သုံးနာရီတွင် ရောက်လာပြီး ပြန်လည်ထွက်ခွာသောအခါတွင် နံနက်သုံးနာရီခွဲတွင် ဖြစ်သည်။

ကျူးဘားမှ လာရောက် အခြေချနေထိုင်သူ နယူးယော့(ခ်)တွင် အများအပြားရှိသဖြင့် လုံခြုံရေးကို အထူး ဂရုပြုရသည်။ ကျူးဘားအဖွဲ့ရုံးမှ ကုလသမဂ္ဂဌာနချုပ်အထိ ထောင်နှင့်ချီသော ရဲများကို ပခုံးချင်း ထိလုမတတ် ချ ထားသည်။

ကတ်စထရို့ မော်တော်ယာဉ်နောက်ကပ်လျက် ကားတွင် ကျွန်တော်က လိုက်ပါသည်။ ကုလသမဂ္ဂတွင် မိန့်ခွန်းပြောပြီးသည့်အခါ ကတ်စထရိုသည် အဖွဲ့ရုံးသို့ တန်းပြန်လာသည်။ နယူးယော့(ခ်)တွင်တွင် သူ၏ အချိန်အများ ကို အဖွဲ့ရုံး၌သာ ကုန်လွန်စေခဲ့သည်။

သူ ပြန်လည်ထွက်ခွာမည့်ညတွင် မော်တော်ယာဉ်နှစ်စင်းကို မြေအောက်ကားဂိုဒေါင်အတွင်း မောင်းသွင်းပြီး ဂိုဒေါင်တံခါးကို ပိတ်ထားလိုက်သည်။ ကားအတွင်းသို့ မည်သူဝင်သည်ကို အပြင်မှ မမြင်စေရန် ဖြစ်သည်။ ဂိုဒေါင်အတွင်း စောင့်ဆိုင်းနေကြစဉ် ကတ်စထရို ရောက်လာသည်။ သူသည် ကိုယ်လုံး ကိုယ်ဖန်ထွားကျိုင်းပြီး ခံ့ညားထယ်ဝါသော ဥပဓိရုပ်ရှိသည်။ သူ့ အရံမော်တော်ယာဉ်၏ နောက်ခန်းတွင် ဝင်ထိုင်မည်အလုပ်တွင် ကျွန်တော်က သူ့ ပခုံးပေါ်သို့ လက်တင်လိုက်ပြီး "ဟိုဘက် ကားပါခင်ဗျာ" ဟု ပြောလိုက်သည်။ သူက အံ့သြသွားဟန်ရှိသည်။ ထိုနောက် ကားရှိရာ သို့ လျှောက်သွားသည်။

ကျွန်တော် ဘဏ္ဍာရေးဌာနတွင် တာဝန်ထမ်းဆောင်နေချိန်၌ ဌာနတွင်း ပဋိပက္ခများ ပြင်းထန်လာသည်။ အုပ်စု နှစ်ခုအတွင်း ဖြစ်ပွားမှုသည် နောင်နှစ်ပေါင်းများစွာအထိ အရှိန်မသေဘဲ ဖြစ်ခဲ့ရသည်။

ဘဏ္ဍာရေးဝန်ကြီး၏ အထူးလက်ထောက်ဖြစ်သော်လည်း လုပ်ငန်းသဘာဝအရ လျှို့ဝှက်ထောက်လှမ်းရေး ညွှန်ကြားမှူးနှင့် နေ့စဉ် ကျွန်တော် ဆက်ဆံဆောင်ရွက်နေရသည်။ ဘဏ္ဍာရေးဌာနနှင့် လျှို့ဝှက်ထောက်လှမ်းရေးဌာန အကြား နေ့စဉ် လူးလာခေါက်တုံ့သွားနေရသည်။

လျှို့ဝှက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး 'စတူနိုက်' (Stu Knight)သည် ကနေဒါတွင် မွေးဖွားခဲ့သူ ဖြစ်သည်။ သူ့အား ကျွန်တော် များစွာလေးစားသည်။ ဒုတိယကမ္ဘာစစ်အတွင်း ပစိဖိတ်ဒေသ စစ်ဆင်ရေးတွင် ငွေကြယ် သူရဲကောင်းတံဆိပ်ချီးမြှင့်ခံရသူဖြစ်သည်။ သူသည် ခံ့ညားတည်ကြည်သော ဥပဓိရုပ်နှင့် အမူအရာရှိသူလည်း ဖြစ်သည်။ ထူးချွန်သော အေးဂျင့်ဖြစ်ခဲ့ပြီး ထောက်လှမ်းရေးနှင့် လုံခြုံရေး လုပ်ငန်းတာဝန်များကို သမမျှတအောင် ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စွမ်းရှိသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေး ဒုညွှန်ကြားရေးမှူးမှာ 'မိုက်ဝင်းစတိန်း' ဖြစ်သည်။ ဖီလာဒဲဖီးယားတွင် ကျွန်တော့် အထက်အရာရှိ ဖြစ်ခဲ့သူဖြစ်သည်။ ပါးရေနပ်ရေရှိပြီး ရိုးသားဖြောင့်မတ်ကာ စီမံခန့်ခွဲရေးတွင် ထူးချွန်သည်။ သူသည် 'စတူနိုက်'၏ နေရာကို ဆက်ခံရန် အသင့်တော်ဆုံးဖြစ်သည်။ သို့သော် ဖြစ်မလာခဲ့။

ထိုအချိန်က လော့အင်ဂျယ်လိစ် ရုံးခွဲအကြီးအကဲမှာ 'ဘော့ပ်ပိုဝစ်' ဖြစ်သည်။ သူသည် လျှို့ဝှက်ထောက်လှမ်းရေးဌာနတွင် ဩဇာကြီးမားသူဖြစ်သည်။ လော့အင်ဂျယ်လိစ်နယ်မြေသည် ကြီးမားကျယ်ပြန့်ပြီး ရုံးခွဲမှာလည်း ဝန်ထမ်းအင်အားများပြားသည်။

ထို့ကြောင့် သူ့အား အချို့က နောက်ပြောင်လျက် 'အနောက်ဘက်ကမ်းခြေ ညွှန်ကြားရေးမှူး' ဟုခေါ်ဆိုကြသည်။ အလုပ်လုပ်လျှင် အင်နှင့်အားနှင့် လုပ်တတ်သူ ဖြစ်သည်။ လက်အောက်ငယ်သားများက သူ့အား များစွာရိုသေလေးစားကြသည်။ သူ့တပည့်တပန်းများသည် လျှို့ဝှက်ထောက်လှမ်းရေးဌာနတွင် ပျံ့နှံ့စွာရှိနေကြသည်။

ညွှန်ကြားရေးမှူး စတူနိုက်ကို စိန်ခေါ်နိုင်သူမှာ ဘော့ပ်ပိုဝစ်ဖြစ်သည်ဟု ယူဆကြသည်။ ညွှန်ကြားရေးမှူးဖြစ်သူလည်း ထိုသို့ ယူဆသဖြင့် သူ့အား ဝါရှင်တန်သို့ခေါ်ထားလိုက်သည်။ ညွှန်ကြားရေးမှူး၏ ပါးနပ်သော ရွှေ့ကွက်ဟုဆိုရမည်။ ဆိုရိုးစကားတစ်ခုအတိုင်း " မိတ်ဆွေများနဲ့ နီးနီးကပ်ကပ်နေပါ။ ရန်သူနှင့်ဆိုလျှင် ထိုထက် ပိုမိုနီးကပ်ရန်ဆိုအပ်သည်"

လုံခြုံရေးဌာန၏ လက်ထောက်ညွှန်ကြားရေးမှူးဖြစ်လာသော ဘော့ပိုဝစ်သည် လော့အင်ဂျယ်လိစ်မှာကဲ့သို့ အာဏာပိုင်မဟုတ်တော့။ လွတ်လွတ်လပ်လပ် မရှိတော့။ သူ့အား စတူနိုက်က ခြေချုပ်ချထားလိုက်ခြင်း ဖြစ်သည်။ သူသည် စုံစမ်းထောက်လှမ်းရေးတွင် သူမတူအောင်အစွမ်းပြနိုင်သူဖြစ်သဖြင့် တမင်ရည်ရွယ်လျက် လုံခြုံရေးဌာနတွင် ချထားလိုက်ခြင်းဖြစ်သည်။ ဘော့ပိုဝစ်သည် ကျွမ်းကျင်မှုကို မပြနိုင်အောင် လုပ်ထားခြင်းဖြစ်သည်။

လော့အင်ဂျယ်လိစ်မှ တပည့်များကို ဘော့ပိုဝစ်က လုံခြုံရေးဌာန၏ ထိပ်ပိုင်းရာထူးများတွင် ထည့်သွင်းခြင်းဖြင့် တန်ပြန်လှုပ်ရှားလာသည်။

လျှို့ဝှက်ထောက်လှမ်းရေးဌာနတွင် ဝန်ထမ်းလေးမျိုးလေးစားရှိသည်ဟု ယေဘုယျ သတ်မှတ်နိုင်သည်။ ပထမအမျိုးအစားမှာ စုံစမ်းထောက်လှမ်းခြင်းကိုသာ လုပ်လိုပြီး ထိုမှအပ ဘာမျှ စိတ်မဝင်စားသူများဖြစ်သည်။ ဒုတိယအမျိုးအစားမှာ လုံခြုံရေးဘက်တွင်သာ အားသန်သည်။ အိမ်ဖြူတော်နှင့်ပတ်သက်၍ လုပ်ကိုင်နေရသည်ကို ဂုဏ်ယူနှစ်သက်နေသူများ ဖြစ်သည်။ သူတို့သည်လည်း အခြားတာဝန်များကို မလုပ်လိုကြသည်။ တတိယအမျိုးအစားမှာ စုံစမ်းထောက်လှမ်ရေးနှင့် လုံခြုံရေးတာဝန်များကို တစ်လှည့်စီထမ်းဆောင်ရင်း ကျေနပ်နေကြသူများဖြစ်သည်။ သူတို့

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ကိုယ်သူတို့ စွယ်စုံတာဝန်ထမ်းဆောင်နိုင်သူများအဖြစ် ဂုဏ်ယူကြသည်။ နောက်ဆုံးအမျိုးအစားမှာ လေ့ကျင့်ရေးနှင့် ခေတ်မီနည်းပညာကိုသာ စိတ်ဝင်စားကြပြီး ဝန်ထမ်းဘဝ တစ်လျှောက်လုံး ထိုတာဝန်များကိုသာ ထမ်းဆောင်လိုကြသည်။

ယင်းသို့ လေးမျိုးလေးစားရှိသော်လည်း ဌာနတွင်း အုပ်စုတိုက်ပွဲ လောင်မြိုက်လာသည့်အခါ လုံခြုံရေး အုပ်စုနှင့် ထောက်လှမ်းရေး အုပ်စုဟု နှစ်ပိုင်းကွဲသွားသည်။ ထောက်လှမ်းရေးအုပ်စုကို တစ်ဘက်က 'ထောက်လှမ်းရေး အန်ဖတ်'ဟု အမည်ပေးထားသလို၊ တစ်ဘက်ကလည်း 'လုံခြုံရေးအန်ဖတ်'ဟု ခေါ်ကြပြန်သည်။ မလိုမုန်းထားစိတ်ဖြင့် ပေးသော အမည်ဖြစ်သော်လည်း ဝန်ထမ်းဘဝတစ်လျှောက်လုံး တွင်သွားမည့်အမည်ဖြစ်သည်။

စတူနိုက်နှင့် ဘော့ပ်ပိုဝစ်အကြား ကြီးမားသော တင်းမာမှုကြောင့် ဌာနတွင်း ပြဿနာများ ဖြစ်ရသည်။ မည်သူအနိုင်ရသည် ဖြစ်စေသည် အနိုင်ရသူ ကျွန်တော့်အား တစ်ဘက်အဖွဲ့သားဖြစ်သည်ဟု သမုတ်ကြမည်သာ ဖြစ်သည်။

ကံကောင်းထောက်မစွာ ထိုပဋိပက္ခမှ လွတ်မြောက်ရန် အခွင့်အလမ်းပေါ် လာသည်။ ပရင်စတန် တက္ကသိုလ် တွင် ပြည်သူ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး ဘွဲ့အတွက် တက်ရောက်ရန် ကျွန်တော် အရွေးချယ်ခံရသည်။ ၁၉၆၆ ခုနှစ်တွင် စတူနိုက် တက်ရောက်ခဲ့ပြီးနောက် ကျွန်တော်တက်ရောက်ရန် အခွင့်အရေးရခြင်း ဖြစ်သည်။ ၁၉၈ ပြည့်နှစ် ဆောင်းဦးပေါက်တွင် ကျွန်တော် စ တက်ရသည်။

၁၉၈၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲတွင် ရော်နယ်ရီဂင် အရွေးချယ်ခံရသည့်အတွက် ဘော့ပိုဝစ်ဘက်သို့ အလေးသာလာသည်။ ဘော့သည် ရီဂင် ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး (ဂါဗနာ)ဘဝကတည်းက သိကျွမ်းခဲ့ သည်။ မကြာမီတွင် ဘော့ပ်သည် ဘဏ္ဍာရေးဌာန ဒုတိယလက်ထောက်ဝန်ကြီး ဖြစ်လာသည်။ လျှို့ထောက်လှမ်းရေး ညွှန်ကြားရေးမှူးက သူ့ထံတွင် အစီရင်ခံရသည်။ ယင်းသို့ဖြင့် ဘော့ပ်ပိုဝစ်သည် စတူနိုက်အား ဖိထားနိုင်လိုက်သည်။

၁၉၈၁ ခုနှစ်တွင် ကျောင်းပြီး၍ ကျွန်တော် ပြန်ရောက်လာသည်။ ထိုအချိန်တွင် ဂျွန်ဆမ်ပဆင်က ထောက်လှမ်း ရေးညွှန်ကြားရေးမှူး ဖြစ်နေသည်။ သူ့ ကျွန်တော့်အား ရာထူးတိုးမြှင့်လျက် ပြန်ကြားရေးဌာန ဒုတိယလက်ထောက် ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်သည်။ ထောက်လှမ်းရေးဌာန၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် ဆောင်ရွက်ရသည်။ မည်သည့် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ကျွန်တော့်အား ရာထူးတိုးမြှင့်ပေးသည်ကို မသိရ။

ပြန်ကြားရေးသည်နှင့် ပတ်သက်၍ ကျွန်တော်သည် အစိမ်းသက်သက်ဖြစ်သည်။ မီဒီယာများနှင့် ဆက်ဆံရသည် မှာ ကျွန်တော် သက်သောင့်သက်သာမရှိ။ ကျွန်တော်မတိုင်မီ ပြန်ကြားရေးကို တာဝန်ယူသွားသူများအနက် 'ဂျက်ဝ... သည် ထက်မြက်သူ ဖြစ်သည်။ တစ်ခါတွင် သူသည် စီအန်အန်မှ လာရီကင်းနှင့် တွေ့ဆုံမေးမြန်းခန်း အစီအစဉ် ပါဝင်ခဲ့ရသည်။ ထောက်လှမ်းရေးဌာန၏ လုပ်ငန်းအဝဝကို သူ့ စုံတကာစေ့အောင် အကွက်ကျကျ ပြောသွားနိုင်...

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ည်။ သူ့ထက်ကောင်းအောင် မည်သူမျှပြောနိုင်မည်မထင်။ ထိုအင်တာဗျူးကို သွင်းယူထားသည့် တိတ်ခွေကို ကျွန်တော် ပ်ခါတလဲလဲ နားထောင်သည်။ သူကဲ့သို့ ထူးချွန်သူ ဖြစ်ချင်ခဲ့ပေသည်။

မီဒီယာများနှင့် ဆက်ဆံရသည်မှာ အတော်ပင် အန္တရာယ်များသည်။ လုပ်သက်ရက်ပိုင်းအတွင်း၌ပင် သူတို့ကို ကျွန်တော် ချုပ်ကိုင်မထားနိုင်ဆိုသည်ကို သဘောပေါက်သွားသည်။ သူတို့က ကျွန်တော်နှင့် တွေ့ဆုံမေးမြန်းပြီး ရေးသားသော သတင်းများတွင် အမှားအယွင်းများ၊ ချဲ့ကားမှုများ၊ အကွန့်အညွှန့်များဖြင့် ပြည့်နေသည်။ ကျွန်တော်၏ ဆိုလိုရင်း မပါတော့။ ပါလျှင်လည်း တလွဲတချော် ဖြစ်နေတတ်သည်။

ကျွန်တော် မပြောသည်များကို ထည့်ရေးသော သတင်းထောက်များကို မည်သို့သဘောပေါက်အောင် ပြောရမည်ကို ကျွန်တော်မသိ။ သူတို့ကို မည်သူမျှ မထိန်းနိုင်။ ကျွန်တော်သည် သတင်းသမားမဟုတ်သည့်အတွက် သူတို့အား နားလည်ခြင်း ဖြစ်ကောင်းဖြစ်ပေမည်။ ထောက်လှမ်းရေးဌာန၏ ပြန်ကြားရေးဆိုင်ရာ လုပ်နည်းလုပ်ဟန်မှာ ကျွန်တော် ဖြစ်စေချင်သော ပုံစံမဟုတ်။ လျှို့ဝှက်လွန်းသည်၊ ပွင့်ပွင့်လင်းလင်းမရှိ။ လျှို့ဝှက်ဟူသော ခေါင်းစဉ်တပ်ကာ ဆင်ခွေ့ရန် ရှောင်လုပ်ခြင်းသည် သတင်းသမားများနှင့် ဆက်ဆံရေးကို တင်းမာစေသည်။

ကျွန်တော့်နေရာတွင် သတင်းသမားစစ်စစ်က တာဝန်ယူသင့်သည်ဟု ကျွန်တော် ထင်သည်။ သတင်းသမားကို သမ္မတ လုံခြုံရေးအေးဂျင့်အဖြစ် တာဝန်မပေးနိုင်သလို အေးဂျင့်ကိုလည်း သတင်းသမား တာဝန်ယူခိုင်းသည်မှာ သဘာဝမကျပေ။

ပြန်ကြားရေးဌာနတွင် နှစ်နှစ်ကြာတာဝန်ထမ်းဆောင်ပြီးသည့်အခါ ကျွန်တော့်အား ရာထူးတိုးမြှင့်လျက် သမ္မတရေဂင်၏ အထူးလက်ထောက်လုံခြုံရေးအရာရှိအဖြစ် ခန့်အပ်ခံရသည်။ ရီဂင်အနားတွင် တာဝန်ထမ်းဆောင်ခဲ့ရသော လေးနှစ်တာကာလသည် ရင်ခုန်လွမ်းမောဖွယ်ရာ ဖြစ်သည်။

■

The bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၈ သမ္မတ၏ အမှုတော်ထမ်းရွက်ခြင်း

သမ္မတကြီး ရော်နယ်ရီဂင်အား ကျွန်တော် ပထမဆုံးတွေ့ရသည့်နေ့မှာ ၁၉၈၁ ခု ဧပြီလ ၃ ရက်နေ့ဖြစ်သည်။ အိမ်ဖြူတော် ဘဲဥပုံရုံးခန်းတွင် ကျွန်တော်တို့၏ ခေါင်းဆောင် 'ဘော့ပ်ဒီပရောစပါရို'က သမ္မတကြီးနှင့် ကျွန်တော်တို့ အေးဂျင့်များအား မိတ်ဆက်ပေးခဲ့သည်။ သမ္မတက ကျွန်တော်တို့အား ဝတ်ကျေတမ်းကျေ လက်ဆွဲနှုတ်ဆက်ပြီး ''ကြိုဆိုပါတယ်။ အားလုံး ကံကောင်းကြပါစေ'' ဟု ပဋိသန္ထာ ရပြုသည်။ တွေ့ဆုံမိတ်ဆက်မှုမှာ ဝတ်ကျေတမ်းကျေသာ ဖြစ်သော်လည်း လာမည့် လေးနှစ်တာကာလ၏ နိဒါန်းအစ ဖြစ်ပေသည်။

ယခု တစ်ကြိမ်နှင့်ဆိုလျှင် 'ဘော့ပ်'၏ လက်အောက်တွင် ကျွန်တော် တာဝန်ထမ်းဆောင်ရသည်မှာ တတိယအကြိမ်ဖြစ်သည်။ ကျွန်တော့်အား သမ္မတ ကိုယ်ရံ တော်အေးဂျင့်အဖြစ်တာဝန်ပေးရန် သူက ညွှန်ကြားရေးမှူးအား တိုက်တွန်းခဲ့ဟန် တူသည်။ ဒုတိယသမ္မတ ဂျာရယ်ဖို့ဒ်နှင့် ရော့ဖဲလားတို့၏ လုံခြုံရေးအေးဂျင့်အဖြစ် ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့စဉ်က သူသည် ကျွန်တော်တို့အဖွဲ့ခေါင်းဆောင်ဖြစ် သည်။ သူသည် ကျွန်တော့်ထက် အသက်အနည်းငယ်သာကြီးသည်။

ဘော့ပ်သည် အရပ်ပုပြတ်ပြတ်နှင့် တည်ကြည်ခံ့ညားသော ရုပ်ရည်ရှိသည်။ အနောက်ဗာဂျီးနီးယားတက္ကသိုလ်၏ နပန်းသမားဖြစ်ခဲ့သည်။ သတ်မှတ်ပေးထားသည့် တာဝန်ကို တိတိကျကျလုပ်သူ၊ အလေးအနက်ထား လုပ်ကိုင်သူ၊ အကောင်းဆုံးအေးဂျင့် ဖြစ်သည်။ ကောလိပ်မှ အောင်ပြီးပြီးချင်း လျှို့ဝှက်ထောက်လှမ်းရေးသို့ရောက်လာသူ ဖြစ်သည်။ သူ့ထံမှ ကျွန်တော် လေ့လာသင်ယူခဲ့ရသည်။ သူနှင့် ကျွန်တော် အငြင်းပွား ကြပြီဆိုလျှင် နောက်ဆုံး၌ မှန်ကန်သူမှာ ဘော့ပ်သာလျှင် ဖြစ်နေတတ်သည်။ သူ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သည် အလုပ်ကိုကြိုးစားလွန်းသူ ဖြစ်သဖြင့် သူ့လက်အောက်တွင် လုပ်ကိုင်ရသူများသည် သူ့စံချိန်ကိုမီရန် အသေအလဲ ကြိုးစားကြရသည်။

သမ္မတအား လုပ်ကြံမှု လုံးဝမဖြစ်စေရဟု အေးဂျင့်များ သန္နိဋ္ဌာန်ချထားကြသည့် အချိန်တွင် ဘော့ပ်က ကျွန်တော်တို့ဌာနသို့ရောက်လာသည်။ ဘော့ပ်သည် ဌာန၏ သန္နိဋ္ဌာန်ကို မြဲမြဲစေသူလည်း ဖြစ်သည်။

နောက်တစ်ယောက်မှာ 'တွမ်ကွင်'ဖြစ်သည်။ သူသည် စဉ်းစားချင့်ချိန်ဉာဏ်ကြီးသူဖြစ်သည့်အပြင် တီထွင်ကြံဆ လုပ်ကိုင်နိုင်သော အေးဂျင့်ဖြစ်သည်။ ရုပ်ရှင်မင်းသား ကလင့်အီစ်ဝုဒ်နှင့် ချွတ်စွပ်တူသူဖြစ်သည်။ သူသည် ကျွန်တော် နှင့်ရင်းနှီးသလို ဘော့ပ်နှင့်လည်း ရင်းနှီးသည်။ သမ္မတလုံခြုံရေးကို တာဝန်ယူရာတွင် လိုကွက်ဟာကွက်မရှိစေရန် သူ က နည်းသစ်များကို တီထွင်သည်။ သမ္မတအား မြင်နိုင်သည့်နေရာတွင်ရှိမည့်သူ အားလုံးကို သတ္တုရှာစက်ဖြင့် စစ်ဆေးစေရန် စည်းကမ်းသတ်မှတ်သည်။

သတ္တုရှာစက်သည် အငြင်းပွားဖွယ်ရာ ဖြစ်သည်။ သမ္မတထံလာရောက်ကြသူများသည် နိုင်ငံရေးခေါင်းဆောင် များ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ အရာရှိကြီးများ ဖြစ်သဖြင့် သတ္တုရှာစက်ဖြင့် ရှာဖွေခြင်းသည် စော်ကားမော်ကား အပြုအမူဟု ယူဆသွားစေနိုင်သည်။

ထို့ကြောင့် သိမ်မွေ့စွာ ဆောင်ရွက်ရန်လိုအပ်သည်။ ဘော့ပ်သည် ထိုအခက်အခဲကို ပါးနပ်စွာ ကျော်လွှားနိုင် သည်။ထို့အပြင် ငွေကြေးသုံးစွဲမှုနှင့် သယ်ယူပို့ဆောင်ရေး အခက်အခဲများကိုလည်း သူက နိုင်နင်းစွာ ကိုင်တွယ်နိုင်သည်။ ယခုအခါ ပရိသတ်အတွင်းရှိ လူတိုင်းကို စစ်ဆေးနိုင်သည့် အနေအထားကို ရလာသည်။

သမ္မတ၏ ယာဉ်တန်းခရီးစဉ်တစ်လျှောက် အရေးပေါ်လာပါက အသုံးပြုမည့် ဆေးရုံများတွင် အေးဂျင့် တစ်ယောက်စီ ချထားသောစနစ်ကို ဘော့ပ်က တီထွင်ခဲ့သည်။ ယင်းသို့ချထားရန်မလိုအပ်ဟု စုံစမ်းစစ်ဆေးရေးဌာန မှ အေးဂျင့်များက ယူဆကြသည်။ ထို့ကြောင့် အငြင်းပွားစရာ ဖြစ်ခဲ့သည်။ မရောင်ရာ ဆီလူးနေသည်ဟု ပြစ်တင်ကြ သည်ကို ဘော့ပ် ခံရသည်။

သမ္မတ၏ ကိုယ်ရံတော်အေးဂျင့်အဖြစ် ကျွန်တော့်အား ခေါ်သွင်းလာခြင်းသည် သမ္မတရုံးဝန်ထမ်းများနှင့် ထောက်လှမ်းရေးဌာနတို့အကြား ဆက်ဆံရေးကို ပြေပြစ်ချောမွေ့စေလို၍ ဖြစ်သည်။ ဘော့ပ်က ကျွန်တော့်အား သူ၏ သံအမတ်ကြီးဟု မကြာခဏရည်ညွှန်းပြောဆိုလေ့ရှိသည်။

သမ္မတနှင့် အေးဂျင့်များအကြား ဆက်ဆံရေးသည် အရေးအကြီးဆုံးဖြစ်သည်။ သမ္မတကြီး၏ အနီးကပ်ဝန်ထမ်း များနှင့် အေးဂျင့်များ၏ ဆက်ဆံရေးကောင်းမွန်ပါမှ ကျွန်တော်တို့လုပ်ငန်း ချောမွေ့အောင်မြင်မည်ဖြစ်သည်။ သမ္မတ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



၏ အနီးအနား သွားလာမှုနှင့် ခရီးရှည်သွားလာမှုအတွက် အိမ်ဖြူတော်ဝန်ထမ်းများနှင့် နေ့စဉ် ညှိနှိုင်းဆောင်ရွက်နေရသည်။

'ဘီလ်ဟန်ကဲလ်' (နိဒါန်းတွင် ကြည့်ပါရန်)သည် သမ္မတ၏ ရွေ့ပြောင်းအဖွဲ့ အိမ်ဖြူတော် တာဝန်ခံဖြစ်သည်။ ကျွန်တော့်ထက် တစ်နှစ်စောလျက် အိမ်ဖြူတော်သို့ရောက်နေသူဖြစ်သည်။ သူသည် ငါမှငါဆိုပြီး စိတ်ကြီးဝင်နေသူဖြစ်သော်လည်း ကင်းဆပ်တွင် ကျွန်တော်နှင့် ထိပ်တိုက်တွေ့ပြီးကတည်းက ကျွန်တော်သည် သူ့အား အကူအညီပေးနိုင်သူဖြစ်သည်ကို သူ သဘောပေါက်သွားသည်။

ထို့ကြောင့် ကျွန်တော့်အား အပေါ်စီးမှ မဆက်ဆံတော့။ သူသည် စိတ်ကြီးဝင်နေသူဖြစ်သော်လည်း အမှန်တကယ် အရည်အချင်းရှိသူဖြစ်ကြောင်း ကျွန်တော် သိလာရသည်။

အိမ်ဖြူတော် ဒုရုံးအဖွဲ့မှူး မိုက်ဒီဗာသည် သူလိုချင်သည်ကို မည်သို့ယူရမည်ကိုသိသည်။ သူလိုချင်သည်ကိုသာ ဦးစားပေးသူဖြစ်သည်။ လိုချင်တာရလျှင် ပြီးရော ဘယ်သူဘာဖြစ်ဖြစ်ဆိုသည့် လူမျိုးဖြစ်သည်။ သူသည် နိုင်ငံရေး ဒိဗ္ဗစက္ခုရထားသည်ဟု ဆိုနိုင်လောက်အောင် ကြိုတင်မြင်နိုင်စွမ်းရှိသူဖြစ်သည်။ ရီဂင်၏ အရင်းချာဆုံး လူယုံတော်လည်း ဖြစ်သည်။

သူသည် သမ္မတ၏ ကောင်းကွက်၊ အားသာချက်များကို ကောင်းကောင်းသိနေသည့်အပြင် ထိုအားသာချက်များကို အများသိစေရန် ရုပ်လုံးဖော်ပေးရမည့် နည်းလမ်းများကို ကောင်းစွာသိသည်။ သူသည် ရီဂင်၏ နိုင်ငံရေး ဗျူဟာမှူး ဖြစ်သည်။

နောင်နှစ်ပေါင်း အတန်ကြာတွင် ပီဘီအက်စ် ရုပ်မြင်သံကြားအစီအစဉ်က ရီဂင်၏ ခေတ်ကာလကို မော်ကွန်း မှတ်တမ်းရိုက်ကူးသည်။ ထိုမော်ကွန်းမှတ်တမ်း ရုပ်သံအစီအစဉ်တွင် ဒီဗာက " ရီဂင်ကို ထိုင်ခိုင်းပြီး ကင်မရာ တည့်တည့်ချိန်ပြီး စကားပြောခိုင်းလိုက်တာပဲ။ သမ္မတဟာ စားပွဲမှာထိုင်ပြီး အလုပ်လုပ်တာတို့၊ ရုံးခန်းထဲမှာ ဟိုနားသည်နား လျှောက်ပြတာကို လူထုက စိတ်မဝင်စားဘူး"ဟု ပြောခဲ့သည်။

မက္ကဆီကိုနိုင်ငံ လာပက်ဇ်ခရီးစဉ်တွင် ဒီဗာနှင့် ပထမဆုံး အနီးကပ်လုပ်ခွင့်ရသည်။ ခရီးစဉ်တိုတောင်းသော်လည်း သူ့ကို ကျွန်တော် လေ့လာခွင့်ရခဲ့သည်။ သူအား မောင်းနှင်နေသည့် ဆန္ဒသဘောထား၊ လုံခြုံရေးအေးဂျင့်များ အပေါ် သူ့အမြင်တို့ကို ကျွန်တော်က စူးစမ်းသည်။ တစ်ဘက်အဖွဲ့နှင့် ကျွန်တော့်အား မိတ်ဆက်ပေးပုံ၊ ကျွန်တော် ထိုင်ရန် ပေးသည့်နေရာ၊ သူ ကျွန်တော့်အား မေးသည့်မေးခွန်းများ စသည်တို့ကို ကျွန်တော်က ခြုံငုံသုံးသပ်မိခဲ့သည်။ သူသည် ကျွန်တော်တို့ အေးဂျင့်များအား အရေးကြီးသူများအဖြစ် သတ်မှတ်သည်ကို တွေ့လိုက်ရသည်။ ကျွန်တော့်၏

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အခြင် သဘောထားကို သူက တလေးတစား ဂရုထားသည်။ သူနှင့် အပြန်အလှန် နားလည်မှုရလာသည့်အတွက် အုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့လာသည်။

အိမ်ဖြူတော်ဝန်ထမ်းများနှင့် လက်တွဲလုပ်ရမည် ဖြစ်သဖြင့် သူတို့နှင့် ရင်းနှီးရန်၊ အပြန်အလှန်နားလည်မှု ရရန် ကျွန်တော်က အပြင်းအထန် ကြိုးစားရသည်။ ကျွန်တော် ရင်ဆိုင်နေရသည်မှာ ပြိုင်စံရှားသည့် ဘီဗာနှင့် ဟန်ကဲလ် တို့အတွဲဖြစ်သည်။

ဂျပန်ရဲချုပ် မိုတိုအီရှီနှင့် ကျွန်တော် ထိပ်တိုက်တွေ့ခဲ့သည့် ရီဂင်၏ ဂျပန်ခရီးစဉ်တွင် ရီဂင် ဇနီးမောင်နှံသည် ဝန်ကြီးချုပ် နာကာဆိုနေ၏ ကျေးလက်နေအိမ်သို့ သွားရောက်လည်ပတ်ခဲ့သည်။ (အခန်း ၃ တွင်ကြည့်ရန်) သမ္မတ၏ ဓနိုးဝမ်းရဟတ်ယာဉ်သည် ကျေးလက်အိမ်အနီး စာသင်ကျောင်း ကစားကွင်းတွင် ဆင်းသက်သည်။ ကျောင်းသား ကျောင်းသူလေးများက ပန်းစည်းကိုယ်စီဖြင့် စောင့်ဆိုင်းနေကြသည်။

ဓာတ်ပုံရိုက်ရန် အကောင်းဆုံး၊ အလှပဆုံး အနေအထား ဖြစ်သည်။ သို့သော် ဓာတ်ပုံသမားတို့ အခက်တွေ့ခဲ့ရ လေသည်။ ရီဂင်နှင့် နာကာဆိုနေတို့ ဇနီးမောင်နှံစုံ ကျောင်းသူလေးများထံ ရောက်လာသည့်အခါ ဂျပန်ရဲက ဓာတ်ပုံသမားများကို တားထားသည်။ အနီးသို့ကပ်ခွင့်မပေး။

ဒီဗာက သတင်းထောက်တစ်ယောက် လက်ကို ဆွဲလျက် စည်းအတွင်းသို့ ဆွဲသွင်းသည်။ ဂျပန်ရဲက သူတို့ နှစ်ယောက်ကို တွန်းထုတ်သည်။ ဒီဗာက ပြန် တိုးဝင်သည်။ ယင်းသို့ ကြမ်းကြမ်းတမ်းတမ်း တွန်းထိုးနေကြသည့်အတွက် ကျွန်တော်က စိုးရိမ်လာသည်။ သို့သော် အကူအညီပေးရန် အလှမ်းဝေးနေသည်။ ရီဂင်နှင့် ဝန်ကြီးချုပ်တို့သည် ကလေးများ အား နှုတ်ဆက်အပြီး ပြန်လည်လျှောက်ထွက်သွားနေသည်။ ထိုအချိန်တွင် ဟန်ကဲလ် ပေါ်လာသည်။ ဒီဗာ၏ စိတ်ကူး ကို သိနေသည့်အလား သူက ကလေးနှစ်ယောက်ကို ရီဂင်တို့ ရှေ့သို့ဆွဲခေါ်သွားပေးသည်။ သမ္မတနှင့် သမ္မတကတော်တို့ က ကလေးများအား ပြုံးလျက် နှုတ်ဆက်သည်။ ထိုပုံကို ဓာတ်ပုံဆရာများက အမိအရ ရိုက်ယူနိုင်လိုက်သည်။ ကမ္ဘာအရပ်ရပ်တွင် နောက်တစ်နေ့ ထုတ်ဝေသော သတင်းစာမျက်နှာဖုံး၌ ထိုပုံက ဝင့်ကြွားစွာပါလာသည်။

ထိုခရီးစဉ် ပြီးဆုံးသည့်အခါ ကျွန်တော်၊ ဒီဗာနှင့် ဟန်ကဲလ်တို့သည် သမ္မတ လေယာဉ်နှင့် လိုက်မသွားဘဲ တရုတ်ပြည်သို့ ခရီးဆက်ကြသည်။ နောက် ငါးလအကြာတွင် တရုတ်ပြည်သွားရောက်မည့် သမ္မတ၏ ခရီးစဉ်အတွက် လေ့လာရေးသွားကြခြင်း ဖြစ်သည်။

တရုတ်ပြည်တွင် အခြေအနေ မည်သို့ရှိသည်ကို ကျွန်တော်တို့ မသိကြ။ သို့သော် တရုတ်တို့နှင့် ဆက်ဆံရာတွင် ပျော့ပျောင်းမှုရှိရမည်ကို နားလည်ထားကြသည်။ ကျွန်တော်တို့ လေယာဉ်ကို ပီကင်းသို့ တိုက်ရိုက်ပျံသန်းခွင့်ပေးပြီး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကို ပီကင်း၌သာ ရပ်နားထားစေသည်။ ပြည်တွင်းတွင် ကျွန်တော်တို့ သွားရောက်လိုသော နေရာများသို့ သူတို့လေယာဉ်ဖြင့် လိုက်ပို့ပေးသည်။ သူတို့အသုံးပြုသော လေယာဉ်မှာ ရုရှားလုပ် ပန်ကာတပ်လေယာဉ်ဖြစ်သည်။ ကျွန်တော်တို့သည် မိုင်ပေါင်းများစွာ လေယာဉ်ဖြင့် ခရီးသွားဖူးကြသူများ ဖြစ်ကြသော်လည်း၊ တရုတ်လေယာဉ် ပျံတက်သည်မှ ဆင်းသက်သည်အထိ အချိန်အတွင်း ဘုရား တကာ လိုက်ပါရသည်။

တရုတ်မြို့ကြီးများသို့ လှည့်လည်သွားရောက်ပြီး 'ဆီယန်'သို့ ရောက်လာကြသည်။ စိတ်ပျက်ဖွယ်ကောင်းသည့်နေရာဖြစ်သည်။ ရုရှားက ဆောက်လုပ်ပေးခဲ့သည့် ဟိုတယ်တွင် တည်းခိုရသည်။ အစားအသောက်မှာလည်း စားချင်စဖွယ်မရှိ။ တရုတ်ပြည်အလယ်ပိုင်းတွင် စားသောက်သော တရုတ်အစားအစာများမှာ အမေရိကန်တွင် ကျွန်တော်တို့ တွေ့မြင်ရသည့် ဟင်းလျာမျိုးမဟုတ်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက အကောင်းဆုံးဆိုသည့် ဟင်းလျာများကို ကျွန်တော်တို့အား တည်ခင်းသော်လည်း သူတို့၏ လေယာဉ်နည်းတူ သူတို့အစားအစာများမှာ ကျွန်တော်တို့အဖို့ စိတ်မချရ ဖြစ်နေသည်။

ဟင်းလျာ၏အမည်ကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြခြင်း မပြုနိုင်ပါက ထိုဟင်းလျာကို ကျွန်တော် မစားဟု သတ်မှတ်ထားလိုက်သည်။ ကျွန်အဖွဲ့ဝင်များကလည်း ကျွန်တော့်နည်းတူ တောင်းဆိုကြသည်။ အိမ်ရှင်ကို စော်ကားသလို ဖြစ်နေသော်လည်း မတတ်နိုင်ပေ။ ညစဉ်ညတိုင်း တည်ခင်းသော ဟင်းလျာများသည် အမျိုးအမည် မခွဲခြားနိုင်သော မူလရုပ် ပျောက်နေသောဟင်းများ ဖြစ်သည်။

အချို့ဟင်းလျာများကို အင်္ဂလိပ်ဘာသာဖြင့် မဖော်ပြနိုင်သည့်အခါ ကျွန်တော်တို့က ထိုဟင်းလျာကိုမစားဘဲနေသည်။ ပင်လယ်ပက်ကျိဟင်းချို၊ ကုလားအုပ်အခွတ် စွပ်ပြုတ်တို့ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနိုင်သော်လည်း အချို့ဟင်းလျာများ၏ တရုတ်ဘာသာ အခေါ်အဝေါ်ကို အင်္ဂလိပ်ဘာသာသို့ မပြန်ဆိုနိုင်ခဲ့ပေ။

ဝါရှင်တန်ပို့စ် မဂ္ဂဇင်းပါ ဆောင်းပါးတွင် ယန်စီမြစ်၏ အံ့ဖွယ်တောင်ကမ်းပါးရံတို့အကြောင်း ရေးသားထားသည်ကို ဒီဗာက ဖတ်ဖူးသည်။ ထိုနေရာသို့ ရီဂင်အား ခေါ်သွားရလျှင် ကောင်းမည်ဟု စိတ်ကူးရသဖြင့် ကျွန်တော်တို့ 'ဘာဝွန်' အမည်ရှိ ဒေသသို့ လေယာဉ်ဖြင့်သွားကြသည်။ လူနေကြဲပါးသော ကန္တာရအရပ်ဖြစ်သည်။ ဒေသခံများသည် အနောက်နိုင်ငံသားကို တစ်ခါမျှ မတွေ့ဖူးကြ။ ကျွန်တော်တို့အား အထူးအဆန်းသဖွယ် လာကြည့်ကြသည်။

မော်တော်ဘုတ်ဖြင့် မြစ်ကြောင်းတစ်လျှောက် လှည့်လည်ကြည့်ကြသည်။ သဘာဝကဖန်တီးထားသော ကမ်းပါးရံကြီးများမှာ ရင်သပ်ရှုမောဖွယ်ဖြစ်သည်။ ကျောက်သားကို ထွင်းထုတ်ဖောက်လုပ်ထားသော လူသွားလမ်းသည် ကမ်းပါးယံနံဘေးတွင် ကပ်လျက်သားရှိသည်။ ထိုစကြံလမ်းကို နှစ်ပေါင်းရာနှင့်ချီ အချိန်ယူဖောက်လုပ်ခဲ့ပုံပေါ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ည်။ တောင်ပေါ်မှ ကျောက်မီးသွေးကို မြစ်ကမ်းရှိ ဆိပ်ခံတံတားသို့ သယ်ယူနိုင်ရန် ဖောက်လုပ်ထားသော စကြိုလမ်းဖြစ်သည်။

မော်တော်ဘုတ်ပေါ်တွင် ပါလာသည့် အစားအစာများသည် ဆီယန်တွင် စားခဲ့ရသည်များထက် များစွာပိုကောင်းသဖြင့်တော်ပေသေးသည်။ တရုတ်ပြည်တွင် ပီကင်းမြို့မှ လွဲ၍ အခြားအရပ်ဒေသများ၌ အရာရာသည် အမေရိကန်စံချိန်စံနှုန်း ကို မမီပေ။ ထို့ကြောင့် ရီဂင်အား ပီကင်းနှင့် ရှန်ဟိုင်းတွင်သာနေစေပြီး 'ဘာဂွန်'သို့ နေ့ချင်းပြန်ခရီးသာလာရန်ဒီဗာက ဆုံးဖြတ်သည်။ ရီဂင်သည် ပီကင်းတွင် နိုင်ငံခြားခေါင်းဆောင်တို့ ပြုမြဲကိစ္စများကို ဆောင်ရွက်ရဦးမည်ဖြစ်သည်။ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူခြင်း၊ ပြည်သူ့ခန်းမတွင် တည်ခင်းသော ညစာစားပွဲသို့တက်ရောက်ခြင်းသည်တို့ကို လုပ်ရပေမည်။

လုံခြုံရေးအစီအမံများအတွက် တရုတ်အာဏာပိုင်များနှင့် အကြိတ်အနယ် ဆွေးနွေးရသည်။ ကျွန်တော်တို့ဆက်သွယ်ရေးစက်များ ယူလာသည်ကို သူတို့က နားမလည်နိုင်။ အစောင့်အချင်းချင်း မပြတ်ဆက်သွယ်နေရန် လိုအပ်ကြောင်း ရှင်းပြရသည်။ ကျွန်တော်တို့ ဆက်သွယ်ရေးစက်များသည် တရုတ်ပြည်တွင် ကြည်လင်ပြတ်သားမှု မရှိဖြစ်နေသည်။ ယင်းသို့ ဖြစ်ရသည်မှာ ကျွန်တော်တို့ အသုံးပြုသော ရေဒီယိုလှိုင်း (ဖရီကွင်စီ)နှင့် တက္ကဆီများသုံးသော ရေဒီယိုလှိုင်းတို့ တူနေသည့်အတွက် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့၏ ဖရီကွင်စီကို ပြောင်းလိုက်ရသည်။

ရီဂင်တည်းခိုရန်အတွက် အစိုးရဧည့်ဂေဟာတွင် တရုတ်ဘက်က စီစဉ်ပေးသည်။ ၁၉၇၁ ခုနှစ် သမ္မတနစ်ဆင်လာရောက်စဉ်က တည်းခိုခဲ့သော ဧည့်ဂေဟာဖြစ်သည်။ ဧည့်ဂေဟာ ဝင်းခြံအတွင်း အိမ်ငယ်လေးများ အစီအရီ ဆောက်ထားသည်။ ကျွန်တော်တို့က လက်ခံနိုင်သည့် အနေအထားဖြစ်သည်။

နည်းပညာဆိုင်ရာ လုံခြုံရေးအဖွဲ့သည် သမ္မတ၏ ဆက်သွယ်ရေးလုံခြုံမှုကို တာဝန်ယူထားရသည့် အဆင့်မြင့်နည်းပညာဆိုင်ရာ ထိပ်တန်းကျွမ်းကျင်သူများ ဖြစ်သည်။ သူတို့သည် နောက်ကွယ်မှ အလုပ်လုပ်ကြသူများဖြစ်သည်။ တစ်ဘက်မှ အီလက်ထရွန်နစ်နည်းဖြင့် ထောက်လှမ်းရန် ကြိုးပမ်းမှုကို ဖယ်ရှားရှင်းလင်းရသည့် တာဝန်ကိုလည်းထမ်းဆောင်ရသည်။

ကင်မရာ၊ မိုက္ကရိုဖုန်း အသေးစားလေးများ၊ မိုက္ကရိုဝေ့လှိုင်းသုံး ခိုးနားထောင်သည့် ကိရိယာများ စသည့်အစွမ်းထက် ကိရိယာတို့ဖြင့် ပြိုင်ဘက်နိုင်ငံများက ထောက်လှမ်းရန် ကြိုးပမ်းမှုများ အမြဲရှိနေသည်။ တစ်ခါတစ်ရံ အလှမွေးရွှေငါးကိုယ်ထဲတွင် မိုက္ကရိုဖုန်းရှိနေသည်ကို တွေ့ရသည်။ နည်းပညာဆိုင်ရာလုံခြုံရေးအဖွဲ့သည် ယင်းသို့ ကျူးကျော်ထောက်လှမ်းမှုများကို ရှာဖွေဖော်ထုတ်နေရသည်။ အိမ်ဖြူတော်အတွင်း၌ပင် အမြဲစစ်ဆေးနေရသည်။ တစ်ဘက်ထက်

the bookhouse we bring your future
www.burmeseclassic.com

www.burmeseclassic.com



အမြဲသာနေစေရန် စီအိုင်အေ၊ အက်ဖ်ဘီအိုင်ကဲ့သို့ အေဂျင်စီများဖြင့် ပူးပေါင်းလျက် နည်းပညာသစ်များ တီထွင်နေရသည်။

ရီဂင် ရောက်မလာမီ နည်းပညာဆိုင်ရာ လုံခြုံရေးအဖွဲ့ (Technical Security Division -TSD)မှ တစ်ဦး ကျွန်တော့်ထံရောက်လာသည်။ သမ္မတနှင့် သမ္မတကတော်တို့ အိပ်ခန်းအတွင်း ခုတင်နှစ်လုံးကြားရှိ မီးတိုင်တွင် မိုက္ကရိုဖုန်း တပ်ထားသည်ကို တွေ့ရသည်ဟု သူက သတင်းပို့လာသည်။ လုပ်ထုံးလုပ်နည်းအတိုင်း မိုက္ကရိုဖုန်းကို ရှိမြဲအတိုင်းထားလိုက်သည်။

ခိုးနားထောင်သည့် မိုက္ကရိုဖုန်း တွေ့ရှိခြင်းသည် အထူးအဆန်းတော့ မဟုတ်ပေ။ အန္တရာယ်လည်း မရှိပေ။ ခိုးနားထောင်သည့် ကိရိယာများကို နိုင်ငံရေးလောကနှင့် စီးပွားရေးလောကတွင် တွေ့နေကျဖြစ်သည်။ တန်ခိုးအာဏာရှိသူ၊ နာမည်ကျော်ကြားသူ၊ ကြွယ်ဝချမ်းသာသူများအား ခိုးနားထောင်ရန် ကြိုးပမ်းမှုများ အစဉ်လို ရှိနေတတ်သည်မှာ သဘာဝတစ်ခုသာလျှင် ဖြစ်ပေသည်။

၂၀၀၃ ခုနှစ်တွင် ဖီလာဒဲဖီးယား မြို့တော်ဝန်ရုံးခန်း၌ လည်းကောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်၏ ရုံးခန်း၌လည်းကောင်း ခိုးနားထောင်သော မိုက္ကရိုဖုန်းများ တပ်ထားသည်ကို တွေ့ရသည်။ ခိုးနားထောင်ခံရသူများသည် အရှိန်ဩဇာအာဏာကြီးမားသူများ ဖြစ်ကြသည်။ ထို့ကြောင့် ခိုးနားထောင်ခံရလျှင် ဩဇာဂုဏ်ရှိ မြင့်မားသူအဖြစ် အသိအမှတ်ပြုလိုက်ခြင်းဖြစ်သည်။ ခိုးနားထောင် မခံရလျှင် ဩဇာအာဏာမရှိသူဟု နောက်ပြောင်ပြောဆိုကြသည်အထိ ခိုးနားထောင်ခြင်းသည် ကူးစက်ပျံ့နှံ့နေခဲ့သည်။

မိုက္ကရိုဖုန်းများကိုသာ အသုံးများပြီး ဗီဒီယို ကင်မရာဟူ၍ မတွေ့ရပေ။ မည်သို့ပြုမူနေထိုင်သည် ဆိုသည်ထက် မည်သည်ကို ပြောဆိုသည်ကို စိတ်ဝင်စားကြောင်း ပြဆိုနေသည်။ သမ္မတပြောဆိုမှုကိုသာ သိရှိလိုပြီး၊ မည်သို့ပြုမူသည်ကို စိတ်မဝင်စားဟု အဓိပ္ပာယ်ကောက်နိုင်သည်။

ခိုးနားထောင်ခြင်းကို တရုတ်တို့လုပ်သည်။ ရုရှားကလည်း လုပ်သည်။ ပြင်သစ်တို့လည်း လုပ်နိုင်သည်။ ထို့ကြောင့် ရင်းနှီးသော အနောက်နိုင်ငံများကိုပင် ကျွန်တော်တို့ အလစ်မပေးရဲ။

ဆီယန်သို့ သမ္မတသွားရောက်ရန် စီစဉ်ရသည်မှာ အတော်ပင် လက်ဝင်သည်။ ရှေ့ပြေးအဖွဲ့သည် ရောက်သည်မှာ ရက်အတန်ကြာပြီဖြစ်သည်။ အနီးကပ်ချထားမည့် အေးဂျင့်များသည် သမ္မတ ရောက်မလာမီ လေယာဉ်ဖြင့် ကြိုသွားရသည်။ အဖွဲ့ခေါင်းဆောင်ဘော့ပ်က သမ္မတနှင့် နေရစ်ပြီး ကျွန်တော်နှင့်အေးဂျင့် သုံးဆယ်တို့ ဆီယန်သို့ ကြိုတင်ထွက်ခွာခဲ့သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ရောက်သွားသည့်အခါ မွန်ဂိုလီယားမှ တိုက်ခတ်လာသည့် သဲမုန်တိုင်းကျပြီးခါစဖြစ်သည်။ အရာရာကို အဝါရောင်ဖုန်များက ဖုန်းလွှမ်းထားသည်။ ဗီရိုအတွင်း၊ ခုတင်ပေါ်၊ ရေချိုးခန်း စသည့်နေရာတိုင်းတွင် အဝါရောင်ဖုန်မှုန့်များက ဖုံးလွှမ်းထားသည်။ ခဏာတာအတွင်း ဖုန်မှုန့်များ လက်သည်းကြားထဲရောက်ကုန်သည်။ တရုတ်တို့ ကျွေးမွေးသော အစားအစာများသည် ဖုန်များနှင့်ရောယှက်နေသည့်အတွက် စားသုံးရန် မဖြစ်နိုင်။ ရှေ့ပြေးအဖွဲ့သည် အမေရိကန်မှ စည်သွတ်ဘူးများ မှာယူစားသောက်နေကြသည်။ ခရမ်းချဉ်သော့နှင့် ပေါင်းထားသော စည်သွတ်ပဲ၊ ဘူနာငါးနှင့် ဘီစကွတ်များ ဖြစ်သည်။ သို့သော် ထိုအစာများကို နေ့စဉ်ရက်ဆက် မစားနိုင်ကြ။ ထိုအခြေအနေကို ကျွန်တော် မသိပေ။

ကျွန်တော်တို့ ဆီယန်သို့ရောက်သွားသည့်အချိန်မှာ ညရှစ်နာရီသာသာခန့်။ စားစရာ ရနိုင်မည်လားဟု ကျွန်တော်က မေးမိသည်။ 'မဟာပျော်ရွှင်မှုခန်းမကြီး' (တရုတ်တို့သည် နာမ်ပုဒ်ရှေ့တွင် မဟာ ဟူသော နာမဝိသေသနကို အမြဲလို ထည့်လေ့ရှိသည်)ဟု သူတို့ နောက်ပြောင်အမည်ပေးထားသော အခန်းသို့ ကျွန်တော်တို့အား ခေါ်သွားသည်။ ထိုအခန်းထဲတွင် စည်သွတ်ဘူးများကို သိုလှောင်ထားသည်။ စည်သွတ်ပဲနှင့် ဝါညစ်ညစ်ဖုန်မှုန့်တို့က စားချင်စိတ်ကို ကုန်သွားစေသည်။

နောက်တစ်နေ့ လုပ်ငန်းဆောင်ရွက်မှုများ ချောချောမွေ့မွေ့ပင် အောင်မြင်သည်။ သမ္မတက ပီကင်းသို့ ပြန်လည်ထွက်ခွာသွားသည့်အခါ ကျွန်တော်သည် အေးဂျင့်များနှင့်အတူ ရှန်ဟိုင်းသို့ ခရီးဆက်ရန် လေယာဉ်ကွင်းသို့ ရောက်သွားသည်။ ကျွန်တော်တို့ စီးရမည့်လေယာဉ်တွင် ခရီးဆောင်ဝန်စည်စလယ်များထားရန် နေရာမပါကြောင်း လေဆိပ်ရောက်မှ သိရသည်။

အေးဂျင့်သုံးဆယ်ကျော်သည် တစ်ဦးလျှင် သေတ္တာနှစ်လုံးစီပါသဖြင့် အခက်တွေ့ကြတော့သည်။ သမ္မတမော်တော်ယာဉ် အပါအဝင် ယာဉ်တန်းတွင် ပါဝင်သည့် ယာဉ်များကို ရှန်ဟိုင်းသို့ သယ်ဆောင်မည့် စီ-၁၃၀ ပို့ဆောင်ရေးလေယာဉ်ကို လေယာဉ်ပြေးလမ်းအနီးတွင် တွေ့ရသဖြင့် ထရပ်ကားနှစ်စင်းကို ရှာကာ သေတ္တာများကို တင်ရသည်။ ထရပ်ကားကို စီ-၁၃၀ လေယာဉ်ဆီသို့ မောင်းခိုင်းရသည်။ တွေ့ကြုံနေရသော အခက်အခဲကို လေယာဉ်မှူးအားရှင်းပြပြီး ခရီးဆောင်သေတ္တာများကို ရှန်ဟိုင်းသို့ ယူသွားပေးရန် မေတ္တာရပ်ခံသည်။ လေယာဉ်မှူးက လွယ်လင့်တကူပင် သဘောတူခဲ့ပေသည်။

မော်တော်ယာဉ် ထိုင်ခုံ၊ နောက်ခန်း စသည့် ရတတ်သမျှနေရာများတွင် သေတ္တာများကို ထည့်သွင်းနေစဉ် ဆောက်လုပ်ရေးဌာန မော်တော်ယာဉ်မက္ကင်းနစ် ရောက်လာပြီး သေတ္တာများ တင်ခွင့်မပေးနိုင်ကြောင်း၊ လေယာဉ်ပျံသန်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နေစဉ် သေဋ္ဌာများ နေရာရွှေ့ပြီး ကားတွင် ခြစ်ရာများဖြစ်နိုင်ကြောင်း သူက အကြောင်းပြသည်။ သူနှင့် အချေအတင်ပြောလျက် အချိန်ဖြုန်းရမည့်အစား သူ့အား အမိန့်ပေးလိုက်ရသည်။ ယင်းသို့နှင့် သေဋ္ဌာများ ရှန်ဟိုင်းသို့ ချောမောစွာရောက်သွားခဲ့ရလေသည်။

ခရီးစဉ်တိုင်းတွင် ယိုကွက်ဟာကွက်မရှိစေရန် မည်မျှကြိုးပမ်းသည်ဖြစ်စေ ပြဿနာအသစ်များက အလျှိုလျှိုပေါ်လာပြီး ကျွန်တော်တို့အား အစဉ်အမြဲ စိန်ခေါ်နေသည်။ ပြဿနာအသစ်များကို ဖြေရှင်းရန်ကြိုးစားနေခိုက် ပြဿနာအဟောင်းများကလည်း ခေါင်းပြူလာခဲ့ပြန်သည်။ ဦးထောင်ပဲ့နင်း ဖြစ်နေပေသည်။

၁၉၈၅ ခု အောက်တိုဘာလ ၂၅ ရက်။ နံနက်လင်းအားကြီးအချိန်တွင် ဂရင်နေဒါ ကျွန်းနိုင်ငံကို ဝင်ရောက်သိမ်းပိုက်ရန် သမ္မတက အမေရိကန်စစ်တပ်အား ညွှန်ကြားလိုက်သည်။ ကျူးဘားက ထောက်ခံအားပေးနေသည့် မာ့က္စဝါဒီများက ဂရင်နေဒါအစိုးရအား ဖြုတ်ချအာဏာသိမ်းခဲ့သည်။ အာဏာသိမ်းချိန်တွင် အမေရိကန်ကျောင်းသား တစ်ထောင်နီးပါးခန့် ကျွန်းပေါ်တွင် ရောက်နေခဲ့သည်။

အမေရိကန် တောနင်းတပ်၊ ရေတပ်အထူးတပ်ဖွဲ့၊ မရိန်းတပ်များက ဝင်ရောက်သိမ်းပိုက်ပြီး ကျောင်းသားများကို ကယ်ထုတ်နိုင်ခဲ့သည်။ အမေရိကန်ကို လိုလားသော အစိုးရအား တင်မြှောက်ပေးပြီး အမေရိကန်တပ်များ ပြန်လည်ဆုတ်ခွာခဲ့သည်။

လအနည်းငယ်အကြာတွင် ဂရင်နေဒါအစိုးရက သမ္မတ ရီဂင်အား အလည်အပတ် လာရောက်ပါရန် ဖိတ်ကြားသည်။ ကျွန်တော်တို့ ထောက်လှမ်းရေး ရှေ့ပြေးအဖွဲ့သွားရောက်လျက် လုံခြုံရေးအစီအမံများအတွက် လေ့လာရသည်။ ဂရင်နေဒါသည် ဆင်းရဲသော ကျွန်းနိုင်ငံလေးဖြစ်သဖြင့် သမ္မတလုံခြုံရေးအတွက် လိုအပ်ချက်များကို အထောက်အကူပြုဖြည့်ဆည်းမပေးနိုင်သည်ကို တွေ့ရသည်။ ရဲအင်အား အလုံအလောက်မရှိ၊ လူထုစည်းဝေးပွဲအတွက် စင်မြင့်ဆောက်မပေးနိုင်၊ လမ်းပိတ်ရန် ရွှေ့ပြောင်းနိုင်သော အရံအတားများမရှိ။ ယင်းတို့မှာ အခြေခံလိုအပ်ချက်လေးများသာ ဖြစ်သော်လည်း ဂရင်နေဒါ အစိုးရက ဖြည့်ဆည်းမပေးနိုင်။

စင်မြင့်ဆောက်ရန် သစ်သားနှင့် ပရိသတ်အတွက် အိမ်သာကမုတ်များကို အမေရိကန်က ထောက်ပံ့ခဲ့ရသည်။ ရီဂင် မိန့်ခွန်းပြောမည့် ကွင်းပြင်ကျယ်သို့ လူထုပရိသတ် လေးသောင်းကျော်တက်ရောက်မည်ဟု အစိုးရကဆိုသည်။ ဂရင်နေဒါ တစ်နိုင်ငံလုံး၏ လူဦးရေမှာ ခြောက်သောင်းသာရှိသည်။

စီ-၁၄၁ ပို့ဆောင်ရေးလေယာဉ် တစ်စင်းစာ လိုအပ်သော ပစ္စည်းကိရိယာများကို ကျွန်တော်တို့က ယူသွားရသည်။ နယ်မြေကန့်သတ်ရာတွင် ရဲများ အသုံးပြုသော ပလတ်စတစ်ကြိုးပြား အဝါအလိပ်များကို ယူလာပေးရသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ထိုကြိုးပြားအလိပ် စုစုပေါင်း အရှည်သည် ငါးမိုင်ရှိသည်။ သမ္မတကြီး ရောက်မလာမီ နှစ်ရက်အလိုတွင် ဂရင်နေဒါသို့ ကျွန်တော်သွားရောက်လျက် လုံခြုံရေးအစီအမံများကို စစ်ဆေးသည်။ ကျေးလက်နယ်မြေတွင် ကားဖြင့် လှည့်လည်ကြည့်ရှုသောအခါ နွား၊ ဆိတ်၊ မြင်း စသည့် တိရစ္ဆာန်များကို သစ်ပင်တွင်အဝါရောင်ကြိုးပြားဖြင့်ချည်ကာ လံထားသည်ကို တွေ့ရသည်။ ထိုအဝါရောင်ကြိုးပြားများမှာ ကျွန်တော်တို့ ယူသွင်းလာသော အဝါရောင်ကြိုးပြားများ ဖြစ်နေသည်။

၁၉၈၆ ခုနှစ်တွင် ဂျပန်သို့ တစ်ခေါက်ရောက်ရပြန်သည်။ ရဲချုပ် မိုတိုအီရှိ (အခန်း -၂ တွင် ကြည့်ပါရန်) နှင့် ဆုံရပြန်သည်။ သည်တစ်ကြိမ်တွင် သူက ပိုမိုရင်းနှီးနှီးရှိလာသည်။ သို့သော် ခပ်ခွာခွာနေသည်။ သူ့ထံသို့ ပို့လိုက်သောဓာတ်ပုံကို နှစ်သက်ဟန်တူသည်။ ယခုတစ်ကြိမ်တွင် ကျွန်တော်သည် မိုတိုအီရှိနှင့် မဆက်ဆံရတော့။ သူ့နေရာကို ဆက်ခံသူမှာ 'ကန်နီရှီဂျီ' ဖြစ်သည်။ နှစ်လိုဖွယ်ကောင်းပြီး အင်္ဂလိပ်စကားကို ချောင်း ပိုင်နိုင်စွာ ပြောနိုင်သူဖြစ်သည်။ ဂျပန်ဘက်က ကျွန်တော်တို့ ယူဆောင်လာမည့် လက်နက်များနှင့် ပတ်သက်ပြီး ခွင့်ပြုချင်ပုံမပေါ်။ နှစ်ဖက်ဆွေးနွေးကြသည့်အခါ ပြဿနာဖြစ်လာနိုင်သည်။

ထို့ကြောင့် နှစ်ဦးချင်းစကားပြောရန် ကန်နီရှီဂျီအား အပြင်သို့ တိုးတိုးတိတ်တိတ် ကျွန်တော်က ခေါ်ထုတ်ပြီး "ခင်ဗျားနဲ့ ကျွန်တော်က ညှိညှိနှိုင်းနှိုင်းလုပ်ကြရမယ့်သူတွေ၊ ကျွန်တော်တို့ ယူလာမယ့် လက်နက်တွေကိစ္စကို ကျွန်တော်အစည်းအဝေးထဲမှာ မပြောချင်သလို၊ ခင်ဗျားကလည်း ပြောချင်မှာမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တို့ ဒီကိစ္စအတွက် သဘောတူညီချက် ယူထားမှဖြစ်မယ်" ဟု ပြောလိုက်ရာ သူက ခေါင်းညိတ်သဖြင့် ကျွန်တော်က ဆက်လက်၍ "လက်နက်တွေကို ဘယ်သူမှ မမြင်စေရဘူးဆိုတာ ကျွန်တော် တာဝန်ယူပါတယ်။ ပြောင်းတိုတွေကို ရှပ်အင်္ကျီ အောက်မှာပဲ ကျွန်တော်တို့ လူတွေဝှက်ထားပါ့မယ်။ အော်တိုမက်တစ်သေနတ်တွေကို လူမြင်ကွင်းထဲကို ယူမလာစေရပါဘူး" ဟု ပြောလိုက်သည်။

သူက ကျွန်တော့်အား ခေတ္တမျှ စိုက်ကြည့်ပြီး "ဒီလိုပဲ လုပ်ကြတာပေါ့"ဟု ပြောကာ ကျွန်တော့်အား ဆက်ဆွဲနှုတ်ဆက်သည်။ လက်နက်ကိစ္စနှင့် ပတ်သက်ပြီး ပြဿနာမပေါ်တော့။

နိုင်ငံရပ်ခြားသို့ သမ္မတ သွားရောက်သည့်အခါ ကျွန်တော်တို့ ယူဆောင်လာသည့် လက်နက်များနှင့် ပတ်သက်၍ အိမ်ရှင်နိုင်ငံနှင့် မကြာခဏ ငြင်းခုံပြောဆိုရသည်။ ဗြိတိသျှတို့ကလည်း ကျွန်တော်တို့တွင် လက်နက်များ ပါလာသည်ကို အစာမကြေပေ။ သို့သော် နောက်ဆုံးတွင် လက်နက်အရေးအတွက်ကို အကန့်အသတ်ဖြင့် ခွင့်ပြုခဲ့သည်။ သမ္မတ၏ လုံခြုံရေးကို ရောက်လေရာအရပ်တွင် ထောက်လှမ်းရေးဌာနက တာဝန်ယူရမည်ဟု ကွန်ဂရက်က တာဝန်ပေးထားသည်။

ထို့ကြောင့် လက်နက်ကို သွားလေရာသို့ ယူဆောင်သွားရန် မဖြစ်မနေ လိုအပ်သည်။ ပြည်တွင်း၌ သမ္မတ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သွားလာနေစဉ် လိုအပ်သော လက်နက်အရေအတွက်အတိုင်း ပြည်ပတွင် ခရီးသွားသည့်အခါ လိုအပ်သည်။ ဖြစ်ပျက်လာမည့် အခြေအနေ တစ်ခုချင်းစီအတွက် ပြန်လှန်တွန်းလှန်နိုင်ရန် သတ်မှတ်ထားသော လက်နက် လိုအပ်သည်။ နိုင်ငံရပ်ခြားတွင် သေနတ် ကျည်ဆန်ထွက်သွားသည် ဖြစ်စေ၊ ပစ်ခတ်လိုက်သည် ဖြစ်စေ နိုင်ငံရေးနှင့် ဥပဒေရေးရာ ပြဿနာများ နောက်ဆက်တွဲ အဖြစ် ပေါ်လာမည်ဖြစ်သည်။

ထိုပြဿနာများကို စိုးရိမ်လျက် အလျှော့ပေး၍မဖြစ်။ သမ္မတ၏ လုံခြုံရေးသည် အဓိက ဖြစ်သည်။ သမ္မတအပေါ် အန္တရာယ်ကျရောက်လာသည့်အခါ ကျွန်တော်တို့ လုပ်ရမည့်အလုပ်ကို လုပ်ရမည်သာဖြစ်သည်။ ပြဿနာကို နောက်မှ ကြည့်ရှင်းရန်သာရှိတော့သည်။

နိုင်ငံခြားသို့ တာဝန်ဖြင့် သွားရောက်သည့်အခါတိုင်း အေးဂျင့်များသည် အနက်ရောင်အဖုံးဖြင့် သံတမန် နိုင်ငံကူးလက်မှတ်များကို ကိုင်ဆောင်ကြသည်။ တော်ရုံတန်ရုံကိစ္စဆိုလျှင် သံတမန်ကင်းလွတ်ခွင့်ကို အကာအကွယ်ယူနိုင် မည် ဖြစ်သော်လည်း သေနတ်ပစ်ခတ်သည့်ကိစ္စမျိုးဆိုလျှင် ကင်းလွတ်ခွင့် ရနိုင် မရနိုင် ဆိုသည်က သိပ်မသေချာ။ သေနတ်ကို အသုံးပြုရခြင်းကို ကျိုးကြောင်းခိုင်လုံစွာ သက်သေပြနိုင်သည်ဆိုပါက နိုင်ငံအများစုတွင် ပြဿနာ မရှိနိုင်။ ယင်းသို့မဟုတ်ဘဲ သေနတ်ကျည်ဆန် မတော်တဆ ထွက်သွားပြီး သေဆုံးမှုရှိသည်ဆိုပါက ပြဿနာကြီးကြီးမားမား ဖြစ်လာနိုင်သည်။ အိမ်ရှင်နိုင်ငံကလည်း ၎င်း၏ ပြည်သူများ၏ လုံခြုံရေးကို တာဝန်ယူအာမခံထားရသည်ဖြစ်ရာ အလျှော့ ပေးလိမ့်မည် မဟုတ်။

အေးဂျင့်များ လက်နက်ယူဆောင်လာခြင်းအတွက် ဂျပန်နှင့် ညှိနှိုင်းနိုင်သည်။ ဗြိတိသျှတို့နှင့် ညှိနှိုင်းရသည်။ ယင်းတို့အနက် လက်ပေါက်အကတ်ဆုံး၊ အချေအတင်အဖြစ်ရဆုံးမှာ အမေရိကန်နှင့် ကပ်လျက်သား မြောက်ဘက် အိမ်နီးချင်း ကနေဒါ ဖြစ်သည်။

ကနေဒါ ဝန်ကြီးချုပ် 'ဘရိုင်ယန်မူလိုနီ'၏ ဖိတ်ကြားချက် အရ ၁၉၈၅ ခုနှစ်တွင် သမ္မတ ရီဂင် ကနေဒါ နိုင်ငံ ကွီဘက်မြို့သို့ သွားရောက်ရန် ဖြစ်လာသည်။ ခရီးစဉ်မှာ ရိုးရိုးရှင်းရှင်းလေးသာဖြစ်သဖြင့် ရှေ့ပြေးအဖွဲ့တွင် လူအနည်းငယ်သာပါသည်။ အဖွဲ့တွင် ဒီဗာ၊ ဟန်ကဲလ်နှင့် ကျွန်တော်အပါအဝင် ဖြစ်သည်။ ပဏာမ ညှိနှိုင်းကြရာတွင် ကနေဒါ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးချုပ်ရုံးနှင့် ကနေဒါ မြင်းစီးတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံရသည်။

ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ထိုင်နေသူမှာ ကနေဒါ မြင်းစီးတပ်ဖွဲ့ ဒုတိယမင်းကြီး 'ဘော့ပ်ရိုင်း'ဖြစ်သည်။ သူသည် တုတ်တုတ်ခိုင်ခိုင်၊ လူကောင်ထွားသူဖြစ်သည်။ သူက ကွေ့ဝိုက်မနေဘဲ လိုရင်းကို တည့်တည့်ပြောချလိုက်သည်။ ကျွန်တော့်အား သူ့လက်အောက်ငယ်သား ချာတိတ်တစ်ကောင်ကဲ့သို့ "မစ္စတာပက်ထရိ··· ခင်ဗျားတို့ သမ္မတ ခွဲ့ဘက်မြို့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရောက်တဲ့အခါမယ် မော်တော်ကား၊ ဆက်သွယ်ရေး ရေဒီယိုနဲ့ လက်နက်တွေ ယူမလာရဘူး။ သမ္မတ သွားမယ့်နေရာတိုင်းမှာလည်း အေးဂျင့် တစ်ယောက်စီပဲ ချခွင့်ပေးမယ်''ဟု ပြောသည်။ သူ့လေသံမှာ သာမန်မဟုတ်၊ ဟိန်းဟောက်သည့်ပုံစံမျိုးဖြစ်သည်။

'' အဲဒီလိုဆိုရင် ကျွန်တော်တို့ ဆက်ဆွေးနွေးဖို့ မလိုတော့ဘူး''ဟု ပြောကာ ကျွန်တော်က အခန်းထဲမှထွက်လာသည်။ ဒီဗာက ဝန်ကြီးချုပ်ရုံးအဖွဲ့မှူးထံသွားကာ အခြေအနေကို ပြောပြသည်။ ဒုတိယမင်းကြီး၏ ပြောဆိုချက်ကိုလုံး၀ လက်မခံနိုင်ကြောင်း ပြောလိုက်သည်။ ရုံးအဖွဲ့မှူးသည် သွားရောက်ညှိနှိုင်းပြီး ပြန်လာကာ ဆွေးနွေးညှိနှိုင်းမှုကိုပြန်လည် စတင်နိုင်ကြောင်း ပြောခဲ့သည်။

အစည်းအဝေး ပြန်စသည်နှင့် ဘော့ပ်ရိုင်းက စိတ်မသက်မသာဖြင့် ကျွန်တော်တို့ဘက်မှ လိုအပ်ချက်များကိုမေးမြန်းသည်။ အမေရိကန်ဘက်မှ လိုအပ်ချက်စာရင်းကို ကနေဒါအဖွဲ့သို့ပေးသည်။ ဆွေးနွေးနေစဉ် တစ်လျှောက်လုံးဘော့ပ်ရိုင်းသည် လုံး၀ စကားမပြောတော့ပေ။

ကွိဘက်မြို့သို့ သမ္မတကြီး ရောက်မလာမီ ရက်အနည်းငယ်စော၍ ကျွန်တော် တစ်ခေါက်ရောက်သွားသည်။ လက်နက်များကို ယူမလာရဟု ကနေဒါမြင်းစီးတပ်ဖွဲ့က လုပ်လာပြန်သည်။ ဒီဗာက ဝန်ကြီးချုပ်ရုံးအဖွဲ့မှူးထံ တယ်လီဖုန်းဆက်ရပြန်သည်။

ယင်းသို့ဖြင့် အမေရိကန်မှ လက်နက်များ ယူသွင်းလာခွင့်ရသည်။ ယူလာခွင့်ကို ဝန်ကြီးချုပ်ကိုယ်တိုင်၏ခွင့်ပြုခြင်းဖြစ်သဖြင့် လက်နက်ကိစ္စမှာ နိဂုံးတံပြီဟု ယူဆလိုက်သည်။

သမ္မတကြီးနှင့်အဖွဲ့သည် 'ရှားတိုးဖရွန်တင်နာ' ဟိုတယ်တွင် တည်းခိုသည်။ ကနေဒါ မြင်းစီးတပ်ဖွဲ့နှင့်အေးဂျင့်တို့က လုံခြုံရေးကို ပူးတွဲတာဝန်ယူရသည်။ ရီဂင် တည်းခိုနေသော အထပ်တွင် ကွပ်ကဲရေးစခန်း ဖွင့်ထားသည်။ ကနေဒါလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အမေရိကန်အေးဂျင့်များကို ပူးတွဲတာဝန်ချထားသည်။ အောက်ခြေအဆင့်တွင် သူတို့နှင့်အတူ တာဝန်ထမ်းဆောင်ရသည်မှာ ချောချောမွေ့မွေ့ရှိသည်။ ရှိနေသည့် ပြဿနာမှာ ဘော့ပ်ရိုင်းပဲ ဖြစ်သည်။

ပထမညတွင် သမ္မတကြီးသည် ညစာ စားပွဲသို့တက်ရောက်ပြီး ည ၁၀နာရီ မိနစ် ၃၀ တွင် ဟိုတယ်သို့ပြန်ရောက်သည်။ သမ္မတအား သူ့အခန်းသို့ လိုက်ပို့ပြီး ကျွန်တော် ပြန်ဆင်းလာကာ နောက်တစ်နေ့နံနက်အတွက် ကားများအသင့်ဖြစ်လာမဖြစ် စစ်ဆေးရန် မြေညီထပ်သို့ဆင်းခဲ့သည်။ ဟိုတယ်ဧည့်ကြိုခန်းမကြီးထဲတွင် သတင်းထောက်များဖြင့်ပြည့်နက်နေသည်။ ထိုစဉ် ဘော့ပ်ရိုင်းသည် ကျွန်တော့်အနီးသို့ရောက်လာကာ ကျွန်တော့်ရင်ဘတ်အား လက်ညှိုးဖြင့်ထောက်လျက်...

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကိုလိမ်တယ်"

အံ့သြကြီးစွာဖြင့် သူပြောနေသည်ကို ကျွန်တော်နားထောင်ရသည်။ "မင်း ကောင်တွေ ရေဒီယို စကားပြော စက်တွေသုံးနေတယ်" ဟု အော်ကြီးဟစ်ကျယ် ပြောခဲ့သည်။ စကားပြောစက်များကို မသုံးရဟု မည်သူကမျှ ကျွန်တော် တို့အား မပြောခဲ့။

"ဝန်ကြီးချုပ်က မင်းကို ဘယ်လိုပဲ ခွင့်ပြုမိန့်ပေးထားထား ငါ သောက်ဂရုမစိုက်ဘူး။ မင်းတို့ ကောင်တွေ ကိုယ်ပေါ်မှာ သေနတ်တွေ့ရင် ငါဖမ်းမှာပဲ"

သူ့လက်ကို ဆွဲယူလျက် ကျွန်တော့်အင်္ကျီအောက်တွင် ရှိနေသော သေနတ်ပေါ်သို့ တင်ပေးလိုက်ပြီး "မင်း တာဝန် မင်းယူရဲတယ်ဆိုရင်၊ အမေရိကန်သမ္မတကြီး တည်းခိုနေတဲ့ ဟိုတယ်ဧည့်ကြိုခန်းမထဲမှာ ငါ့ကို အခုဖမ်းပေတော့"

မည်သို့ ဖြစ်လာလေမည်လဲဟု အခန်းထဲရှိ လူအားလုံးက စောင့်ကြည့်နေကြသည်။

ဘော့ပ်ရိုင်း၏ မျက်နှာသည် နီရဲလာပြီး ချာခနဲ လှည့်ကာထွက်သွားတော့သည်။

နောက်တစ်နေ့ နံနက် သမ္မတကြီး၏ ဟိုတယ်ခန်းရှေ့တွင် ကျွန်တော်ရှိနေစဉ် ဘော့ပ်ရိုင်း ရောက်လာပြန်သည်။ သူက လက်ဆွဲနှုတ်ဆက်ရန် လက်ကို ဆန့်တန်းပေးလျက် တောင်းပန်စကားဆိုသည်။ ကျွန်တော်က "တရုတ်ပြည်က ကျွန်တော်တို့ ပြန်လာတာ မကြာသေးဘူး။ တရုတ်ကွန်မြူနစ်လုံခြုံရေးအဖွဲ့တွေက အပြည့်အဝ အကူအညီပေးတယ်။ ခင်ဗျားတို့ ကျုပ်တို့ဟာ အတူတူဖြစ်ပါလျက်နဲ့ ခင်ဗျားတို့နဲ့ကျမှ ဘာဖြစ်လို့ အဆင်မပြေဖြစ်ရတာလဲ"

ထိုမေးခွန်း၏ အဖြေကို ယနေ့တိုင် မသိရသေးပေ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၉ နားနားနေနေ

သမ္မတမိသားစုသည် အိမ်ဖြူတော်တွင် ဒုတိယအထပ် အလယ်ကောင်တွင် နေထိုင်ကြသည်။ ထိုအပိုင်းကို စံအိမ်အပိုင်းဟု ခေါ်ကြသည်။ အိမ်ဖြူတော်သည် အစိုးရရုံးဖြစ်သဖြင့် အမြဲလို ဝန်ထမ်းများဖြင့် စည်ကားနေသဖြင့် နေထိုင်ရန် သက်သောင့်သက်သာ မရှိလှ။ အနောက်ဘက်ဆောင်တွင် သမ္မတ၏ ရုံးခန်း များရှိပြီး အနောက်ဘက်ဆောင်တွင်လည်း သမ္မတ ကတော် ၏ ရုံးခန်း အပါအဝင် တိုးချဲ့ရုံးခန်းများ ရှိနေသည်။

အခန်းဖွဲ့ထားပုံမှာ စိတ်ကျဉ်းကျပ်မှု မရှိစေရန် ရည်ရွယ်ထားသည့် တစ်ဖြောင့်တည်းသော ပူးလ်မင်း ဒီဇိုင်းဖြစ်သည်။ (၁၉၀၀ ပြည့်လွန်နှစ်များတွင် မီးရထားပေါ်ခါစခြံ အမေရိကန်တွင် လွန်စွာခေတ်စားလှကြိုက်များသဖြင့် အရာရာကို ရှည်မျောမျော မီးရထားတွဲပုံစံ ဒီဇိုင်းဖြင့် ဆောက်လုပ်ကြသည်။ ယင်းကို ( Pullman Design)ဟု ခေါ်ကြသည်) ခမ်းနားခြင်း၊ ကျယ်ပြန့်လွန်းခြင်းတို့မရှိ။ ဒုတိယထပ် စင်္ကြံသည် အလယ်ပိုင်းတွင် ရှည်လျားစွာ ဖွဲ့တည်ထားသည်။ တစ်ဖက်စွန်းတွင် အဝင်ခန်းမ၊ ဓာတ်လှေကား၊ အားကစားလေ့ကျင့်ရုံနှင့် မီးဖိုချောင်တို့ ရှိသည်။ တစ်ဆက်တည်းတွင် ဧည့်ခန်းဆောင်ရှိသည်။ ထိုအခန်းကို ဘုရင်မ အိပ်ခန်းဟုခေါ်သည်။ ထိုနောက် လင်ကွန်း၏ အိပ်ခန်း။ အမှန်စင်စစ် လင်ကွန်း၏ အိပ်ခန်းမဟုတ် စာကြည့်ခန်းသာ ဖြစ်သည်။ ထိုအခန်းတွင် ကျွန်များ လွတ်မြောက်စေခြင်း အမိန့်ကို လက်မှတ်ရေးထိုးခဲ့သည်။

သမ္မတစံအိမ်အပိုင်းတွင် ဧည့်ခန်း၊ ထမင်းစားခန်း၊ အဝတ်လဲခန်းနှင့် အိပ်ခန်းတစ်ခန်းတို့ ပါဝင်သည်။ အိမ်ဖြူတော် မော်ကွန်းရုံး၏ မှတ်တမ်းများအရ သမ္မတစံအိမ်အပိုင်းတွင် အခန်းပေါင်း ၁၃၂ ခန်းရှိသည်ဟု သိရသည်။ သန့်စင်ခန်း ၃၅

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ခန်း၊ တံခါးအချပ် ၄၁၂ ချပ်၊ ပြတင်းပေါက် ၁၄၇ ပေါက်၊ မီးလင်းဖို ၂၈ ခု၊ လှေကားရှစ်ခုနှင့် ဓာတ်လှေကား ၃ ခု ရှိသည်ဟု သိရသည်။ ထိုအရေအတွက်သည် များလွန်းသည်၊ ခမ်းနားကြီးကျယ်လွန်းသည်ဟု ဆိုနိုင်စရာရှိသည်။ အိမ်ဖြူတော်အတွင်း လုပ်ကိုင်လှုပ်ရှားနေရသူ အရေအတွက်မှာလည်း မနည်းလှ။ စားဖိုမှူး၊ ရုံးဝန်ထမ်း၊ အေးဂျင့်များ စသော လူပရိသတ်များဖြင့် အုန်းအုန်းကျွက်ကျွက် ဖြစ်နေသည့်အတွက် စိတ်မောစရာ။ ထို့ကြောင့် သမ္မတအများစု သည် စနေ၊ တနင်္ဂနွေနေ့များတွင် အိမ်ဖြူတော်တွင် မနေကြပေ။ ဂျင်မီကာတာနှင့် ဘီလ်ကလင်တန်တို့သည် အစပိုင်း၌ အားလပ်ရက်တွင် အိမ်ဖြူတော်၌ စမ်းနေခဲ့ဖူးကြသည်။ သို့သော် ကြာကြာမခံ။ နောက်ပိုင်းတွင် ကင့်ပ်ဒေးဗစ် အနား ယူစခန်းသို့ ပြေးကြလေသည်။

ကင့်ပ်ဒေးဗစ် အပန်းဖြေစခန်းသည် ရေတပ်အထောက်အကူ တပ်ဖွဲ့စခန်းချရာနေရာဖြစ်ခဲ့ပြီး မရိန်းတပ်သားများ က လုံခြုံရေး ယူပေးထားသည်။ မေရီလန်းပြည်နယ် ကတ်တော့တင် တောင်၏ တောနက်ပိုင်းတွင်ရှိပြီး အိမ်ဖြူတော်မှ မိုင် ၇၀ ဝေးသည်။ ရဟတ်ယာဉ်ဖြင့် ၂၅ မိနစ်ကြာသွားရသည်။ ၁၉၄၂ ခုနှစ်မှစလျက် သမ္မတ၏ အနားယူအပန်းဖြေ စခန်း ဖြစ်လာခဲ့သည်။

သမ္မတ ဖရင်ကလင် ရုစဗဲ့က ရှန်ဂရီလာဟု အမည်ပေးခဲ့သည်။ သမ္မတ အိုင်စင်ဟောင်ဝါက သူ့ အဘိုးနှင့်မြေး ၏အမည်ကို အစွဲပြုလျက် ဒေးဗစ်ဟု အမည်ပေးခဲ့သည်။ ထိုမှ ကင့်ပ်ဒေးဗစ် ( Camp David) ဟု ဖြစ်လာသည်။ တောအုပ်အတွင်း အိမ်ဟောင်းလေးများ စုဝေးတည်ရှိသော စခန်းဖြစ်သော်လည်း နေထိုင်ရသည်မှာ သက်သောင့်သက်သာ ရှိသည်။

သမ္မတနှင့် သမ္မတကတော်တို့သည် သောကြာနေ့ နေ့လယ်ပိုင်း တွင် ရဟတ်ယာဉ် မရိန်းဝမ်းဖြင့်ရောက်လာပြီး တနင်္ဂနွေနေ့ နေ့လယ်ပိုင်းအထိ အပန်းဖြေနေထိုင်လေ့ရှိသည်။ လုံခြုံစိတ်ချရသော နေရာဖြစ်သဖြင့် အေးဂျင့်များလည်း စိတ်အေးလက်အေးနေကြသည်။ သမ္မတဇနီးမောင်နှံသည်လည်း လွတ်လပ်ပေါ့ပါးစွာ နေနိုင်ကြသည်။ သမ္မတနှင့် နန်စီရီဂင် တို့သည် သစ်တောအုပ်အတွင်း လမ်းလျှောက်ကြသည်။ အေးဂျင့်များက ၎င်းတို့အနောက် ကိုက်တစ်ရာခန့်အကွာမှ လိုက်ပါရသည်။ သူတို့နှစ်ဦးသား မြင်ကွင်းအတွင်းရှိနေလျှင် စိတ်ချနေရသည်။ ဤနေရာတွင် အန္တရာယ်ပြုလာမည့်သူ မရှိ။ အလွန်ဆုံး မတော်တဆ ဖြစ်ပျက်မှုသာ ရှိနိုင်သည်။

ကျွန်တော်သည် သမ္မတ ကိုယ်ရံတော်အေးဂျင့်အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်အချိန်တွင် ကင့်ပ်ဒေးဗစ် စခန်း၏ အနေအထားကို ကြည့်ထားရန် လိုအပ်လာသည်။ အပန်းဖြေစခန်းကို လေ့လာကြည့်ရှုနိုင်ရန် စခန်းမှူးသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်လျက် ရက်ချိန်းတောင်းထားလိုက်သည်။ တယ်လီဖုန်းကို ပြန်ချပြီး နေ့စဉ်ဝတ္တရားများကို

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးသည်။ ထိုစာများထဲတွင် ကင့်ပ်ဒေးဗစ် စခန်းမှူးအတွက် အမည်သတ္တုပြားပြုလုပ်ပေးရန် တောင်းခံသော စာတစ်စောင်ကို တွေ့ရသည်။ စာအရ စခန်းမှူး၏အမည်မှာ "ဝီလီယမ် ဘီလ်ဝါလ်တာ" ဟု ဖော်ပြထားသည်။ တိုက်ဆိုင်မှုပင်။ ဟုတ်မှဟုတ်ပါလေစဟု ထင်မိသည်။ ထို့ကြောင့် တယ်လီဖုန်းကို ကောက်ကိုင်လျက် ကင့်ပ်ဒေးဗစ် စခန်းမှူးနှင့် စကားပြောလိုကြောင်း ပြောလိုက်သည်။ တယ်လီဖုန်း အော်ပရေတာက ကျွန်တော့်အမည်ကို မေးမြန်းသည်။ ခဏအကြာတွင် တစ်ဖက်မှ…

"ဂျိုးလားဟေ့"

"သိပ်ဟုတ်တာပေါ့ ဘီလ်"

သူနှင့် ကျွန်တော်သည် ဗီယက်နမ်တွင် မြစ်ကြောင်းတပ်ခွဲ ၅၁၂ ၌ တာဝန်ထမ်းဆောင်ကြစဉ် သောက်ဖော် သောက်ဖက်များဖြစ်သည်။ သူနှင့် ပြန်တွေ့ရသည်ကို အတိုင်းမသိဝမ်းသာမိသည်။ သမ္မတကြီးနှင့် ကင့်ပ်ဒေးဗစ်သို့ရောက် လေတိုင်း ဘီလ်တို့ မိသားစုနေထိုင်သည့် သစ်လုံးအိမ်လေးတွင် ကျွန်တော် တည်းခိုသည်။

သောကြာနှင့် စနေနေ့ ညစာစားပြီးတိုင်း သမ္မတနှင့်အတူ ကျွန်တော်တို့ ရုပ်ရှင်ကြည့်ကြသည်။ ရုပ်ရှင်ကြည့် ပရိသတ်များမှာ သမ္မတကြီး ဇနီးမောင်နှံ၊ စစ်ဘက်လက်ထောက်၊ အထက်တန်းအေးဂျင့်၊ မရိန်းဝမ်း ရဟတ်ယာဉ်မှူး၊ လက်ထောက်ပြန်ကြားရေးအရာရှိ၊ ကိုယ်ရေးလက်ထောက်၊ ဆရာဝန်နှင့် ကင့်ပ်ဒေးဗစ် စခန်းမှူးတို့ ဖြစ်ကြသည်။ သောကြာနေ့ညတွင် ရုပ်ရှင်ကားဟောင်းများ ပြသပြီး၊ စနေနေ့တွင် ဇာတ်ကားသစ်များ ပြသသည်။ ပိတ်ကားကို မျက်နှာအတွင်း မြုပ်ထားသည်။ ပြသသည့်အခါတွင်မှ ပိတ်ကားက မျက်နှာကြက်မှ လျှောဆင်းလာသည်။ ရုပ်ရှင်ပြစက်ကိုလည်း နံရံအတွင်းမြုပ်ထားသည်။

ရီဂင်နှင့်ဇနီးတို့က ရှေ့ဆုံးဆိုဖာပေါ်တွင်ထိုင်သည်။ ကျွန်တော်တို့က နောက်ပိုင်းတွင်ထိုင်သည်။ တစ်ဦးချင်းစီ၏ ဘေးဘက်တွင် စားပွဲငယ်လေးများ ချထားသည်။ ရုပ်ရှင်ဇာတ်ကား တစ်ဝက်ခန့်အရောက်တွင် စားပွဲပေါ်တွင် ကိုကာကိုလာနှင့် ပေါက်ပေါက်တို့ လာချပေးသည်။

ကင့်ပ်ဒေးဗစ်စခန်းတွင် ကျွန်တော်နှင့် ဘီလ်တို့ အတူတကွ ပထမဆုံးရုပ်ရှင်ကြည့်သည့် ညတွင် ကိုကာကိုလာ နှင့် ပေါက်ပေါက်တို့ လာချသည့်အခါ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်မိသည်။ နှစ်ဦးစလုံး ထပ်တူညီသောအတွေးကို တွေးမိကြ၍ဖြစ်သည်။ ဗီယက်နမ် တောထဲတွင် ဘီလ်၏ အမေထံမှ ပေးပို့သော ပေါက်ပေါက်ကို အတူဝါးခဲ့ကြသည့် အဖြစ်အပျက်ကို ကျွန်တော်နှစ်ယောက် ပြန်ပြောင်းသတိရမိကြသည်။ ဗီယက်နမ် တောထဲတွင် အတူတူ ပေါက်ပေါက် ဝါးခဲ့ကြသည်မှ တစ်နေ့တွင် သမ္မတ၏ အနားယူအပန်းဖြေစခန်းတွင် အတူတူ

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပေါက်ဝါးကြရလိမ့်မည်ဟု မမျှော်လင့်ခဲ့ကြ။ လူ့ဘဝ၏ အံ့သြကြည်နူးဖွယ်ရာ တိုက်ဆိုင်မှုပါပေ။ (အခန်း ၅ တွင် ကြည့်ပါရန်)

ကင့်ပ်ဒေးဗစ်စခန်းတွင် ကျွန်တော် ရှုစားခဲ့ရသော ရုပ်ရှင်များအနက် Hellcat of Navy ကို အစွဲမက်ဆုံး ဖြစ်သည်။ ၁၉၅၆ ခုနှစ်တွင် ကိုလံဘီယာရုပ်ရှင်ကုမ္ပဏီက ရိုက်ကူးခဲ့သော ဇာတ်ကားဖြစ်သည်။ ရော်နယ်ရီဂင်နှင့် နန်စီဒေးဗစ် (ယခု သမ္မတကတော် နန်စီရီဂင်)တို့ပါဝင် သရုပ်ဆောင်ခဲ့သော ရုပ်ရှင်ဖြစ်သည်။ ရီဂင်က ရေငုပ်သင်္ဘော ရေယာဉ်မှူးအဖြစ်လည်းကောင်း၊ နန်စီက သူနာပြုဆရာမအဖြစ်လည်းကောင်း သရုပ်ဆောင်ထားသည်။ သူမဘဝ တစ်သက် တာတွင် ရိုက်ကူးခဲ့သော ၁၁ ကားမြောက် ရုပ်ရှင်ဖြစ်သည်။

နောက်ဆုံး ရိုက်ကူးခဲ့သော ဇာတ်ကားလည်းဖြစ်သည်။ သူတို့နှစ်ဦး တွဲဖက်လျက် ပါဝင်ခဲ့သော တစ်ကား တည်းသော ရုပ်ရှင်ဖြစ်သည်။ ရီဂင်နှင့်နန်စီတို့သည် တစ်ဦးလက်ကို တစ်ဦးဆုပ်ကိုင်ကာ ရုပ်ရှင်ကြည့်ကြသည်။ ထိုအချိန် တွင် အတိတ်၏ လွမ်းမောချိုမြိန်ဖွယ်အရိပ်တို့သည် သူတို့နှစ်ဦး ၏ ရင်တွင်းဝယ် ဖြတ်သန်းစီးဆင်းနေမည်မှာ သေချာလှ သည်။

မကြာခဏဆိုသလို ရီဂင်သည် မိတ်ဆွေများ၊ ဧည့်သည်များကို ကင့်ပ်ဒေးဗစ်သို့ ခေါ်လာတတ်သည်။ ဗြိတိသျှ ဝန်ကြီးချုပ် 'မာဂရက်သက်ချာ' ဆိုလျှင် အကြိမ်ကြိမ် ကင့်ပ်ဒေးဗစ်သို့ ရောက်ဖူးသည်။ ကင့်ပ်ဒေးဗစ်တွင် တွေ့ဆုံကြခြင်း သည် လွတ်လပ်ပေါ့ပါးသော အနေအထားမျိုးဖြစ်သော်လည်း မာဂရက်သက်ချာသည် အစဉ်အမြဲ ကြော့မော့သပ်ရပ် နေခဲ့လေသည်။ သူမ၏ လက်စွဲတော် လက်ကိုင်အိတ်ကိုလည်း မပါမဖြစ် အမြဲကိုင်ထားသည်။ ရီဂင် ဇနီးမောင်နှံနှင့် သက်ချာတို့ တွေ့ကြပြီဆိုလျှင် စကားအမျှင်မပြတ်တော့၊ တဝါးဝါး တဟားဟား ရယ်မောကြသည်။

တနင်္ဂနွေ နံနက်ခင်းများတွင် ရီဂင်က မြင်းစီးသည်။ သူသည် မြင်းစီးကောင်းသူလည်းဖြစ်သည်။ မြင်းစီးခြင်း သည် သူ များစွာအလေးထားသော သူ့ဘဝအစိတ်အပိုင်းဖြစ်သည်။ ကျွန်တော် အိမ်ဖြူတော်အေးဂျင့်အဖြစ် တာဝန်မယူမီ နံနက်တိုင်း နှစ်နာရီ၊ နှစ်လကြာ မြင်းစီးလေ့ကျင့်ရသည်။ ကျွမ်းကျွမ်းကျင်ကျင်စီးနိုင်ဖို့ လိုအပ်သဖြင့် အဆင့်မြင့် မြင်းစီးသင်ခန်းစာကို လေ့ကျင့်ရသည်။ ရီဂင် စီးသောမြင်းမှာ ကမ္ဘာ့ထိပ်တန်းဝင် အမျိုးကောင်းမြင်းဖြစ်သည်။ သူသည် မြင်းကောင်းကို နှစ်သက်သလို ကျွမ်းကျင်ပိုင်နိုင်စွာ မြင်းစီးနိုင်သူလည်းဖြစ်သည်။

ရီဂင်သည် အင်္ဂလိပ် မြင်းကုန်းနှီးကိုသုံးသည်။ ထိုကုန်းနှီးသည် မြင်းစီးသူနှင့် မြင်းကို တစ်သားတည်း ဖြစ်စေသည်။ မြင်းပေါ်မှ ဆင်းသည့်အခါ အီတာလျံစတိုင်ဖြင့် ဆင်းသည်။ ထိုနည်းသည် ခွန်အားကို အသုံးပြုရသည်။ အန္တရာယ်လည်း မကင်းပေ။ ညာခြေကို မြင်းခေါင်းပေါ်မှ ကျော်ဖြတ်လျက် ဘယ်ခြေကို လျှောချသော နည်းဖြစ်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ပေါ်သို့ သတိအနေအထားဖြင့် ရပ်လျက်သား ရောက်သွားပြီး လက်ထဲတွင် ကကြိုးကို ကိုင်လျက်သားဖြစ်သည်။ သူ မြင်းပေါ်မှ ဆင်းသောနည်းကို ကျွန်တော် ကြိုးစားကြည့်သေးသည်။ မအောင်မြင်ပေ။

ရီဂင် မြင်းပေါ်မှဆင်းသည့်နည်းသည် ဟန်ချက်ပျက်သွားပါက ဆိုးဆိုးရွားရွား အန္တရာယ်ဖြစ်သွားနိုင်သည်။ မြင်းများသည် အကောင်ကြီးမားသည့်အတွက် ချော်ကျနိုင်သလို၊ မြင်းလန့်သွားပါကလည်း ပြုတ်ကျနိုင်သည်။ ထို့ကြောင့် ရီဂင် မြင်းပေါ်မှ ဆင်းမည့်နေရာတွင် အေးဂျင့်တစ်ယောက်ကို အမြဲချထားရသည်။

မြင်းစီးနေစဉ် ဖြစ်ပျက်လာနိုင်သော အရေးပေါ် အခြေအနေအားလုံးအတွက် ကျွန်တော်တို့ လေ့ကျင့်ထားရသည်။ ယင်းသို့လေ့ကျင့်ရာတွင် ရဟတ်ယာဉ်အုပ်စုဖြင့် ညှိနှိုင်းဆောင်ရွက်ရသည်။ ဒဏ်ရာရလျှင် ဆေးရုံသို့ပို့ရန် ရဟတ်ယာဉ်မည်သို့ ဆင်းသက်မည်။ ဖြစ်ပွားနိုင်သည့်နေရာနှင့် အနီးဆုံးတွင် ရဟတ်ယာဉ်ဆင်းနိုင်ခြင်း ရှိ မရှိ၊ အစမ်းဆင်းသက်ကြည့်သည်။ ရဟတ်ယာဉ်ဆင်းနိုင်မည့်နေရာများကို သတ်မှတ်ရှင်းလင်းထားသည်။

အေးဂျင့်တစ်ဦးက ရီဂင်၏မြင်းကိုစီးလျက် အခြားတစ်ဦးက သမ္မတကတော်၏ မြင်းကိုစီးကာ ဖြစ်ပျက်လာနိုင်သော အရေးပေါ် အခြေအနေအမျိုးမျိုးအတွက် သဏ္ဍာန်လုပ်ကာ လေ့ကျင့်ကြရသည်။ မြင်းပေါ်မှ လိမ့်ကျခြင်း၊ ခြေလက်ကျိုးခြင်း၊ နှလုံးရပ်ခြင်း စသည့် ဖြစ်တန်ရာများကို သရုပ်ဆောင်လေ့ကျင့်ကြသည်။ မြင်းဆိုသည့် သတ္တဝါများသည် အခြေအနေအမျိုးမျိုးတွင် မည်သို့တုံ့ပြန်လှုပ်ရှားမည်ကို ကြိုတင်မသိနိုင်။ အထူးသဖြင့် သေနတ်သံ၊ ပေါက်ကွဲသံတို့ကြောင့် ဝရုန်းသုန်းကား ဖြစ်ကုန်နိုင်သည်။ လက်တွေ့ဘဝသည် ဟောလီဝုဒ် ရုပ်ရှင်မဟုတ်။ ရုပ်ရှင်ရိုက်သည့် အကြောင်းကို ရီဂင်က ကျွန်တော်တို့အား ပြောပြဖူးသည်။ သေနတ်သံ၊ ဗုံးသံတို့ကို မြင်းများ မလန့်စေရန် ရုပ်ရှင်စတူဒီယိုက မြင်းများကို နားကန်းအောင်လုပ်ထားသည်ဟု သူက ပြောပြသည်။ ထို့ကြောင့် နာမကျော်ကြားသော ရုပ်ရှင်များတွင် မြင်းစီးလျက်သား တဒိုင်းဒိုင်း ပစ်ခတ်နိုင်ကြခြင်းဖြစ်သည်။ ကျွန်တော် စမ်းသပ်ကြည့်သောအခါတွင် သေနတ်သံ တစ်ချက် ကြားရုံမျှဖြင့် မြင်းများကို မည်သို့မျှ မထိန်းသိမ်းနိုင်တော့။ မတ်တတ်ရပ်လျက်လည်းကောင်း၊ ခုန်ပေါက်ပြေးလွှားခြင်းဖြင့်လည်းကောင်း ထွက်ပြေးကုန်ကြသည်။ မျက်လုံးထောင့်စွန်းမှ သေနတ်ကို ရိပ်ခနဲ မြင်လိုက်သည်နှင့် မြင်းသည် ကဆုန်ပေါက်လေတော့သည်။

ဝရုန်းသုန်းကား အခြေအနေမျိုးဖန်တီးလိုက်သည့်အခါ မြင်းများကို ထိန်း၍မရတော့။ မြင်းသည် တုံ့ပြန်မှုမြန်ဆန်သည့်အပြင် ကြီးမားသော တိရစ္ဆာန်ဖြစ်သဖြင့် ထိန်းသိမ်းရန် လွန်စွာခက်ခဲသည်။ လေ့ကျင့်မှုတစ်ခုတွင် မြင်းသည် စီးနေသူကို ခါချကာ ကားတစ်စင်းပေါ်မှ ခုန်ကျော်ထွက်သွားသည်။ တိုက်ခိုက်မှု ကြုံတွေ့ရသည်ဆိုလျှင် မြင်းပေါ်မှ ပြန်လှန်ပစ်ခတ်ရန် မဖြစ်နိုင်သည်ကို လေ့ကျင့်ခန်းများအရ ကျွန်တော်တို့ သိလာရသည်။ မြင်းစီးနေစဉ် တိုက်ခိုက်ခံ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရသည်ဆိုပါက မြင်းပေါ်မှ အမြန်ဆုံးဆင်းနိုင်ရန် ကြိုးစားရမည်။ မြေပြင်ပေါ်ရောက်မှသာ ပြန်လည်ပစ်ခတ်နိုင်မည်ဖြစ်သည်။ ရှုန်းရင်းဆန်ခတ် ဖြစ်ပွားနေသည့် အခြေအနေတွင် မြင်းများကို မြင်ကွင်းမှ အမြန်ဆုံး ထွက်သွားရန် မောင်းထုတ်လိုက်ရမည်ဖြစ်သည်။

သမ္မတ ရောက်မလာမီ သုံးလေးရက်ကြိုတင်သွားရောက်ကာ ကျွန်တော်တို့ လေ့ကျင့်ကြသည်။ ယင်းသို့လေ့ကျင့်ရာတွင် ရီဂင်က ပါချင်ချင်ဖြစ်နေသည်။ သို့သော် ကျွန်တော်တို့ သူ့အား ပါဝင်ခွင့်မပေးပေ။ လေ့ကျင့်ရာတွင် အေးဂျင့်အချို့ အနာတရ ဖြစ်ခဲ့ရသည်။

ရီဂင် မြင်းစီးသည်ကို သမ္မတကတော်က ရင်တထိတ်ထိတ်ဖြစ်နေရှာသည်။ ရီဂင်က စိတ်အား ထက်သန်လွန်းသဖြင့်သာ နန်စီက စီးခွင့်ပေးထားခြင်းဖြစ်သည်။ သူမကိုယ်တိုင်လည်း မြင်းလိုက်စီးသည်။ အူမကင်ဆာကြောင့် ရီဂင် ခွဲစိတ်ခံရသည်။ ခွဲစိတ်ခံပြီး နောက်ပိုင်းတွင် မြင်း မစီးရန် နန်စီက အကြိမ်ကြိမ် တားမြစ်သော်လည်း ရီဂင်က မြင်းစီးမပျက်။ ရီဂင်သည် အသက် ၇၀ ကျော်နေပြီး၊ သူစီးသောမြင်းမှာ မြင်းဇောင်းတွင် လေ့ကျင့်မွေးထားသည့် မြင်းအယဉ်မဟုတ်။ ထို့ပြင် သူသည် အခြားမြင်းများ နောက်မှ လိုက်စီးသည်လည်းမဟုတ်။ ရှေ့ဆုံးမှ ဦးဆောင်စီးသူဖြစ်သည်။ အေးဂျင့်များအနက် အတော်ဆုံးမြင်းစီးသမားနှစ်ယောက်ကို လျှို့ဝှက်ထောက်လှမ်းရေးဌာနက ခြံမြေတွင် တာဝန်ချထားရသည်။

ရီဂင်သည် မြင်းစီးကျွမ်းကျင်သူဖြစ်သော်လည်း သမ္မတအဖြစ်မှ အနားယူပြီးနောက် မြင်းပေါ်မှလိမ့်ကျကာ ခွဲစိတ်မှုခံယူခဲ့ရသည်။

နန်စီသည် မြင်းကို စီးတတ်ရုံသာရှိသည်။ မြင်းစီးခြင်းကို စိတ်ပါလက်ပါ ရှိပုံမရ။ ခင်ပွန်းသည်ဖြစ်သူက ထိန်းထိန်းသိမ်းသိမ်း မြင်းစီးစေရန် စောင့်ကြည့်သည့်သဘောမျိုး လိုက်ပါခြင်းသာဖြစ်သည်။ ကျွန်တော်တို့ကလည်း မြင်းကို အသေ့နှင်ခဲ့သည်။ ခပ်မှန်မှန်သာစီးကြသည်။ လမ်းလျှောက်သည်က များသည်။

မြင်းစီးခြင်းသည် သဘာဝအားဖြင့် အန္တရာယ်မကင်းသော အားကစားနည်းဖြစ်သည်။ နန့်မိအနေဖြင့် စိုးရိမ်ထိုက်ပေသည်။ ထို့ကြောင့် မဖြစ်သင့်သည်တို့ မဖြစ်စေရန်၊ အန္တရာယ်ကင်းစေရန် ကျွန်တော်တို့က စီမံပေးရသည်။

သမ္မတကြီး၏ အသက်ကို ကျွန်တော် ကယ်တင်ခဲ့သည်ဟု အိမ်ဖြူတော် လက်ထောက်ပြန်ကြားရေး အရာရှိ မတ်ခ်ဝိုင်းဘတ်က ပြောလေ့ရှိသည်။ ထိုအဖြစ်အပျက်သည် ကင့်ပ်ဒေးဗစ်စခန်း လုံးချင်းအိမ်တစ်လုံးတွင် ဖြစ်ပွားခဲ့သည်။ ထိုအိမ်၏အမည်မှာ 'လော်ရယ်'ဖြစ်သည်။ ထိုညက ကျွန်တော်တို့ လော်ရယ်တွင် ညစာ စားနေကြသည်။ ဆောင်းတွင်းကာလမို့ မီးလင်းဖိုမှာ အရှိန်ပြင်းစွာ တောက်လောင်နေသည်။ ခတ်ပုံသမားက သမ္မတနှင့် သမ္မတကတော်တို့ စုံတွဲ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ပုံကို မီးလင်းဖိုရှေ့တွင် ထိုင်စေကာ ရိုက်ယူသည်။ ဓာတ်ပုံရိုက်အပြီး သမ္မတကြီး ပြန်အထတွင် ဟန်ချက်ပျက်ကာ မီးဖိုအတွင်းသို့ စိုက်ဆင်းသွားခဲ့ရာအနားတွင် အသင့်ရှိနေသော ကျွန်တော်က လှမ်းဆွဲကာ ပြန်ထိန်းလိုက်နိုင်ခဲ့လေသည်။ အဖြစ်အပျက်မှာ ထိုမျှသာဖြစ်သော်လည်း မတ်ခ်ဝိုင်းဘတ်က ပြောမဆုံးတော့။

၁၉၇၄ ခုနှစ်တွင် ဖ၈၈ ဧကရှိ စားကျက်မြေကို ရီဂင်က ဒေါ်လာ ၅၂၇၀၀၀ ဖြင့်ဝယ်ယူခဲ့သည်။ ထိုစဉ်က ရီဂင်သည် ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး (ဂါဗနာ)အဖြစ် တာဝန်ထမ်းဆောင်နေသည်။ ပစိဖိတ်သမုဒ္ဒရာကို တစ်မျှော်တစ်ခေါ် မြင်နေရသည့် စန်တာဘာဘရာကမ်းခြေတွင်ဖြစ်သည်။ ထိုခြံမြေ၏အမည်မှာ Rancho del Cielo ဖြစ်သည်။ ကောင်းကင်ယံမှ ခြံမြေဟု အဓိပ္ပာယ်ရသည်။ ခြံမြေနှင့် အိမ်မှာ ခပ်နွမ်းနွမ်း၊ ခပ်ဟောင်းဟောင်း ဖြစ်သော်လည်း ရီဂင်တို့ ဇနီးမောင်နှံက များစွာနှစ်သက်သဘောကျသည်။ ခြံမြေရှိရာသို့အသွား အဲယားဖို့စ်ဝမ်း လေယာဉ်ပေါ်ရောက်သည် နှင့် ရီဂင်သည် ပေါ့ပါးသွက်လက်နေသည်မှာ သိသာထင်ရှားသည်။ နောက်တစ်နေ့တွင် သူသည် မြင်းစီးဘောင်းဘီကျပ်၊ လည်ရှည်ဖိနပ်၊ စပို့ရှပ်တို့ဖြင့် လူငယ်လေးအလား တက်ကြွနေတတ်သည်။ ခြံမြေသည် ရီဂင်တို့ မောင်နှံ၏ သီးခြား ကမ္ဘာလေး ဖြစ်သည်။ အိမ်တွင် လက်တိုလက်တောင်း အကူနှစ်ယောက်သာ ရှိသည်။ သမ္မတဇနီးမောင်နှံ၏ သီးခြား ကမ္ဘာလေးထဲတွင် အေးဂျင့်များသည် အနီးကပ်နေခွင့်ရသူများ ဖြစ်ကြသည်။

ကျွန်တော် ပထမဆုံး ခြံမြေသို့ရောက်သည့်အခါ နေရာဒေသ ခေါင်လွန်းခြင်းကို အံ့ဩမိသည်။ စန်တာဘာဘရာမှ ကားဖြင့်လာလျှင် မိနစ်လေးဆယ်ခန့်ကြာသည်။ ကားဖြင့် လာရာတွင် တောင်ခြေသို့ အရောက်တွင် ခုနစ်မိုင်ရှည်သော လမ်းအတိုင်း ဆက်မောင်းရသည်။ ထိုလမ်းတစ်လျှောက်တွင် လေထန်လွန်းသဖြင့် အတော်ပင် ခက်ခက်ခဲခဲ မောင်းရသည်။ ထိုမျှ ခေါင်လွန်းသောနေရာ ဖြစ်သော်လည်း ခြံမြေအတွင်း ဖြစ်ပျက်နေသမျှကို သတင်းသမားတို့က သိရှိနေသည်မှာ အံ့ဩစရာ။ ခြံမြေမှ ငါးမိုင်အကွာ တောင်ကြားတွင် သတင်းသမားတို့က စခန်းချနေသည်။ ညပိုင်း ကျွန်တော် ဟိုတယ်သို့ရောက်သည့်အခါ ရုပ်မြင်သံကြားတွင် နေ့လယ်ပိုင်းက ရီဂင် မြင်းစီးနေပုံ၊ ခြံမြေအတွင်း သွားလာလှုပ်ရှားနေသည့် ရုပ်သံအပိုင်းအစများကို တွေ့ရတတ်သည်။ ထိုလှုပ်ရှားမှုများသည် စက္ကန့်ပိုင်းမျှသာဖြစ်သည်။ သတင်းသမားများသည် ရှစ်ပေအရှည်ရှိ အဝေးရိုက်မှန်ဘီလူးများကို အသုံးပြုရိုက်ယူခြင်းဖြစ်သည်။ မီဒီယာသမားများသည် သမ္မတအပေါ် ဤမျှ စိတ်ဝင်တစားရှိကြသည်မှာ အံ့ဩဖွယ်ရာပင်။

နေရောင်ဖြင့်ဖုတ်ထားသည့် အုတ်ချပ်တို့နှင့် ဆောက်ထားသော တိုက် ခပ်သေးသေးတစ်လုံး ခြံမြေထဲတွင် ရှိသည်။ အိပ်ခန်းနှစ်ခန်း၊ မီးဖိုချောင်၊ ထမင်းစားခန်း ငယ်လေးများပါသည်။ ဧည့်ခန်းမှာမူ အတော်အသင့်ကျယ်ဝန်းသည်။ ဧည့်ခန်းကို ရက်အင်ဒီယန်းရက်ထည်များဖြင့် အလှဆင်ထားသည်။ ဧည့်ခန်းပြတင်းပေါက်ကျယ်ကြီးများမှ ခြံမြေ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တစ်နံ့တစ်လျှားကို မြင်နေရသည်။ ထိုအိမ် နောက်ဘက်တွင် ဧည့်ဂေဟာတစ်လုံး ရှိသည်။ ခပ်သေးသေးပင် ဖြစ်သည်။ အိပ်ခန်းနှစ်ခန်းပါသည်။ ထိုအိမ်နှစ်လုံးကို သစ်သားခြံစည်းရိုးဖြင့် ဝင်းခတ်ထားသည်။ ယင်း ခြံစည်းရိုးကို ရီဂင် ကိုယ်တိုင်တည်ဆောက်ထားခြင်းဖြစ်သည်။ ဂိတ်ဝတွင် ခပ်စောင်းစောင်း စိုက်ထားသည့်တိုင်၌ ခေါင်းလောင်းကြီး တစ်လုံးကို ချိတ်ဆွဲထားသည်။ ထို့အပြင် ဆိုင်းဘုတ်လည်း ချိတ်ထားသေးသည်။ ထိုဆိုင်းဘုတ်မှာ "ရီဂင်မိသားစု - အမှတ် ၁၆၀၀ ပင်ဆဲလ်ဗေးနီးယား ရိပ်သာလမ်း" (The Reagans— 1600 Penns Ave) ဟု ရေးထွင်းထားသည်။ ၁၆၀၀ ပင်ဆဲလ်ဗေးနီးယား ရိပ်သာလမ်းသည် ဝါရှင်တန်ရှိ အိမ်ဖြူတော်၏ အိမ်အမှတ်ဖြစ်သည်။

အလျားပေ ၁၅၀ အနံပေ ၃၀ ခန့်ရှိ ရေကန်တစ်ကန်လည်း အိမ်အနီးတွင် ရှိသည်။ ရေကန်တွင်းရှိ ဆိပ်ခံ တံတားတွင် ကနူးလှေငယ်တစ်စင်းကို ချည်နှောင်ထားသည်။ လှေဦးတွင် "ထရူးလဗ်" (TruLuv)ဟု စာလုံးပေါင်းအမှန် မဟုတ်ဘဲ အရပ်သုံး အသံထွက်အတိုင်း ရေးသားထားသည်။

အဆောက်အဦထိန်း နေထိုင်သော အိမ်တစ်လုံးလည်း ရေကန်အထက် အပေါ်ပိုင်းတွင်ရှိသည်။ တွဲလျက်သား စင်များဖြင့် ဖွဲ့ထားသော စတိုခန်းငယ်နှင့် မြင်းလေးကောင် ထားနိုင်သော မြင်းဇောင်းပါသည်။ မြင်းဇောင်းရှိနေသော်လည်း မြင်းများသည် မြက်ခင်းပြင်တွင် နေသည်သာများသည်။ ရီဂင်ကလည်း သူ့မြင်းများကို ယင်းသို့ပင် နေစေချင်သည်။ နွားသိုးနှင့် မြည်းများလည်း ရှိသေးသည်။ ရေကန် နောက်ဘက်တွင် ကုန်းမြင့်ရှိသည်။ ထိုကုန်းမြင့်တွင် တိရစ္ဆာန်များ သေဆုံးသည့်အခါ မြှုပ်နှံလေ့ရှိသည်။

သီးနှံသိုလှောင်သော ကျီအနီးတွင် အေးဂျင့်များအတွက် အမိုးခုံး အိမ်သုံးလုံးဆောက်ထားသည်။ အေးဂျင့်များ ၏ စခန်းရုံး၊ ဆရာဝန်နှင့် စစ်ဘက် လက်ထောက်တည်းခိုရန် တစ်လုံး၊ အေးဂျင့်ရုံးဝန်ထမ်းများ ရုံးအတွက် တစ်လုံးဖြစ်သည်။ ရုံးတွင် အစည်းအဝေးခန်းမ၊ အစည်းဝေးခန်းငယ် နှစ်ခန်း၊ ဆက်သွယ်ရေးဝန်ထမ်းများအတွက် အခန်းတို့ပါဝင်သည်။

တောင်ကုန်းထိပ်တွင် မရိန်းတပ်က ရဟတ်ယာဉ်ဆင်းရန် ကွင်းနှင့် မရိန်းစခန်းရုံး တည်ဆောက်ထားသည်။ ကျွန်တော်တို့ အေးဂျင့်များသည် ရီဂင်၏ ခြံတွင် မအိပ်ကြ။ ညတွင် တာဝန်ကျအေးဂျင့်များသာ ရှိသည်။ ကျန်အေးဂျင့်များ သည် စန်တာဘာဘရာရှိ ဟိုတယ်တွင် အိပ်ကြရသည်။

ခြံမြေတစ်ခုလုံးကို ဝင်းခတ်ထားပြီး ယူနီဖောင်းဝတ်ရဲများက ပတ်ပတ်လည်တွင် ကင်းလှည့်သည်။ ဂိတ်ဝ များတွင်လည်း ရဲ အစောင့်ချထားသည်။ သတင်းများတွင် ဖော်ပြထားသော ခြံမြေအတွင်းရှိ ပလတ်စတစ်ကျောက်တုံး အတုများတွင် အချက်ပေးကိရိယာများ တပ်ဆင်ထားသည်ဆိုသည်မှာ မမှန်ကန်ပေ။ ခြံမြေအတွင်း တောင်ကုန်းများ ပေါ်တွင် ဝံပုလွေငယ် (Cayote)နှင့် သမင် စသော တောကောင်များ ရှိနေသည်။ ထိုအကောင်များကြောင့် အချက်ပေး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းများ အမြဲလို မြည်နေမည်ဖြစ်သဖြင့် အချက်ပေးစနစ် တပ်ဆင်ထားရန် မဖြစ်နိုင်ပေ။ မြေခင်းအလှဆင်ဆိုင်မှ ဝယ်ယူချထားသည့် ပလတ်စတစ်ကျောက်တုံးကြီးများ ရှိနေသည်မှာ မှန်သော်လည်း သတင်းများတွင် ဖော်ပြထားသကဲ့သို့ မဟုတ်ပေ။ ထိုပလတ်စတစ်ကျောက်တုံးများအတွင်း ဆက်သွယ်ရေးတပ်က ဆက်သွယ်ရေးစလောင်းနှင့် အသံလွှင့်အသံဖမ်းတိုင်များကို ဖုံးကွယ်တည်ဆောက်ထားသည်။ သာယာလှပသော သဘာဝပတ်ဝန်းကျင်တွင် အသံလွှင့်တိုင်များ ထိုးထိုးထောင်ထောင်ဖြင့် အကြည့်ရ မဆိုးစေရန် စီမံထားခြင်းသာ ဖြစ်သည်။ ခြံမြေအတွင်း ကျူးကျော်ဝင်ရောက်ခြင်းကို အစွမ်းထက် အီလက်ထရောနစ် ကိရိယာများ၊ ညကြည့်မှန်ပြောင်းများဖြင့် အစဉ်အမြဲ ထောက်လှမ်းကြည့်ရှုသည်။

ရီဂင်၏ ထိုခြံမြေကို ကျွန်တော်တို့က (Camp Dust)ဟု အမည်ပေးထားသည်။ ခြံမြေသည် အလွန်ခြောက်သွေ့ပြီး မယုံကြည်နိုင်လောက်အောင် ဖုန်တထောင်းထောင်း ထနေသောကြောင့် "ဖုန်တောစခန်း"ဟု အမည်ပြောင်ပေးထားခြင်း ဖြစ်သည်။ တစ်ခါတစ်ရံတွင် မြူများထူထပ်စွာ ကျတတ်သေးသည်။

တစ်မနက်ခင်း နံနက် ၇ နာရီခွဲ ခြံမြေသို့ ကျွန်တော်ရောက်သွားသည့်အခါ မြူများ ထူထပ်သိပ်သည်းစွာ ကျနေသဖြင့် ရှေ့တည့်တည့် တစ်ပေအကွာကိုပင် မမြင်နိုင်။ ထိုရာသီဥတုမျိုးတွင် ကျန်းမာရေး၊ အရေးပေါ် အခြေအနေဖြစ်လျှင်ပင် ရဟတ်ယာဉ်ပျံတက်ရန်ပင် မဖြစ်နိုင်။ စိုးရိမ်စရာ။ နံနက် ကိုးနာရီခွဲတွင် မြူများ ကွဲစပြုသည်။ ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲ မြင်စပြုသည်။ ထိုအခါ အိမ်ရှေ့ ကိုက် ၁၅၀ ခန့်အကွာတွင် အဝါရောင်ရွက်ဖျင်တဲယ်ကို တွေ့လိုက်ရသည်။

အေးဂျင့်များ အပြေးအလွှားရောက်သွားပြီး တဲအတွင်းမှ လူကို ဆွဲထုတ်သည်။ လက်နက်ကိုယ်စီနှင့် သူ့အားဝိုင်းရံထားသည့် အေးဂျင့်ကိုးဦးကို ထိုသူက ထိတ်လန့်တကြား နားမလည်နိုင်စွာ ကြည့်သည်။ ထိုသူသည် တောတွင်းလမ်းလျှောက်ခရီးထွက်ရင်း မြူအုပ်ဆိုင်းနေသဖြင့် လမ်းပျောက်ကာ သမ္မတ၏ ခြံမြေထဲသို့ ရောက်လာခြင်း ဖြစ်သည်။ ညမှောင်ပြီ ဖြစ်သဖြင့် တဲထိုးကာ အိပ်နေလိုက်ခြင်း ဖြစ်သည်။ ထိုသူကို စစ်မေးသည်။ နောက်ကြောင်းကို စစ်ဆေးသည်။ သမ္မတအား အန္တရာယ်ပြုမည့်သူ မဟုတ်ကြောင်း သေချာသည့်အခါမှ ပြန်လွှတ်လိုက်ရသည်။

တစ်နေ့တွင် ရီဂင်နှင့်အတူ မြင်းဇောင်းနှင့် ကပ်လျက်သား စတိုခန်းထဲတွင် ကျွန်တော် ရောက်နေသည်။ ထိုအချိန်တွင် ကျွန်တော့်မျက်လုံးများက နံရံတွင် ချိတ်ဆွဲထားသော ပန်းချီကားတစ်ချပ်ပေါ်သို့ ရောက်သွားသည်။ ပန်းချီကားတွင် ရေးထိုးထားသော လက်မှတ်ကို ကျွန်တော်အထူးစိတ်ဝင်စားသွားသဖြင့် သမ္မတကြီးအား…

"တော်တော်ထူးဆန်းတာပဲ သမ္မတကြီး၊ ဒီပန်းချီကားကို ဆွဲတဲ့လူကို သမ္မတကြီး သိသလား"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားသည် ထိုအခန်းထဲတွင် ရှိနေသည်မှာ အနှစ်နှစ်ဆယ်ခန့်ရှိမည်။ ပန်းချီဆရာ၏အမည်ကို ရီဂင် သတိပြုမိဟန်မတူ။ သူကလည်း အံ့သြသွားသည်။ ပန်းချီဆရာသည် ကျွန်တော်နှင့် ဆွေမျိုးတော်စပ်မှု မရှိသော်လည်း သူ၏ အမည်မှာ "ဂျိုးဇက်ပက်ထရီ" ဖြစ်နေသည်။ ကျွန်တော့်အမည်နှင့် ထပ်တူပင် ဖြစ်သည်။

အနားယူ အပန်းဖြေခြံမြေတွင် သမ္မတ၏ နိစ္စဓူဝ လုပ်ငန်းမှာ ပုံမှန်သာ ဖြစ်သည်။ လုပ်ရိုးလုပ်စဉ်များသာ ဖြစ်သည်။ နံနက်ခင်း ထောက်လှမ်းရေး အစီရင်ခံစာ ဖိုင်များကို ဖတ်ရှုပြီးသည်နှင့် သမ္မတသည် မြင်းဇောင်းသို့ရောက်လာကာ ကျွန်တော်နှင့်အတူ မြင်းများအပေါ် ကုန်းနှီးတင်သည်။ ထို့နောက် သူက ခေါင်းလောင်းထိုးသည်။ သမ္မတကတော် နန်စီရီဂင် ရောက်လာသည်။ မြင်းများကိုဆွဲကာ လမ်းလျှောက်သည်။ တစ်နာရီခွဲ ၊နှစ်နာရီသာသာခန့် မြင်းစီးကြသည်။ မြင်းစီးရင်း သူက ရှေးဟောင်းနှောင်း ဖြစ်များပြောပြသည်။ တစ်ချိန်က ကြိုးစင်အဖြစ် အသုံးပြုခဲ့သော သစ်ပင်ဆီသို့ ကျွန်တော်တို့အားခေါ်သွားပြီး သစ်ပင်၏ အတ္ထုပ္ပတ္တိကို ပြောပြသည်။ ထိုသစ်ပင်တွင် နွားခိုးသူများကို ကြိုးစင်တင် လေ့ရှိကြောင်း ပြောပြသည်။ ရီဂင်က "လူသားတစ်ယောက်အဖို့ စိတ်နှလုံးကြည်နူးဖို့ အကောင်းဆုံးဟာ မြင်းတစ်ကောင်ကို စီးနေရတဲ့အချိန်ပဲ" ဟု ပြောလေ့ရှိသည်။

တောင်ကုန်းပေါ်သို့တက်ကာ ကမ်းလွန်ရှိကျွန်းများကို လှမ်းမျှော်ကြည့်ကြသည်။ သမ္မတကြီးသည် လမ်းတစ် လျှောက်လုံး ပြက်လုံးများ ထုတ်လာလေ့ရှိသည်။ သူ့ဘဝဇာတ်ကြောင်းများ ပါသည်။ ရုပ်ရှင်ရိုက်ကူးမှု အတွေ့အကြုံ ရတ်ဘီ ကစားသမားဘဝ၊ ကမ်းခြေသက်ကယ်သမားဘဝက လူ အယောက် ၇၀ အသက်ကို ကယ်ခဲ့ပုံတို့ဖြင့် စုံတကာ စေ့နေသည်။ မကြာခဏ သူပြောလေ့ရှိသည်မှာ ၁၉၃၄ ခုနှစ်တွင် အားကစား အသံလွှင့်သူအဖြစ် လုပ်ကိုင်နေစဉ်က အဖြစ်အပျက် ဖြစ်သည်။

သူက ရပ်ဘီကစားပွဲကို အသံလွှင့်နေစဉ် ခြောက်မိနစ်ကြာ အားကစားရုံနှင့် အသံလွှင့်ရုံအကြား အဆက် အသွယ်ပြတ်သွားသည်။ သူကခပ်တည်တည်ဖြင့် အသံဆက်လွှင့်နေသည်။ ထို့နောက် အဆက်အသွယ်ပြန်ရသည့်အခါ သူက ဆက်လွှင့်သည်။ အဆက်အသွယ်ပြတ်သွားသည်ကို မည်သူမျှ သတိမပြုမိလိုက်။ ပြတ်တောက်သွားသည့် အချိန်တွင် သူက ကစားပုံ၊ ကစားကွက်များကို ဇာတ်လမ်းဆင်ပြောနေခြင်းသာ ဖြစ်သည်။

ခြံမြေတွင် ဂျစ်ကားဟောင်းတစ်စီးရှိသည်။ ထိုကားကို သူ မကြာခဏမောင်းသည်။ ကျွန်တော်တို့သည် သူ့အား ကားမောင်းခွင့်မပေးသော်လည်း ထိုဂျစ်ကားမောင်းသည်ကိုမူ ခြွင်းချက်အနေဖြင့် ခွင့်ပေးထားသည်။ သူကားမောင်းသည့်အခါ ကျွန်တော်က ညာဘက်ရှေ့ခုံတွင် လိုက်ပါပေးရသည်။ ကား စထွက်သည်နှင့် သူက ခရီးရေလွှတ် စကား ပြောတော့သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



၁၂ နာရီခွဲသာသာတွင် ကျွန်တော်တို့ မြင်းဒေါင်းသို့ ပြန်ရောက်ကြသည်။ နေ့လယ်စာစားပြီး မွန်းလွဲနှစ်နာရီခန့်တွင် ရီဂင်သည် သူ၏ ခြံစောင့်နှင့်အတူ တောအုပ်တွင်းရှိ လူသွားလမ်းကို အတားအဆီးဖြစ်နေသော သစ်ပင်ချုံနွယ်များကို လက်ဆွဲလွှစက်ဖြင့် ခုတ်ထွင်ရှင်းလင်းသည်။ ခြံကို ခုတ်ထွင်ရှင်းလင်းသည့်အခါများတွင် အေးဂျင့်များသည် အနီးတွင် ရှိနေသော်လည်း ကူညီလုပ်ကိုင်ပေးရန် မလိုအပ်ပေ။ အေးဂျင့်များ၏ တာဝန်မှာ သမ္မတ၏ လုံခြုံရေးကို တာဝန်ယူရန်သာဖြစ်ပြီး ကိုယ်ရေးကိုယ်တာ အမှုကိစ္စများကို လုပ်ပေးရန်မဟုတ်။ အတော်ပင် ကိုးလိုးကန့်လန့်နိုင်သော အခြေအနေ ဖြစ်သည်။

သမ္မတကြီး ပင်ပင်ပန်းပန်း ကာယအလုပ်လုပ်နေသည်ကို ကျွန်တော်တို့ ဝင်ကူသင့်သည်မှန်သော်လည်း ယင်းသို့ ဝင်ကူနေပါက ရုတ်တရက် ကျရောက်လာနိုင်သည့် အန္တရာယ်ကို သတိမမူဘဲ ဖြစ်သွားနိုင်သည်။ ဝင်ကူပါဟုလည်း ရီဂင်က မည်သည့်အခါကမျှ မတောင်းဆို။ သူ့ထံတွင် လွှစက်အများအပြား ရှိသော်လည်း၊ လွှစက်ကုမ္ပဏီက လက်ဆောင်ပေးသော လွှကို သူ အကြိုက်ဆုံးဖြစ်သည်။

ကုမ္ပဏီက လွှစက်ကို လက်ဆောင်ပေးပြီး ထိုလွှစက်ကို သမ္မတက အသုံးပြုနေစဉ် ဓာတ်ပုံရိုက်ခွင့်ပြုရန် မေတ္တာရပ်ခံသည်။ ရီဂင်ကလည်း ခွင့်ပေးလိုက်သည်။ တစ်နေ့တွင် ကုမ္ပဏီ၏ ဓာတ်ပုံဆရာရောက်လာသည်။ ရီဂင်သစ်ပင်ချုံနွယ်များကို လွှစက်ဖြင့် ခုတ်ထွင် ရှင်းလင်းနေသည်ကို တစ်နာရီခန့်ဓာတ်ပုံရိုက်ယူသည်။ ဓာတ်ပုံရိုက်ပြီးသောအခါ ဓာတ်ပုံဆရာအား "ဓာတ်ပုံတွေ ကောင်းရဲ့လား" ဟု ကျွန်တော်က မေးသည်။

"ဓာတ်ပုံရိုက်ရတာ သိပ်ကောင်းတယ်။ ဒါပေမဲ့ တစ်ပုံမှ သုံးရမှာ မဟုတ်ဘူး။ စက်လွှကို သုံးတဲ့နေရာမှာ အန္တရာယ်ကင်းဖို့ လိုက်နာရမယ့် စည်းကမ်းတွေကို သမ္မတကြီးက တစ်ခုမှ မလိုက်နာဘူး။ အားလုံးကိုချိုးဖောက်တာပဲ"

သမ္မတကြီးသည် စက်လွှကို ပေါ့ပေါ့ဆဆ ကိုင်တွယ်ခြင်းမဟုတ်။ အများသူငါသုံးသည့် ပုံစံအတိုင်း အသုံးပြုခြင်းသာ ဖြစ်သည်။ ကျွန်တော်တို့အားလုံး လုပ်ကိုင်လေ့ရှိသကဲ့သို့ အရပ်ထက်ပိုမြင့်သော အကိုင်းကို လှမ်းဖြတ်ခြင်း၊ မျက်စိကာ လုံခြုံရေးမျက်မှန် မတပ်ဆင်ခြင်းတို့သာ ဖြစ်သည်။

တစ်ခါတွင် လွှစက်ကြောင့် မတော်တဆထိခိုက်မှု ဖြစ်ပွားခဲ့သည်။ ပေါင်တွင် အနည်းငယ်ထိခိုက်မိသွားပြီး သွေးထွက်လာသည်။ ဆရာဝန်ချက်ချင်း ရောက်လာပြီး ဆေးထည့်ပေးသည်။ သမ္မတကြီးက ဘောင်းဘီကို ဒူးဆစ်အထိ လျှော့ချထား၍ ဆရာဝန်က ဆေးထည့်ပေးသည်။ ထိုအခိုက်အတန့်ကို တောင်ကြားတွင် နေရာယူထားသည့် သတင်းသမားများ မည်မျှလောက် လိုချင်လိုက်မည်နည်းဟု ကျွန်တော် တွေးမိသည်။

ရှင်းလင်းခုတ်ထွင်ပြီး နောက်တစ်နေ့ မြင်းစီးသည့်အခါတွင် သူခုတ်ထွင်ထားသဖြင့် ရှင်းလင်းနေသော လမ်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကြောကို နန်စီအားပြသလျက် သမ္မတကြီးက ဂုဏ်ယူလေ့ရှိသည်။ ခြံမြေသို့ရောက်သည့်အခါ ရီဂင်သည် သမ္မတ မဟုတ်တော့ သာမန်လူတစ်ယောက် ဖြစ်သွားသည်။ သာမန်ယောက်ျားများကဲ့သို့ ပင်ပင်ပန်းပန်း အလုပ်လုပ်သည်။

ညနေပိုင်းများတွင် ရီဂင်တို့မောင်နှံသာ ရှိနေတတ်သည်။ တစ်ခါတစ်ရံ ဧည့်သည်များ ရောက်လာတတ်သော်လည်း များများစားစားတော့မဟုတ်။ အယ်လီဇဘက်ဘုရင်မကြီးနှင့် ခင်ပွန်း အိမ်ရှေ့စံ ဖိလစ်မင်းသားတို့ ခြံမြေသို့ ခဏတာ နေ့လယ်စာ လာရောက်သုံးဆောင်သည်။ ထိုနေ့က မိုးသည်းသည်းမဲ့ ရွာချလိုက်သဖြင့် လမ်းပိုင်း အချို့ ရေထဲမျောပါသွားသည်။ ဂေါ်ဘာချော့လည်း တစ်ခါလာရောက်သည်။ သူ့အား ကောင်းဘွိုင်ဦးထုပ်တစ်လုံး ရီဂင်က လက်ဆောင်ပေးသည်။ ထိုဦးထုပ်ကို ရှေ့နောက် ပြောင်းပြန် ဆောင်းကာ သူက ဓာတ်ပုံအရိုက်ခံသည်။ မီဒီယာများတွင် ထိုပုံမှာ အတော်ခေတ်စားသွားသေးသည်။

၁၉၈၉ ခုနှစ် ဧပြီလ ၁ ရက်။ အီစတာနေ့ မတိုင်မီ နှစ်ရက်အလို။ ကျွန်တော် အနည်းငယ် စိတ်လှုပ်ရှားနေသည်။ ပြောသင့်မပြောသင့်၊ လုပ်သင့် မလုပ်သင့် စဉ်းစားရင်း အနည်းငယ် တွန့်ဆုတ်နေသည်။

ထုံးစံအတိုင်း ရီဂင်ကမြင်းကုန်းနှီး တင်နေသည်။ ကျွန်တော်က မြင်းတစ်ဘက်မှ နေ၍ သူလှမ်းပေးသည့် မြင်းခါးပတ်ကြိုးကိုယူနေစဉ် ကျွန်တော်က "သမ္မတကြီးကို ကျွန်တော် စကားနည်းနည်း ပြောချင်ပါတယ်"ဟု အစချီလိုက်သည်။

"ဘာပြဿနာ ရှိလို့လဲ ဂျိုး" သူက မေးသည်။

"မနေ့ညက အေးဂျင့်ဌာနချုပ်က ဆက်တယ်။ သမ္မတကြီးရဲ့ အခုခြံမြေက အသုံးစရိတ်တွေ လျှော့ချဖို့ ပြောနေတယ်"

သူက မြင်းအား ကကြိုးဆင်နေသည်ကို ရပ်လိုက်ပြီး စိုးရိမ်တကြီး "ဒါဆို ငါတို့ ဘယ်လိုလုပ်ကြမလဲ။ မင်း ဘယ်လိုစဉ်းစားထားသလဲ" ဟု မေးသည်။

မြင်းဇောင်းတစ်ဘက်တွင် ရပ်နေသော အေးဂျင့်နှစ်ယောက်ထံ လက်ဝှေ့ယမ်းပြီး "ကျွန်တော် သူတို့နဲ့ တိုင်ပင်ပါတယ်" သမ္မတက သူတို့အား လှည့်ကြည့်ပြီး ကျွန်တော့်ဘက်သို့ ပြန်အလှည့်တွင် ကျွန်တော်က "အေပရယ်ဖူးပါ သမ္မတကြီး"ဟု ပြောလိုက်သည်။ သမ္မတကြီးက ဟက်ဟက်ပက်ပက် ရယ်မောသည်။ သူကိုယ်တိုင်ကလည်း ပြက်လုံးများ ထုတ်တတ်သူမို့ ကျွန်တော်က နောက်ပြောင်ကျီစယ်သည်ကို သူက သဘောကျသည်။

သမ္မတကတော် ရောက်လာသည့်အခါ ရီဂင်သည် ကျွန်တော်၏ အေပရယ်ဖူး နောက်ပြောင်မှုကို ပြန်ပြောပြကာ တဝါးဝါးရယ်မောသည်။ သမ္မတကို နောက်ပြောင်ခြင်းသည် ကလင်တန်နှင့် ဘွတ်ရှ်နှစ်ယောက် (ဖခင်နှင့်သား)

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တို့တွင်ဖြစ်နိုင်သော်လည်း၊ နှစ်ဆင်နှင့် ကာတာတို့ကို နောက်ပြောင်ရန်မှ မဖြစ်နိုင်ဟု ကျွန်တော် ထင်သည်။ ရီဂင်နှင့် ကျွန်တော်တို့ အေးဂျင့်များ တရင်းတနှီး နောက်ပြောင်ပြောဆိုနိုင်ခြင်းအတွက် များစွာဂုဏ်ယူမိသည်။

ရီဂင်သည် စိတ်ဆိုးခဲ၏။ သူ စိတ်ဆိုးသည်ကို ကျွန်တော် နှစ်ကြိမ်သာ ကြုံဖူးသည်။ တစ်ကြိမ်မှာ တိုကျိုတွင် နီးပိုးသည့် ပြင်သစ်သမ္မတ မီတရောင်းကို စိတ်ဆိုးခြင်းနှင့် နောက်တစ်ကြိမ်မှာ ၁၉၈၄ ခု၊ ဩဂုတ် လ ၁၁ ရက်နေ့တွင် ဖြစ်သည်။ ထိုတစ်ကြိမ်တွင် ရီဂင်သည် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်အောင် စိတ်ဆိုးခဲ့လေသည်။

စနေနေ့ နံနက်တိုင်းတွင် တောင်ကုန်းပေါ်ရှိ ဆက်သွယ်ရုံးမှ တိုက်ရိုက် အသံလွှင့်မိန့်ခွန်း ရီဂင် ပြောလေ့ရှိသည်။ အချက်ပြဆက်သွယ်ရေးတပ်သားများက အသံလွှင့်ကိရိယာများကို ပြင်ဆင်ပြီးသည့်အခါ သမ္မတက စကားတစ်ခွန်း နှစ်ခွန်းပြောကာ မိုက္ကရိုဖုန်းကို စမ်းသပ်သည်။ ယင်းသို့စမ်းသပ်သည့်အခါတိုင်း ရီဂင်သည် ပါးစပ်ထဲ တွေ့ရာကို နောက်ပြောင်ပြောဆိုလေ့ရှိသည်။ ထိုနေ့နံနက်ကမူ ရီဂင်က "ငါးမိနစ် အတွင်းရုရှားကို ဗုံးကြဲမယ်ဟေ့" နောက်ပြောင်ပြောလိုက်မိသည်။

သူနောက်ပြောင်ပြောဆိုခြင်း ဖြစ်သည်ကို လူတိုင်းသိသည်။ အားလုံးက ဝိုင်းရယ်ကြသည်။ သမ္မတက အသံလွှင့်မိန့်ခွန်းပြောအပြီးတွင် မြင်းဇောင်းသို့သွားကာ ကုန်းနှီးတင်ကြသည်။ မြင်းဇောင်းထဲတွင် ကျွန်တော်တို့ ရှိနေကြစဉ်တွင် ဆက်သွယ်ရေး ရဲဘော်တစ်ယောက်ရောက်လာပြီး၊ သမ္မတ မိုက္ကရိုဖုန်းစမ်းသပ်သည့်အချိန်တွင် အသံလွှင့်စက်ကို ဖွင့်ထားမိသဖြင့် တစ်နိုင်ငံလုံး ကြားသွားကြောင်း၊ သတင်းသမားများ အုတ်အုတ်ကျက်ကျက် ဖြစ်နေကြကြောင်း သတင်းလာပို့သည်။

"ဒီကောင်တွေကလည်း နောက်ပြောင်တာလေးကိုတောင် အုတ်အော်သောင်းတင်းဖြစ်နေတာ နားကိုမလည်နိုင်ဘူး" ဟု ကျွန်တော့်ကို ပြောသည်။ သူသည် ရုပ်ရှင်လောကမှ လာသူဖြစ်သဖြင့် မိုက္ကရိုဖုန်း၏ အန္တရာယ်ကို ကောင်းစွာ နားလည်ထားသူ ဖြစ်သည်။ ရုပ်ရှင်လောကသားတို့ ဆိုလေ့ရှိသည့် "ပိတ်ထားတဲ့ မိုက္ကရိုဖုန်းဆိုတာ ဘယ်တော့မှ မရှိဘူး" စကားကိုလည်း သိထားသူဖြစ်ပါလျက် ဤသို့ဖြစ်သွားသည်ကို သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်။ သူ့အား ပို၍ ဒေါသထွက်စေသည်မှာ မီဒီယာသမားများဖြစ်သည်။ မီဒီယာက ချဲ့ကားနေသည်ကို သူက သဘောမတွေ့။

ထိုစဉ်မှစလျက် မိုက္ကရိုဖုန်း စမ်းသပ်သည့်အခါ တိုင်း "တစ်၊ နှစ်၊ သုံး၊ လေး" ဟုသာ ရွတ်ဆိုတော့သည်။

နှစ်စဉ်နှစ်တိုင်း ဩဂုတ်လတွင် ရီဂင်က ခြံမြေ၌ သုံးပတ်ကြာအနားယူလေ့ရှိသည်။ ဩဂုတ်လမှအပ အခြား အချိန်များတွင် တစ်ပတ်ကြာမျှ သုံးကြိမ်လာရောက်လေ့ရှိသည်။ များသောအားဖြင့် အီစတာနှင့် ကျေးဇူးတော်နေ့ အားလပ်ရက်တို့တွင်ဖြစ်သည်။ ဝတ်ပြုဆုတောင်းရန် ဘုရားရှိခိုးကျောင်းသို့ တနင်္ဂနွေနေ့ (မနက်ဖြန်)တွင် သွားလိုကြောင်း ရီဂင်က

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အား ပြောလာသည်။ အနီးဆုံး ဘုရားရှိခိုးကျောင်းမှာ တောင်ကြားတွင်ရှိနေသည်။ သမ္မတ ဇနီးမောင်နှံ လာရောက်ရန် စဉ်းစားနေသည်ကို သိရှိထားသူ ရှိ မရှိ သူ့အား မေးမြန်းရာ ''မရှိပါဘူး။ ဒါ ငါတို့လင်မယားနှစ်ယောက်ရဲ့ ဆုံးဖြတ်ချက်သက်သက်ပဲ။ ဖိတ်တာတွေ ဘာတွေ မရှိပါဘူး''

ကျွန်တော်က အေးဂျင့် ရှေ့ပြေးအဖွဲ့ကို စေလွှတ်လျက် လုံခြုံရေးစီစဉ်စေသည်။ အချိန်လုလုပ်ရသဖြင့် စိတ်တိုင်းကျ မစီစဉ်နိုင်ပေ။ သမ္မတ လာရောက်မည့် အစီအစဉ် ပေါက်ကြားသွားပါက အစီအစဉ်ကို ဖျက်သိမ်းရလိမ့်မည်ဟု ရီဂင်အား ကျွန်တော် ပြောထားသည်။ ကျွန်တော်၏ အနေအထားကို သူက နားလည်သည်။ ဘုရားကျောင်းသို့ သွားရောက်မည့်အကြောင်း လူနည်းစု သတင်းသမားများအား အသိပေးထားသည်။ သူတို့သည် နှုတ်လုံပါမည်ဟု ကတိပြုထားကြသည်။

သမ္မတ ဇနီးမောင်နှံအား ရဟတ်ယာဉ်ဖြင့် တောင်ကြားအနီးရှိ ခြံမြေတစ်ခုသို့ ပို့ပေးသည်။ အေးဂျင့်များစခန်းချထားသော ခြံဖြစ်သည်။ ဘုရားရှိခိုးကျောင်းနှင့် တစ်မိုင်ခန့်ဝေးသော နေရာဖြစ်သည်။ ထိုနေရာမှ ကားဖြင့်ဆက်သွားရန်ဖြစ်သည်။ ဘုရားရှိခိုးကျောင်းတွင် ချထားသော အေးဂျင့်ထံမှ အားလုံး နေသားတကျရှိနေကြောင်းသတင်းပို့ချက်ကို စောင့်ဆိုင်းနေစဉ် နန်စီက ကျွန်တော့်အား အဓိပ္ပာယ်ပါသော မျက်လုံးဖြင့်ကြည့်ကာ သူမ ရင်ဘတ်ကို လက်ညှိုးဖြင့်ထောက်ပြသည်။ သူမ ဆိုလိုချက်ကို နားလည်ကြောင်း ခေါင်းညိတ်ပြကာ ရီဂင်ဘက်သို့ လှည့်ပြီး ''သမ္မတကြီး ခင်ဗျား၊ ကျည်ကာအကျႌဝတ်ဖို့တော့ လိုပါလိမ့်မယ်''ဟု ပြောခဲ့ရသည်။

ခြံမြေအတွင်း အရေးပေါ်အသုံးပြုနိုင်ရန် စီစဉ်ထားသည့်အခန်းသို့ ရီဂင်အား ခေါ်သွားသည်။ သူ့ကုတ်အကျႌကို ကူညီချွတ်ပေးပြီး အနီးရှိ ကုလားထိုင်ပေါ်တွင် တင်သည်။ သူ့ဘာသာ ရှပ်အကျႌကို ချွတ်သည်။ ကျည်ကာအကျႌကိုဝတ်ပြီး ရှပ်အကျႌကို ပြန်ဝတ်သည်။ ကုတ်အကျႌပြန်ဝတ်ပေးရန် ယူလိုက်သောအခါ အကျႌပေါ်တွင် ကြောင်မွေးများအထွေးလိုက်ကပ်နေသည်ကို တွေ့ရသည်။ ကျွန်တော် တတ်နိုင်သမျှ ခါထုတ်သော်လည်း အတော်များများ ကျန်နေသည်။ ကားထဲသို့ ရောက်သောအခါ နန်စီ ''ရော်နီ… ဒီကြောင်မွေးတွေက ဘယ်လို ရောက်လာတာတုံး''ဟု ပြောကာ ကြောင်မွေးများကို လမ်းတစ်လျှောက်လုံး ခါထုတ်ပေးနေသည်။

ဘုရားရှိခိုးကျောင်းတွင် ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် ဥပသကာတို့က ဝမ်းပန်းတသာကြိုဆိုကြသည်။ သမ္မတကြီးရောက်လာသဖြင့် ဝတ်ပြုဆုတောင်းပွဲသည် ထူးခြားသွားသည်။ အာလုံးစိတ်လှုပ်ရှားကာ ပျာပျာသဲသဲဖြစ်ကုန်ကြသည်။ ယင်းသို့ ဖြစ်ပျက်သည်ကို ရီဂင်က မကြိုက်။ သူ့အတွက် အခြေအနေ ရုတ်ရုတ်သဲသဲ ဖြစ်သည်ကို မနှစ်သက်။ ထို့ကြောင့်လည်း ခြံမြေသို့ အနားယူရန်လာတိုင်း အပြင်သို့ထွက်ခဲ့သည်။ ခြံမြေထဲတွင် နေထိုင်ရသည်ကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အလွန်နှစ်သက်သည်ကတစ်ကြောင်း၊ သူ အပြင်ထွက်ခြင်းဖြင့် လူတွေကို အနှောင့်အယှက်ဖြစ်စေမည်ကို မလိုလားသဖြင့် တစ်ကြောင်း သူတို့လင်မယားသည် ခြံမြေမှ အပြင်သို့ ထွက်ခဲလှသည်။ သမ္မတ အဖြစ်တာဝန်ထမ်းဆောင်နေရသည်မှာ ကိုယ်ရေးကိုယ်တာအတွက် လွတ်လပ်မှုမရှိ။ ထို့ကြောင့် သမ္မတများသည် အိမ်ဖြူတော်အကျဉ်းစံများကဲ့သို့ ဖြစ်နေရရှာသည်။

နွေရာသီ အားလပ်ရက်ကာလတွင် ရီဂင်၏ မိတ်ဆွေဟောင်း 'ဖက်စ်ပါကာ' က အသားကင်ပါတီကို စန်တာဘာဘရာ၌ ကျင်းပလေ့ရှိသည်။ ထိုပါတီပွဲသို့ ရီဂင်တို့ မပျက်မကွက် တက်ရောက်သည်။

ဖက်စ်ပါကာသည် ၁၉၅၀ ပြည့်လွန်နှစ်များက ဒေဗီခရော့ကက် ရုပ်သံဇာတ်လမ်းတွဲများ၏ ခေါင်းဆောင်မင်းသားဖြစ်သည်။ သူ့အား ဩစတေးလျသို့ အထူးကိစ္စရပ်များအတွက် ရီဂင်က စေလွှတ်သဖြင့် ဩစတေးလျနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်အဖြစ်ခန့်အပ်လိမ့်မည်ဟု သတင်းစကားများ ပေါ်ထွက်ခဲ့ဖူးသည်။ အသားကင်ပါတီသည် သတင်းသမားများအတွက် ရည်ရွယ်ပြုလုပ်သော်လည်း ပါကာက အေးဂျင့်များနှင့် မိသားစုဝင်များကိုလည်း ဖိတ်ကြားသည်။

ကျွန်တော့်သမီး 'မစ်ရှယ်'သည် သွားလေရာတွင် အော်တိုစာအုပ်ကို အမြဲယူလေ့ရှိသည်။ သမ္မတကြီးနှင့် နန်စီတို့က သူမစာအုပ်တွင် လက်မှတ်ရေးထိုးပေးထားသည်။ ကျွန်တော်က သမီးအား 'ပါကာ'၏ လက်မှတ်ကို တောင်းခံရန် အကြံပေးလိုက်သည်။ 'ပါကာ'သည် နာမည်ကျော် ရုပ်ရှင်မင်းသားဖြစ်သည်ကို သမီးကမသိပေ။ သမီးထံမှ အော်တိုစာအုပ်ကို သူက လက်မှတ်ထိုးပေးမည်ဟုဆိုကာ ယူသွားသည်။ သမီးခမျာ သူ့စာအုပ်ပျောက်သွားမည်ကို စိုးရိမ်နေရှာသည်။ ပါကာသည် တစ်နေရာတွင် ကျကျနနထိုင်ကာ အော်တိုစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ပြန်လာပေးသည်။ သူသည် ရီဂင်ကဲ့သို့ပင် ကလေးများအပေါ် များစွာ ဂရုစိုက်ကြင်နာသူ ဖြစ်သည်။

ရီဂင်သည် ခြံမြေတွင်အနားယူပြီး ဝါရှင်တန်သို့မပြန်မီ လော့အင်ဂျလိစ်မြို့ရှိ စင်ကျူရီပလာဇာဟိုတယ်တွင် သုံးလေးရက်ခန့်နေလေ့ရှိသည်။ ခြံမြေတွင် အနားယူပြီး မြို့ပြနှင့် ပြန်လည်အသားကျစေရန် အချိန်ယူသည့်သဘောဖြစ်သည်။ လော့အင်ဂျလိစ်မြို့တွင် ရုပ်ရှင်လောကသားအချို့နှင့်တွေ့ဆုံသည်။ အိမ်ဖြူတော်ဝန်ထမ်းများလည်း ရောက်လာပြီ ဖြစ်သဖြင့် သမ္မတတာဝန်များကို စတင် ထမ်းဆောင်သည်။

အမေရိကန်သမ္မတ၏ ကြီးမားသောတန်ခိုးအာဏာ၊ ကျော်ကြားမှုနှင့် အဆောင်အယောင်တို့သည် ရီဂင် အသိစိတ်တစ်နေရာတွင် အမြဲရှိနေသည် မှန်သော်လည်း သူ အမှန်တကယ် နှစ်လိုသည်မှာ မြင်းစီးခြင်းနှင့် ခြံမြေတွင် ချုံနွယ်ခုတ်ထွင်ရှင်းလင်းနေရခြင်းသာ ဖြစ်လေသည်။

■

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁၀ အသားနုတက်လာသော ဒဏ်ရာဟောင်းများ

ရီဂင်၏ ဘိုးဘေးများသည် အိုင်ယာလန်ရှိ 'ဘော်လီပိုရင်း' ဇာတိဖြစ်သည်။ ရီဂင် ရောက်သွားလျှင် အိုင်းရစ်တို့က သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ရီဂင်ရောက်မလာမီ နှစ်နာရီခန့်အလိုတွင် သည်းထန်သော မိုးရေများအကြား ဘော်လီပိုရင်းသို့ ကျွန်တော်ရောက်သွားသည်။ ရှေ့ပြေးရောက်နေသော အေးဂျင့် 'ဘာဘာရာရစ်'က လာကြိုသည်။ ကျွန်တော်က "နင့် တစ်ကိုယ်လုံး စိုနေတာ ကြွက်စုတ် ဖြစ်နေပြီ" သူမက...

" ခဏစောင့်လိုက်ပါဦး"ဟု ပြောသည်။

သူမ ပြောသည့်အတိုင်း ခဏအကြာတွင် ကျွန်တော်လည်း တစ်ကိုယ်လုံး ရွှဲစိုနေတော့သည်။ အံ့သြစရာကောင်းသည်မှာ ရီဂင်၏ ရဟတ်ယာဉ်ဆိုက်သည်နှင့် မိုး လုံးဝတိတ်ကာ နေပွင့်လာသည်။

ဘော်လီပိုရင်း လူထုသည် ရီဂင်အား လွန်စွာချစ်ခင်ကြသည်။ ဘီယာဆိုင် တစ်ဆိုင်က သူ့အား ဂုဏ်ပြုသောအားဖြင့် "ရော်နယ်ရီဂင်"ဟု အမည်ပြောင်းခဲ့သည်။

ထိုဘီယာဆိုင်တွင် ကျွန်တော်တို့ တစ်ထောက်ဝင်နားကြသည်။ ရီဂင်သည် ဘီယာဆိုင်အတွင်းတွင် လှည့်လည်ကာ ဆိုင်တွင်ရှိနေသူများကို ငယ်ပေါင်းကြီးဖော် များပမာ နှုတ်ဆက်သည်။ ဘီယာတစ်ခွက်မှာသောက်သည်။ သူ့ပုံစံမှာ လာနေကြဆိုင် အတွင်းသို့ရောက်နေသည့်အလား။

ဘီယာဆိုင်၏ အမည်ကို မိမိအမည်ဖြင့် ကမ္ပည်းတင်ခံရသူမှာ ရီဂင် တစ်ယောက်သာ ရှိမည်ထင်သည်။ အိမ်ဖြူတော် ဓာတ်ပုံဆရာက ဘီယာဆိုင်အတွင်း ရီဂင်၏လှုပ်ရှားမှုများကို ဓာတ်ပုံရိုက်ယူသည်။ နောင်နှစ်ပေါင်း အတန်ကြာတွင် ထိုပုံ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အနက်မှ တစ်ပုံကို နယူးယောက်မြို့ ပျော်ပွဲစားရုံတစ်ခု၌ ပေါင်သွင်းချိတ်ဆွဲထားသည်ကို ကျွန်တော်တွေ့ရသည်။

သမ္မတကြီးသည် အိုင်ယာလန်မှ လန်ဒန်သို့ ခရီးဆက်သည်။ ကျွန်တော်က ရှေ့ပြေးအဖွဲ့ဝင်အဖြစ် ပြင်သစ်သို့ သွားသည်။ ပြင်သစ်တွင် ပြဿနာရှိနိုင်သည်ဟု လုပ်ဖော်ကိုင်ဖက်များက သတိပေးထားသည်။ ပြင်သစ်တို့၏ စီးပိုး ထောင်လွှားမှုသည် သမ္မတ အသက်အန္တရာယ်ကို ဖြစ်စေမည်မဟုတ်ဟု ကျွန်တော်က ယူဆသည်။ လွန်ခဲ့သောလများ အတွင်းပြုလုပ်ခဲ့သည့် လုံခြုံရေးအခြေအနေ စူးစမ်းမှုများကို နှစ်ဘက်သဘောတူပြီးဖြစ်သည်။ သို့သော် ယခု နှစ်ရက်အလို တွင် ပြင်သစ်တို့က ဖောက်လာသည်။

နော်မံဒီ နှစ်လည်အခမ်းအနားသို့ နော်မံဒီ ကမ်းတက်ပွဲတွင်ပါဝင်ခဲ့သည့် နိုင်ငံများမှ နိုင်ငံအကြီးအကဲခုနစ်ဦး တက်ရောက်ကြမည် ဖြစ်သည်။ ထို့ကြောင့်  လုံခြုံရေး၊ စီမံခန့်ခွဲရေး၊ ထောက်ပံ့ရေး စသည့် လုပ်ငန်းများမှာ များစွာ ရှုပ်ထွေးခက်ခဲရသည်။

ယင်းတို့တွင် အယ်လ်လီဇဘက်ဘုရင်မကြီးနှင့် ကနေဒါ ဝန်ကြီးချုပ်တို့လည်း ပါဝင်သည်။ ဧည့်သည်တော်များ အနက် ရီဂင်သည် ပစ်မှတ်အများဆုံးဖြစ်နိုင်သည်ဆိုသောအချက်ကို ပြင်သစ်တို့က ဂရုမစိုက်။ ပြင်သစ်လုံခြုံရေးနှင့် ညှိနှိုင်းဆွေးနွေးပွဲတွင် ကျွန်တော်က ထိုအချက်ကို အလေးပေးပြောသည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသူမှာ အရေးကြီးပုဂ္ဂိုလ်များအတွက် တာဝန်ယူရသော ပြင်သစ် (*Voyage Officiel*) ဌာနမှ အကြီးအကဲ 'ဂျက်လေဂျွန်း' ဖြစ်သည်။ သူသည် အင်္ဂလိပ်ဘာသာကို ကောင်းမွန်စွာ ပြောဆိုသဘောပေါက်သူဖြစ်သော်လည်း ကျွန်တော် ပြောပြသည်ကို နားမလည်သည့်ပုံဖမ်းနေသည်။

အခမ်းအနားကျင်းပသည့်ကမ်းခြေတွင် ရီဂင်နှင့်အတူ အေးဂျင့်သုံးယောက်ရှိနေရန် မူလက သဘောတူပြီးဖြစ် သော်လည်း 'ဂျက်' က တစ်ဦးသာ ခွင့်ပြုမည်ဟု လုပ်လာသည်။ ယင်းအချက်ကို ကျွန်တော်က လက်မခံနိုင်ကြောင်း ပြောရသည်။ ပွဲကြည့်စင်မြင့်သည် မော်တော်ယာဉ်များမှ ကိုက်တစ်ရာကွာဝေးပြီး လူထုပရိသတ် နှစ်သောင်းကျော်လာ ရောက်ကြမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သော ပွဲမျိုးတွင် သမ္မတကို အကာအကွယ်မဲ့ ထီးတည်းအနေအထားမျိုး၌ မထားနိုင် ကြောင်း ပြောပြရသည်။

အယ်လီဇဘက် ဘုရင်မကြီးနှင့် ပြင်သစ်သမ္မတအတွက်လည်း လုံခြုံရေးတစ်ယောက်စီသာရှိမည် ဖြစ်ကြောင်း သူက ဆင်ခြေကန်သည်။ ကျွန်တော်က အလျှော့မပေး တင်းခံနေသဖြင့် သူက "ကမ်းစပ်မှာ ဘယ်အမေရိကန်မှ မလိုချင်ဘူး" ဟု ပြောသည်။ ထိုစကားမှာ အတော်ပင်လွန်သော စကားဖြစ်သဖြင့် ကျွန်တော်က…

"ဒီမှာ ကိုယ့်လူ ဒီစကားကို မင်းတို့ပြင်သစ်တွေ ၁၉၄၄ ခုနှစ်တုန်း က မပြောခဲ့ပါဘူး။  ခုလည်း မပြောနိုင်ဘူး။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



နောက်ဖြန်ကျရင်လည်း ပြောလို့မရဘူး။ ငါလုံး၀ လျှော့မပေးဘူး။ မင်းဆီက ခွင့်ပြုချက်ကို တောင်းဖို့လည်း မလိုဘူး။ မင်းရဲ့အဖြေကိုလည်း မလိုအပ်ဘူး။ မင်းကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ငါတို့ အေးဂျင့်သုံးယောက်ချထားမယ်။ ဒါပဲ"

ကျွန်တော်၏ ပြင်းထန်သော စကားလုံးများကို သူမျှော်လင့်မထားခဲ့။ သူ့တွင် ရွေးချယ်စရာလမ်းမရှိ။ ထို့ကြောင့် အေးဂျင့်တစ်ယောက်နှင့် သုံးယောက် ပြဿနာကို သူ အစ မဖော်တော့။

အခမ်းအနားကို ၁၉၈၄ ခု ဇွန်လ ၆ ရက်နေ့တွင် ကျင်းပသည်။ သမ္မတနှင့်တကွ ကျွန်တော်တို့က (*Pointe du Hoc*) ကျောက်ကမ္ဘားတွင် စတင်ကျင်းပသည်။ လေထန်သော နေ့တစ်နေ့ဖြစ်သည်။

၁၉၄၄ ခု ဇွန်လ ၆ ရက်နေ့ နော်မံဒီ ကမ်းတက်တိုက်ပွဲစသည့် အချိန်တွင် အမေရိကန် ကွန်မန်ဒို ၂၂၅ ယောက်က ကျောက်ကမ္ဘားကို တွယ်တက်ပြီး ပြင်သစ်မြေပေါ် ခြေကုပ် စယူခဲ့သည်။ ထိုတိုက်ပွဲတွင် ပါ၀င်ခဲ့ပြီး သက်ရှိထင်ရှားရှိနေသူ ၆၂ ဦး အပါအဝင် ပရိသတ်အား သမ္မတက မိန့်ခွန်းပြောသည်။

" ရဲဘော်တို့ ဒီနေရာမှာ တိုက်ပွဲဝင်ခဲ့တာ၊ နှစ်ရာသီပေါင်းလေးဆယ် ကြာခဲ့ပြီ။ အဲဒီတုန်းက ရဲဘော်တို့ဟာ လူငယ်တွေပဲဖြစ်တယ်။ တချို့ကဆိုရင် ကလေးသာသာအရွယ်ပဲ ရှိကြတယ်။ အရွယ်ကောင်းအချိန်မှာ စွန့်လွှတ်စွန့်စားပြီး တိုက်ပွဲ ဝင်ခဲ့ကြတယ်။ ဘာအတွက် အသက်ကို ပဓာနမထားဘဲ ဒီလိုစွန့်လွှတ်စွန့်စားခဲ့ကြတာလဲ။ အဲဒီတပ်ဖွဲ့ဝင်တွေကို ဘယ်အရာက အားပေးခဲ့တာလဲ။ ဒါဟာ တခြားတော့မဟုတ်ဖူး။ ခံယူချက်၊ ယုံကြည်ချက်၊ သစ္စာရှိမှုနဲ့ တိုင်းပြည်အပေါ် ချစ်မြတ်နိုးမှုတွေပဲ ဖြစ်တယ်" ထိုမိန့်ခွန်းသည် သမိုင်းဝင်မိန့်ခွန်းဖြစ်သွားသလို ကမ္ဘာ့အကျော်အမော်ထိပ်တန်း မိန့်ခွန်းစာရင်းဝင်သွားခဲ့သည်။

မိန့်ခွန်းပြောပြီးသည့်အခါ သမ္မတကြီးသည် ရဲဘော်ဟောင်းတစ်ဦးချင်းစီကို လက်ဆွဲနှုတ်ဆက်ပြီး စကားစမြည်ပြောသည်။ ထိုနေ့ နံနက်ခင်း၏ အတွေ့အကြုံ ကို နောက်ပိုင်းတွင် ရီဂင်က ရေးသားရာ၌ "အသက်အရွယ်နှင့် ဘ၀ အတွေ့အကြုံများသည် ရဲဘော်ဟောင်းကြီးများ၏ ဆံပင်ကို မီးခိုးရောင်သို့ပြောင်းစေခဲ့သည်။ မျက်နှာသွင်ပြင်ကို ရင့်ရော်စေခဲ့သည်။ အချို့တို့သည် လုပ်ငန်းရှင်များ ဖြစ်ကြပေမည်။ သူတို့သည် နော်မံဒီ ကမ်းတက်တိုက်ပွဲဝင်စဉ်က နှုတ်ခမ်းမွေးပေါက်ခါစအရွယ်ပင် ရှိကြမည်။ သူတို့သည် ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ခဲ့ကြသည်"

ဂျာမန်တို့ ချထားခဲ့သော ကွန်ကရစ်တုံး ထိုးထိုးထောင်ထောင်များကြားမှ သမ္မတ ဇနီးမောင်နှံကို ကျွန်တော်တို့ စောင့်ကြပ်ခေါ်လာရသည်။ ထိုမှ နိုင်ငံအကြီးအကဲများ တက်ရောက်မည့် အခမ်းအနား ကျင်းပရာသို့ ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်ရသည်။ သောင်ပြင်တွင် တန်းစီနေသော တစ်မျှော်တစ်ခေါ် လူတန်းကြီးကို ရဟတ်ယာဉ်ပေါ်မှ မြင်ရသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သမ္မတကြီးသည် အခြားသော နိုင်ငံအကြီးအကဲများနှင့်အတူ ရှက်ဖျင်တဲတွင် နေရာယူသည်။ သမ္မတကြီးကို မြင်သည်နှင့် ပရိသတ်က "ရော်နီ၊ ရော်နီ"ဟု အော်ဟစ်ကြသည်။ ပြင်သစ်သမ္မတ မီထရောင်းသည် ထိုသို့ အော်ဟစ်နေသည်များကို မကြားယောင်ပြုခဲ့သည်။

ကနေဒါ ဝန်ကြီးချုပ် ထရူဒေါက ရီဂင်၏ ပခုံးကိုပုတ်ကာ "ခင်ဗျားကို အော်ခေါ် နေကြတယ်"ဟု ပြောသည်။ ရီဂင်က သူ့ထုံးစံအတိုင်း "အော်...ဟုတ်လား"ဟု ပြောကာ ပရိသတ်ဆီသို့ လက်ဝှေ့ယမ်းပြသည်။ ပရိသတ်က သောင်းသောင်းဖြဖြ ပြန်လည်နှုတ်ဆက်သည်။

အခမ်းအနားပြီးဆုံးသည့်အခါ ရီဂင်သည်ကမ်းခြေအခြားတစ်နေရာရှိ 'အိုမားဟား' အမေရိကန် စစ်သင်္ချိုင်းသို့ သွားသည်။ စစ်သင်္ချိုင်းတွင် အိမ်ဖြူတော်ရုံးအဖွဲ့မှူး 'မိုက်ဒီဗာ'က ရီဂင်၏ ဓာတ်ပုံကောင်းကောင်းရရန် ကြိုးစားသော်လည်း လူများလွန်းသဖြင့် လုပ်မရဖြစ်နေသည်။ အိမ်ဖြူတော်ဝန်ထမ်းများ၊ မီဒီယာသမားများ၊ ကြိုဆိုရေးကော်မတီဝင်များ၊ သင်္ချိုင်းတာဝန်ခံများနှင့် မင်းပရိသတ်တို့ကြောင့် ဓာတ်ပုံသမားက အခက်တွေ့နေရသည်။ ဒီဗာ လိုချင်သည့်အတိုင်း အေးဂျင့်များက စီစဉ်ပေးလိုက်သည်။ နှင်းဆီပွင့်လေးတစ်ပွင့်ကို သင်္ချိုင်းဂူတစ်ခုပေါ်သို့ သမ္မတတင်နေသည့် ပုံကောင်းကို ရလိုက်သည်။

အိုမားဟားတွင် သမ္မတရီဂင် ပြောကြားသည့် မိန့်ခွန်းသည် ကျွန်တော် ကြားဖူးသမျှထဲတွင် စိတ်ထိခိုက်ဖွယ်အကောင်းဆုံးဖြစ်သည်။ နော်မံဒီ စစ်ပြန်တစ်ဦး၏သမီးဖြစ်သူ 'လီဇာ ဇနက်တာဟန်း'က အိမ်ဖြူတော်သို့ ပေးပို့ခဲ့သည့် သူမ ဖခင်၏စာကို ရီဂင်က ဖတ်ပြသည်။

"သမီးရေ... တစ်နေ့ကျရင်တော့ အဖေ ဒီနေရာကို ပြန်လာဖြစ်အောင်ကို လာဦးမယ်။ နော်မံဒီကမ်းခြေရယ်၊ ချထားတဲ့ ကွန်ကရစ်တုံး အရံအတားတွေ၊ သင်္ချိုင်းတွေကို ပြန်လာကြည့်ဖြစ်အောင်ကို ကြည့်ဦးမယ်"

ရီဂင် စဖတ်သည်နှင့် ပရိသတ်သည် မျက်ရည်ဝိုင်းစပြုလာသည်။ ထိုစာအပေါ် သမီးဖြစ်သူက အိမ်ဖြူတော်သို့ ရေးသည့်စာကို ရီဂင်က ဆက်ဖတ်ပြသည်။ "သူ့စာဟာ ကျွန်မကို ကမ်းတက်ရေယာဉ်ပေါ်မှာ ထိုင်နေရသလို ခံစားစေတယ်။ ပင်လယ်ရဲ့ ရနံ့ကိုရသလို၊ လှိုင်းမူးတာကိုလည်း ခံစားမိတယ်။ အဖေ အနီးအနားမှာ ရှိနေမယ့် ရဲဘော်တွေရဲ့ မျက်နှာပေါ်မှာ စိုးရွံ့တဲ့ခံစားမှု၊ ဆင်းရဲဒုက္ခနဲ့ ဘာဖြစ်လာမလဲဆိုတဲ့ စိုးရိမ်စိတ်တွေ ယှက်သန်းနေတာကို မြင်ယောင်မိတယ်။ ပထမဆုံးကမ်းတက်တော့မယ့် သူတို့ရဲ့ ခွန်အား၊ ရဲစွမ်းသတ္တိကိုလည်း ခံစားမိတယ်။ ရှေ့မှာ သေမင်းက စောင့်ကြိုနေတယ်"

"ကျွန်မဆီမှာ ဘာကြောင့် ဒီလိုခံစားမှုတွေ ဖြစ်လာရတယ်ဆိုတာ မသိပါဘူး။ ဒီ ဟာလာဟင်းလင်းဖြစ်မှု၊

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စရာ မဲမဲတဲ့ သူတို့ရဲ့သန္နိဋ္ဌာန်တွေကို ထိသိခံစားမိတာတော့ အမှန်ပါပဲ။ အသက်နှစ်ဆယ်သာသာပဲ ရှိသေးတဲ့ ကျွန်မ ဖခင်ဟာ ကမ်းတက်တိုက်ပွဲမှာ ပါဝင်တော့မယ်ဆိုတဲ့ အသိဟာ ကျွန်မကို ငိုကြွေးမိစေပါတယ်''

လွန်ခဲ့သော အနှစ်လေးဆယ်က ဤနေရာတွင် မည်သို့ဖြစ်ပျက်ခဲ့သည်ကို ရီဂင်က ပရိသတ်အား ပြောပြသည်။ သူ့ရှေ့တွင်ရှိနေသော စစ်ပြန်ကြီး၏သမီး 'လီဇာ'အား စိုက်ကြည့်ရင်း သူက ဆက်ပြောနေသည်။

''လီဇာဟာ သူ့ဖခင်ရဲ့ဆန္ဒ၊ ဒီနေရာကို ပြန်လာကြည့်ဖို့ရည်ရွယ်ချက်ကို သူမရဲ့စာမှာ ပထမဆုံးဖော်ပြထားတယ်။ သူမဖခင်ဟာ လွန်ခဲ့တဲ့ရှစ်နှစ်က ကင်ဆာရောဂါနဲ့ ဆုံးပါးသွားခဲ့ပါတယ်။ ဒါကြောင့် သူမ အိမ်ဖြူတော်ကို ရေးတဲ့ စာထဲမှာ အဖေရေ... ကျွန်မ နော်မံဒီကိုသွားမယ်။ ကမ်းခြေ၊ ကွန်ကရစ်တုံးတွေနဲ့ အမှတ်တရ အထိမ်းအမှတ်တွေကို သွားကြည့်မယ်။ ကျဆုံးသွားတဲ့ ရဲဘော်အထိမ်းအမှတ်မှာ ပန်းခွေချမယ်။ အဖေလုပ်ချင်တာတွေကို သမီးသွားလုပ်ပေးပါ့မယ်။ အဖေ တွေ့ကြုံခဲ့ရတာတွေကို သမီး ဘယ်တော့မှမမေ့ပါဘူး။ တခြားလူတွေလည်း မမေ့စေရဘူး။ အဖေ့အတွက် သမီး သိပ်ဂုဏ်ယူပါတယ် ဖေဖေ''

ကျွန်တော်က စင်မြင့်၏ လက်ဝဲဘက် နန်စီရီဂင်အနီးတွင် ရပ်နေသည်။ သမ္မတနှင့်သမ္မတကတော်တို့ မျက်ရည်ဝဲနေသည်ကိုတွေ့ရသည်။ ထိုနည်းတူ ကျွန်တော်သည်လည်း မျက်ရည်ဝဲလျက်။ သမ္မတသည် မိန့်ခွန်းပြောအပြီး လှောက်ထွက်လာသောအခါ သူ့မျက်နှာတွင် မျက်ရည်စီးကျနေသည်ကို တွေ့လိုက်ရသည်။

နော်မံဒီ အခမ်းအနားသည် ရီဂင်၏ အောင်မြင်မှုတစ်ခု ပင်ဖြစ်သည်။ နောက်နှစ်တွင် ဂျာမနီသို့ သွားရောက်သော ခရီးစဉ်မှာ တစ်မျိုးတစ်ဖုံဖြစ်ခဲ့ရသည်။ အနောက်ဂျာမနီ၏ မြို့တော် ဘာလင်တွင် စီးပွားရေးထိပ်သီးအစည်းအဝေး ကျင်းပရန် ဖြစ်လာသည်။ ဂျာမနီဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးလ်သည် နိုင်ငံရေးပြဿနာများနှင့် ရင်ဆိုင်နေရသည်။ ရီဂင် လာရောက်သည့်အခါ သူ၏ ဇာတိခရိုင်သို့ လာရောက်နိုင်ခြင်း ရှိ မရှိ မေးမြန်းလာသည်။ သမ္မတ၏ ခရီးစဉ်တွင် ဂျာမန်ဝန်ကြီးချုပ်၏ ဇာတိခရိုင်အတွင်းရှိ ဒုတိယကမ္ဘာစစ် စစ်သုံ့ပန်းအကျဉ်းစခန်းများကို သွားသင့် မသွားသင့် အိမ်ဖြူတော်ဝန်ထမ်းများ အကြိတ်အနယ် ဆွေးနွေးကြသည်။ အကျဉ်းစခန်းသို့ မသွားရောက်သင့်ကြောင်း ဆုံးဖြတ်ကြသည်။ နော်မံဒီ အခမ်းအနားတွင် ရီဂင်၏ လှုပ်ရှားမှုဓာတ်ပုံများ လတ်ဆတ်နေဆဲအချိန်တွင် ဂျာမနီ စစ်သင်္ချိုင်းတွင် လွမ်းသူ့ပန်းခွေ ချသင့်ကြောင်း သဘောရကြသည်။

ကိုမက်ရှိုဟီး ( *Kolmeshohe* ) သင်္ချိုင်းတွင် ပန်းခွေချသင့်ကြောင်း ဂျာမန်ဘက်က အကြံပေးသည်။ ထိုသင်္ချိုင်းသည် အမေရိကန် လေတပ်စခန်းအနီးတွင်ရှိပြီး ဟဲလ်မွတ်ခိုးလ်၏ ဇာတိခရိုင်အတွင်း ရှိသည်။

ရီဂင်သည် အမေရိကန် လေတပ်စခန်းသို့ လေယာဉ်ဖြင့် ဆိုက်ရောက်မည်၊ ဟဲလ်မွတ်ခိုးလ်က အကြိုမည်၊

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စစ်သင်္ချိုင်းတွင် ပန်းခွေချမည်။ ထို့နောက် ပြန်လည်ထွက်ခွာမည်။ ပန်းခွေချခြင်းမှာ စစ်အတွင်း တိုင်းပြည်အတွက် အသက်စွန့်သွားခဲ့ရသော ဂျာမန်စစ်သည်များကို အလေးထားကြောင်းပြသခြင်း ဖြစ်သည်။

ဖေဖော်ဝါရီလတွင် ကျွန်တော်၊ ဒီဗာနှင့်ဟန်ကဲလ်တို့အဖွဲ့သည် ရှေ့ပြေးအဖြစ် ကိုမက်ရှ်ပြီး သင်္ချိုင်းသို့ ရောက်သွားသည်။ ဂျာမန်စစ်သင်္ချိုင်းသည် အမေရိကန်စစ်သင်္ချိုင်းနှင့် လုံးဝမတူ။ လက်ဝါးကပ်တိုင်များသည် စီစီရီရီ ညီညီညာညာ ရှိရမည့်အစား မညီမညာ အနိမ့်အမြင့် မတူဘဲ ဟိုတစ်ကွက် သည်တစ်ကွက် ထိုးထိုးထောင်ထောင်။ အထိမ်းအမှတ်ကျောက်တုံးများအနက် သမ္မတ ပန်းခွေချရန် သင့်တော်မည့် ကျောက်တုံးကို ခက်ခက်ခဲခဲရှာရသည်။

ဆောင်းတွင်းကာလမို့ အုတ်ဂူများသည် နှင်းများဖြင့် ဖုံးအုပ်လျက်ရှိသည်။ အချို့တို့သည် ဟစ်တလာ၏ သက်မဲ့ ပါးကွပ်သား အက်စ်အက်စ်အရာရှိ အုတ်ဂူများဖြစ်နေသည်။ ထိုအချက်သည် ပြင်ပသို့ ပေါက်ကြားသွားကာ အမေရိကန် ဂျူး အသိုင်းအဝိုင်းက ဆူပွက်တော့သည်။ ဂျာမနီတွင် ရှိသမျှသော စစ်သင်္ချိုင်းများတွင် အက်စ်အက်စ်အရာရှိတို့ကို မြှုပ်နှံမထားသော သင်္ချိုင်းဟူ၍မရှိ။

နှင်းခဲပျော်သွားသည့်အခါ ကိုမက်ရှ်ပြီး သင်္ချိုင်းအတွင်း အက်စ်အက်စ် အရာရှိများကို မြှုပ်နှံထားသည့် အထိမ်းအမှတ် ကျောက်တုံးများ ပေါ်လာသည်။ အချို့က ခြောက်ဆယ်ကျော်ကျော်ရှိမည်ဟု ဆိုသည်။ အိမ်ဖြူတော်က ၁၀ ခု ဟုဆိုသည်။ သင်္ချိုင်းအတွင်း စုစုပေါင်း အထိမ်းအမှတ်ကျောက်တုံး နှစ်ထောင်ကျော်ရှိနေသည်။ အထိမ်းအမှတ် ကျောက်တုံးတိုင်းတွင် အမည်၊ ရာထူး၊ မွေးနေ့နှင့် ကျဆုံးသော နေ့ရက်တို့ကို ထွင်းထုထားသည်။ မြှုပ်နှံထားသော အက်စ်အက်စ်အရာရှိများ အားလုံးသည် အသက် ၁၉ နှစ်အောက်သာဖြစ်သည်ကို တွေ့ရသည်။ အချို့ဆိုလျှင် အတော်ပင် ငယ်ရွယ်ကြသည်။ သူတို့သည် စစ်မြေပြင်တွင် ကျဆုံးခဲ့သူများဖြစ်သည်။ သူတို့သည် အမာခံအက်စ်အက်စ်များ မဟုတ်ကြ။ နာဇီအကျဉ်းစခန်းတွင် နှိပ်စက်ညှင်းပန်းမှု တာဝန်ယူခဲ့ကြသူများမဟုတ်။ သို့သော် ရက်စက်ကြမ်းကြုတ်သည့် အက်စ်အက်စ်ဆိုသည့် အရိပ်မည်းကြောင့် ကျွန်တော်တို့ အခက်တွေ့ကြရသည်။ ထို့ကြောင့် ကျွန်တော်တို့ နည်းလမ်းရှာရသည်။ နောက်တစ်ခေါက် ဂျာမနီသို့သွားကာ သင့်တော်မည့် သမိုင်းဝင်နေရာကို ရှာရပြန်သည်။

ထိုစဉ်က ဂျာမနီနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးမှာ အငြိမ်းစား ဒုတိယ ဗိုလ်ချုပ်ကြီး ဗာနွန်ဝါလ်တာ ဖြစ်သည်။ သူ့ခေတ်သူ့ကာလတွင် ဂုဏ်သတင်းကြီးမားသူဖြစ်ပြီး၊ ဘာသာစကားခုနစ်မျိုးကို ပြောဆိုနိုင်သူဖြစ်သည်။ သမ္မတ ခုနစ်ဦးလက်အောက်တွင် အမှုထမ်းခဲ့သူလည်းဖြစ်သည်။ သမ္မတ ထရူးမင်းလက်ထက်တွင် မာရှယ်စီမံကိန်း ရေးဆွဲရာတွင် ပါဝင်ခဲ့သည်။ စီအိုင်အေ ဒုတိယညွှန်ကြားရေးမှူး၊ နေတိုးအမြဲတန်းကော်မတီအဖွဲ့ဝင်၊ နယ်လှည့် သံအမတ်ကြီး၊ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီး တာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။

the bookhouse we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဘွန်းရှိ အမေရိကန် သံရုံးက သမ္မတ သွားရောက်ရန်သင့်တော်မည့် သမိုင်းဝင်နေရာများကို စာရင်းပြုပေးသည်။ ထိုစာရင်းတွင် သမိုင်းဝင် ဂျူးဘုရားကျောင်းနှင့် အကျဉ်းစခန်းများပါဝင်သည်။ အန်ဖရင့် (Anne Frank)အား ချုပ်နှောင်ထားခဲ့သည့် အကျဉ်းစခန်း 'ဘာဂင်ဘဲလ်ဆင်' (*Bergen Belsen*)လည်း စာရင်းတွင် ပါဝင်သည်။ အန်ဖရင့်သည် နာဇီ အဖမ်းမခံရစေရန် ပုန်းအောင်းနေစဉ် ရေးသားခဲ့သော ဒိုင်ယာရီကြောင့် ကမ္ဘာကျော်သူ ဖြစ်သည်။ ထိုနေရာသို့ ရိုဂင်သွားရောက်သင့်ကြောင်း ကျွန်တော်တို့အားလုံးက သဘောရကြသည်။

ဘာဂင်ဘဲလ်ဆင် အကျဉ်းစခန်းကို ၁၉၄၀ ပြည့်နှစ်တွင် ဆောက်လုပ်ခဲ့ပြီး စစ်သုံ့ပန်းများကိုထားသည်။ ထို့နောက် ဂျူးထောင်ပေါင်းများစွာကို လူမဆန်စွာ နှိပ်စက်သတ်ဖြတ်သော အကျဉ်းစခန်းဖြစ်လာခဲ့သည်။ ဘာဂင်ဘဲလ်ဆင်တွင် ဓာတ်ငွေ့လူသတ်ရုံ မရှိသော်လည်း နှိပ်စက်ညှင်းပန်းမှု၊ ငတ်ပြတ်မှု၊ အနာရောဂါကျရောက်မှုတို့ကြောင့် ထိုစခန်းတွင် လူပေါင်းငါးသောင်းကျော် သေဆုံးခဲ့ရသည်။ မဟာမိတ်တပ်များ က ၁၉၄၅တွင် စခန်းကိုသိမ်းယူသည်။ အကျဉ်းစခန်း၏ ကတုတ်မြောင်းများအတွင်း ဖြစ်ကတတ်ဆန်း မြုပ်နှံထားသည့် ထောင်ပေါင်းများစွာသော လူသေအလောင်းများကို ဗြိတိသျှတို့က ရုပ်ရှင်ရိုက်ကူးကာ ကမ္ဘာအဝန်း လှည့်လည်ပြသသည်။

ယခုအခါ အကျဉ်းစခန်းတွင် အဆောက်အဦဟူ၍ မရှိတော့။ ကျောက်သားတံတိုင်းခတ်ထားသည့် တောင်ပူစာ မို့မို့ကြီးများသာ ကျန်တော့သည်။ တောင်ပူစာများအတွင်း မြုပ်နှံထားသည့် အလောင်းအရေအတွက်ကို တံတိုင်းတွင် ကမ္ပည်းထိုးဖော်ပြထားသည်။

ဘာဂင်ဘဲလ်ဆင်ကို ကျွန်တော်တို့သွားရောက် ကြည့်ရှုပြီး ညပိုင်းတွင် စားသောက်ဆိုင်ငယ်တစ်ခုတွင် ညစာ စားကြသည်။ ဒီဗာ၊ ဟန်ကဲလ်၊ ကျွန်တော်နှင့် သံအမတ်ကြီး ဝါလ်တာတို့ ညစာအတူစားကြသည်။ ထိုစားသောက်ဆိုင်တွင် နာမည်ကျော် အမေရိကန် ဗိုလ်ချုပ်ကြီးပက်တန် တည်းခိုနေစဉ် စားသောက်ဆိုင်ရှင်အမျိုးသမီးနှင့် ရည်ငံခဲ့သည်ဟု သတင်းစကား သိုးသိုးသန့်သန့် ထွက်ဖူးသည်။ သူမသည် ယခုအခါ အသက်ခုနစ်ဆယ်ရှိပြီဖြစ်သည်။ ထိုသတင်းစကားကို သူမက ဝန်မခံပေ။ ညစာ စားနေစဉ် ဒီဗာထံသို့ အိမ်ဖြူတော်မှ တယ်လီဖုန်းဝင်လာသည်။ ဘာဂင်ဘဲလ်ဆင် အကျဉ်းစခန်းတွင် မြုပ်နှံထားသော အက်စ်အက်စ်အရာရှိများ ရှိနေသည်ဟုဆိုသည်။ တစ်ဘက်မှ ပြောနေသူက "မစ္စတာဒီဗာ ကျွန်တော်က ဗိုလ်ချုပ်ကြီး ရစ်ဝေးပါ။ သမ္မတကြီး အခက်အခဲရှိနေရင် သူ့ကိုယ်စား ကျွန်တော်က ပန်းခွေချပေးနိုင်ပါတယ်"

အငြိမ်းစားဗိုလ်ချုပ်ကြီး ရစ်ဝေးသည် ထိုစဉ် က အသက်ကိုးဆယ်ရှိနေပြီဖြစ်သည်။ သူသည် ၁၉၄၂ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး အိုမာဘရက်ဒလီ၏ နေရာကိုဆက်ခံကာ လေကြောင်းချီတပ်မ (၈၂) ၏ တပ်မှူးဖြစ်လာသည်။ နော်မန်ဒီ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဘမ်းတက်တိုက်ပွဲတွင် သူ၏ တပ်မပါဝင်ခဲ့သည်။ ကိုးရီးယားစစ်ပွဲတွင်လည်း တပ်မ(၈)၏ တပ်မမှူးအဖြစ် တာဝန်ယူခဲ့သည်။ ဗိုလ်ချုပ်ကြီးမက်အာသာ၏ နေရာကို ဆက်ခံကာ အရှေ့ဖျားရှိ ကုလသမဂ္ဂနှင့် အမေရိကန် လက်နက်ကိုင်တပ်များ၏ ဦးစီးချုပ်တာဝန်ကိုလည်း ယူခဲ့ရသည်။

သူသည် မျိုးချစ်စစ်သားကောင်းတစ်ယောက် ဖြစ်သည်နှင့်အညီ ယခုအခါ သမ္မတကြီးကိုယ်စား အမှုတော်ထမ်းရွက်ရန် ကမ်းလှမ်းလာခြင်းဖြစ်သည်။ ပန်းခွေကို ဗိုလ်ချုပ်ကြီးရစ်ဝေး တစ်ယောက်တည်းချသည်ထက် နောက်တစ်ယောက်နှင့် ပူးတွဲချသည်က ပိုမိုသင့်တော်မည်ဟု ဒီဗာက တွေးသည်။ ပူးတွဲ ပန်းခွေချရန် ဂျာမန်ဘက်မှ ဒုတိယဗိုလ်ချုပ်ကြီး ဂျိုဟာန်စတိန်းဟော့ဖ်ကို သံအမတ်ကြီးဝါလ်တာက အဆိုပြုသည်။ သူသည် ရုရှားစစ်မျက်နှာတွင် တိုက်ခိုက်ခဲ့သော လေသူရဲတစ်ဦးဖြစ်သည်။ စစ်ကြီးအပြီးတွင် အနောက်ဂျာမနီလေတပ်သို့ ဝင်ရောက်ကာ လေတပ်ဦးစီးချုပ်တာဝန်အထိ ယူခဲ့သူဖြစ်သည်။

ဗိုလ်ချုပ်ကြီး ရစ်ဝေးနှင့် ဗိုလ်ချုပ်ကြီး စတိန်းဟော့ဖ်တို့ ပူးတွဲပန်းခွေချရန် ဒီဗာက စီစဉ်သည်။ ထိုအစီအစဉ်ကို သတင်းသမားများအား နောက်ဆုံးမိနစ်တွင်မှ အသိပေးရန် လျှို့ဝှက်ထားသည်။ ဗိုလ်ချုပ်ကြီး ရစ်ဝေးကို အမေရိကန်မှ လေယာဉ်ဖြင့် တိတ်တဆိတ်ခေါ်ယူပြီး လေတပ်စခန်းတွင် တည်းခိုနေစေသည်။ အလားတူပင် ဂျာမန်ဗိုလ်ချုပ်ကြီး စတိန်းဟော့ဖ်ကိုလည်း ခေါ်ထားသည်။ သမ္မတ ရီဂင် ဆိုက်ရောက်ပြီး နောက်တစ်နေ့ အခမ်းအနားသို့ မထွက်ခွာမီ တယ်လီဖုန်းဝင်လာသည်။ ''ခင်ဗျား ယုံမှာ မဟုတ်ဘူး ဂျိုး၊ မနေ့ညက တစ်ယောက်ယောက်လာပြီး သင်္ချိုင်းမှာရှိတဲ့ အက်စ်အက်စ်အရာရှိ မှတ်တိုင်တွေမှာ ပန်းခွေ လာချသွားတယ်''

ထိုပန်းများကို ချက်ချင်း ဖယ်ရှားခိုင်းလိုက်ရသည်။ မည်သည့်အတွက်ကြောင့် ဤသို့လာလုပ်သွားသည်ကို ကျွန်တော် မသိ။ သို့သော် စိတ်အနှောင့်အယှက်တော့ ဖြစ်သွားသည်။

သမ္မတနှင့်အဖွဲ့ လေယာဉ်ဖြင့် သံ့ပန်းစခန်းသို့ ဦးတည်နေချိန်တွင် အိမ်ဖြူတော်က ဗိုလ်ချုပ်ကြီးနှစ်ဦးက ပန်းခွေချမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာသည်။ အမေရိကန်သမ္မတနှင့် ဂျာမန်ဝန်ကြီးချုပ်တို့ ရှေ့မှောက်တွင် စစ်ပြန်အငြိမ်းစား ဗိုလ်ချုပ်ကြီး နှစ်ဦးတို့က ပန်းခွေချခြင်းဖြင့် အမေရိကန်နှင့် ဂျာမန်နှစ်နိုင်ငံတို့သည် ဒုတိယကမ္ဘာစစ်ကို သမိုင်းတစပြင်တွင် အပြီးအပိုင် မြုပ်နှံလိုက်ပြီဆိုသည့် သင်္ကေတ သဘောဆောင်စေခြင်းဖြစ်သည်။

ကျွန်တော်တို့ သင်္ချိုင်းသို့ရောက်သွားပြီး အမေရိကန်သမ္မတနှင့် ဂျာမန်ဝန်ကြီးချုပ်တို့ ယှဉ်တွဲရပ်လျက်နေရာယူကြသည်။ စစ်ပြန်ဗိုလ်ချုပ်ကြီးနှစ်ဦးသည် တစဘက်တစ်ချက်စီမှ လျှောက်ဝင်လာသည်။ နှစ်ယောက်မျက်နှာချင်းဆိုင်မိသည့်အခါ လက်ဆွဲနှုတ်ဆက်ကြသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သုံ့ပန်းစခန်းရှိ သင်္ချိုင်းသို့ရောက်သွားသည့်အခါ ရိုက်ခတ်လာသည့် စိတ်ခံစားမှုကို စကားလုံးများဖြင့် ဖော်ပြရန်မဖြစ်နိုင်။ ရောက်သွားဖူးသူတိုင်း ထိုစိတ်လှုပ်ရှားမှုကို ဆို့နင့်ခံစားမိကြမည်သာဖြစ်သည်။ ပြန်ထွက်လာသည့်အခါတွင်လည်း ထိုနည်းနှင်နှင်ဖြစ်သည်။ ဗိုလ်ချုပ်ကြီးနှစ်ဦးက ပန်းခွေချကြသည်။ ဒီဗာ၏ အစီအစဉ်အရ သမ္မတသည် ပန်းခွေကို လုံးဝမထိပေ။ သူတို့သည် ခေါင်းဆောင်နှစ်ဦးနှင့်အတူ သင်္ချိုင်းတစ်ဘက်ဆီသို့ လျှောက်လာကြသည်။ ဤနေရာတွင် ဒီဗာက ညှိနှိုင်းခံပွဲအခမ်းအနားတစ်ခုကို စီစဉ်ထားသည်။

ညှိခံပွဲသို့ ဖိတ်ကြားခံရသူများမှာ ၁၉၄၄ ခုနှစ်တွင် ဟစ်တလာအားဖြုတ်ချ အာဏာသိမ်းရန် ကြံစည်ခဲ့သူများ၏ မိသားစုဝင်များ၊ ဟစ်တလာ၏အမိန့်ဖြင့် အဆိပ်သောက်ကာ မိမိကိုယ်ကို အဆုံးစီရင်ခဲ့ရသူ ဖီးမာရှယ်ရွမ်းမဲလ်၏ မိသားစုဆွေမျိုးများ၊ ဟစ်တလာအားလုပ်ကြံရန် ကြံစည်မှုဖြင့် ကွပ်မျက်ခံခဲ့ရသော ဂျာမန်ဗိုလ်ချုပ်မိသားစုဝင်များဖြစ်သည်။

အခမ်းအနားအပြီးတွင် အမေရိကန် လေတပ်စခန်းသို့ ပြန်လာခဲ့ကြသည်။ စခန်းသို့အရောက်တွင် ရီဂင်က ထိုနေ့ အခမ်းအနားနှင့် ပတ်သက်ပြီး မှတ်မှတ်ရရ စကားပြောသည်။

"အခု ဒီကိုလာတဲ့အတွက် အမေရိကန်နဲ့ ဂျာမန်ပြည်သူတွေကို လှုပ်လှုပ်ရှားရှားဖြစ်စေခဲ့တယ်။ ဒီသင်္ချိုင်းကို သွားမယ်ဆိုတာနဲ့ ကန့်ကွက်တဲ့စာတွေ၊ ထောက်ခံတဲ့စာတွေ၊ စိုးရိမ်တဲ့စာတွေ၊ မေးခွန်းထုတ်တဲ့စာတွေ အများကြီးရခဲ့တယ်။ အနာဟောင်းကို ပြန်ဆွသလိုဖြစ်သွားတာ စိတ်မကောင်းပါဘူး။ အခုအချိန်မှာ အနာဟောင်းတွေ ကျက်သင့်ပါပြီ" ဟု ရီဂင်က ကျွန်တော်တို့ကို ပြောသည်။

ဒီဗာသည် စိတ်ကူးကောင်းကောင်းဖြင့် ဂျာမနီခရီးစဉ်ကို စီစဉ်ခဲ့သည်။ ရီဂင် ပြောသလို အနာဟောင်းတို့ အသားနုတက်ရမည်။ သို့သော် ထိုသတင်းအစား အမေရိကန် သတင်းမီဒီယာများက အက်စ်အက်စ်တပ်ဖွဲ့၏ ဒုတိယကမ္ဘာစစ်အတွင်း ရက်စက်ကြမ်းကြုတ်မှုများကိုသာ အသားပေးဖော်ပြခဲ့ကြလေသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁၁ စစ်အေးတိုက်ပွဲ၏နိဂုံး

အိုက်စလန်နိုင်ငံ၊ ရေကယာဗစ်မြို့၊ အိမ်ငယ်လေးတစ်လုံး၏အပြင်ဘက်ရှိ ထမင်းစား စားပွဲတွင် ရီဂင်နှင့် ဆိုဗီယက်ခေါင်းဆောင် ဂေါ်ဘာချော့တို့ ၁၉၈၆ ခု အောက်တိုဘာလတွင် မျက်နှာချင်းဆိုင်ထိုင်ဖြစ်ခဲ့ကြသည်။ ထိုအခိုက်အတန့်မှ စ၍ အမေရိကန်နှင့် ရုရှားတို့အကြားရှိနေသော တင်းမာမှုတို့ စတင် အရည်ပျော်သည်ဟု သမိုင်းဆရာတို့က မှတ်တမ်းတင်ခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်ဦးသားသည် အမေရိကန်၏ တိုက်ချင်းပစ်ဒုံးကာကွယ်ရေး အစီအစဉ် (Strategic Defense Initiative) ကို ဆွေးနွေးခဲ့သည်။ ထိုအစီအစဉ်ကို မီဒီယာများက 'ကြယ်တာရာစစ်ပွဲ စီမံချက်' (Star War)ဟု ဝိဂြိုဟ်ပြုခဲ့သည်။ အာကာသယာဉ်ကို အသုံးပြုလျက် ဝင်ရောက်လာမည့် ဆိုဗီယက် တိုက်ချင်းပစ် ဒုံးများကို ဖြိုခွင်းသော စီမံကိန်း ဖြစ်သည်။ ရုရှားတို့ မည်မျှပင်ကန့်ကွက်နေသည်ဖြစ်စေ ရီဂင်က ထိုအစီအစဉ်ကို အကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်ချထားသည်ဟု အများက ယူဆထားကြသည်။

သမ္မတအဖြစ်ရွေးချယ်ခံရစဉ်က ရီဂင်အား ရဲရဲတောက် ဆိုဗီယက်ဆန့်ကျင်သမားအဖြစ် ရှုမြင်သုံးသပ်ကြသည်။ ၁၉၈၂ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ဗြိတိသျှအောက်လွှတ်တော်၌ ရီဂင် မိန့်ခွန်းပြောကြားသည့်အခါ ဆိုဗီယက်ယူနီယံအား "မိစ္ဆာအင်ပါယာ" (evil empire) ဟု ကင်ပွန်းတပ်ခဲ့သည်။

"လူ့ယဉ်ကျေးမှုတစ်ရပ်လုံးဟာ အဏုမြူမှုန်တွေကြားတွေမှာ ကြေပြုန်းပျက်သုဉ်းရမှာလား၊ ပစ္စည်းမဲ့အာဏာရှင်စနစ်နဲ့ သင့်တင့်ဖို့အတွက် လွတ်လပ်မှုတွေကို အဆုံးအရှုံးခံရမှာလား"ဟု သူက မေးခွန်းထုတ်ခဲ့သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရုရှားနှင့် အမေရိကန်တို့ အဏုမြူလက်နက်အပြိုင်တပ်ဆင်ကြစဉ်က တစ်နိုင်ငံလက်ထဲတွင် အခြားတစ်နိုင်ငံအားဖျက်ဆီးပစ်ရန် အဏုမြူလက်နက်အလုံအလောက် ရှိနေသည်ဆိုပါက အဏုမြူလက်နက်ကို သုံးရဲကြမည်မဟုတ်။ ဤနည်းဖြင့် တစ်နိုင်ငံကိုတစ်နိုင်ငံက ဟန့်တားထားနိုင်ခြင်းဖြစ်သည်။ ထိုနည်းကို (mutual deterance)ဟု ခေါ်ကြသည်။ အဏုမြူထိပ်ဖူးတပ်တိုက်ချင်းပစ်ဒုံးပျံများကို သေချာပေါက်ဖျက်ချနိုင်သော မဟာဗျူဟာကို ရီဂင်က ကြံဆခဲ့သည်။ နည်းပညာအရာ၌ များစွာသာလွန်သော အမေရိကန်တစ်ဦးတည်းကသာ ကြယ်တာရာစစ်ပွဲ အစီအစဉ် စွမ်းဆောင်နိုင်သည်ဖြစ်သည်။ အမေရိကန်က တစ်ဖက်သတ် သာလွန်မည်ဆိုပါက ရုရှားကလည်း နားကိုက်ပါးကိုက်လုပ်ကာ ထင်ရာစိုင်းပွဲကြမ်းလာမည်ကို နိုင်ငံရေးသုခမိန်များက သတိပေးကြသည်။ ထိုနည်းသည် အဖြေမဟုတ်သည်ကို ရီဂင်က နောက်ပိုင်းတွင်သဘောပေါက်လာသည်။

ထို့ကြောင့် တိုက်ချင်းပစ်ဒုံး ကာကွယ်ရေးအစီအစဉ်ကို ပူးပေါင်းဆောင်ရွက်ရန် ရီဂင်က ဂေါ်ဘာချော့အားအဆိုပြုသည်။ နှစ်နိုင်ငံ တင်းမာမှု လျော့ပါးရေးအတွက် ဤနည်းတစ်နည်းသာ ရှိတော့သည်မို့ ရီဂင်သည် ရဲရဲဝံ့ဝံ့သမားရိုးကျ လမ်းကြောင်းမှ ခွဲထွက်လိုက်ခြင်းဖြစ်သည်။ ထိပ်တိုက်ရင်ဆိုင်တွေ့ခြင်းသည် နည်းပညာ ထွန်းကားလွန်းသောခေတ်တွင် နှစ်ဖက်စလုံး ဆုံးခန်းတိုင်ကြမည်ကို ရီဂင်က ကောင်းစွာနားလည်သည်။

"ကြယ်တာရာ စစ်ပွဲအစီအစဉ်ကို ဆိုဗီယက်ယူနီယံနဲ့ ပေါင်းလုပ်ရအောင်"ဟု ရီဂင် က ကမ်းလှမ်းလိုက်သည်။

ရီဂင်၏ အဆိုပြုချက်ကို ဂေါ်ဘာချော့က အံ့သြသွားပြီး နားမလည်နိုင်ဖြစ်သွားသည်။ ထို့ကြောင့်…

"သမ္မတကြီးပြောတာကို ကျွန်တော် နားမလည်ပါဘူးခင်ဗျာ"… ဒုံးပျံကာကွယ်ရေး အစီအစဉ်တွင် ပါဝင်နိုင်လောက်အောင် ရုရှားသည် နည်းပညာအဆင့်မရှိ။

"ခင်ဗျားက မပါနိုင်ရင် ကျွန်တော် ဒီအစီအစဉ်ကို ဖျက်သိမ်းရမယ်"ဟု ရီဂင်က ပြောသည်။

ရေကယာဗစ် ထိပ်သီးဆွေးနွေးပွဲသည် သဘောတူညီချက် တစ်စုံတစ်ရာမရရှိဘဲ အဆုံးသတ်ခဲ့ရသော်လည်း ထိုဆွေးနွေးပွဲသည် စစ်အေးတိုက်ပွဲ နိဂုံး၏ နိဒါန်းပင်ဖြစ်သည်ဟု သမိုင်းဆရာများက ဆိုကြသည်။ ရေကယာဗစ်နောက်ပိုင်း နှစ်နိုင်ငံဆွေးနွေးမှုများ ဆက်လက်အကောင်အထည်ပေါ်ခဲ့ပြီး တာလတ်ပစ်ဒုံးပျံများ ဖျက်သိမ်းရေး သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ရေကယာဗစ် ဆွေးနွေးပွဲမတိုင်မီ တစ်နှစ်အလို ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလတွင် ရီဂင်နှင့် ဂိုဘာချော့ဂျီနီဗာတွင် တွေ့ဆုံခဲ့ကြသည်။ ထိုဆွေးနွေးပွဲသည်သာ စစ်အေးတိုက်ပွဲကို ဆုံးခန်းတိုင်စေသည့် မရဏမောင်းသံဟုကျွန်တော်က ဆိုချင်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဂျနီဗာရေကန်ကြီး၏ ကမ်းစပ် ကျောက်သားအဆောင်ငယ်ထဲတွင် ခေါင်းဆောင်နှစ်ဦးတို့ အလွတ်သဘော စကားစမြည်ပြောကြသည်။ သူတို့နှစ်ဦးအနီးတွင် လုံခြုံရေးတာဝန်ဖြင့် ကျွန်တော်က ရှိနေသည်။ အခြားမည်သူမျှ မရှိ။ ထိုစဉ်က ရီဂင် ပြောခဲ့သော စကားသုံးခွန်းသည် အမေရိကန်-ဆိုဗီယက် တင်းမာမှု လျော့ပါးရေး အခင်းအကျင်းသစ်ကို စတင်ပေးလိုက်ခြင်းဖြစ်သည်။

ရီဂင် သမ္မတသက်တမ်း ပထမ လေးနှစ်တွင် မော်စကိုဌ် သူနှင့် အဆင်ပြေမည့်သူ မရှိခဲ့။ ဝန်ကြီးချုပ် ခရုရှော့ဗ် နောက် ၁၉၆၄ ခုနှစ်တွင် လီယိုနစ် ဘရက်ဇနက် တက်လာသည်။ ဘရက်ဇနက် ကွယ်လွန်သည့် ၁၉၈၂ခုနှစ်တွင် ကေဂျီဘီ အကြီးအကဲ ယူရီ အင်ဒရိုပေါ့ တက်လာသည်။ နှစ်နှစ်ကြာ ပါတီခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ပြီး ယူရီ အင်ဒရိုပေါ့ ကွယ်လွန်သည်။ သူ့နောက်တွင် 'ကွန်စတင်တီ ချာနင်ကို' တက်လာပြန်သည်။ ယင်းတို့ သုံးဦးစလုံးသည် စတာလင်ခေတ် ကွန်မြူနစ်စနစ်အောက်တွင် လူလားမြောက်လာသူများ ဖြစ်သဖြင့် တရားသေကွန်မြူနစ်များ ဖြစ်ကြသည်။ ရီဂင်နှင့် မည်သို့မျှ နရီ မကိုက်သူများ ဖြစ်ကြသည်။ ၁၉၈၅ ခုနှစ်တွင် ချာနင်ကို ကွယ်လွန်သည့်အခါ တက်လာသည့် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ်ခေး ဂေါ်ဘာချော့သည် မျိုးဆက်သစ် ကွန်မြူနစ်ဖြစ်သည်။

ဂေါ်ဘာချော့သည် ယခင်ခေါင်းဆောင်များအောက် ငယ်ရွယ်သူ၊ လာဘ်မြင်သူ၊ အာဏာကို ချင့်ချိန်သုံးသူ ဖြစ်သည်။ သူတက်လာသည့်အချိန်တွင် ဆိုဗီယက်စီးပွားရေးသည် ချွတ်ခြုံကျနေသည်။ အရှေ့ဥရောပ ကွန်မြူနစ်နိုင်ငံများသည်လည်း ဆိုဗီယက်ကွန်မြူနစ်စနစ်အပေါ် စိတ်ကုန်နေကြသည်။ သူတို့က အနောက်အရင်းရှင်နိုင်ငံများနှင့် ပြေလည်လိုကြသည်။ နည်းပညာ၊ ငွေကြေး အကူအညီ စသည်တို့ကို အနောက်အရင်းရှင်နိုင်ငံများကသာ ထောက်ပံ့နိုင်သည်ကို ကောင်းစွာသိကြသည်။ ကြားမှ ကန့်လန့်ခံနေသော ဆိုဗီယက်ယူနီယံအပေါ် အစာမကြေကြ။ ဂေါ်ဘာချော့သည် အခြေခံမှစလျက် ပြောင်းလဲနေသော အပြည်ပြည်ဆိုင်ရာ အခင်းအကျင်းကို သဘောပေါက်သည်။ ရုရှားသည် ပြုပြင်ပြောင်းလဲမှု မလုပ်ပါက ဆက်လက် မရပ်တည်နိုင်တော့သည်ကိုလည်း သိသည်။

ဆိုဗီယက် ကွန်မြူနစ်ပါတီကိုလည်းကောင်း၊ ရုရှားနှင့် ကမ္ဘာ့ပြည်သူများကိုလည်းကောင်း ဂေါ်ဘာချော့က စကားလုံးနှစ်လုံးဖြင့် တုန်လှုပ်ချောက်ချားစေခဲ့လေသည်။ 'ဂလတ်စ်နော့' ( *glasnot* ) ပွင့်လင်းမြင်သာမှုနှင့် 'ပယ်ရီစတွိုင်ကာ' (*Perestorika*)ပြုပြင်ပြောင်းလဲရေး ဟူသော ရုရှားစကားလုံးနှစ်လုံးသည် ရာစုနှစ်၏ ခေတ်အစားဆုံး ဝေါဟာရများ ဖြစ်သွားပြီး၊ အဘိဓာန်အစုံစုံတွင် ကမ္ဘာသုံး စကားလုံးအဖြစ် နေ့ချင်းညချင်း တန်းဝင်သွားခဲ့တော့သည်။ ရီဂင်သည် သူနှင့် ပုလဲပန်းသင့်နိုင်သူ မော်စကိုမြို့သားတစ်ဦးကို ရသွားခဲ့တော့သည်။ ဂေါ်ဘာချော့သည် သူနှင့် စိတ်တူသဘောတူ ဆွေးနွေးတိုင်ပင်ဖက် ဖြစ်လာခဲ့တော့သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ရီဂင်နှင့် ဂေါ်ဘာချော့ ဂျီနီဗာ ထိပ်သီးအစည်းအဝေးအတွက် အေးဂျင့်များက ငါးလ ကြိုတင်ပြင်ဆင်ရသည်။ ၁၉၈၅ ခုနှစ်၊ ဇူလိုင်လလယ်ပိုင်းတွင် ရေ့ပြေး စူးစမ်းလေ့လာရေးအတွက် ကျွန်တော်တို့အဖွဲ့ ဂျီနီဗာသို့ ရောက်သွားသည်။ ကျွန်တော့်အဖွဲ့ခေါင်းဆောင်မှာ ဟန်ကဲလ် ဖြစ်သည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ဆွေးနွေးဘက်မှာ ကေဂျီဘီ ဗိုလ်ချုပ် 'မစ်ခေးလ် ဒူကာချေယက်'ဖြစ်သည်။ ရှောဖဲလားဇနီး၏ ခရီးစဉ်တွင် သူနှင့်ကျွန်တော် ဆက်ဆံခဲ့ဖူးသည်။

ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ ဆိုဗီယက် အမြဲတမ်း ကိုယ်စားလှယ် အဖွဲ့ရုံးတွင် ကျွန်တော်တို့ဆွေးနွေးကြသည်။ ဆွေးနွေးပွဲခန်းမထဲတွင် လီနင်၏ ဓာတ်ပုံကြီးက နံရံပေါ်တွင် ထီးထီးမားမား နေရာယူထားသည်။ ကျွန်တော်တို့အား အပေါ်စီးမှ စိုက်ကြည့်နေသည့်အလား။ တစ်ဘက်အဖွဲ့ခေါင်းဆောင်မှာ ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖြစ်သည်။ ခေါင်းဆောင်၏ လက်ယာဘက်တွင် ဗိုလ်ချုပ် ဒူကာချေယက်က ထိုင်သည်။ ကျွန်တော်တို့ဘက်က မေးမြန်းသော မေးခွန်းများကို ဖြေကြားရာတွင် ဆိုဗီယက်အဖွဲ့ခေါင်းဆောင်သည် ဒူကာချေယက်အား တိုးတိုးကပ်၍ သဘောထားတောင်းခံသည်ကို တွေ့ရသည်။

ထိုနောက် အဖွဲ့ငယ်များခွဲကာ ဆွေးနွေးကြသည်။ နှစ်ဖက်စလုံး၏ ရပ်တည်ချက် တူညီမှသာ ဖြစ်နိုင်မည်ကို ကျွန်တော်နှင့် ဒူကာချေလက်တို့က သဘောရကြသည်။ အိမ်ရှင်ဖြစ်နေသည့် ဆွစ်ဇာလန် အာဏာပိုင်များနှင့် ဆွေးနွေးကြသည့်အခါ အမေရိကန်နှင့် ဆိုဗီယက် ရှေ့ပြေးအဖွဲ့များက တစ်သံတည်းဖြစ်နေမှသာ အဆင်ပြေနိုင်မည်ကို ဆိုဗီယက်ဘက်ကလည်း သဘောပေါက်သည်။

ခေါင်းဆောင်များ ဆိုက်ရောက်ခြင်း၊ ယာဉ်တန်းအစီအစဉ်၊ လုံခြုံရေးလိုအပ်ချက်၊ သံတမန်ထုံးစံ စသည့် ရှုပ်ထွေးလှသည့် လုပ်ငန်းစဉ် အဆင့်ဆင့်နှင့်ပတ်သက်၍ အမေရိကန်-ဆိုဗီယက် နှစ်ဖက်သဘောတူပြီးသားကို ဆွစ်အာဏာပိုင်များက နောက်ဆုံးပိတ် သဘောတူခွင့်ပြုပေးရန် လိုအပ်သည်။ ဆွစ်အာဏာပိုင်များက သဘော မတူလျှင် ခရီးစဉ်အတွက် ဆိုဗီယက်တို့နှင့် ရထားသော သဘောတူညီချက်များသည် သဲထဲရေသွန် ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် အမေရိကန်နှင့် ဆိုဗီယက်တို့သည် တစ်ယောက်တစ်ပေါက် တောင်းဆိုနေ၍မဖြစ်။ ဘုံရပ်တည်ချက် ယူထားမှသာ အလုပ်ဖြစ်မည်။

ရီဂင်အတွက် တည်းခိုရန်နေရာနှင့် အစည်းအဝေးကျင်းပမည့်နေရာကို နှစ်နေရာခွဲထားရန် ဟန်ကဲလ်ကစီစဉ်သည်။ ရီဂင်အား သီးသီးသန့်သန့် အနားရစေရန် ယင်းသို့ စီစဉ်ခြင်းဖြစ်သည်။ သမ္မတအား စိတ်ဓာတ်အခြေအနေ အကောင်းဆုံး အနေအထားရှိနေစေရန်နှင့် အမြင်တင့်တယ်စေရန်လည်း ဖြစ်သည်။ ပင်ပန်းနွမ်းနယ်နေသော သမ္မတ ပုံရိပ်သည် အမြင်တင့်တယ်မည် မဟုတ်ပေ။ ထို့ကြောင့် သမ္မတ အနားရစေရန် တစ်ရက်၊ နှစ်ရက်ခန့် စောပြီး

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဂျိနီဗာသို့ ရောက်နေရန် စီစဉ်ထားရသည်။ သို့မှသာ ဆွစ်ဇာလန်နှင့် ဝါရှင်တန်အကြား အချိန်ခြားနားမှုကို ဇီဝကမ္မဖြစ်စဉ်က ထိန်းညှိပေးနိုင်မည်ဖြစ်သည်။ ဝါရှင်တန်နှင့် ဆွစ်ဇာလန်အကြား အချိန်ခြားနားမှုသည် ခြောက်နာရီရှိသည်။ ဂေါ်ဘာချော့အဖို့မူ အချိန်ကွာခြားမှု အနည်းငယ်သာ ရှိမည်ဖြစ်သည်။

နယူးဖျော်လတ်သွက်လက်နေသော ရီဂင်၏ပုံရိပ်ကို ဟန်ကဲလ်က ပြလိုသည်။ အစည်းအဝေးမတိုင်မီ တစ်ရက်တွင် သူက သမ္မတအား မြင်းစီးထွက်စေချင်သည်။ သူ့အစီအစဉ်ကြောင့် ကျွန်တော်တို့ အလုပ်ရှုပ်ကြရသည်။

ဂျိနီဗာမြို့ပြင် ပြင်သစ်နယ်စပ်အနီးတွင် သင့်တင့်ကောင်းမွန်သော မြင်းဇောင်းတစ်ခုကို ကျွန်တော်တို့ ရှာတွေ့သည်။ ထိုမြင်းဇောင်းတွင်ရှိသော မြင်းအကောင်ငါးဆယ်မှာ မျိုးကောင်းများဖြစ်သည်။ ရီဂင် နှစ်သက်သော အိုင်းရစ်မျိုးကောင်းမြင်းများလည်း ပါဝင်သည်။ အမေရိကန်သို့ ကျွန်တော်တို့အဖွဲ့ပြန်သွားပြီး ရီဂင်အတွက် မြင်းကုန်းနှီးနှင့် ကကြိုးတန်ဆာပလာများကိုယူလျက် ဂျိနီဗာသို့ ကျွန်တော် တစ်ခေါက်ပြန်လာရသည်။ မြင်းစီးမည့်လမ်းကြောင်းတစ်လျှောက်ကို လေ့လာရသည်။ လှပသော တောအုပ်အတွင်း ကွေ့ဝိုက်ရစ်ခွေသော လမ်းကြောင်းသည် တစ်ခါတစ်ရံ ပြင်သစ်ပိုင်နယ်မြေအတွင်းသို့ ဖြတ်သန်းသွားသည်။ အမေရိကန်သမ္မတသည် လက်နက်ကိုင်အေးဂျင့်များနှင့်အတူ ပြင်သစ်နယ်မြေအတွင်း ဖြတ်သန်းမြင်းစီးလျှင် ပြင်သစ်တို့၏ ခွင့်ပြုချက်လိုအပ်သည်။

မြင်းစီးနိုင်သည့် လမ်းကြောင်း တစ်ဒါဇင်ကျော်ကျော်ကို ကျွန်တော်တို့ ရေးဆွဲထားသည်။ ဘတ်စ်ကားငယ်လေးများဖြင့် ထိုလမ်းကြောင်းများတစ်လျှောက် စူးစမ်းလေ့လာကြသည်။ အချိန်ကုန် လူပင်ပန်းသောလုပ်ငန်းဖြစ်သည်။

အကြိမ်ကြိမ် ဂျိနီဗာသို့သွားကာ ညှိနှိုင်းရင်း သမ္မတ၏ ခရီးစဉ်ရုပ်လုံးပေါ်လာသည်။ လေဆိပ်တွင် မည်သို့ကြိုဆိုကြမည်၊ သတင်းစာရှင်းလင်းပွဲ မည်သည့်နေရာတွင်လုပ်မည်၊ ညစာစားပွဲသို့ မည်သူတွေ တက်ကြမည်တို့ကို ရှင်းရှင်းလင်းလင်းချမှတ်နိုင်လာသည်။ ခရီးစဉ်တစ်လျှောက်လုံးကို ပုံစံသွင်းယူရသည်။ သမ္မတခရီးစဉ်အတွက် ဂျိနီဗာသို့ ရောက်လေတိုင်း ကျွန်တော်နှင့် ဆွေးနွေးဘက်ဖြစ်သည့် ကေဂျီဘီ ဗိုလ်ချုပ် ဒုကာချေယက်နှင့် အမြဲလို နေ့လယ်စာ၊ ညစာ စားဖြစ်အောင် ကြိုးစားသည်။

ယင်းသို့ဖြင့် သူနှင့် ရင်းနှီးမှုမှာ လုပ်ငန်းသဘောအရသာ မကတော့ဘဲ ပုဂ္ဂိုလ်ရေး ပါခင်မင်မှုရှိလာသည်။ သူ့ဘဝကို တစ်စွန်းတစ်စ သိရှိခွင့်ရလာသည်။ သူ့ဘဝ၏ အကြည်နူးဆုံးအချိန်မှာ ခြောက်နှစ် အရွယ်မြေးကို လက်တွဲလျက် ပန်းခြံထဲတွင် လမ်းလျှောက်နေသည့်အခါတွင်ဖြစ်ကြောင်း သူကပြောပြသည်။ သူသည် ကေဂျီဘီ ဗိုလ်ချုပ်တစ်ဦးဖြစ်သဖြင့် သူ့သက်တမ်းတစ်လျှောက်တွင် လူမဆန်သော ယုတ်မာရက်စက်မှု အချို့ကျူးလွန်ခဲ့ဖူးပေမည်။ သို့သော် သူသည် လူသားသာလျှင်ဖြစ်သဖြင့် ကြင်နာမှုချစ်ခင်ယုယမှုတို့ ကိန်းအောင်းနေသည်ကို တွေ့ရသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သမ္မတ ခရီးစဉ်မစတင်မီ နောက်ဆုံးအခေါက်တွင် ကျွန်တော် သူနှင့် တွေ့ဆုံရာ ၌ စာအုပ်နှစ်အုပ် သူ့အား လက်ဆောင်ပေးလိုက်သည်။ တစ်အုပ်မှာ အိုင်ဆင်ဟောင်ဝါ၏ အဘိုးတစ်ယောက်ဘ၀ အတွေ့အကြုံနှင့် နောက်တစ်အုပ်မှာ အမေရိကန် ဝီစကီတစ်ပုလင်းဖြစ်သည်။ လက်ဆောင်ပေးရင်းသူ့အား "ဒီလက်ဆောင်တွေဟာ ခင်ဗျားရဲ့မြေးလေးကို ဝုဏ်ပြုပြီးပေးတာပါ" ဟု ပြောလိုက်သည်။

သူပြန်ပေးသော လက်ဆောင်မှာ ဒုတိယကမ္ဘာစစ် အကြောင်းရေးသားထားသော စာအုပ်ဖြစ်ပြီး၊ ရုရှားဘာသာဖြင့် ရေးသားထားခြင်းဖြစ်သည်။ ကျန်တစ်အုပ်မှာ ဒုတိယ ကမ္ဘာစစ်တွင် ဆိုဗီယက်တပ်မတော်၏ အောင်ပွဲများဟူသည့် စာအုပ်ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည်။

ရီဂင် တည်းခိုရန် သင့်တော်မည့်နေရာကို ကားတစ်စင်းဖြင့် ကျွန်တော်တို့ လှည့်ပတ်ရှာဖွေရသည်။ အချိန်ကုန် လုပ်ငန်းဖြစ်ရသည်။ အာဂါခန်မင်းသားကြီးက သူ၏ (*La Maison de Saussure*) စံအိမ်တွင်တည်းခိုပါရန် ကမ်းလှမ်းလာသည်။ သူ့စံအိမ်ကိုပင် ကျွန်တော်တို့လက်ခံလိုက်သည်။ ထိုစံအိမ်မှာ ဂျီနီဗာမြို့စွန် 'ခရူဒီဂင်သိုး" ရွာကလေးတွင် ရှိပြီး တင့်မောလှပသည့် ဂျီနီဗာရေကန်ကြီး၏ ကမ်းစပ်တွင် ရှိသည်။

အမေရိကန်ဘက်မှ အစည်းအဝေး လက်ခံကျင်းပမည့်နေရာကို ဂျီနီဗာရေကန်အစပ်ရှိ ရေပန်းရိပ်သာ (*Fleur de Eau*) ကို ရွေးချယ်လိုက်သည်။ အခန်းနှစ်ဆယ်ပါ ခမ်းနားသော စံအိမ်ကြီးဖြစ်သည်။ ကျွန်တော်တို့ ကောင်းစွာအလုပ်လုပ်နိုင်ရန် ကျယ်ဝန်းသည့်နေရာ ဖြစ်သည်။ စံအိမ်အောက်ဘက်ကမ်းစပ်တွင် မီးလင်းဖိုပါသော ကျောက်တုံးဖြင့်ပြီးသော အဆောင်လေးကို ဟန်ကဲလ်က များစွာ သဘောကျသည်။ သမ္မတကို ဓာတ်ပုံရိုက်ကူးရန် အကောင်းဆုံးနေရာ ဖြစ်သည်။ ဟန်ကဲလ်သည် အကင်းပါးသူ ဖြစ်သည်။ သမ္မတ၏ ပုံရိပ်အား အတင့်တယ်ဆုံး၊ အကောင်းဆုံးဖြစ်စေရန် မည်သို့ ပုံဖော်ရမည်ကို အမြဲကြံဆနေသူ ဖြစ်သည်။

ခရီးစဉ်ကို စီစဉ်ရာတွင် အခက်အခဲတစ်ခုမှာ ယာဉ်တန်းအစီအစဉ် ဖြစ်သည်။ ယာဉ်တန်းအစီအစဉ်အပေါ် ဆွစ်အာဏာပိုင်များ၏ သဘောတူညီချက်ကို ယူရမည်ဖြစ်သည်။ တစ်နိုင်ငံက ယာဉ်တန်းတွင် ကားအစင်းတစ်ရာကျော် ပါဝင်နေပြီး နောက်တစ်နိုင်ငံက ကား ၂၆ စင်းဆိုလျှင် ဆွစ်တို့က စကားပြောလာမည်ဖြစ်သည်။ ထိုအခြေအနေကို ဒူကာချေယက်အား ပြောပြပြီး ကျွန်တော်တို့နှစ်ဦးသား သီးခြားထိုင်ကာ ယာဉ်တန်းအစီအစဉ်ကို ရေးကြသည်။ ယာဉ်တန်း အစီအစဉ်တွင် ကွဲလွဲမှုများစွာရှိလိမ့်မည်ဟု ကျွန်တော်က ထင်ထားခဲ့သည်။

သို့သော် ဒူကာချေယက် ဆွဲထားသော ယာဉ်တန်းအစီအစဉ်သည် ကျွန်တော့် ယာဉ်တန်းအစီအစဉ်နှင့် တစ်ထပ်တည်းကျနေသည်ကို အံ့သြစွာတွေ့ရသည်။ သူတို့ ယာဉ်တစ်စီးချင်း စီစဉ်မှုသည် ကျွန်တော်တို့ အစီအစဉ်အတိုင်းပင်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ ယာဉ်တန်းနှစ်ခုစလုံးတွင် ပါဝင်သော ကားအရေအတွက်မှာ ၂၆ စင်းဖြစ်သည်။ ဆွစ်လုံခြုံရေးကားများလည်း ရှိသေးသည်။

အမေရိကန်ဘက်မှ အစည်းအဝေး လက်ခံကျင်းပမည့် ရေပန်းရိပ်သာ *(Fleur de Eau)* နှင့် ရုရှားဘက်မှ လက်ခံကျင်းပပေးမည့် ကောင်စစ်ဝန်ချုပ်ရုံးရှိ အစည်းအဝေးခန်းများသည် မကျယ်ဝန်းလှသည့်အတွက် တစ်ဖက်စီမှ အေးဂျင့် အများအပြားဝင် နေရာယူ၍ မဖြစ်နိုင်။ အထဲတွင် ဝင်ရောက်နေရာယူမည့် နှစ်ဖက် အေးဂျင့်အရေအတွက် သတ်မှတ်ရသည်။ နှစ်ဖက်စလုံးတွင် လက်နက်ကိုယ်စီပါကြမည်ဖြစ်သဖြင့် လက်နက်ကိစ္စကို အငြင်းပွားဖွယ်မရှိ။

ယာဉ်တန်းကိစ္စသည် ထင်သလောက် မချောမွေ့။ အမေရိကန်၊ ရုရှားနှင့် ဆွစ်လုံခြုံရေးယာဉ် စုစုပေါင်း ခုနစ်ဆယ်ကျော်ကို အစည်းအဝေး အဆောက်အဦပြင်ပတွင် ရပ်နားရန်နေရာမရှိ။ နှစ်ဖက်စလုံးက ယင်းတို့၏ယာဉ်များကို ချက်ချင်း လှုပ်ရှားနိုင်သည့် အနေအထားမျိုးတွင် ရှိစေချင်သည်။ ပိတ်ရပ်ထားခြင်းမျိုး မလိုချင်။ ယာဉ်တန်းတစ်ခုစီ၏ ဆိုက်ရောက်လာမည့် အချိန်နှင့် ကားရပ်နားမည့် နေရာကို စီစဉ်ရေးဆွဲရသည်မှာ ရှုပ်ထွေးလှသည်။ ယင်းသို့ ရှုပ်ထွေးရသည့်အထဲ အမေရိကန်နိုင်ငံခြားရေးဌာန အေးဂျင့်များက တစ်စခန်းထလာခဲ့ပြန်သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး 'အက်ဒဝပ်ရှာဗာနက်ဇီး' ၏ လုံခြုံရေးကို ကေဂျီဘီက တာဝန်ယူသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး 'ဂျော့ရှုံဇ်' ၏ လုံခြုံရေးကို နိုင်ငံခြားရေးဌာန၏ လုံခြုံရေးအေးဂျင့်များက တာဝန်ယူသည်။ ကေဂျီဘီနှင့် ကျွန်တော်တို့ ဆွေးနွေးရယူထားသော သဘောတူညီချက်သည် ရှာဗာနက်ဇီး၏ လုံခြုံရေးလည်း အကျုံးဝင်သည်။ ကျွန်တော်နှင့်ကေဂျီဘီ ရယူထားသော သဘောတူညီချက်သည် နိုင်ငံခြားရေးရုံး လုံခြုံရေးကို အကျုံးမဝင်ဟု နိုင်ငံခြားရေး အေးဂျင့်အချို့က ယူဆသည်။

အတိအကျပြောရလျှင် သူတို့၏ ယူဆချက်မှာ မှားယွင်းသည်။ လွန်ခဲ့သော နှစ်အနည်းငယ်က သမ္မတလုံခြုံရေးအဖွဲ့နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန လုံခြုံရေးအဖွဲ့တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည်။ ထိုစာချွန်လွှာအရ သမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီးတို့ အတူပါဝင်နေသည့်ကိစ္စရပ်များတွင် သမ္မတ၏ လုံခြုံရေးအဖွဲ့က တာဝန်ယူကြီးကြပ်ရမည်ဖြစ်သည်။ နိုင်ငံခြားရေးရုံး လုံခြုံရေးအေးဂျင့်များ ပါဝင်ရမည် ဖြစ်သော်လည်း သမ္မတ လုံခြုံရေးအဖွဲ့ကသာ အစစအရာရာကို တာဝန်ယူ ရမည်ဖြစ်သည်။ သမ္မတ၏ လုံခြုံရေးအဖွဲ့သည် အရာရာကို အဆုံးအဖြတ်ပေးနိုင်သော အာဏာပိုင်သည်ဟု စာချွန်လွှာတွင် အတိအလင်း ဆိုထားသည်။

ရေပန်းရိပ်သာ ဆွေးနွေးပွဲတွင် အမေရိကန်ဘက်မှ အေးဂျင့်တစ်ဦးနှင့် ရုရှားဘက်မှ လုံခြုံရေးတစ်ဦးတို့သာ အစည်းအဝေး အခန်းတွင်းသို့ဝင်ရန် သဘောတူညီထားပြီးဖြစ်သည်။ သို့သော် နိုင်ငံခြားရေးဌာန အေးဂျင့်များက သူတို့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ထဲမှ တစ်ယောက်လည်းဝင်မည်ဟု ဆိုလာသည်။ ယင်းသို့ဆိုလျှင် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီးအတွက် ကေဂျီဘီမှ နောက်ထပ်တစ်ယောက် ဝင်မည်ဆိုလာပါက အခန်းထဲတွင် ထိုင်စရာ နေရာမရှိပေ။ နိုင်ငံခြားရေးရုံး လုံခြုံရေးခေါင်းဆောင်အား ကျွန်တော်က ဖျောင်းဖျသော်လည်း အရာမထင်။ လုံခြုံရေးခေါင်းဆောင်သည် အတ္တကို တံခွန်ထူထားသူ ဖြစ်သည်။

ရီဂင်မရောက်မီ တစ်ရက်တွင် ဆွစ်အစိုးရက ခရီးစဉ်အတွက် ဝတ်စုံပြည့်လေ့ကျင့်မှု ပြုလုပ်သည်။ ပြုလုပ်မည့် အစည်းအဝေးတိုင်း၊ အခမ်းအနားတိုင်းအတွက် ဆွစ်အာဏာပိုင်များက အသေးစိတ်စစ်ဆေးလိုသည်။ ယင်းသို့ လေ့ကျင့်ရာတွင် တစ်နေရာ၌ နှစ်ဖက်ယာဉ်တန်းများကို တန်းစီစစ်ဆေးကြရသည်။ ထိုအချိန်တွင် နိုင်ငံခြားရေးရုံး လုံခြုံရေးကခေါင်းမာနေသည့်အကြောင်းကို ဗိုလ်ချုပ် ဒူကာချေယက်အား သတိပေးလိုက်သည်။ အစည်းအဝေးခန်းအတွင်းသို့ တစ်ဖက်မှ အေးဂျင့်တစ်ယောက်စီသာဝင်ရမည့် သဘောတူညီချက်ကို ချိုးဖောက်လျက် နိုင်ငံခြားရေးရုံးမှ အေးဂျင့်အပိုတစ်ယောက် ဝင်မည်ဟု ပြောနေကြောင်း ပြောပြလိုက်သည်။

သူက " ခင်ဗျားတို့ဌာနက ဒီပြဿနာကို ရှင်းလိုက်ပေါ့"

"ခင်ဗျားတို့ ကေဂျီဘီက အပြီးသတ် ဆုံးဖြတ်ပေးနိုင်ပေမဲ့ ကျွန်တော်တို့ စနစ်က ဒီလိုမဟုတ်ဘူး။ လုပ်လို့မရဘူး" ဟု ပြန်ပြောလိုက်သည်။

"ဟုတ်ပြီလေ။ မနက်ဖြန် မနက်ကျတော့ ဒီကောင်နဲ့ တွေ့ကြတာပေါ့" သူက ပြောသည်။

ထိုနေ့ ညနေတွင် ဒူကာချေယက်၏ တပည့်တစ်ယောက်က ကြီးမားလေးလံသည့် ခရီးဆောင်သေတ္တာတစ်လုံးကို ချီပိုးသယ်မနေသည်ကို ကျွန်တော်က စိုက်ကြည့်နေမိသည်။ သေတ္တာအပေါ်ပိုင်းတွင် တယ်လီဖုန်း တစ်လုံးတပ်ဆင်ထားသည်ကို တွေ့ရသည်။ ဒူကာချေယက်က ကျွန်တော့်အနီးရောက်လာပြီး "အဲဒီ တယ်လီဖုန်းနဲ့ မော်စကိုမှာရှိတဲ့ ငါ့မိန်းမကို စကားပြောလို့ရတယ်"

ထိုစဉ်က လက်ကိုင်တယ်လီဖုန်းများ မပေါ်သေးပေ။ လက်ကိုင်ဖုန်းများပေါ်လာရန် နှစ်အတန်ကြာလိုသေးသည့်ကာလဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က "ဟုတ်ရဲ့လားဗျ။ နောက်မနေပါနဲ့"ဟု ပြောလိုက်သည်။

သူ့လက်ထောက်အား မော်စကိုသို့ ဆက်သွယ်ရန် ဒူကာချေယက်က အမိန့်ပေးလိုက်သည်။ ခဏအကြာတွင် သူ့လက်ထောက်က တယ်လီဖုန်းကို သူ့အား ကမ်းပေးသည်။ သူက ရုရှားဘာသာဖြင့် အနည်းငယ်ပြောပြီး၊ တယ်လီဖုန်းကို ကျွန်တော့်အားပေးပြီး "ငါ့မိန်းမကို နှုတ်ဆက်လိုက်ပါဦး"

တယ်လီဖုန်းလိုင်းမှာ ဆူညံသံများအကြား မကြားတစ်ချက် ကြားတစ်ချက်…။ "ဟယ်လို၊ အခုလို စကားပြောရတာ ဝမ်းသာပါတယ်၊ အခု ကျွန်တော် ဗိုလ်ချုပ်နဲ့အတူရှိနေတယ်" ဟု ပြောလိုက်ပြီး တယ်လီဖုန်းကို ပြန်ပေးလိုက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ဖက်မှ စကားပြောနေသူမှာ မည်သူမှန်း ကျွန်တော်မသိ။ လောကဝတ်အရ " သိပ်ကောင်းတာပဲနော်" ဟု ပြောလိုက်ရသည်။

ဒူကာချေယက်သည် ခေါင်းတညိတ်ညိတ်ဖြင့် ရုရှားနည်းပညာကို ဂုဏ်ယူဝင့်ကြွားနေသည်။ ကျွန်တော်က လည်း အားကျမခံ "ကျွန်တော့်မိန်းမကိုလည်း ကျွန်တော် ဒီကနေဖုန်းပြောလို့ရတယ်" ကျွန်တော် သမ္မတ မော်တော်ယာဉ် ဆီသို့သွားကာ ယာဉ်မောင်းအား " ဆက်သွယ်ရေးရဲဘော်ကို ငါ့မိန်းမဆီကို ခေါ်ခိုင်းလိုက်"ဟု ပြောသည်။ နှစ်မိနစ်ခန့် အကြာတွင် ယာဉ်မောင်းက ကျွန်တော့်အား ခေါင်းညိတ်ပြသည်။ ဆက်သွယ်ရေး ရဲဘော်သည် အိမ်ဖြူတော် တိုက်ရိုက် လိုင်းကိုခေါ်ပြီး၊ အိမ်ဖြူတော်က ကျွန်တော့်ဇနီးထံ ခေါ်ပေးခြင်းဖြစ်သည်။ အိမ်ဖြူတော် တိုက်ရိုက်လိုင်းကို သမ္မတ၏ အထက်တန်း အရာရှိကြီးများအား သုံးစွဲခွင့်ပေးထားသည်။

ကျွန်တော်က ကားအတွင်းမှ စကားပြောခွက်ကိုယူသည်။ ထိုအချိန်တွင် ဆွစ်အာဏာပိုင်များက ကားများ ကို တန်းစီရန် ဆင့်ခေါ်သည်။ ကားသည် စတင်ရွေ့လျားသည်။ စကားပြောခွက်ကိုကိုင်လျက် ကားနောက်သို့ လျှောက် သိုက်ရင်း ဒူကာချေယက်အား "ကျွန်တော့်မိန်းမ လိုင်းပေါ်မှာ ရောက်နေပြီ နှုတ်ဆက်လိုက်ပါဦး" လှမ်းခေါ်သည်။ သူက လက်ခါပြသည်။ ကားသည် တဖြည်းဖြည်း မြန်လာသည်။ နောက်ဆုံးတွင် စကားပြောခွက်ကို ကားတွင်းသို့ ပြန်ပေးလိုက်ရသည်။ ဒူကာချေယက်ထံ ပြန်လျှောက်လာကာ" ကျွန်တော် ဂျီနီဗာကနေ ဇနီးဆီကို ဖုန်းဆက်လို့ရတယ်။ ဒါ အမေရိကန်ရဲ့ အဆင့်မြင့်နည်းပညာပဲ"ဟု ကြွားလိုက်သည်။

သူက ခေါင်းယမ်းပြကာ " ဖုန်းပေါ်မှာ တစ်ဖက်က ရှိနေတဲ့လူဟာ မင်းဇနီး ဟုတ်သလား မဟုတ်ဘူးလား ငါမသိဘူး။ ဟုတ်ချင်လည်း ဟုတ်မယ်၊ မဟုတ်ချင်လည်း မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် ပထမဆုံးစမ်းသပ်မှုမှာ ဆိုဗီယက် က နိုင်သွားပြီ" ဟု သူက အနိုင်ဖြင့် ပိုင်းခဲ့လေသည်။

သမ္မတ ရီဂင်နှင့်ဇနီးတို့သည် ထိပ်သီးအစည်းအဝေးမတိုင်မီ သုံးရက်အလို နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ဂျီနီဗာသို့ရောက်လာကြသည်။ ရာသီဥတုမှာ အအေးလွန်ကဲနေသည်။ ဆွစ်ဇာလန်သမိုင်းတွင် အအေးဆုံးကာလ ဖြစ်နေသည်။ အာဂါခန် မင်းသားကြီး၏ စံအိမ်တွင် တည်းခိုကြသည်။ မင်းသားကြီးနှင့်ဇနီးဖြစ်သူတို့က ရီဂင်တို့ဇနီးမောင်နှံအား အိမ်အနှံ့လိုက်ပြသည်။ မင်းသားကြီးတို့ ထွက်ခွာမသွားမီ ဇနီးဖြစ်သူက သူတို့ သားငယ်တစ်ယောက်ထံမှ စာတိုလေး ကို ရီဂင်အား ကမ်းပေးသည်။ သူ၏ ရွှေငါးလေးကို မပျက်မကွက် အစာကျွေးပေးရန် မေတ္တာရပ်ခံသောစာ ဖြစ်သည်။

ရီဂင်က သူကိုယ်တိုင် ရွှေငါးကိုအစာကျွေးပြီး စောင့်ရှောက်ပေးမည်ဖြစ်ကြောင်း၊ ယင်းသို့ လုပ်ဆောင်ပေးရ သည်ကို ဂုဏ်ယူကြောင်းပြောသည်။ နောက်တစ်နေ့ မိုးသောက်သည်နှင့် ရီဂင်သည် ငါးအစာကျွေးသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ဖြင့် တနင်္လာနေ့သို့ရောက်လာသည်။ သမ္မတကြီးသည် စံအိမ်ပတ်ဝန်းကျင်အနေအထားကိုသိရှိထားရန် လှည့်လည်ကြည့်ရှုရမည်ဟု ဟန်ကဲလ်က ဆိုလာသည်။ ရာသီဥတုက အေးလွန်းသဖြင့် နန့်စီက သမ္မတကြီးအား အပြင်သို့ မထွက်စေလို။ ဟန်ကဲလ်၏ တောင်းဆိုနေမှုကြောင့် သမ္မတက ထွက်လိုက်ရသည်။ အိမ်ပတ်ဝန်းကျင်အပြင် ကမ်းစပ်ရှိ ကျောက်သားအဆောင်လေးဆီအထိ ဟန်ကဲလ် က လိုက်ပြသည်။ ရုပ်ရှင်မင်းသားတစ်ဦးကဲ့သို့ ရုပ်ရှင်ရိုက်မည့် ပတ်ဝန်းကျင်အနေအထားကို ရင်းနှီးစွာ ထိတွေ့သိရှိထားရန် ဟန်ကဲလ်က စီစဉ်ခြင်းဖြစ်သည်။ ယင်းသို့ သိရှိထားရန် လည်း များစွာအရေးကြီးသည်။

နောက်တစ်နေ့ နံနက်။ အင်္ဂါနေ့ နိုဝင်ဘာလ ၁၉ ရက်။ နံနက်လင်းသည်နှင့် ပြဿနာပေါ်လာသည်။ ရွှေငါးကို အစာကျွေးရန် သမ္မတကြီးသည် ကလေးအိပ်ခန်းတွင်းသို့ဝင်သွားသည်။ ရွှေငါးများအနက် တစ်ကောင်မှာ ပေါ်လောပေါ်ကာ သေဆုံးနေသည်ကို တွေ့ရသည်။ ယင်းသို့ဖြစ်ရသည်မှာ သမ္မတကြီး၏ အမှားမဟုတ်။ သို့သော် သမ္မတကြီးက စိတ်မကောင်းခြင်း ကြီးစွာဖြစ်သည်။

ရွှေငါးသေဆုံးခြင်းအတွက် သူ့တွင်တာဝန်ရှိသည်ဟု ကျွန်တော်တို့အား တဖွဖွပြောသည်။ သူ့ဝန်ထမ်းများအားခေါ်လျက် အစားထိုးရန် ရွှေငါးရှာခိုင်းသည်။ ထိုငါးသည် သေဆုံးသွားသည့် ငါးနှင့် တစ်ထပ်တည်း တူရမည်ဟုလည်း မှာကြားသည်။ ငါးလေးသေဆုံးသည့်အတွက် တောင်းပန်သည့်စာကို ရီဂင်က လက်ရေးဖြင့်ရေးသားပြီး ကလေး၏အခန်းထဲတွင် ထားခဲ့သည်။ ရီဂင်သည် လူကြီးလူကောင်း လွန်စွာပီသသူ ဖြစ်သည်။

ဂေါ်ဘာချော့ ရေပန်းစံအိမ်သို့ ဆိုက်ရောက်လာသည့်အခါ ရီဂင်က ထွက်၍ကြိုဆိုမည်ဖြစ်သည်။ ထိုသို့ သွားရောက်ကြိုဆိုသည့်အခါ မည်သို့ဝတ်စားသင့်သည်ကို ရီဂင်နှင့် ဟန်ကဲလ်တို့ ဆွေးနွေးကြသည်။ လွန်ခဲ့သော ည ဂေါ်ဘာချော့ ဂျီနီဗာသို့ရောက်လာသည့်အခါ မည်သို့ဝတ်စားထားသည်ကို ရီဂင်က သိလိုသည်။ ထူထဲသော လောင်းကုတ် မာဖလာနှင့် ဦးထုပ်တို့ ဝတ်ဆင်ထားသည်ဟု ဟန်ကဲလ်က ပြောသည်။ ထို့ကြောင့် ယမန်နေ့ညက ဝတ်ဆင်သည့် အတိုင်းပင် ယနေ့တွင် ဂေါ်ဘာချော့ ဝတ်ဆင်လာလိမ့်မည်ဟု မှန်းဆရသည်။ ရာသီဥတုမှာ အအေးလွန်ကဲနေသော်လည်း ရီဂင်သည် အပြင်သို့ ထွက်ကြိုရာတွင် ခဏမျှသာဖြစ်သဖြင့် လောင်းကုတ် မဝတ်ရန် ဆုံးဖြတ်လိုက်ကြသည်။

အကယ်၍ ဂေါ်ဘာချော့ သည် လောင်းကုတ်မပါဘဲ သာမန်ဝတ်စုံသာ ဝတ်ဆင်လာပြီး ရီဂင်က လောင်းကုတ်ဝတ်ကာ ထွက်ကြိုမည်ဆိုပါက ရီဂင်သည် အအေးကြောက်သော ဂီလာန အဘိုးကြီးပုံထွက်နေမည် ဖြစ်သည်။ ရီဂင်သည် ဂေါ်ဘာချော့ထက် အသက်များစွာကြီးသော်လည်း အဘိုးကြီးပုံစံမျိုး အဖြစ်မခံနိုင်။ သမ္မတသည် နုပျိုတောက်ပြောင် ကျန်းမာသူအဖြစ် ပုံရိပ်ပေါ်နေရန်လိုအပ်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မိုးပြာရောင်ဝတ်စုံနှင့် ရှပ်အင်္ကျီအဖြူဝတ်ဆင်ထားသော သမ္မတကြီးသည် ကြော့ကြော့မော့မော့ဖြင့် ဂေါ်ဘာချော့အား သွားရောက်ကြိုဆိုသည်။ ဆိုဗီယက်လုပ် 'ဇီလ်' ကားပေါ်မှ ဆင်းလာသော ဂေါ်ဘာချော့အား ရီဂင်က လှိုက်လှဲဖော်ရွေစွာ နှုတ်ဆက်သည်။ ဂေါ်ဘာချော့သည် လောင်းကုတ်၊ မာဖလာ၊ ဦးထုပ်တို့ကို ဝတ်ဆင်ထားသည်။

ထိုအချိန်တွင် ဂေါ်ဘာချော့ မျက်နှာပေါ်တွင် တစ်စုံတစ်ခုကို တွေးမိသည့်ပုံစံ မြင်ရသည်။ ထိုအတွေးမှာ "ရီဂင်လောင်းကုတ်မပါဘဲ ထွက်ကြိုမယ်ဆိုတာ ဘာဖြစ်လို့ ငါ့ကို မပြောကြတာလဲ။ ငါသာ ကြိုသိရင် ဒီလောင်းကုတ်ကြီးကို ထားပစ်ခဲ့မှာပဲ" ဟူသာ ဖြစ်ပေလိမ့်မည်။

ဂေါ်ဘာချော့သည် သူဝတ်ထားသော ကုတ်အင်္ကျီကို ငုံ့ကြည့်ပြီး ရီဂင်အား အဓိပ္ပာယ်ပါသော အကြည့်ဖြင့် ကြည့်သည်။ "ခင်ဗျားက လောင်းကုတ် မပါဘူး။ ကျွန်တော်ကတော့ လောင်းကုတ်ကြီးနဲ့" ဆိုလိုချင်ဟန်တူသည်။

သူတို့နှစ်ဦး တွေ့ဆုံမှုကို နှစ်ပေါင်းအတန်ကြာတွင် ရီဂင်က သူ၏ အတ္ထုပ္ပတ္တိတွင် ရေးသားရာ၌ " ကျွန်တော် ယခင်တွေ့ဖူးသော ဆိုဗီယက်ခေါင်းဆောင်များနှင့် ဂေါ်ဘာချော့ မတူညီသောအချက်မှာ ဂေါ်ဘာချော့၏ နွေးထွေးသော မျက်နှာပေး၊ လုပ်နည်းလုပ်ဟန်ရှိသည်။ ယခင်ခေါင်းဆောင်များတွင် အေးခဲနေသော မုန်းတီးမှုသာ တွေ့ရသည်" တဲ့။

ခေါင်းဆောင်နှစ်ဦး၊ နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးတို့ အခန်းတွင်းသို့ဝင်ရောက် နေရာယူကြသည်။ သမ္မတ၏ အေးဂျင့်၊ ကေဂျီဘီအေးဂျင့်နှင့် နိုင်ငံခြားရေးဌာန လုံခြုံရေးအေးဂျင့်တစ်ဦးသည်လည်း အခန်းအတွင်းသို့အတူ ဝင်ရောက် နေရာယူကြသည်။ ခေါင်းဆောင်များနှင့် ဝန်ကြီးတို့ စားပွဲတွင် ထိုင်ကြပြီး ကျွန်တော်တို့ အေးဂျင့်များက နံရံတွင်ကပ်လျက် မတ်တတ်ရပ်နေရာယူကြသည်။ အစည်းအဝေးတွင် မည်သည့်အကြောင်းအရာများကို ဆွေးနွေးကြမည်၊ မည်သို့သော ရလဒ်ကို နှစ်ဖက်က မျှော်လင့်ထားကြသည့်ကို အဖွင့်စကား ယေဘုယျပြောကြားကြသည်။ ယင်းသို့ ပြောဆိုပြီး မိနစ်နှစ် ဆယ်အကြာတွင် ဟန်ကဲလ်နှင့် သမ္မတတို့၏ ရွှေ့ကွက်ကို စတင်လိုက်သည်။

ကမ်းစပ်သို့ လိုက်လံကြည့်ရှုပါရန် ရီဂင်က ဂေါ်ဘာချော့အား အဆိုပြုသည်။ ယင်းသို့အစီအစဉ်ရှိသည်ကို နိုင်ငံခြားရေးဝန်ကြီးများဖြစ်ကြသော ရှုဇ်နှင့် ရှာဗာနတ်ဇီးတို့ ကြိုတင်သိရှိထားဟန်မတူ။ သူတို့နှစ်ယောက်အား ချန်ထားလျက် ထွက်သွားသော အစီအစဉ်ကို နှစ်ယောက်စလုံး မကြိုက်ပေ။ ခေါင်းဆောင်နှစ်ဦး ဆွေးနွေးသမျှတွင် သူတို့ ပါဝင်လိုကြပေမည်။ ဤသည်မှာ အတ္တမာန၏ သဘာဝဖြစ်သည်။

ခေါင်းဆောင်နှစ်ဦး၊ ယင်းတို့၏ စစ်ဘက်လက်ထောက်နှစ်ဦး၊ စကားပြန် တစ်ဖက်စီမှ အေးဂျင့်သုံးဦးစီတို့ သည် ကမ်းစပ်ရှိ အဆောင်ငယ်လေးဆီသို့ သွားကြသည်။ နှစ်ဖက်မှ စစ်ဘက်လက်ထောက်နှစ်ဦးတွင် လိုအပ်ပါက အဏုမြူစစ်ပွဲဆင်နွှဲရန် အမိန့်ပေးနိုင်သည့် သေတ္တာတစ်လုံးစီ ပါကြသည်။ ထိုသေတ္တာကို ကျွန်တော်တို့က 'ဘောလုံးကွင်း

the bookhouse

www.burmeseclassic.com



ဟု အစည်ပေးထားသည်။ ရုရှားတို့က မည်သို့ အမည်ပေးထားသည်ကို မသိပေ။ အပြင်ဘက်တွင် အအေးလွန်ကဲနေသည်။ ကျွန်တော်က လိုအပ်လျှင် ဝတ်ဆင်နိုင်ရန် ထူထူထဲထဲ လောင်းကုတ်အင်္ကျီ တစ်ပါတည်း ဆောင်ထားသဖြင့်တော်ပေသေးသည်။

အဆောင်ငယ်လေးထဲတွင် မီးလင်းဖို့ အရှိန်ပြင်းစွာ တောက်လောင်နေသည်။ ခန့်ငြားသော သားရေဖုံး ကုလားထိုင်နှစ်လုံးကို မျက်နှာချင်းဆိုင်ချထားသည် အလယ်ကောင်တွင်စားပွဲငယ်တစ်လုံး စကားပြန်အတွက် ကုလားထိုင်တစ်လုံးလည်း ရှိနေသည်။ ခေါင်းဆောင်နှစ်ဦး၊ စကားပြန်၊ ကျွန်တော်နှင့် ကေဂျီဘီ အေးဂျင့်တို့ အဆောင်အတွင်းသို့ဝင်ကြသည်။

စားဖိုမှူးတစ်ဦး မတ်တတ်ရပ်လျက်၊ လက်ထဲတွင် ဗန်းတစ်ချပ်။ ဗန်းထဲတွင် အငွေ့ထောင်းထောင်းထနေသော ကော်ဖီနှစ်ခွက်။ ခေါင်းဆောင်နှစ်ဦးသည် ကော်ဖီတစ်ခွက်စီယူလျက် စားပွဲရှိရာသို့သွားကြသည်။ သူတို့နှစ်ဦးထိုင်လိုက်ကြသည်။ စကားပြန် ကလည်း သူ့နေရာတွင် ဝင်ထိုင်သည်။

ကေဂျီဘီ အေးဂျင့်အပြင်သို့ထွက်လျှင် ကျွန်တော်ပါလိုက်ထွက်မည်ဟု စိတ်ကူးနေသည်။ သူ မထွက်လျှင်ကျွန်တော်လည်း ထွက်မည်မဟုတ်။ ကေဂျီဘီကလည်း ကျွန်တော်ကဲ့သို့ပင် တွေးနေဟန်တူသည်။ ထိုစဉ် တံခါးကပိတ်သွားသည်။ ကျွန်တော်တို့ အပြင်ထွက်မရတော့။ ခေါင်းဆောင်နှစ်ဦးကလည်း ကျွန်တော်တို့ အေးဂျင့်နှစ်ယောက်ရှိနေသည်ကို ဂရုထားဟန်မတူ။

ရီဂင်သည် ဂျိုနီဗာသို့ မလာမီ သူ၏ အရင်းနှီးဆုံးမိတ်ဆွေများဖြစ်သည့် ဗြိတိသျှဝန်ကြီးချုပ် မာဂရက်သက်ချာနှင့် ကနေဒါ ဝန်ကြီးချုပ် ဘရိုင်ယန်မူလိုနီထံ ဖုန်းဆက်လျက် ဂေါ်ဘာချော့အကြောင်း မေးမြန်းခဲ့သည်။ ဂေါ်ဘာချော့သည်အမြော်အမြင်ရှိသူ၊ ရယ်မောပျော်ရွှင်နေတတ်သူ ဖြစ်သဖြင့် ရီဂင်နှင့် အလျှဉ်းသင့်မည့်သူဖြစ်ကြောင်း သူတို့က ပြောပြသည်။ သို့သော် ဂေါ်ဘာချော့သည် ရုတ်တရက် ချက်ချင်း ရင်းရင်းနှီးနှီး ဆက်ဆံတတ်သူ မဟုတ်ကြောင်းကိုတော့ သတိပေးကြသည်။

သမ္မတက အင်္ကျီအိတ်တွင်းမှ မနီလာစာအိတ်တစ်အိတ်ကို ထုတ်ယူပြီး ဂေါ်ဘာချော့အား ပေးသည်။ "အထဲကစာကို ဖတ်ကြည့်ပါဦး" ဟု ရီဂင်က ပြောသည်။ ထိုစာသည် ရီဂင်ကိုယ်တိုင် လက်ရေးဖြင့် ရေးထားသောစာဖြစ်သည်။ စစ်အေးတိုက်ပွဲကို နိဂုံးချုပ်စေမည့်စာလည်းဖြစ်သည်။ နှစ်နိုင်ငံအကြား တင်းမာမှုလျှော့ပါးရေး၏ နိဒါန်းလည်းဖြစ်သည်။

ဂေါ်ဘာချော့က စာကို ဖတ်ပြီးသည့်အခါ ခေါင်းဆောင်နှစ်ဦး ဆွေးနွေးကြသည်။ မိမိတို့နှစ်ဦးသည် ကျေးလက်ဇာတိ သာမန်မိသားစုမှ မွေးဖွားလာကြသူများ ဖြစ်ကြောင်း၊ မိမိတို့နှစ်ဦးသည် တတိယကမ္ဘာစစ်ကို ဆင်နွှဲနိုင်သလို

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းရေးကို တည်ဆောက်သူများလည်းဖြစ်နိုင်ကြောင်း ရီဂင်က ပြောဆိုသည်။ စစ်ပြီးကာလမှ စလျက် အဏုမြူလက်နက် တိုးတက်တပ်ဆင်လာမှု၊ ကြယ်တာရာစစ်ပွဲ မဟာဗျူဟာ စသည်တို့ကို ခေါင်းဆောင်နှစ်ဦး ဆွေးနွေးကြသည်။

သူတို့နှစ်ဦး စံအိမ်ဆီသို့ပြန်လျှောက်လာသည့်အခါ ရီဂင်က ဂေါ်ဘာချော့အား ဝါရှင်တန်သို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားသည်။ ဂေါ်ဘာချော့က ဖိတ်ကြားချက်ကို ချက်ချင်းပင် လက်ခံလိုက်သည်။ ရီဂင်အားလည်း မော်စကိုသို့ လာရောက်ပါရန် ဂေါ်ဘာချော့က ဖိတ်ကြားသည်။

သူတို့နှစ်ဦး တွေ့ဆုံမှုနှင့် ပတ်သက်၍ ရီဂင်က သူ၏ အတ္ထုပ္ပတ္တိတွင် ရေးသားရာ၌ "မတ်စ်-လီနင်ဝါဒ၏ ချော်မှန်းချက်ဖြစ်သော တစ်ခုတည်းသော ကွန်မြူနစ်ကမ္ဘာ ပေါ်ထွန်းရေးကိုလည်းကောင်း၊ ဆိုဗီယက် ကွန်မြူနစ်ဝါဒ ပြန့်ပွားရေးကိုလည်းကောင်း အားပေးထောက်ခံသူ ဖြစ်သည်ဟု ဂေါ်ဘာချော့က တစ်ကြိမ်မက ကျွန်တော့်အားပြောသည်။ သို့သော် ထိုပေါ်လစီကို လက်တွေ့အကောင်အထည် မဖော်ခဲ့သည့် တစ်ဦးတည်းသော ဆိုဗီယက်ခေါင်းဆောင်မှာ ဂေါ်ဘာချော့ပင် ဖြစ်သည်"ဟု ဖော်ပြထားသည်။

ဂေါ်ဘာချော့သည် ဂျီနီဗာသို့ ရောက်ရှိလာချိန်တွင် အမေရိကန်အပေါ် လုံးဝသက်မကောင်း ဖြစ်နေသည်ဟု တစ်နေရာတွင် ကျွန်တော် ဖတ်ဖူးသည်။ အမေရိကန်နိုင်ငံရေးစနစ်တစ်ခုလုံးကို လက်နက်ထုတ်လုပ်သူ လုပ်ငန်းရှင်ကြီးများက ထိန်းချုပ်ထားသည်ဟု ဂေါ်ဘာချော့က ယုံကြည်ခဲ့သည်။ ထို့ကြောင့် အမေရိကန်နှင့် လက်နက်လျှော့ချရေး လုပ်ရန် မဖြစ်နိုင်၊ အမေရိကန်သမ္မတသည် ရုပ်ရှင်ဇာတ်လိုက်ဟောင်းတစ်ဦးသာဖြစ်ပြီး သူ့နောက်မှ လက်နက်လုပ်ငန်းရှင်များက ကြိုးဆွဲနေသည်ဟု ယူဆထားခဲ့သည်။

ထိုတွေးခေါ်မှုပုံစံကို ဆိုဗီယက်ကွန်မြူနစ် ခေါင်းဆောင်အဆက်ဆက်က ကိုင်စွဲထားသည်။ ရီဂင်နှင့် ပုပ်ရဟန်းမင်းတို့သည် ပိုလန်ကွန်မြူနစ်စနစ်ကို ဖြိုဖျက်ရန် ကြိုးစားနေသည်ဟု ကွန်မြူနစ်အုပ်စုက အရိုးစွဲနေသည်။ ပိုလန်တွင် အလုပ်သမားသမဂ္ဂ ရှင်သန်နေပါက အရှေ့ဥရောပနိုင်ငံများရှိ ကွန်မြူနစ် စနစ်ပြိုလဲတော့မည်ကို ဂေါ်ဘာချော့က ရိပ်စားမိသည်။ သတင်းခေါင်းကြီးပိုင်းတို့တွင် ဖတ်ရှုနေရသည်မှာလည်း ဂေါ်ဘာချော့နှင့် အပေါင်းပါများအဖို့ ချောက်ချားစရာ၊ သွေးပျက်စရာ ဖြစ်နေသည်။

ဂေါ်ဘာချော့သည် ကားပေါ်မှဆင်းကာ ရီဂင်ကို နှုတ်ဆက်သည့်အချိန်မှစ၍ သူသည် ရီဂင်အပေါ် အမြင်ပြောင်းသွားသည်။ ခေါင်းဆောင်နှစ်ဦးအကြား ခင်မင်ရင်းနှီးမှု တိုးပွားလာသည်။ သမ္မတကြီးသည် သူ၏ နှစ်လိုဖွယ်အပြုအမူ၊ အာဝဇ္ဇန်းတို့ဖြင့် ဂေါ်ဘာချော့အား အရည်ဖျော်ပစ်လိုက်လေသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အဆောင်လေးထဲတွင် ဂေါ်ဘာချော့၏ အမူအရာကို ကျွန်တော် ဂရုတစိုက် လေ့လာသည်။ ဂေါ်ဘာချော့သည် ရီဂင်အပေါ် ကြွေသွားသည်မှာ သေချာသည်။ ထိုပြေပြစ်ချောမောသည့် အခြေအနေဖြစ်လာစေရန် ဟန်ကဲလ်က ဖန်တီးပေးခဲ့သည်။

ရီဂင်နှင့်ဂေါ်ဘာချော့တို့ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးပွဲသည် ဆိုဗီယက်ဘက် တစ်နည်းအားဖြင့် ဆိုဗီယက်အမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးတွင် ပြုလုပ်ခဲ့မည်ဆိုပါက ယခုကဲ့သို့ အခြေအနေ ကောင်းပေါ်ထွန်းလာနိုင်ပါမည်လားဟု ကျွန်တော် မေးခွန်းထုတ်မိသည်။

ဂေါ်ဘာချော့၏ဇနီး 'ရေဇာ'သည် ယခင် ဆိုဗီယက်ခေါင်းဆောင်များ၏ ဇနီးများနှင့်မတူ ကွဲပြားခြားနားသည်။ အတွေးအခေါ်သာမက ဝတ်စားဆင်ယင်ပုံလည်း ခြားနားသည်။ ခေတ်မီသည်။ ယခင်ကဆိုလျှင် ဆိုဗီယက်ခေါင်းဆောင်နီကီတာ ခရုရှော့၏ဇနီးသည်ဆိုလျှင် ရုရှားရိုးရာ ခေါင်းစည်းထူထူကြီးကို အုပ်ပေါင်းပေါင်းထားသဖြင့် ဒီဇိုင်နာဝတ်စုံ 'ခရစ္စတန်ဒီယော'ခေါင်းစည်းပဝါ တလွင့်လွင့်နှင့် လှချင်တိုင်းလှနေသော ဂျက်ကလင်း ကနေဒီနှင့် လုံးဝခြားနားသည်။ ကမ္ဘာ့အခြေအနေတို့ ပြောင်းလဲခဲ့သည်နှင့်အညီ ရေဇာဂေါ်ဘာချော့သည်လည်း ဒီဇိုင်နာဝတ်စုံနှင့်ဖြစ်နေသည်။ နိုင်ငံခေါင်းဆောင်နှစ်ဦး၏ ခေတ်မီလှပနေသော ဇနီးသည်များကို မြင်ရသည့်အခါ ကမ္ဘာ့အခြေအနေ ပြောင်းလဲလာပြီကိုသတိထားမိကြလေသည်။

ဆိုဗီယက် အမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံးညစာစားပွဲအပြီးတွင် ရီဂင်တို့မောင်နှံအား ဂေါ်ဘာချော့နှင့် ဇနီးတို့က တံခါးဝအထိ လိုက်ပို့သည်။ ရီဂင်က ဂေါ်ဘာချော့၏ ဇနီးအား နမ်းလျက် နှုတ်ဆက်သလို ဂေါ်ဘာချော့ကလည်း နန်စီ ရီဂင်အား နမ်းလျက် နှုတ်ဆက်သည်။ အားလုံး ရယ်ရယ်မောမောဖြင့် နှုတ်ဆက်ကြသည်။ စစ်အေးတိုက်ပွဲ၏ အေးခဲမှုတို့ အရည်ပျော်စပြုပေပြီ။

ရေပန်းစံအိမ်တွင် ဒုတိယအကြိမ်ဆွေးနွေးပွဲ၌ ကျွန်တော်သည် ဆွေးနွေးခန်း အပြင်ဘက်တွင် တာဝန်ကျသည်။ အမေရိကန်နှင့် ရုရှားတို့ ပူးတွဲအုပ်ချုပ်သည့် ကွပ်ကဲရေးစခန်း အတွင်းထိုင်နေကြသည်။ ဂေါ်ဘာချော့၏ စစ်ဘက်လက်ထောက်သည် အဏုမြူစစ်ပွဲကို ကြေညာနိုင်သည့် သေတ္တာကို သူ့ခြေရင်းတွင်ချထားလျက် ထိုင်နေသည်။ အလားတူ ရီဂင်၏ စစ်ဘက်လက်ထောက် 'ကေစီဘာဝါ'ကလည်း သူ့သေတ္တာကို အနီးတွင်ချထားသည်။ ထိုသေတ္တာနှစ်လုံးအတွင်းရှိ စကားဝှက်များသည် ဤကမ္ဘာမြေကို စိစိညက်ညက်ကျေပြုန်းစေနိုင်သည်။ နှစ်နိုင်ငံ အဏုမြူ စကားဝှက်များသည် တစ်ပေပင် မကွာသောနေရာတွင် ရှိနေကြသည်။ ယင်းသို့နီးကပ်စွာ ရှိနေခြင်းသည် သမိုင်းတွင် ပထမဆုံးအကြိမ် ဖြစ်ပေလိမ့်မည်။ ကျွန်တော်က…

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားတို့ အရေးတကြီးကိစ္စကြောင့် ဒီအခန်းထဲက ဒရောသောပါး ပြေးထွက်သွားတဲ့အခါမယ် သေတ္တာများဆွဲသွားကြမယ်ဆိုရင် ဘာဖြစ်မယ်ထင်သလဲ" ဟု နောက်ပြောင်လိုက်မိသည်။ ကေစီက ကျွန်တော့်အား မျက်နှာတင်းတင်းဖြင့် ပြန်ကြည့်သည်။ 'မင်းဘာတွေ လျှောက်ပြောနေတာလဲ' ဟု ဆိုလိုဟန်ရှိသည်။ ကျွန်တော် စကားပြောမှားသွားသည်။ ကမ္ဘာကြီး၏ လုံခြုံရေးသည် သူတို့နှစ်ယောက်အပေါ်တွင် တည်မှီနေသည်ဟု စစ်ဘက်လက်ထောက်နှစ်ဦးစလုံးက ခိုင်မာစွာ ယုံကြည်ကြသည်။ ခေါင်းဆောင်နှစ်ဦးသည် ထိုသေတ္တာမရှိဘဲ အဏုမြူစစ်ပွဲကို ဆင်နွှဲနိုင်ကြမည်မဟုတ်သည့်အတွက် ထိုသေတ္တာကို စစ်ဘက်လက်ထောက်နှစ်ဦးက အသက်နှင့်လဲ ကာကွယ်ကြမည်သာ။

ကျွန်တော်တို့ ဂျီနီဗာမှ ထွက်ခွာလာသည့်အခါ ဒူကာချေယက်အား ကျွန်တော်က လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်သည်။ သူသည် ကျွန်တော့်အတွက် ထူးခြားသော မိတ်ဆွေဖြစ်သည်ကို သူ သိစေချင်သည်။ ကျွန်တော်တို့နှစ်ဦးညှိနှိုင်းလုပ်ကိုင်ကြစဉ်တွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖြစ်ခဲ့ကြသည်။ ကျွန်တော်တို့ မှော်မှန်းချက်၊ စိုးရိမ်ကြောင့်ကြမှုတို့မှာ တစ်ထပ်တည်းပင်ဖြစ်သည်။ အမေရိကန်နှင့် ဆိုဗီယက်တို့သည် ရန်ဆက်ဖြစ်နေကြရန် အကြောင်းမရှိဟု နှစ်ဦးစလုံးသဘောရကြပေသည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁၂ အိမ်ဖြူတော်အား နှုတ်ဆက်ခဲ့ခြင်း

သမ္မတ ရော်နယ်ရီဂင် စိတ်နှလုံးမသာမယာဖြစ်သည်ကို ကျွန်တော်နှစ်ကြိမ် ကြုံခဲ့ဖူးသည်။ တစ်ကြိမ်မှာ နိုင်ငံရေးကြောင့်ဖြစ်ပြီး၊ နောက်တစ်ကြိမ်မှာ နိုင်ငံ၏ ကြီးမားသော ဆုံးရှုံးကြောင့် ဖြစ်သည်။

၁၉၈၄ ခုနှစ် သမ္မတလောင်း စကားစစ်ထိုးပွဲတွင် တစ်ဖက်မှ သမ္မတလောင်း ဝါလ်တာ မွန်ဒေးကို သူ ယှဉ်ပြိုင်စကားစစ်ထိုးရာတွင် အလဲလဲအကွဲကွဲ ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ရွေးကောက်ပွဲတွင် ရှုံးနိမ့်မည့် အနေအထားဖြစ်လာသည်။ မိုက်ဒီဗာသည် ရီဂင်အား ပြန်လည် ဆယ်တင်ပေးနိုင်ခဲ့သည်။ ကျောက်ခဲရေပေါ်အောင် စွမ်းဆောင်နိုင်သည့် မှော်ဆရာတစ်ဦးကဲ့သို့ မိုက်ဒီဗာသည် နိုင်ငံရေးဗျူဟာ ကျွမ်းကျင်သူ ဖြစ်သည်။

အိုဟိုင်းယိုးပြည်နယ်တွင် ရီဂင်အား မီးရထားဖြင့် လှည့်လည်မဲဆွယ်ရန် စီစဉ်သည်။ သမ္မတ ရစဗ့်နှင့် ထရူးမင်းတို့ မဲဆွယ်ရာတွင် အသုံးပြုခဲ့သော သံချပ်ကာ ရထားတွဲကို မွမ်းမံလျက် ဒီဗာက ပြန်လည် အသုံးချသည်။ တစ်မူထူးခြားစွာ မဲဆွယ်နည်းကို ဒီဗာက တီထွင်ပေးလိုက်ခြင်းဖြစ်သည်။

ရထားခရီးစဉ်တစ်လျှောက် မြို့ပေါင်း ၁၅ မြို့ ၌ ရပ်နားလျက် ရထားပေါ်မှ မိန့်ခွန်းပြောခဲ့သည်။ လူထု ပရိသတ် အများအပြား ရထားဆီသို့ စုရုံးရောက်ရှိလာကြသည်။ တစ်မြို့ထက်တစ်မြို့ ပရိသတ် ပိုမိုများပြားလာသည်။ ဤနည်းဖြင့် ရီဂင် ရှုံးနိမ့်မည့် အခြေအနေမှ ဆယ်တင်ကာ ရွေးကောက်ပွဲ အနိုင်ရခဲ့သည်။

၁၉၈၆ ခု၊ ဇန်နဝါရီလ ၂၈ ရက်နေ့နံနက်။ အမျိုးသားအာကာသ အေဂျင်စီ (နာဆာ)က ချဲလင်ဂျာ အာကာသယာဉ် ပျံသန်းမှု အမှတ်၊ ၅၁-အယ်လ်ကို [illegible] ကာနေဗာနယ် စခန်းမှ လွှတ်တင်သည်။ အာသယာဉ် ထောင်တက်သွားပြီး ဂုဏ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်အကြာတွင် လေထဲတွင် ပေါက်ကွဲပျက်စီးသွားခဲ့သည်။ လိုက်ပါသွားသော အာကာသယာဉ်မှူး ခုနစ်ဦး အသက်ဆုံးရသည်။ တစ်နိုင်ငံလုံးကြိမ်မီးအုံးသို့ ပူဆွေးကြရသည်။ သမ္မတက နှစ်စဉ် တစ်နိုင်ငံလုံးသို့ ပြောကြားလေ့ရှိသည့် မူဝါဒရေးရာ မိန့်ခွန်းပြောမည့် အစီအစဉ်ကို ရွှေ့ဆိုင်းရသည်။

ရက်အနည်းငယ်အကြာတွင် ဝမ်းနည်းခြင်း အထိမ်းအမှတ် အခမ်းအနားကို ဟူစတန်တွင် ပြုလုပ်သည်။ သမ္မတ၊ သမ္မတကတော်နှင့် အသက်စွန့်လွှတ်ခဲ့ရသော အာကာသယာဉ်မှူး ၇ ဦး၏ မိသားစုဝင်များလည်း အခမ်းအနားသို့ တက်ရောက်ကြမည်ဖြစ်သည်။ ပြင်ဆင်ရန် ရရှိသည့်အချိန်မှာ နည်းပါးသဖြင့် အေးဂျင့်များသည် လုံခြုံရေးကို ဒရောသောပါး စီစဉ်ရသည်။ နာဆာက ဧည့်သည်ပေါင်းတစ်သောင်းကျော်ကို ဖိတ်ကြားထားသည့်အပြင် လုံခြုံရေးအတွက် စီစဉ်ရသော အချိန်မှာ နည်းပါးလွန်းသည်။ ပြည့်ပြည့်စုံစုံ စီစဉ်ရန် မဖြစ်နိုင်တော့။ အချို့အစီအမံများကို ဖြတ်လမ်းနည်းဖြင့် လုပ်ရသည်။

သမ္မတ ဟူစတန်သို့ ဆိုက်ရောက်သည်နှင့် ကျည်ကာအင်္ကျီ ဝတ်ထားရန် စီစဉ်ရသည်။ တစ်နိုင်ငံလုံး ပူဆွေးဝမ်းနည်းနေသည့်အပြင် သမ္မတနှင့်သမ္မတကတော်တို့မှာလည်း စိတ်နှလုံးမသာမယာဖြစ်နေကြသဖြင့် ကျည်ကာ အင်္ကျီဝတ်ဆင်ရန် ကျွန်တော် မည်သို့တင်ပြရမည်ကို မသိဖြစ်နေသည်။ ထို့ကြောင့် တင်ပြရန် အခွင့်သာမည့်အချိန်ကို စောင့်ရသည်။

လေယာဉ်သည် ဟူစတန်သို့ ဆိုက်ရောက်ရန် ၁၅ မိနစ်အလိုတွင် လေယာဉ်ပေါ်ရှိ သမ္မတအခန်းတွင်းသို့ ဝင်ကာ "အခုလို အနှောင့်အယှက်ပေးရတာ ခွင့်လွှတ်ပါ သမ္မတကြီး… ကျွန်တော့်အဖို့ တော်တော်ခက်ခက်ခဲခဲ တာဝန်ထမ်းဆောင်ရမယ့် အချိန်ဖြစ်ပါတယ်" ဟု ပြောသည်။

ကွယ်လွန်သွားသော မိသားစုများအတွက် ဝမ်းနည်းကြေကွဲမှု လက္ခဏာများ ယှက်သန်းလျက် သမ္မတကြီးက "ငါ့ကို ကျည်ကာအင်္ကျီဝတ်ဖို့ ပြောမလို့ မဟုတ်လား" ဟု မေးသည်။

"ဟုတ်ပါတယ်ခင်ဗျာ"

သမ္မတကြီးသည် ခေါင်းညိတ်ပြလျက် မတ်တတ်ထရပ်သည်။ ရုပ်အင်္ကျီကို ချွတ်ကာ ကျွန်တော်ယူလာသော ကျည်ကာအင်္ကျီကို ဝတ်သည်။ အာကာသစခန်းဌာနချုပ်တွင် သမ္မတသည် ကွယ်လွန်သူ ယာဉ်မှူးမိသားစုများနှင့် သီးခြားတွေ့ဆုံသည်။ သမ္မတနှင့်သမ္မတကတော်တို့သည် တစ်ဦးချင်းနှင့် စကားပြောသည်။ လက်ဆွဲနှုတ်ဆက်သည်။ ပွေ့ဖက်နှစ်သိမ့်သည်။ သမ္မတသည် မချိတင်ကဲ စိတ်ထိခိုက်နေသော်လည်း မျက်ရည်မကျစေရန် ထိန်းထားနိုင်သည်မှာ အံ့ဩဖွယ်ဖြစ်သည်။ နာရီဝက်ခန့် မိသားစုများနှင့် တွေ့ဆုံပြီး ဝမ်းနည်းခြင်း အထိမ်းအမှတ် ကျင်းပရာ အဆောက်အဦအပြင်သို့ ထွက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနားတွင် သမ္မတကြီး နောက်တည့်တည့်၌ ကျွန်တော်က ထိုင်သည်။ ချဲလင်ဂျာ အာကာသယာဉ်မှူးချုပ် ဒိုလ်မှူးကြီး မိုက်ကယ်စမစ်၏ဇနီး ဂျိမ်းစမစ်နှင့်ကလေးနှစ်ယောက်က သမ္မတ၏ လက်ဝဲဘက်တွင် ထိုင်သည်။ အခမ်းအနား ကျင်းပနေစဉ်တွင် ခင်ပွန်းသည်က သူမအတွက် ထားရစ်သော စက္ကူကတ်ပြားကို ဂျိမ်းစမစ်က သမ္မတအား ပေးသည်။ ထိုကတ်ပြားပေါ်တွင် ရေးထားသည်မှာ စာရေးဆရာကြီး အိတ်ချ်ဂျီဝဲလ်၏ စာစုတစ်ခု ဖြစ်သည်။

"ယောက်ျားသားတို့အဖို့ ရပ်နားသည် မရှိ။ အဆုံးမရှိ။ သူသည် အောင်မြင်မှု တစ်ခုပြီးတစ်ခု ပိုင်စိုးရန် သာ ဖြစ်သည်။ သေးငယ်လှသော ဤကမ္ဘာမြေဝယ် လေထုနှင့် သတ်မှတ်ထားသော နယ်နိမိတ်တို့သည် လည်းကောင်း၊ စိတ္တဇဗေဒနှင့် ရူပဗေဒ နိယာမတရားတို့သည် လူသားတို့အား ချုပ်နှောင်ထားသည်။ အနီးပတ်ဝန်းကျင်နှင့် အပြောကျယ်လှ သော အာကာသအတွင်း ဂြိုဟ်နက္ခတ်သို့တိုင် လူသားရောက်ရှိသော်လည်း အစမျှသာရှိသေးသည်"

ဂျိမ်းစမစ်ပေးသော လက်ဆောင်အတွက် သမ္မတကြီးသည် များစွာ စိတ်ထိခိုက်လှုပ်ရှားရသည်။ စာသားများ ကို ကူးယူပြီးနောက် ကတ်ပြားကို သူမအား ပြန်ပေးလိုက်သည်။ ဇနီးသည်အတွက် သက်သက်ရည်ညွှန်းထားသည်မို့ သမ္မတကြီးက ယူမထားလို။ ယင်းနှင့်ပတ်သက်၍ ရီဂင်က သူ၏ အထ္ထုပ္ပတ္တိတွင် "သူမ ခင်ပွန်းသည်၏ဘဝ နိဂုံးပိုင်း နှင့် သက်ဆိုင်သော အပိုင်းအစတစ်ခုကို ကျွန်တော့်အား ရက်ရက်ရောရောပေးခဲ့သည့် သူမ၏ စေတနာကို မည်သို့မျှ မမေ့နိုင်ပေ" ဟု ရေးသားထားသည်။

သူမသည် အခမ်းအနား တစ်လျှောက်လုံး တည်ငြိမ်စွာထိုင်နေသည်။ ရေတပ်တိုက်လေယာဉ်အုပ်စုက အနိမ့်ပျံ အလေးပြုသည့်အချိန်အထိ ဖြစ်သည်။ ပုံဖွဲ့ပျံသန်းလာသော လေယာဉ်အုပ်စုအနက် တစ်စင်းက ကောင်းကင်အမြင့်သို့ ထောင်တက်သွားပြီး ကျန်လေယာဉ်များက ဆက်လက်ပျံသန်းသွားသည်။ ယင်းလေယာဉ်က ကျဆုံးသွားသော အာကာသ ယာဉ်မှူးများကို အထိမ်းအမှတ်ပြုခြင်း ဖြစ်သည်။ သမ္မတကြီးတို့ ဇနီးမောင်နှံနှင့်တကွ မင်းပရိသတ်တို့သည် ဖြေ မဆည်နိုင်တော့။

ယင်းသို့သော ဝမ်းနည်းကြေကွဲမှုကို မည်သူမျှ တောင့်မခံနိုင်။ ဟန်မဆောင်နိုင်။ အေးဂျင့်ဆိုသည်မှာ အစဉ် အမြဲ မျက်နှာအမူအရာ တည်ခန့်နေရမည်ဖြစ်သည်။ သမ္မတကြီးကဲ့သို့ တည်တည်ခန့်ခန့် နေနေရမည်။ သို့သော် အေးဂျင့်များသည် လူသားများသာ ဖြစ်သည်။ စိတ်ခံစားမှုရှိကြသည်။ ထိုခံစားမှုကို ထိန်းချုပ်ထားရန်ဆိုသည်မှာ မလွယ်လှပေ။

တစ်ခါက ဖို့ဒ်ဇာတ်ရုံတွင် ရီဂင်က ပြဇာတ်ကြည့်သည်။ သူ့နောက် တည့်တည့်တွင် ကျွန်တော် ထိုင်နေသည်။ လူရွှင်တော်က ပြက်လုံးထုတ်သည့်အခါ ရီဂင်က ခွက်ထိုးခွက်လန်ရယ်မောသည်။ ရုပ်မြင်ကင်မရာကလည်း ကြာခဏ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ဘက်သို့ ဝေ့လာတတ်သည်။ ပြဇာတ်အပေါ် ပရိသတ်၏ တုံ့ပြန်မှုကို မြင်နိုင်ရန် ကြိုကြားကြိုကြား ပရိသတ်ကို ရိုက်ပြခြင်းဖြစ်သည်။ ကျွန်တော်က တည်တည်မျက်နှာအနေအထားကို ထိန်းထားသည်။ ဇာတ်ရုံတစ်ရုံလုံး တအုန်းအုန်း ရယ်မောနေသည့်အချိန်တွင် ကျွန်တော်က မျက်နှာတည်တည်ကြီးဖြစ်နေသည်မှာ သဘာဝမကျပေ။ ထို့ကြောင့် စိတ်မထိန်းတော့ဘဲ ကျွန်တော်ကလည်း ရယ်မောလိုက်သည်။

အာသာယာဉ်မှူးများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ် အခမ်းအနားအပြီး သမ္မတကြီးနှင့် ဇနီးတို့သည် ကားဖြင့် လေဆိပ်သို့လာခဲ့ကြသည်။ လမ်းတွင် မည်သူမျှ စကားမပြောကြ၊ ကားတစ်စင်းလုံး တိတ်ဆိတ်နေသည်။ ဒါရှင်တန်သို့ အပြန်ခရီးလေယာဉ်ပေါ်တွင် တိတ်ဆိတ်နေကြသည်။ အာကာယာဉ်မှူးခုနစ်ဦး၏ ကျန်ရစ်သူမိသားစုသည် ဟူစတန်တွင် ကျန်ခဲ့လေပြီ။

၁၉၈၄ ခုနှစ် ရွေးကောက်ပွဲအပြီးတွင် အိမ်ဖြူတော်၌ အပြောင်းအလဲအချို့ ဖြစ်သွားသည်။ မိုက်ဒီဗာနှင့် ဘော့ပ် ဒီပရောစပါရို (အိမ်ဖြူတော်၏ လုံခြုံရေးအကြီးအကဲ)တို့သည် အလုပ်ထွက်သွားကြသည်။

မိုက်ဒီဗာအား သတင်းစာများက ရီဂင်၏ မွေးစားသားဟုပင် ကင်ပွန်းတပ်ခံရသူ ဖြစ်သည်။ သူ့အား နန်စီရီဂင်က ပထုတ်လိုက်သည်ဟု သတင်းစကားများ ပေါ်ထွက်ခဲ့သည်။ သူသည် အိမ်ဖြူတော်၏ သမ္ဘာရင့်ဝန်ထမ်းဖြစ်သည်။ အိမ်ဖြူတော် အတွေ့အကြုံဖြင့် စည်းရုံးရေးပွဲစား (lobbyist) အဖြစ် ငွေရှာရန် ထွက်သွားခြင်းဖြစ်သည်ဟု နန်စီရီဂင် ရေးသားသောစာအုပ်တွင် အရိပ်အမြွက် ဖော်ပြထားသည်။ ကျွန်တော်ကမူ ယင်းသို့ မယူဆပေ။ သူနှင့် တွဲဖက်လုပ်ကိုင်ခဲ့သော ဝန်ထမ်းတိုင်းလိုလိုအား သူမကြာမီ နုတ်ထွက်တော့မည်ဟု ပြောခဲ့သည်။ အချို့ကလည်း အရက်စွဲနေခြင်းကြောင့် နုတ်ထွက်ခြင်းဖြစ်သည်ဟု ဆိုကြသည်။ ကျွန်တော် သိသလောက် သူ့တွင် အရက်သေစာနှင့် ပတ်သက်သော ပြဿနာ မရှိပေ။

သူသည် ရီဂင်အတွက် များစွာလုပ်ပေးခဲ့သည်။ သမ္မတ၏ အားသာချက်များကို အကွက်ကျကျ လှပစွာ ဖော်ထုတ်ပေးနိုင်သူဖြစ်သည်။ သမ္မတ၏အကြောင်းကို အခြားသူများထက် ပိုမိုသိသူဖြစ်သည်။ မိုက်ဒီဗာ၏ အရိုက်အရာကို ဟန်ကဲလ်က ဆက်ခံသည်။ သူသည်လည်း ဒီဗာ၏ ခြေလှမ်းကို မီအောင်လှမ်းနိုင်သူ ဖြစ်သည်။

ဘော့ပ် ဒီပရော စပါရို သည်လည်း အိမ်ဖြူတော် အေးဂျင့် အကြီးအကဲအဖြစ်မှ လက်ထောက်ညွှန်ကြားရေးမှူး (လေ့ကျင့်ရေး)ရာထူးတိုးမြှင့်ခံရသည်။ သူကိုယ်တိုင်လည်း အိမ်ဖြူတော်တာဝန်ကို ဆက်မယူချင်တော့။ အိမ်ဖြူတော် အေးဂျင့်အကြီးအကဲများသည် အိမ်ဖြူတော်တာဝန်ကို ရေရှည်မယူလိုကြ။ သုံးနှစ်၊ လေးနှစ်ထက် ပို၍ မထမ်းဆောင်နိုင်ကြ။ အိမ်ဖြူတော် အေးဂျင့်ဟူသည့် ဂုဏ်သိမ်အတွက် ပေးဆပ်ရမှုမှာ ကြီးလေးလှသည်။ စိတ်ဖိစီးမှုမှာ မခံမရပ်နိုင်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အောင်ပင်။ မိသားစုအတွက် အချိန်လုံးဝမပေးနိုင်။ နာရီတိုင်းတွင် ဖြေရှင်းရမည့် အခက်အခဲများ တစ်ပုံတစ်ပင် ရှိနေသည်။ ထို့ကြောင့် ပြောင်းရွှေ့ချိန် တန်လာသည့်အခါ အေးဂျင့်တိုင်းပင် လိုလိုလားလား ပြောင်းရွှေ့သွားကြသည်။

ကျွန်တော် သိဖူးသမျှထဲတွင် ဘော့ပ်သည် အဖြောင့်မတ်ဆုံး၊ အဂတိအကင်းဆုံးဖြစ်သည်။ သူ၏ စံသတ်မှတ်ချက်များကို သမ္မတသည်ပင် မယိမ်းယိုင်စေနိုင်။ သမ္မတ၏ လေယာဉ်ဖြင့် ကျွန်တော်တို့ ခရီးသွားနေစဉ် ဘော့ပ်၏ မွေးနေ့နှင့် ကြုံကြိုက်နေသည်။

ရီဂင်သည် ရှမ်ပိန်ဖန်ခွက်နှစ်လုံးဖြင့် အေးဂျင့်များအခန်းသို့ ရောက်လာကာ သူ့ကို ဂုဏ်ပြုသည်။ တာဝန်ချိန်ဖြစ်သဖြင့် အရက်မသောက်နိုင်ဟု သူက ယဉ်ကျေးသိမ်မွေ့စွာ ငြင်းသည်။ ကျွန်တော်သာဆိုလျှင် အားနာပါးနာ တစ်ငုံတော့ သောက်လိုက်မည်ဖြစ်သည်။

ထိုစဉ်က ကျွန်တော်တို့ မလှမ်းမကမ်းတွင် သတင်းထောက်များရှိနေသည်။ အကယ်၍ သူသာ ရှမ်ပိန်သောက်လိုက်မည်ဆိုလျှင် တာဝန်ချိန်တွင် အရက်သောက်သည်ဆိုကာ မီဒီယာများက တစ်ဆိတ်ကိုတစ်အိတ် လုပ်လာနိုင်သည်ကို သူက ကောင်းကောင်းသိနေသည်။

ဘော့ပ် ချမှတ်ခဲ့သောစံများသည် အိမ်ဖြူတော် အေးဂျင့်များအကြား ယနေ့အထိ ရှင်သန်လိုက်နာနေကြဆဲဖြစ်သည်။ မျိုးဆက်သစ် အေးဂျင့်များသည် သူ၏အမည်ကို ကြားဖူးချင်မှ ကြားဖူးမည်ဖြစ်သော်လည်း သူ ချမှတ်ခဲ့သောစံများကို လိုက်နာနေကြဆဲ၊ ကျင့်သုံးနေကြဆဲ ဖြစ်သည်။

ခေါင်းဆောင်ကောင်း၏ အရည်အချင်းတစ်ရပ်မှာ မိမိ၏ အတွေ့အကြုံကို လက်အောက်ငယ်သားများအား မျှဝေသင်ကြားပေးရခြင်းဖြစ်သည်။ ၁၅ နှစ်အတွင်း ပေါ်ထွက်ခဲ့သော လျှို့ဝှက်ထောက်လှမ်းရေးဌာန၏ ညွှန်ကြားရေးမှူးနှင့် ဒုတိယ ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများသည် ဘော့ပ်၏ လက်အောက်မှ ထွက်သွားကြသူများသာ ဖြစ်ကြသည်။ သူ၏ လက်အောက်တွင် တာဝန်ထမ်းဆောင်ကြသူများသည် ထူးချွန်သူများ ဖြစ်ကြသည်။ ယင်းသို့ ထူးချွန်ကြသည်မှာ မတော်တဆ တိုက်ဆိုင်မှုမဟုတ်ပေ။ ဘော့ပ်၏ သွန်သင်မှုကြောင့် အောင်မြင်ကြခြင်းဖြစ်သည်။

ကျွန်တော်အား ဘော့ပ်နေရာသို့ ရာထူးတိုးမြှင့်ပေးနိုင်သော အနေအထားမျိုးဖြစ်သော်လည်း ကျွန်တော်၏ လုပ်သက်မှာ ၁၄ နှစ်သာရှိသေးသည်။ ထို့ကြောင့် ဘော့ပ်နေရာတွင် 'ရေးရှက်ဒစ်' (Ray Shaddick) ရောက်လာသည်။ သမ္မတရီဂင် သေနတ်အပစ်ခံရစဉ်က ကယ်ထုတ်သွားသော အနီးကပ်အေးဂျင့်များထဲတွင် ရှက်ဒစ် ပါဝင်သည်။ သူသည် လူတော်တစ်ဦးဖြစ်သည်။ ကျွန်တော် လေးစားရသူလည်း ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် ရှက်ဒစ်အား ကျွန်တော့် အကြီးအကဲအဖြစ် လွယ်လွယ်ကူကူ လက်ခံနိုင်ခဲ့သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ရက်ဒစ် သည်နှုတ်ခမ်းမွှေးစစဖြင့် ကြည့်ကောင်းသူဖြစ်သည်။ ထူးချွန်သော အားကစားသမားလည်းဖြစ်သည်။ အတ္တမာနကင်းသူဖြစ်သည်။ ထို့ကြောင့်ပင် သူသည် အောင်မြင်သော အေးဂျင့်တစ်ယောက်ဖြစ်လာသည်။

သူသည် ဟန်ဆောင်မှုမရှိ။ ရိုးရိုးကုပ်ကုပ်နေသူဖြစ်သည်။ လုပ်ပိုင်ခွင့်များကို လက်အောက်ငယ်သားများအား ခွဲပေးထားသည်။ ဓာတ်ပုံတွင် ပါစေရန်၊ ထင်ပေါ်စေရန် ရှေ့ဆုံးမှ မော့တော့မော့တော့ လုပ်သူမဟုတ်။ သူသည် တာဝန်ကို ကျွန်တော်နှင့်အညီအမျှ ခွဲဝေယူသည်။ ကျွန်တော်သာ အေးဂျင့်အကြီးအကဲဖြစ်ပါက သူကဲ့သို့ လိုက်လျောလုပ်ဆောင်နိုင်ပါမည်လားဟု ကိုယ့်ကိုယ်ကိုယ် သံသယဖြစ်မိသည်။ သမ္မတ၏ ခရီးတိုများတွင် သူနှင့် ကျွန်တော် တစ်လှည့်စီတာဝန်ယူသည်။ ကျွန်တော် သမ္မတနှင့် လိုက်သွားသည့်အခါတွင် သူက အိမ်ဖြူတော်တွင် နေရစ်သည်။ မည်သည့် အေးဂျင့်အကြီးအကဲမျှ ထိုသို့ တာဝန်ခွဲပေးလေ့မရှိ။ သူ့လောက် စီမံခန့်ခွဲရေးထူးချွန်သည့် အေးဂျင့်အကြီးအကဲဆိုသည်မှာ ရှားရှားပါးပါး။ စုံစမ်းစစ်ဆေးရေး လက်ထောက်ညွှန်ကြားရေးမှူး ရာထူးဖြင့် သူသည် ၁၉၈၈ ခုနှစ်တွင် အိမ်ဖြူတော်မှ ထွက်ခွာသွားသည်။

ဝါရှင်တန်တွင် မနေလိုသဖြင့် သူက တစ်ဆင့်နိမ့်ရာထူးဖြင့် အတ္တလန်တာဌာနခွဲမှူးအဖြစ် ပြောင်းရွှေ့ပြန်သည်။ လက်ထောက်ညွှန်ကြားရေးမှူးဘဝမှ လက်ထောက်ညွှန်ကြားရေးမှူး အောက်တစ်ဆင့်နိမ့်သော ရာထူးသို့ ပြောင်းရွှေ့ယူခြင်းဖြစ်သည်။ ရှာမှရှားသူ ဖြစ်သည်။ အတ္တလန်တာမှ အငြိမ်းစားယူပြီး ယခုအခါ စီအန်အန် သတင်းဌာန၏ လုံခြုံရေးအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နေသည်။

ဘော့ပ်နှင့် ရက်ဒစ်တို့သည် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများ ဖြစ်သည်။ လျှို့ဝှက်ထောက်လှမ်းရေးဌာနကို တိုးတက်ကောင်းမွန် ထိရောက်စေရန် စွမ်းဆောင်နိုင်ကြသူများဖြစ်သည်။

အိမ်ဖြူတော်တွင် တာဝန်ထမ်းဆောင်ရမည့် အေးဂျင့်များအား စမ်းသပ်ကာလအဖြစ် ရက်သတ္တနှစ်ပတ် သတ်မှတ်ထားသည်။ ဆန်းစစ်ကာလအတွင်း အေးဂျင့်သည် အိမ်ဖြူတော် တာဝန်များနှင့် အံဝင်ခြင်း ရှိမရှိ၊ ဘော့ပ်နှင့် ရက်ဒစ်တို့၏ စံနှုန်းများနှင့် ကိုက်ညီခြင်း ရှိ မရှိ အကဲဖြတ်သည်။ အိမ်ဖြူတော်တွင် တာဝန်ထမ်းဆောင်လိုကြောင်း လျှောက်ထားသည့် အေးဂျင့် အများအပြားရှိသော်လည်း အားလုံးကို ခန့်ထားနိုင်ခြင်းမရှိ။ လိုအပ်သည့် အရေအတွက်ထက် လျှောက်ထားသူက ပိုမိုများပြားနေသည်။ ထို့ကြောင့် အိမ်ဖြူတော်အေးဂျင့်များသည် အထူးရွေးချယ်ခန့်ထားခံရသူများဖြစ်လာသည်။

သမ္မတ၏ ယာဉ်တန်းလမ်းကြောင်း အနီးဆုံးဆေးရုံတွင် အေးဂျင့်ချထားရန် ဘော့ပ်က စိတ်ကူးရသည်။ ယင်းသို့ ဖြင့် 'ဆေးရုံအေးဂျင့်' ဟူသော အမည်တွင်လာသည်။ သမ္မတခရီးစဉ်တွင် အရေးပေါ် အသုံးပြုနိုင်ရန် သတ်မှတ်ထား

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သော ဆေးရုံကို သမ္မတ၏ ဆေးအဖွဲ့က ကြိုတင်စစ်ဆေးကာ လိုအပ်သည်များကို ဖြည့်စွက် ပြင်ဆင်ထားနိုင်သည်။ ထို့နောက် အေးဂျင့်တစ်ယောက်ကို ခရီးစဉ် အချိန်အတွင်း တာဝန်ချထားသည်။

အနောက်နိုင်ငံများရှိ ဆေးရုံတိုင်းသည် ယေဘုယျအားဖြင့် သွေးထွက်သံယိုမှုအတွက် အရေးပေါ်ကုသနိုင်သည့် အနေအထားတွင် ရှိသည်။ သို့သော် သမ္မတ၏ အသက်အား နိုင်ငံခြားဆရာဝန်လက်သို့ ဝကွက်အပ်ထားရန်မှာ အတော်ပင် စဉ်းစားရသောကိစ္စ ဖြစ်သည်။ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ကနေဒါ၊ ဩစတေးလျ စသည့် နိုင်ငံကြီးများတွင် ပြဿနာမရှိနိုင်သော်လည်း ဖွံ့ဖြိုးဆဲ နိုင်ငံများတွင်မူ စဉ်းစားစရာဖြစ်သည်။ ယင်းသို့ အခြေအနေမျိုးတွင် အရေးပေါ် အခြေအနေအတွက် ပြင်ဆင်ထားသော အမေရိကန် ရေတပ်သင်္ဘောတစ်စင်းကို သမ္မတ ရောက်ရှိနေသည့်နိုင်ငံ ကမ်းလွန်တွင် ချထားရသည်။

၁၉၈၅ ခုနှစ်ခန့် တွင် ရီဂင်သည် အူမကင်ဆာ ဖြစ်သဖြင့် ရေတပ်မတော် ဘာသက်စ်ဒါ ဆေးရုံ၌ ခွဲစိတ်မှု ခံယူရသည်။ သူ့အတွက် အစည်းအဝေးခန်း၊ ဧည့်ခန်း၊ နားနေခန်းတို့ကို ဆေးရုံ၌ သီးသန့်စီစဉ်ပေးထားရသည်။ ခွဲစိတ်ပြီး ဆေးရုံတွင် ခေတ္တအနားယူသည်။ ထို့နောက် အိမ်ဖြူတော်တွင် သမ္မတတာဝန်များကို ထမ်းဆောင်သည်။ အချိန်မှန်မှန် ဆေးစစ်မှုကို ခံယူရသည်။ အမေရိကန်သမ္မတသည် ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်မရှိရှာပေ။ အခြားသာမန်လူများကဲ့သို့ တစ်ကိုယ်တည်း သီးသန့်မနေနိုင်။ သမ္မတသည် မည်သည့်နေရာတွင် ရှိနေသည်ဖြစ်စေ (အိမ်သာနှင့် အိပ်ခန်းမှလွဲ၍) အေးဂျင့်တစ်ယောက်အနီးတွင် အမြဲရှိနေရသည်။ ထိုသတ်မှတ်ချက်အရ သူ့အား ဆရာဝန်က ဆေးစစ်နေစဉ် တွင် ကျွန်တော်က အနီးတွင် နေပေးရသည်။ ကျွန်တော် အနားတွင်ရှိနေသည့်အတွက် ရီဂင်သည် စိတ်အနှောင့်အယှက် မဖြစ်ပေ။ ကျွန်တော်ကသာ မျက်နှာမထားတတ်အောင် ဖြစ်ရသော်လည်း သူက ဘာမျှမဖြစ်။ သူသည် ဖျားနာသည့် အချိန်တွင်ပင် သက်သောင့်သက်သာ ဖျားနာသူ ဖြစ်သည်။

သမ္မတ၏ ဆရာဝန်အဖွဲ့သည် လျှို့ဝှက်ထောက်လှမ်းရေး လက်ထောက်ညွှန်မှူးထံ အစီရင်ခံရသည်။ အိမ်ဖြူတော် အေးဂျင့်များသည်လည်း လက်ထောက်ညွှန်မှူးထံ အစီရင်ခံရသည်။ နှစ်ဖွဲ့စလုံးသည် လက်ထောက်ညွှန်မှူး၏ ကွပ်ကဲမှု အောက်တွင် ရှိသည်။ ယင်းသို့ဖြစ်နေခြင်းသည်အေးဂျင့်များ တာဝန်ထမ်းဆောင်ခြင်းကို အဟန့်အတား ဖြစ်စေနိုင်သည်။ အေးဂျင့်များနှင့် ဆရာဝန်သည် သမ္မတအနီးတွင် အမြဲရှိနေရသူများ ဖြစ်သည်။ သမ္မတ၏ ဆေးဝန်ထမ်းများသည် အေးဂျင့်များ အလိုရှိသည့်အတိုင်း ဆောင်ရွက်ပေးသော်လည်း တိတိကျကျဆိုရလျှင် သူတို့သည် အေးဂျင့်များကို နာခံရန် မလိုပေ။ သူတို့သည် လက်ထောက်ညွှန်မှူးကိုသာ တိုက်ရိုက်တာဝန်ခံရသူများဖြစ်သည်။ အရေးပေါ် အခြေအနေ တစ်ရပ်တွင် သူတို့သည် အေးဂျင့်တို့ကို ပေကပ်ကပ်လုပ်ပြီး မလိုက်နာဆိုလျှင် များစွာအန္တရာယ်ရှိနိုင်သည်။ ထို့ကြောင့် ဆေးအဖွဲ့ကို

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖြူတော်အေးဂျင့်အကြီးအကဲ ကွပ်ကဲမှုအောက်တွင် ထားရှိပေးရန် ဘော့ပ်နှင့် ရှက်ဒစ်တို့က ခက်ခက်ခဲခဲ ကြိုးစားယူရသည်။ ယခုအခါ အိမ်ဖြူတော်ဆေးအဖွဲ့သည် အေးဂျင့်အကြီးကဲကို တာဝန်ခံရသည်။

သမ္မတအား တိုက်ခိုက်လာမှုအပေါ် တုံ့ပြန်သည့် လေ့ကျင့်ခန်းများကို ကျွန်တော်တို့ အလေးထား လေ့ကျင့်ကြသည်။ အထူးသဖြင့် လေဆိပ်သို့ ဆိုက်ရောက်သည့်အခါနှင့် ပြန်လည်ထွက်ခွာသည့်အခါတွင် တိုက်ခိုက်မှု ဖြစ်ပွားလာပါက မည်သို့တုံ့ပြန်ရမည်ကို လေ့ကျင့်ကြရသည်။ လေယာဉ်ပေါ်တွင်မူ ကျန်းမာရေးအခြေအနေမှလွဲ၍ အခြားအရေးပေါ်အခြေအနေ မဖြစ်နိုင်ပေ။ အိမ်ဖြူတော်အတွင်း လေ့ကျင့်ရန် စဉ်းစားကြသေးသည်။ သို့သော် အိမ်ဖြူတော်တွင် သတင်းသမားများရှိနေသည့်အပြင် အေးဂျင့်များက သေနတ်တကားကား၊ ရဟတ်ယာဉ်များက အိမ်ဖြူတော်အပေါ် ပျံဝဲနေလျှင် အများက အထင်မှားပြီး ရတ်ရတ်သဲသဲ ဖြစ်နိုင်သည်။ ထို့ကြောင့် ယင်းအကြံကို လက်လျှော့လိုက်ရသည်။ ထောက်လှမ်းရေးသင်တန်းကျောင်းတွင် ယခုအခါ အိမ်ဖြူတော်ပုံစံငယ်တစ်ခု ဆောက်လုပ်ထားလျက် အေးဂျင့်များကို လေ့ကျင့်ပေးလျက်ရှိသည်။

သမ္မတ၏ အသက်အန္တရာယ်အပေါ် ခြိမ်းခြောက်လာနိုင်မှုအနေအထားသည် ယခင်အခါများနှင့်မတူဘဲ ပြောင်းလဲလာသည်။ သမ္မတ ကနေဒီ ကာလတွင် သေနတ်သမားသည် တစ်ခုတည်းသော အန္တရာယ်ဖြစ်နေခဲ့သည်။ ထိုအချိန် မှ ရီဂင်၏ အချိန်အထိ သေနတ်သမား တိုက်ခိုက်လာပါက မည်သို့ ကာကွယ်ရမည်ကို အလေးထား စဉ်းစားရ၏။ ၁၉၈၀ ပြည့်နှစ်မှစလျက် နောက်ပိုင်းတွင် အခြေအနေတို့ ပြောင်းလဲလာခဲ့သည်။ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာ ၁၁ရက်နေ့ နယူးယောက်မြို့ တိုက်ညီနောင် တိုက်ခိုက်မှုသည် လုပ်ကြံမှု၏ သဘောသဘာဝ ပြောင်းလဲလာနေခြင်းကို အထင်အရှား ပြဆိုလိုက်ခြင်းဖြစ်သည်။

သေနတ်သမား၏ တိုက်ခိုက်နိုင်မှု အလားအလာ ရှိနေသေးသည် မှန်သော်လည်း အန္တရာယ်သည် သူတစ်ဦးတည်းမဟုတ်တော့၊ ပိုမိုရှုပ်ထွေးသည့် အခြေအနေ ဖြစ်လာသည်။ အသေခံဗုံးခွဲသူ၊ ကားဗုံးထောင်ခြင်း၊ ရော့ကက်၊ မော်တာ၊ မိုင်းဗုံး၊ အဝေးထိန်းဗုံးနှင့် ဓာတုဗေဒလက်နက်တို့ကို အသုံးပြုလာသည်။ ထိုအခြေအနေများကို တုံ့ပြန်နိုင်ရန် လျှို့ဝှက်ထောက်လှမ်းရေးဌာနက ပြင်ဆင်ထားရသည်၊ လေ့ကျင့်ကြရသည်။

သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတသည် ယာဉ်တန်းဖြင့် သွားလာနေစဉ် လမ်းခရီးတွင် ရုတ်တရက် ရပ်တန့်ကာ လူထုပရိသတ်အား နှုတ်ဆက်သည်ကို ညနေပိုင်းသတင်းများတွင် တွေ့မြင်ရလေ့ရှိသည်။ ထိုကဲ့သို့ မမျှော်လင့်ဘဲ ရပ်နားခြင်းသည် အများထင်ထားသကဲ့သို့ အမှတ်မထင် ရပ်နားခြင်းမဟုတ်ဘဲ ကြိုတင်စီစဉ်ထားခြင်းသာ ဖြစ်သည်။ ရပ်နားမည့်နေရာ၏ လုံခြုံရေးကိုစစ်ဆေးပြီး ကျေနပ်မှသာ ရပ်နားခြင်းဖြစ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဒုတိယသမ္မတ ဒန်ကွေးလ် (Dan Quayle) သည် 'ဒိုင်ယာရီကွင်း' (Dairy Queen) စားသောက်ဆိုင် အနီးမှ ဖြတ်သွားရလျှင် ကော်ဖီတစ်ခွက်ဖြစ်ဖြစ် ဝင်သောက်လေ့ရှိသည်။ သူ ပြောလေ့ရှိသည်မှာ "ငါနာမည် အတိုကောက်နဲ့ ဒီဆိုင်အတိုကောက်က အတူတူပဲကွ" ဖြစ်သည်။ ဒါကို ဆိုလိုခြင်းဖြစ်သည်။

ယာဉ်တန်း ရောက်မလာမီ မိနစ်အနည်းအငယ် အလိုတွင် အေးဂျင့်တစ်ယောက်ကိုစေလွှတ်ကာ အခြေအနေကို လေ့လာခိုင်းသည်။ ဝင်လမ်းနှင့် ထွက်လမ်းအပါအဝင် လုံခြုံရေး အခြေအနေကိုသုံးသပ်သည်။ "သမ္မတကြီးအား ကြိုဆိုပါ၏" ဟူသော စာတန်းမျိုးတွေ့လျှင် လည်းကောင်း၊ ဆိုင်တွင် လူပြည့်ကျပ်နေလျှင် လည်းကောင်း၊ ဆူညံလွန်းနေလျှင် လည်းကောင်း အေးဂျင့်က လုံခြုံရေးအခြေအနေ ကျေနပ်ဖွယ်မရှိကြောင်း သတင်းလှမ်းပို့သည်။ ထိုအခါ ယာဉ်တန်းသည် မရပ်နားတော့ဘဲ ဆက်မောင်းသွားတော့သည်။

သာမန်အားဖြင့်ဆိုလျှင် ယင်းသို့ ရပ်နားမှုများသည် အန္တရာယ်ကင်းသည်။ သမ္မတအား ရန်ပြုမည့်သူသည် ထိုနေရာမျိုးတွင် ရှိနေရန် အခွင့်အလမ်း နည်းပါးသည်။ ရပ်နားသည့်အခါတွင်လည်း ငါးမိနစ်ခန့်သာ ရပ်နားသည်။ ငါးမိနစ်ထက် ကျော်လွန်ပါက သမ္မတအား ကြည့်မြင်လိုသူ၊ နှုတ်ဆက်လိုသူများ စုရုံးရောက်ရှိလာသဖြင့် လူငါးဆယ် တစ်ရာခန့် ဖြစ်လာနိုင်သည်။ ထို့ထက် လူများပြားမလာမီ ထွက်ခွာခြင်းသည် အကောင်းဆုံးဖြစ်သည်။

ကျွန်တော် အေးဂျင့်အဖြစ် စတင် တာဝန်ထမ်းဆောင်စဉ်ကာလက လမ်းခုလတ်တွင် သမ္မတ၏ ယာဉ်တန်း ရုတ်တရက် ရပ်နားမှုဆိုသည်မှာ မရှိသလောက် ရှားပါးသည်။ နောက်ပိုင်း၌ မီဒီယာများ တွင်ကျယ်ထွန်းကားလာသည်နှင့် အမျှ နိုင်ငံရေးသမားများသည် မီဒီယာများ၌ ထင်ထင်ပေါ်ပေါ် ဖြစ်နေရန် လိုအပ်လာသည်။ ယင်းကြောင့် သမ္မတနှင့် ဒုတိယသမ္မတတို့သည် အခွင့်အရေး ရလျှင်ရသလို လမ်းခုလတ်တွင် ရပ်နားမှုများလုပ်လာကြသည်။

ရီဂင်သည် စားသောက်ဆိုင်များသို့ ခေတ္တဝင်ရောက်ရသည်ကို နှစ်သက်သည်။ ဆိုင်အတွင်းသို့ဝင်ရောက်ကာ အစားအသောက် တစ်ခုခုမှာသည်။ သို့သော် မည်သည့်အခါမျှ ထိုအစားအစာကို မစားသောက်ပေ။ ဒေသခံ ရပ်သူရွာသားများကို နှုတ်ဆက်သည်၊ သတင်းသမားများနှင့် စကားအနည်းငယ်ပြောသည်။ သတင်းသမားများက ဓာတ်ပုံနှင့် ဗီဒီယို ရိုက်ယူနိုင်ရန် အချိန်အနည်းငယ်ပေးပြီး ခရီးဆက်သည်။ ရီဂင်သည် ပစ္စဘတ်မြို့မှ လေဆိပ်သို့အသွား လမ်းခရီးတွင် ဘားဆိုင်တစ်ဆိုင်သို့ ဝင်သည်။ ဘားခန်းထဲတွင် လူအပြည့် ရှိနေသည်။ ထိုလူများအနက် ရီဂင်ကို မဲမပေးခဲ့သူများလည်း ပါဝင်ပေလိမ့်မည်။ သမ္မတကြီး သူတို့ဘေးတွင် လာရပ်သည်ကို တွေ့ရသည့်အခါ တအံ့တသြဖြစ်ကြသည်။ မျက်စိကို မယုံနိုင်အောင်ဖြစ်ကာ "ရော်နီ ခင်ဗျားကို ကျုပ်ဘီယာ ဝယ်တိုက်မယ်ဗျာ" ဟု အော်ဟစ်ပြောဆိုကြသည်။ ရီဂင်ကဲ့သို့ မီဒီယာ စတန့်ထွင်နိုင်သူမှာ ရှားမှရှားသည်။ ကလင်တန်သည်လည်း သူကဲ့သို့ပင် စွမ်းဆောင်နိုင်သူ ဖြစ်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သမ္မတ တာဝန် စတင်ထမ်းဆောင်သည့် အခမ်းအနားကို ဝါရှင်တန်ခရိုင် စစ်နယ်မြေက တာဝန်ခံ ဆောင်ရွက်သည်။ လုံခြုံရေးအစီအမံအားလုံးကို လျှို့ဝှက်ထောက်လှမ်းရေးဌာနက ဆောင်ရွက်ပေးသည်။ သို့သော် စစ်နယ်မြေက အခမ်းအနားကို တာဝန်ခံရသည့် အစဉ်အလာရှိသည်။

၁၉၇၇ ခုနှစ်တွင် သမ္မတ ဂျင်မီကာတာသည် ကက်ပီတယ်လ် လွှတ်တော်အဆောက်အဦတွင် ကျမ်းသစ္စာကျိန်ဆိုအပြီး အိမ်ဖြူတော်သို့သွားရာတွင် အချို့နေရာ၌ လမ်းလျှောက်သွားသည်။ လမ်းလျှောက်သွားရာ ပင်ဆဲလ်ဗေးနီးယားလမ်းမကြီးတစ်လျှောက်တွင် ထောင်နှင့်ချီသော ပြတင်းပေါက်များ ရှိနေသည်။ သမ္မတ လမ်းလျှောက်လာသည့်အချိန်တွင် ပြတင်းပေါက်များ ပိတ်ထားစေရန် လုံခြုံရေးများ စေလွှတ်လျက် ပိတ်ထားနိုင်းရသည်။

လမ်းတစ်ဖက်တစ်ချက် အဆောက်အဦ ခေါင်မိုးများပေါ်တွင် လက်ဖြောင့်အေးဂျင့်များ ချထားသည်။ ယင်းတို့က မှန်ပြောင်းဖြင့် ပြတင်းပေါက်ပွင့်လာလျက် အန္တရာယ်ပြုလာမည့်သူများကို စောင့်ကြည့်သည်။ အကယ်၍ ပြတင်းပေါက်တစ်ပေါက်ပေါက် ပွင့်လာမည်ဆိုလျှင် အေးဂျင့်များသည် သမ္မတအားကပ်လျက်သား ပါလာသည့် မော်တော်ယာဉ်အတွင်းသို့ တွန်းသွင်းလိုက်မည်ဖြစ်သည်။

၁၉၈၁ ခုနှစ် သမ္မတ ကျမ်းကျိန်ဆိုပွဲအပြီးတွင် ကက်ပီတောလ် အဆောက်အဦမှ လမ်းလျှောက်ရန်ဆိုသည်မှာ ရီဂင်၏ အသက်အရွယ်အရ မသင့်တော်သည့်အပြင် ရာသီဥတုမှာလည်း အေးလွန်းသည်။ အမိုးတစ်ပိုင်းဖွင့် မော်တော်ယာဉ်ပေါ်မှ လူထုပရိသတ်ကို နှုတ်ဆက်လျက် အိမ်ဖြူတော်သို့ လာသည့်နည်းသည် အကောင်းဆုံးဖြစ်မည်ဟု ကျွန်တော်တို့ ဆုံးဖြတ်လိုက်သည်။

သမ္မတရာထူးကို လက်ခံပြီးညတွင် သမ္မတဇနီးမောင်နှံက ညစာစားပွဲကျင်းပသည်။ တက်ရောက်လာသူ မင်းခရီသတ်အတွက် ပျော်ပွဲရွှင်ပွဲ ဖြစ်သော်လည်း သမ္မတ၊ သမ္မတကတော်နှင့် အေးဂျင့်များအတွက်ကား မသက်သာလှပေ။ အေးဂျင့်တစ်ယောက်အဖို့ အစပိုင်းတွင် အိမ်ဖြူတော် ညစာစားပွဲများသည် အံ့ဘနန်းကြီးကျယ် ခမ်းနားလှသည်။ တက်ကြွစိတ်လှုပ်ရှားဖွယ်လည်း ဖြစ်သည်။

သို့သော် ကြာလာသည့်အခါ ညစာစားပွဲများသည် စိတ်လှုပ်ရှားဖွယ် မကောင်းတော့ ပြုမြဲနိစ္စပတ် ဖြစ်လာသည်။ ငြီးငွေ့လာသည်။

နိုင်ငံခြားဧည့်သည်တော်ကို ဧည့်ခံသည့်ပွဲကို အိမ်ဖြူတော်မြောက်ဘက် ဆင်ဝင်တွင် သမ္မတဇနီးမောင်နှံက ဧည့်သည်တော်အား ဆီးကြိုနှုတ်ဆက်ခြင်းဖြင့် စတင်သည်။ ဧည့်သည်တော်များသည် များသောအားဖြင့် အိမ်ဖြူတော်အနောက်ဘက်ကမ်းရှိ အစိုးရဧည့်ဂေဟာ 'ဘလဲယား ဟောက်စ်' သို့မဟုတ် သက်ဆိုင်ရာ သံရုံးတွင် တည်းခိုလေ့ရှိ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခမ်းအနားမျိုးတွင် အချိန်တိကျရန် လွန်စွာအရေးကြီးသည်။ မြောက်ဘက်မြက်ခင်းပြင်တွင် စစ်သည်များက တန်းစီနေရာယူပြီးသည့်အချိန်တွင် ဧည့်သည်တော်၏ ယာဉ်တန်းက အိမ်ဖြူတော်အတွင်း ဝင်ရောက်လာသည်။ သမ္မတ သည် မြောက်ဘက်ဆင်ဝင်မှ ထွက်လာပြီး ဧည့်သည်တော်နှင့်ဇနီးအား နှုတ်ဆက်ကာ အပေါ်ထပ် ဘဲဥပုံ ခန်းဆောင်ဝ (သီးသန့်ဧည့်ခန်း)သို့ ခေါ်ဆောင်သွားသည်။

အောက်ထပ်ဧည့်ခန်းတွင် မင်းပရိသတ် စုံညီစွာရောက်ရှိသည့်အခါတွင် သမ္မတဇနီးမောင်နှံနှင့် ဧည့်သည်တော် ဇနီးမောင်နှံတို့သည် လှေခါးရှည်ကြီးမှ ဧည့်ခန်းတွင်းသို့ ဆင်းသည်။ ထိုအချိန်တွင် တီးဝိုင်းက စတင်တီးမှုတ်သည်။

ထမင်းစားခန်းမသည် လူ ၁၀ ယောက်စီထိုင်နိုင်သော စားပွဲခုံ ၁၂ လုံး ဆန့်သည်။ သမ္မတသည် လင်ကွန်း မီးလင်းဖိုကို ကျောပေးကာ ခန်းမကို မျက်နှာပြုလျက် ထိုင်သည်။ သမ္မတကတော်သည် ခန်းမတစ်ဖက်တွင်ရှိ စားပွဲ တွင် သမ္မတကို မျက်နှာပြုလျက် ထိုင်သည်။ သံတမန် ထုံးတမ်းဝါစဉ်အရ ဧည့်သည်တော်များကို စားပွဲများတွင် နေရာချပေးသည်။ အေးဂျင့်တစ်ယောက်စီသည် သမ္မတနှင့်သမ္မတကတော်တို့အနောက်တွင် ထိုင်ရသည်။ သမ္မတ၏ လက်ဝဲဘက်တွင် နိုင်ငံခြားရေးဝန်ကြီးက ထိုင်သည်။ ကျွန်တော် တာဝန်ကျခဲ့စဉ်အချိန်က နိုင်ငံခြားရေးဝန်ကြီးမှာ ကျော့ရှုဇ် ဖြစ်သည်။ နိုင်ငံတော် ညစာစားပွဲများတွင် ရုပ်ရှင်သရုပ်ဆောင်မိန်းမချောလေးများ အမြဲပါလေ့ရှိသည်။ ဘရွတ်ရှီးလ်၊ စင်ဒီကရော့ဖို့ဒ်၊ ခရစ်တီဘရင်ကလီ စသည့် အလှပဂေးတို့ကို တွေ့ရတတ်သည်။ သူတို့သည် ကျော့ရှုဇ်၏ လက်ယာ ဘက်တွင်ထိုင်ရသည်။

ညစာ စားပွဲတွင် သမ္မတနှင့် ဧည့်သည်တော် အကြီးအကဲတို့သည် ဖန်ခွက်များမြှောက်ကာ အပြန်အလှန် ဆုမွန်ကောင်းတောင်းကြသည်။ ကြိုတင်စည်းဝါးရိုက်ထားသည့် အချိန်တွင် တပ်မတော် စစ်တီးဝိုင်းက ဝင်ရောက်လာ အခန်းတွင်း လှည့်လည်တီးမှုတ်ဖျော်ဖြေသည်။ ညစာစားအပြီးတွင် ခန်းဆောင်နီ၊ ခန်းဆောင်ပြာ၊ ခန်းဆောင်စိမ်း တွင် ဧည့်သည်များအား ကော်ဖီဖြင့် တည်ခင်းသည်။ ကော်ဖီသုံးဆောင်အပြီးတွင် သမ္မတနှင့်တကွ ဧည့်သည်တော်များ သည် အရှေ့ဘက်ဆောင်သို့ သွားကြသည်။ နာမည်ကြီးအဆိုတော်များက သီဆိုဧည့်ခံသည်။ ရှေ့ဆုံးတန်းတွင် သမ္မတဇနီး မောင်နှံနှင့် ဧည့်သည်တော် အကြီးအကဲတို့ ထိုင်ကြသည်။ ကျန်လူများအတွက်လည်း ထိုင်ခုံနေရာ သတ်မှတ်ပေးထားသည်။ ဖျော်ဖြေပွဲသည် တစ်နာရီခန့်ကြာမြင့်သည်။ ထိုမှ ဧည့်ကြိုခန်းမသို့ သွားကြသည်။ စစ်တီးဝိုင်းက တီးမှုတ်ဖျော်ဖြေသည်။ ပုံမှန်အားဖြင့်ဆိုလျှင် ရီဂင်သည် သီချင်းတစ်ပုဒ် ကပြီးလျှင် ဧည့်သည်များကို နှုတ်ဆက်ထွက်ခွာသွားသည်။ အချိန် တွင် ည ၁၁ နာရီ ထိုးလုပြီ။ သမ္မတ အမြန်ဆုံး ထွက်ခွာသွားပါစေဟု ကျွန်တော်တို့ အေးဂျင့်များ ကျိတ်ဆုတောင်း ကြသည်။ အေးဂျင့်များသည် တစ်နေကုန်ပင်ပန်းထားသဖြင့် အိမ်ပြန်လိုကြသည်။ သမ္မတနှင့် သမ္မတကတော်တို့ အခန်း

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဆပ်တက်သွားသည့်အခါတွင်မှ တာဝန်ကျအေးဂျင့်များ အိမ်ပြန်နိုင်ကြမည်ဖြစ်သည်။ သမ္မတ ထွက်ခွာသွားသည့်တိုင် ဧည့်သည်များက တစ်နာရီခန့် ဆက်လက်ကခုန်ကြသည်။ တစ်ခါတစ်ရံ သန်းခေါင်ကျော်သည်အထိ မပြီးသေး။ ယနေ့ဆက်တိုင် နိုင်ငံတော်ညစာစားပွဲများကို ဤပုံစံအတိုင်း ကျင်းပနေဆဲဖြစ်သည်။ အေးဂျင့်များသည် အလွန်ငြီးငွေ့ငင်ပန်းရသည်။ ထိုကဲ့သို့ပွဲကို ပျော်စရာ ကောင်းသည်ဟု အေးဂျင့်တစ်ယောက်ယောက်က ဆိုပြြားအံ့၊ ထိုအေးဂျင့်သည် လူသစ်ဖြစ်မည်မှာ သေချာသည်။

အမေရိကန် လေပိုင်နက်အတွင်း သမ္မတ၏ အဲယားဖို့(စ်)ဝမ်း လေယာဉ်ပျံတက်လာသည့်အခါတိုင်း မြို့ပြလေကြောင်း ထိန်းသိမ်းရေးဌာနက အခြားလေယာဉ်များကို ကောင်းကင်ပြင်တွင် ရှင်းလင်းထားရသည်။ တိုင်းပြည်အများအပြားသည် အဲယားဖို့(စ်)ဝမ်းအတွက် လမ်းရှင်းပေးကြသည်။ သမ္မတ၏ လေယာဉ်ဆင်းသက်ခါနီးတွင် အချို့နိုင်ငံများ၌ တိုက်လေယာဉ်များက ခြံရံလိုက်ပါပေးသည်။ အတော်ပင် စိတ်အနှောင့်အယှက်ဖြစ်စရာကောင်းသည်။ အချို့နိုင်ငံများ၏ ထုံးစံများမှာ နားလည်ရခက်သည်။ ဥပမာအားဖြင့် ဆိုဗီယက် လေပိုင်နက်အတွင်းသို့ သမ္မတ၏ လေယာဉ်ဝင်ရောက်လာတိုင်း ဆိုဗီယက်လေယာဉ်မှူးတစ်ဦးကို လိုက်ပါခွင့်ပေးရသည်။

သမ္မတ တစ်ဦးနှင့်တစ်ဦး အကျင့်စရိုက်ချင်း မတူကြ။ ဂျော့ဒဗလျူဘွတ်(ရှ်)ဆိုလျှင် ခရီးရှည်မထွက်ခွာမီ နာရီအနည်းငယ်စောပြီး အင်ဒရူးလေတပ်စခန်းရှိ အဲယားဖို့(စ်)ဝမ်းသို့ ရောက်လာတတ်သည်။ လေယာဉ်ပေါ်သို့ တက်ကာ အိပ်စက်နေသည်။ သူအိပ်စက်နေခိုက်တွင် လေယာဉ်က ထွက်ခွာသည်။ တစ်ခါတစ်ရံ နာရီများစွာ စောရောက်လာပြီး လေယာဉ်ပေါ်တက်ကာ အိပ်နေသည်။ ခရီးသွားစေကာမူ ဤနည်းဖြင့် ဘွတ်(ရှ်)က အိပ်ချိန် အပြည့်အဝရသွားသည်။ အချိန်ကွာခြားမှုကြောင့် ခရီးပန်းခြင်း (jet lag) မရှိတော့။ သို့သော် အေးဂျင့်များအဖို့ မလွယ်လှ။ နာရီများစွာ စောလျက် လေယာဉ်ပေါ်သို့ အေးဂျင့်များက ရောက်နေရသည်။

ရီဂင်ကမူ လေယာဉ်ပေါ်ရောက်သည်နှင့် ဘောင်းဘီလဲသည်။ အားကစား ဘောင်းဘီရှည်ကို ပြောင်းဝတ်သည်။ ရှပ်အင်္ကျီအဖြူနှင့် လည်စည်းကို မချွတ်ဘဲထားသည်။ များသောအားဖြင့် ရီဂင်သည် သူ့ အခန်းထဲတွင်သာနေလျက် သွားရောက်မည့်နေရာတွင် တွေ့ဆုံပြောဆိုရန်တို့အတွက် ကြိုတင်ပြင်ဆင်သည်။ နိုင်ငံခြားခရီးရှည်များတွင်မူ သူသည် လေယာဉ်စကြံတွင် လမ်းလျှောက်သည်။ တစ်ခါတစ်ရံ သတင်းထောက်များထံ သွားရောက်စကားစမြည်ပြောလေ့ရှိသည်။ 'အဲယားဖို့(စ်)ဝမ်း' ဟူသော ရုပ်ရှင်တွင် ရိုက်ကူးထားသည်မှာ ကြည့်ကောင်းသော်လည်း ယုတ္တိကင်းမဲ့သည်။ အကြမ်းဖက်သမားက သမ္မတလေယာဉ်ကို အပိုင်းစီးသည် ဆိုသည်မှာ ဖြစ်နိုင်ခဲလှသည်။ လုံးဝ မဖြစ်နိုင်ဟုပင်ဆိုရမည်။ သမ္မတ၏ လေယာဉ်ပေါ်သို့ တက်ရောက်လာသူတိုင်း (သမ္မတ၊ သမ္မတကတော်နှင့် အေးဂျင့်များမှလွဲ၍)အား သတ္တုရှာစက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရှာဖွေခဲ့ရသည်။ လေယာဉ်ပေါ်တွင် တင်ဆောင်မည့် ဝန်စည်စလယ်နှင့် ခရီးဆောင်သေတ္တာ အားလုံးကိုလည်း ဓာတ်မှန်စက်ဖြင့် ရှာဖွေစစ်ဆေးသည်။ ခရီးဆောင်သေတ္တာများကို သီးခြား အမှတ်အသားပြုထားသဖြင့် ခရီးဆုံး ရောက်သည့်အခါ အဲယားဖို့(စ်)ဝမ်းတွင် လိုက်ပါလာသူများသည် သေတ္တာများကို သယ်ပိုးရန် မလိုအပ်။ လေတပ်သားနှင့် ထောက်လှမ်းရေးများက တံခါးဝသို့ လာပို့ပေးသည်။ ခရီးဆက်ကြသည့်အခါတွင် သေတ္တာကို အခန်းအပြင် ထုတ်ထား လိုက်ရုံသာ။ နောက်ခရီးတစ်ထောက်တွင် သေတ္တာက အခန်းတံခါးဝ တွင်ရောက်နေသည်။

အေးဂျင့်များသည် လေယာဉ်ပေါ်တွင် လက်နက်များကို ကိုယ်တွင်ဆောင်ထားလေ့မရှိ။ လက်ဆွဲအိတ်ထဲတွင် ထည့်ထားသည်။ လေယာဉ်ဆိုက်သည့်အခါတွင်မှ တာဝန်ကျမည့် အေးဂျင့်များသည် သေနတ်ကိုယူလျက် အသင့်ပြင်ကြ သည်။ အေးဂျင့်အများစုသည် လေယာဉ်နောက်ပေါက်မှ ဆင်းကြသည်။ ကျွန်တော်က ရှေ့ပေါက်မှ သမ္မတ နောက်ကပ်လျက် သားဆင်းသည်။

တာဝန်ကျအေးဂျင့်များနှင့် ကြီးကြပ်သူတို့သာ အဲယားဖို့(စ်)ဝမ်းပေါ်တွင် သမ္မတနှင့်အတူ လိုက်ပါစီးနင်းသည်။ ကျန်အေးဂျင့်များသည် မော်တော်ယာဉ်တင် လေယာဉ် (သို့မဟုတ်) သတင်းသမားများ လေယာဉ်တွင် လိုက်ပါလေ့ရှိသည်။ နိုင်ငံခြားခရီးစဉ်များတွင် သတင်းသမားများအတွက် လေယာဉ်မှာ ဘိုးအင်း ၇၄၇ ဖြစ်သဖြင့် လူသုံးရာကျော်လိုက် ပါနိုင်သည်။

အချို့အေးဂျင့်များက သမ္မတ၏ အရံလေယာဉ်တွင် လိုက်ပါကြသည်။ သမ္မတ၏ ခရီးစဉ်များတွင် အရံ လေယာဉ်တစ်စင်းလိုက်ပါသည်ကို သိရှိသူ နည်းပါးသည်။ လေတပ်ကလည်း သမ္မတအတွက် မိုးပျံစစ်ဌာနချုပ် (ကမ္ဘာ စစ်ဖြစ်ပွားလာပါက ကွပ်ကဲနိုင်ရန်) စီစဉ်ပေးထားသည်။ ယင်းအစီအစဉ်ရှိမှန်း သိကြသော်လည်း မည်သို့စီစဉ်ထားသည် ကို ကျွန်တော်တို့ သိခွင့်မရ။

သမ္မတခရီးစဉ်တွင် လိုက်ပါလာသူများနှင့် ယင်းတို့အား အထောက်အကူပြုအဖွဲ့ဝင်များသည် တစ်ထောင်နီးပါး ရှိသည်။ ရီဂင်၏ တရုတ်ပြည်ခရီးစဉ်အတွက် ကျွန်တော်တို့ ရှေ့ပြေးအဖွဲ့ သွားရောက်ဆွေးနွေးသည့်အခါ သမ္မတနှင့် အတူလိုက်ပါလာမည့် လူအရေအတွက်ကို တရုတ်တို့ တအံ့တသြဖြစ်သွားသည်။

တရုတ်လေကြောင်း အာဏာပိုင်က မြေပုံကြီးတစ်ခုကို ဝင့်ကြွားစွာ ယူလာလျက် သမ္မတ လေယာဉ်ဆိုက်ကပ် ရမည့်နေရာကို မြေပုံပေါ်တွင် ညွှန်ပြသည်။ အတော်ကျယ်ဝန်းသော နေရာဖြစ်သည်။ သမ္မတ၏ ခရီးစဉ်တွင် လေယာဉ် ၁၉ စင်းပါလာမည်ကို လည်းကောင်း၊ အထောက်အကူပြုဝန်ထမ်း ကိုးရာကျော် လိုက်ပါလာမည်ကိုလည်းကောင်း သူတို့က နားမလည်နိုင် ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရီဂင်သည် ခရီးအသွားဆုံး သမ္မတတစ်ဦးဖြစ်သည်။ သူ့မတိုင်မီ သမ္မတသုံးယောက် ခရီးသွားခဲ့သည့် မိုင်စုစုပေါင်းထက် ရီဂင်သွားသည့် ခရီးမိုင်က ပိုများသည်ဟု အိမ်ဖြူတော် မှတ်တမ်းများအရ သိရသည်။ သမ္မတနစ်ဆင်၊ ဖို့ဒ်နှင့် ကာတာတို့ သွားခဲ့သော စုစုပေါင်းမိုင်သည် ၅၆၆၃၈၆ ရှိပြီး ရီဂင် ခရီးသွားသော မိုင်ပေါင်းမှာ ၆၃၁၆၄၀ ဖြစ်သည်။ အကြိုရှေ့ပြေးအဖွဲ့၊ ပဏာမအဖွဲ့၊ ရှေ့ပြေးအဖွဲ့တို့ဖြင့် လိုက်ပါရသော ကျွန်တော်တို့အဖို့ ရီဂင်ထက် မိုင်ပေါင်းသုံးဆမက ပိုပေသည်။

လုံခြုံရေး ရှေ့ပြေးအဖွဲ့ဝင်အဖြစ် ကျွန်တော် အခေါက်ပေါင်းများစွာ သွားခဲ့ရသည်။ ထိုခရီးစဉ်များတွင် ပြဿနာကြီးကြီးမားမား နှစ်ကြိမ်ကြုံခဲ့သည်။ ပစိတ်ဖိတ်သမုဒ္ဒရာ အလယ်ကောင်ရှိ 'မစ်ဝေး'ကျွန်းတွင် ကျွန်တော်တို့အဖွဲ့ လေယာဉ်ဆီဝင်ဖြည့်ရသည်။ ကျွန်းပေါ်တွင် ထောင်နှင့်ချီသော ပင်လယ်စင်ရော်ကြီး (Albatross) များဖြင့် ဖွေးဖွေးလှုပ်နေသည်။ လေယာဉ် ပြေးလမ်းတစ်လျှောက်တွင် ရေတပ်မှ ထရပ်ကားတစ်စင်း ခေါက်တုံ့ခေါက်ပြန်မောင်းကာ စင်ရော်ကြီးများကို နှင်ထုတ်နေရသည်။

အချို့စင်ရော်ကြီးများသည် လေးပေခန့်မြင့်သည်။ စင်ရော်ကြီးများ ကင်းရှင်းသွားသည့်အခါ လေယာဉ်သည် အရှိန်ယူကာ ပြေးလမ်းပေါ်မှ အတက်တွင် လေယာဉ်တုံ့သွားပြီး အထက်သို့ မတ်မတ်ထောင်သွားသည်။ လေယာဉ်တစ်စင်းလုံး သွက်သွက်ခါသွားသည်။ လေယာဉ်ဦးခေါင်းခန်းတွင် သတိပေး ခေါင်းလောင်းသံများ ညံသွားသည်။ ပျက်ကျတော့မည်လားဟု ထင်လိုက်သည်။ အဖြစ်အပျက်မှာ ၁၅ စက္ကန့်ခန့်သာ ကြာသည်။ ခေါင်းလောင်းသံများ ရပ်သွားသည်။

ခဏအကြာတွင် လေတပ်သားတစ်ယောက် ခေါင်းခန်းတွင်းမှ ထွက်လာသည်။ သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ သူက ရှင်းပြသည်မှာ လေယာဉ်အတက်တွင် စင်ရော်ငှက်အုပ်သည် လေယာဉ်ဆီသို့ တည့်တည့်ဝင်လာကြောင်း၊ ငှက်အုပ်ကို ရှောင်ရန် လေယာဉ်မှူးက လေယာဉ်သို့ အပေါ်သို့ ရုတ်တရက် ဆွဲတင်လိုက်ရကြောင်း၊ ကံကောင်းထောက်မစွာ လေယာဉ်အမြီးသည် ရေပြင်နှင့် မရိုက်မိခြင်း ဖြစ်ကြောင်း၊ ငှက်အုပ်သည် လေယာဉ်အင်ဂျင်အတွင်းသို့ ဝင်သွားမည်သာဆိုပါက လေယာဉ်သည် ရေပြင်ပေါ်သို့ ပျက်ကျမည်ဖြစ်ကြောင်း ပြောပြသည်။

သတင်းသမားများ လေယာဉ်ပေါ်တွင် ပါမလာသဖြင့် ထိုအဖြစ်အပျက်သည် မီဒီယာများတွင် ပါမလာပေ။ နောက်တစ်ကြိမ်တွင် ဖြစ်ပျက်သောအခါ လေယာဉ်ပေါ်တွင် သမ္မတနှင့်အတူ မီဒီယာသမားများလည်း ပါလာသည်။ သို့သော် သတင်းသမားများက မသိလိုက်။

ထိုနေ့က နှင်းများသိပ်သည်းစွာကျနေသည်။ လေယာဉ်ပြတင်းမှ အပြင်သို့ မမြင်နိုင်လောက်အောင် နှင်းထု

the bookhouse we bring your future
www.burmeseclassic.com

www.burmeseclassic.com



ကာ ထုထဲသည်။ လေယာဉ်သည် အမေရိကန် အလယ်ပိုင်းမြို့တစ်မြို့သို့ ခရီးစဉ်တွင် ဖြစ်သည်။ လေယာဉ်ဆင်းခါနီးတွင် ရုတ်တရက် လက်ယာဘက်သို့ ထောင့်ချိုးကွေ့သွားသည်။ ပြတင်းအနီးကပ်လျက် အဆောက်အဦတစ်ခုကို တွေ့လိုက်ရသည်။ အဆောက်အဦကို ဝင်တိုးတော့မည့်ကဲ့သို့ ဖြစ်သွားသည်။ ထိုနောက် ပြေးလမ်းပေါ်သို့ ဆင်းသည်။ လေယာဉ်မှူးသည် ပြေးလမ်းကို ရှာမတွေ့ဘဲ လမ်းမှားသွားဟန်တူသည်။ သို့သော် ယင်းအဖြစ်အပျက်ကို မည်သူမျှ သတိမထားမိလိုက်။ လေယာဉ်မှူးနှင့် ပျံသန်းရေးဝန်ထမ်းများကလည်း ထိုအဖြစ်အပျက်ကို လေသံပင်မဟခဲ့။

သမ္မတ၏ လုံခြုံရေးဌာနတွင် ကျွန်တော် လေးနှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့ပြီး ပြောင်းရွှေ့ရန် အချိန်ကျရောက်လာသည်။ ဧည့်သည်တော်များ လုံခြုံရေးဌာန အကြီးအကဲအဖြစ် ပြောင်းရွှေ့ရမည်။ ထိုဌာနတွင် ခရီးများများစားစား သွားရန်မလို။ မိသားစုနှင့်နေရန် အချိန်ပိုရမည်။ သမ္မတကြီးနှင့်တကွ အိမ်ဖြူတော် အေးဂျင့်များအား လေးနှစ်တာအတွင်း မိသားစုပမာ ရင်းနှီးတွယ်တာခဲ့သည်။

ထို့ကြောင့် အိမ်ဖြူတော်ကို ခွဲခွာရသည်မှာ မိသားစုကို ခွဲခွာရသကဲ့သို့ ခံစားမိသည်။ ရီဂင်သည် သမ္မတဒုတိယသက်တမ်းအတွင်း ဝင်ရောက်လာပြီဖြစ်သဖြင့် နိုင်ငံရေးဖိအားလည်း မရှိတော့။ သူ့ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်သော သတင်းများ မီဒီယာများတွင် သိုးသိုးသန့်သန့် မြင်နေရပြီဖြစ်သည်။ သမ္မတနှင့် လေးနှစ်တာကာလ တာဝန်ထမ်းဆောင်ခဲ့စဉ်တွင် သူ၏ မှတ်ဉာဏ် ချို့ယွင်းမှုကို ကျွန်တော် မကြုံခဲ့ရ။

သမ္မတ ခရီးစဉ်ကို ကျွန်တော် နောက်ဆုံးတာဝန်ယူရသည်မှာ နီဘရာစကားပြည်နယ် 'အိုမာဟာ'သို့ သွားရောက်ခြင်းဖြစ်သည်။ ရီဂင်နှင့်အတူ နောက်ဆုံးကားအတူစီးခြင်းဖြစ်သလို၊ သူ မိန့်ခွန်းပြောကြားသည်ကို နောက်ဆုံးနားထောင်ခဲ့ရခြင်းလည်း ဖြစ်သည်။ အိုမာဟာအပြန် လေယာဉ်ဆိုက်သည့်အခါ ရီဂင်သည် အချိန်ယူလျက် ကျွန်တော့်အား ကျေးဇူးတင်ကြောင်းပြောသည်။

သမ္မတ၏ ကိုယ်ရံတော်အေးဂျင့်များသည် အိမ်ဖြူတော်တာဝန် ပြီးဆုံးသည့်အခါ အေးဂျင့်မိသားစုနှင့် သမ္မတက ဘဲဥပုံရုံးခန်းတွင် ဓာတ်ပုံအရိုက်ခံသည်။ ဤသည်မှာ ထုံးစံတစ်ခု ဖြစ်သည်။ ထိုအတွက် သီးသန့်ရက်သတ်မှတ်ချိန်းဆိုပေးသည်။

ကျွန်တော်က ဇနီးနှင့် ၁၄ နှစ်အရွယ် သမီး မီချဲလ်တို့နှင့်အတူ သမ္မတကြီးအား သွားရောက် ဂါရဝပြုသည်။ သမ္မတကြီးက ရင်းရင်းနှီးနှီး၊ ပြုံးပြုံးရယ်ရယ်ဖြင့် ကျွန်တော်တို့အား လက်ခံတွေ့သည်။ သမီးအား လက်ဆောင်ပေးသည်။ သမီးက ကျေးဇူးတင်ပါတယ်ဟု အထပ်ထပ်ပြောသည်။ သမ္မတကြီးသည် သမီးအား တွေ့ရသည့်အတွက် နှစ်သက်အားရဟန်ရှိသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သမ္မတ၏ ကိုယ်ရံတော်အကြီးအကဲ တာဝန်ထမ်းဆောင်ရသည်မှာ မလွယ်ကူပေ။ အလုပ်တာဝန်သည် အစဉ်အမြဲ ခေါင်းထဲတွင် စိုးမိုးနေသည်။ စိတ်ဖိစီးမှု အစဉ်လိုရှိနေသည်။ ထိုစိတ်ဖိစီးမှုအကြားမှ တိကျမှန်ကန်စွာ ဆုံးဖြတ်လုပ်ကိုင်ရသည်မှာ မလွယ်လှပေ။ တိတိကျကျ လုပ်နေသည့်တိုင် မှားယွင်းချွတ်ချော်မှု ဖြစ်လာပါက အမြန်ပြုပြင်နိုင်ရန် အသင့်ဖြစ်နေရသည်။ အိမ်ဖြူတော် အေးဂျင့်များသည် အချိန်နှင့်အမျှ ပူပန်နေရသည်။ အချိန်ကို မိမိကလည်း မပိုင်။ အလုပ်က အပိုင်စီးထားလေသည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁၃ ရွှေဆောင်လမ်းပြ

ကျွန်တော်၏ ဌာနအသစ်မှာ 'အရေးကြီးပုဂ္ဂိုလ်များ လုံခြုံရေးဌာန' (Dignitaries Protection Department- DPD) ဖြစ်သည်။ ဆာမိုအာနိုင်ငံအကြီး အကဲသည် ပျော်ပွဲရွှင်ပွဲကစားကွင်းများ (amusement park) တွင်ရှိသော 'ရိုလာ ကိုစတာ' စီးရသည်ကို နှစ်သက်သည်။ ကွေ့ကောက်မြင့်တက်နိမ့်ဆင်းသွားသော မြေ လမ်းတစ်လျှောက် တစ်နာရီ မိုင်၁၂၀ နှုန်းဖြင့် အသည်းအေးအေး၊ ရင်တဖိုဖိုဖြင့် စီးရ သည်ကို သူက များစွာ သဘောကျသည်။ ထို့ကြောင့် ပျော်ပွဲရွှင်ပွဲ ပန်းခြံပေါင်းမြောက် များစွာရှိသော ကာလီဖိုးနီးယားကို သူက စွဲစွဲလမ်းလမ်း နှစ်ခြိုက်သည်။ ဆာမိုအာနိုင်ငံ အကြီးအကဲ၏ လုံခြုံရေးကို ကျွန်တော့်ဌာနမှ 'အားလ်' ကို တာဝန်ပေးလိုက်သည်။

ဆာမိုအာ အကြီးအကဲသည် လူထွားကြီးဖြစ်သလို အားလ်သည်လည်း တုတ်တုတ်ခိုင်ခိုင် ဖြစ်သည်။ သူတို့နှစ်ယောက်သည် ရိုလာကိုစတာ၏ ပက်လက် တွဲထဲတွင် ကျပ်ကျပ်တည်းတည်းဖြစ်နေသည်။ ထိုအခါ အားလ်က ပိန်ပိန်သွယ်သွယ် လူငယ်တစ်ယောက်ကို သူ့နေရာတွင် အစားထိုးသည်။

ကျွန်တော် တာဝန်ယူရသည့် 'ဧည့်သည်တော်များ လုံခြုံရေးဌာန' သည် တစ်လလျှင် နိုင်ငံတော် ဧည့်သည် ၁၅ ဦးခန့်ကို လုံခြုံရေးလိုက်ပေးရသည်။ သူတို့ သည် အမေရိကန်နိုင်ငံအနှံ့ လျှောက်သွားကြသည်။ ဂျပန်ဝန်ကြီးချုပ်၊ ဂျော်ဒန်ဘုရင် ဟူစိန်၊ ဗြိတိန်ဝန်ကြီးချုပ်များဖြစ်ကြသော မာဂရက်သက်ချာနှင့် ဂျွန်မေဂျာ စသည့် နိုင်ငံခြားခေါင်းဆောင်များဖြစ်သည်။ နိုင်ငံအကြီးအကဲများသည် သားသမီးများ ခေါ်လာလေ့ရှိသည်။ ထိုအခါ ခရီးစဉ်များတွင် 'ဒစ္စနေလန်း' ကဲ့သို့ ပျော်ပွဲရွှင်ပွဲသစ်သား ရုံတို့ ပါဝင်နေသည်မှာ ထုံးစံပင်ဖြစ်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



လူပရိသတ် ထူထပ်သောနေရာသို့ ဧည့်သည်တော်များအား စောင့်ကြပ်ခေါ်ယူသွားရသည်မှာ အန္တရာယ်ရှိနိုင်သည်။ သို့သော် ထိုဧည့်သည်တော်ကြီးများအား ဖလော်ရီဒါရှိ လူများက မသိရှိကြ။ အမေရိကန်တို့သည် ကိုယ့်အရေးကိစ္စကိုသာ အရေးထားကြသူများဖြစ်သည်။ ထို့ကြောင့် ဧည့်သည်တော်များအား စောင့်ကြပ်ခေါ်ဆောင်ရသည်မှာ လွယ်ကူသည်။ ဖလော်ရီဒါရှိ အေးဂျင့်များသည် ဒစ္စနေကမ္ဘာတွင် ရှစ်စပ်က ဂျင်ခြေလည်သူများဖြစ်သည်။ ဧည့်သည်တော်များ တန်းစီ မစောင့်ရစေရန် စီစဉ်နိုင်သူများ ဖြစ်သည်။

မစ်ခေးလ် ဂိုဘာချော့ အမေရိကန်သို့ နှစ်ကြိမ် လာရောက်စဉ်တွင် သူ၏ လုံခြုံရေးကို ကျွန်တော်က တာဝန်ယူပေးခဲ့ရသည်။ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလတွင် သူရောက်လာသောအခါ လေဆိပ်တွင် ကျွန်တော်သွားစောင့်နေရသည်။ လေယာဉ်ပေါ်မှ ဂိုဘာချော့ ဆင်းလာသောအခါ ကေဂျီဘီ လုံခြုံရေးမှူး ဒူကာချေယက်လည်း ပါလာသည်ကို တွေ့ရသည်။ ဒူကာချေယက်သည် ကျွန်တော့်အားမြင်သည်နှင့် ပြေးဖက်ကာ " ငါ့ရဲ့ အမေရိကန်သူငယ်ချင်း" ဟု အော်ဟစ်ကြွေးကြော်သည်။ ထိုအကြိမ်သည် သူ့အား ကျွန်တော် နောက်ဆုံးတွေ့ရခြင်းဖြစ်သည်။ နောင် ၁၄ နှစ်အကြာ မော်စကိုသို့ရောက်သောအခါ သူ့လိပ်စာကို စုံစမ်းမေးမြန်းသောအခါ မည်သူမျှမသိကြ။ အငြိမ်းစားယူသွားပြီဟုသာ ပြောကြသည်။

ဂိုဘာချော့သည် မီဒီယာများနှင့် ဆက်ဆံရာတွင် ယခင်အကြိမ်များနှင့် မတူဘဲ ပိုမိုချောမွေ့ပြေပြစ်လာသည်ကို တွေ့ရသည်။ သူ့ယာဉ်တန်းသည် နယူးယောက်မြို့လယ်တွင် မောင်းနှင်နေစဉ် ကားခေတ္တရပ်ပေးရန် သူက ယာဉ်မောင်းအား ညွှန်ကြားသည်။ သူ ယင်းသို့ ညွှန်ကြားလိုက်သည်ကို ရှေ့ဆုံးကားတွင် ပါလာသည့် ကျွန်တော်က ကြားလိုက်သည်။

ကျွန်တော်နှင့် နယူးယောက်မြို့ ရဲမင်းကြီးတို့ ကားပေါ်မှ ဆင်းလိုက်သည့်အချိန်တွင် ဂိုဘာချော့သည် ပလက်ဖောင်းပေါ်သို့ ရောက်နေပေပြီ။ တအံ့တသြဖြစ်နေသော လမ်းသွားလမ်းလာများကို သူက လက်ဆွဲနှုတ်ဆက်သည်။ အန္တရာယ် အနည်းဆုံး ဖြစ်စေရန် သူ့အား ပလက်ဖောင်းပေါ်တွင် ကြာရှည်နေခွင့် ကျွန်တော်က မပေး။ စုစုပေါင်း လေးမိနစ်သာ ကြာလိုက်သည်။ မီဒီယာသမားများက အလုံအလောက် ရိုက်ကူးပြီးချိန်တွင် ကားပေါ်သို့ ဂိုဘာချော့ ပြန်ရောက်သည်။ မမျှော်လင့်ဘဲ ယင်းသို့ လမ်းတွင် ရပ်တန့်လိုက်ခြင်းကို နယူးယောက် ရဲမင်းကြီးက အတော်ပင် စိတ်အနှောင့်အယှက် ဖြစ်သွားသည်။ ကြိုတင်အသိမပေးဘဲ လမ်းခုလတ်တွင် မရပ်တန့်ရန် ဂိုဘာချော့အား မတားဖြစ်သာခဲ့။ ရိုက် မော်စကိုသို့သွားစဉ်က လမ်းတွင်ရပ်နားကာ မော်စကို မြို့သူမြို့သားများအား နှုတ်ဆက်ခဲ့သည့် အစဉ်အလာကလည်း ရှိခဲ့သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဂိုဘာချော့ အမေရိကန်သို့ လာရောက်သည့်အခါ သူ၏ ရုရှားလုပ် 'ဇီလ်'ကားကြီးကို ယူလာခဲ့သည်။ ယူမလာပါနှင့်ဟု ကျွန်တော်တို့ မပြောသာ။ သံတမန်ဆက်ဆံရေးတွင် အပြန်အလှန် သဘောက ရှိသည်။ အမေရိကန် သမ္မတ၏ကားကို သူတို့တိုင်းပြည်သို့ ယူမလာပါနှင့် သူတို့ဘက်က ဆိုလာမည်ကို ကျွန်တော်တို့ အစိုးရိမ်ဆုံးဖြစ်သည်။

ဂိုဘာချော့၏ စီးနေကျကားကို ယူလာမည်ဟု ရုရှားဘက်က အဆိုပြုလာသောအခါ ကျွန်တော်တို့က လှိုက်လှိုက်လှဲလှဲပင် ခွင့်ပြုခဲ့သည်။ ယင်းသို့ ရုရှားမှ သူတို့ ခေါင်းဆောင်၏ကားကို ယူလာမည်ဟုဆိုခြင်းမှာလည်း ထိုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်။ ကနေဒါလုံခြုံရေးအားလည်းသူတို့ ခေါင်းဆောင်လာရောက်သည့်အခါ အဆောင်လက်နက်ငယ်များ ယူဆောင်လာပါဟု ကျွန်တော်တို့က လိုလိုလားလား ကမ်းလှမ်းသည်။ အကယ်၍ သူတို့ တောင်းခံလာပါ သူတို့လိုအပ်သော သေနတ်အမျိုးအစားကို ထုတ်ပေးပါမည်ဟုပင် ကျွန်တော်တို့က လိုက်လျောထားသည်။ ဗြိတိန်အားလည်း အလားတူ ကမ်းလှမ်းသည်။ ကနေဒါနှင့် ဗြိတိန်တို့သည် ကျွန်တော်တို့က ကမ်းလှမ်းသည့်တိုင် ငြင်းဆိုကြသည်။ အမှန်စင်စစ် သူတို့နိုင်ငံများသို့ သမ္မတ သွားရောက်သည့်အခါ အမေရိကန်ဘက်မှ မော်တော်ယာဉ်နှင့်တကွ လက်နက်များယူသွားနိုင်ရန် ကျွန်တော်တို့က လမ်းခင်းခြင်းဖြစ်သည်။

ကျွန်တော့်အား အရေးကြီးပုဂ္ဂိုလ်များ လုံခြုံရေးဌာနသို့ ပြောင်းရွှေ့တာဝန်ပေးလိုက်ခြင်း၏ အကြောင်းရင်းတစ်ချက်မှာ ပုပ်ရဟန်းမင်းကြီး အမေရိကန်သို့ လာရောက်စဉ် လုံခြုံရေးတာဝန်ယူပေးရန်ဖြစ်သည်ဟု ဆိုသည်။ အမေရိကန်မြို့ကြီး ကိုးမြို့သို့ ဆယ်ရက်ကြာလှည့်လည်သွားလာပြီး အခမ်းအနားပေါင်း တစ်ရာကျော်ကို တက်ရောက်ရန် စီစဉ်ထားသည်။

ပုပ်ရဟန်းမင်း အမေရိကန်သို့လာရောက်ခဲ့သည့် ခရီးစဉ်များအနက် အရှည်ကြာဆုံးဖြစ်သလို လျှို့ဝှက်ထောက်လှမ်းရေးဌာနအနေဖြင့်လည်း သမိုင်းတွင် အကြီးမားဆုံး၊ အရှုပ်ထွေးဆုံး လုံခြုံရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်ရသည့် ခရီးစဉ်ဖြစ်သည်။ ထို ၁၀ ရက်သည် ကျွန်တော့်ဘဝတွင် စိတ်ဖိစီးမှု အများဆုံးနေ့ရက်များဖြစ်သည်။ ထိုခရီးစဉ်အတွက် ကျွန်တော် ညှိနှိုင်းဆောင်ရွက်ရသူမှာ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ကျောင်းထိုင်ဘုန်းတော်ကြီးများအသင်း အထွေထွေအတွင်းရေးမှူး ဘော့ပ်လင့်ချ် (Secretary-General of the National Conference) ဖြစ်သည်။

၁၉၇၉ ခုနှစ်တွင် ပုပ်ရဟန်းမင်း အမေရိကန်သို့ လာရောက်လည်ပတ်စဉ် သူ့အား သာသနာပိုင်က အကူအညီတောင်းခံသဖြင့် ခရီးစဉ်တစ်လျှောက်လုံး သူက ဆောင်ရွက်ပေးခဲ့ရသည်။ သပ်ရပ်တိကျစွာ ဆောင်ရွက်နိုင်သူဖြစ်သဖြင့် သူ့အား ဝါရှင်တန် အသင်းတော်သို့ ပြောင်းရွှေ့ပေးခဲ့သည်။

ဘော့ပ်လင့်ချ် အား ၁၉၈၇ ခုနှစ် ဇန်နဝါရီလတွင် ပထမဆုံးတွေ့ဆုံရသည်။ ၁၉၇၉ ခု ပုပ်ရဟန်းမင်းအား

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ရောက်စဉ်က အေးဂျင့်တစ်ယောက်သည် ခရစ်ယာန်ဘုန်းကြီးယောင်ဆောင်လျက် လိုက်ပါစောင့်ရှောက်ပေးခဲ့ကြောင်း၊ ယခု တစ်ကြိမ်တွင်လည်း ယင်းသို့ ပြုလုပ်နိုင်ကြောင်း သူက ကျွန်တော့်အားပြောသည်။ ယင်းသို့ ဘုန်းကြီးယောင်ဆောင်ခြင်းသည် လုံခြုံရေးအတွက် မည်သို့မျှ အကျိုးမထူးသဖြင့် ကျွန်တော်က လက်မခံ။ အယောင်ဆောင်ခြင်းသည် လိမ်လည်ခြင်းဖြစ်သည့်အပြင် သင့်လျော်မှုလည်း မရှိကြောင်း ကျွန်တော်က ရှင်းပြသည်။

ခရီးစဉ် တစ်လျှောက်ရှိ မြို့များတွင် ဂိုဏ်းချုပ်ဘုန်းတော်ကြီးများ၏ နေအိမ်၌ ပုပ်ရဟန်းမင်းကြီး တည်းခိုရန် စီစဉ်ထားသည်။ ထို့ကြောင့် ကျွန်တော်သည်လည်း ပုပ်ရဟန်းမင်းနှင့် အတူတည်းခို စောင့်ရှောက်ရန် ဖြစ်လာသည်။ ပုပ်ရဟန်းမင်း၏ခရီးစဉ်အတွက် လုံခြုံရေးအစီအစဉ်ကို ရိုးရိုးရှင်းရှင်း လွယ်လွယ်ကူကူ ဆောင်ရွက်နိုင်လိမ့်မည်ဟု အစပိုင်းတွင် ကျွန်တော်ထင်မှတ်ခဲ့သည်။

ကျောင်းထိုင်နှင့် ဂိုဏ်းချုပ်ဘုန်းတော်ကြီးများ အဆိုပြုလာသည့် ဆုတောင်းပွဲနှင့် ကျင်းပမည့်နေရာများကို ဘာသာရေး ရှုထောင့်သက်သက်မှသာ သူတို့က စဉ်းစားထားသည်။ လုံခြုံရေးကို ထည့်သွင်း မစဉ်းစားသဖြင့် ကျွန်တော်တို့ အေးဂျင့်များအဖို့ အခက်အခဲ ဖြစ်လာသည်။

အချို့နေရာများတွင် ပုပ်ရဟန်းမင်းကြီး မဖြစ်မနေရပ်နားရမည့် နေရာများ ဖြစ်သည်။ ဘုရားရှိခိုးကျောင်းများသို့ သွားရောက်ခြင်းနှင့် လူထုဆုတောင်းပွဲ အခမ်းအနားများသည် ကျွန်တော်တို့အဖို့ ရင်ထိတ်စရာဖြစ်နေသည်။ အစဦးပိုင်းတွင် သူတို့ဘက်မှ အဆိုပြုလာသည့် အခမ်းအနားနှင့် နေရာများကို မည်သို့မျှ လျှော့မပေး။ ဆွေးနွေး၍ မရ။

သွားရောက်မည့် ခရီးစဉ်လမ်းကြောင်းအတိုင်း ကျွန်တော်တို့ လေ့လာရေးခရီး အကြိုထွက်ရသည်။ နေရာတိုင်းတွင် ဂိုဏ်းချုပ်နှင့် ဘုန်းတော်ကြီးတို့ ၏ လိုလားချက်များကို နားထောင်ရသည်။ ကျွန်တော်က လုံခြုံရေးရှုထောင့်မှ သုံးသပ်တင်ပြရသည်။ ကျွန်တော်၏ တင်ပြချက်များသည် ခိုင်လုံနေသည့်အခါတိုင်း ဘော့ပ်လင့်ချ်က ကျွန်တော့်ဘက်မှ ရပ်တည်ပေးသည်။ အခမ်းအနား၊ ဆုတောင်းပွဲ စသည်တို့ ကျင်းပမည့် နေရာများသည် လုံခြုံရေးအရ သင့်တော်မှု မရှိသည့်အခါ ကျွန်တော်က ထောက်ပြပြောဆိုသည်။ ယင်းအခါတိုင်းတွင် ဘော့ပ်လင့်ချ်က ကျွန်တော့်ဘက်မှ ထောက်ခံပြောဆိုပေးသည်။

အကြိုလေ့လာဆန်းစစ်ရေး ခရီးစဉ်တွင် သွားရောက်မည့်နေရာတိုင်း၊ယာဉ်တန်း ဖြတ်သန်းမည့် နေရာတိုင်းကို လုံခြုံရေးရှုထောင့်မှ ကျွန်တော်က ဆန်းစစ်သုံးသပ်ပြသည်ကို ဘော့ပ်က နားလည်ရန် အမြဲကြိုးစားသည်။ ရှုပ်ထွေးနက်နဲသော လုံခြုံရေးအယူအဆ၊ လုပ်ထုံးလုပ်နည်းတို့ကို သူသည် ခဏတွင်းချင်း နားလည်သဘောပေါက်နိုင်သူဖြစ်သည်။ အချို့ကိစ္စများတွင် ဘော့ပ် တစ်ဦးတည်းထောက်ခံချက်ဖြင့်လည်း အပြီးသတ်ဆုံးဖြတ်ချက်မချနိုင်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နယူးအော်လင်း လိပ်ခုံးခန်းမတွင် လူတစ်သိန်းနီးပါး တက်ရောက်မည့် တရားပွဲစင်မြင့် အနောက်ဘက်တွင် ပေါ်ရာခန့်နေရာကျန်နေသည်။ ထိုနေရာတွင် ချထားသည့် ခုံများတွင် ထိုင်သူများသည် ပုပ်ရဟန်းမင်း၏ နောက်ကျောဘက်တွင် ရှိနေကြမည်ဖြစ်သည်။ ထိုခုံတန်းများတွင် မည်သူမျှမထိုင်စေရန် ကျွန်တော်က အကြံပြုသည်။ နယူးအော်လင်း ဂိုဏ်းချုပ် 'ဟာနန်'က ကျွန်တော့် အကြံပြုချက်ကို လက်မခံ။ သူ မည်သို့သဘောထားသည် ဖြစ်စေ ယင်းနေရာတွင် ကျွန်တော်က မည်သူမျှ ထိုင်ခွင့်မပေးခဲ့။

ကျွန်တော် ရှေ့ပြေးခရီး ထွက်နေစဉ် မိခင်ကြီး ဒေါ်ရသီမှာ တင်ပဆုံရိုး အစားထိုးခွဲစိတ်ခဲ့ရသည်။ ကျွန်တော် သွားရောက်မပြုစုနိုင်။ ညီငယ်ဖြစ်သူ တွမ်က ပြုစုလျက်ရှိသည်။ မိခင်အတွက် ကျွန်တော်ခံစားနေရသော စိုးရိမ်စိတ်ကို ဘော့ပ်က သိသည်။ ထိုအတွက် မိခင်ကြီးအတွက် သူက ဆုတောင်းပွဲ လုပ်ပေးသည်။ ဆုတောင်းပွဲတွင် ကျွန်တော် စိတ်ကြည်နူးရသည်။ ဘော့ပ်သည် အမှန်ပင် လူသားဆန်သူဖြစ်သည်။ ထိုစဉ်မှစလျက် ဘော့ပ်သည် ကျွန်တော်၏ မိတ်ဆွေရင်းချာ တစ်ယောက်ဖြစ်လာခဲ့တော့သည်။

ရှေ့ပြေးခရီးစဉ်အပြီးတွင် အစီအစဉ် အသေးစိတ်ကို ပြန်လည်ရေးဆွဲရသည်။ ဆယ်ရက်တာ ခရီးတွင် အခမ်းအနားပေါင်း ၁၁၄ ခုကို အံဝင်ခွင်ကျ ဖြစ်စေရန် ဇယားချရသည်။ အစီအစဉ် ရေးဆွဲပြီးသည့်အခါ ကျွန်တော်နှင့် ဘော့ပ်တို့သည် ပုပ်ရဟန်းမင်း သွားရောက်မည့် မြို့အသီးသီးရှိ ဧည့်ခံကြိုဆိုရေး ကော်မတီဝင်များနှင့် အသေးစိတ် သွားရောက် ဆွေးနွေးရပြန်သည်။

နောက်ဆုံးအကြိမ်အဖြစ် ထိုမြို့များသို့ သွားရောက်ကာ တာဝန်ကျများသည် အစီအစဉ်တွင် မည်သို့မည်ပုံ ပါဝင်ဆောင်ရွက်ရမည်ကို ရှင်းလင်းပြောကြားရသည်။ အခမ်းအနား ကျင်းပမည့်နေရာ တစ်နေရာနှင့် တစ်နေရာသည် သဘောသဘာဝချင်းမတူ။ လေလုံမိုးလုံခန်းမကြီး ပါဝင်သလို၊ လေဟာပြင်ပန်းခြံနှင့် ဘုရားရှိခိုးကျောင်း များလည်း ပါဝင်သည်။ ထို့အတွက် စီမံခန့်ခွဲရသည်မှာ မသက်သာလှပေ။

အာရီဇိုးနားရှိ 'သူရိယနတ်ဆိုး' (Sun Devil) အားကစားရုံတွင် ပုပ်ရဟန်းမင်း တရားဟောနေခိုက် အားကစားရုံ၏ နဖူးစည်းစာတန်းမှ 'နတ်ဆိုး'ဟူသော စကားလုံးကို ဖုံးအုပ်ထားရန် သင့်မသင့် ဆွေးနွေးကြသည်။ နောက်ဆုံးတွင် ရှိနေသည့်အတိုင်း ထားရန် ဆုံးဖြတ်လိုက်ကြသည်။

ပုပ်ရဟန်းမင်း မီယာမီသို့ ဆိုက်ရောက်လာသည့်အခါ သမ္မတရီဂင်နှင့် ဇနီးတို့က ကြိုဆိုမည့် အစီအစဉ်လည်း ပါဝင်သည်။ လေဆိပ်တွင် ကြိုဆိုပြီး နာရီအနည်းငယ်အကြာတွင် သမ္မတနှင့် ပုပ်ရဟန်းမင်းတို့ သီးသန့်တွေ့ဆုံရန်လည်း စီစဉ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အစေးကြီးပုဂ္ဂိုလ် လုံခြုံရေးဌာနသည် ပုပ်ရဟန်းမင်းကြီး ရောက်မလာမီ ရှစ်လခန့်ကတည်းက ကြိုတင်ပြင်ဆင်ရသည်။ ခရီးစဉ်တစ်ခုလုံးတွင် ပါဝင်သည့် အခမ်းအနား၊ ဆုတောင်းပွဲများကို ချိတ်ဆက်မိအောင် ဆက်စပ်ယူရသည်။ ယင်းသို့ စီစဉ်နေစဉ် အိမ်ဖြူတော်တွင် ကျွန်တော်နှင့် လက်တွဲလုပ်ကိုင်ခဲ့သည့် မိုက်ဒီဗာနှင့် ဟန်ကဲလ်တို့အားများစွာ ကျေးဇူး တင်မိသည်။ သူတို့၏ နည်းနိဿယများဖြင့် ပုပ်ရဟန်းမင်းကြီး၏ ခရီးစဉ်ကို စီစဉ်နိုင်ခြင်းဖြစ်သည်။

ပုပ်ရဟန်းမင်းကြီး ခရီးစဉ်အတွက် များစွာအကုန်အကျခံစီစဉ်ရသည်။ သမ္မတ၏ ခရီးစဉ်ထက်ပင် ပိုမိုကုန်ကျသည်။ တာဝန်ကျ အေးဂျင့်အရေအတွက်သည်ပင် ၇၅၀ ကျော်ရှိသည်။ ရဲဝန်ထမ်း ထောင်ပေါင်းများစွာကို ချထားရသည်။

အမေရိကန် ခရီးစဉ်အတွက် ပုပ်ရဟန်းမင်းကြီးအတွက် ငှားရမ်းစီစဉ်ပေးသော လေယာဉ်မှာ တီဒဗလျူအေ လေကြောင်းပိုင် ဘိုအင်း ၇၄၇ ဖြစ်သည်။ လေယာဉ်တစ်စင်းလုံးတွင် လေယာဉ်ပထမတန်း ထိုင်ခုံများတပ်ဆင်ပေးထားသည်။ သို့သော် ကန့်ထားသောအခန်းဟူ၍ မပါ။

ပုပ်ရဟန်းမင်း၏ လေယာဉ်နှင့် လိုက်ပါရန် အယ်လ် ၁၀၁၁ လေယာဉ်နှစ်စင်းကို ပူးတွဲပေးထားသည်။ ထိုနှစ်စင်းတွင် သတင်းသမားများ၊ လုံခြုံရေးပစ္စည်းများ၊ ပုပ်ရဟန်းမင်းမြို့တွင်း လှည့်လည်စဉ်စီးနင်းမည့် ကျည်လုံမှန်ကာ ယာဉ်ငယ် (popemobile)၊ အရံမော်တော်ယာဉ်တို့ကို တင်ဆောင်သည်။ ပုပ်ရဟန်းမင်းအား လေဆိပ်မှ မြို့တွင်းသို့ ပို့ဆောင်ပေးရန် သမ္မတ၏ ရဟတ်ယာဉ်နှင့် အေးဂျင့်များ စီးနင်းလိုက်ပါရန် ရဟတ်ယာဉ်အများအပြားကို အသုံးပြုရသည်။

အခမ်းအနားသို့ တက်ရောက်မည့်သူ များလွန်းလှသဖြင့် အေးဂျင့်အများအပြားကို တာဝန်ချထားရသည်။ သမ္မတရီဂင်၏ ကိုယ်ရံတော် အေးဂျင့်အဖြစ် ကျွန်တော်တာဝန်ယူစဉ် အများဆုံးကြုံတွေ့ရသည့် ပရိသတ်မှာ ငါးသောင်းသာ ဖြစ်သည်။ စန်အန်တိုနီယိုမြို့တွင် ပုပ်ရဟန်းမင်းအား လာရောက်ကြည့်ညိုကြမည့် ပရိသတ်မှာ နှစ်သန်းခွဲခန့်ရှိသည်။

မတ်လတွင် ရောမမြို့သို့သွားလျက် ပုပ်ရဟန်းမင်း၏ လုံခြုံရေးအကြီးအကဲ 'မစ်ချဲလ်ချာဘင်' နှင့် အဖွဲ့သားများကို တွေ့ဆုံညှိနှိုင်းရသည်။ သူတို့က ပုပ်ရဟန်းမင်းကြီး၏ အခမ်းအနားများသို့ ကျွန်တော့် ခေါ်သွားသည်။ ထိုအခမ်းအနားများတွင် လူထုက ပုပ်ရဟန်းမင်းအပေါ် ကြည်ညိုသဒ္ဓါပွားပုံမှာ ဆောက်တည်ရာမရ ဝရုန်းသုန်းကားနိုင်လွန်းသည်ကို အံ့ဩဖွယ်တွေ့ရသည်။ ထိုမြင်ကွင်းကို ကျွန်တော် လုံးဝမျှော်လင့်မထား။

ပုပ်ရဟန်းမင်း အပူဇော်ခံလှည့်လည်ရာတွင် စီးနင်းမည့် ကျည်လုံမှန်ကာယာဉ် (popemobile) ကို ကျွန်တော် ပထမဆုံးမြင်ဖူးရသည်။ မြင်မြင်ချင်း ထိုယာဉ်ကို ကျွန်တော် သဘောမတွေ့။ ယာဉ်ငယ်သည် မာစီးဒီးဂျစ်ကားကို

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်လျက် တည်ဆောက်ထားခြင်းဖြစ်သည်။ ကလေးကစားစရာ ကားလေးနှင့်တူသည်။ ၁၉၈၁ ခုနှစ်တွင် ပုပ်ရဟန်းမင်းအား ရောမမြို့တွင် လုပ်ကြံရန်ကြိုးစားစဉ်က အမိုးဖွင့်ကားဖြစ်သည်။ ယာဉ်၏ ကျည်ကာနိုင်စွမ်းအားကိုလည်း ကျွန်တော်က စိတ်မချပေ။ ယာဉ်မောင်းသူသည် ပုပ်ရဟန်းမင်းထံသို့ အရေးပေါ်ချဉ်းကပ်ရမည်ဆိုပါက ယာဉ်အပြင်သို့ ထွက်ပြီးမှ အတွင်းသို့ ပြန်ဝင်ရမည်ဖြစ်သည်။ ထိုအချက်ကို ကျွန်တော် မကြိုက်ဆုံးဖြစ်သည်။

အမေရိကန်သို့ ပြန်ရောက်သည့်အခါ ဘော့ပ်နှင့်တွေ့သည်။ popemobile ၏ ဒီဇိုင်းကို ပြင်ဆင်တည်ဆောက်ရန်လိုကြောင်း သူ့အားပြောလိုက်သည်။ popemobile နှစ်စင်းသည် ရောမမှ ဝါရှင်တန်ရှိ လျှို့ဝှက်ထောက်လှမ်းရေး မော်တော်ယာဉ်ဌာနသို့ လေယာဉ်ဖြင့်ရောက်လာသည်။

popemobile ၏ ကျည်ကာမှန်အိမ်တွင် လူဝင်နိုင်ရန် အပေါက်ဖောက်ရသည်။ ယာဉ်မောင်း၏ နောက်တည့်တည့်တွင် ဖြစ်သည်။ အပေါက်ဖောက်လိုက်သဖြင့် မှန်အိမ်တစ်ခုလုံး တောင့်တင်းမှု အားလျော့သွားသည်။ ထိုအတွက် မှန်အိမ်ကို အားဖြည့်တပ်ဆင်မှုများလုပ်ရသည်။ ထိုဝင်ပေါက်မှာ လူတစ်ယောက်ဝင်သာရုံသာ ဖြစ်သည်။ အရေးအခေါ် အဝင်အထွက်လုပ်ရာတွင် လွယ်ကူမှု ရှိ မရှိကို စမ်းသပ်ရသည်။ ကျွန်တော်ကိုယ်တိုင် အကြိမ်ကြိမ် အဝင်အထွက်လုပ်ကြည့်သည်။ ပြုပြင်တည်ဆောက်မှုသည် သုံးရက်အတွင်းပြီးစီးသွားသည်။ ကျွန်တော်တို့ ပြင်ဆင်တည်ဆောက်ပေးခဲ့သည့်အတိုင်း popemobile ကို ယခုအချိန်အထိ ပုပ်ရဟန်းမင်းက အသုံးပြုနေဆဲ ဖြစ်သည်။

ရဟန်းမင်းကြီး၏ ခရီးအတွက် ပြင်ဆင်မှုပြုလုပ်နေစဉ် တွေ့ဆုံရသူတိုင်းအား ပရိသတ်၏ စိတ်လှုပ်ရှားမှုကို သတိပြုကြရန် ဘော့ပ်က သတိပေးသည်။ ရဟန်းမင်းကြီးအား ကြည်ညိုလွန်းသဖြင့် လူးလိမ့်ငိုယိုသူ၊ သွေးရူးသွေးတန်း အော်ဟစ်သူများကို ထိန်းသိမ်းရာတွင် အထူးဂရုစိုက်ရန် ဘော့ပ်က ပြောသည်။ ဘုရားရှိခိုးကျောင်းများတွင် ပုပ်ရဟန်းမင်းကြီး မင်းလမ်းမှ လျှောက်ထွက်လာစဉ် ဝရန်းသုန်းကားဖြစ်မည်၊ ထို့ကြောင့် မင်းလမ်းကို သာမန်သုံးနေကျတားသည့်ကြိုးကို မသုံးဘဲ နှစ်လက်မ လေးလက်မ သစ်သားတန်းများဖြင့် အသေပိတ်ထားရန် သူက ပြောသည်။ ထို့ကြောင့် ကြိုးတန်းအစား သစ်သားနှင့် သတ္တုတန်းများကို အရံအတားအဖြစ် အသုံးပြုရသည်။

ခရီးစဉ်တွင် တာဝန်ချထားမည့် အေးဂျင့်များကို အမေရိကန် တစ်ပြည်လုံးရှိ အေးဂျင့်များထဲမှ ရွေးချယ်ပြီး သုံးရက်ကြာ သင်တန်းပေးသည်။ ပုပ်ရဟန်းမင်း၏ ယာဉ်ယင်ကို လေ့ကျင့်ရာတွင် ထည့်သွင်းအသုံးပြုသည်။ တားထားသည့် ကြိုးတန်းအတွင်းမှ လူအုပ်တိုးထွက်လာခြင်းကို ထိန်းချုပ်သည့် လေ့ကျင့်ခန်းကို အကြိမ်ကြိမ် အဖန်ဖန် လေ့ကျင့်ကြသည်။

ကြီးကြပ်သူတိုင်းသည် လူအုပ်ထိန်းသိမ်းနည်းကို ယင်းတို့ဘာသာ တီထွင်စေသည်။ ပရိသတ်၏ သဘာဝ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



နားလည်ရန် တာဝန်ကျအေးဂျင့်တိုင်းကို လေ့ကျင့်ပေးသည်။ လေ့ကျင့်ရာတွင် လူရာပေါင်းများစွာကို သင်တန်းကျောင်းသို့ ခေါ်ယူကာ ကြုံတွေ့ရမည့် ဝရန်းသုန်းကား ပရိသတ်၏ လှုပ်ရှားမှုအတိုင်း ပြုမူလှုပ်ရှားစေသည်။ အေးဂျင့်တစ်ယောက်အား ပုပ်ရဟန်းမင်းကဲ့သို့ ဝတ်စားစေသည်။ ပစ်ခတ်မှု၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှုတို့တွင် ကာကွယ်နည်းအဖုံဖုံကို လေ့ကျင့်ကြသည်။

ဖြစ်ပျက်လာနိုင်သည့် အခြေအနေအမျိုးမျိုးကို ဖန်တီးလျက် ကျွန်တော်တို့ လေ့ကျင့်ကြရသည်။ သို့သော် လက်တွေ့ဖြစ်ပျက်လာသော အခြေအနေသည် မျှော်လင့်ထားသည်ထက် များစွာ ပိုမိုရှုပ်ထွေးသည်ကို ကျွန်တော်တို့ တွေ့ကြရသည်။ စိတ်လှုပ်ရှား တက်ကြွလွန်းသော ပရိသတ်၏ တုံ့ပြန်မှုအတွက် ကျွန်တော်တို့ လေ့ကျင့်မှုက ပြည့်စုံလုံလောက်မှု မရှိသည်ကို နောက်ပိုင်းတွင်တွေ့လာရသည်။ ပုပ်ရဟန်းမင်းကို ဖူးတွေ့ရသည့်အခါ မူးမေ့လဲကျသွားသူများ၊ ဖရိုဖရဲဖြစ်မှုများ၊ ထိန်းမနိုင်သိမ်းမနိုင်ဖြစ်မှုများက ကျွန်တော်တို့အား များစွာခက်ခဲစေသည်။

လုံခြုံရေးအစီအစဉ် တစ်ခုလုံးသည် သမ္မတကြီးအား အကာအကွယ်ပေးသည့် အစီအစဉ်အတိုင်း အတိအကျဖြစ်သည်။ သမ္မတကြီးအား အကာအကွယ်ပေးသည့်အခါ ကိုင်စွဲသည့်လက်နက်များကို ကျွန်တော်တို့ ဆောင်ထားရသည်။ တန်ပြန်ချေမှုန်းရေးအဖွဲ့ကိုလည်း ထည့်သွင်းထားသည်။ အကာအကွယ်ပေးရသော အေးဂျင့်များ ကိုယ်တိုင်လည်း ကြည်ညိုသဒ္ဓါပွားကာ စိတ်မလှုပ်ရှားရန် ထိန်းချုပ်ရသည်မှာလည်း အတော်ပင်ခက်ခဲသည်။ ပုပ်ရဟန်းမင်းကားဖြင့် လှည့်လည်လာစဉ် တာဝန်ကျရဲများကိုယ်တိုင် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်ကို တွေ့ရသည်။

ဘုရားရှိခိုးကျောင်းတွင် တာဝန်ချထားသည့် အေးဂျင့်တစ်ယောက်ဆိုလျှင် ခုံတန်းရှည်ဘေးတွင်ရပ်ကာ အမှတ်တရ ဓာတ်ပုံရိုက်သည်ကို တွေ့ရသည်။ ယင်းကဲ့သို့ စိတ်လှုပ်ရှားမှုမျိုးကို နိုင်ငံရေးသမားများနှင့် ပရိသတ်တို့တွေ့ဆုံစဉ် မမြင်တွေ့ရပေ။ လူသားတစ်ယောက်အပေါ် ပရိသတ်က ဤမျှလောက် စိတ်လှုပ်ရှားခြင်း ကြီးစွာပြုမူသည်ကို ကျွန်တော် တစ်ခါမျှ မတွေ့ဖူးပေ။

ပုပ်ရဟန်းမင်းရောက်မလာမီ ကျွန်တော်တို့၏ သတင်းတပ်ဖွဲ့သည် လုပ်ငန်းစကြသည်။ ပုပ်ရဟန်းမင်း၏ မွေးရပ်မြေ ပိုလန်တွင် အလုပ်သမားသမဂ္ဂသည် အရှိန်အဟုန်ပြင်းစွာဖြင့် အစိုးရကို ဆန့်ကျင်လှုပ်ရှားနေသည်။ ပိုလန်တွန်မြူနစ်ပါတီသည် ပြည်ဖုံးကားချလုဆဲဆဲအချိန်။ ဆိုဗီယက်ယူနီယံသည်လည်း ပြိုကွဲလုတဲတဲ။ ယင်းသို့ ဖြစ်ပျက်နေခြင်းသည် ရော်နယ်ရီဂင်နှင့် ပုပ်ရဟန်းမင်းတို့၏ စနက်ဟု အရှေ့အုပ်စုတစ်ခုလုံးက ယူဆထားသည်။ ထို့ကြောင့် ပုပ်ရဟန်းမင်း၏ အသက်ကိုရန်ပြုနိုင်သော အနေအထားဖြစ်သည်။ အမေရိကန်ပြည်တွင်းတွင်လည်း လက်ယာအစွန်းရောက်သမားများရန်ကလည်း မသေးလှ။ ထောက်လှမ်းရေးသတင်းတပ်ဖွဲ့သည် ရသမျှ သတင်းအစအနများကို စုဆောင်းကာ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရေဆုံးရေဖျားလိုက် စုံစမ်းရသည်။ အမေရိကန်ပြည်တစ်လွှားတွင် ထောက်လှမ်းရေးသတင်းတပ်ဖွဲ့ဝင် အေးဂျင့်တို့ အလုပ်ရှုပ်နေကြသည်။

ပုပ်ရဟန်းမင်းအား သေနတ်ဖြင့် လုပ်ကြံမှု အသေးစိတ်ကို ကျွန်တော်က ပြန်လေ့လာသည်။ ပုပ်ရဟန်းမင်းသည် လုပ်ကြံခံရ၍ မဖြစ်။ ရောမမြို့တွင် သေနတ်ဖြင့်အပစ်ခံရစဉ်က ရဟန်းမင်းကြီးသည် အမိုးဖွင့်ကားပေါ်တွင် ရှိနေသည်။ အပြင်လုံခြုံရေးစည်း မရှိဘဲ၊ အနီးကပ် လုံခြုံရေးများသာ ရှိသဖြင့် သေနတ်သမားသည်အနီးသို့ အလွယ်တကူ ချဉ်းကပ်နိုင်ခြင်း ဖြစ်သည်။

ပုပ်ရဟန်းမင်းအနီး ကိုက်တစ်ရာအတွင်း ရောက်လာနိုင်သူအားလုံးကို သတ္တုရှာစက်ဖြင့် အစစ်ဆေးခံရမည်ဟု ကျွန်တော်က စည်းကမ်းချပေးလိုက်သည်။ ယင်းကြောင့် လော့အိန်ဂျယ်လိ(စ်) အားကစားရုံအတွင်းသို့ ဝင်ရောက်လာမည့် လူတစ်သိန်းကျော်သည် သတ္တုရှာစက်ဖြင့် အစစ်ဆေးခံရမည်ဖြစ်သည်။ ကျွန်တော်သည် သတိပိုလွန်းသည်ဟု အချို့အေးဂျင့်များက ထောက်ပြကြသည်။

ကျွန်တော် ယူထားရသည့်တာဝန်မှာလည်း ယခင်က တစ်ကြိမ်မျှ ထမ်းဆောင်ဖူးသည့် တာဝန်မျိုးမဟုတ်။ ရှုပ်ထွေးမှု၊ ပြင်းထန်မှု၊ ပရိသတ်၏ အာရုံထားမှုတို့က အခြေအနေကို ပိုမိုလေးနက်ခက်ခဲစေသည်။ ထို့ပြင် ပရိသတ်သိန်းချီသည့်အတွက် ပေါ့လျော့၍မဖြစ်။ တစ်ချက်လွတ်သွားသည်နှင့် ကိစ္စများ ကုန်နိုင်သည်။

ပုပ်ရဟန်းမင်းအား အန္တရာယ်ပြုလိုသူက အခွင့်အလမ်းရှာမည်ဆိုလျှင် အခွင့်အလမ်းများက ရှိနေသည်သာ။ ဤမျှ ရက်ကြာသော၊ ပရိသတ်များပြားသော အခမ်းအနားများတွင် လွတ်ကွက် အနည်းဆုံး တစ်ကွက်မက ရှိနေမည်မှာ သေချာသည်။

ပထမဆုံးနေ့တွင် လူသတ်သမားသည် အခွင့်အရေးကို လက်လွတ်သွားမည်ဆိုပါက သူ့အဖို့ နောက်ထပ် ကိုးရက်ကျန်နေသေးသည်။ ခရီးစဉ်ကို အများသိစေရန်ကြေညာထားသဖြင့် မည်သည့်အချိန်တွင် မည်သည့် နေရာတွင် ပုပ်ရဟန်းမင်းရှိနေမည်ကို လူတိုင်းသိနေသည်။ မြို့ကြီး ၉ မြို့တွင် အခမ်းအနားပေါင်း ၁၁၄ ခု ကျင်းပမည် ဖြစ်သဖြင့် ကြံစည်သူအဖို့ အခွင့်အရေးပေါင်း ၁၁၄ ခုရှိနေသည့် ဆိုနိုင်သည်။

၁၉၈၇ ခု စက်တင်ဘာလ ၉ ရက်နေ့။ ပုပ်ရဟန်းမင်း ဆိုက်ရောက်မလာမီ တစ်နာရီအလို။ ရော်နယ်ရီဂင်နှင့် ဇနီးတို့သည် မီယာမီလေဆိပ်သို့ ရောက်ရှိလာသည်။ ဘော့ပ်သည် သမ္မတအား တွေ့ဆုံသင့်သည်ဟု ယူဆသဖြင့် ဆက်သွယ်ရေးစက်ဖြင့် သမ္မတ၏ လုံခြုံရေးအရာရှိထံ ဆက်သွယ်လျက် တွေ့ခွင့်တောင်းလိုက်သည်။ ၄င်းက ခွင့်ပြုသဖြင့် ဘော့ပ်ကိုခေါ်ကာ ကျွန်တော်က အဲယားဖို့(စ်)ဝမ်းပေါ်သို့တက်ခဲ့သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖြူတော်တာဝန်ကို စွန့်လွှတ်ခဲ့ပြီးနောက် ရီဂင် အားမတွေ့ရတော့သည်မှာ တစ်နှစ်ရှိပြီဖြစ်သည်။ ရီဂင်က ကျွန်တော့်အား လိုက်လိုက်လှဲလှဲနှုတ်ဆက်သည်။

" မင်းက ပုပ်ရဟန်းမင်းကို သေသေချာချာ စောင့်ရှောက်မယ်ပေါ့ ဟုတ်လား "ဟု ပြောသည်။ ကျွန်တော်က ကောင်းမွန်စွာ စောင့်ရှောက်မည်ဖြစ်ကြောင်း ကတိပေးလိုက်သည်။

ယင်းသို့ ကတိပေးလိုက်ရသော်လည်း ကျွန်တော်က စိတ်လှုပ်ရှားနေသည်။ သန်းပေါင်းများစွာသော မင်းပရိသတ်သည် ပုပ်ရဟန်းမင်းအား ကြုံတောင့်ကြုံခဲတွေ့ရမည်ကို စိတ်စောထက်သန်စွာ စောင့်ဆိုင်းနေကြသည်။ အခက်အခဲများသည် ကျွန်တော့်အား ငံ့လင့်နေကြသည်။ ပုပ်ရဟန်းမင်းအား ကျွန်တော်မသိ၊ သူ၏ လက်ထောက်ဂိုဏ်းချုပ်ဘုန်းတော်ကြီးများအားလည်း မသိ။ သူ၏ ရံရွေတော်များကိုလည်းမသိ။ သူတို့သည် ကျွန်တော် တာဝန်ထမ်းဆောင်ခြင်းကို လွတ်လွတ်လပ်လပ် ခွင့်ပြုကြပါမည်လား။ ကျွန်တော့်လုပ်ငန်း တာဝန်များတွင် ဝင်ရောက်စွက်ဖက်ကြမည်လား။ ကျွန်တော် စိုးရိမ်နေသည်။

ပုပ်ရဟန်းမင်း၏ လုံခြုံရေးကို တာဝန်ယူရသည်မှာ အမေရိကန်သမ္မတ၏ တာဝန်ကို ယူရသည်နှင့်မတူ။ သမ္မတသည် သာမန်လူထဲမှ လူတစ်ယောက်ဖြစ်သည်။ ပုပ်ရဟန်းမင်းမှာ လူဝတ်ကြောင်မဟုတ်။ လုပ်ထုံးလုပ်နည်းများမှာ သမ္မတအတွက် လုပ်ထုံးလုပ်နည်းများနှင့်မတူ။ ထွေပြားသည်။ ရိုမန်ကက်သလစ် ကျောင်းတော်(ဗာတီကန်)သည် တိုင်းပြည်တစ်ပြည်ပင်ဖြစ်သည်။ သို့သော် သမ္မတနိုင်ငံတစ်နိုင်ငံကဲ့သို့ ရပ်တည်လုပ်ဆောင်သည်မဟုတ်။ အကယ်၍ မမျှော်လင့်ဘဲ တစ်စုံတစ်ခုဖြစ်ပွားခဲ့ပါက ဗာတီကန်အနေဖြင့် မည်သို့ တုံ့ပြန်လာမည်ကို မသိနိုင်။

ကက်သလစ်ကျောင်းများတွင် နေခဲ့သူဖြစ်သဖြင့် ပုပ်ရဟန်းမင်းအား ကျွန်တော်က များစွာကြည်ညိုလေးစားသည်။ ပုပ်ရဟန်းမင်းနှင့် ဆယ်ရက်တာ အတူရှိနေရခြင်းသည် ကိုးကွယ်ယုံကြည်မှုအရ မဟုတ်ဘဲ တာဝန်အရသာ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် ထိုဆယ်ရက်တာအတွင်း ပုပ်ရဟန်းမင်းနှင့် ဘာသာရေးအရ ပတ်သက်မှု မလုပ်ရန် ဆုံးဖြတ်ထားသည်။ ထို့ကြောင့် အများကဝတ်ပြုဆုတောင်းရန် ဘုရားရှိခိုးကျောင်းတွင် ဒူးထောက်ကြသည့်အခါ ကျွန်တော် ဒူးထောက်မည်မဟုတ်။ ပြုလုပ်လေ့ရှိကြသည့်အတိုင်း ပုပ်ရဟန်းမင်း၏ လက်စွပ်ကို နမ်းမည်မဟုတ်၊ ပုပ်ရဟန်းမင်းကြီး၏ ကောင်းချီးပေးမှုကို ခံယူမည်မဟုတ်ပေ။

ဘော့ပ်နှင့် ကျွန်တော်တို့ အဲယားဖို့(စ်)ဝမ်းပေါ်မှ ပြန်ဆင်းလာသည့်အချိန်တွင် ပုပ်ရဟန်းမင်းကို ပင့်ဆောင်လာသော အီတလီလေကြောင်းပိုင် ဘိုးအင်း ၇၄၇ သည် ပုပ်ရဟန်းမင်း၏ အလံတလူလူလွင့်ကာ ပြေးလမ်းပေါ်သို့ ဆင်းသက်လာနေခဲ့ချေပြီ။ လေယာဉ်ရပ်လိုက်သည်နှင့် ကျွန်တော် လှေကားတစ်လျှောက် ပြေးတက်သွားသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပေါ်တွင် လက်ထောက်များက ကျွန်တော့်အား ရဟန်းမင်းကြီးနှင့် မိတ်ဆက်ပေးသည်။ တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် ရဟန်းမင်းကြီးအား ခရီးစဉ်တစ်လျှောက် ကျွန်တော်နှင့်တကွ အေးဂျင့်များက အထူးဂရုထား စောင့်ရှောက်ပေးမည်ဖြစ်ကြောင်း ကျွန်တော်က ဂါရဝစကားဆိုလိုက်သည်။ "အေး··အေး··· ဝမ်းသာပါတယ်ကွာ၊ မင်းကို ကျေးဇူးလည်းတင်ပါတယ်"ဟု သူက ပြန်ပြောသည်။

ရဟန်းမင်းကြီးက လေယာဉ်လှေကားမှ ဆင်းလာစဉ် ရီဂင်ဇနီးမောင်နှံ စောင့်ကြိုနေသည်။ ပုပ်ရဟန်းမင်းကြီးအား ရီဂင်တွေ့ဆုံနှုတ်ဆက်ပြီး ဝမ်းမြောက်စွာ ကြိုဆိုကြောင်းမိန့်ခွန်းပြောသည်။ ထို့နောက် ပုပ်ရဟန်းမင်းနှင့် ရီဂင်တို့ သီးသန့်တွေ့ဆုံကြသည်။ အမေရိကန်တွင် ပုပ်ရဟန်းမင်းကြီး ပထမဆုံး ကန်တော့ခံသည့်ပွဲတွင် ဘော့ပ်က ကျွန်တော့်မိခင်အား ရှေ့ဆုံးခုံတန်းတွင် နေရာချထားပေးသည်။ ပုပ်ရဟန်းမင်းကြီးက ရှေ့ဆုံးတန်းခုံရှိ ကြည်ညိုသူများအား တစ်ဦးချင်း လက်ဆွဲနှုတ်ဆက်သည်။ ဓာတ်ပုံရိုက်ကြသည်။ ခရီးစဉ်အပြီး ထုတ်ဝေသောစာအုပ် အလယ်စာမျက်နှာတွင် ပုပ်ရဟန်းမင်း နောက်ခံ၌ မိခင်ကြီး ရပ်နေသောပုံက ပါလာသည်။

ကန်တော့ခံပြီးသည့်နောက် မီယာမီမြို့တွင်း လှည့်လည်အပူဇော်ခံသည်။ ပရိသတ် တစ်သန်းကျော်သည် လမ်းဘေး တစ်ဖက်တစ်ချက်တွင် စောင့်ဆိုင်းနေကြသည်။ ကျွန်တော်က popemobile ၏ ရှေ့ခန်းတွင် လိုက်ပါရသည်။ ထိုနေ့တစ်နေ့တာ ပြီးဆုံးပြီးနောက် ပုပ်ရဟန်းမင်းသည် ဂိုဏ်းချုပ်ဘုန်းတော်ကြီး၏နေအိမ်တွင် တစ်ညတာ ရပ်နားသည်။ ခြံဝင်းနှင့် သင့်တင့်မျှတသော နေအိမ်ဖြစ်သော်လည်း အခန်းမလုံလောက်သဖြင့် ဘော့ပ်က ကျွန်တော့်အတွက် ရွက်ဖျင်တဲငယ်ကို ခြံဝင်းအတွင်း စီစဉ်ပေးသည်။ ရဲများ၏ ဆက်သွယ်ရေးစက်သံများကြောင့် လည်းကောင်း ယင်းတို့ စကားပြောသံများကြောင့် လည်းကောင်း ထိုညက ကျွန်တော် ကောင်းကောင်းမအိပ်စက်ခဲ့ရ။

နောက်တစ်နေ့တွင် ပုပ်ရဟန်းမင်းက ဧည့်သည်များကို သီးသန့်တွေ့ဆုံသည်။ ထိုပွဲသို့ ကျွန်တော့် မိခင်တက်ရောက်နိုင်စေရန် ဘော့ပ်က စီစဉ်ပေးသည်။ ဒုတိယနေ့ အစီအစဉ်တွင် ဂျူးဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံရန် စီစဉ်ထားသည်။ ပုပ်ရဟန်းမင်းသည် ရောက်လေရာတွင် အခြားဘာသာများမှ ခေါင်းဆောင်များနှင့် အမြဲတွေ့ဆုံလေ့ရှိသည်။ ယင်းတို့နှင့် ရင်းနှီးသော ဆက်ဆံရေးကို ခိုင်မြဲနေစေရန် ဖြစ်သည်။ သူ ဆယ်ကျော်သက်ဘဝက သူ၏ အခင်မင်ဆုံးသူငယ်ချင်းမှာ ဂျူးမိန်းကလေး ဖြစ်သည်။ ဆယ်ကျော်သက်များပီပီ သူတို့နှစ်ယောက် မကြာခဏ ဆိုသလို ချိန်းဆိုထွက်လည်ကြလိမ့်မည်ဟု ကျွန်တော် အတွေးနယ်ကျယ်မိသည်။ ယခုအခါ ထိုအမျိုးသမီးသည် အိမ်ထောင်ကျလျက် သားသမီးများပင်ထွန်းကားနေသော်လည်း ပုပ်ရဟန်းမင်းနှင့် အဆက်အသွယ်မပြတ်။ ဗာတီကန်သို့ပင် သူ ရောက်လည်ပတ်ဖူးသည်ဟု သိရသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ပုပ်ရဟန်းမင်းသည် အင်္ဂလိပ်စကားကို ကောင်းမွန်စွာ ပြောဆိုနိုင်သည်။ စကားပြောရာတွင် ဖြည်းဖြည်းနှင့်လေးလေး ပြောသည်။ သူမိန့်ခွန်းပြောရာတွင် စာတစ်မျက်နှာကို နှစ်မိနစ်ကြာသည်။ ထို့ကြောင့် သူ မိန့်ခွန်းမပြောမီ စာမျက်နှာအရေအတွက်ကို လက်ထောက်ဖြစ်သူအား ကျွန်တော်က မေးထားရသည်။

သို့မှသာ မိန့်ခွန်းကြာမည့်အချိန်ကို မှန်းဆ တွက်ယူနိုင်မည် ဖြစ်သည်။ မည်သည့်အချိန်တွင် မိန့်ခွန်းပြီးဆုံးမည်ကို ကြိုတင်သိရှိထားခြင်းဖြင့် ထွက်ခွာရန် ကျွန်တော်တို့ ပြင်ဆင်ထားနိုင်မည်ဖြစ်သည်။ သူစာကြောင်း တစ်ကြောင်း ပြောလိုက်သည့်အခါတိုင်း ဘုန်းတော်ကြီးများက လက်ခုပ်သြဘာပေးကြသည်။ မိန့်ခွန်းဖြောင့်ဖြောင့် မပြောနိုင်သည့်အတွက် သူ စိတ်အနှောင့်အယှက်ဖြစ်ရသည်။

နောက်အခမ်းအနားမှာ လူထုစုဝေးပွဲဖြစ်သည်။ ခမ်းနားကြီးကျယ်ပုံမှာ အမှန်ပင် အံ့ဩွယ်သူရဲဖြစ်သည်။ တက်ရောက်လာသော ပရိသတ် သုံးသိန်းကျော်က မြင်နိုင်စေရန် တရားဟောစင်မြင့်ကို မြင့်မားစွာ ဆောက်လုပ်ထားသည်။ ပေခြောက်ဆယ်မြင့်သော နောက်ခံကင်းဗတ် ကားချပ်က လေတွင်လွင့်နေသည်။ ထိုနေ့က လျှို့ဝှက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဝွန်ဆင်မဆင်ကလည်း ကျွန်တော်တို့နှင့်အတူ ရှိနေသည်။

ပုပ်ရဟန်းမင်းနှင့်အတူ စင်မြင့်ပေါ်သို့ ကျွန်တော်ရောက်သွားသောအခါ ဖလော်ရီဒါမုန်တိုင်း၏ အရိပ်အယောင်များကို မိုးကုပ်စက်ဝိုင်းတွင် မြင်ရတော့သည်။ ပုပ်ရဟန်းမင်း နိဒါန်းစကား ပြောနေစဉ် လျှပ်စီးများ လက်လျက်မှန်တိုင်းက နီးကပ်လာသည်။ အသံချဲ့ စပီကာကြီးများကို ငြမ်းများထိပ်တွင် တပ်ဆင်ထားသည်။ ထိုငြမ်းများပေါ်တွင် လက်ဖြောင့်အေးဂျင့်များကို ချထားခဲ့သည်။ လျှပ်စီးများ လက်လာခြင်းကြောင့် လက်ဖြောင့် အေးဂျင့်များကို ငြမ်းများပေါ်မှ ပြန်ဆင်းခိုင်းလိုက်ရသည်။

ထိုအချိန်တွင် မိုးရွာလာသည်။ ပုပ်ရဟန်းမင်းအနီးတွင် လူတစ်ယောက်က ထီးမိုးပေးနေသည်။ တစ်နာရီ ဆယ်မိုင်မှ မိုင်ငါးဆယ်နှုန်း လေတိုက်နိုင်သည်ဟု မိုးလေဝသဌာနက ခန့်မှန်းကြောင်း စကားပြောစက်မှတစ်ဆင့် သိရသည်။ စင်မြင့်နောက်ခံ ကင်းဗတ်သည် လေတိုက်နှုန်း တစ်နာရီ ၃၅ မိုင်ထက်ပိုလျှင် ပြတ်ကျနိုင်သည်ဟု အင်ဂျင်နီယာများက ကျွန်တော်အား ပြောထားသည်။ ထို့ကြောင့် တရားဟောခြင်းကို ရပ်ဆိုင်း၍ စင်မြင့်ပေါ်မှ ထွက်ခွာရန် ကျွန်တော်က ပုပ်ရဟန်းမင်း၏ လက်ထောက်အား အကြံပြုသည်။ သူက "ရဟန်းမင်းကြီးဟာ တရားဟောတာကို တစ်ပိုင်းတန်းလန်း ဘယ်တော့မှ မရပ်ဘူး"ဟု ပြောသည်။

"တရား စမှ မဟောသေးတာ၊ ရပ်လိုက်ရင် ရပါတယ်" ကျွန်တော်က စောဒက တက်သည်။

"ခင်ဗျားနားမလည်ပါဘူး။ ပိုလန်လူမျိုးတွေဟာ သိပ်ခေါင်းမာတယ်" ဟု လက်ထောက်က ဆိုသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော်က ဆုံးဖြတ်ပြီးဖြစ်နေသည်။ ပရိတ်သတ်က သိမ်းချိုရှိနေပြီး၊ ရုပ်မြင်သံကြားကလည်း တိုက်ရိုက်ထုတ်လွှင့်နေသဖြင့် သန်းပေါင်းမည်မျှသော ပရိသတ်က ကြည့်ရှုနေမည်ကို မခန့်မှန်းနိုင်။

"အခြေအနေက သိပ်အန္တရာယ်များတယ်။ သူလက်မခံဘူးဆိုရင်လည်း သူ့ကို ပွေ့ချီပြီး ကျွန်တော်တို့ ထုတ်သွားရလိမ့်မယ်" ကျွန်တော် ယင်းသို့ ပြောလိုက်သည်ကို ညွှန်ကြားရေးမှူး ဆင်မဆင်က ခေါင်းညိတ်ပြသည်။ သူ သဘောတူသည့်အတွက် ကျွန်တော်က အားတက်သွားသည်။

ကျွန်တော့်လက်ထောက်အား "မင်းက သူ့ရဲ့ ဘယ်ဘက်လက်ကို ဆွဲမယ်၊ ငါက ညာဘက်လက်ကို ဆွဲမယ်" ဟု ပြောလိုက်သည်။

ကျွန်တော် ရဟန်းမင်းကြီးနှင့် တွေ့သည်မှာ တစ်ရက်နှစ်ရက်သာ ရှိသေးသည်။ ပုပ်ရဟန်းမင်းကြီးအား အတင်းဆွဲထုတ်သော အဖြစ်အပျက်သည် ညနေပိုင်းသတင်း ထိပ်စည်းအဖြစ်ပါလာတော့မည်။ ကျွန်တော်က ထိုသို့ မဖြစ်စေချင်။

ကျွန်တော်တို့ စင်မြင့်ပေါ်သို့ တက်သွားသည့်အခါ ဆင်မဆင်လည်း အတူပါလာသည်။ ပုပ်ရဟန်းမင်းနှင့် ခြောက်ပေခန့် အကွာအရောက်တွင် သူက ကျွန်တော့်အား လှမ်းကြည့်သည်။ လက်ချောင်းများ ဝှေ့ယမ်းပြပြီး ကျွန်တော် နှင့် လိုက်ခဲ့ရန် သူ့အား ခေါ်လိုက်သည်။ ကျွန်တော်သည် ထို့ထက် ပိုမိုသင့်တင့်လျောက်ပတ်သော အမူအရာဖြင့် ပုပ်ရဟန်းမင်းကြီး ခေါ်ယူသင့်သည်မှာ မှန်သော်လည်း စဉ်းစားရန် အချိန်မရ။ သူက ခဏကြာမျှစဉ်းစားနေသည်။ ထိုစက္ကန့်ပိုင်းသည် ကျွန်တော်အဖို့ ကြာရှည်လွန်းလှသည်။

သူ မတ်တတ်ရပ်လိုက်သည်နှင့် အနားသို့ ကျွန်တော်က ကပ်သွားကာ " ကျွန်တော်တို့ ဒီအပေါ်က ဆင်း ဖြစ်မယ်။ အန္တရာယ်များလွန်းတယ်"

သူက "မင်းသေချာလို့လား"ဟု မေးပြီး ကျွန်တော်တို့နှင့် လိုက်လာသည်။ စင်မြင့်နောက်ရှိ နောက်တွဲယာဉ် အတွင်းမှ တရားဆက်လက်ဟောရန် စီစဉ်ရသည်။ ပရိသတ်ကလည်း ဖွဲကောင်းကောင်းဖြင့် မိုးရေထဲတွင် စောင့်ဆိုင်း တရားနာသည်။ လေပြင်းတိုက်နေသည်မှာလည်း ကြောက်စရာကောင်းသည်။ တရားဟောပြီးသည်နှင့် နေက ပြန်ပွင့်လာ သည်။ ပုပ်ရဟန်းမင်းအား စင်မြင့်ပေါ်သို့ ကျွန်တော်က ပြန်ခေါ်သွားရသည်။ သိမ်းချိသော ပရိသတ်က သောင်းသောင်း ဖြဖြ သြဘာပေးကြသည်။

နောက်ပိုင်းတွင် ကားဖြင့် ခရီးသွားကြသည့်အခါတိုင်း ပုပ်ရဟန်းမင်းက အတူလိုက်ပါလာသော ဂိုဏ်း ဘုန်းတော်ကြီးများအား တရားပွဲ မည်သည့်အတွက် ရပ်ဆိုင်းလိုက်ရသည်ကို ရှင်းပြလေ့ရှိသည်။ "တရားပွဲ တစ်ခု

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တန်းလန်းနဲ့ရပ်ပစ်လိုက်ရတာ ကိုယ်တော်ဘဝမှာ ဒါပထမဆုံးအကြိမ်ပဲ။ လုံခြုံရေးကြောင့်ပဲ''ဟု ရှေ့ခန်းတွင် ထိုင်နေသော ကျွန်တော့်အား ညွှန်ပြလျက် ပြောလေ့ရှိသည်။

မီယာမီမှ တောင်ကာရိုလိုင်းနားသို့ လေယာဉ်ဖြင့်သွားသည်။ ပုပ်ရဟန်းမင်းက ခြောက်သွေ့သော အဝတ်များ လဲလှယ်ဝတ်ဆင်ပြီးဖြစ်သော်လည်း ကျွန်တော်တို့က အဝတ်ရေစိုဖြင့် နေရသည်။ ကျွန်တော်တို့ အဝတ်အစားသေတ္တာများသည် ရှေ့ပြေးလေယာဉ် ဖြင့်ပါသွားနှင့်ပြီးဖြစ်သည်။ တောင်ကာရိုလိုင်းနားတွင် ခရစ်ယာန် ဂိုဏ်းပေါင်းစုံ တွေ့ဆုံပွဲ ကျင်းပသည်။ နှစ်ခြင်း ခရစ်ယာန်၊ ဂျူး၊ ရှေးရိုး ဂရိစ်ဘာသာရေး အသင်းများနှင့် တွေ့ဆုံသည်။ ကာရိုလိုင်းနားတွင် အခမ်းအနား လေးငါးခြောက်ခု ကျင်းပပြီး နယူးအော်လင်းသို့ ခရီးဆက်ကြသည်။ ကျွန်တော်တို့မှာ ရေစိုအဝတ်နှင့် ပင်ဖြစ်သည်။

နယူးအော်လင်းတွင် လူပုဂ္ဂိုလ်၊ ဘုန်းတော်ကြီးများနှင့် သီးသန့်တွေ့ဆုံသည်။ နယူးအော်လင်း လိပ်ခုံးခန်းမတွင် ကျင်းပသော အခမ်းအနားများအနက် လူငယ်ကိုးသောင်းကျော်နှင့် တွေ့ဆုံပွဲမှာ အဓိက အခမ်းအနားဖြစ်သည်။ သန့်စင်ခန်းကို လုံခြုံရေးအတွက် စစ်ဆေးထားသည်။ သန့်စင်ခန်းမှာ အားကစားကွင်းရှိ အများပြည်သူသုံးအိမ်သာများ အတိုင်းပင် ဖြစ်သည်။ ရဟန်းမင်းကြီး ရုံးဝန်ထမ်းများက သန့်စင်ခန်းတွင် ကောဇောခင်းပြီး၊ ကုလားထိုင်တစ်လုံး ချထားပေးသည်။ တစ်ခါတွင် ပုပ်ရဟန်းမင်းသည် သန့်စင်ခန်းသို့ သွားသဖြင့် ကျွန်တော်က အပြင်စကြံတွင် ရပ်စောင့်နေသည်။ မိနစ်အတန်ကြာသည်အထိ ထွက်မလာသေး။ သူ့လက်ထောက်များက စိုးရိမ်လာသည်။ ကျွန်တော်က သန့်စင်ခန်း အတွင်းသို့ဝင်ကြည့်သည်။ ရဟန်းမင်းကြီးသည် ချပေးထားသော ကုလားထိုင်တွင် အကျအန ထိုင်နေသည်ကို တွေ့ရသည်။ သူက ''အချိန်ကျပြီလားဟေ့''ဟုမေးသည်။ သန့်စင်ခန်းအတွင်း ကုလားထိုင်ချပေးထားသဖြင့် ထိုင်စောင့်နေရန်ဟု သူက ယူဆလိုက်ပုံပေါ်သည်။

ပုပ်ရဟန်းမင်း လိပ်ခုံးခန်းမတွင်းသို့ ဝင်ရောက်သွားသည့်အခါ ပရိသတ်က တခဲနက် သြဘာပေးသည်။ ကျွန်တော်တို့ စင်မြင့်ပေါ်သို့ ရောက်သွားချိန်တွင် အုတ်အော်သောင်းတင်း သြဘာပေးမှုမှာ နားကွဲမတတ် ကျယ်လောင်လှသည်။ ကျွန်တော် တစ်ခါမျှ မကြုံဖူးပေ။ '' ပုပ်ရဟန်းမင်းကြီးကို ချစ်မြတ်နိုးတယ်''ဟု အော်ဟစ်နေကြသည်။ သူ့ဘာ မိုက္ကရိုဖုန်းဆီသို့သွားကာ '' ဒုတိယမြောက် ပုပ်ရဟန်းမင်းကြီး ဂျွန်ကလည်း မင်းတို့ကို ချစ်မြတ်နိုးပါတယ်'' ဟု ပြောလိုက်သည်။ လူငယ်တစ်သိန်းနီးပါးကလည်း ပြန်လှန် အော်ဟစ်ပြောဆိုသည်မှာ ကျွက်ကျွက်ညံနေသည်။

အခမ်းအနားအပြီးတွင် တစ်ညတာနားနေရန်အတွက် ဂိုဏ်းချုပ်ဘုန်းတော်ကြီး နေအိမ်သို့သွားကြသည်။ နေအိမ်မှာ ကျမ်းစာသင်ကျောင်းဝင်းအတွင်း ရှိသည်။ ဘေးပတ်ပတ်လည်တွင် လူနေအိမ်ခြေများ ရှိနေသဖြင့် လက်ဖြောင့်အေးဂျင့်များ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ချထားရန် မဖြစ်နိုင်။ ထို့ကြောင့် အိမ်အဝင်တံခါးပေါက်တွင် ရှက်ဖျင်တဲငယ်တစ်ခုထိုးထားပြီး ပုပ်ရဟန်းမင်းကား အတွင်း အဝင်အထွက်ကို အပြင်မှ မမြင်နိုင်စေရန် ကာကွယ်ပေးထားသည်။

နောက်တစ်နေ့ ညနေအခမ်းအနားများမှအပြန်၊ ကျမ်းစာသင်တန်းသားများနှင့် ခဏတွေ့ဆုံစေရန် ဂိုဏ်းချုပ်ဘုန်းတော်ကြီးက စီစဉ်သည်။ ယင်းသို့ တွေ့ဆုံရာတွင် ပုပ်ရဟန်းမင်းအား popemobile အတွင်း၌ သာနေစေပြီး ကျမ်းစာသင်ကျောင်းဘက်မှ မှန်တံခါးကို ဖွင့်စေသည်။ လူနေအိမ်ခြေများဘက်မှ မှန်တံခါးကိုမူ ပိတ်ထားရန် ဖြစ်သည်။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ ပုပ်ရဟန်းမင်းသည် အပြင်သို့ မထွက်ရဟု ကျွန်တော်က ကန့်သတ်ပေးထားသည်။

ကျမ်းစာသင်ကျောင်း ရှေ့တွင် popemobile ရပ်လိုက်သည်နှင့် စာသင်သားများက ပုပ်ရဟန်းမင်းအား ကြွေးကြော်နှုတ်ဆက်ကြသည်။ ကျွန်တော်က ကားအတွင်းမှထွက်ကာ ဖွင့်ထားသော ကားပြတင်းအနီးရပ်နေလိုက်သည်။ ရဟန်းမင်းကြီးနှင့် လက်တစ်ကမ်းအကွာတွင် ဖြစ်သည်။ ထိုစဉ် ကားအတွင်းပါလာသော ဂိုဏ်းချုပ်ဘုန်းတော်ကြီး[illegible] တစ်ဖက်မှတံခါးကိုဖွင့်လျက် အပြင်သို့ထွက်မည်ပြုသည်။ ကျွန်တော်က ကားကို ကွေ့ပတ်သွားကာတံခါးကို ပိတ်လိုက်သည်။

ဂိုဏ်းချုပ်ဘုန်းတော်ကြီးက ထွက်မည်လုပ်ပြန်သည်။ ကျွန်တော်က တံခါးကို ပြန်ပိတ်လိုက်ပြန်သည်။ တတိ[illegible] တစ်ကြိမ် သူထပ်မံ ကြိုးစားသောအခါတွင် ကျွန်တော်က တံခါးကိုခပ်ကြမ်းကြမ်း ဆောင့်ပိတ်ပြီး "တံခါးကို မဖွင့်ပါနဲ့" [illegible] ခပ်မာမာပြောလိုက်သည်။ ကျွန်တော့်၏ တိကျသော သဘောထားကို ဂိုဏ်းချုပ်ကြီး သဘောပေါက်သွားသည်။ စတု[illegible] အကြိမ် သူ မကြိုးစားတော့။

နောက်ဆုံးအကြိမ်တံခါးကို ဆောင့်ပိတ်ပြီး ကျွန်တော် ပုပ်ရဟန်းမင်းအနီးသို့ ရောက်သောအခါ သူ[illegible] လက်ထောက်တစ်ဦးဖြစ်သော 'ဇီးဝစ်'က ပိုလစ်ရှ်ဘာသာဖြင့် ရဟန်းမင်းကြီးအား ပြောလိုက်သည်ကို ကြားရသည်။ ဘာဆိုလိုမှန်း ကျွန်တော် မသိ။

နေအိမ်သို့ရောက်သည့်အခါ ရဟန်းမင်းကြီးက ကျွန်တော်၏ လက်နှစ်ဖက်အား သူ့လက်နှစ်ဖက်ဖြင့် အသေအ[illegible] ဆုပ်ကိုင်ပြီး "သိပ်ကို ကျေးဇူးတင်ပါတယ်ကွာ" ဟု ပြောပြီး အိမ်ပေါ်သို့ တက်သွားသည်။ တံခါးဆောင့်ပိတ်ခံရ[illegible] ဂိုဏ်းချုပ်ကြီးသည် ကျွန်တော့်အား စိတ်ဆိုးနေသည်။ ဧည့်ခန်းထဲတွင် လက်ထောက်အချို့နှင့် ကျွန်တော်သာ [illegible] သည်။ ဂိုဏ်းချုပ်ကြီး ထွက်သွားသောအခါ ဘော့ပ်က ကျွန်တော့်အား "ဇီးဝစ်က ရဟန်းမင်းကို ပိုလစ်ရှ်ဘာသာ[illegible] ပြောတာဘာလဲ သိလား"

ကျွန်တော်က "မသိဘူးလေ"

"ဘယ်အခြေအနေဖြစ်ဖြစ် ပုပ်ရဟန်းမင်းက ခင်ဗျား ပြောတဲ့အတိုင်းလိုက်နာဖို့ ပြောလိုက်တာ"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ပုပ်ရဟန်းမင်း၏ တစ်နေ့တာကို နံနက် ၇ နာရီ ၃၀ နှင့် ၈ နာရီ ၃၀ တွင် စတင်သည်။ တစ်ခါတစ်ရံ ထို့ထက်နောက်ကျသည်။ အလုပ်တာဝန်ဖိစီးမှုကြောင့် နေ့လယ်စာနှင့် ညစာ အတော်များများကို ကျွန်တော် စားခွင့်မရခဲ့။ အိပ်ချိန်လည်း ပြည့်ပြည့်ဝဝမရ။

ရဟန်းမင်း အိပ်ရာဝင်ပြီးနောက် ကျွန်တော့်နေရာသို့ ပြန်အရောက်တွင် နောက်တစ်နေ့ အစီအစဉ်အတွက် ရှေ့ပြေးအဖွဲ့များနှင့် ညှိနှိုင်းရသည်။ နောက်တစ်နေ့ သွားရောက်မည့် တစ်နေရာစီကို ပြန်လည်သုံးသပ်ရသည်။ ကျွန်တော် အိပ်ရာဝင်သည့် အချိန်မှာ သန်းခေါင်ကျော်ကျော်တွင် ဖြစ်သည်။ အိပ်ရာထဲ ရောက်သော်လည်း ရုတ်တရက် အိပ်မပျော်။ နံနက် ခြောက်နာရီတွင် အိပ်ရာမှ ထရသည်။ ပုပ်ရဟန်းမင်းသည် နံနက်ပိုင်း ကျန်းမာရေးအတွက် အပြေးလေ့ကျင့်မှုမလုပ်၍ တော်ပေသေးသည်။

ကျွန်တော်တို့ စန်အန်တိုနီယိုမြို့ သို့ရောက်သောအခါ နေရောင်သည် စူးရှစွာကျဲကျဲတောက်နေသည်။ အချို့ အစေခံများက နေကာမျက်မှန်များ တပ်ကြသည်။ နေကာမျက်မှန် အကာအကွယ်ကြောင့် အစေခံများ မည်သည့်နေရာသို့ ကြည့်နေသည်ကို မသိနိုင်ဟု ဆိုကြသည်။ ကျွန်တော်ကမူ နေကာမျက်မှန်တပ်လေ့မရှိ။ သို့သော် စူးရှလွန်းသော နေရောင်ကို မခံနိုင်သည့်အတွက် ကျွန်တော်လည်း နေကာမျက်မှန်တပ်ရတော့သည်။ စန်အန်တိုနီယို၏ နေရောင်နှင့် အပူဒဏ်ကို ရဟန်းမင်းကြီး မည်သို့ခံနိုင်ရည်ရှိသည်ကိုမသိ။

ခရီးစဉ်တွင် ထူးခြားဖြစ်စဉ်တစ်ခုသာ ရှိသည်။ 'အဲလ်လာမို'တွင် ကျွန်တော်တို့ ယာဉ်တန်းသွားနေစဉ် လူအုပ်ထဲမှ အမျိုးသမီးတစ်ဦးသည် တားထားသည့်ကြိုးတန်းကို ဖယ်ရှားကာ popemobile ဆီသို့ ပြေးသွားသည်။ နောက်မှ ကပ်လိုက်လာသော ယာဉ်မှ အစေခံတစ်ဦးက ခုန်ဆင်းပြီး သူမအား လူအုပ်အတွင်းသို့ ပြန်သွင်းလိုက်ရသည်။

ဖီးနစ်မြို့ လိပ်ခုံးတွင် ရဟန်းမင်းကြီးက ကောင်းချီးပေးနေစဉ် ထောင်သောင်းချီသော ကင်မရာ လျှပ်တစ်ပြက် မီးများ တစ်ချိန်တည်းတွင် လင်းလက်သွားသည်မှာ မိုးကြိုးပစ်လိုက်သကဲ့သို့ ဖြစ်သွားသည်။ မျှော်လင့်မထားသည်မို့ ကျွန်တော် ထိတ်လန့်သွားသည်။ ဖီးနစ်မြို့တွင် ပိုလန်နွယ်ဖွားများရှိနေသည်ဆိုသောအချက်ကို ကျွန်တော် ကြိုတင်မသိခဲ့။ အခြားအစေခံများလည်း သိထားဟန်မတူ။ ပိုလန်နွယ်ဖွားများနှင့် ရဟန်းမင်းတို့ တွေ့ဆုံပေးရန် ဒေသခံ အသင်းတော်က အလျှင်စလို စီစဉ်ပေးသည့်အခါတွင်မှ ကျွန်တော်တို့ သိရသည်။ တည်းခိုနေအိမ်သို့ ကျွန်တော်တို့ ပြန်ရောက်သည့်အချိန်မှာ ည ၉ နာရီခွဲရှိပြီ။ မည်သည့်အခါမျှ ပင်ပန်းနွမ်းနယ်ပုံမပေါ်သည့် ရဟန်းမင်းသည် ထိုညက နွမ်းနယ်လျက်ရှိသည်။ အိမ်နောက်ဘက် မြက်ခင်းပြင်တွင် စောင့်ဆိုင်းနေသော ပိုလန်နွယ်ဖွားများနှင့် တွေ့လိုက်သည်နှင့် သူ၏ ပင်ပန်းနွမ်းနယ်မှု အားလုံး လွင့်စင်ပျောက်ကွယ်သွားတော့သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖီးနစ်မြို့မှ လော့စ်အိန်ဂျယ်လိစ်မြို့သို့ လေယာဉ်ဖြင့်သွားသည်။ လေဆိပ်မှ ရဟတ်ယာဉ်ဖြင့် ရဲဌာနချုပ် ရဟတ်ယာဉ်ကွင်းတွင် ဆင်းသက်သည်။ ထိုမှ ကားဖြင့် တည်းခိုမည့် အိမ်သို့သွားသည်။ အားကစားရုံတွင် ကျင်းပမည့် ဆုတောင်းပွဲအတွက် ပုပ်ရဟန်းမင်းနှင့်အတူ ကျွန်တော်တို့ စောင့်ဆိုင်းခန်းထဲတွင် စောင့်ဆိုင်းနေစဉ် စကားပြောစက်မှ သတင်းဝင်လာသည်။ သတင်းကောင်းတော့မဟုတ်။ ပရိသတ်အား စစ်ဆေးနေသော သတ္တုရှာစက်များအနက် တစ်လုံးက ချို့ယွင်းနေသည် ဟုဆိုသည်။

သတ္တုရှာစက်တစ်တွဲတွင် စက် ဆယ်လုံး ပါဝင်သည်။ စက်တစ်လုံးသည် တစ်နာရီလျှင် လူတစ်သောင်းကို စစ်ဆေးပေးနိုင်သည်။ စက်တစ်လုံးချို့ယွင်းသွားသည့်အတွက် စစ်ဆေးမှုကို ရပ်ဆိုင်းလိုက်မည်ဆိုပါက လုပ်ငန်းများရပ်တန့် သွားမည်ဖြစ်သည်။ ထို့ကြောင့် စစ်ဆေးမှုကို မရပ်ဆိုင်းဘဲ ဆက်လက်စစ်ဆေးသွားရန်၊ ချို့ယွင်းနေသောစက်ကိုလည်း အကောင်းပကတိကဲ့သို့ ဟန်မပျက် ဆက်လက်အသုံးပြုနေရန် ကျွန်တော်က ညွှန်ကြားလိုက်သည်။ ပရိသတ်သည် စက်ချို့ယွင်းနေသည်ကို သတိပြုမိမည်မဟုတ်ဟု ကျွန်တော်က ယူဆသည်။ ရံခါရံဖန်ဆိုသလို ချို့ယွင်းနေသော စက်ကို ဖြတ်သန်းလာသူ တစ်ယောက်စ၊ နှစ်ယောက်စကို သီးသန့်ခေါ်ထုတ်ကာ လက်ဖြင့် စမ်းသပ်ရှာဖွေရန်လည်း ပြောလိုက်သည်။ ယင်းသို့ ကျွန်တော် ဆုံးဖြတ်လိုက်ခြင်းသည် မှားယွင်းသည်ဟု အချို့အေးဂျင့်များက ယူဆသည်။ မည်သို့ပင်ဖြစ်စေ မအပ်မရာ ကြံစည်နေသူသည် သတ္တုရှာစက်ကိုမြင်သည်နှင့် နောက်တွန့်သွားမည်သာဖြစ်သည်။

ပုပ်ရဟန်းမင်းကြီး၏ ဆယ်ရက်တာခရီးတွင် လူပေါင်းတစ်သန်းကျော်ကို သတ္တုရှာစက်ဖြင့် ရှာဖွေစစ်ဆေးသည်။ ယင်းသို့စစ်ဆေးရာတွင် ဓား၊ တုတ်၊ စူးချွန်နှင့် ပြောင်းတိုသေနတ်များကို ရှာဖွေတွေ့ရှိခဲ့သည်။ သို့ရာတွင် သေနတ်မှာ တာဝန်ချိန်အပတွင် မေ့လျော့ယူဆောင်လာမိသော ရဲဝန်ထမ်း၏ လက်နက်များသာ ဖြစ်သည်။ မည်သူတစ်ဦး တစ်ယောက်ကိုမျှ ဖမ်းဆီး အရေးယူခဲ့ရခြင်းမရှိပေ။

ထိုနေ့ညနေ ညစာစားချိန်တွင် ကျွန်တော်တို့ လော့စ်အိန်ဂျယ်လိစ် ဂိုဏ်းချုပ်အိမ်သို့ ပြန်ရောက်လာကြသည်။ ညစာစားရန် ပုပ်ရဟန်းမင်းနှင့် လက်ထောက်တို့ကို တတိယအထပ်သို့ ဂိုဏ်းချုပ်ဘုန်းတော်ကြီးက ခေါ်ယူသွားသည်။ တတိယထပ်ရှိ စားပွဲထိုးနှင့် စားဖိုမှူးတို့ကို အေးဂျင့်တို့က ပထမအထပ်သို့ စုဝေးခေါ်ယူထားသည်။ မည်သည့်အကြောင်း ကြောင့် ယင်းသို့ ခေါ်ယူထားသည်ကို ကျွန်တော် မမှတ်မိတော့။ ဂိုဏ်းချုပ်ကြီးက ပုပ်ရဟန်းမင်းတို့နှစ်ယောက်အား တတိယအထပ်တွင် စောင့်ခိုင်းထားပြီး စားပွဲထိုးများကို လိုက်ရှာသည်။ စားပွဲထိုးများအား ရှာမတွေ့သဖြင့် ဂိုဏ်းချုပ်ကြီး သည် တတိယထပ်သို့ ပြန်တက်လာသည်။ ပုပ်ရဟန်းမင်းနှင့် လက်ထောက်တို့သည် ဆာလောင်နေသဖြင့် မည်သူ့ကို မျှ မစောင့်တော့ဘဲ မီးဖိုချောင်ထဲဝင်ကာ စားသောက်နေသည်ကို တွေ့ရသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လော့စ်အိန်ဂျယ်လစ်မြို့မှ ထွက်ခွာသည့်အခါတွင် ပုပ်ရဟန်းမင်းလေယာဉ်ပေါ်မတက်မီ လေ့ကားရင်း၌ လူငါးဆယ်၌ နှုတ်ဆက်ရန် စီစဉ်ထားသည်။ ထိုသူအားလုံးကို အေးဂျင့်တို့က ရွေးချယ်ပေးထားခြင်းဖြစ်သည်။

ယာဉ်တန်းသည် လော့စ်အိန်ဂျယ်လစ် ရဲဌာနချုပ် ရဟတ်ယာဉ်ကွင်းသို့ ရောက်လာသည်။ ရဲအရာရှိနှစ်ရာခန့် တန်းစီစောင့်ဆိုင်းနေသည်ကို တွေ့ရသည်။ သူတို့က ရဟန်းမင်းကြီးအား နှုတ်ဆက်လိုသည်ဟု ဆိုသည်။ အစီအစဉ်အတွင် မပါဝင်ဘဲ ရဲများက ၄င်းတို့သဘောနှင့် စီစဉ်လိုက်ခြင်းဖြစ်သည်။

ရဟန်းမင်းကြီး၏ လက်ထောက်မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်လျှက် ''ဒါ မဖြစ်နိုင်ဘူး။ အချိန်မရှိဘူး'' ဟု ရေရွတ်နေတော့သည်။

ရဟန်းမင်းကြီးသည်ကား အတွင်း၌ပင် ရှိနေသေးသော်လည်း မည်သို့ဖြစ်ပျက်နေသည်ကို မြင်ပြီးဖြစ်သည်။ သူ့အနေနှင့်လည်း ရဲအရာရှိများကို နှုတ်ဆက်လိုသော ဆန္ဒရှိပုံရသည်။ ရဲများ၏ ဆန္ဒကို သူလျစ်လျူရှု၍မဖြစ်။ လက်ထောက်ကလည်း မြန်မြန်နိုင်သမျှ မြန်မြန်ပြီးသွားစေရန် ကားအတွင်းသို့ဝင်ကာ ပုပ်ရဟန်းမင်းကြီးအား အီတလီဘာသာဖြင့် လက်ဆွဲမနှုတ်ဆက်ဘဲ လက်များကို ထိရုံသာထိရန် တင်ပြလိုက်သည်။ ပုပ်ရဟန်းမင်းသည် ရဲအရာရှိများအတွင်း ဖြတ်သန်းကာ တစ်ဦးချင်းကို နှုတ်ဆက်သည်။

ရဟတ်ယာဉ်ဖြင့် လေဆိပ်သို့အသွားတွင် သတင်းက ဝင်လာသည်။ မြို့တော်ဝန် ရပ်ရှင်မင်းသား ကလင့်အိစ်ဝုဒ်က နှုတ်ဆက်ရန် စောင့်ဆိုင်းနေကြောင်း၊ နောက်ကျသွားသဖြင့် ရဲဌာနချုပ်တွင် နှုတ်ဆက်ခွင့် မရခဲ့သော ရဲအရာရှိများသည် ဘတ်စ်ကားသုံးစီးဖြင့် လေဆိပ်သို့ လိုက်လာနေကြောင်း သိရသည်။

ဆန်ဖရန်စစ်ကိုမြို့ Candle Stick Park တွင် လူထုဆုတောင်းပွဲကျင်းပသည်။ တက်ရောက်လာသော လူထုပရိသတ်မှာ လှိုင်းလုံးကြီးများသဖွယ် ဖြစ်သည်။ ထိုမြင်ကွင်းကို ကျွန်တော် တစ်သက် မမေ့နိုင်တော့။

ဒက်ထရွိုက်မြို့ သည် ရဟန်းမင်း၏ ခရီးစဉ် အဆုံးသတ်ဖြစ်သည်။ ဇနီးသည်နှင့် ယောက္ခမတို့က ဒက်ထရွိုက်တွင် စောင့်ဆိုင်းနေကြသည်။ ကျွန်တော့်၏ ယောက္ခမသည် ဘာသာရေးကို လေးနက်ကိုင်းရှိုင်းသည့် ကက်သလစ်ဘာသာဝင်ဖြစ်သည်။

ငွေရောင်လိပ်ခုံးခန်းမတွင် ပြုလုပ်သော ဆုတောင်းအခမ်းအနားတွင် ဇနီးနှင့်ယောက္ခမတို့အား ရှေ့ဆုံးရှိ ဗွီအိုင်ပီခုံတန်းတွင် နေရာချပေးခြင်းခံရသည်။ ဆုတောင်းပွဲအပြီးတွင် ပုပ်ရဟန်းမင်းကြီးအား နားနေခန်းသို့ ကျွန်တော်က ခေါ်သွားသည်။ ယောက္ခ၊ ဇနီးနှင့် သမီးတို့ ရောက်လာသည့်အခါ ရဟန်းမင်းကြီးက ဆုတောင်းကောင်းချီးပေးသည်။ ကျွန်တော်အဖို့ များစွာ ဂုဏ်ယူစရာပင်ဖြစ်တော့သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ကက်သလစ်ဘာသာဝင်ဖြစ်သည်ကို ပုပ်ရဟန်းမင်းကြီးက သိသည်။ သို့သော် ကျွန်တော်တို့နှစ်ဦး ဆက်ဆံရေးသည် ဘာသာရေးနှင့် ပတ်သက်မှုမရှိ။ တာဝန်အရဆက်ဆံရေးသာ ဖြစ်သည်။ အမေရိကန်မှ ထွက်ခွာရန် လေယာဉ်သို့ အသွားတွင် ပုပ်ရဟန်းမင်းက ကျွန်တော့်တက်လှည့်ပြီး "မစ္စတာပက်ထရီ၊ မင်းရဲ့သမီးက တကယ်ချစ်စရာလေးပဲ"ဟု ပြောသည်။ ကျွန်တော့် လက်နှစ်ဖက်ကို ဆုပ်ကိုင်ထားပြီး "သိပ်ကျေးဇူးတင်ပါတယ်"ဟု ပြောကာ လေယာဉ်ပေါ်သို့ တက်သွားခဲ့လေသည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၁၄  ဒန်ကွေးလ်မိသားစု

နယူးဂျာစီ ဂရမ္မာသင်ကျောင်းသို့ ဒုတိယ သမ္မတ ဒန်ကွေးလ်သွားရောက်စဉ် သတ်ပုံလေ့ကျင့်ခန်းတွင် ဒန်ကွေးလ်က ကျောင်းသားများအား ဝင်ရောက်သင်ပြသည်။ ထိုသို့ သင်ပြစဉ် သူက potato ဟု စာလုံးပေါင်းရမည့်အစား၊ e တစ်လုံး အပိုထည့်ပြီး potatoe ဟု မှားပေါင်းမိသဖြင့် ကျော်မကောင်းကြားမကောင်း ဖြစ်ခဲ့ရသည်။ ရုပ်မြင်သံကြားဌာနများက ထိုအဖြစ်အပျက်ကို ရိုက်ကူးထားသော ဗီဒီယိုကို ထပ်ခါထပ်ခါ ပြသကြသည်။ အမှန်စင်စစ် ထိုအမှားမျိုးသည် လူတိုင်းမှားတတ်သော်လည်း ဒုတိယ သမ္မတဒန်ကွေးလ်မှာ အတော်ပင် အထိနာသွားသည်။

သမ္မတဘွတ်ရှ်လက်ထက်တွင် သူလုပ်ခဲ့သော အမှားများအတွက် ပြောင်လှောင်ခံရသည်။ သို့သော် သုံးနှစ်ကြာမျှ ကျွန်တော် တွေ့ကြုံခဲ့ရသော ဒန်ကွေးလ်မှာ အများက သတ်မှတ်ထားသော၊ သိထားသော ဒန်ကွေးလ်မဟုတ်။

ဒုတိယ သမ္မတဒန်ကွေးလ်၊ ဇနီးသည် မာရီလင်နှင့် ကလေးသုံးယောက်တို့ကို ဒုတိယသမ္မတ၏ လုံခြုံရေးအဖွဲ့က တာဝန်ယူရသည်။ အဖွဲ့ခေါင်းဆောင်မှာ 'ဟားဘတ်ဘဲလ်' ဖြစ်သည်။

ဒန်ကွေးလ်၏ ကလေးသုံးယောက်မှာ ဆယ်ကျော်သက်များဖြစ်ကြသည်။ မိသားစုတစ်စုလုံး အားကစားကို ခုံခုံမင်မင်လိုက်စားကြသည်။ လိုက်စားသည့်အတိုင်း ထူးချွန်ကြသည်။ စကိတ်၊ ဂေါက်သီး၊ တင်းနစ်၊ ရေငုပ်၊ ဖောင်စီး၊ စက်ဘီးစီး စသည့် အားကစားမျိုးစုံကစားကြသည်။ သားနှစ်ယောက်မှာ lacrosse (ပိုက်ကွန်တပ်တုတ်တံသုံး၍ ဘောလုံးဖမ်းကာ သယ်ဆောင်ပစ်ကစားသော ကစားနည်း။ တစ်ဘက်တွင် ကစားသမား ၁၀ ဦးစီ ပါဝင်သည်) ကစားနည်းတွင် ထူးချွန်ကြသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဒန်ကွေးလ်သည် နေ့စဉ်လို ကျန်းမာရေး အပြေးလေ့ကျင့်သည်။ ဇနီးသည် မာရီလင်ကွေးလ်သည်လည်း အပြေးသမားကောင်း ဖြစ်ပြီး မြင်းစီးလည်း ကျွမ်းကျင်သည်။

ထိုမိသားစု၏ လုံခြုံရေးကို တာဝန်ယူရသည်မှာ ကြီးမားသော စိန်ခေါ်မှုဖြစ်၏။ အေးဂျင့်များ၏ ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းမှုကို စိန်ခေါ်ခြင်းလည်းဖြစ်သည်။ ဒန်ကွေးလ်မိသားစုဝင်များသည် အေးဂျင့်များ၏ အကာအကွယ်ပေးမှုကို မခံယူလိုခြင်းမှာ အကြီးမားဆုံး အခက်အခဲ ဖြစ်သည်။

ယခင် ဒုတိယသမ္မတများက အသက်ကြီးကြီး၊ လှုပ်လှုပ်ရှားရှား မရှိကြသူများ ဖြစ်သဖြင့် ယင်းတို့အား တာဝန်ယူစဉ်က မဟုတ်တော့ဘဲ လုံခြုံရေးပုံစံကို အေးဂျင့်များက ပြောင်းကြရသည်။ မည်သည့်ပုံစံ ပြောင်းသည်ဖြစ်စေ လုံခြုံရေးစံနှုန်းကို ထိခိုက်ခံ၍ မဖြစ်ပေ။ အေးဂျင့်များသည် ဒန်ကွေးလ်မိသားစုကို နားမလည်နိုင်သလို၊ သူတို့ကလည်း အေးဂျင့်များကို နားမလည်ဖြစ်ရခြင်းသည် အခက်အခဲ ဖြစ်နေသည်။ ထို့အတူ ဒုတိယသမ္မတ၏ ဝန်ထမ်းများကလည်း အေးဂျင့်များကို နားလည်မှုမပေးနိုင်ဖြစ်နေပြန်သည်။ ထိုအခြေအနေကို ကျွန်တော်ကကြားဝင်ပေးရတော့သည်။

၁၉၈၉ ခုနှစ် အောက်တိုဘာလတွင် ဒန်ကွေးလ်နှင့် ကျွန်တော်တွေ့ရသည်။ သူ့အား လုံခြုံရေးပေးခြင်းအပေါ် သူက အမြင်မကြည်ဖြစ်နေသည်။ လွှဲရှောင်၍ မရသဖြင့်သာ အေးဂျင့်များကို လက်ခံနေရသည်၊ ကြည်ကြည်သာသာ တော့ မရှိပေ။ ယင်းသို့ အခြေအနေမျိုးတွင် ဖြစ်လာတတ်သည်မှာ အေးဂျင့်များသည် အကာအကွယ်ပေးခံရသူကို ခပ်ရှောင်ရှောင်လုပ်လာကြသည်။ ထိုအခါ လုံခြုံရေး စည်းကျိုးပေါက်မှု ဖြစ်တတ်သည်။

အေးဂျင့်များ ရှိနေသည့်အတွက် မွန်းကျပ်သည့် ခံစားမှုကို ခံစားရကြောင်း၊ အထူးသဖြင့် မိသားစု ထမင်းစားခန်း တွင် ထမင်းစားနေကြစဉ် အေးဂျင့်များက ပြတင်းပေါက်နားတွင် ရစ်သီရစ်သီရှိနေကြခြင်းကို မလိုလားကြောင်း ဒန်ကွေးလ် က ကျွန်တော့်အား ပြောပြသည်။ အေးဂျင့်များသည် တာဝန်အရ တစ်နေရာတည်းတွင် ကျောက်ချရပ်နေရသည် မဟုတ်ဘဲ အခါအားလျော်စွာ လှည့်ပတ်ကင်းလှည့်ရသဖြင့် ပြတင်းပေါက်တွင် ပေါ်ချည်ပျောက်ချည် ဖြစ်ရသည်။

ကျွန်တော်က ဒုတိယ သမ္မတကတော်အား သွားရောက်တွေ့ဆုံသည်။ အိမ်ခြံဝင်းတစ်ခုလုံးကို ရဲများက ဝိုင်းပတ်စောင့်ကြပ်နေကြသည့်အပြင် အစွမ်းထက် အချက်ပေးကိရိယာများလည်း တပ်ဆင်ထားသဖြင့် အေးဂျင့်များ သည် အိမ်တံခါးဝတွင် စောင့်ကြပ်နေရန်မလိုဟု သူမက ကျွန်တော့်အား ပြောသည်။ တံခါးဝတွင်စောင့်ကြပ်နေသော အေးဂျင့်သည် သူမ ထင်သကဲ့သို့ ပြင်ပမှ ဝင်ရောက်လာမည့်အန္တရာယ်ကို ကာကွယ်ရန် စောင့်ကြပ်နေခြင်း မဟုတ်ဘဲ အိမ်အတွင်း တစ်စုံတစ်ခု ဖြစ်ပွားပါက ဝင်ရောက်အကူအညီပေးရန် မိသားစုအား ကယ်ထုတ်သွားရန် တံခါးဝတွင် အေးဂျင့်က ရှိနေရခြင်းဖြစ်သည်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ဒန်ကွေးလ် မိသားစုနှင့်ဆွေးနွေးပြီး လုံခြုံရေးအစီအမံ အချို့ကို အပြောင်းအလဲ လုပ်ရသည်။ အိမ်၏ မြေအောက်ခန်းတွင် အေးဂျင့်များအတွက် အခန်း၊ စားပွဲခုံ၊ ရုပ်မြင်ကင်မရာနှင့် ဆက်သွယ်ထားသည့် တီဗွီများ တပ်ဆင်ရသည်။ ယင်းသို့ စီစဉ်လိုက်သည့်အတွက် အေးဂျင့်များသည် ခြံဝင်းအတွင်း လှည့်ပတ်ကင်းလှည့်နေရန် မလိုအပ်တော့ပေ။

လူကြီး မိသားစုများကို ချဉ်းကပ်ရသည်မှာ မလွယ်ကူပေ။ အတော်ပင် ချင့်ချိန်ရသော အလုပ်ဖြစ်သည်။ အရေးကြီးသော ကိစ္စများကို ပြောဆိုစရာရှိလျှင် ဇနီးသည်များမှ တစ်ဆင့် ချဉ်းကပ်ရသည်မှာ အထိရောက်ဆုံးဖြစ်သည်ကို အတွေ့အကြုံများအရ သိလာရသည်။

တစ်ခါတွင် ဒန်ကွေးလ်သည် တောင်အမေရိက နိုင်ငံတစ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်သည်။ ထိုနိုင်ငံသည် အန္တရာယ်များလှသဖြင့် ကျွန်တော်က မသွားစေလို။ သို့သော် သူ့အားတိုက်ရိုက်ပြောမည်ဆိုပါက လက်ခံမည်မဟုတ်။ ထို့ကြောင့် ဇနီးဖြစ်သူ မာရီလင်အား ခရီးစဉ်သည် မည်မျှအန္တရာယ်များကြောင်း ပြောပြရသည်။ ဇနီးသည်က ဖျောင်းဖျမှုကြောင့် ဒန်ကွေးလ်သည် ခရီးစဉ်ကို ဖျက်သိမ်းလိုက်လေသည်။

ဒန်ကွေးလ်၏ လှုပ်ရှားသွားလာမှုများတွင် ရှေ့ပြေးအဖွဲ့ ဦးဆောင်သူမှာ 'တွမ်ပါနိုက်စ်' ဖြစ်သည်။ သူသည် ကျွန်တော်နှင့် စိတ်တူသဘောတူဖြစ်သည်။ ဒုသမ္မတ လုံခြုံရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို 'ဘာဘရာဖင်း'က နိုင်နိုင်နင်းနင်းဆောင်ရွက်ပေးသည်။ ကျွန်တော်တို့အဖွဲ့သည် တက်ညီလက်ညီ စွမ်းဆောင်နိုင်ကြသူများဖြစ်သည်။ သို့သော် ဌာနချုပ်က ကျွန်တော်သည် လိုက်လိုက်လျောလျောရှိလွန်းသည်ဟု မြင်သည်။ လိုက်လျောလွန်းသဖြင့် လုံခြုံရေးစည်းကျိုးပေါက်နိုင်သည်ဟု ဌာနချုပ်က ယူဆလာသည်။ သို့သော် ဒန်ကွေးလ်၏ အမြင်မှာမူ ကျွန်တော်သည် ခေါင်းမာသူဖြစ်သည်။

တစ်ခါတွင် ဖလော်ရီဒါ လေတပ်စခန်းသို့ သွားရာ ဒုသမ္မတ၏ လေယာဉ်အနီးတွင် ကိုယ်ပျောက်တိုက်လေယာဉ် (stealth fighter) နှစ်စင်းရပ်ထားသည်ကို တွေ့ရသည်။ မာရီလင် ဒန်ကွေးလ်က ထိုလေယာဉ်များကို ကြည့်လိုသည်ဟု တောင်းဆိုလာသည်။ ထို့ကြောင့် ယာဉ်တန်းကို တိုက်လေယာဉ်မှ ကိုက်တစ်ရာခန့်အကွာ တွင် ရပ်ပေးလိုက်သည်။

သူမက မော်တော်ယာဉ်အပြင်သို့ထွက်ကာ တိုက်လေယာဉ်များကို အနီးကပ် ကြည့်လိုသည်ဟု တစ်ဆင့်တက်လာသည်။ တိုက်လေယာဉ်များတွင် ဆီဖြည့်ထားခြင်း၊ လက်နက်များ တပ်ဆင်ထားခြင်း ရှိ မရှိကို ကျွန်တော်မသိသဖြင့် ကားအပြင်သို့ သူမအား ထွက်ခွင့်မပေး။ သူမက ကားအပြင်သို့ထွက်ရန် ကြိုးစားသည်။ "ခင်ဗျား ဒွတ်မလုပ်ပါနဲ့။ ခင်ဗျားကို ထွက်ခွင့်မပေးနိုင်ဘူး"ဟု ကျွန်တော်က ပြတ်ပြတ်သားသားပင် ပြောချလိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးနေစဉ် တိုက်ခိုက်ခံရမှု လေ့ကျင့်ခန်းကို ကျွန်တော်တို့ လေ့ကျင့်နေကြောင်း မာရီလင်က သိသွားသည့်အခါ သူမလည်း ပါဝင်လိုကြောင်း ပြောလာသည်။ ထိုလေ့ကျင့်ခန်းတွင် သူမအား တိုက်ခိုက်ခံရသူအဖြစ် ပါဝင်စေသည်။ သူမအား ထမ်းစဉ်ပေါ်တင်ကာ ကျွန်တော်တို့ ပြေးကြသည်။ ထိုလေ့ကျင့်ခန်းသည် အန္တရာယ်မရှိသော လေ့ကျင့်ခန်းဖြစ်သဖြင့် သူမအား ပါဝင်ခွင့်ပြုခြင်း ဖြစ်သည်။

နောက်တစ်ကြိမ် 'အပျိုစင်ကျွန်း' (Vargin Island) တွင် ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များအတူ ကျွန်တော်တို့ လေ့ကျင့်ခန်းဆင်းကြပြန်သည်။ ထိုအခေါက်တွင်လည်း သူမ လိုက်ပါလိုကြောင်းပြောလာပြန်သည်။ အန္တရာယ် မကင်းသော လေ့ကျင့်မှုဖြစ်သဖြင့် ကျွန်တော်က ငြင်းလိုက်သည်။

ရေယာဉ်ဖြင့်သွားလာစဉ် တိုက်ခိုက်ခံရမှုသည် ဖြစ်နိုင်ခြေနည်းလှသည်။ သို့သော် ကျွန်တော်တို့သည် မဖြစ်နိုင်ဆိုသော အခြေအနေများကိုပင် ဖြစ်နိုင်သည်ဟု ယူဆလျက် လေ့ကျင့်ထားရသည်။ ထိုလေ့ကျင့်ခန်းတွင် ကျွန်တော်သည် အန္တရာယ်နှုတ်ခမ်းဝသို့ ရောက်ခဲ့ရသည်။ ရဟတ်ယာဉ်တွင် ထမ်းစင်ကို တပ်ဆင်ရာ၌ ချွတ်ချော်မှု ဖြစ်ခဲ့သည်။

သူမကို လေ့ကျင့်မှုများတွင် ပါဝင်ခွင့် မပေးပါက သူမအား လိုက်ပါစောင့်ရှောက်မှုကို လက်မခံကြောင်း ငြင်းပယ်မည်ဟု ကျွန်တော့်အား အကျပ်ကိုင်လာသည်။ ဒုတိယသမ္မတ၏ အိမ်ထောင်ဘက်အား ကာကွယ်စောင့်ရှောက်မှုပေးရာတွင် မပေးမနေပေးရမည်ဟု သတ်မှတ်ထားခြင်းမရှိ။ အကယ်၍ အိမ်ထောင်ဘက်က ငြင်းဆိုလျှင် လုံခြုံရေးမပေးဘဲ နေနိုင်သည်။ သို့သော် ထိုသို့မပေးခြင်းသည် ရာသက်ပန်ဖြစ်သည်။ ပေးလိုက်၊ မပေးလိုက် လုပ်၍မရ။ စည်းကမ်းက ထိုအတိုင်းချမှတ်ထားသည်။ ထိုစည်းကမ်းကို သူမကလည်း သဘောပေါက်ထားသည်။

သူမနှင့် ပတ်သက်သော ပြဿနာ တစ်ခါကြုံရပြန်သည်။ သူမကြောင့် ဖြစ်ရသောကိစ္စမဟုတ်။ သူမအား တာဝန်ယူထားသော အနီးကပ်အေးဂျင့်တစ်ယောက်သည် မျက်နှာချိုသွေးလွန်းသည်။ သူမနှင့် ရင်းနှီးအောင်နေသည်။ ရင်းနှီးမှုသည် နယ်ကျွံလာသည်။ မာရီလင်၏ သဘာဝမှာ ရင်းရင်းနှီးနှီးနေတတ်သည်။ ထိုအချက်ကို အေးဂျင့်က အမိပ္ပာယ် တလွဲကောက်ဟန်တူသည်။ အခြားအေးဂျင့်များ ရှိမနေလျှင် သူက ဒုသမ္မတကတော်အား မာရီလင်ဟု တရင်းတနှီးခေါ်ဆို ဆက်ဆံသည်။ ထိုအေးဂျင့် နေပုံထိုင်ပုံကို ကျွန်တော်မကြိုက်။ ထို့ကြောင့် လူစားလဲလိုက်ရသည်။

နယူးဟမ်းရှိုင်းယားသို့ သွားရောက်စဉ် မာရီလင်က ပြဿနာဖော်ပြန်သည်။ သူမ၏ နောက်လိုက်မော်တော်ယာဉ်သည် အနက်ရောင် အမိုးခေါက် ကာဒီလက် ဖြစ်သည်။ သမ္မတ ကနေဒီလက်ထက်က အလွန်ခေတ်စားသော မော်ဒယ်ဖြစ်သည်။ ကားနံဘေးတွင် အေးဂျင့်များ ဝင့်ဝင့်ကြွားကြွား တွဲခိုလိုက်ပါသော ရုပ်ရှင်ကားအများအပြား ဟောလိဝုဒ်က ရိုက်ကူးခဲ့ဖူးသည်။ အေးဂျင့်များကို လူမြင်သူထင်ပြကာ အန္တရာယ် မဖြစ်စေသင့်ဟု သဘောရသဖြင့် နောက်ပိုင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ကျည်လုံမော်တော်ယာဉ်များကိုသာ အသုံးပြုတော့သည်။ သို့သော် သမ္မတကျမ်းသစ္စာ ကျိန်ဆိုပွဲကဲ့သို့ လမ်းလျှောက်လှည့်လည်သည့်အခါ တစ်ခါတစ်ရံ အသုံးပြုသည်။ ထိုမှတစ်ပါး လိုအပ်သည့်အခါတွင်မှသာ အမိုးခေါက် ကာဒီလက်ကို အသုံးပြုသည်။

ထိုခရီးစဉ်တွင် ကာဒီလက် တစ်စင်းက ပါလာသည်။ သူမနှင့် ခင်ပွန်းသည် ဒန်ကွေးလ်တို့သည် ထိုကားဖြင့် လိုက်ပါစီးနင်းလိုသည်ဟု ဆိုလာသည်။ ကျွန်တော်က မဖြစ်နိုင်ကြောင်းပြောသည်။ သူမ တစ်ယောက်တည်း စီးနင်းလိုသည်ဟု ဈေးဆစ်ပြန်သည်။ ယာဉ်တန်း ထွက်ခွာသည်အထိ သူမက ကျွန်တော့်အား နားပူနားဆာ လုပ်နေသည်။ ထို့ကြောင့် သူမ စိတ်ကျေနပ်စိမ့်သောငှာ ကာလီလက် ကားစီးနိုင်စေရန် အခွင့်အရေး ဖန်တီးပေးပါမည်ဟု သူမအား ကျွန်တော် ကတိပေးလိုက်သည်။ ကျွန်တော့်စိတ်ကူးမှာ ဒုတိယသမ္မတ စံအိမ်ဝင်းအတွင်း ကာဒီလက်ကားကို လှည့်ပတ်မောင်းနှင်ပြီး စီးနင်းစေရန် ဖြစ်သည်။ ထိုနေ့က ကြာသပတေးနေ့ဖြစ်သည်။

တနင်္လာနေ့တွင် ဒုတိယသမ္မတ၏ မြို့ပြင်ခရီးသို့ လိုက်ပါသွားရပြီး အင်္ဂါနေ့နံနက်တွင် ကျွန်တော်ပြန်ရောက်သည်။ ရောက်ပြီး မကြာမီ ကျွန်တော့်အကြီးအကဲ ညွှန်ကြားရေးမှူးထံမှ တယ်လီဖုန်းဝင်လာသည်။ ဒုသမ္မတကတော်အား အမိုးဖွင့် ကာဒီလက်ကားဖြင့် မြို့ပြင်သို့ကျွန်တော်က ထွက်ခွင့်ပြုခဲ့ခြင်း ရှိ မရှိ မေးမြန်းသည်။ ကျွန်တော်ခွင့်မပြုခဲ့ကြောင်း ပြန်ဖြေသည်။

သူမ မြင်းစီးလေ့ကျင့်ရန် အသွားတွင် ကာဒီလက်ကို အသုံးပြုခဲ့သည်။ ကျွန်တော်က အသုံးပြုခွင့်ပေးကြောင်း တာဝန်ကျ အေးဂျင့်ကို လိမ်ပြောခဲ့ခြင်းဖြစ်သည်။ ကျွန်တော်က သူ့မထံ ဖုန်းခေါ်လိုက်သည်။ ကျွန်တော့်လေသံမာနေသည်ကို သတိပြုမိသော မာရီလင်က ခခယယ တောင်းပန်စကားဆိုသည်။ သူ မည်သို့တောင်းပန်သည်ဖြစ်စေ ကျွန်တော့်အပေါ် ဌာနချုပ်၏ ယုံကြည်ကိုးစားမှုသည် အတော်ပင် လျော့ပါးသွားခဲ့သည်။

ယင်းသို့သော အဆင်မပြေမှုများမှအပ ကျွန်တော်သည် ဒုသမ္မတတို့ ဇနီးမောင်နှံနှင့်အတူ ကမ္ဘာအနှံ့လိုက်ပါတာဝန်ထမ်းဆောင်ခဲ့ရသည်။ သူတို့နှစ်ဦးသည် နိုင်ငံအများအပြားသို့ သွားရောက်ကာ အမေရိကန်နိုင်ငံ၏ အကျိုးစီးပွားကို ဖော်ဆောင်ခဲ့သည်။

သူ၏ သံတမန်ရေးရာစွမ်းရည်ကို မီဒီယာများတွင် မမြင်တွေ့ရသဖြင့် သူ့အခန်းကဏ္ဍကို အများက မသိရှိကြ။ တောင်အမေရိက နိုင်ငံတိုင်းလိုလိုသို့ ဒန်ကွေးလ်ရောက်သည်။ ထိုနိုင်ငံများတွင် ဒီမိုကရေစီဖွံ့ဖြိုးဆဲကာလသာဖြစ်သည်။ နိုင်ငံခေါင်းဆောင်အများအပြားကို ရင်းနှီးကျွမ်းဝင်လာစေရန် ပေါင်းသင်းတတ်သူ ဖြစ်သည်။ ပြဿနာ၏ ရင်းမြစ်ကို ချက်ချင်း သိမြင်နိုင်စွမ်းရှိသူဖြစ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အသစ်ရွေးချယ်တင်မြှောက်ခံရသော သမ္မတအား ချီလီနိုင်ငံ စန်တီယာဂိုမြို့တွင် တွေ့ဆုံအပြီးတွင် အာဏာရှင်ဟောင်း 'ဗိုလ်ချုပ်ကြီး ဩဂတ်စတိုပီနိုရှေး' အား သွားရောက်တွေ့ဆုံသည်။

တစ်ထပ်တိုက် စံအိမ်တစ်လုံးရှေ့သို့ ကျွန်တော်တို့ ရောက်သွားသောအခါ စစ်သားနှစ်ဦးက ဂိတ်တံခါးမကြီးကို လာဖွင့်ပေးသည်။ ဧည့်ကြိုခန်းမရှိ ကြီးမားသော သစ်သားလျှောတံခါး ရှေ့တွင်ရပ်စောင့်နေရသည်။ စစ်သားနှစ်ယောက်ကလည်း သတိအနေအထားဖြင့်ရပ်နေသည်။

ဘာဆက်လုပ်ရမည်ကို ကျွန်တော်တို့မသိသည့်အတွက် ထိုအတိုင်းပင် ဆက်ရပ်နေရသည်။ အတန်ကြာသည်အထိ ရပ်နေရာမှ လျှောတံခါးကြီး ရုတ်တရက်ပွင့်သွားသည်။ ဗိုလ်ချုပ်ကြီးပင်နိုရှေး စစ်ဝတ်စုံအပြည့်ဖြင့် ရပ်နေသည်ကို တွေ့ရသည်။

ဒန်ကွေးလ်သည် ၁၉၉၁ ခုနှစ်တွင် သံတမန်ရေးရာ အကျပ်အတည်းတစ်ခုနှင့် ကြုံရသည်။ ဘရာဇီးလ် သမ္မတရာထူးလက်ခံပွဲ အခမ်းအနားတက်ရောက်ရန် ရောက်ရှိနေစဉ်၊ ထိုအခမ်းအနားသို့ ကျူးဘားသမ္မတ ဖီဒဲလ်ကတ် စထရိုလည်း တက်ရောက်မည်ဟု သိလိုက်ရသည်။ ကပ်စထရိုသည် အမေရိကန်နိုင်ငံအား စိတ်အနှောင့်အယှက်ဖြစ်စေရေး အခမ်းအနားကို ခုတုံးပြုလျက် တမင်ရည်ရွယ်ရောက်လာခြင်းဖြစ်သည်။

ကွေးလ်က "သူ့ (ကပ်စထရို)ကို အသိအမှတ်ပြုလိုက်ရတဲ့ အဖြစ်မျိုး ငါအဖြစ်မခံနိုင်ဘူး။ မင်းငါ့ကို ကူညီပါ"ဟု ကျွန်တော့်အားပြောသည်။ ကပ်စထရိုသည် ကွေးလ်အနီးသို့ တစ်နည်းနည်းဖြင့် ရောက်ရှိလာပြီး လက်ဆွဲ နှုတ်ဆက်ရန် လက်ကမ်းပေးမည်၊ ကွေးလ်က မတတ်သာဘဲ လက်ဆွဲနှုတ်ဆက်လိုက်ရမည်ဆိုလျှင် တဖျပ်ဖျပ် ရိုက်ယူ လိုက်သော ဓာတ်ပုံများသည် ကမ္ဘာ့မီဒီယာများ၏ မျက်နှာစာတွင် ပျံ့နှံ့သွားမည်။

စကားပြောစက်ကိုယ်စီနှင့် အေးဂျင့်များကို ကပ်စထရိုအား စောင့်ကြည့်နေရန် ညွှန်ကြားထားပြီး ကပ်စထရို ရောက်နေသည့် နေရာများမှ ဝေးရာတွင် ဒန်ကွေးလ်အား ရှောင်နေစေသည်။ ဧည့်သည်တော်အားလုံး တက်ရောက်ရသည့် ဧည့်ခံပွဲတွင် ဒန်ကွေးလ်အနီးသို့ ကပ်စထရို ရောက်မလာနိုင်စေရန် ခန်းမအတွင်း ကွေ့ပတ်သွားလာရသည်။ ကပ်စထရို ရှိနေသည့် နေရာသို့ ရောက်မသွားစေရန် အထူးသတိထားနေရသည်။

အာဖရိကတိုက်သို့ သွားရောက်ရာတွင် ပြည်သူတွေ၏ ဘဝအမှန်ကို သိရှိနိုင်ရန် ဇနပုဒ်များအထိ ဒန်ကွေးလ် က သွားရောက်ကြည့်ရှုသည်။ အိမ်ရှင်နိုင်ငံ အကြီးအကဲများက ထိုနေရာများသို့ မသွားစေလိုသော်လည်း သူက မရောက် ရောက်အောင်သွားကြည့်သည်။ ယင်းသို့သွားရောက်ခြင်းဖြင့် ကမ္ဘာ့မီဒီယာများက အာဖရိက ပြည်သူများ ဒုက္ခခံစားနေရ သည်ကို ထုတ်လွှင့်ပြသနိုင်ခဲ့သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အိုင်ဗရီကို့စ်နိုင်ငံသို့ ရောက်သောအခါ ဗီရောဂါဆေးရုံသို့ မဖြစ်မနေ သွားရောက်ကြည့်ရှုသည်။ ဆေးရုံတွင် မြင်တွေ့ရသည်မှာ တကယ်ပင်ဆိုးဆိုးဝါးဝါးဖြစ်သည်။ ရောဂါသည် သေဆုံးသည့်အခါ အလောင်းကို အိမ်ပြန်ယူသွားနိုင်ရန် လူနာရှင်များသည် ဆေးရုံအပြင်ဘက်တွင် တဲထိုးကာ စောင့်ဆိုင်းနေကြသည်ကို တွေ့ရသည်။

အိုင်ဗရီကို့စ် သမ္မတသည် တိုင်းပြည်ကို ၁၉၆၀ ပြည့်နှစ်မှ စတင်အုပ်ချုပ်နေသူ ဖြစ်သည်။ မြို့တော် အာဘီဂျန်ကို သူမွေးဖွားရာ 'ယာမူဆူကရို' (Yamoussoukro) သို့ ပြောင်းရွှေ့ပြီး၊ သူ့အတွက် နန်းတော်သစ်ကို တည်ဆောက်သည်။ နန်းတော်အဝင် ကျုံးတွင် မိချောင်းများ မွေးထားသည်။ ဗာတီကန်ရှိ စိန့်ပီတာ ဘုရားရှိခိုးကျောင်း ပုံစံတူ ကမ္ဘာပေါ်တွင်အကြီးမားဆုံး ဘုရားရှိခိုးကျောင်းဆောက်ထားသည်။

သမ္မတ 'ဖဲလစ်ဟူဖို ဘွိုက်နီ' နှင့် ဒန်ကွေးလ်တွေ့ဆုံရာတွင် တိုင်းပြည်ချွတ်ခြုံကျနေပါလျက် တိုင်းပြည်ဘဏ္ဍာငွေကို မလျော်မကန် သုံးဖြုန်းနေခြင်းကို ထောက်ပြဝေဖန်သည်။ တိုင်းပြည်တွင် ပြုပြင်ပြောင်းလဲမှု ပြုလုပ်မှသာလျှင် အမေရိကန်က အကူအညီပေးမည်ဖြစ်ကြောင်း အတိအလင်းပြောသည်။ ကမ္ဘာ့ခေါင်းဆောင်များနှင့် တွေ့ဆုံသည့်အခါတိုင်း ဒီမိုကရေစီ လွတ်လပ်ခွင့်နှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေးကို သူက တိုက်တွန်းသည်။ နိုင်ငံရေးနှင့် စီးပွားရေး ဖိနှိပ်မှုများကို သူက ပြစ်တင်ရှုတ်ချသည်။ အမေရိကန်၏ ထိုမူဝါဒသည် နိုင်ငံအသီးသီးအပေါ်ထားရှိသည့် တစ်သမတ်တည်းသော သဘောထားဖြစ်သည်။ ဒန်ကွေးလ်က ပြတ်ပြတ်သားသား ပြောဆိုမှုကြောင့် ဆွေးနွေးပွဲများသည် တစ်ခါတစ်ရံ ရင်းရင်းနှီးနှီး မရှိတော့။

အိုင်ဗရီကို့စ်သို့ ကျွန်တော်တို့ ဘိုးအင်း ၇၀၇ ဖြင့်လာခဲ့သည်။ သို့သော် အပြန်တွင် အခက်အခဲနှင့် ကြုံရသည်။ လေယာဉ်ပြေးလမ်းတိုသဖြင့် ဆီအပြည့်ဖြည့်ထားသော လေယာဉ်ဖြင့် ပျံတက်ရန် မဖြစ်နိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့် ဆီအနည်းငယ်သာဖြည့်ပြီး မြို့တော်ဟောင်းဖြစ်သည့် အာဘီဂျန်သို့ ပျံသန်းရသည်။ မြို့တော်ဟောင်းတွင် ဆီအပြည့်ဖြည့်သည်။ လေယာဉ်အတက်တွင် ငှက်တစ်ကောင် လေယာဉ်အင်ဂျင်တစ်လုံးအတွင်းသို့ ဝင်ရောက်သွားသဖြင့် အင်ဂျင်သုံးလုံးဖြင့်သာ ပျံသန်းရန် မဖြစ်နိုင်တော့။ သမ္မတ ခရီးစဉ်များတွင်မှ အရံလေယာဉ်ရှိသဖြင့် ပြဿနာမရှိပေ။ ဒုတိယသမ္မတမှာမူ အရံလေယာဉ်မရှိ။ ထို့ကြောင့် သာမန်ခရီးသည်တင် လေယာဉ်စီးရန် (သို့မဟုတ်) ဝါရှင်တန်မှ လွှတ်မည့်လေယာဉ်ကို တစ်ညအိပ်စောင့်ဆိုင်းရန် ဖြစ်လာသည်။ ဒန်ကွေးလ်က အိုင်ဗရီကို့စ်တွင် တစ်ည ဆက်မနေလိုတော့။ လုံခြုံရေးအရလည်း ဆက်နေရန် မသင့်။

ယင်းသို့ အခက်အခဲနှင့် ကြုံနေစဉ် လေယာဉ်ပြေးလမ်း တစ်နေရာတွင် ရပ်ထားသည့် စီ ၁၄၁ ကုန်တင်လေယာဉ်ကို ကျွန်တော်မြင်လိုက်သည်။ ထိုလေယာဉ်သည် ဒုတိယ သမ္မတ မော်တော်ယာဉ်နှင့် တွဲဖက်ယာဉ်များကို တင်ဆောင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပြီး ဝါရှင်တန်သို့ ပျံသန်းရန် စောင့်ဆိုင်းနေခြင်းဖြစ်သည်။ အင်ဂျင်လေးလုံးတပ် ကြီးမားသော ကုန်တင်လေယာဉ် ဖြစ်သည်။

ကုန်တင်လေယာဉ်မှူးမှာ အသက်အစိတ်ခန့်ရှိ လေတပ်အရာရှိ ဖြစ်သည်။ လေယာဉ်မှူးအား အကျိုးအကြောင်း ပြောပြရသည်။ ခရီးစဉ်တွင် အသုံးပြုသော မော်တော်ယာဉ်များကို တင်မည်ဆိုပါက နောက်ထပ် သုံးနာရီခန့်ကြာမြင့်မည်ဖြစ်သဖြင့် ယင်းတို့ကို အေးဂျင့် အစောင့်များဖြင့် လေယာဉ်ကွင်းတွင် ထားခဲ့သည်။ ကုန်တင်လေယာဉ်ဖြင့် ကျွန်တော် ကိတ်ဗာဒီနိုင်ငံသို့ လာခဲ့ကြသည်။

ကိတ်ဗာဒီသို့ သုံးနာရီကြာသွားရမည်။ ဝါရှင်တန်မှ လွှတ်လိုက်မည့် ဘိုးအင်း ၇၀၇ ဖြင့် ဝါရှင်တန်သို့ ပြန်ရန် စီစဉ်သည်။ ကိတ်ဗာဒီသို့ရောက်ရောက်ချင်း စီ ၁၄၁ လေယာဉ် သည် အိုင်ဗရီကို့စ်သို့ ပြန်ကာ ထားရစ်ခဲ့သော မော်တော်ယာဉ်များကို တင်ဆောင်မည်ဖြစ်သည်။

၁၉၉၁ ခု၊ မေလတွင် ကျွန်တော်နှင့် ဒန်ကွေးလ်သည် စင်ကာပူမှတစ်ဆင့် ဂျကာတာသို့အရောက်တွင် အိမ်ဖြူတော်မှ ညွှန်ကြားချက်ဝင်လာသည်။ အိန္ဒိယဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီ လုပ်ကြံခံရပြီး ကွယ်လွန်သွားကြောင်း၊ ဈာပန အခမ်းအနားသို့ ဒုတိယသမ္မတ တက်ရောက်ရန်ဟု အကြောင်းကြားလာသည်။

စင်ကာပူတွင် ကျန်ခဲ့သော ရှေ့ပြေးအေးဂျင့်နှစ်ဦးသည် ဝါရှင်တန်သို့ ပြန်တော့မည့်ဆဲဆဲ ဖြစ်သည်။ ယင်းတို့အား နယူးဒေလီသို့ မော်တော်ယာဉ်များနှင့်အတူ ကြိုလွှတ်လိုက်ရသည်။ သူတို့သည် ပြင်ဆင်ချိန် ၂၄ နာရီပင် မရကြ။

ကျွန်တော်တို့သည် ရောက်ရောက်ချင်း ဝန်ကြီးချုပ်အား တွေ့ဆုံပြီး ဝမ်းနည်းကြောင်း စကားပါးသည်။ ရုပ်ကလာပ် ပြင်ဆင်ထားရာသို့ မသွားမီ ရှေ့ပြေးအေးဂျင့်ထံမှ အခြေအနေ အစီရင်ခံစာ ဝင်လာသည်။ "သတင်းသမား သုံးရာ၊ အသုဘရှု ပရိသတ်နှစ်ထောင် ရှိနေတယ်။ အားလုံး အထိန်းအသိမ်းမရှိ ပရမ်းပတာပဲ။ အခြေအနေ ကောင်းလာဖို့လည်း မမြင်ဘူး။ အဲဒီတော့ ဝင်သာလာခဲ့ပေတော့" ဟု ဆိုသည်။

အခြေအနေမှာ ရှုတ်ရှုတ်သဲသဲ၊ ပရမ်းပတာ။ ထို့ကြောင့် ကျွန်တော်တို့က ဒန်ကွေးလ်နှင့်အတူ လူအုပ်ထဲ တိုးဝင်တိုးထွက် လုပ်ရသည်။ ကားဆီသို့ရောက်မှ သက်ပြင်းချနိုင်သည်။ သို့သော် ပြဿနာက ရုပ်မသွားသေး။ ယာဉ်တန်းကို ဦးဆောင်မည့် ရဲဝါယာလက်ကား ပျောက်နေသည်ဟု အေးဂျင့် 'ကိတ်'က သတင်းပို့လာသည်။ ရဲကား သည် ခပ်လှမ်းလှမ်းတွင်ရှိနိုင်သည်ဟု သူက ပြောသည်။ ကံကောင်းထောက်မစွာ ရဲကားကို ရှာတွေ့သည်။

အမေရိကန် သံရုံးသို့ ခေတ္တဝင်ပြီး ဒုသမ္မတအား ကျည်ကာ အင်္ကျီ ဝတ်စေသည်။ ထို့နောက် ဈာပနအခမ်းအနား သို့သွားသည်။ နိုင်ငံခြား ဧည့်သည်တော်များထိုင်ရန် မီးသင်္ဂြိုဟ်စင်ရှေ့တွင် ကုလားထိုင်များ ချထားသည်။ ရှေ့ပြေး

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့သည် မော်တော်ယာဉ်တန်းအား ကုလားထိုင်တန်းမှ ပေသုံးဆယ်အကွာတွင် ကပ်လျက် ရပ်ထားသည်။ အကောင်းဆုံးသော ထွက်လမ်းမဟုတ်စေကာမူ၊ အခြေအနေ ပေးသမျှ အကောင်းဆုံးဖန်တီးယူရခြင်းဖြစ်သည်။

နိုင်ငံခြား ဧည့်သည်တော်များအတွက် ကုလားထိုင်များတွင် အမေရိကန်အဖွဲ့အတွက် ထိုင်ခုံသုံးခုံသာ ပေးထားသည်ကို တွေ့ရသည်။ ဒုတိယသမ္မတ၊ သမ္မတကတော်နှင့် သံအမတ်ကြီးတို့အတွက် ဖြစ်သည်။ ကျွန်တော်က ဒန်ကွေးလ်အား " ကျွန်တော်သမ္မတကြီးနားက ခွာလို့မဖြစ်ဘူး။ ဒီတော့ သံအမတ်ကြီးကို တခြားနေရာ မှာသွားထိုင်ဖို့ ပြောပေးပါ" ဟု တောင်းဆိုလိုက်ရသည်။

ရုပ်ကလာပ်ကို မီးစတင် သင်္ဂြိုဟ်သည်။ ထင်းတုံးများကို တစ်တုံးပြီးတစ်တုံး မီးပုံအတွင်းသို့ ပစ်သွင်းသည်။ နေကလည်း တဖြည်းဖြည်းမြင့်တက်လာသဖြင့် အပူချိန်မှာ ၁၁၀ ဒီကရီ ခန့်ဖြစ်လာသည်။ ၂ နာရီကျော်ကြာသည့် အထိအခမ်းအနားမှာ မပြီးသေး။ နိုင်ငံခြားဧည့်သည်တော်များတွင် ယာဆာ အာရာဖတ်၊ ဘင်နီဇာဘူတို တို့ပါဝင်သည်။

ယင်းတို့၏ ကိုယ်ရံတော်များမှာ လက်နက်အပြည့်အစုံ ကိုင်ထားကြသည်။ ထို့အတူ အိန္ဒိယရဲများမှာလည်း လက်နက်ကိုယ်စီနှင့် ဖြစ်သည်။ ကျွန်တော် စိုးရိမ်လာသည်။ ယခုကဲ့သို့ အနေအထားတွင် တစ်စုံတစ်ယောက်က အယောင်ယောင်အမှားမှား ပြုမူမိလိုက်ရုံဖြင့် အစိပ္ပာယ် အကောက်လွဲကာ ပစ်ကြခတ်ကြ ဖြစ်နိုင်သည်။

ကြီးမားသော စပီကာကြီးများက စူးရှကျယ်လောင်သော ဈာပနတေးကို ထုတ်လွှင့်နေသည်။ ပူအိုက်ဆူညံနေသော ပတ်ဝန်းကျင်တွင် ကျွန်တော် မသိကျွမ်းသော သူစိမ်းတစ်ရံဆံများက အော်တိုမက်တစ် လက်နက်ကိုယ်စီဖြင့်။ ထိုကဲ့သို့ အခြေအနေအကြားတွင် ဒန်ကွေးလ်က ကျွန်တော့်၏ နားအနီးသို့ကပ်ပြီး "အခုအချိန်မှာ အာရာဖတ်က ငါ့ကို သေနတ်နဲ့ထပစ်ရင် မင်း ဘယ်လိုလုပ်မလဲ" ဟု မေးသည်။ မဆိုင်းမတွပင် ကျွန်တော်က…

"ကျွန်တော် သူ့ကိုပစ်ချလိုက်မှာပေါ့"

"အဲဒီလိုဖြစ်ရင် နောက်ဆက်တွဲ ဘာဖြစ်လာမယ် ထင်သလဲ"

"ဒါမျိုးဖြစ်ရင် မကောင်းဘူးပေါ့"

ထိုစဉ် အခမ်းအနားပြီးဆုံးသဖြင့် နေရာမှထကာ ထွက်ခွာလာကြသည်။

မည်သည့် အရာကိုလုပ်သည်ဖြစ်စေ ဒန်ကွေးလ်သည် မြန်ဆန်လွန်းလှသည်။ ထို့အတွက် ကျွန်တော် စိတ်အနှောင့်အယှက်ဖြစ်ရသည်။ ကျွန်တော် တွေ့ဖူးသမျှ လူထဲတွင် သူသည် အမြန်ဆုံးလူသား ဖြစ်သည်။ လမ်းလျှောက်လျှင်လည်း သူ့ကို မီအောင် မနည်းလိုက်ရသည်။ သူပြေးလျှင်လည်း အမီလိုက်နေရသည်မှာ ဒုက္ခတစ်ခု။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူနှင့် အတူလိုက်ပါရသည့် ခရီးစဉ်ပေါင်း မနည်းလှ။ တစ်နေ့လုံး ခရီးသွားထားရသဖြင့် ဟိုတယ်သို့ ပင်ပန်းနွမ်းနယ်စွာ ပြန်ရောက်သွားသည်။ ကျွန်တော် သူ့ဟိုတယ်ခန်းသို့သွားကာ နောက်တစ်နေ့နံနက် ကျန်းမာရေး အပြေးလေ့ကျင့်မှု လုပ်၊ မလုပ် မေးရသည်။ သူက နံနက်ခြောက်နာရီတွင် စထွက်မည်ဟု ဆိုသည်။ သူ နံနက်ခြောက်နာရီတွင် စတင်နိုင်ရန် ကျွန်တော်က ငါးနာရီတွင် အိပ်ရာမှ ထရသည်။ အတူလိုက်ပါမည့် အေးဂျင့်များကို အဆင်သင့် ဖြစ်စေရသည်။ အပြေးလေ့ကျင့်ပြီး ပြန်အလာတွင် သူက ဆယ်မိနစ်အတွင်း ရေမိုးချိုး အဝတ်အစားလဲပြီး ဖြစ်နေသည်။ အေးဂျင့်များမှာ ထိုမျှ အချိန်တိုတို အတွင်းပြီးအောင် ဒရောသောပါးလုပ်ကြရသည်။ စိတ်ပျက်စရာ ကောင်းလောက်အောင် မြန်ဆန်သူ ဖြစ်သည်။ သူသည် အဓိက ဦးစားပေး ပုဂ္ဂိုလ်ဖြစ်သည်။ သူက ကျွန်တော်တို့အား စောင့်ရသည့် အဖြစ်မျိုးကို ကျွန်တော်တို့ အဖြစ်မခံနိုင်။

သူ့မိသားစုဝင်များကို အလျှင်မီအောင်လုပ်ရသည်မှာလည်း ကြီးမားသော စိန်ခေါ်မှုဖြစ်သည်။ သူတို့ အားလပ်ရက်များတွင် တစ်နေ့လျှင် အားကစား ငါးမျိုးလုပ်သည်ဟု အေးဂျင့်များက နောက်ပြောင်ပြောဆိုလေ့ရှိသည်။ ယင်းတို့ပြုလုပ်သော အားကစားများတွင် ကျွန်တော်တို့က ပွဲကြည့်သူ အဖြစ်သာ ပါဝင်ရသော အားကစားနှင့် ကျွန်တော်တို့ ပါဝင်ဆင်နွှဲရသော အားကစားဟူ၍ အမျိုးအစားခွဲထားသည်။ တင်းနစ်နှင့် ဂေါက်သီးကစားလျှင် ကျွန်တော်တို့သည် ပွဲကြည့်ရုံသက်သက်သာဖြစ်သည်။ နှင်းလျှောစီးခြင်း၊ ရေငုပ်ခြင်း၊ မြင်းစီးခြင်း၊ ရေစီးသန်သန်တွင် ဖောင်စီးခြင်းတို့၌ ကျွန်တော်တို့ ပါဝင်ပတ်သက်ရသည်။ မိသားစု တစ်စုလုံး ထူးချွန်သော အားကစားသမား များဖြစ်ကြသည်။

ကမ္ဘာ့အံ့ချီးဖွယ် ခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော 'ဂရင်းကင်ညွံ' ချောက်ကမ်းပါး (အသူတစ်ရာ နက်သော ချောက် ဟု ကွယ်လွန်သူ ဝန်ကြီးချုပ်ဦးနုက မှတ်ချက်ပြုဖူးသည်) အောက်ဆုံးတွင် စီးဆင်းနေသော ကိုလာရေးဒိုး မြစ်တွင် ခြေနင်းဖြင့် လှေလှော်ခြင်း (paddle boat) သည် ကွေးလ်မိသားစု အားကစားပေါင်းစုံတွင် သရဖူဆောင်းသော စွန့်စားမှုဖြစ်သည်။

ထိုအားကစားကို သမ္မတသည်ပင်လျှင် လုပ်ခွင့်မသာပေ။ သမ္မတသည် အဏုမြူစစ်ပွဲကို အချိန်မရွေးကြေညာ နိုင်ရန် ဆက်သွယ်ရေး ကွန်ရက်နှင့် ၂၄ နာရီပတ်လုံး ချိတ်ဆက်မိနေဖို့လိုသည်။ ချောက်ကမ်းပါး၏ အနက်ဆုံးနေရာသည် တစ်မိုင်ကျော်သည့်အတွက် အနုမြူစစ်ပွဲ ကြေညာရန်ကဲ့သို့ သိမ်မွေ့သော ဆက်သွယ်ရေး ရေဒီယိုလှိုင်းများ အောက်ခြေသို့ မရောက်နိုင်ပေ။

ဒုသမ္မတမှာမူ အနုမြူစစ်ပွဲကြေညာရန် တာဝန်မရှိသည့်အတွက် သမ္မတထက် ပိုမိုလွတ်လပ်စွာ လှုပ်ရှားသွားလာ နိုင်သည်။ သို့သော်လည်း အရေးပေါ် အခြေအနေ ဖြစ်ပေါ်လာပါက ချက်ချင်းသိရှိ ကယ်ထုတ်နိုင်ရန် ဆက်သွယ်ရေးအောက

the bookhouse
widening your future

www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ရေးစလောင်း လာရောက်တပ်ဆင်ပေးသည်။ အရေးပေါ် ဖြစ်ပျက်လာပါက ချောက်ကမ်းပါးအတွင်းမှ အမြန်ဆုံး ထွက်ခွာနိုင်မည့် နည်းလမ်းများကိုလည်း ကြိုတင်ရှာဖွေထားရသည်။

သမ္မတ မိသားစုက မြစ်အတိုင်း ၉၆ မိုင်ခရီးကို စုန်ဆင်းရာတွင် လေးရက်ကြာသည်။ အစိုးရ အပန်းဖြေ ဥယျာဉ်များဌာနက ၉ ယောက်စီး လေသွင်း ရာဘာလှေ ၄ စီးနှင့် ခုနစ်ယောက်စီး ခြေနင်းလှေတစ်စင်းတို့ကို စီစဉ်ပေးသည်။ ခရီးစဉ်တစ်လျှောက်နားနေရာတွင် တဲများကို ဆောက်လုပ်ပေးပြီး အစားအသောက်လည်း စီစဉ်ပေးသည်။ ကျွန်တော်တို့အဖို့ စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်ရသော ခရီးဖြစ်သည်။ ပထမဆုံးနေ့တွင် ရေစီးအတိုင်း မျောပါနေခြင်းကို စောင့်ထိန်းသိမ်းရသည်။ မြစ်ရေသည် ရေခဲရေကဲ့သို့ အေးစက်နေသည်။ ဒန်ကွေးလ်က လှေ၏ညာဘက်တွင် ထိုင်ပြီး၊ ကျွန်တော်က ယှဉ်လျက်သား ထိုင်သည်။ ကျွန်တော်တို့နောက်တွင် အေးဂျင့်နှစ်ယောက်ကို နေရာချထားသည်။

လှေသည် အားသန်သော ရေဝဲကတော့ တစ်ခုအတွင်း မြုပ်ဝင်သွားပြီး ပြန်ပေါ်လာကာ လေထဲသို့ မြောက်တက်သွားသည်။ ကျွန်တော်သည် ယင်းအဖြစ်အပျက်မျိုးကို မကြုံဖူးသဖြင့်လန့်သွားသည်။ ပြန်အကျတွင် ကျွန်တော် ရေထဲသို့ လွင့်ထွက်သွားသည်။ ရာဘာလေသွင်းလှေမှ သိုင်းကြိုးများအနက် တစ်ချောင်းကို အမိအရ ဆွဲထားလိုက်ရသည်။ ကွေးလ်နှင့် အေးဂျင့်တစ်ဦးက ကျွန်တော့်အား ပြန်ဆွဲတင်သည်။ ထိုနေ့ညနေတွင် ကျွန်တော့်အား ဝိုင်းစကြ နောက်ကြသည်။ "ဘယ့်နယ်ဗျာ စောင့်ရှောက်ရမယ့်သူ အသက်ကို အစောင့်ရှောက်ခံရတဲ့ သူက ကယ်လိုက်ရတယ်လို့" ဟု နောက်ပြောင်ကြသည်။

ကျွန်တော်တို့အုပ်စု အိပ်စက်ရန် နေရာချထားရာတွင် အတော်ပင် စဉ်းစားရသည်။ ချောက်ကမ်းပါးရုံကြီး တစ်ခုလုံးသည် ပိန်းပိတ်အောင်မှောင်နေသည်။ ကျွန်တော်တို့ထံသို့ မည်သူမျှ လာနိုင်မည်မဟုတ်ဟု ပန်းဥယျာဉ်များဌာနက အာမခံထားသည်။ ကျွန်တော်တို့ရောက်နေသော နေရာ၏တစ်ဖက်တွင် နက်ရှိုင်းသော ချောက်က ရှိနေပြီး၊ အခြားတစ်ဖက်တွင် ရေစီးသန်သော ဝဲကတော့က တရှဲရှဲမြည်နေသည်။ ထို့ကြောင့် ကျွန်တော်တို့ထံ ရေကူးလာမည်ဆိုလျှင် သေဖွယ်ရာ ရှိတော့သည်။ ချောက်ကမ်းပါးကြီးအတွင်းသို့ ခွင့်ပြုချက် မရှိဘဲ မည်သူမျှ မဝင်ရောက်နိုင်သဖြင့် ကျွန်တော်တို့ရောက်ရှိနေသည့်နေရာမှ မိုင်ပေါင်းများစွာအတွင်း မည်သူမျှ မရှိနိုင်။

ဒန်ကွေးလ်နှင့် မိသားစုကို ကျောက်နံရံနှင့် အနီးဆုံးတွင် အိပ်စေပြီး၊ ကျန်လူများသည် အစဉ်လိုက်အတိုင်း နေရာချသွားသည်။ အားလုံးသည် ဇစ်ဆွဲဂွမ်းကပ်အိတ်ကြီးများ (sleeping bag) ထဲတွင် အိပ်ကြသည်။ အေးခဲနေသော ရာသီဥတုကြောင့် ဇစ်အပြည့်ဆွဲကာ အိပ်ကြမည်ဖြစ်သဖြင့် အိတ် ၂၄ လုံးအတွင်း အိပ်နေကြသူများကို ခွဲခြားသိနိုင်မည် မဟုတ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အားလုံးအိပ်နေကြသည့် အချိန်တွင်အေးဂျင့်များကို အလှည့်ကျ အိပ်ဖန်စောင့်တာဝန်ချရန် သင့် မသင့် ကျွန်တော်
ခေါ်းစားရသည်။ တစ်နေ့လုံးပင်ပန်းကြသည့်အပြင် မနက်ဖြန်တွင်လည်း ပင်ပန်းကြဦးမည်ဖြစ်သဖြင့် အားလုံးကို အိပ်ခွင့် ပြုလိုက်သည်။ ဤနေရာဒေသတွင် အန္တရာယ်ပြုမည့်သူမရှိသဖြင့် အိပ်ခိုင်းလိုက်ခြင်းဖြစ်သည်။

ခရီးဆုံးခါနီး နောက်ဆုံးနေ့တွင် ဝဲကတော့ တစ်ခုအားဖြတ်သန်းနေစဉ် ဒုသမ္မတကတော် မာရီလင် လှေပေါ်မှ ပြုတ်ကျသွားသည်။ အေးဂျင့်တစ်ဦးရေထဲသို့ ခုန်ဆင်းကာ သူမအား ဆယ်တင်လိုက်နိုင်သည်။

ဒုတိယ သမ္မတ အိမ်တော်မှာ မူလက ရေတပ်တိုင်းတာရေးမှူး၏ အိမ်ဖြစ်သည်။ ဒုသမ္မတ အိမ်တော်အဖြစ် သတ်မှတ်ပေးခဲ့သည့်တိုင် ရေတပ်တိုင်းတာရေးတပ်၏ ပရိဝုဏ်အတွင်း ရှိနေသဖြင့် အဝင်ဂိတ်မကြီးကို ရေတပ် လုံခြုံရေး တာဝန်ယူထားသည်။ ထိုဂိတ်ကို ရေတပ်က ငှားရမ်းထားသည့် အရပ်ဘက် လုံခြုံရေးအစောင့်များက စောင့်ကြပ်သည်။

ကျွန်တော်တို့ဌာနမှ ယူနီဖောင်းဝတ်အစောင့်ကို ဂိတ်တွင် ချထားသော်လည်း ထိုအစောင့်သည် ပြောဆိုဆုံးဖြတ် ပိုင်ခွင့်မရှိ ဖြစ်နေသည်။ လုံခြုံရေးကို လျှို့ဝှက်ထောက်လှမ်းရေးက တာဝန်ယူပြီး၊ အဝင်ဂိတ်ကို ရေတပ်က တာဝန်ယူထား သည်ဆိုခြင်းမှာ သဘာဝ မကျပေ။ ဂိတ်မကြီး၏ လုံခြုံရေးကို လျှို့ဝှက်ထောက်လှမ်းရေးဌာနက လွှဲပြောင်းယူနိုင်ရန် ကျွန်တော်တို့ တရားဝင်လမ်းကြောင်းမှ အမျိုးမျိုး ကြိုးစားခဲ့သော်လည်း အရာမထင်ခဲ့။

၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်။ အမေရိကန်နိုင်ငံ၏ သမိုင်းဝင်နေ့တစ်နေ့ဖြစ်သည်။ အမေရိကန်တပ်များ က 'ကန္တာရမုန်တိုင်းစစ်ဆင်ရေး'ဖြင့် အီရတ်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်သောနေ့ ဖြစ်သည်။ စခန်းရုံး စခန်းမှူးထံသို့ ကျွန်တော်က တယ်လီဖုန်းဖြင့်...

"ယူနီဖောင်းဝတ်လုံခြုံရေးနှစ်ယောက်ကို ခေါ်သွားပြီး၊ အဝင်ဂိတ်လုံခြုံရေးကို ဝင်စီးလိုက်"ဟု အမိန့်ပေး လိုက်သည်။ စခန်းမှူးသည် ဇဝေဇဝါဖြစ်ကာ "ဘာပြောတာလဲခင်ဗျာ" ဟု ပြန်မေးသည်။

"ဂိတ်ကို ငါတို့သိမ်းပိုက်ဖို့ပြောတာ။ ဂိတ်က တာဝန်ကျ တာဝန်မှူးကိုပြောလိုက်၊ အကြမ်းဖက်သမားတွေ တိုက်ခိုက်လာမယ့် အခြေအနေရှိလို့ ဂိတ်ကို ဒီနေ့မနက် ကိုးနာရီ အချိန်ကစပြီး လျှို့ဝှက်ထောက်လှမ်းရေးဌာနက လွှဲပြောင်းယူလိုက်ပြီလို့ ပြောလိုက်"

ထိုစဉ်မှစလျက် ဂိတ်မကြီးသည် ကျွန်တော်တို့ ထိန်းချုပ်မှုအောက်သို့ ရောက်လာခဲ့သည်။ အကာအကွယ်ပေးခံရသူ ထံသို့ အဝင်အထွက်ကို ထိန်းချုပ်ခြင်းသည် သိသာမြင်သာသော ဆောင်ရွက်မှုဖြစ်သည်။ ရေတပ်ကလည်း ဘာမှ မပြောတော့။

အရေးကြီးပုဂ္ဂိုလ်များကို အကာအကွယ်ပေးရာတွင် ထိုပုဂ္ဂိုလ်များထံ ချဉ်းကပ်လမ်းများကို ထိန်းချုပ်ခြင်းသည်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးသည်။ အရေးကြီးပုဂ္ဂိုလ်များက အေးဂျင့်များ၏ အကူအညီရယူရန် ဆက်သွယ်ခြင်းသည်လည်း အရေးပါသည်။ အရေးတကြီး လိုအပ်လာပါက အေးဂျင့်များကို ခေါ်ယူနိုင်ရန် လျှပ်စစ်လူခေါ် ခလုတ်လေးများကို အိပ်ခန်း၊ ရုံးခန်း စသည်တို့တွင် တပ်ဆင်ပေးထားသည်။

ဆေးရုံများတွင် အသုံးပြုလေ့ရှိသော (pager) နှင့် အလားတူသည်။ အိပ်ခန်းကို အေးဂျင့်များက စောင့်ကြပ်နေသဖြင့် ယင်းတို့ မသိဘဲ မည်သူမှ အတွင်းသို့ မဝင်နိုင်ပေ။ သို့သော် အိပ်ခန်းအတွင်း ကျန်းမာရေး အရေးပေါ်အခြေအနေ ဖြစ်ခဲ့ပါက လှမ်းခေါ်နိုင်ရန် တပ်ဆင်ပေးထားခြင်းဖြစ်သည်။

ထိုကိရိယာများကို လျှို့ဝှက်ထောက်လှမ်းရေးနည်းပညာဌာန (Technicl Service Division) က တီထွင် တပ်ဆင်ပေးသည်။ သမ္မတနှင့် ဒုတိယသမ္မတတို့၏ ရုံးခန်းအတွင်းရှိ အမေရိကန် လွတ်လပ်ရေး ကျောက်တိုင်ပုံစံတူ အရုပ်လေးများသည် အချက်ပေး ကိရိယာလေးများ ဖြစ်သည်။ အရုပ်ကို တုံးလုံးလှဲလိုက်လျှင် အေးဂျင့်များ ချက်ချင်း ရောက်လာကြမည်ဖြစ်သည်။

နည်းပညာဌာနသည် ပတ်ဝန်းကျင်စောင့်ကြည့်မှု အာရုံခံ ကိရိယာ၊ ညကြည့်မှန်ပြောင်း၊ စောင့်ကြည့် ဗွီဒီယို ကင်မရာ အသေးစားများကို တီထွင်ပေးသည်။ ထိုကင်မရာလေးများသည် တပ်ဆင်ရန် လွယ်ကူပြီး လှေကား၊ အဝင်ဧည့်ခန်း မတို့တွင် လိုအပ်သကဲ့သို့ တပ်ဆင်ထားသည်။

သမ္မတ၏ အချက်ပေးကိရိယာကို စတင်အသုံးပြုစဉ်က ချွတ်ချော်မှုများ ရှိခဲ့သည်။ ဒန်ကွေးလ်၏ ခရီးစဉ် တစ်ခုတွင် အေးဂျင့်က အချက်ပေးအရုပ်လေးကို သူတို့ဇနီးမောင်နှံ၏ ဟိုတယ်ခန်း ခုတင်ဘေးစားပွဲပေါ်တွင် တင်ထား ပေးသည်။

သူတို့ဇနီးမောင်နှံ အိပ်ရာဝင်သွားပြီး နာရီဝက်ခန့်အကြာတွင် အချက်ပေးသင်္ကေတပေါ်လာသဖြင့် အေးဂျင့် က တံခါးကို တစ်ဟုန်ထိုးဖွင့်ကာ အတွင်းသို့ ဝင်သည်။ ဒန်ကွေးလ်တို့ မောင်နှံကို ခုတင်ပေါ်တွင် ကြောင်အမ်းအမ်းဖြင့် တွေ့ရသည်။ အချက်ပေးအရုပ်ကို စားပွဲပေါ်တွင် တင်ထားသည်ကို အေးဂျင့်က အသိမပေးဖြစ်သဖြင့် အရုပ်ကို မတော် တဆ တိုက်မိလိုက်ခြင်း ဖြစ်သည်။

သမ္မတနှင့် ဒုတိယသမ္မတတို့သည် ဟိုတယ်မှ အစားအသောက်များကို တိုက်ရိုက် မှာယူလေ့မရှိ။ ယင်းတို့ လိုအပ်သည်များကို ဟိုတယ်တွင် ယာယီဖွင့်လှစ်ထားသော အေးဂျင့် စခန်းရုံးမှ တစ်ဆင့်သာမှာ ယူရသည်။

ဒန်ကွေးလ် မိသားစုသည် မကြာခဏဆိုသလို ပီဇာမုန့်ကို တယ်လီဖုန်းဖြင့် မှာယူစားသောက်လေ့ရှိသည်။ အမေရိကန်တွင် ကလေးရှိသော အိမ်တိုင်းလို ယင်းသို့ မှာယူစားသောက်သည်မှာ ထုံးစံဖြစ်သည်။ ယင်းသို့ မှာယူရာတွင်

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ကျွန်တော်တို့က ရေတပ်တိုင်းတာရေး ဂိတ်သို့လာပို့ရန် မှာကြားသည်။ အကယ်၍ တစ်ဖက်မှ မှာယူသူ၏အမည်ကို မေးလျှင် ကျွန်တော့်အမည်ဖြစ်သည့် "ဂျိုးဇက် ပီထရီ"ကို ပေးလိုက်သည်။

နှစ်ပေါင်းအတန်ကြာသည့်အခါ ဒန်ကွေးလ်အား မမျှော်လင့်ဘဲ လမ်းတွင် တွေ့သည်။ သူတို့ တယ်လီဖုန်းဖြင့် ပီဇာမှာစားသည့်အခါ ယခုထက်တိုင် ကျွန်တော်၏အမည်ကို အသုံးပြုလျက်ရှိကြောင်း ပြောပြသည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁၅ တာဝန်ပြီးဆုံးခြင်း

ဒန်ကွေးလ်မိသားစုနှင့် ကျွန်တော် သုံးနှစ်တာ ရှိနေခဲ့သည့် အချိန်အတွင်း လျှို့ဝှက်ထောက်လှမ်းရေးဌာနသည် အပြောင်းလဲကြီးပြောင်းလဲခဲ့သည်။ လျှို့ဝှက်ထောက်လှမ်းရေး စုံစမ်းရေးကော်မရှင်သည် ကျွန်တော်တို့ အသုံးပြုသော သေနတ်များကို ပစ်ခတ် စမ်းသပ်စစ်ဆေးသည်။ သေနတ်တစ်လက်ကို ကျည်ဆန်တစ်သောင်း ပစ်ခတ်စမ်းသပ်သည်။ ကျည်ဆန်တစ်သောင်းမပြည့်မီ ပြောင်းအက်ကွဲခြင်း၊ ဂျမ်းဖြစ်ခြင်းတို့ တွေ့ရသည်။ မည်သည့်သေနတ်မျှ ကျည်ဆန်တစ်သောင်း ပြည့်သည်အထိ အစမ်းသပ် မခံနိုင်သည်ကို တွေ့ရသည်။

လက်တွေ့ရင်ဆိုင်ရသည့် အခြေအနေတွင် ကိုယ်ရံတော်အေးဂျင့်များသည် ကျည်ဆန်အရေအတွက် အနည်းငယ်သာ ပစ်ခတ်ရန်လိုသည်။ အတူပါလာသော တန်ပြန်ချေမှုန်းရေးအဖွဲ့ (CAT) သည် အပြန်အလှန်ပစ်ခတ်မှုများတွင် ပစ်အားကူပေးမည်သာ ဖြစ်သည်။ သို့သော် အခြားစုံစမ်းစစ်ဆေးရေးတာဝန်ကို ထမ်းဆောင်နေကြသော အေးဂျင့်များအတွက်မူ ကျည်ထွက်များသော သေနတ်လိုအပ်ကောင်း လိုအပ်မည်ဖြစ်သည်။ အချို့အေးဂျင့်များသည် အော်တိုမက်တစ်သေနတ်များကို ကိုယ်ပိုင်ငွေဖြင့် စိုက်ထုတ်ဝယ်ယူကြသည်။ ကော်မရှင်က သေနတ်ပြဿနာ အဖြေရှာမှု ပြီးဆုံးသည်အထိ မစောင့်နိုင်ကြ။ မည်သည့်သေနတ်ကို အေးဂျင့်များ အသုံးပြုသင့်သည်ဆိုသော ဆုံးဖြတ်ချက်ချရန် ၁၅ နှစ်ကြာခဲ့သည်။ အသစ်သတ်မှတ်ပေးလိုက်သော သေနတ်များသည် ကျွန်တော်နှင့် အသားမကျ။ ထိုနည်းတူစွာ အေးဂျင့် တော်တော်များများကလည်း မကြိုက်ကြ။ သုံးနေကျ လက်နက်အဟောင်းများကိုသာ သူတို့ ယုံကြည်အားထားကြသည်။ သေနတ်အသစ်နှင့် အသားကျရန်ဆိုသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နိုင်သည်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပင်ကိုဗီဇအရ ကျွန်တော်သည် သေနတ်ကို မနှစ်သက်ပေ။ လုပ်ငန်းလိုအပ်ချက်အရ ကိုင်ဆောင်ရသော ခြောက်တောင့်ထိုး ဒသမ ၃၅၇ မဂ္ဂနမ် ပြောင်းတိုသေနတ်သည်သာ ကျွန်တော်နှင့် အသားကျနေသည်။ အချို့အေးဂျင့်တို့သည် သေနတ်ရူးများကြဖြစ်သည်။ သေနတ်နှစ်လက်ဆောင်ကြသည်။ တစ်လက်ကို ချိုင်းအောက်တွင်တွင်လွယ်ပြီး နောက်တစ်လက်ကို ဒူးခေါင်းနှင့်ကပ်လျက် ခြေသလုံးတွင် အိတ်ဖြင့်ထားသည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် ရာဇဝတ်ကောင်များသည် ကျည် ၁၅ တောင့်ထိုး သေနတ်များသုံးလာသဖြင့် အေးဂျင့်များသည် စက်လတ်များ ကိုင်ဆောင်သင့်သည်ဟု အကြံပြုလာသည်များလည်းရှိသည်။

သေနတ်ပြဿနာနှင့် လုံးပမ်းနေကြခိုက် ကျွန်တော်သည် 'ကက်ပီတောလ်' (လွှတ်တော်)နှင့် အခက်အခဲများ ကြုံနေသည်။ အမေရိကန်တွင် လုံခြုံရေးနှင့် ထောက်လှမ်းရေး အဖွဲ့အစည်းအများအပြားရှိနေသည်။ ထိုအဖွဲ့အစည်းများကို အုပ်ချုပ်သောဌာနများမှာလည်း မတူညီကြ။

လွှတ်တော်နှစ်ရပ်သည် အရွေးချယ်တင်မြှောက်ခံများဖြစ်သဖြင့် သူတို့သည် အစိုးရ၏ လက်အောက်တွင်မရှိ။ လွှတ်တော်၏ လုံခြုံရေးသည် သီးခြားအဖွဲ့အစည်း ဖြစ်သည်။ အစိုးရနှင့် မသက်ဆိုင်။ သူ့စည်း၊ သူ့ကမ်း၊ သူ့နည်းလမ်းနှင့်ဖြစ်သည်။ အေးဂျင့်များ လွှတ်တော် အဆောက်အဦအတွင်းသို့ ရောက်သွားသည့်အခါ နိုင်ငံခြားတိုင်းပြည်တစ်ခုသို့ ရောက်သွားသကဲ့သို့ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များမှာ တစ်မျိုးတစ်ဘာသာဖြစ်နေသည်။ လွှတ်တော်၏ အချို့နေရာများသို့ အေးဂျင့်များသွားခွင့်မရှိပေ။

လွှတ်တော်လုံခြုံရေးရဲအဖွဲ့ကို ၁၈၂၈ ခုနှစ်တွင် ကွန်ဂရက်လွှတ်တော်က ဖွဲ့စည်းပေးခဲ့သည်။ ယင်းတို့၏ တာဝန်မှာ လွှတ်တော် အဆောက်အဦနှင့် လွှတ်တော်ကိုယ်စားလှယ်များကို အကာအကွယ်ပေးရန်ဖြစ်သည်။ ထိုအဖွဲ့အစည်းသည် ကျွန်တော်တို့ လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့အစည်းထက် သမိုင်းရင့်သည်။ လွှတ်တော် ပရိဝုဏ်အတွင်းတွင် သူတို့သည် အာဏာပိုင်များဖြစ်သည်။ ကျွန်တော်တို့မှာလည်း သမ္မတနှင့် ဒုသမ္မတတို့၏ လုံခြုံရေးကို တာဝန်ယူထားရသူများဖြစ်သဖြင့် လွှတ်တော် အဆောက်အဦအတွင်း၌လည်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိရမည်ဖြစ်သည်။

သို့သော် လွှတ်တော်လုံခြုံရေးရဲအဖွဲ့တွင် စည်းကမ်းသတ်မှတ်ချက်များက ရှိနေသည်။ လွှတ်တော်တွင် ရှိသော ဒုသမ္မတ၏ ရုံးခန်းသည် ဆီးနိတ်လွှတ်တော်ခန်းမနှင့် ကပ်လျက်သားတွင်ရှိသည်။ ဆီးနိတ်လွှတ်တော်ခန်းမ မရောက်မီတွင် ပန်းအိုးနှစ်လုံးကိုပေ လေးဆယ်ခန့်ခွာလျက် ချထားသော အမတ်များနားနေရန် နေရာရှိသည်။ ထိုပန်းအိုးနှစ်လုံးအကြား ကန့်သတ်ဧရိယာတွင် ဆီနိတ်အမတ်မင်းများအတွက် ဆိုဖာများနှင့် သတင်းစာများ ချပေးထားသည်။ ထိုပန်းအိုးနှစ်လုံးအကြားသို့ အေးဂျင့်များ သွားခွင့်မရှိပေ။ ကန့်သတ်နယ် ဧရိယာဖြစ်သည်။ တစ်ဖက်တွင် ရှိနေသော ဒုသမ္မတ

www.burmeseclassic.com

www.burmeseclassic.com



ထံသို့ကျွန်တော်သွားမည်ဆိုလျှင် ကန့်သတ်ဧရိယာကို ကွေ့ပတ်သွားရသည်။ သို့ရာတွင် လွှတ်တော်တွင် အလုပ်သင်လုပ်ကိုင်နေသော လူငယ်များမှာမူ ပန်းအိုးနှစ်လုံးကြားတွင် ဥဒဟို သွားလာနေကြသည်။ အေးဂျင့်များကို ဖြတ်သန်းမသွားရန် ကန့်သတ်ထားသည်။ ထိုသတ်မှတ်ချက်သည် လုံးဝသဘာဝမကျပေ။ ကျွန်တော် သည်းမခံနိုင်တော့။

တစ်နေ့တွင်လွှတ်တော်၌ တာဝန်ကျနေသော ဆက်သွယ်ရေးအေးဂျင့်ထံ ကျွန်တော်က တယ်လီဖုန်းဆက်ပြီး "နောက်တစ်ခါ ဒုသမ္မတနဲ့လွှတ်တော်ကို လာတဲ့အခါမယ် ဒုသမ္မတနဲ့အတူ ကန့်သတ်ဧရိယာကို ဖြတ်လျှောက်မယ်။ ဘယ်သူပဲ တားတား ငါဂရုမစိုက်ဘူး။ အခုငါပြောတာကို လွှတ်တော် လုံခြုံရေးက တစ်ယောက်ယောက်ကို ပြောပြထားပါ"ဟု ပြောလိုက်သည်။

လွှတ်တော်ရဲနှင့် လျှို့ဝှက်ထောက်လှမ်းရေးဌာနတို့ ထိပ်တိုက်ရင်ဆိုင် တွေ့ကြသောပွဲ ဖြစ်သည်။ လွှတ်တော်ရဲကလည်း လုံးဝအလျှော့မပေး။ ၁၉၉၁ ခုနှစ် သမ္မတ၏ အထွေထွေမူဝါဒရေးရာမိန့်ခွန်းပြောသည့် အခမ်းအနားတွင် ဒုသမ္မတ ဒန်ကွေးလ်ကို ကျွန်တော်က စောင့်ကြပ်လိုက်ပါရသည်။ ထုံးစံမှာ ဆီးနိတ်အမတ်မင်းများက စုရုံးစောင့်ဆိုင်းနေရသည်။ သမ္မတကြီးရောက်မလာမီ ဆယ်မိနစ်အလိုတွင် ယင်းတို့အား ဒုသမ္မတက ဦးဆောင်လျက် လွှတ်တော်ခန်းမအတွင်းသို့ သွားရောက်ရန် ဖြစ်သည်။ ဒုသမ္မတသည် အလယ်ကောင် မင်းလမ်းတစ်လျှောက်မှ စင်မြင့်ဆီသို့ လျှောက်သွားရမည်။ ထိုအခါ ကျွန်တော့်အား လိုက်ပါခွင့်မပြုဟု လွှတ်တော်ရဲများက ကန့်သတ်ထားသည်။ ကျွန်တော်သည် ထိုင်ခုံတန်းများဘေးမှ ကွေ့ပတ်ကာ စင်မြင့်ဆီသို့သွားရမည်ဟု ဆိုသည်။

လွှတ်တော်တွင် ဆက်သွယ်ရေးတာဝန်ချထားသည့် အေးဂျင့်အား "ငါ ဒုသမ္မတနဲ့အတူတူ မင်းလမ်းအတိုင်း လျှောက်သွားမယ်။ ငါ့ကို ဟန့်တားတဲ့လူကို ဝတ္တရား နှောင့်ယှက်မှုနဲ့ဖမ်းမယ်ဆိုတာ ပြောထားလိုက်" ဟု ပြောရသည်။

ကျွန်တော်သည် ပြောသည့်အတိုင်းပင် ပွဲစသည်မှ ဆုံးသည်အထိ ဒုသမ္မတနားတွင် ကပ်လိုက်သွားသည်။ မည်သူမှ ကန့်ကွက်နှောင့်ယှက်ခြင်း မရှိခဲ့။ သမ္မတဘွတ်ရှ်၏ အနီးကပ်အေးဂျင့် ဂျွန် မက်ဂေါ်မှာမူ လွှတ်တော်က သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်သဖြင့် သမ္မတနားတွင် အချိန်ပြည့်ရှိမနေနိုင်ခဲ့။ သူက ကျွန်တော့်အား မည်သို့လုပ်လိုက်သည်ကို မေးသည်။ ကျွန်တော်က အမှန်အတိုင်းပင် ပြောပြလိုက်သည်။ သူက "အေးကွာ၊ ငါ ဒီထက် တင်းတင်းမာမာ တောင်းဆိုဖို့ကောင်းတာ" ကျွန်တော် စိတ်မသက်မသာ ဖြစ်သွားသည်။ သူ့အပေါ် ကျွန်တော် မင်္ဂလာယူလိုက်သလို ဖြစ်သွားသည်။ ထိုကိစ္စ၏ အကျိုးဆက်ကြောင့်လောမသိ၊ ဂျွန် မက်ဂရော ထောက်လှမ်းရေးညွှန်ကြားရေးမှူးဖြစ်လာသည့်အခါ ကျွန်တော့်အား အိမ်ဖြူတော်မှ ဝါရှင်တန်ရှေ့တန်းရုံးသို့ ပြောင်းရွှေ့လိုက်လေသည်။

သမ္မတ၏ အေးဂျင့်များနှင့် ဒုတိယသမ္မတ၏ အေးဂျင့်များအကြားပြိုင်ဆိုင်မှု၊ အကြောမခံလိုမှု စသည့် မလို

the bookhouse
we bring you future
www.burmeseclassic.com

www.burmeseclassic.com



တာဓာ စိတ်ကလေးများက ရှိနေခဲ့သည်။ ယင်းကို ပြေပျောက်သွားစေရန် ပွန်က အစီအစဉ်တစ်ခုကို ရေးဆွဲသည်။ ထိုအစီအစဉ်အရ သမ္မတ၏ အေးဂျင့်တစ်ဦးနှင့် ဒုသမ္မတ၏ အေးဂျင့်တစ်ဦးတို့ကို နေရာအလဲအလှယ်လုပ်၍ ရက်သုံးဆယ်ကြာမျှ တာဝန်ထမ်းဆောင်စေသည်။ သမ္မတ၏ အေးဂျင့်တစ်ယောက်သည် ဒုသမ္မတ၏ အေးဂျင့်အဖြစ် တာဝန်ထမ်းဆောင်ရန် ဖြစ်ပြီး၊ ဒုသမ္မတ၏ အေးဂျင့်တစ်ယောက်ကလည်း သမ္မတ၏ အေးဂျင့်အဖြစ်တာဝန် ထမ်းဆောင်စေရန် ဖြစ်သည်။ ထိုအစီအစဉ်ကို နှစ်နှစ်ကြာမျှ အကောင်အထည် ဖော်လိုက်သည့်အခါ အေးဂျင့် အုပ်စုနှစ်စုအကြား နားလည်မှု တိုးပွားလာသည်။

သမ္မတ၏ အေးဂျင့်အဖြစ် ရက်သုံးဆယ်ကြာ တာဝန်ထမ်းဆောင်ပြီး ပြန်လာသော ကျွန်တော့်အေးဂျင့်က "သမ္မတ အေးဂျင့်လုပ်ရတာ ပျင်းစရာကြီးပါ။ ခရီးလည်း သိပ်မသွားရဘူး။ အိမ်ဖြူတော်က ဘဲဥပုံရုံးခန်းအပြင်မှာ မတ်တတ် ရပ်စောင့်နေရတာ များပါတယ်"ဟု မှတ်ချက်ပြုသည်။ ဒုတိယသမ္မတ၏ အေးဂျင့်အဖြစ် လာရောက်တာဝန်ထမ်းဆောင်သောခဲ့သော အေးဂျင့်များကမူ " ဒုသမ္မတရဲ့ လုံခြုံရေးကို တာဝန်ယူရတာ ထင်သလောက်မလွယ်ဘူး"ဟု ပြောသံကို ကြားရသည်။ လဲလှယ်တာဝန်ထမ်းဆောင်သော အစီအစဉ်သည် အေးဂျင့်များအကြား တစ်ဦးအလုပ်ကို တစ်ဦးက နားလည်စေသည်။ ယခုအချိန်တွင် ယင်းသို့ အလဲအလှယ် တာဝန်ထမ်းဆောင်စေသော အစီအစဉ် ရှိ မရှိကို ကျွန်တော် မသိတော့ပေ။

ကျွန်တော် အေးဂျင့်လက်သင် ဘဝက ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း "အက်ဒမန် မန်းစကီး"၏ အေးဂျင့် အဖြစ်တာဝန်ယူခဲ့ရသည်။ သူ၏ ဂေါက်သီးပွဲများတွင် ကျွန်တော်တို့က ကော်လာဖွင့်ရှပ်အင်္ကျီနှင့် ဘလေဇာ ကုတ်အင်္ကျီ ဝတ်ကြသည်။ ကျွန်တော် ဒန်ကွေးလ်၏ အေးဂျင့်အဖြစ် တာဝန်ယူရသည့်အခါ ဂေါက်ကွင်းတွင် အေးဂျင့်များ ဝတ်စားပုံသည် များစွာပြောင်းလဲသွားသည်ကို တွေ့ရသည်။

ကျွန်တော်တို့သည် မည်သည့်နေရာတွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ ကိုယ်တွင်ဆောင်ထားသော လက်နက်နှင့် ဆက်သွယ်ရေးစက်ကို ဖုံးကွယ်ရန် ဂျာကင်ကဲ့သို့ အပေါ်ထပ်ဝတ်ရုံတစ်ခုခု ကို ဝတ်ဆင်ထားကြရသည်။ ဂေါက်ကွင်းတွင် တာဝန်ကျသည့်အခါ နေကလည်း ပူပြင်းလှသဖြင့် အေးဂျင့်များသည် အိတ်အများအပြားပါသော မီဒီယာဂျာကင်များကို ဝတ်ဆင်ကြသည်။ ထိုဂျာကင်များသည် ပေါ့ပျက်ပျက်နိုင်သည်ဟု ကျွန်တော်က မြင်သည်။ ထို့ကြောင့် ဘလေဇာဖြစ်စေ၊ မိုးရေကာဖျင် အပါးစားဖြင့်ချုပ်ထားသော ဂျာကင်ဖြစ်စေ ကျွန်တော်ဝတ်ဆင်သည်။ နောက်ပိုင်းတွင် အေးဂျင့်တိုင်း မီဒီယာဂျာကင်ကို ဝတ်နေကြသဖြင့် ကျွန်တော်လည်း လိုက်ဝတ်ရတော့သည်။

တစ်ခါတွင် ဖို့ဒ်ဝိန်းရှိ ဂေါက်ပြိုင်ပွဲသို့ ဒန်ကွေးလ်အား ကျွန်တော် လိုက်ပို့ရသည်။ ဂေါက်သီးအသင်း

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကာလပ်ထဲတွင် မီဒီယာဂျာကင်၊ ဆဖာရီဘောင်းဘီတို့နှင့် အေးဂျင့်တစ်ယောက်ကို တွေ့ရသည်။ သူ့အိတ်မှာလည်း ဖောင်းနေပြီး၊ ကက်ဦးထုပ်ဆောင်းထားသည်။ သူ့ကိုကြည့်ရသည်မှာ တောတွင်းသားတစ်ယောက်နှင့် တူနေသည်။ နောက်နောင်တွင် မီဒီယာ ဂျာကင် မဝတ်ကြရန် ကျွန်တော် ဝါရှင်တန်သို့ ပြန်ရောက်ပြီးသည်နှင့် ညွှန်ကြားချက် ထုတ်လိုက်သည်။ ညွှန်ကြားချက်ထုတ်ပြီး တစ်ပတ်အကြာတွင် မိန်းပြည်နယ်ရှိ သမ္မတဘွတ်ရှ်၏ နွေရာသီစံအိမ်သို့ ဒန်ကွေးလ်အတူ ကျွန်တော်ရောက်သွားသည်။ နောက်တစ်နေ့တွင် ပြုလုပ်သော ဂေါက်သီးပွဲတွင် သမ္မတ၏ အေးဂျင့်များသည် မီဒီယာ ဂျာကင်များကို ဝတ်ထားပြီး ကျွန်တော်တို့က ဘလေဇာများဝတ်ထားကြသည်။ ကျွန်တော်တို့ အလုပ်ကို ပိုမိုအလေးအနက်ထားသည့် ပုံသဏ္ဍာန်ပေါ်သွားသည်။

ကျွန်တော်အားပြောင်းရွှေ့လိုက်သည့် ဝါရှင်တန်ရုံးတွင် လုပ်ကိုင်ရသည်မှာ အိမ်ဖြူတော်တွင် လုပ်ကိုင်ရသည်ထက် များစွာသက်သာသည်။ ခရီးရှည်များ မထွက်ရသဖြင့် ကိုယ်ပိုင်အားလပ်ချိန်ပိုရသည်။ သို့သော် ကျွန်တော့်အား ဖယ်ထုတ်လိုက်သည်ဆိုသော ခံစားမှုက ရင်ထဲတွင် တနုံ့နုံ့။ အငြိမ်းစားယူရန် စတင်စဉ်းစားရသော အချိန်ဖြစ်သည်။ အကြောင်းမရှိဘဲ အကျိုးမရှိနိုင်ဟု ကျွန်တော့် မိခင်က အမြဲပြောတတ်သည်။

မိတ်ဆွေဟောင်းလည်းဖြစ်၊ လုပ်ဖော်ကိုင်ဖက် အေးဂျင့်လည်းဖြစ်သူ 'လာရီဘန်ဒေါ့ဖ်'က တစ်နေ့တွင် နယူးယော့(ခ်)မှ တယ်လီဖုန်းဆက်လာသည်။ သူသည် သမ္မတဟောင်း ဂျာရယ်ဖို့ဒ်၏ ကိုယ်ရံတော်အေးဂျင့်အဖြစ် တာဝန်ထမ်းဆောင်နေသည်။ ဂျာရယ်ဖို့ဒ် ဒါရိုက်တာအဖွဲ့ဝင် အဖြစ်ပါဝင်နေသော 'ပရီမာရီကာ'ကုမ္ပဏီတွင် လုံခြုံရေးကိစ္စများ တာဝန်ယူဆောင်ရွက်ပေးရန် လူလိုနေကြောင်း သူကပြောသည်။ ကျွန်တော်၏ ကိုယ်ရေးအကျဉ်းကို ဖက်စ်ဖြင့် ပရီမာရီကာ ကုမ္ပဏီသို့ပို့လိုက်သည်။ နောက်တစ်ပတ်တွင် ကုမ္ပဏီမှ တာဝန်ရှိသူအား သွားတွေ့သည်။ အကယ်၍ အငြိမ်းစားယူတော့မည်ဆိုလျှင် ပရီမာရီကာသည် ကျွန်တော့်အတွက် အကောင်းဆုံးအခွင့်အလမ်းဖြစ်သည်။

ထိုအချိန်တွင် ကျွန်တော့် ကိုယ်ရေးကိုယ်တာကလည်း အပြောင်းအလဲဖြစ်လာသည်။ ဘာဘရာနှင့် ကျွန်တော် ကွာရှင်းပြတ်စဲလိုက်ကြသည်။ သမီး မီရှဲလ်သည် တက္ကသိုလ်ကျောင်းသူပင် ဖြစ်နေလေပြီ။

သမ္မတ ကိုယ်ရံတော်အေးဂျင့်ဘဝတွင် မိမိကိုယ်ကို မိမိမပိုင်။ ကိုယ်ပိုင်အချိန်ဇယားဟူ၍မရှိ။ မိသားစုနှင့် သိုက်သိုက်ဝန်းဝန်းနေရန် အချိန်သတ်မှတ်ဇယားချထားသော်လည်း သတ်မှတ်ထားသည့်အချိန်တွင် ကိုယ်က သမ္မတနှင့် ကမ္ဘာ့အခြား တစ်နေရာသို့ ရောက်နေတတ်သည်။ အေးဂျင့်များတွင် ကိုယ်ပိုင်အချိန်ဇယားဟူ၍ မရှိ။ သမ္မတ၏ အချိန်ဇယားဖြင့် လှုပ်ရှားသွားလာနေရသည်။ ယင်းသို့ တာဝန်ထမ်းဆောင်ရသည့်အတွက် အေးဂျင့်၏ဘဝသာမဟုတ် သူတို့၏ မိသားစုအပေါ်တွင် ရိုက်ခတ်မှုများရှိသည်။ သမီး၏ မွေးနေ့ပေါင်းများစွာသည် ကျွန်တော်မရှိဘဲ ကျင်းပ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။ သမီး အမှတ်တရနေ့ပေါင်းများစွာကို ကျွန်တော် လက်လွတ်ဆုံးရှုံးခဲ့ရသည်။ ထိုအမှတ်တရနေ့များတွင် ရိုက်ကူးခဲ့သော ဓာတ်ပုံများတွင် ကျွန်တော် နေရာက ကွက်လပ် ဖြစ်နေခဲ့သည်။

၁၉၉၃ ခုနှစ်၊ မေလတွင် ပရီမာရီကာကုမ္ပဏီတွင် ကျွန်တော် အလုပ်ဝင်သည်။ ဝန်ထုပ်ဝန်ပိုးကြီးများ မရှိတော့။ သမ္မတ အေးဂျင့်တာဝန်မှ စွန့်လွှတ်ခဲ့စဉ်ကနှင့် ပုပ်ရဟန်းမင်းကြီး၏ လေယာဉ်ထွက်ခွာသွားသည့်အခါ ခံစားခဲ့ရသည့် ရင်တွင်းခံစားမှုမျိုးကို ခံစားရသည်။ သမ္မတနှင့် ဒုသမ္မတတို့၏ လုံခြုံရေးတာဝန်ကို နှစ်ပေါင်း ၂၃ နှစ်ကြာယူခဲ့ပြီး အရာရာသည် ပြီးဆုံးသွားခဲ့ပြီ။

ကျွန်တော့်ဘဝကို ပြန်လည်သုံးသပ်ကြည့်လျှင် ကံကောင်းသည်ဟုဆိုနိုင်သည်။ ဗီယက်နမ်စစ်မှ အသက်မသေဘဲ ပြန်လာနိုင်ခဲ့သည်။ လုပ်ဖော်ကိုင်ဖက်များ၏ စံနမူနာအဖြစ် တာဝန်ထမ်းဆောင်နိုင်ခဲ့သည်။ သူ မတူသော အတွေ့အကြုံများကို ရရှိခဲ့ခြင်းကလည်း ကံကောင်းခြင်း တစ်ခုဖြစ်သည်။

ကျွန်တော် နယူးယော့(ခ်)သို့ရောက်သည်နှင့် လုပ်ဖော်ကိုင်ဖက်ဟောင်း 'ဒစ်လက်ဖ်လာ' ထံ တယ်လီဖုန်းခေါ်လိုက်သည်။ သူသည် အေးဂျင့်များအနက် ပထမဆုံး နယူးယော့(ခ်)တွင် အလုပ်အကိုင်ကောင်းကောင်းရထားသူဖြစ်သည်။ သူသည် အမေရိကန် အိတ်စ်ပရက်ကုမ္ပဏီ၏ လုံခြုံရေးအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နေသည်။ သူပေးသော အကြံမှာ အကောင်းဆုံးဖြစ်သည်။

သူက " သူငယ်ချင်း… မင်း အေးဂျင့်အဖြစ် ၂၃ နှစ် တာဝန်ထမ်းဆောင်ခဲ့တယ်။ အဲဒီတုန်းက မင်းပတ်ဝန်းကျင်မှာ ရှိတဲ့ လူအများစုဟာ မင်း စဉ်းစားသလိုပဲ စဉ်းစားတဲ့လူတွေ။ နည်းနည်းပါးပါး သဘောမညီတာလေးတွေ ရှိခဲ့ပေမဲ့ ပုံစံခွက်ထဲက စဉ်းစားနည်းမျိုးနဲ့ပဲ သမားရိုးကျ စဉ်းစားကြတဲ့လူတွေပဲ။ မင်းဟာ အခုအပြင်ရောက်လာပြီ။ မင်းပတ်ဝန်း ကျင်မှာရှိတဲ့ လူတွေဟာ မင်းစဉ်းစားသလို မစဉ်းစားတဲ့လူတွေပဲဆိုတာကို မင်းသိထားရမယ်။ အဲဒီအတွက် မင်းပြင်ဆင် ထားရမယ်"

လှို့ဝှက်ထောက်လှမ်းရေးမှ ထွက်လာသည့်အချိန်တွင် ကျွန်တော် မည်သူမည်ဝါ ဖြစ်သည်ဆိုသော ဝိသေသ ပျောက်ဆုံးသွားသည်။ လုပ်ဖော်ကိုင်ဖက်ချင်းရင်းနှီးမှု၊ အမိန့်ညွှန်ကြားချက်တို့သည်လည်း လွင့်ပါးပျောက်ကွယ်သွားသည်။ ကျွန်တော် အသစ်တစ်ဖန် ပြန် စရတော့မည်။ ကုမ္ပဏီတွင် အသားကျစေရန် လပေါင်းများစွာ ကြိုးစားရသည်။

ပုဂ္ဂလိကလုပ်ငန်းဟူသည်မှာလည်း ဖြူရိုကရေစီ တစ်မျိုးပင်ဖြစ်သည်။ ထူးချွန်ထက်မြက်သူ၊ ထုံအသူ၊ ကိုးနန်းသူ မောက်မာသူ အားလုံးသည် အတ္တမာနကိုယ်စီဖြင့် ရှန်းကန်လှုပ်ရှားနေသောလောက ဖြစ်သည်။

အေးဂျင့်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က အမှားမလုပ်မိစေရန် အရေးအကြီးဆုံးဟု ကျွန်တော် ယူဆခဲ့သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အကျိုးစီးပွားချင်း၊ ရည်ရွယ်ချက်ချင်း၊ အတ္တမာနချင်း စီးချင်းထိုးပွဲများအကြားတွင် ဟန်ချက်မျှနေရန်သာ အရေးကြီးသည်။ ဟန်ချက်မျှနေလျှင် မကျဆုံးနိုင်ဟု ယူဆခဲ့သည်။

ပုဂ္ဂလိကကဏ္ဍသည် အမှန်စင်စစ် လောဘရမ္မက်၊ ဩဇာအာဏာ၊ အတ္တစွဲတို့ကို မီးထိုးပေးနေသည့်နေရာဖြစ်သည်။ လောဘ၊ မောဟနှင့် မာန်မာနတို့ အလျှံညီးညီး တောက်လောင်နေသော မီးလောင်တိုက်ဖြစ်သည်။ ထို့ကြောင့် မှန်မှန်ကန်ကန်ဆုံးဖြတ်ရန် တစ်ခါတစ်ရံ အတော်ပင် ခက်ခဲသည်။

ကြီးမားသော ကော်ပိုရေးရှင်းကြီးများ ဖြစ်တည်လာခြင်းမှာ မတော်တဆ ဖြစ်ပျက်မှုမဟုတ်။ ထူးချွန်သော ဦးဆောင်သူတို့က ပြုစုပျိုးထောင်ခြင်းဖြင့် ကြီးပွားကြီးထွားလာခြင်း ဖြစ်သည်။

ပုဂ္ဂလိကကုမ္ပဏီတွင် လုပ်ကိုင်သည့်အခါ ကြုံတွေ့ရသည့် အခက်အခဲမှာ လုပ်ရမည့်အလုပ်ကို ညွှန်ပြမည့်သူ မရှိခြင်းဖြစ်သည်။ ဘာလုပ်ပါ၊ ညာလုပ်ပါ ဟု ပြောမည့်သူမရှိ။ အေးဂျင့်ဘဝတွင် လုပ်ကိုင်ရမည့်တာဝန်ကို သိနေသည်။ ယင်းသို့ သိနေစေရန် ကျွန်တော့်အား လေ့ကျင့်ပေးထားသည်။ အကယ်၍ မသေမချာဖြစ်နေပါက မည်သည်ကို လုပ်ကိုင်ရမည်ကို ပြပေးမည့်သူ၊ ညွှန်ပြမည့် သူက အဆင်သင့်ရှိနေသည်။

ကုမ္ပဏီ အကြီးအကဲ တစ်ဦးဖြစ်သူ 'ချတ်ပရင့်ဇ်'က မည်သို့လုပ်ကိုင်ရမည်ကို ကျွန်တော့်အား ညွှန်ပြပေးသည်။ "ခင်ဗျား နေရာလပ်မကျန် အောင်လုပ်စရာရှိတာကိုသာ ဆက်တိုက် လုပ်သွားပါ။ တစ်ယောက်ယောက် က မလုပ်ပါနဲ့တော့ ပြောတဲ့အခါမယ် ရပ်လိုက်ရုံပဲ" ဟု ပြောသည်။

BURMESE CLASSIC

ကျွန်တော်သည် ကုမ္ပဏီ၏ လုံခြုံရေးဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သည်။ ဆယ်နှစ်ကြာသောအခါ လုံခြုံရေးဝန်ထမ်း ၂၅၀၀၊ လုံခြုံရေး မန်နေဂျာနှင့် စုံစမ်းရေးမှူး ၇၅၀ ဦးကို တာဝန်ယူရသူဖြစ်လာသည်။ ကျွန်တော်၏ လုံခြုံရေးဘတ်ဂျက်မှာ တစ်နှစ်လျှင် ဒေါ်လာ သန်း ၁၆၀ ဖြစ်သည်။ နိုင်ငံပေါင်း ၁၀၅ နိုင်ငံရှိ ရုံးခွဲဝန်ထမ်းများကို ကြီးကြပ်ရသည်။ ကုမ္ပဏီအရာရှိကြီးများ၏ လုံခြုံရေးကိုလည်း တာဝန်ယူရသည်။

ကျွန်တော့်ဘဝ၏ နောက်ထပ် အလှည့်အပြောင်းတစ်ခုက ရောက်လာပြန်သည်။ ကျွန်တော် အထက်တန်းနှင့် ကောလိပ်ကျောင်းသားဘဝက ငယ်ချစ် 'ဆူဇန်ဆန်ဒရီဝဲ' နှင့် ပြန်လည်ပေါင်းဆုံမိကြသည်။ သူမနှင့် မတွေ့သည်မှာ နှစ်ပေါင်း ၂၇ မျှရှိခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ကျွန်တော်တို့ လက်ထပ်ကြသည်။ ပထမအိမ်ထောင်မှ ကလေးသုံးယောက်လည်း သူမနှင့် ပါလာသည်။ ကျွန်တော်နှင့် လက်ထပ်ပြီးသည့်အခါ ဆူဆန်က သူမ၏ ဒီဇိုင်နာ အလုပ်ကို ဆက်လုပ်သည်။

အခြေအနေတို့သည် အစဉ်ပြောင်းလဲနေသော နိယာမအတိုင်း စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်ခံရမှု နောက်ပိုင်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တွင် လျှို့ဝှက်ထောက်လှမ်းရေးဌာနသည် ဘဏ္ဍာရေးဌာနမှ 'နိုင်ငံတော် လုံခြုံရေးဝန်ကြီးဌာန' (Homeland Security) အောက်သို့ ရောက်သွားသည်။

လျှို့ဝှက်ထောက်လှမ်းရေးဌာနတွင် စုံစမ်းစစ်ဆေးရေးနှင့် လုံခြုံရေးဟူ၍ ဌာနခွဲ နှစ်ခုရှိသည်။ ယင်း နှစ်ဌာန၏ လုပ်ငန်းနှစ်ခုမှာ တူမယောင်နှင့် ကွဲပြားသည်။ တိုက်ဆိုင်မှုကြောင့်သာ ထိုဌာနခွဲနှစ်ခုသည် မိခင်ဌာနတစ်ခုတည်းအောက်တွင် ရောက်ခဲ့ရသည်။ ယင်းတိုက်ဆိုင်မှုသည် ဌာနအတွက် ကောင်းမွန်သည်ဟု ယူဆသည်။ လုံခြုံရေးဌာနသည်သမ္မတ အပါအဝင် အရေးကြီးပုဂ္ဂိုလ်များ၏ လုံခြုံရေးကိုတာဝန်ယူသည့်အတွက် မြင်သာထင်သာရှိသည်။ လူအများအားကျစရာဖြစ်သည်။ မြင်သာထင်သာရှိခြင်းကြောင့်လည်း လူအများအပြားက လျှောက်ထားလာကြသည်။ ထိုအခါ ထူးချွန်သူများကို ဌာနက ခေါင်းခေါက်ရွေးနိုင်သော အနေအထားကို ရလာသည်။

လျှို့ဝှက်ထောက်လှမ်းရေးဌာနသည် ဌာနေလုံခြုံရေးဝန်ကြီးဌာန လက်အောက်သို့ ရောက်သွားသည်မှာ နမြောစရာကောင်းသည်ဟု ကျွန်တော် က ယူဆသည်။ အခြား ထောက်လှမ်းရေးအဖွဲ့အစည်းများနှင့် ရောရောနှောနှော ဖြစ်ကုန်သည်ကို ကျွန်တော်မကြိုက်။ သမ္မတကြီးသည် နိုင်ငံ၏ အရေးကြီးဆုံးပုဂ္ဂိုလ်ဖြစ်သည်။ သူ၏ လုံခြုံရေးကို တာဝန်ယူသည့်ဌာနသည် သီးခြားဌာနသာ ဖြစ်သင့်သည်ဟု ကျွန်တော်ထင်သည်။ အချိန်ကြာလာလျှင် ဌာနေလုံခြုံရေးဝန်ကြီးဌာနသည် လျှို့ဝှက်ထောက်လှမ်းရေးဌာန၏ ဌာနခွဲဖြစ်သော စုံစမ်းစစ်ဆေးရေးဌာနခွဲကို တရားရေးဌာန လက်အောက်သို့ ပို့လိုက်နိုင်သည်။ ယင်းသို့ဆိုလျှင် လျှို့ဝှက်ထောက်လှမ်းရေးဌာနသည် အားနည်းသွားမည်ဖြစ်သည်။

လွန်ခဲ့သောနှစ်အနည်းငယ်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခုသည် အေးဂျင့်များ၏ တာဝန်ထမ်းဆောင်မှုအား ထိခိုက်စေခဲ့သည်ကို တွေ့ရသည်။ သမ္မတ ကလင်တန်နှင့် မော်နီကာ လူဝင်းစကီးတို့၏ ငြိစွန်းမှုနှင့် ပတ်သက်၍ အေးဂျင့်များအား ဆင့်ခေါ်စစ်မေးခြင်းသည် မဖြစ်သင့်ဟု ယူဆသည်။ အိမ်တွင်းရေးသည် အိမ်တွင်းရေးသာ ဖြစ်သည်။ အိမ်တွင်းရေး လျှို့ဝှက်ထားပိုင်ခွင့်ကို မထိပါးသင့်ပေ။ ဤစာအုပ်ကို ရေးသားရာတွင် အိမ်ဖြူတော်အတွင်းရေးနှင့် ပတ်သက်သည်များကို အထူးသတိထားရှောင်ရှားခဲ့သည်။ သမ္မတနှင့် ဒုသမ္မတတို့၏ လုံခြုံရေးကို တာဝန်ယူရသည့် အေးဂျင့်များကို အိမ်ဖြူတော်နှင့် ပတ်သက်၍ စစ်မေးခြင်းမှ ကင်းလွတ်ခွင့်ပြုသော ဥပဒေတစ်ရပ်ကို မဖြစ်မနေ ပြဋ္ဌာန်းသင့်သည်ဟု ကျွန်တော် ခိုင်မာစွာ ယုံကြည်သည်။

အကာအကွယ်အပေးခံရသူများသည် ယင်းတို့ ပြောဆိုမှုများကို အေးဂျင့်မကြားသိစေရန် ရှောင်ဖယ်လာမည်ဆိုပါက အကာအကွယ်ပေးမှုသည် ထိရောက်တော့မည် မဟုတ်ပေ။

အေးဂျင့်များတွင် စရိုက်သဘာဝ မျိုးစုံရှိကြသည်။ လျှို့ဝှက်ထောက်လှမ်းရေးဌာနသည်လည်း ပြီးပြည့်စုံသော

BURMESE CLASSIC

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဌာနမဟုတ်။ သို့သော် မည်သည့်အခါတွင်မျှ တာဝန်မလစ်ဟင်းခဲ့။ လျှို့ဝှက်သိပ်သည်းရသောဌာနနှင့် နားလည်ရမလွယ်ကူသော အိမ်ဖြူတော်တို့သည် ခွဲခြားမရအောင် ဆက်စပ်ရသည်။ ယင်းဆက်စပ်မှုသည် အဖွဲ့အစည်းနှစ်ခုအကြား ဆက်ဆံမှုမျိုး မဟုတ်။ အလွန်လူသားဆန်သော ဆက်စပ်မှု ဖြစ်သည်။

သမ္မတ မော်တော်ယာဉ်၏ ရှေ့ခန်းတွင် လိုက်ပါရသည့်အေးဂျင့်၊ ဘဲဥပုံခန်းမတွင် မတ်တတ်ရပ်စောင့်ရသည့်အေးဂျင့်၊ အိမ်ဖြူတော်အတွင်း သမ္မတနှင့်အတူ လျှောက်ကာလိုက်ပါရသည့်အေးဂျင့်၊ အခြားကမ္ဘာ့ခေါင်းဆောင်များနှင့်အတူ သမ္မတ၏ မိန့်ခွန်းကိုနားထောင်ရသည့် အေးဂျင့်၊ ကျဆုံးလေပြီးသော အမေရိကန် သူရဲကောင်းများ၏ မိသားစုများကို သမ္မတက ဖြေသိမ့်ရာတွင် နံဘေးတွင်ရှိနေရသော အေးဂျင့်··· ယင်းသို့ တာဝန်ထမ်းဆောင်ရခြင်းသည် သမိုင်းနှင့်အတူ လိုက်ပါစီးမျောခွင့်ရခြင်းပင် ဖြစ်ပေသည်။

■

the bookhouse
we bring you future
www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

ကျွန်တော် သူ့ကို နောက်ဆုံးတွေ့ရသည် မှာ ၁၉၉၁ ခုနှစ်။

သူ၏ အသက်ရှစ်ဆယ်ပြည့်မွေးနေ့တွင် ဖြစ်သည်။ ရော်နယ်ရီဂင်က သူ့မွေးနေ့ကို လော့စ်အိန်ဂျယ်လစ်မြို့ ရာပြည့်ပလာဇာတွင် ကျင်းပသည်။ ဒုတိယသမ္မတ ဒန်ကွေးလ်နှင့်အတူ ကျွန်တော်ရောက်သွားသည်။ မွေးနေ့ပွဲသို့တက်ရောက်လာ သူ ငါးဆယ်ခန့်ရှိသည်။ ခန်းမထောင့်တစ်နေရာတွင် ရီဂင်က ဧည့်သည်များနှင့် စကားလက်ဆုံကျနေသည်။

ကျွန်တော့်ကို ကျောပေးထားသည်။ ဟိုဟိုသည်သည် ကြည့်နေသော နန်စီရီဂင်က ကျွန်တော့်အား လှမ်းမြင်လိုက်သည်။ ပြုံးလျက် ခေါင်းညိတ်ပြသည်။ ခဏအကြာတွင် ခန်းမကိုဖြတ်လျက် ကျွန်တော့်ထံ လျှောက်လာသည်။ သူမအား လက်ဆွဲနှုတ်ဆက်သည်။ အတန်ကြာ ကျွန်တော်နှင့် စကားပြောပြီး ရီဂင်ထံသို့ သူမ ပြန်လျှောက်သွားသည်။

ဧည့်ခံပွဲအပြီးတွင် အခန်းတွင်း လူအတော်ရှင်းသွားသည့်အခါ ရီဂင်သည် ဒန်ကွေးလ်နှင့် ကျွန်တော်တို့ ရပ်နေရာဘက်သို့ လျှောက်လာသည်။ ကျွန်တော်က ဒန်ကွေးလ်၏ နံဘေးတွင် ရှိနေသည်။ သူက ကျွန်တော့်ကိုမမြင်။ သူ့အား နှုတ်ဆက်ချင်စိတ် ရင်ထဲတွင် တဖွားဖွားဖြစ်နေသည်။

သူ့မျက်နှာနှင့် ကျွန်တော့်မျက်နှာ သုံးပေခန့်သာ ကွာသည်။ ကျွန်တော့်အား မှတ်မိပုံမပေါ်။ ကျွန်တော် စိတ်မကောင်းခြင်း ကြီးစွာဖြစ်မိသည်။ ကျွန်တော့်ရှေ့ဖြတ် လျှောက်ထွက်သွားသည်။ နောက်ဆုံး သူနှင့် တွေ့ခဲ့သည်မှာ နှစ်အတန်ကြာရှိခဲ့ပြီ။ ကျွန်တော် သည် သူနှင့် မသက်ဆိုင်တော့။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် နန်စီက သူ့လက်ကိုဆွဲလျက် "ရော်နီ ဒီမှာဂျိုးလေ" ဟု ပြောသည်။ သူက ကျွန်တော့်ဘက် လှည့်ခါထုံးစံအတိုင်း ပြုံးပြုံးကြီးလုပ်လျက် "ဟယ်လိုဂျိုး" ဟု ဝမ်းပန်းတသာနှုတ်ဆက်သည်။

သူ့မွေးနေ့ပွဲတွင် ကျွန်တော် ရှိနေလိမ့်မည်ဟု သူ မျှော်လင့်မထားသည့်အတွက် ကျွန်တော့်အား မမှတ်မိခြင်း ဖြစ်မည်ဟု လွယ်လွယ်ပင် ကောက်ချက်ချနိုင်သည်။ သူတွင် အလ်ဇိုင်းမား ရောဂါရှိနေကြောင်း နှစ်နှစ်အကြာတွင် သိရသည်။ ပါတီပွဲညက ကျွန်တော့်အား မမှတ်မိခြင်းသည် ထိုရောဂါ၏ ကနဦး လက္ခဏာပေလောမသိ။ ထိုစဉ်ကတည်း က နန်စီက ရိပ်မိသိရှိနေခြင်း ဖြစ်နိုင်သည်။

ထိုနေ့ည ပါတီပွဲအပြီးတွင် ဒန်ကွေးလ်က ရီဂင်အား စင်ကျူရီ စီတီးဟိုတယ်တွင် သွားရောက်တွေ့ဆုံသည်။ ဒန်ကွေးလ်အား အပေါ်ထပ်သို့ လိုက်ပို့ပြီး ကျွန်တော်က အခန်းပြင်တွင် နေခဲ့သည်။ အခြားအေးဂျင့်တစ်ယောက်ကိုသာ အခန်းတွင်း ဝင်စေလိုက်သည်။ ဓာတ်လှေကားအနီး ရှေ့ပြေးအဖွဲ့ဝင်အချို့နှင့် အတူရပ်နေလိုက်သည်။ ဆယ်မိနစ်ခန့် အကြာတွင် အိမ်ဖြူတော်ရုံးအဖွဲ့မှူး အခန်းတွင်းမှ ထွက်လာလျက်···

"သူက ခင်ဗျားနဲ့တွေ့ချင်နေတယ်"

အခန်းတွင်းသို့ရောက်သောအခါ သမ္မတကြီးက ပြုံးရွှင်ရယ်မောလျက် "တို့သုံးယောက် ဓာတ်ပုံရိုက်ကြ ရအောင်" ဟု ပြောပြီး ဓာတ်ပုံအရိုက်ခံကြသည်။

ရီဂင်သည် အာဝဇ္ဇန်းရွှင်သူ၊ အမြဲရယ်မောပျော်ရွှင်နေတတ်သူ ဖြစ်သည်။ ဤသည်မှာ သူ၏ ပင်ကိုယ်စရိုက်ပင် ဖြစ်သည်။ ပုံပြောကောင်းသူလည်းဖြစ်သည်။ အဖြစ်အပျက်မျိုးစုံကို ပွဲကျအောင်ပြောနိုင်စွမ်းရှိသူဖြစ်သည်။

ဝန်ကြီးအဖွဲ့အစည်းအဝေး၊ လွှတ်တော်သဘာပတိများ အစည်းအဝေးတို့ပါမကျန် သူသည် ရယ်စရာပြက်လုံး များပြောကာ အစည်းအဝေးကို အဆုံးသတ်လေ့ရှိသည်။ အစည်းအဝေးခန်းအပြင်တွင် တာဝန်ကျနေသော ကျွန်တော် တို့က အခန်းတွင်းမှ ရယ်မောသံများ ကြားရလျှင် အစည်းအဝေး ပြီးဆုံးကြောင်း သိရသည်။ အစည်းအဝေးများတွင် တက်ရောက်လာသူများ၏ အာရုံကို ဆွဲယူထားနိုင်ရုံမျှမက လူထုအစည်းအဝေးကြီးများတွင်လည်း သူ စင်ပေါ်ရောက်သည် နှင့် ပရိသတ်ကို ညှို့ယူဖမ်းစားထားနိုင်သူဖြစ်သည်။

"သမ္မတကြီး ကြွရောက်လာပါပြီခင်ဗျား" ဟု မကြေညာမီ သူနှင့် ကျွန်တော်တို့ စင်မြင့်အနီးတွင် စောင့်ဆိုင်း နေစဉ် သူသည် သာမန်လူတစ်ဦးကဲ့သို့ပင် သက်သောင့်သက်သာ ရှိနေသည်။ အဖွင့်ဂုဏ်ပြုတေးသွားတီးခတ်နေစဉ် စင်မြင့်ပေါ်သို့ ရောက်သွားသည့်အခါ သူသည် မြူးမြူးကြွကြွ ဖြစ်နေသည်။ တီးလုံး အဆုံးသတ်သည်နှင့် သူသည် အမေရိကန် ပြည်ထောင်စု၏ သမ္မတကြီး ဟန်ပန်အပြည့်နှင့် ဖြစ်သွားတော့သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ရီဂင်နှင့်အတူရှိနေခဲ့ရသော နေ့ရက်များကို ကျွန်တော် လွမ်းမောတသမိသည်။

တစ်ခါတွင် ကျွန်တော် အလုပ်လုပ်နေသော စီတီးကော်ပိုရေးရှင်းသို့ နန်စီရီဂင်က နေ့လယ်စားပွဲတက်ရန် ရောက်လာသည်။ ထိုစဉ်က ရီဂင် မကျန်းမမာ ဖြစ်နေသည်။ နန်စီမျက်နှာတွင် ပင်ပန်းနွမ်းနယ်သော အရေးအကြောင်းတို့ကို မြင်ရသည်။ သို့သော် သူမသည် တက်တက်ကြွကြွ ရှိနေဆဲ။ ကျွန်တော် သူမအား သွားရောက်နှုတ်ဆက်ရင်း ''သမ္မတကြီး အကြောင်းကို ကျွန်တော် အများကြီးစဉ်းစားနေမိတယ်''ဟု ပြောမိသည်။

ကျွန်တော့်အား မော့ကြည့်သော သူမ မျက်လုံးအစုံထဲတွင် မျက်ရည်များဝိုင်းလျက်။ သူမက ကျွန်တော့်အား ခေါင်းညိတ်ပြသည်။

ပြောပြရန် စကားလုံးများ သူမထံတွင် ကုန်ခန်းသွားဟန်တူသည်။

**အေးထွန်းမင်း**
**ayetunmin@gmail.com**

www.burmeseclassic.com